# ကမ္ဘာဦးကျမ်း

သမ္မာကျမ်းစာ (ဓမ္မဟောင်း) ၏ ပထမဦးဆုံးကျမ်း ၅ စောင်ဖြစ်သည့်၊ ကမ္ဘာဦးကျမ်း၊ ထွက်မြောက်ရာကျမ်း၊ ဝတ်ပြုရာကျမ်း၊ တောလည်ရာကျမ်း၊ တရားဟောရာကျမ်းတို့ကို ပင်တေတုတ် (**Pentateuch**) ဟု ခေါ်ဆိုကြ၍ ထိုကျမ်းများကို မောရှေကရေးသားခဲ့ခြင်းဖြစ်သည်။(ထွက် ၂၄း၄၊ တော ၃၃း၂၊ တရား၃၁–၉၊ မာ ၁၂း၁၉၊ လု ၂း၂၂၊ ၅း၁၄၊ ၂၄း၂၇၊ ၄၄၊ ယော ၁း၁၇၊ ၄၅၊ ၇း၁၉)

ကမ္ဘာဦးကျမ်းသည် ကျနုပ်တို့လူသားများ မပေါ်ပေါက်မီ ဘုရားသခင်က ကောင်းကင်၊ မြေကြီး၊ သက်ရှိ၊ သက်မဲ့၊ တိရိစ္ဆာန်၊ လူ၊ အစရှိသည်တို့ကို ဖန်ဆင်းခဲ့ပုံများ၊ ထိုမှတဆင့် လူ့သမိုင်း အစပြုဖြစ်ပေါ်လာရပုံများ စသည်တို့ကို အစပြုဖော်ပြထားသောကျမ်းဖြစ်လေရာ ဤကမ္ဘာဦးကျမ်း၌ ထူးဆန်းအံ့သြဘွယ်ကောင်းသော ဘုရားရှင်၏ ဖန်ဆင်းခြင်းအမှုရာများကို ကျနုပ်တို့ တွေ့မြင်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာ၏ အထွေထွေသော ဘာသာရေးစာအုပ်များထက် ထူးခြား၊ သာလွန်၊ ကောင်းမွန်၊ ပြည့်စုံ၊ တိကျ၊ မှန်ကန်၊ အမှားယွင်းကင်း၍ ထာဝရလည်းတည်မြဲနေနိုင်ခြင်းက ဘုရားရှင်သည် အံ့မခန်းဘွယ်ရာ မဟာတန်ခိုးတော်ရှင်ဖြစ်ကြောင်း သက်သေထူပြနေခြင်းပင်ဖြစ်တော့သည်။

ခရစ်တော်ယေရှုဘုရား လူအဖြစ် သက်တော်ထင်ရှားရှိစဉ် ကမ္ဘာဦးကျမ်းနှင့်ပါတ်သက်သော အဆိုအမိန့်များ ရှိခဲ့ဘူးသည့်ပြင် (မ ၁၉း၄–၆၊ ၂၄း၃၇–၃၉၊ မာ ၁၀း၄–၉၊ လု ၁၁း၄၉–၅၁၊ ၁၇း၂၆–၂၉၊ ၃၂၊ ယော ၁း၅၊ ၇း၂၁–၂၃၊ ၈း၄၄–၅၆) ထိုကျမ်းကို မောရှေရေးသားခဲ့ကြောင်း ဖွင့်ဟမိန့်ကြားခဲ့သည်။(မ ၁၉း၈၊ မာ ၁၀း၃၊ ယော ၇း၂၁) ကမ္ဘာဦးကျမ်းကြောင့် ဓမ္မသစ်ကျမ်းဖြစ်ပေါ်လာရသည်ဟု ပြောလိုကပြောနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာဦးကျမ်းက သမ္မာတရား၊ လူသား၏အပြစ်၊ အပြစ်လွတ်ရန် အသွေးတော်လိုအပ်မှု၊ ယုံကြည်ခြင်း ဖြင့်ကယ်တင်ခြင်းရရှိနိုင်ခြင်း၊ ဆုတောင်းခြင်းကိုလက်ခံသည့် ဘုရားရှင်၊ ကယ်တင်ရှင်ကြွလာမည့်အကြောင်း၊ မိန်းမ၏မျိုးစေ့( ကညာစစ်မှဖွါးမြင်ခြင်း ) စသည်တို့ကို ဖြစ်ပေါ်တောင်းဆိုခဲ့သောကြောင့် ဖြစ်သည်။ ကမ္ဘာဦးကျမ်း၏ ဖန်ဆင်းတော်မူခြင်း ကဏ္ဍပါ လောကဓါတ်သိပ္ပံပညာက လူ့လောက၏ဆန်းကြယ်ပုံ အရင်းအမြစ်ကို မဖော်ပြနိုင်သော်လည်း သမ္မာကျမ်းစာက လူ့လောကအကြောင်း အရင်းမြစ်မကျန် တိကျစွာ ဖေါ်ထုတ်ဖွင့်ပြထားပေသည်။ ယနေ့လူများ အသုံးပြုနေရသော နေ့၊ လ၊ နှစ် တို့သည် ကမ္ဘာဦးကျမ်းမှ အစပြုဖြစ်ခဲ့ရသလို (က ၁း၁၄– ၁၅) မဟာရေလွှမ်းမိုးခြင်းကလည်း ဤကမ္ဘာကို ကြီးစွာသောအပြောင်းအလဲ ဖြစ်စေခဲ့သည်။(က ၇–၈) ရေလွှမ်း မိုးခြင်းကြောင့် မြေပြင်အနေထားနှင့် ရာသီဉတုပါ အပြောင်းအလဲဖြစ်ခဲ့ရသည်။ ထို့ပြင် ယခုခေတ်တွင် မြင့်မားသောတောင်များအပေါ်၌ ငါး၊ ခရု အစရှိသော ပင်လယ်သတ္တဝါများ၏ ရုပ်ကြွင်းများကို မြေကြီးထဲ၌တွေ့ရခြင်း၊ ရေလွှမ်းမိုးချိန်တွင် အစုအပြုံလိုက် သေဆုံးသွားကြ၍ မြေအောက်၌မြုပ်လျက်ရှိသော သတ္တဝါများ၏ ရုပ်ကြွင်းများမှ ယနေ့ စွမ်းအင်သုံးရေနံကို ရရှိနေခြင်းနှင့် မြေမျက်နှာပြင်အောက် ရောက်ရှိနေသော သစ်ပင်များ၏ ရုပ်ကြွင်းများကို ယနေ့ ကျောက်မီးသွေးအဖြစ် အသုံးပြုနေနိုင်ခြင်း စသည်တို့က ကမ္ဘာဦးကျမ်းသည် မှန်ကန်ကြောင်းကို ထောက်ခံ သက်သေထူပေးသကဲ့သို့ ရှိပေသည်။

**Graf Wellhausen** ဆိုသူ သိပ္ပံပညာရှင်တဦးသည် ကမ္ဘာဦးကျမ်းပါ အဖြစ်ပျက်များ၏ သွေးထွက်အောင်မှန်ကန်နေကြောင်းများကို သိလျက်ပင် ဘုရားရှင်ကိုငြင်းပါယ်ခဲ့သည်။ ဤသို့ဖြစ်ရခြင်းကား သိလျက်နှင့်ပင် မသိချင်ဟန်ဆောင်သော မဟာမိုက်မဲမှုဖြစ်သည်ဟုသာ ဆိုရမည် ဖြစ်တော့သည်။(၂ပေ ၃း၃–၇)

## ဖန်ဆင်းခြင်းကဏ္ဍ ( ၁ – ၁၁ )

### ၁။ အရာအားလုံးကိုဖန်ဆင်းခြင်း ( က ၁ – ၂ )

**သမ္မာကျမ်းစာက ကောင်းကင်ဘုံသုံးထပ်ရှိသည်ဟု ဖေါ်ပြထားသည်။ ကမ္ဘာမြေကြီးအပြင်ဖက် လေထုလွှမ်းခြုံရာ အာကာသကောင်းကင်သည် ပထမကောင်းကင်ဘုံဖြစ်၍၊ ထိုလေထုလွှာအလွန် အာကာသသည် ဒုတိယကောင်းကင်ဖြစ်သည်။ တတိယကောင်းကင်ဘုံကား ထိုနှစ်ဆင့်ထက် ကျော်လွန်ရာအရပ် ဖြစ်ပေသည်။ ဘုရားရှင်သည် ထိုကောင်းကင်ဘုံ သုံးရပ်စလုံးကို ဖန်ဆင်းခဲ့သည်။(၁း၁)** ( အဆင်းသဏ္ဍာန်မရှိသေးခြင်း၊ အစိုင်အခဲမရှိသေးဘဲ လွပ်လပ်လဟာဖြစ်ခြင်းကို ထောက်ရှုသော်၊ ဓါတ်ငွေ့ကဲ့သို့သော အရာဖြစ်သည်ဟု နားလည်နိုင်သည်။ ရေဟုဆိုရာ၌ ရေသော်၄င်း၊ ရေငွေ့သော်၄င်း၊ ဖြစ်ဖွယ်ရှိသည် )

**<u>က</u>၊ ပထမနေ့ – အလင်းကိုဖန်ဆင်းသည်၊** (နေ၏အလင်းရောင်မလိုဘဲ ဓါတ်ငွေ့အချို့သည် အလင်း တောက်ပနေတတ်သည်ကို သတိမူပါ) **(၁း၂–၅)**

**<u>ခ</u> ၊ ဒုတိယနေ့ – ရေနှင့်ရေကို ခွဲခြားသည်(၁း၆–၈)၊** (မိုးကောင်းကင်၌ ရေကို မိုးတိမ်အဖြစ်၄င်း၊ ကမ္ဘာပေါ်ရှိရေကို ပင်


လယ်အဖြစ်ငှင်း ထားခဲ့သည်။ ထိုမိုးကောင်းကင်မှရေများသည် နောဧလက်ထက် ရေလွှမ်းမိုးချိန်၌ ကမ္ဘာပေါ်သို့ ရွာသွန်းခဲ့သည်။ ရေလွှမ်းမိုးခြင်း မဖြစ်ခင်အထိ ကမ္ဘာပေါ်တွင် မိုးရွာခြင်း မရှိခဲ့ဘူးချေ။ က ၂း၅–၆၊ ၇း၁၁–၁၂)


**ဂ ၊ တတိယနေ့ – ကုန်းမြေကိုဖြစ်ပေါ်စေ၍ အပင်အမျိုးမျိုးကို ပေါက်စေသည်(၁း၉–၁၃)**


**ဃ၊ စတုတ္ထနေ့ – နေ၊ လနှင့် ကြယ်များကိုဖန်ဆင်းသည်(၁း၁၄–၁၉)**၊ (နေရှိခြင်းကြောင့် နေ့ရက်၊ လ၊ နှစ်များ ဖြစ်ပေါ်ရ၏)


**င ၊ ပဥ္စမနေ့ – ငါးများ၊ ရေသတ္တဝါများနှင့် ငှက်များကိုဖန်ဆင်းသည်(၁း၂၀–၂၃)**


**စ ၊ ဆဋ္ဌမနေ့ – မြေပြင်သတ္တဝါအမျိုးမျိုးနှင့် လူကိုဖန်ဆင်းသည်(၁း၂၄–၃၁)**



ပထမနေ့ – အလင်းကိုဖန်ဆင်းသည်


ဒုတိယနေ့ – ရေကို မြေပေါ်နှင့်ကောင်းကင်ယံ နှစ်နေရာ၌ထားခဲ့သည်။


တတိယနေ့ – ကုန်းမြေနှင့်အပင်အမျိုးမျိုးကို ဖန်ဆင်းပေါက်ရောက်စေသည်


စတုတ္ထနေ့ – နေနှင့်လကိုဖန်ဆင်းသည်။


ပဥ္စမနေ့ – ငှက်အမျိုးမျိုးနှင့် ရေသတ္တဝါအမျိုးမျိုး ကိုဖန်ဆင်းသည်။


ဆဋ္ဌမနေ့ – ကုန်းသတ္တဝါနှင့်လူကို ဖန်ဆင်းခဲ့သည်။

**၁. ဘုရားရှင်သည် မိမိပုံသဏ္ဍာန်နှင့်တူသော လူကိုဖန်ဆင်း၍ အခြားသတ္တဝါများအပေါ် အုပ်စိုးစေခဲ့သည်။(၁း၂၆–၂၇)** ( လူသည် ဘုရားမဟုတ်သော်လည်း၊ ဘုရား၏သဏ္ဍာန်တော်နှင့်ဆင်တူ၏။ ယေဇ ၁း၂၆၊ ဗျာ ၂၀း၁၁ )

**၂. ဘုရားရှင်သည် လူကိုပွားများစေ၍ ကမ္ဘာမြေကြီးကို ပြည့်နှက်စေခဲ့သည်။(၁း၂၈)** ( အာဒံ – ဧဝမှတဆင့် လူများ ပွားများလာပုံကို ခြုံ၍ဖော်ပြခြင်းဖြစ်သည်။ အသေးစိတ်ကို ၂း၇–၂၅ တွင်လေ့လာနိုင်သည် )

**၃. လူနှင့်တိရိစ္ဆာန်တို့စားရန် အသီးအနှံ၊ မြက်ပင် စသည်တို့ကိုပေးခဲ့သည်။(၁း၂၉–၃၁)** ( ကမ္ဘာဦးမှလူများ ရေလွှမ်းမိုးခြင်း ပြီးဆုံးချိန်ထိအသားမစားကြဟု မှတ်ယူနိုင်သည်။ ကမ္ဘာ ၉း၃ )

**၄. ဘုရားရှင်က လူကို အပင်တပင်၏အသီးမှလွဲ၍ ကျန်အသီးအနှံအားလုံးကို စားခွင့်ပြုခဲ့သည်။**

(၂း၉–၁၆)

၅. အထက်ဖေါ်ပြပါ ကောင်းခြင်းနှင့်မကောင်းခြင်းကို သိစေနိုင်သော အပင်တပင်၏အသီးကို လုံးဝ စားခွင့်မပြုခဲ့ချေ။(၂း၁၇)


၆. ဘုရားရှင်က လူအား တိရိစ္ဆာန်အားလုံးကို အမည်နာမ မှည့်ခိုင်းခဲ့သည်။(၂း၁၉)

၇. ဘုရားရှင်က လူကို မိန်းမပေးစားသည်။(၂း၁၈–၂၅)


**ဆ၊ သတ္တမနေ့ – ဘုရားရှင်နားတော်မူသည်(၂း၁–၃)၊** ( လူကို နားရမည်ဟု ဥပဒေမသတ်မှတ်ခဲ့သေးပါ၊ မောရှေခေတ်ရောက်မှ သိနတောင်ပေါ်၌ ထိုနေ့ကို ဥပုသ်နေ့အဖြစ် လူမျိုးတော်ဣသရေလအဖို့ ပေးအပ်ခဲ့သည်။ ၂း၁–၃ )

## ၂။ လူသား၏ဖေါက်ပြန်မှု( က ၃ – ၅ )

**က၊ စာတန်၏စဉ်းလဲခြင်း(၃း၁)၊** ( မာရ်နတ်ဆိုးဖြစ်သည်။ သူသည် တခါက ဘုရားရှင်၏ ကောင်းကင်တမန် ဖြစ်ခဲ့ဘူးသော်လည်း ဖေါက်ပြန်မှုကြောင့် ရာထူးမှနှင်ချခြင်း ခံရလေရာ မိမိနောက်လိုက်အချို့နှင့်အတူ လူသားတို့အားပျက်စီးစေရန် လည့်ဖြားသွေးဆောင်နေသော ဝိညာဉ်ဆိုးဖြစ်သည်။ ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာသောအခါ သူ့ကို အပြီးသတ်ချေမှုန်းမည် ဖြစ်သည်။ ယေဇ ၂၈း၁၂–၁၉၊ ဗျာ ၂၀–၁၀ )



ဘုရားရှင်သည် စာတန်နှင့် သူ့နောက်လိုက်များကို ကောင်းကင်ဘုံမှ နှင်ချခဲ့သည်။



စာတန်သည် မြွေဟန်ဆောင်၍ လူအာဒံနှင့် ဧဝကို ဘုရားရှင်ထံမှလမ်းလွဲရန် သွေးထိုးလှုံ့ဆော်ခဲ့သည်။

၁. သူသည် မြွေဟန်ဆောင်၍ စကားပြောသည်။(၃း၁)

၂. သူသည် ဘုရားရှင်၏မိန့်မှာချက်များကို သံသယဖြစ်စေရန် လူကိုလှုံ့ဆော်ပေးသည်။(၃း၁)

၃. သူသည် ဘုရားရှင်၏မိန့်မှာချက်များကို ပယ်ချသည်။(၃း၄)

ခ၊ အာဒံ၏အပြစ် (၃း၆–၈)

၁. သူ၏မှားယွင်းမှုနှင့် ကမ္ဘာ့ပထမဆုံးသော အပြစ်သားဖြစ်ရမှု။(ကမ္ဘာ ၃း၆၊ ရော ၅း၁၂၊ ၂ကော ၁၁း၃၊ ၁တိ ၂း၁၄)

၂. သူ၏ အပြစ်ကိုဖုံးကွယ်ရန် ကြိုးစားမှု

က– ဝတ်လစ်စလစ်ကိုယ်ကို သစ်ရွက်ဖြင့်ဖုံးကွယ်သည်။(၃း၇)

(အပြစ်များကို ကုသိုလ်ဖြင့်ဖုံးကွယ်ရန် ကြိုးစားသည်နှင့်တူ၏)

ခ– ဘုရားရှင်ရှေ့တော်မှ သူတို့ ပုန်းရှောင်ကြသည်။(၃း၈)

ဂ၊ ဘုရားရှင်၏ ရွေးနုတ်ကယ်တင်ခြင်း

ကျနုပ်တို့သည် ဘုရားရှင်၏ တန်ခိုးတော်နှင့်ဥာဏ်တော်များကို ဖန်ဆင်းခြင်းကျမ်းပိုဒ်များ၌ တွေ့ခဲ့ကြပြီးဖြစ်သည်။ ယခု လူသား အပြစ်ကျူးလွန်မှု အပြီးတွင်မူကား ဘုရားရှင်၏ သန့်ရှင်းခြင်းနှင့် ကျေးဇူးပြုတော်မူခြင်း ကျမ်းပိုဒ်များကို တွေ့ကြရသည်။

၁. ဘုရားရှင်၏သန့်ရှင်းခြင်း

ဘုရားရှင်သည် အောက်ပါ ၅ မျိုးတို့ကို အပြစ်ကြောင့် တရားစီရင် ဒါဏ်ခတ်ခဲ့သည်။


က– လူယောကျ်ားသို့ (၃း၁၇)၊ ပင်ပန်းကြီးစွာအလုပ်လုပ်၍ အစာစားရမည်။


ခ– လူမိန်းမသို့ (၃း၁၆)၊ လင်သား၏အုပ်စိုးခြင်းကို ဝန်ခံရမည်။ သားဖွားခြင်းဝေဒနာကို ပင်ပန်းစွာခံရသည်။


ဂ– သဘာဝပါတ်ဝန်းကျင်သို့ (၃း၁၈)၊ ယခင်မြေကြီးကဲ့သို့ မဟုတ်တော့ဘဲ ဆူးပင်ပေါက်သော မြေ ဖြစ်ခဲ့ရသည်။

ဃ– မြွေသို့ (၃း၁၄)၊ ဝမ်းဗိုက်ဖြင့်သွားလာစေသည်။
(မြွေသည် တချိန်က လက်ခြေရှိနိုင်သည်ဟု လူတချို့ ယူဆကြသည်)

င– စာတန်သို့ (၃း၁၅)၊ အနာဂတ်ကာလတွင် ကယ်တင်ရှင်၏ ချေမှုန်းခြင်းကို ခံရမည်။







ဘုရားရှင်သည် သူတို့အပြစ်ကို ဖုံးကွယ်နိုင်နှင့် ရှက်ကြောက်ခြင်းသို့ ရောက်လျက်ရှိရာ သစ်ရွက်ဖြင့် မိမိကိုယ်ကို ဖုံးကွယ်ခဲ့သည်။

လူသည် အပြစ်ကျူးလွန်မိသည်ကို သိသည် ဒေဝဉယျာဉ်ရှိ မသေဆေးအသက်ပင်ကို လူသည့် သားရေဝတ်လုံကိုပေး၍ ဒေဝဉယျာဉ် တွင်နေထိုင်ခွင့်ကို ရုပ်သိမ်းခဲ့ရသည်။

အားစားခွင့် ပိတ်ပင်ခဲ့သည်။ (အပြစ်ပြုသူသည် မသေတတ်ပါက လောကသည် လွန်စွာ ကြောက်စရာ ကောင်းပေလိမ့်မည်။)

၂. ဘုရားရှင်မှ အပြစ်သားများအပေါ် ကျေးဇူးပြုခြင်း

က– လူသားကို ရှာဖွေကြည့်ရှုတော်မူသည်။(၃း၉)

ခ– လူသားအပြစ်အတွက် ကယ်တင်ရှင်ကို ပေါ်ထွန်းစေမည်ဟု ကတိပေးသည်။(၃း၁၅)

ဂ– လူသားဝတ်ဖို့ သားရေဝတ်လုံကို ပေးခဲ့သည်။(၃း၂၁)
( သေခဲ့ရသော သားကောင်၏သားရေသည် အပြစ်ကိုဖုံးကွယ်ရန်အတွက် အကောင်းဆုံးသော အကွယ်အကာဖြစ်၏။ )

ဃ– ဒေဝဉယျာဉ်မှ နှင်ထုတ်ခဲ့သည်။(၃း၂၄)
( အပြစ်သားဖြစ်သွားသော လူသည် ဒေဝဉယျာဉ်ရှိ မသေတတ်သော အသက်ပင်၏အသီးကို မစားမိစေရန်ဖြစ်သည်။ အကယ်၍ စားမိပါက အပြစ်သားလူသည် သေတတ်မည်မဟုတ်တော့ချေ။ ထိုသို့ဖြစ်ပါက ဤကမ္ဘာ၏ အခြေအနေမှာ မည်မျှ ကြောက်မက်ဖွယ်ကောင်းမည်ကို တွေးကြည့်ရုံဖြင့် သိနိုင်ပေသည်။ ထို့ကြောင့် အသက်ပင်၏အသီးကို လူသားများမစားမိစေရန် အထူး စောင့်ကြပ်ထားရခြင်း ဖြစ်သည်။ )

ဃ၊ အာဗေလ၏ အာဇာနည်ဖြစ်မှု

၁. ဧဝသည် ကာဣနနှင့်အာဗေလအမည်ရှိ သားနှစ်ဦးကို ဖွားမြင်ခဲ့သည်။(၄း၁–၂)

၂. ဘုရားရှင်သည် ကာဣန၏ အသွေးမဲ့သော ပူဇော်သက္ကာကို လက်မခံခဲ့ပေ။(၄း၄)

၃. ဘုရားရှင်သည် ကာဣနအား အပြစ်ကိုပြေစေတတ်သော ပူဇော်သက္ကာကို ပြည့်သွန်ခဲ့သော်လည်း ကာဣန နားမထောင်ချေ။(၄း၆–၇)

၄. အာဗေလ၏ အသွေးပါသော အပြစ်ဖြေရာ ပူဇော်သက္ကာကို ဘုရားရှင် လက်ခံခဲ့သည်။(၄း၄)




၅. ကာဣနသည် မိမိညီကို သတ်ပစ်ခဲ့သည်။(၄း၈)

၆. ကာဣနသည် ဘုရားရှင်၏ကျိန်စာဖြင့် အခြားတနေရာသို့ ထွက်သွားခဲ့သည်။(၄း၉–၁၆)
( ကာဣနသည် အိမ်ထောင်ပြုခဲ့သည်။ အာဒံ၊ ဧဝ မျိုးဆက်တို့မှ ဆင်းသက်သူနှင့်ဖြစ်သည်။ အာဒံနှင့်ဧဝသည် ကာဣန၊ အာဗေလ၊ ရှေသ အပါအဝင် သားသမီးများစွါကို မွေးဖွါးခဲ့သည်ကို သတိပြုပါ။ က ၅း၃–၄ )

၇. ကာဣနသည် ကမ္ဘာပေါ်တွင် ပထမဆုံးသောမြို့များကို တည်ထောင်ခဲ့သည်။(၄း၁၆–၂၄)

၈. ဧဝသည် ရှေသအမည်ရှိသော သားတယောက်ကို ထပ်ဖွားပြန်ရာ အာဗေလကိုယ်စားအရာ၌ ထားခဲ့

၏။(၄း၂၅)

ကာဣနသည် ဘုရားရှင်အား ဝတ်ပြုကိုး
အာဗေလသည် ဘုရားရှင်အား ဝတ်ပြုကိုးကွယ်
ကွယ်သည်။ သို့သော် ဘုရားရှင်ညွှန်ပြသည့်
အပြစ်
အပြစ်ကိုပြေစေသည့် အပြစ်ဖြေရာယဇ်ကို
မယူခဲ့။

အပြစ်သားဖြစ်သော လူသည် ဘုရားရှင်သတ်
ရာတွင် မိမိအပြစ်ကိုပြေစေသည့် အပြစ်ဖြေရာ
ယဇ်ပူဇော်ခြင်းဖြင့် ကိုးကွယ်ခဲ့သည်။

မှတ်သော အပြစ်ဖြေနည်းကိုသုံးမှသာ
မှလွတ်မြောက်မည် ဖြစ်သည်။

**<u>င</u>၊ ဧနောက်၏ဆောင်ရွက်မှုများ**

**၁. ဧနောက်သည် ကမ္ဘာပေါ်ရှိ ပထမဦးဆုံးသော ဓမ္မဆရာဖြစ်သည်။ သူသည် အနာဂါတ်ကာလ တရားစီရင်ခြင်းအကြောင်းကို ဟောပြောခဲ့သူဖြစ်သည်။(ယု ၁း၁၄–၁၅)**

– *<u>အာဒံမှဆင်းသက်၍ ခုနစ်ဆက်မြောက်သောသူ ဧနောက်က ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့ကို တရားစီရင်တော်မူ၍ မတရားသောသူတို့သည် မတရားသဖြင့်ပြုသော အဓမ္မအမှုရှိသမျှတို့၏ အပြစ်ကိုင်၄င်း မတရားသောလူဆိုးတို့သည် ဘုရားသခင်ကို ပြစ်မှား၍ပြောသော ကြမ်းတမ်းသောစကား ရှိသမျှတို့၏ အပြစ်ကို၄င်း ဘော်ပြခြင်းငှါ အတိုင်းမသိ များစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်ဟု ပရောဖက်ပြု၍ ဟောပြောလေ၏ –</u>*

**၂. ဧနောက်၌ ကြီးမားသောယုံကြည်ခြင်း ရှိသည်။(ဟေဗြဲ ၁၁း၅)**

**၃. သူသည် မသုရှလ၏ဖခင် ဖြစ်သည်။(၅း၂၁)**

**၄. သူသည် မသေဘဲနှင့် ဘဝပြောင်းခဲ့သူ ဖြစ်သည်။(၅း၂၄)**

## ၃။ အရာအားလုံးကို အပြစ်ဒါဏ်စီရင်ခြင်း ( က ၆ – ၉ )

**<u>က</u>၊ ရေလွှမ်းမမိုးမီ လူသားတို့၏အခြေအနေ**

**၁. လူသားတို့ တိုးပွားများပြားလာကြသည်။(၆း၁)**

– *<u>မြေကြီးပေါ်မှာ လူတို့သည် များပြား၍ သားသမီးများကိုလည်း ရကြသောအခါ</u>* –

**၂. စာတန်၏လှည့်စားမှုထဲသို့ ကျရောက်ခဲ့ရသည်။(၆း၂)**

– *<u>ဘုရားသခင်၏သားတို့သည် လူသမီးတို့လှကြောင်းကို မြင်၍၊ ကိုယ်စိတ်ရှိသည့်အတိုင်း စုံဘက်ကြ၏</u>* –

**၃. လူအားလုံး (၈ ဦးမှလွဲ၍) ဖေါက်ပြန်ပျက်စီး လမ်းလွဲကြသည်။(၆း၅၊ ၁၁)**

– *<u>မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံး အကြံအစည် ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်း သက်သက်ရှိကြောင်းကို ဘုရားသခင် သိမြင်တော်မူလျှင်</u>* –

**၄. သက်ရှိအားလုံးကိုဖျက်ဆီးရန် ဘုရားသခင် ဆုံးဖြတ်ခဲ့သည်။(၆း၅–၇)**

– *<u>မြေကြီးပေါ်မှာ လူကိုဖန်ဆင်းတော်မူသည်ကို နောင်တရ၍ နှလုံးတော်ပူပန်လျက် ရှိတော်မူ၏။ ထာဝရဘုရားကလည်း ငါဖန်ဆင်းသော လူကို၄င်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရိစ္ဆာန်များ၊ မိုးကောင်းကင်ငှက်များတို့ကို၄င်း၊ မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကိုဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏ – (၆း၆–၇)</u>*

**၅. နောဧ၏မိသားစုကိုမူကား ဘုရားသခင်၏ကျေးဇူးတော်ကို သိတတ်သူဟု ဘုရားသခင် တွေ့မြင်ခဲ့သည်။(၆း၈–၉)**

*– နောဧမူကား ထာဝရဘုရားစိတ်တော်နှင့် တွေ့သောသူဖြစ်သတည်း – (၆း၈)*


**ခ၊ ရေလွှမ်းမိုးခြင်းနှင့် ကယ်တင်ခံရခြင်း**

**၁. ဘုရားရှင်သည် နောဧအား အလျား ၄၅၀ ပေ၊ အနံ ၇၅ ပေ၊ အမြင့် ၄၅ ပေရှိသော သင်္ဘောတစီးကို တည်ဆောက်ခိုင်းသည်။(၆း၁၄–၁၆)**

**၂. နောဧနှင့်သူ့မိသားစုသည် တိရိစ္ဆာန်မျိုးစုံ၊ အထီးအမတစုံစီဖြင့် သင်္ဘောတွင်းသို့ ဝင်ကြသည်။ စင်ကြယ်သော တိရိစ္ဆာန်မျိုးကိုမူ ခုနစ်စုံစီ ယူဆောင်ခဲ့ကြသည်။(၇း၁–၉)**

**၃. သင်္ဘောသည် ကမ္ဘာကိုရေလွှမ်းမိုးရာကာလ ၃၇၁ ရက်ကျော်လွန်ပြီးမှ အော်ရရတ်တောင်ပေါ်တွင် တင်နေခဲ့သည်။(၈း၄)**

(ကမ္ဘာ့မြေပုံပေါ်တွင် အော်ရရတ်တောင်သည် တူရကီနိုင်ငံအတွင်း ရုရှ၊ အီရန်၊ အီရတ် နိုင်ငံတို့၏ နယ်နမိတ်အနီးတွင်ရှိသည်)



ယနေ့ တူရကီနိုင်ငံနှင့် အာရရတ်တောင် တည်ရှိရာမြေပုံ (ညာဖက်အစွန်း ကြက်ခြေဖတ်အမှတ်အသားလက္ခဏာပြရာနေရာမှာ **Ararat** တောင်ဖြစ်သည်)



ဆီးနှင်းများဖြင့်ဖုံးလွှမ်းနေသော အာရရတ်တောင်ထွဋ်ကို ယနေ့ကာလ၌တွေ့မြင်ရပုံ (တူရကီနိုင်ငံ)

*– ဘုရားသခင်သည် နောဧမှစ၍ အသက်ရှင်သမျှသတ္တဝါ နောဧနှင့်အတူ သင်္ဘောထဲ၌ရှိသော တိရိစ္ဆာန်အပေါင်းတို့ကို အောက်မေ့၍ မြေကြီးပေါ်မှာ လေလာစေတော်မူသဖြင့် ရေငြိမ်လေ၏ – (၈း၁)*

၄. ဘုရားရှင်သည် နောဧအား သက်တံ့ဖြင့် သက်သေထူ၍ ပဋိညာဉ်သစ္စာများ ပြုခဲ့သည်။(၉း၁–၁၉)

  က– စေခိုင်းမိန့်မှာချက် = နောဧ၏ သားသုံးယောက်မှတဆင့် ကမ္ဘာပေါ်တွင် လူများ တိုးပွါးပြည့်နှက်စေရမည်။(၉း၁–၃၊ ၇)

  ခ– ဥပဒေပေးချက် = လူသားအစိုးရများ ကျင့်သုံးရမည့် အရေးကြီးဆုံးဥပဒေ။(၉း၄–၆)

  ဂ– ကတိသစ္စာပြုချက် = ဘုရားရှင်သည် အထက်ပါကဲ့သို့သော ရေလွှမ်းမိုးခြင်းဘေးဖြင့် ကမ္ဘာကို တဖန် မဖျက်ဆီးတော့ပါ။(၉း၈–၁၉)

ဂ၊ ရေလွှမ်းမိုးကာလလွန်၌ ဖြစ်ခဲ့ရသော ပြစ်မှုတခု (၉း၂၀–၂၉)

၁. နောဧသည် မိမိကိုယ်တိုင်လုပ်သော စပျစ်အရက်ကိုသောက်၍ ဝတ်လစ်စလစ်ဖြင့် အိပ်ပျော်နေခဲ့သည်။

၂. သူ၏သားတဦးဖြစ်သူ ဟာမ(ခါနန်၏အဘ)သည် ဝတ်လစ်စလစ်ဖြစ်နေသော မိမိဖခင်ကို အဝတ်ဖြင့် ဖုံးအုပ်ပေးခြင်းမပြုဘဲ သူ့ညီအကိုများကို ပြောပြသည်။

၃. နောဧသည် မိမိသားသုံးဦး၏အနာဂတ်ကို အောက်ပါအတိုင်း နိမိတ်ဖတ် ပြောကြားခဲ့သည်။

  က– ခါနန်သို့ = သူ၏အမျိုးအနွယ်သည် သူ့ညီအကိုမျိုးနွယ်များ၏ကျွန် ဖြစ်ရလိမ့်မည်။
   (ယောရှု ၉း၂၇ ကာလ၌ ပြည့်စုံခဲ့သည်)

  ခ– ရှေမသို့ = သူ၏အမျိုးအနွယ်မှ ခရစ်တော်ကို ဖွါးမြင်လိမ့်မည်။
   (မ ၁း၁ ကာလ၌ ပြည့်စုံခဲ့သည်) (ကမ္ဘာ ၁၁း၁၀–၂၇ ကိုလည်းကြည့်ပါ)

  ဂ– ယာဖက်သို့ = သူ၏အမျိုးအနွယ်သည် ရှေမ၏တဲ၌ နေရလိမ့်မည်။
   (ရော ၁၁း၁၃–၂၅ ကာလ၌ ပြည့်စုံခဲ့သည်)

## ၄။ အရာအားလုံး ရှုတ်ထွေးကုန်ကြခြင်း ( က ၁၀ – ၁၁ )

က၊ လူသား၏ မာနထောင်လွှားမှု = ဟာမမျိုးဆက်မှ နိမ်ရောဒဆိုသူသည် ဖေါက်ပြန်၍ မိမိ၏မြို့အနီးတွင် မြင့်မားသော ရဲတိုက်အဆောက်ဦးကို တည်ဆောက်ကာ ဘာသာရေးစနစ်တရပ်ကို ထူထောင်ရန် ကြိုးစားခဲ့သည်။(၁၀း၆–၁၂၊ ၁၁း၁–၄)

ခ၊ ဘုရားရှင်၏ တရားစီရင်မှု = ဘုရားရှင်သည် ထိုမကောင်းဆိုးရွား ဘာသာရေးစနစ်ကို ဖြိုဖျက်ရန် သူတို့အချင်းချင်းကို များပြားသောစကားများ ဖြစ်ပေါ်ရှုတ်ထွေးစေ၏။(၁၁း၅–၉)

ဂ၊ ကမ္ဘာ့လူမျိုးအသီးသီး၏ မူလအစဖြစ်ပေါ်မှု = ရေလွှမ်းမိုးပြီးနောက်၊ နောဧသားသုံးဦးမှ အစပြုပေါ်ပေါက်ခဲ့သော လူမျိုးနွယ်များကို အောက်ပါအတိုင်း တွေ့မြင်နိုင်သည်။

၁. ယာဖက်အနွယ်ဝင်များ (၁၀း၂–၅)၊ ထိုအနွယ်ဝင်မှ ယနေ့တိုင်တွေ့နိုင်သော လူမျိုးအချို့မှာ –

  က– ဂေါမာ (ဂျာမန်)
  ခ– မာဂေါဂ၊ တုဗလ၊ မေရှက် (ရုရှနိုင်ငံမှ လူမျိုးစုအချို့)
  ဂ– မာဒဲ (အီရန်–ပါရှား)
  ဃ– ယာဝန် (ဂရိ)
  င– တာရှု (စပိန်)
  စ– ထိရတ် (အီတာလျံ)
  ဆ– အာရှကေနတ် (အာရှတိုက်မှ လူမျိုးအချို့)
  ဇ– တာဂေါမ (အာမေးနီးယန်း)
  ဈ– ကိတ္တိမ် (ဆိုက်ပရပ်စ်)

၂. ဟာမအနွယ်ဝင်များ (၁၀း၆–၂၀)၊ ထိုအနွယ်ဝင်များမှ ယနေ့တိုင်တွေ့နိုင်သော လူမျိုးအချို့မှာ –

  က– ကုရှ (အီသီယိုးပီးယား)
  ခ– မိဇရိမ် (အီဂျစ်)
  ဂ– ဖုတ (အာဖရိကမှ လူမျိုးအချို့)
  ဃ– ခါနန် (ပါလက်စတိုင်းဒေသမှ ကာနန်လူမျိုးများ)
  င– နိမ်ရောဒ (အီရတ်–ဗာဗုလုန်၊ အဆီးရီးယန်း)
  စ– ဖိဒုန် (ဖိနိရှန်)
  ဆ– ဟေသ (ဟတ္တိ)
  ဇ– ယေဗုသိ (ဒါဝိတ်မင်းလက်ထက် ယေရုရှလင်တဝိုက် နေထိုင်ကြသူများ)

ဈ– ပါသရ (ပါလက်စတိုင်း)
ည– သိနိ (အရှေ့တိုင်းမှ တရုတ်၊ ဂျပန်၊ မွန်ဂို စသည်များ)
၃. ရှေမအနွယ်ဝင်များ (၁၀း၂၁–၃၂၊ ၁၁း၁၀–၃၂)၊ ထိုအနွယ်ဝင်များမှ ယနေ့တိုင်တွေ့နိုင်သော လူမျိုး အချို့မှာ –
က– အာဗြဟံမှ (ဣဇက်၊ ယာကုပ်အနွယ်ဝင် အစ္စရေးလူမျိုးများ)
ခ– အာဗြဟံမှ (ဣရှမေလ၊ ဧသောအနွယ်ဝင် အာရပ်လူမျိုးများ)

---

## မင်္ဂလာရှိသူ လူများကဏ္ဍ ( ၁၂ – ၅၀ )

### ၁။ အာဗြဟံ ( က ၁၂ – ၂၄ )

က၊ သူ၏ပြောင်းလဲခြင်း (တ ၇း၂)၊ အာဗြဟံသည် ၂၁၀၀ ဘီစီ ကာလအချိန်ထဲက ထာဝရဘုရားကို ယုံကြည်ခဲ့သူဖြစ်လေသည်။ သူ၏ဇာတိမှာ ခါလဒဲပြည် ဥရမြို့(အီရတ်) ဖြစ်သည်။
– *ငါတို့အဘ အာဗြဟံသည်၊ ခါရန်မြို့၌မနေမှီ၊ မေသောပေါတာမိတိုင်း၌ ရှိစဉ်အခါ၊ ဘုန်းကြီးတော်မူသော ဘုရားသခင်သည် ထင်ရှားတော်မူ၍၊ သင်နေသောပြည်နှင့်တကွ၊ အမျိုးသားချင်းများထဲက ထွက်ပြီးလျှင် ငါပြလတ္တံ့သောပြည်သို့ သွားလော့ဟု အာဗြဟံအား မိန့်တော်မူသည် – (တ ၇း၂–၄)*

ခ၊ သူ့အား ခေါ်တော်မူခြင်း (က ၁၂း၁၊ ယောရှု ၂၄း၃၊ တ ၇း၃)
ဘုရားရှင်သည် သူ့အား ဥရမြို့ရှိ သူ့အဘနေအိမ်မှ အခြားတနေရာသို့ သွားစေသည်။

ဂ၊ သူရရှိသော အကျိုးအမြတ်များ (က ၁၂း၂–၃၊ တ ၇း၃–၅)
၁. သူ၏အမျိုးအနွယ်သည် လူမျိုးကြီးဖြစ်ခဲ့သည်။(၁၂း၂) (ယုံကြည်သူလူမျိုးအားလုံးကို ဆိုလိုသည်)
၂. သူ့ကို ကောင်းကြီးပေးသည်။(၁၂း၂)
၃. သူ့နာမည်ကို ကြီးမြတ်စေသည်။(၁၂း၂)
၄. သူ့အားဖြင့် အခြားလူမျိုးများ ကောင်းကြီးမင်္ဂလာ ရရှိစေသည်။(၁၂း၃)
၅. သူ့ကိုကောင်းကြီးပေးသူများ ကောင်းကြီးမင်္ဂလာ ခံရသည်။(၁၂း၃)
၆. သူ့ကိုကျိန်ဆဲသူများ ကျိန်စာထိကြရမည်။(၁၂း၃)
၇. လူသားများအားလုံးသည် သူ့အားဖြင့် အကျိုးအမြတ်ရရှိလိမ့်မည်။

ဃ၊ သူ၏မပြည့်စုံမှု (၁၁း၃၁–၃၂)
ဘုရားရှင်က သူ့အား မိမိအဘနေအိမ်မှထွက်၍ ခါနန်ပြည်သို့သွားရန် မှာကြားခဲ့သည်။ သို့သော် သူသည် နားမထောင်ဘဲ မိမိအဘခေါ်ဆောင်ရာ ဟာရန်မြို့သို့ သွားနေခဲ့သည်။

င၊ သူ ခါနန်ပြည်သို့ ဝင်ရောက်ခြင်း (၁၂း၄–၉)
၁. သူသည်အသက် ၇၅ နှစ်အရွယ်တွင် ခါနန်ပြည်သို့ဝင်ရောက်၍ ယေရုရှလင်မြို့မှ မိုင် ၃၀ အကွာ ရှေခင်အရပ်တွင် ယာယီတဲဖြင့်နေထိုင်သည်။
၂. ဘုရားရှင်သည် ဤနယ်မြေကို သူ့အားပေးခဲ့သည်။(၁၂း၇)
၃. သူသည် ထိုနေရာမှတဖန် ဘုရားရှင်၏အိမ်ဟုအမည်ရသော ဗေသလမြို့သို့ပြောင်းရွှေ့၍ ၄င်းအရပ်၌ ယဇ်ပလ္လင်ကို တည်လုပ်လေသည်။(၁၂း၈)

စ၊ သူ၏အမှားအယွင်း (၁၂း၁၀–၂၀)
၁. ထိုကာလအတွင်း သူတို့နေထိုင်ရာ အရပ်ဒေသ၌ အစာခေါင်းပါးခြင်းဖြစ်လေရာ သူသည် ဖေါက်ပြန်ခြင်းသို့ရောက်၍ မိမိနေရာကိုစွန့်ပစ်ကာ အဲဂုတ္တု(အီဂျစ်) ပြည်သို့ ထွက်သွားလေသည်။ (၁၂း၁၀)
၂. သူသည် အဲဂုတ္တုဘုရင်ဖါရောကို ကြောက်သောကြောင့် မယားဖြစ်သူစာရာသည် မိမိနှမဖြစ်သည်ဟု လိမ်ညာခဲ့သည်။(၁၂း၁၁–၁၃)
၃. ထိုအကြောင်းစုံကို သိရှိသွားသော ဖါရောဘုရင်သည် သူတို့ဇနီးမောင်နှံကို နှင်ထုတ်လိုက်သဖြင့် သူသည် ခါနန်ပြည်သို့ ပြန်ရောက်ခဲ့ရသည်။(၁၂း၁၄–၂၀)

ဆ၊ သူ၏ လိုက်လျောနိမ့်ချမှု (၁၃း၁–၁၈)
၁. သူ၏ နွားကျောင်းသားများနှင့် သူ့တူတော်သူ လောတ၏နွားကျောင်းသားများ စားကျက်လုရင်း ခိုက်ရန်ဖြစ်ပွားကြသည်။(၁၃း၁–၇)
၂. စေ့စပ်၍မရနိုင်သည့်အဆုံး လောတအား ကြိုက်ရာအရပ်ကို ဦးစားပေးရွေးချယ်စေ၍ လောတမနေမည့်အရပ်၌ မိမိနေပါမည်ဟု သဘောတူကာ လမ်းခွဲကြ၏။(၁၃း၈–၉)

၃. လောတသည် စိမ်းလမ်းစိုပြေ၍ စားကျက်ကောင်းသည့် သောဒုံမြို့ရှိရာဒေသကို ရွေးချယ်ခဲ့သည်။ သောဒုံမြို့သားများမှာ ဆိုးသောသူများ ဖြစ်ကြသည်။(၁၃း၁၀–၁၃)

၄. လောတနှင့်လမ်းခွဲကြပြီးနောက် ဘုရားရှင်သည် သူ့အား ပါလတိနနယ်ကိုပေး၍ လူမျိုးများ၏အဘ ဖြစ်စေခဲ့သည်။(၁၃း၁၄–၁၈)

ဓ၊ သူ၏ သူရသတ္တိ (၁၄း၁–၁၆)

၁. ရန်သူဘုရင်များသည် သောဒုံမြို့ကိုတိုက်ခိုက်၍ ဥစ္စာပစ္စည်းနှင့်လူများကို ဖမ်းဆီးသိမ်းဆည်းသွားရာတွင် လောတနှင့်မိသားစုပါ ပါသွားသည်။(၁၄း၁၂)

၂. အာဗြံသည် မိမိ လက်ရွေးစင်တပ်သား ၃၁၈ ယောက်ဖြင့် ထိုရန်သူများနောက်သို့လိုက်ရာ၊ ညအချိန်တွင် တိုက်ပွဲဖြစ်ပွါးသဖြင့် ရန်သူများ ကစင့်ကလျား ရှုံးနိမ့်ထွက်ပြေးကြသည်။ လောတနှင့်သူ၏မိသားစုများ၊ ဥစ္စာပစ္စည်းများကို ပြန်လည်ရယူ ကယ်ဆယ်နိုင်ခဲ့သည်။(၁၄း၁၄–၁၆)

ဈ၊ သူ၏ ပွဲတော်မင်္ဂလာ (၁၄း၁၇–၂၄)

၁. သမ္မာကျမ်းစာ၌တွေ့ရသော ထိုပထမဆုံးစစ်ပွဲမှအပြန် သူသည် မေလခိဇေဒက်အမည်ရှိ ယေရုရှလင်မြို့၏ဘုရင် ယဇ်ပရောဟိတ်နှင့် တွေ့ဆုံခဲ့သည်။(၁၄း၁၈) (ထိုမေလခိဇေဒက်မှာ ခရစ်တော်ယေရှုဖြစ်သည်ဟု မှတ်ယူစရာအကြောင်း များစွာရှိနေသည်။ ယေရှုသည် မယ်တော်မာရိဝမ်းတော်မှ မွေးဖွါးခြင်းကိုမခံမီ

ဓမ္မဟောင်းကာ

လများ၌ အသွင်အမျိုးမျိုးဖြင့် ဤကမ္ဘာမြေသို့ လာခဲ့ဘူးကြောင်း အထောက်ထားများစွာ ရှိနေခဲ့သည်)

၂. ထိုယဇ်ပရောဟိတ်ပြုလုပ်သော မုန့်စပျစ်ရည်ပွဲတော်၌ သူသည် ကောင်းကြီးမင်္ဂလာကို ခံယူခဲ့ရပြီး၊ ထိုယဇ်ပရောဟိတ်အား မိမိ၏ဥစ္စာပစ္စည်း ဆယ်ဖို့တဖို့ကို လှူဒါန်းသည်။(၁၄း၁၉–၂၀)

ည၊ သူခံရသောဗျာဒိတ်တော် (၁၅း၁–၂၁)

၁. သူသည် သားသမီးထွန်းကားခြင်းမရှိသဖြင့် သူ၏မွေးစားသားလည်းဖြစ်၊ စိတ်ချရသောလူယုံလည်းဖြစ်သည့် ဧလျာဇာကို မိမိ၏သားဖြစ်စေ၍ အမွေခံအမျိုးအနွယ် ဖြစ်စေရန် ဘုရားရှင်ထံ အခွင့်တောင်းခဲ့သည်။(၁၄း၂–၄)

၂. ထိုတောင်းဆိုချက်ကို ဘုရားရှင်သည် ငြင်းပယ်တော်မူ၍ သူနှင့်သူ့ဇနီးတို့မှ သားယောကျ်ားကိုဖွါးမြင်ကာ ထိုသားမှ ကြီးမြတ်သောလူမျိုးစုကို ဖြစ်ပေါ် စေမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ (၁၅း၅–၇)

၃. ဘုရားရှင်သည် အသွေးတော်အားဖြင့် ပူဇော်ဝတ်ပြုခဲ့သော အာဗြံကို အောက်ပါဆုကျေးဇူးသုံးခုကို ပေးခဲ့သည်။ ၄င်းတို့မှာ နယ်မြေပိုင်ဆိုင်ခွင့်၊ မျိုးဆက်ကြီးမြတ်ခွင့်၊ ကယ်တင်ခြင်းခံရခွင့်များ ဖြစ်သည်။(၁၅း၉–၂၁)

၄. ဘုရားရှင်သည် သူ့အား အောက်ပါအချက် ၇ ချက်ကို ပရောဖက်ပြုသည်။(၁၅း၁၃–၁၆)

က– သူ့အမျိုးအနွယ်သည် တိုင်းတပါး၌ မျက်နှာရ ပွင့်လန်းလိမ့်မည်။(က ၄၆း၂–၄)

ခ– တဖန် သူ့အမျိုးအနွယ်သည် ထိုတိုင်းတပါး၌ပင် ကျွန်ဖြစ်ကြရမည်။(ထွက် ၁း၇–၁၄)

ဂ– ကျွန်ခံရမည့်ကာလမှာ နှစ် ၄၀၀ ခန့်ကြာလိမ့်မည်။(ထွက် ၁၂း၄၀)

ဃ– ဘုရားရှင်သည် သူတို့အား ကျွန်ပြုအုပ်ချုပ်သူများကို ဒါဏ်ခတ်ပြီးနောက် သူတို့ကို ကျွန်ဘဝမှလွတ်မြောက်စေမည်။(ထွက် ၇း၁၂)

င– အာဗြံကိုမူ ထိုအဖြစ်ပျက်များ၌ ပါဝင်ခြင်းမရှိစေပါ။(၂၅း၇–၈)

စ– ဣသရေလလူမျိုး ၄ ဆက်ခန့် အီဂျစ်ပြည်၌ ကျွန်ခံပြီးနောက် လွတ်မြောက်ခွင့်ရကြပြီး ကာနန်ပြည်သို့ ပြန်ဝင်ရောက်ကြမည်။(ထွက် ၆း၁၆–၂၀)

ဆ– အီဂျစ်ပြည်မှထွက်ခွါရာ၌ ဣသရေလများသည် ဥစ္စာပစ္စည်း အပြည့်အစုံ ပါကြမည်ဖြစ်သည်။ (ထွက် ၁၂း၃၅)

ဋ၊ သူ၏အလိုလိုက်မှု (၁၆း၁–၁၅)

၁. အမြုံမဖြစ်သော ဇနီးစာရာသည် ခင်ပွန်းအာဗြံအား ကလေးအဖေတဦးဖြစ်စေရန် မိမိကျွန်မ ဟာဂရဆိုသူကို အာဗြံသိမ်းပိုက်ဖို့ အပ်နှင်းခဲ့သည်။ ရည်ရွယ်သည်မှာ ထိုကျွန်မမှ မွေးလာသောကလေးကို မိမိတို့ယူ၍ သားအဖြစ်မွေးစားရန် ဖြစ်သည်။(၁၆း၁–၃)

၂. သို့သော် ဟာဂရသည် မိမိကိုယ်ဝန်ရှိလာသည်ကို မာနတက်၍ စာရာကို မထီမဲ့မြင်ပြုလာသဖြင့်စာရာသည် ဟာဂရကို အိမ်မှနှင်ချခဲ့သည်။(၁၆း၆)

၃. အိမ်မှထွက်လာခဲ့သော ဟာဂရသည် သဲကန္တာရရှိ အိုဇစစ်တခုအနီးတွင် မိမိအား အိမ်ပြန်ရန်တိုက်တွန်းသူ ကောင်းကင်တမန်တပါးနှင့် တွေ့ဆုံခဲ့လေသည်။ ကောင်းကင်တမန်က ဟာဂရဗိုက်အတွင်းရှိ မမွေးရသေးသော သားဣရှမေလ၏ အနာဂါတ်ကို ပရောဖက်ပြုခဲ့သည်။ သမ္မာကျမ်းစာ၌ ကောင်းကင်တမန်ဟူသောစကားကို ဤအကြိမ်သည် ပထမဦးဆုံးအကြိမ်ဖော်ပြမှု ဖြစ်သည်။ ထို

ကောင်းကင်တမန်ဆိုသူမှာ ယေရှုဖြစ်သည်ဟု မှတ်ယူနိုင်စရာ အကြောင်းအချို့ ရှိနေသည်။ (၁၆း၇–၁၄)

၄. ဣရှမေလကို မွေးဖွါးခဲ့သည်။ ထိုအချိန်၌ အာဗြဟံအသက် ၈၆ နှစ်ရှိပြီဖြစ်သည်။ (၁၆း၁၅–၁၆)

ဋ၊ သူ၏ အရေဖျားလှီးခံခြင်း (၁၇း၁–၂၇)

အာဗြံအသက် ၉၉ နှစ်ရှိလာသောအခါ ဘုရားရှင်သည် အာဗြံကိုခေါ်တော်မူ၍ အောက်ပါတို့ကို မှာမှာကြားခဲ့သည်။

၁. သူ၏နာမည်ကို အာဗြံ(ကြီးမြင့်သောဖခင်)မှ အာဗြဟံ(လူမျိုးအပေါင်းတို့၏ဖခင်)သို့ ပြောင်းရမည်။(၁၇း၅)

၂. သူ့ဇနီး၏နာမည်ကို စာရဲ(ရန်လိုသူ)မှ စာရာ(မင်းသမီး)သို့ ပြောင်းရမည်။(၁၇း၁၅)

၃. ဘာသာရေးအမှတ်သားအဖြစ် အရေဖျားလှီးခြင်းခံရမည်။ နယ်မြေ၊ မျိုးဆက်၊ ကယ်တင်ခြင်း တို့နှင့်ပါတ်သက်သော ကတိတော်၏ အမှတ်အသားဖြစ်သည်။(၁၅၊ ၁၇း၉–၁၄)

– *သင်နှင့်တကွ သင့်နောက်၌ သင်၏အမျိုးအနွယ်သည် ငါ့ရှေ့မှာစောင့်ရှောက်ရသော၊ ငါ၏ပဋိညာဉ်ဟူမူကား သင်တို့တွင် သားယောကျ်ားတိုင်း အရေဖျားလှီးမင်္ဂလာကို ခံရမည် – (၁၇း၁၀)*

(အာဗြဟံသည် အရေဖျားလှီး မခံမှီကတည်းက ယုံကြည်သူဖြစ်နေသောကြောင့် ဘုရားရှင်၏ကျေးဇူးတော်နှင့် ကတိတော်များ ရရှိပြီးသူဖြစ်နေကြောင်း အထူးသတိပြု မှတ်သားပါ)

၄. အာဗြဟံနှင့်စာရာသည် မိမိတို့ သားမွေးဖွါးလိမ့်မည်ဟူသော စကားကို မယုံနိုင်သောကြောင့် ရယ်မောခဲ့ကြသေးသည်။(၁၇း၁၆–၁၇)

ဌ၊ သူ၏ သနားဂရုဏာသက်ရမှု (၁၈း၁–၃၃)

ဘုရားရှင်သည် အာဗြဟံအား မိမိ၏ ကောင်းကင်တမန်နှစ်ပါးနှင့်အတူ တွေ့ခဲ့သည်။ ဤတကြိမ်၌ ဘုရားရှင်သည် အာဗြဟံအား သတင်းကောင်းနှင့် သတင်းဆိုးကို ပြောပြခဲ့သည်။

၁. သတင်းကောင်း – စာရာသည် ဘုရားရှင်ပေးခဲ့သော ကတိအတိုင်း သားယောကျ်ားကလေးကို ဖွါးမြင်မည်။ ထိုအချက်ကို စာရာမယုံချင်သေးပေ။(၁၈း၁၁–၁၄)

၂. သတင်းဆိုး – လောတရှိရာ သောဒုံနှင့်ဂေါမောရာမြို့ကို ထိုမြို့သားတို့သည် ဆိုးညစ်သောကြောင့် ဘုရားရှင်ဖျက်ဆီးမည်။(၁၈း၁၆–၂၂)

အာဗြဟံသည် ထိုမြို့၌ ဖြောင့်မတ်သောသူ ၅၀ ယောက်ရှိလျှင် မဖျက်ဆီးဘို့ မေတ္တာရပ်ခံခဲ့သော်လည်း ဖြောင့်မတ်သောသူ ၁၀ ယောက်မျှပင် မရှိခဲ့ချေ။(၁၈း၂၃–၂၇)

(လောတ၏မိသားစု၌ပင် မယုံကြည်သူများရှိနေကြောင်း သတိပြုပါ)

ဍ၊ သူ့ဆွေမျိုးများ၏ ဖေါက်ပြန်မှု (၁၉း၁–၃၈)

၁. ကောင်းကင်တမန်တို့သည် လောတအိမ်ရှိရာ သောဒုံမြို့သို့သွား၍ ထိုမြို့ကို ဖျက်ဆီးမည့်အကြောင်း ပြောပြခဲ့သည်။ ထိုအချိန်တွင်းမှာပင် လိင်တူဆက်ဆံလိုသူ သောဒုံမြို့သား လူဆိုးတို့သည် မတရားပြုရန် လောတ၏အိမ်ကို ဝိုင်းဝန်းကြသဖြင့် ကောင်းကင်တမန်များက ထိုသူတို့အား မျက်စေ့ကန်းစေခဲ့သည်။(၁၉း၁–၁၁)

၂. နောက်တနေ့ နံနက်စောစောတွင် ကောင်းကင်တမန်များက လောတ၊ လောတ၏ဇနီးနှင့် လောတသမီး ၂ ယောက်၊ ပေါင်း ၄ ယောက်တို့ကို သောဒုံမြို့မှ ကယ်ထုတ်ခဲ့သည်။(၁၉း၁၅–၁၆)

၃. သောဒုံမြို့ကို ဘုရားရှင်မှ ဒါဏ်ခတ် ဖျက်ဆီးခဲ့ရာ နောက်သို့လှည့်ကြည့်မိသော လောတ၏ဇနီးပါပါဝင်သွားခဲ့လေသည်။(၁၉း၂၄–၂၆) (သောဒုံမြို့နေရာမှာ ယနေ့ ပင်လယ်သေဒေသ ဖြစ်သည်)

၄. ဇောရမြို့ပြင်ရှိ ဥမင်ဂူအတွင်း၌နေစဉ် လောတ၏သမီးတို့သည် မိမိတို့၌ ကြင်ဖေါ်ယောကျ်ားမဲ့မည်ကို စိုးရိမ်လွန်ကဲ၍ ဖခင်လောတကို အရက်မူးအောင်တိုက်ပြီး မိမိတို့ဖခင်နှင့် ကာမဆက်ဆံကြလေသည်။ ထိုသို့အားဖြင့် သမီးကြီးသည် မောဘအမည်ရှိ သားယောကျ်ားကိုရ၍၊ သမီးငယ်မှာ ဗေနမ္မိအမည်ရှိသောသားကို ရရှိခဲ့လေသည်။ ထိုအမှားများ၏ အဓိကတရားခံသည် လောတဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် –

က– သူသည် သောဒုံမြို့ကို စွဲလန်းသောသူဖြစ်သည်။(၁၃း၁၀)

ခ– သူသည် သောဒုံမြို့၌နေရန် နေရာဒေသ ရွေးချယ်ခဲ့သည်။(၁၃း၁၁)

ဂ– သူသည် သောဒုံမြို့နားမှာ တဲကိုဆောက်ခဲ့သည်။(၁၃း၁၂)

ဃ– သူသည် သောဒုံမြို့၌ နေထိုင်ခဲ့သည်။(၁၄း၁၂)

င– သူသည် သောဒုံမြို့သား လူဆိုးတို့ကို မိမိ၏သမီးနှစ်ဦးကိုပေးသည်အထိ အလိုလိုက်ခဲ့သည်။ (၁၉)

ဏ၊ သူ၏လွဲချော်မှု (၂၀း၁–၁၇)

၁. အာဗြဟံသည် တခါက အီဂျစ်ပြည်၌ မှားယွင်းခဲ့ဘူးသောအမှားကို ထပ်မှားမိသည်။ သူသည် ပါ

လက်စတိုင်းဒေသသို့ ပြောင်းရွှေ့နေထိုင်ရာမှ အဘိမလက်မင်းနှင့်တွေ့၍ အီဂျစ်ပြည်၌ ဖါရောဘုရင်ကို လိမ်ခဲ့သည့်နည်းအတိုင်း လိမ်ညာခဲ့မိပြန်သည်။(၂၀း၁–၂)
၂. ဘုရားရှင်သည် စာရာကို အထိအခိုက်မရှိစေရန် အဘိမလက်မင်းအား အိပ်မက်အားဖြင့် သတိပေးခဲ့သည်။(၂၀း၃)
၃. အဘိမလက်မင်းကလည်း အာဗြာဟံ၏လိမ်လည်မှုကို ဘုရားရှင်အားတင်ပြခဲ့သည်။(၂၀း၄–၅)
၄. အာဗြဟံသည် အဘိမလက်မင်း ကောင်းကြီးခံစားနိုင်ရန် ဘုရားရှင်ထံ ဆုတောင်းပေးခဲ့သည်။(၂၀း၁၇–၁၈)

တ၊ သူ၏ပွဲခံခြင်း (၂၁း၁–၃၄)
၁. ဘုရားရှင်ပေးခဲ့သည့် ကတိအတိုင်း စာရာသည် ဣဇက်အမည်ရှိသော၊ သားယောကျ်ားကို ဖွါးမြင်ခဲ့သည်။ ဣဇက်ဟူသောအဓိပ္ပါယ်မှာ " ရယ်မောခြင်း " ဖြစ်သည်။(၂၁း၁–၇)
၂. ဣဇက် နို့ကွာသောနေ့၌ အာဗြဟံသည် ကြီးစွါသောပွဲ ကျင်းပလေသည်။(၂၁း၈)
၃. ထိုအချိန်၌ အသက် ၁၄ နှစ်ခန့်ရှိပြီဖြစ်သော ပထမသားဣရှမေလသည် ထိုပွဲ၌ ဣဇက်ကို ဆဲရေးတိုင်းထွာသဖြင့် မိခင်နှင့်အတူ အိမ်မှနှင်ချခြင်း ခံရလေသည်။(၂၁း၉)
၄. ဦးတည်ရာမဲ့ အိမ်မှထွက်ခွါလာခဲ့ရသော ဟာဂရနှင့် သားဣရှမေလတို့ ဗေရရှေဘအရပ်၌ တဝဲလည်လည်ဖြစ်နေစဉ် ဘုရားရှင်သည် သူတို့သားအမိကို စောင့်ရှောက်၍ ကောင်းကြီးပေးလေသည်။ ဣရှမေလ အရွယ်ရောက်လျှင် အီဂျစ်သူတဦးနှင့် လက်ထပ်လေသည်။(၂၁း၁၄–၂၁)
၅. အာဗြဟံသည် နာမည်ကြီး၍ သတင်းကြော်ကြားသဖြင့် အဘိမလက်မင်းသည်ပင်လျှင် လာရောက်၍ မိတ်ဆွေဖွဲ့ရလေသည်။(၂၁း၂၂–၃၂)

ထ၊ သူ၏ကားတိုင်(ဒုက္ခစရိယာ) (၂၂း၁–၂၄)
၁. ဘုရားရှင်သည် အာဗြဟံအား စုံစမ်းလို၍ – သင်သည် အလွန်ချစ်အပ်သော တယောက်တည်းသောသား ဣဇက်ကိုယူ၍ မေရိပြည်သို့သွားလော့။ ငါပြလတ္တံ့သောတောင်ပေါ်မှာ သူ့ကို မီးရှို့ရာယဇ်ပြု၍ ပူဇော်လော့ ဟု မိန့်တော်မူသည်။(၂၂း၂)
၂. အာဗြဟံသည် ဘုရားရှင်၏စကားကိုနားထောင်၍ သားအား ယဇ်ပူဇော်ရန်အသွား ၃ ရက်အကြာ၌ သားဣဇက်က – မီးပါ၏၊ ထင်းလဲပါ၏၊ မီးရှို့စရာယဇ် သိုးသငယ်သည် အဘယ်မှာရှိသနည်း – ဟု အဘအာဗြဟံအား မေးသည်။(၂၂း၇)
၃. အာဗြဟံသည် ဝမ်းနည်းကြေကွဲစွါဖြင့် သားဣဇက်အား ဤသို့ပြောခဲ့သည်။ – ငါ့သား ယဇ်ပူဇော်ဘို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ ပြင်ဆင်တော်မူလိမ့်မည် – (၂၂း၈)
၄. အာဗြဟံသည် မိမိသားကိုယဇ်ပူဇော်ရန် သတ်မည်အပြုတွင်ဘုရားရှင်သည်ဆီးတား၍ အနီးနားရှိ ခြုံတွင်ငြိနေသော သိုးသငယ်ကိုသာ ယဇ်ပူဇော်ရန် ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။(၂၂း၉–၁၃)
၅. အာဗြဟံသည် ထိုအရပ်ဒေသကို " ယေဟောဝါယိရေ " (ဘုရားရှင်ပြင်ဆင်ပေးလိမ့်မည်) ဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။(၂၂း၁၄)
၆. ဘုရားရှင်၏ ကောင်းကင်တမန်သည် အာဗြဟံ၏ အနာဂါတ်အမျိုးအနွယ်အတွက် ပဋိညာဉ်ကတိစကားကို ထပ်မံပေးခဲ့လေသည်။(၂၂း၁၅–၁၈)

ဒ၊ သူ၏ သင်္ချိုင်းဂူဝယ်ယူမှု (၂၃း၁–၂၀)
၁. စာရာသည် အသက် ၁၂၇ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။(၂၃း၁)
၂. အာဗြဟံသည် ချစ်ဇနီးစာရာ၏အလောင်းကို မြှုပ်နှံရန် ငွေ ၄ ပိသာပေး၍ မပေွလအရပ်၌ သင်္ချိုင်းဂူကို ဝယ်ယူခဲ့သည်။(၂၃း၁၆–၁၇)

ဓ၊ သူ၏ တာဝန်ပေးချက် (၂၄း၁–၆၇)
၁. အာဗြဟံသည် သူ၏လူယုံ(ဧလျာဇာ)ကို ဟာရန်သမြို့သို့စေလွှတ်၍ မိမိသားဣဇက်အတွက် ဇနီးမယားရှာဖွေရန် တာဝန်ပေးအပ်ခဲ့သည်။(၂၄း၂–၉)
၂. လူယုံသည် အာဗြဟံစေလွှတ်ရာ ဟာရန်မြို့ပြင်သို့ရောက်သောအခါ သူဆောင်ရွက်ရမည့်လုပ်ငန်းအတွက် ဘုရားရှင်ထံဆုတောင်း၍ အကူညီတောင်းခံခဲ့သည်။(၂၄း၁၂–၁၄)
– ထိုသို့လျှောက်ဆို၍မပြီးမှီ အာဗြဟံအကို နာခေါ်မယား မိလခါသား ဗေသွေလ၏သမီး ရေဗက္ကသည် ရေဘူးကိုထမ်းလျက် ထွက်လာသည်ကို မြင်၏ – (၂၄း၁၅)
၃. ရေဗက္ကသည် ဣဇက်၏ဇနီးမယားဖြစ်ရန်အတွက် အာဗြဟံ၏လူယုံနှင့်အတူ လိုက်ပါသွားရန် သဘောတူညီခဲ့သည်။(၂၄း၅၈)
၄. ဣဇက်သည် မိမိဇနီးလောင်းရေဗက္ကကို ဟေဗြုန်မြို့အနီးလွင်ပြင်မှ ကြိုဆိုခဲ့ပြီး မကြာမီ အကြင်လင်မယားအဖြစ်သို့ ရောက်ကြ၏။ သမ္မာကျမ်းစာပါ ဤအဖြစ်ပျက်သည် ဥပမာကောင်းတခု ဖြစ်ခဲ့သည်။(၂၄း၆၁–၆၇)

က– အာဗြဟံသည် ကောင်းကင်ဘုံရှိ အဖဘုရားရှင်နှင့် အလားသဏ္ဌာန်တူသည်။(မ ၂၂း၂)

ခ– ဣဇက်သည် သားတော်ယေရှုခရစ်နှင့် အလားသဏ္ဌာန်တူသည်။(၂၄း၆၇၊ ဧ ၅း၂၅)

ဂ– လူယုံ ဧလျာဇာသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် အလားသဏ္ဌာန်တူသည်။ (၂၄း၄၊ တ ၂း၁–၄၊ ဧ ၁း၁၀–၁၄)

ဃ– ရေဗက္ကသည် အသင်းတော်နှင့် အလားသဏ္ဌာန်တူ၏။

နှ၊ သူ၏ဇနီးသစ် ကေတုရ (၂၅း၁–၆)

၁. အာဗြဟံသည် ကေတုရအမည်ရှိ အမျိုးသမီးတဦးနှင့်စုံဖက်၍ သား ၆ ယောက် ထပ်မံရရှိခဲ့သည်။ (၂၅း၁)

၂. ထိုသားများ၏ စတုတ္ထမြောက်သားမှ မိဒျန်လူမျိုး ဖြစ်လာခဲ့သည်။

ပ၊ သူ၏ရွှေမြို့တော် (၂၅း၇–၁၀၊ ဟေဗြဲ ၁၁း၈–၁၀)

အာဗြဟံသည် အသက် ၁၇၅ နှစ်တွင် ကွယ်လွန်ခဲ့ရာ သူ၏ရုပ်ကလပ်ကို မပွေလအရပ်ရှိ စာရာ၏ သင်္ချိုင်းဂူအနီးတွင် မြှုပ်နှံခဲ့သည်။

– *အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင် ခေါ်တော်မူသောအခါ သူသည် အဘယ်အရပ်သို့သွားရမည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏။ သူတပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့ ဂတိတော်နှင့်စပ်ဆိုင်သော ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍နေ၏။ ထိုကတိတော်ကို အမွေခံရသော အဖော်အဖက်တည်းဟူသော ဣဇက်၊ ယာကုပ်တို့နှင့်အတူ တဲ၌နေလေ၏။ အကြောင်းမူကား ဘုရားသခင် တည်ထောင် ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့ကို မျှော်လင့်သတည်း – (ဟေ ၁၁း၈–၁၀)*

## ၂။ ဣဇက် ( ၂၅ – ၂၇ )

ဣဇက်သည် ကောင်းသောဖခင် အာဗြဟံ၏သားဖြစ်သလို၊ ကောင်းသောသား ယာကုပ်၏ဖခင်လည်း ဖြစ်သည်။ သူ့ဘဝ၌ အောက်ပါနေရာ ၅ ခုတွင် အရေးကြီးအဖြစ်ပျက်များ ဖြစ်ခဲ့ရသည်။

က၊ ယေရုရှလင်မြို့အနီးရှိ တောင်ပေါ်၌ (၂၂း၁–၁၄) အပူဇော်ခံသား ဖြစ်ခဲ့ရသည်။

ခ၊ ဟေဗြုန်မြို့အနီးလွင်ပြင်၌ (၂၄း၆၁–၆၇၊ ၂၅း၉–၁၁၊ ၁၉–၂၆) မင်္ဂလာရှိသူ သတို့သားဖြစ်ခဲ့ရသည်။

၁. ရေဗက္ကကို ပထမအကြိမ် တွေ့ခဲ့ရသည်။(၂၄း၆၁–၆၇)

၂. အသက် ၁၃၇ နှစ်အရွယ်ရှိ ဣရှမေလ ကွယ်လွန်ခဲ့သည်။(၂၅း၁၇)

၃. မိမိဇနီး ရေဗက္က သားဖွါးရန် ဆုတောင်းခဲ့သည်။(၂၅း၂၁)

၄. ရေဗက္ကသည် ဧသောနှင့်ယာကုပ်အမည်ရှိ သားနှစ်ဦးကို ဖွါးမြင်ခဲ့သည်။

ဂ၊ ဖိလိတ္တိဒေသ၌ (၂၆း၁–၁၄) ဖခင်ခြေရာနင်းသူ ဖြစ်ခဲ့ရသည်။

၁. ဣဇက်သည် အတိတ်ကာလက မိမိဖခင်အာဗြဟံ မှားခဲ့ဘူးသောအမှားမျိုးကို ကျူးလွန်မိခဲ့သည်။ မိမိပြည်တွင် အစားခေါင်းပါးခြင်းဖြစ်သောကြောင့် ဣဇက်သည် ဖိလိတ္တိပြည်သို့ နေရာပြောင်းရာတွင် မိမိဇနီးရေဗက္ကသည် မိမိနှမဖြစ်သည်ဟု သူတပါးကို လိမ်ညာခဲ့သည်။(၂၆း၆–၇)

၂. ဖိလိတ္တိမင်း အဘိမလက်သည် မကြာမီ ထိုလိမ်လည်မှုကို သိရှိသွားခဲ့သည်။(၂၆း၈–၁၁)

၃. ကာယပိုင်းဆိုင်ရာမှားယွင်းမှု ရှိသော်လည်း ဘုရားရှင်သည် ဣဇက်အား အဘအာဗြဟံနှင့်ထားခဲ့သည့် ပဋိညာဉ်အတိုင်း ဆက်လက်ကောင်းကြီးပေး ချီးမြှင့်ခဲ့သည်။(၂၆း၁၂–၂၄)

ဃ၊ ရေတွင်းများအနီးတဝိုက်၌ (၂၆း၁၅–၃၄) ကြိုးစားသောအလုပ်သမား ဖြစ်ခဲ့သည်။

၁. ဖိလိတ္တိလူတို့သည် ဣဇက်၏ ကြီးပွါးတိုးတက်မှုများကို နာမလိုဖြစ်ကြသဖြင့် ဣဇက်၏ရေတွင်းများကို မြေဖို့၍ပိတ်ပစ်ကြ၏။ ဤရေတွင်းများသည် ဣဇက်၏အဘ အာဗြဟံတူးခဲ့သော ရေတွင်းများဖြစ်သည်။ ဣဇက်သည် အဖျက်ခံရသောရေတွင်းများကို ပင်ပန်းကြီးစွါ ပြန်တူးရလေသည်။ (၂၆း၁၅–၂၁)

၂. ဘုရားရှင်သည် ဣဇက်ကို ရေတွင်းများပြန်ပေးသည်။(၂၆း၂၂)

၃. ဣဇက်နှင့်ရေဗက္ကတို့သည် အသက် ၄၀ အရွယ်ရှိ သားကြီးဧသော၏ အိမ်ထောင်ပြုမှုနှင့်ပတ်သက်၍ စိတ်မချမ်းမသာ ဖြစ်ရကြ၏။ အကြောင်းမှာ ဧသောသည် မယုံကြည်သူအမျိုးသမီးနှင့် လက်ထပ်သောကြောင့် ဖြစ်သည်။(၂၆း၃၄–၃၅)

င၊ မိမိအိမ်တွင်းစားသောက်ပွဲ၌ (၂၇း၁–၄၆) အကြံပျက်ရသောဖခင် ဖြစ်ခဲ့ရသည်။

၁. ဣဇက်သည် သားကြီးဧသောအား အမဲလိုက်၍ရသောအမဲသားဖြင့် မိမိကိုချက်ကျွေးပါ၊ ထို့နောက် မိမိက မသေမီ နောက်ဆုံး ကောင်းကြီးမင်္ဂလာပေးမည်ဟု စေခိုင်းခဲ့သည်။(၂၇း၁–၄)

၂. ထိုမှာကြားချက်ကို ဇနီးရေဗက္ကကြားလျှင် သားငယ်ယာကုပ်အား ထိုကောင်းကြီးမင်္ဂလာကို ဖခင်ထံ

မှလိမ်ညာ၍ ကြားဖြတ်ယူရန် မှာကြားခဲ့သည်။(၂၇း၅-၁၇)

၃. ထိုအစီစဉ်အောင်မြင်၍ ယာကုပ် ကောင်းကြီးမင်္ဂလာရခဲ့သည်။(၂၇း၁၈-၃၀)

၄. ဧသောသည် အဖြစ်အလုံးစုံကို သိရသောအခါ မိမိအဘသေလွန်သည့်နောက် ညီယာကုပ်ကိုသတ်ပြစ်ရန် စီစဉ်ခဲ့သည်။(၂၇း၃၀-၄၁)

၅. ထိုအကြောင်းကို ရေဗက္က ကြိုတင်ကြားသိသဖြင့် သားငယ်ယာကုပ်အား မိမိဇာတိမြေ ဟာရန်ပြည် (ဆီးရီးယား) သို့ အိမ်ထောင်ဖက်ရှာရန် အကြောင်းပြချက်ဖြင့် ရှောင်တိမ်းစေသည်။ (၂၇း၄၂-၄၆၊ ၂၈း၁-၅)

## ၃။ ယာကုပ် ( ကမ္ဘာ ၂၅၊ ၂၇-၃၆၊ ၃၈ )

က၊ အကွက်ဆင်သောညီ (၂၅း၂၇-၃၄) ယာကုပ်သည် အစာဆာနေသော သူ့အကိုကို အစာကျွေး၍ သားဦးအရာကို အကွက်ဆင်၍ ရယူခဲ့သည်။

ခ၊ ပရိယယ်ဆင်သော သား (၂၇း၁-၄၆)၊ ဖခင်ဣဇက်သည် ပရိယာယ်အဆင်ခံရ၍ သားကြီးဧသောအား ပေးမည့် ကောင်းကြီးမင်္ဂလာကို ယာကုပ်အားပေးခဲ့ရသည်။

ဂ၊ အိပ်မက်အားဖြင့် ဘုရားဖူးသူ (၂၈း၁-၂၂)

၁. ယာကုပ်သည် အကိုအန္တရာယ်ပြုမည်ကို စိုးရိမ်သဖြင့် မိမိနေရာ ဗေရရှေဘအရပ်မှ ဟာရန်ပြည်သို့ ခရီးထွက်ခဲ့ရာ မိုင် ၄၀ ခန့်အရောက်တွင် ခရီးတထောက်နားခဲ့သည်။

၂. ထိုအရပ်၌အိပ်ပျော်၍ အိပ်မက် မက်ရာတွင် ကောင်းကင်မှမြေကြီးသို့ ကောင်းကင်တမန်များ လှေခါးထောင်ကာ တက်ဆင်းနေသည်ကို မြင်မက်မိသည်။(၂၈း၁၃-၁၅)

၃. ယာကုပ်သည် အိပ်ပျော်ရာမှနိုးလျှင် ထိုအရပ်၌ ပဋိညာဉ်မှတ်တိုင်ကို အမှတ်တရ စိုက်ထူခဲ့သည်။ (၂၈း၁၈-၂၂)

ဃ၊ ချစ်သူကိုရအောင်ကြိုးစားသူ (၂၉း၁-၂၀)

၁. ယာကုပ်သည် ဟာရန်ဒေသသို့ရောက်၍ ရာခေလနှင့်၄င်း၊ ဆွေမျိုးညာတိများနှင့်၄င်း တွေ့ဆုံခဲ့ရသည်။(၂၉း၁-၁၄)

၂. ယာကုပ်သည် ရာခေလကို လက်ထပ်ခွင့်ရရန် ဦးလေးဖြစ်သူ လာဗန်ထံ၌ ၇ နှစ်အစေခံရလေသည်။ (၂၉း၁၅-၂၀)

င၊ အကြံပျက်ရသောသူ (၂၉း၂၁၊ ၃၀း၂၄)

၁. ယာကုပ်သည် မိမိ၏ မင်္ဂလာဦးည၌ လာဗန်၏လုပ်ရပ်ကြောင့် ရာခေလ၏အမ လေအာကို ရခဲ့လေသည်။(၂၉း၂၁-၂၆)

၂. ယာကုပ်သည် ၇ နှစ်အစေခံခဲ့သော်လည်း ရာခေလကိုမရခဲ့ပေ။ နောက်ထပ် ၇ နှစ် အစေခံမှသာ ရာခေလကိုရခဲ့သည်။(၂၉း၂၇-၂၉)

၃. ယာကုပ်သည် လေအာနှင့်ရာခေလအပြင် ၄င်းတို့၏အစေခံ ၂ ဦးဖြစ်သူ ဗိလဟာနှင့်ဇိလပ ကိုပါရရှိခဲ့ရာ စုစုပေါင်းမယား ၄ ယောက်ရှိလေပြီ။ ထိုမယား ၄ ယောက်မှဖွါးမြင်သော ယာကုပ်၏သားသမီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

က- လေအာမှ

၁. ရုဗင် ပထမသား (၂၉း၃၂)
၂. ရှိမောင် ဒုတိယသား (၂၉း၃၃)
၃. လေဝိ တတိယသား (၂၉း၃၄)
၄. ယုဒ စတုတ္ထသား (၂၉း၃၅)
၅. ဣသခါ နဝမသား (၃၀း၁၈)
၆. ဇာဗုလုန် ဒသမသား (၃၀း၂၀)

(လေအာမှ ဒိနအမည်ရှိ သမီးတဦးကိုလည်း ဖွါးမြင်ခဲ့သည်)

ခ- ဗိလဟာ (ရာခေလ၏ကျွန်မ) မှ

၁. ဒန် ပဥ္စမသား (၃၀း၆၀)
၂. နဿလိ ဆဋ္ဌမသား (၃၀း၈)

ဂ- ဇိလပ (လေအာ၏ကျွန်မ) မှ

၁. ဂဒ် သတ္တမသား (၃၀း၁၁)
၂. အာရှာ အဋ္ဌမသား (၃၀း၁၃)

ဃ- ရာခေလမှ

၁. ယောသပ် ဧကေဒသမသား (၃၀း၂၄)
၂. ဗယ်ာမိန် ဒွါဒသမသား (၃၅း၁၈)

စ၊ အစေခံကျွန် အကျဉ်းသားနှင့် ဆင်တူရသူ (၃း၂၅ – ၃၁း၅၅)

၁. ယာကုပ်သည် မိမိယောက္ခမဒေသ၌ အနေကြာလာခဲ့ရာမှ မိဘရပ်ထံပြန်လို၍ လာဗန်ထံအခွင့်တောင်းရာ ပြန်ခွင့်မရဘဲ အတန်ကြာအောင် ထပ်မံနေရပြန်၏။(၃၀း၂၅–၂၈)

၂. ထပ်မံ၍ ၆ နှစ်ခန့်နေပြန်ရာမှ ယာကုပ်သည် ကြွယ်ဝချမ်းသာသူ ဖြစ်လာခဲ့သည်။ ထိုအချိန်၌ ဘုရားရှင်သည် ယာကုပ်အား နေရင်းပြည် ခါနန်သို့ပြန်ရန် အမိန့်ပေးခဲ့သည်။(၃၀း၄၃၊ ၃၁း၃)

၃. ယာကုပ်သည် လာဗန်အား အသိမပေးတော့ဘဲ မိမိမိသားစုနှင့် ပိုင်ဆိုင်ရာပစ္စည်းများကိုယူဆောင်ကာ ခါနန်ပြည်သို့ ပြန်ခဲ့လေသည်။(၃၁း၁၇–၂၁)

၄. သုံးရက်ခန့်အကြာတွင် ယာကုပ်ထွက်ပြေးကြောင်း လာဗန်သိသွား၍ လိုက်လေရာ သီတင်းတပါတ်အကြာတွင် ဂိလဒ်တောင်အနီး၌ ယာကုပ်အားလိုက်၍ မှီလေသည်။(၃၁း၂၂–၂၅)

၅. လာဗန်သည် မိမိကိုအသိမပေးဘဲ ယာကုပ်ပြန်ခဲ့ခြင်းကို မနှစ်မြို့သည့်အပြင် အထူးသဖြင့် မိမိ၏တေရရုပ်ထု ပျောက်ဆုံးသွားရမှုကို မကျေမနပ်ဖြစ်နေသည်။(၃၁း၂၆–၃၀)

၆. ယာကုပ်နှင့်လာဗန်တို့ ဆုံမိကြချိန်၌ ယာကုပ်က ထိုတေရရုပ်ထုကို မိမိမခိုးခဲ့ရကြောင်း ငြင်းဆိုခဲ့သည်။ (အမှန်မှာ ထိုရုပ်တုကို ရာခေလခိုးယူခဲ့ခြင်း ဖြစ်သည်) (၃၁း၃၆–၄၂)

၇. နောက်ဆုံး ပြေလည်မှုရရှိသွားပြီးနောက် လာဗန်၏တောင်းဆိုချက်ဖြင့် ယာကုပ်နှင့်လာဗန်တို့သည် ကျောက်တုံးများကိုစုပုံကာ ငြိမ်းချမ်းရေးကျောက်တိုင် ထူခဲ့ကြသည်။ ထိုကျောက်ပုံကို မိဇပါ (ကင်းမျှော်စင်) ဟုခေါ်ဆိုကြသည်။ လာဗန်က – *ငါတို့သည် တယောက်နှင့်တယောက် ခွါသွားကြသောနောက် ထာဝရဘုရားသည် ငါနှင့်သင်၏စပ်ကြားမှာ စောင့်တော်မူစေသတည်း* – ဟု ပြောဆို၏။ (၃၁း၄၄–၄၉)

ဆ၊ ဖွဲကောင်းသောနပမ်းသမား (၃၂း၁ – ၃၃း၂၀)

၁. ကောင်းကင်တမန်များသည် ယာကုပ်၏အပြန်လမ်းခရီးကို စောင့်ရှောက်ကြသည်။(၃၂း၁–၂)

၂. ထိုအချိန်၌ ဧသောသည် လူ ၄၀၀ ခန့်နှင့်အတူ ယာကုပ်ထံသို့ ချီတက်လာပြီ ဟူသောသတင်းကို ယာကုပ်ကြားရသည်။(၃၂း၆)

၃. ယာကုပ်သည် အလွန်ကြောက်ရွံ့၍ ဧသောတိုက်ခိုက်မှုအန္တရာယ်မှ နဲနိုင်သမျှနဲစေရန် မိမိဇနီးသားသမီးများနှင့် အစေခံများကို အဖွဲ့လိုက်ခွဲ၍ နေရာချခဲ့သည်။ တဆက်တည်းမှာပင် အကိုဧသောစိတ်ပြေစေရန် နွား၊ သိုး အစရှိသော တိရစ္ဆာန်အကောင် ၅၅၀ ကို လက်ဆောင်အဖြစ်ပေးရန်စီစဉ်ခဲ့သည်။ ထိုညဉ့်၌ပင် ယာကုပ်အား ကြံ့ခိုင်သတ္တိရှိရန်သင်ပေးသော ဘုရားရှင်နှင့် တညလုံး နပမ်းသတ်ရသည်။(၃၂း၇–၃၂)

၄. မကြာမီ ယာကုပ်သည် ဧသောနှင့်တွေ့ဆုံကြရာ ဧသောသည် သူ့အား ချစ်ခင်မြတ်နိုးစွာဖြင့် ပွေ့ဖက်နမ်းရှုံ့ကာ နှစ်ဦးစလုံး ငိုကြွေးကြလေသည်။(၃၃း၁–၄)

၅. ယာကုပ်သည် ခါနန်ပြည်သို့ဝင်ရောက်၍ ရှေခင်မြို့တွင်နေရာချကာ ထာဝရဘုရားဖို့ ယဇ်ပလင်ကိုတည်လုပ်လေသည်။(၃၃း၁၈–၂၀)

ဇ၊ ဒေါသထွက်ရသောဖခင် (၃၄း၁၊ ၃၈း၁–၃၀)

၁. လေဝိနှင့်ရှိမုန်တို့၏ လူသတ်မှု (၃၄း၁–၃၁)

က– ယာကုပ်၏သမီး ဒိနသည် ရှေခင်မြို့သို့သွားလည်ရာ ရှေခင်ဘုရင် ဟာမော်၏သားသည် ဒိနကို အဓမ္မ သားမယားပြုကျင့်လေသည်။(၃၄း၁–၂)

ခ– ရှေခင်မင်းသားသည် ဒိနကိုအစွဲကြီးစွဲသဖြင့် ရှေခင်မင်းကြီးသည် မိမိသားတော်နှင့် ဒိနအားပေးစားပါ၊ တောင်းသမျှအတိုင်း လိုက်လျောပါမည်ဟု ယာကုပ်ထံ တောင်းဆိုလေသည်။ (၃၄း၃–၁၂)

ဂ– ဒိန၏ မောင်နှင့်အကိုတို့သည် အလွန်အမျက်ထွက်၍ ပရိယာယ်ဆင်ကာ ရှေခင်မင်းမှအစ တမြို့သားလုံးကို အရေဖျားလှီးခြင်းခံစေ၏။(၃၄း၁၃–၂၄)

ဃ– သုံးရက်ခန့်အကြာ ရှေခင်မြို့သားတို့ အရေဖျားလှီးဒါဏ်ရာကြောင့် နာနေချိန် ယာကုပ်၏သား လေဝိနှင့်ရှိမောင်တို့သည် ထိုရှေခင်မြို့ကိုတိုက်ခိုက်၍ မြို့သားအများပြားကို သတ်ပစ်သည်။(၃၄း၁၃–၂၉)

င– ယာကုပ်သည် ထိုကိစ္စကြောင့် စိတ်မသက်မသာဖြစ်ရ၍ မိမိသားနှစ်ဦးကို ပြင်းထန်စွါ အပြစ်တင်လေသည်။(၃၄း၃၀)

၂. ယုဒ၏ ကာမကျူးလွန်မှု (၃၈း၁–၃၀)၊ ဤအမှုများ၌ ယာကုပ် မည်သို့ခံစားခဲ့ရသည်ကို မဖေါ်ပြထားသော်လည်း ယာကုပ် စိတ်ဆင်းရဲရမည်မှာ သံသယဖြစ်ဖွယ်မရှိချေ။

က– ယာကုပ်၏ စတုတ္ထသားဖြစ်သူ ယုဒသည် ခါနန်သူတဦးနှင့် လက်ထပ်ခဲ့ရာ ဧရ၊ ဩနန်နှင့် ရှေလ အမည်ရှိသော သားသုံးယောက်ကို ဖွားမြင်ခဲ့သည်။(၃၈း၁–၅)
ခ– ထိုသားသုံးယောက်မှ ပထမသား ဧရသည် တာမာအမည်ရှိ အမျိုးသမီးနှင့် လက်ထပ်ခဲ့သော်လည်း အပြစ်ရှိသောကြောင့် လက်ထပ်ပြီးမကြာမီမှာပင် ဘုရားရှင် ကွပ်မျက်ခဲ့သည်။ ယုဒသည် ချွေးမတာမာကို မိမိ၏ဒုတိယသားဖြစ်သူ ဩနန်နှင့် လက်ဆက်စေခဲ့ရာ မကြာမီမှာပင် ထိုဩနန်လည်း အပြစ်ကြောင့် သေခဲ့ရပြန်သည်။(၃၈း၆–၁၀)
ဂ– ယုဒသည် ထိုနှစ်ခုလပ်ဖြစ်ခဲ့ရသူ ချွေးမတာမာအား မိမိ၏တတိယသား ရှေလ အသက်ပြည့်လျှင်ပေးစားမည်၊ ခဏစောင့်ပါဟုမှာ၍ ၎င်း၏မိဘများထံ ခတ္တပြန်နေရန် စေလွှတ်လိုက်လေသည်။(၃၈း၁၁–၁၂)
ဃ– ကာလအတန်ကြာသောအခါ တာမာသည် ပြည့်တန်ဆာအဝတ်ကိုခြုံ၍ တံခါးဝ၌ ထိုင်လေရာ ယုဒသည် မိမိချွေးမမှန်းမသိသဖြင့် ဝင်၍ ကာမဆက်ဆံလေသည်။ ၎င်းနောက် အခ အစားမိမိတောင်ဝှေး၊ တံဆိပ်၊ စလွယ်တို့ကို ခတ္တအပေါင်ထားခဲ့သည်။(၃၈း၆–၁၀)
င– ထို့နောက် ၃ လခန့်အကြာတွင် ယုဒသည် မိမိချွေးမတာမာ ပြည့်တန်ဆာလုပ်၍ ကိုယ်ဝန်ရှိနေကြောင်းသတင်းကြား၍ အမျက်ထွက်သဖြင့် ထိုချွေးမတာမာအား သေဒါဏ်ပေးရန် အမိန့်ထုတ်ခဲ့သည်။ သို့သော် တာမာထုတ်ပြသော စလွယ်၊ တောင်ဝှေး၊ တံဆိပ်တို့သည် မိမိပစ္စည်းဖြစ်မှန်းသိရ၍ ယုဒသည် ထိုသေဒါဏ်ကို ရုပ်သိမ်းခဲ့ရလေသည်။(၃၈း၂၄–၂၆)
စ– တာမာသည် မိမိယောက္ခမ ယုဒဖြင့်ရခဲ့သော အမွှာယောကျ်ားလေးကိုယ်ဝန်ကို ဖွားမြင်ရာ ဖါရက်နှင့်ဇာရဟု အမည်ပေးခဲ့သည်။(၃၈း၂၇–၃၀) ထိုသား ဖါရက် မျိုးနွယ်ဆက်မှတဆင့် ခရစ်တော်ယေရှုကို ဖွါးမြင်ခဲ့သည်။(မ ၁း၁၃၊ လု ၃း၃၃)

ဈ၊ နာခံတတ်သောအဖိုးအို (၃၅း၁–၇)
၁. ဘုရားရှင်သည် ယာကုပ်အား ဧသောလက်မှထွက်ပြေးစဉ် အိပ်မက်ပေးခဲ့သောနေရာ၌ ယဇ်ပလင်တည်ရန် စေခိုင်းခဲ့သည်။(၃၅း၁၊ ၃၁း၁၁–၁၃)
၂. ယာကုပ်သည် မိမိကျွန်တို့အား ၎င်းတို့တွင်ပါလာသော ရုပ်ထု၊ ဆင်းထု၊ နားကပ်များကို စွန့်ပစ်ရန် စေခိုင်းခဲ့၍ ၎င်းတို့စွန့်ပစ်သောပစ္စည်းများကို မြေမြှုပ်ပစ်ခဲ့သည်။ ထိုသို့ပြုလုပ်ပြီးမှ ယဇ်ပလ္လင်တည်မည့်ခရီးကို ယာကုပ်စတင်ခဲ့သည်။(၃၅း၂–၄)
၃. ယာကုပ်သည် ထိုဗေသလအရပ်၌ ယဇ်ပလင်ကိုတည်၍ ဗေသလယဇ်ပလင်ဟု အမည်ပေးခဲ့သည်။(၃၅း၇)

ည၊ ဝမ်းနည်းကြေကွဲရသော သန့်ရှင်းသူ (၃၅း၈–၂၉)
၁. ယာကုပ်သည် မိမိချစ်ခင်ရသူများ သေဆုံးကုန်ကြခြင်းအမှုနှင့် ကြုံတွေ့ခဲ့ရသည်။
က– မိမိကိုထိန်းခဲ့သော အထိန်းတော်ကြီးဒေဗောရ သေခဲ့သည်။(၃၅း၈)
ခ– မိမိ၏အချစ်ဆုံး ဇနီးသည်ရာခေလ သားငယ်လေးဗယ်ာမိန်(ငါ့လက်ျာသား)ကိုမွေးဖွါးစဉ် သေဆုံးခဲ့သည်။(၃၅း၁၆–၂၀)
ဂ– မိမိ၏ဖခင်ဣဇက်သည် အသက်၁၈၀ အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ယာကုပ်နှင့် အကိုဧသောတို့သည် မိမိတို့ဖခင်ကို ဟေဗြုန်မြို့အနီး မံဇပါအရပ်ရှိ အာဗြဟံ၏သင်္ချိုင်းအနီးတွင် ဂူသွင်း သင်္ဂြိုလ်ခဲ့ကြသည်။(၃၅း၂၇–၂၉)

## ၄။ ယောသပ် ( ကမ္ဘာ ၃၇၊ ၃၉ – ၅၀ )

က၊ အရေးပေးခံရဆုံးသား ( ၃၇ )
၁. ယောသပ်နှင့်အိပ်မက်
က– ရှေ့ဆက်မည့် ကမ္ဘာဦးကျမ်းပါ ကျမ်းပိုဒ်များ၌ ယောသပ်၏ဘဝဖြစ်စဉ်များကို ကျနုပ်တို့တွေ့ကြရမည်ဖြစ်၏။ ယောသပ်သည် ယာကုပ်၏အချစ်ဆုံးသောဇနီး ရာခေလထံမှ မွေးဖွါးသော ပထမသားဖြစ်သည်။(၃၀း၂၃–၂၄)
ခ– ယောသပ်သည် မိမိအကို ၁၀ ယောက်၏ မလိုမုန်းတီးမှုကို အောက်ပါအကြောင်း ၃ ရပ်ကြောင့် ခံခဲ့ရသည်။
(၁) အကိုတို့၏အပြစ်များကို ဖခင်အားတိုင်တန်းခြင်းကြောင့် (၃၇း၂)
(၂) ဖခင်၏ အရေးပေးလွန်းမှုကြောင့် (၃၇း၃)၊ (ဖခင်ယာကုပ်က သူ့အား မြှောက်စားခြင်း၊ လုပ၍ ထူးဆန်းသောအဝတ်များကို ဝယ်ပေးခြင်းများ ပြုလုပ်တတ်သည်)
(၃) သူ၏အိပ်မက်ကြောင့်

(က) သူ၏ပထမအိပ်မက်၌ သူနှင့်သူ့အကိုများ ကောက်လိုင်းစည်းနေကြစဉ်တွင် သူ့အကိုတို့၏ကောက်လိုင်းများက သူ့ကောက်လိုင်းကို ရှိခိုးကြသည်ဟု (၃၇း၇)

(ခ) ဒုတိယအိပ်မက်၌ နေ၊ လနှင့် ကြယ် ၁၁ လုံးသည် သူ့ကိုရှိခိုးကြသည်ဟု (၃၇း၉)

(ဂ) ယောသပ်သည် ဖခင်၏တာဝန်ပေးချက်အရ သိုး၊ ဆိတ်များ ထိန်းကျောင်းနေသော မိမိအကိုများ ဘာလုပ်နေသည်ကိုလေ့လာရန် ဟေဗြုန်မြို့မှ ရှေခင်မြို့သို့သွားသည်။(၃၇း၁၂–၁၄)

၂. အကိုများ၏ အကောက်ကြံခံရခြင်း

က– ယောသပ်ကိုတွေ့သောအခါ သူ့အကိုများသည် သူ့အားသတ်ပစ်ရန် ကြံစည်ကြသည်။ (၃၇း၁၈)

ခ– အကိုကြီးဖြစ်သူ ရုဗင်က ယောသပ်အားမသတ်ဘဲ တွင်းတခုထဲသို့ချပစ်ရန် စီစဉ်ခဲ့သည်။ (၃၇း၂၄)

ဂ– အကိုတို့သည် ယောသပ်၏အင်္ကျီကိုချွတ်ပစ်၍ တွင်းတခုထဲသို့ ချကြ၏။(၃၇း၂၄)

ဃ– ထိုအချိန်၌ ဣရှမေလနှင့် မိဒျန်လူမျိုးကုန်သည်တို့ အဲဂုတ္တုပြည်သို့ ခရီးသွားနေကြသည်ကို မြင်သဖြင့် အကိုဖြစ်သူတို့သည် မူလအစီစဉ်ကိုပြောင်းကာ ယောသပ်ကို ထိုကုန်သည်များထံသို့ ကျွန်အဖြစ် ရောင်းချလိုက်ကြသည်။(၃၇း၂၅–၂၇)

င– ယောသပ်သည် ငွေအသပြာ ၂၀ ဖြင့် ရောင်းစားခံရကာ ကျွန်အဖြစ် အဲဂုတ္တုပြည်သို့ ဆောင်သွားခြင်းခံရသည်။(၃၇း၂၈)

၃. ဖခင်ဖြစ်သူ၏ ကြေကွဲဝမ်းနည်းရမှု

ယောသပ်ကိုရောင်းစားပြီးနောက် အကိုများသည် ယောသပ်၏အင်္ကျီကို ဆုတ်ဖြဲ၍ ဆိတ်သွေးများဖြင့်လူးကာ ဖခင်ထံသို့ပြသပြီး ယောသပ်အား တောသားရဲများ ကိုက်စားလိုက်ပြီဖြစ်ကြောင်း လိမ်ညာကြသည်။(၃၇း၃၁–၃၅)

ခ၊ သစ္စာရှိသောလူယုံတော်

၁. သူ၏အလုပ်

က– ယောသပ်သည် ပေါတိဖါအမည်ရှိ အဲဂုတ္တုဘုရင်ဖါရောအ၏ ကိုယ်ရံတော်မှူးနေအိမ်တွင် အလုပ်လုပ်ရလေ၏။(၃၉း၁)

ခ– ဘုရားရှင်၏စောင့်မမှုကြောင့် မကြာမီတွင် ယောသပ်သည် ထိုအိမ်တော်၏ အိမ်တော်အုပ်ရာထူးကို ရလေသည်။(၃၉း၂–၆)

၂. သူ၏ ထိန်းသိမ်းချုပ်တည်းနိုင်မှု

က– သူ့သခင် ပေါတိဖါ၏ဇနီးသည် ယောသပ်ကို မိမိနှင့်ကာမဆက်ဆံရန် အမြဲတစေသွေးဆောင်လေ့ရှိသည်။ သို့သော် ယောသပ်သည် အမြဲငြင်းဆန်ခဲ့သည်။(၃၉း၇–၁၀)

ခ– သူမသည် မကျေမနပ်ဖြစ်ကာ နောက်ဆုံး ယောသပ်က သူ့အား ဗလက္ကာယပြုပါသည်ဟု တဖက်လှဲ၍ စွပ်စွဲလေတော့သည်။(၃၉း၁၁–၁၈)

၃. သူ၏ဒုက္ခ

ယောသပ် ထောင်သွင်းအကျဉ်းချ ခံရသည်။(၃၉း၉–၂၀)

ဂ၊ မေ့လျော့တတ်သောအစေခံ (၄၀)

၁. ထောင်ထဲ၌ရှိစဉ် ယောသပ်သည် ထောင်ကျအကြီးအကဲရာထူးကို ရရှိလေသည်။(၃၉း၂–၂၃)

၂. ထိုကာလ၌ အဲဂုတ္တုဘုရင် ဖါရောသည် မိမိ၏ စားတော်ကဲနှင့် ဖလားတော်ဝန် (သောက်တော်ကဲ) တို့ကို မိမိအားဆန့်ကျင်မှုဖြင့် ယောသပ်ရှိရာအကျဉ်းထောင်၌ ချုပ်ထားလေသည်။(၄၀း၁–၄)

၃. ထိုစားတော်ကဲနှင့် ဖလားတော်ဝန်သည် အကျဉ်းထောင်အတွင်း၌ရှိစဉ် ခြားနားသောအိပ်မက်ကို အသီးအသီး မြင်မက်ကြလေသည်။ ထိုအိပ်မက်၏အနက်ကို ယောသပ်အား ပြောပြကြရာမှ ယောသပ်သည် အနက်ကိုဖော်ပြခဲ့ရာ ၃ ရက်အကြာ၌ စားတော်ကဲမှာ သေဒါဏ်အပေးခံရမည်ဖြစ်၍၊ ဖလားတော်ဝန်မှာ လွတ်ငြိမ်းချမ်းသာခွင့် ရမည်ဖြစ်ကြောင်းနှင့် ၎င်းလွတ်မြောက်ပါက မိမိကိုမမေ့ရန် မှာကြားခဲ့သည်။(၄၀း၂၀–၂၃)

၄. ယောသပ်ဟောခဲ့သည့်အတိုင်းပင် ၃ ရက်ခန့်အကြာ၌ ဖါရောဘုရင်သည် မိမိမွေးနေ့ပွဲတော်ကို ကျင်းပရာမှ စားတော်ဝန်ကို သေဒါဏ်ပေးခဲ့ပြီး ဖလားတော်ဝန်ကိုမူ အပြစ်ဒါဏ်မှ လွတ်ပစ်ခဲ့သည်။ သို့သော် ဖလားတော်ဝန်သည် ယောသပ်ကို မေ့လျော့နေခဲ့သည်။(၄၀း၂၀–၂၃)

ဃ၊ ကျော်ကြားသောနိုင်ငံအုပ် (၄၁ – ၄၄)

၁. ယောသပ်၏ဗျာဒိတ်

က– ၂ နှစ်ခန့်အကြာတွင် ဖါရောဘုရင်သည် ခြားနားသောအိပ်မက် ၂ ခုကို အောက်ပါအတိုင်း

မြင်မက်လေသည်။

(၁) ပထမအိပ်မက် – ဖါရောဘုရင်သည် နိုင်းမြစ်အနီးတွင်ရပ်နေစဉ် အဆင်းလှ၍ဝသော နွားမ ၇ ကောင်သည် မြစ်အတွင်းမှထွက်လာ၍ မြစ်ကမ်းနားရှိ မြက်ပင်တို့ကို စားလေသည်။ အချိန်တွင်းမှာပင် အဆင်းမလှ ပိန်လှီနေသော နွားမ ၇ ကောင်သည် မြစ်ထဲမှ ထပ်မံထွက်လာပြန်၍ ယခင်ရှိနေသော အဆင်းလှ၍ဝသည့် နွားမ ၇ ကောင်ကို ကိုက်စားလေတော့သည်။(၄၀း၁–၄)

(၂) ဒုတိယအိပ်မက် – အလုံးကြီး၍လှသော စပါး ၇ နှံသည် စပါးပင်တပင်၌ပေါက်လေသည်။ ထိုအချိန်၌ပင် အလုံးသေး၍ ရုပ်ဆိုးသော စပါး ၇ နှံသည်ပေါ်လာ၍ အထက်ပါ အလုံးကြီး၍လှသော စပါး ၇ နှံကို စားပစ်လေသည်။(၄၀း၅–၇)

ခ– ဖါရောမင်းသည် နောက်တနေ့နံနက်တွင် နိုင်ငံတော်အတွင်းရှိ ဗေဒင်အတတ်ပညာရှင်များကို ခေါ်၍ မိမိအိပ်မက်၏ အနက်အဓိပ္ပါယ်ကို ဖေါ်စေသော်လည်း မည်သူမျှ မဖေါ်ပြတတ်ကြချေ။ (၄၁း၈)

ဂ– ထိုအချိန်ခါကျမှ ဖလားတော်ဝန်သည် မိမိထောင်ကျစဉ်အခါက မိမိအိပ်မက်ကို မှန်ကန်စွါ ဖေါ်ပြနိုင်ခဲ့သူ ယောသပ်ကိုသတိရ၍ ဖါရောဘုရင်အား အကြောင်းစုံကို ပြောပြလေသည်။ (၄၁း၁၄–၂၅)

ဃ– ဖါရောဘုရင်သည်လည်း မိမိအိပ်မက်၏အနက်ကို ဖေါ်ပြခိုင်းရန် ယောသပ်ကိုထောင်အတွင်းမှထုတ်စေရာ ယောသပ်သည် မုတ်ဆိတ်ရိတ်ခြင်း၊ အဝတ်လဲခြင်းတို့ကိုပြု၍ ဖါရောဘုရင်ထံသို့ဝင်ရလေသည်။ ယောသပ်သည် ဖါရောဘုရင်၏အိပ်မက်ကို အောက်ပါအတိုင်း အနက်အဓိပ္ပါယ် ဖွင့်ပြခဲ့သည်။(၄၁း၁၄–၂၅)

(၁) အဆင်းလှ၍ဝသော နွားမ ၇ ကောင်နှင့် အလုံးကြီး၍ဝသော စပါးနှံ ၇ နှံမှာ ဤဒေသတခွင်၌ အစာရေစာ ပေါများမည့်နှစ်ပေါင်း ၇ နှစ်ကျရောက်မည်ကို ဆိုလိုသည်။(၄၁း၂၆)

(၂) အဆင်းမလှ၍ ပိန်လှီသောနွားမ ၇ ကောင်နှင့် အဆင်းမလှ၍ အလုံးသေးသောစပါး ၇ နှံတို့မှာ အထက်ပါ အစာရေစာပေါများသော ၇ နှစ်အပြီးတွင် အစာရေစာ ခေါင်းပါးသော ကာလ ၇ နှစ်ကျရောက်မည်ကို ဆိုလိုသည်။(၄၁း၂၇)

င– တဆက်တည်းမှာပင် ယောသပ်က ဖါရောမင်းအား တတ်သိကျွမ်းကျင်သော လူတယောက်ကို ရှာ၍ တာဝန်ပေးပြီး အစာရေစာပေါများသော ပထမ ၇ နှစ်တွင် ပြည်သားများထံမှ အစာ ၅ ပုံတပုံကို ကောက်ယူစုဆောင်းထားရှိပြီး အစာရေစာရှားပါးသော ၇ နှစ်တွင် ထုတ်ပေးစေခြင်းဖြင့် တိုင်းပြည်ပျက်မည့်ဘေးမှ ကာကွယ်စေပါဟုလည်း အကြံပေးလေသည်။ (၄၁း၃၃–၃၆)

၂. ယောသပ် ချီးမြှောက်ခံရခြင်း (၄၁း၃၇–၅၇)

က– ဖါရောမင်းသည် ယောသပ်အား နှစ်သက်တော်မူသဖြင့် မိမိ၏လက်ထောက်ဘုရင်အဖြစ်ချက်ခြင်းခန့်အပ်ကာ အမျိုးသမီးတဦးနှင့် အိမ်ထောင်ဘက်ပြုစေခဲ့သည်။(၄၁း၃၇–၄၅)

ခ– ထိုအချိန်၌ ယောသပ်၏အသက်မှာ ၃၀ ခန့်ရှိလေပြီ။(၄၁း၄၆)

ဂ– ယောသပ်နှင့်ဇနီးတို့မှ သား ၂ ဦးဖွါးမြင်လေရာ ပထမသားကို မနာရှေ(ငါ့ကိုမေ့စေသည်)ဟု အမည်မှည့်ခေါ်၍ ဒုတိယသားကို ဧဖရိမ်(ငါ့ကိုပြည့်စုံစေသည်)ဟု အမည်မှည့်ခေါ်ခဲ့သည်။(၄၁း၅၀–၅၂)

ဃ– ယောသပ်၏ အစီမံကောင်းလှမှုကြောင့် ဝပြောသည့်ပထမ ၇ နှစ်တွင် အစာရေစာများ စုစည်းထားနိုင်သဖြင့် ရှားပါးသောကာလ ရောက်သောအချိန်၌ ပြည်သူတို့အား အစာထုတ်ပေးနိုင်ခဲ့သည်သာမက ရပ်နီးရပ်ဝေးမှ လူအများပင်လျှင် အစာဝယ်ယူရန် ယောသပ်ထံသို့ လာခဲ့ကြရသည်။(၄၁း၅၃–၅၇)

၃. ယောသပ်၏အကိုများ ကြောက်ရွံ့ထိတ်လန့်ကြခြင်း (၄၂ – ၄၄)

က– ယာကုပ်မိသားစု နေရာအရပ်၌လည်း အစာရေစာရှားပါးမှုဖြစ်လေရာ ယာကုပ်သည် မိမိသားများကို အစာရေစာဝယ်ယူရန် အဲဂုတ္တုပြည်သို့ စေလွှတ်လိုက်လေသည်။(၄၂း၁–၅)

ခ– သူတို့သည် အဲဂုတ္တုပြည်သို့ရောက်သဖြင့် နိုင်ငံအုပ်ယောသပ်ကို ဦးညွှတ်ကြလေသည်။ ယောသပ်ကိုမူ သူတို့ မှတ်မိခြင်းမရှိကြချေ။ လွန်ခဲ့သောအနှစ် ၂၀ ခန့်ကအိပ်မက် ပြည့်စုံခြင်းဖြစ်သည်။(၄၂း၆)

ဂ– ယောသပ်ကလည်း မိမိသည် ၎င်းတို့၏ညီဖြစ်ကြောင်း မပြောပြသည့်ပြင် ၎င်းတို့အား သူလျှိုများဖြစ်သည်ဟု စွပ်စွဲလေသည်။(၄၂း၇–၁၃)

ဃ– ယောသပ်သည် ၄င်းတို့အား ၃ ရက်ခန့် အကျဉ်းချထားပြီး ရှိမောင်မှလွဲ၍ အားလုံးကိုပြန်

လွှတ်လေသည်။ ၄င်းတို့သူလျှိုမဟုတ်ကြောင်း သက်သေအဖြစ် အိမ်သို့ပြန်စေ၍ အိမ်တွင် ကျန်ရစ်သူ ညီငယ်ဗယ်ာမိန်ကို ခေါ်လာရန် စားနပ်ရိက္ခာများ အပြည့်စုံပေး၍ စေလွှတ်လေသည်။ ရှိမောင်ကိုမူ ဓါးစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။(၄၃း၁–၄)

င– သူတို့သည် မိမိတို့နေရပ် ပေဟြုန်မြို့သို့ပြန်၍ ဖခင်ထံ အကြောင်းစုံကိုတင်ပြ၍ ယောသပ် မှာသည့်အတိုင်း ညီငယ်ဗယ်ာမိန်ကိုခေါ်ဆောင်ကာ အဲဂုတ္တုပြည်သို့ အစာရိက္ခာဝယ်ရန် ထပ် မံသွားရောက်ခဲ့ကြပြန်သည်။ ညီငယ်ဗယ်ာမိန်ကိစ္စကိုမူ အကိုယုဒက ဖခင်ထံ အာမခံခဲ့ရ သည်။(၄၃း၁–၁၄)

စ– ယောသပ်ထံသို့ရောက်သောအခါ ယောသပ်သည် မိမိညီအကိုတို့နှင့် စားပွဲကျင်းပ၍ အတူ ပျော်ပါးစွာ စားသောက်ကြလေသည်။ အနှစ် ၂၀ အတွင်း ညီအကိုတစု စုံလင်စွာ ပြန်တွေ့ဆုံ ကြခြင်းဖြစ်သည်။(၄၃း၁၅–၂၅)

ဆ– သူတို့သည် နိုင်ငံအုပ် ယောသပ်နှင့်အတူ စားသောက်ခွင့်ရခြင်း ဖြစ်သည်။ အဲ့သြစရာမှာ အဲ ဂုတ္တုလူများသည် မိမိလူမျိုး မဟုတ်သူများနှင့် မည်သည့်အခါမှ မစားသောက်ကြသော်လည်း ယောသပ်မှာမူ စားသောက်ခဲ့သည်။ ညီငယ်ဗယ်ာမိန်မှာ အခြားအကိုများထက် ၅ ဆသာ၍ အ စားစာများ ရလေသည်။(၄၃း၂၆–၃၄)

ဇ– သူတို့ အိမ်အပြန်ခရီး ပြင်ဆင်နေစဉ်တွင် ယောသပ်သည် သူတို့၏ ဈေးဝယ်ခများကို သူတို့ အိတ်အသီးသီးသို့ ပြန်ထည့်ပေးသည့်အပြင်၊ မိမိ၏သောက်တော်ခွက် ငွေဖလားကိုပါ ဗယ်ာ မိန်၏အိတ်အတွင်းသို့ လျှို့ဝှက်စွာထည့်ထားရန် မိမိငယ်သားအား အမိန့်ပေးခဲ့သည်။ (၄၄း၁–၂)

ဈ– သူတို့သည်လည်း ထိုလျှို့ဝှက်မှုကို မသိရှိသောကြောင့် အိမ်သို့ အေးဆေးစွာပြန်လာရာ လမ်းခ ရီး၌ ငွေဖလားခိုးမှုနှင့် အဖမ်းခံရလေသည်။ ယောသပ်ကဖမ်းခိုင်းခြင်းပင် ဖြစ်သည်။ (၄၄း၄–၆)

ည– သူတို့ကလည်း မိမိတို့မခိုးရကြောင်း ငြင်းဆိုခဲ့ကြပြီး၊ အကယ်၍ မိမိတို့ ညီအကိုတဦးဦး၏ အိတ်တွင် ထိုငွေဖလားကိုတွေ့ပါက ထိုညီအကိုသည် ယောသပ်၏ကျွန်အဖြစ် တသက်လုံးခံပါ မည်ဟု ဂတိပြုသဖြင့် ရှာဖွေရာ ညီငယ်ဗယ်ာမိန်၏ အိတ်အတွင်း၌ ထိုဖလားကို ရှာဖွေတွေ့ရှိ ခဲ့သည်။(၄၄း၇–၁၂)

ဋ – သို့ဖြစ်၍ သူတို့သည် အိမ်သို့ ပြန်မရောက်နိုင်တော့ဘဲ ယောသပ်၏ရှေ့သို့ တတိယအကြိမ် ရောက်ရ၍ တုန်လှုပ်စွာ ရပ်နေကြသည်။ ထိုအခါ ယုဒသည် မကြံတတ်တော့သည့်အဆုံး ညီ ငယ်ဗယ်ာမိန်အား ယောသပ်ထံတွင်ထားခဲ့၍ မိမိတို့ချည်း အိမ်သို့ပြန်ပါက မိမိတို့ဖခင် ရင် ကွဲပက်လက်နှင့် သေမည်ဖြစ်ကြောင်း ယောသပ်အား အသနားခံ တောင်းပန်လေသည်။ (၄၄း၁၃–၃၄)

ဌ၊ ခွင့်လွှတ်တတ်သော သန့်ရှင်းသူ (၄၅ – ၄၈)

၁. ယောသပ်နှင့် သူ၏ညီအကိုများ

က– ယောသပ်သည် စိတ်ချုပ်ထိန်းနိုင်စွမ်း မရှိတော့သဖြင့် မိမိသည် ယောသပ်ဖြစ်ကြောင်း မိမိ ညီအကိုတို့ကိုဖွင့်ပြော၍ အဖြစ်မှန်ကို ဖေါ်ပြလေတော့သည်။(၄၅း၁–၃)

ခ– ယောသပ်က အစာခေါင်းပါးသည့်နှစ် ၂ နှစ်သာရှိသေး၍ နောက် ၅ နှစ်ကျန်သေးသည်။ သို့ ဖြစ်၍ မိမိအဘနှင့် ညီအကိုများ အစာငတ်၍ မသေကြစေရန် မိမိနှင့်အတူ ဤအဲဂုတ္တုပြည်၌ လာနေကြပါ။ မိမိ ကောင်းမွန်စွာ ကြည့်ရှုစောင့်ရှောက်မည်ဟု ဖိတ်ခေါ်လေသည်။ (၄၅း၄–၁၅)

ဂ– ထို့ပြင် အတိတ်ကာလက မိမိအကိုများ မိမိအပေါ် ကျူးလွန်ထားသော ပြစ်မှုအပေါ် မိမိလုံးဝ ခွင့်လွှတ်ပြီး စိတ်နာမှုလည်း မရှိပါကြောင်း၊ မိမိခံခဲ့ရသော ဒုက္ခသည် ဣသရေလနိုင်ငံတော် တခုဖြစ်လာရန် ဘုရားရှင်၏ အစီအမံသာဖြစ်ကြောင်း အကိုတို့အားရှင်းပြခဲ့သည်။ (၄၅း၅–၈)

ဃ– ဖါရောဘုရင်သည်လည်း အကြောင်းစုံကိုသိရှိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဣသရေလလူ များ မိမိနိုင်ငံ၌ လာရောက်နေထိုင်ရန် ခွင့်ပြုလေသည်။(၄၅း၅–၈)

၂. ယောသပ်နှင့် သူ၏ဖခင်

က– ဖခင်အိုကြီး ယာကုပ်သည် ထိုသတင်းကို ကြားခါစက မယုံကြည်နိုင်ဘဲ ဖြစ်နေသေး၏။ သို့ သော် ပြန်ရောက်လာသော သားများတို့နှင့်အတူ ယောသပ်ပေးလာသော မိမိအတွက် စီးစရာ မြည်း အစရှိသော ပစ္စည်းပစ္စယများကိုမြင်၍ ယုံကြည်သဖြင့် ယောသပ်ရှိရာ အဲဂုတ္တုပြည်သို့ လိုက်လာခဲ့လေသည်။(၄၅း၂၆–၂၈)

ခ– ဖခင်ယာကုပ်နှင့် မိသားစုများ အဲဂုတ္တုပြည်သို့ ထွက်ခွါလာရာ လမ်းခရီး၌ ဗေရရှေဘအမည် ရှိသောအရပ်သို့အရောက်တွင် ရပ်နား၍ ဘုရားရှင်အား ယဇ်ပူဇော်သည်။ ဘုရားရှင်က ယာကုပ်အား အဲဂုတ္တုပြည်တွင်နေရစဉ် ကောင်းကြီးပေးမည်ဖြစ်ကြောင်း၊ ယာကုပ်သည် ထိုအဲဂုတ္တုပြည်၌ပင် သေရမည်ဖြစ်ကြောင်း၊ သို့သော် နောင်တနေ့တွင် ယာကုပ်၏မိသားစု (ဣသရေလလူမျိုး) အားလုံး မိမိတို့၏နေရင်းဒေသ ခါနန်ပြည်သို့ ပြန်ဝင်ရောက်ရမည်ဖြစ်ကြောင်း ဗျာဒိတ်ပေးခဲ့သည်။(၄၆း၁–၄)

ဂ– ယာကုပ်သည် မိမိ မိသားစုနှင့်အတူ အဲဂုတ္တုပြည်သို့ ချောမောစွာရောက်ရှိ၍ အနှစ်နှစ်အလလ ကွဲကွာခဲ့ရသော သားယောသပ်ကို ပြန်တွေ့ရလေသည်။(၄၆း၆–၇)

ဃ– ဣသရေလလူတို့သည် အဲဂုတ္တုပြည် ဂေါရှင်အရပ်၌ နေရာရကြ၍ ဥစ္စာ၊ ဓနေ၊ စီးပွါး အလွန်တိုးတက်ကြသည်။(၄၇း၂၇)

င– ယာကုပ်သည် အသက် ၁၄၇ နှစ်အရွယ် မကွယ်လွန်မီတွင် သားယောသပ်နှင့် ယောသပ်၏သား ၂ ဦးဖြစ်သူ ဧဖရိမ်နှင့် မနာရှေကို ခေါ်၏။(၄၈း၁)

စ– ယောသပ်သည် ဖခင်၏တောင်းဆိုချက်ဖြစ်သည့် ဖခင်သေလွန်သည့်အခါ အလောင်းကို အဲဂုတ္တုပြည်၌ မြှုပ်နှံခြင်းမပြုဘဲ မိမိတို့နေရင်းဒေသ ခါနန်ပြည် သင်္ချိုင်း၌သာ မြှုပ်နှံပါမည်ဟု ဖခင်ကို ကတိပေးခဲ့သည်။(၄၇း၂၉–၃၁)

၃. ယောသပ်နှင့် သူ၏သားများ

ယောသပ်သည် မိမိသား ၂ ဦးနှင့်အတူ ကောင်းကြီးမင်္ဂလာခံယူရန် ဖခင်ယာကုပ်ရှေ့၌ ရပ်နေ၏။ ယာကုပ်က ယောသပ်၏သား ၂ ဦးသည် မိမိ၏သားစာရင်း၌ ဝင်ရမည်ဟု မှာကြားခဲ့သည်။ သို့ဖြစ်၍ ယောသပ်၏သား ၂ ဦးသည် ယာကုပ်၏ သားများစာရင်းတွင် ဝင်ခွင့်ရ၍ ယာကုပ်၏အမွေကို ဆက်ခံခွင့်ရလေသည်။(၄၈း၃–၉)

စ၊ ယာကုပ်သည် မိမိသား (၁၂ ) ဦးစလုံးအား ကောင်းကြီးပေးခြင်း (၄၉ – ၅၀)

၁. ယောသပ်သည် ဖခင်ယာကုပ်ထံမှ ကောင်းကြီးများ ရရှိခဲ့လေပြီ (၄၉၊ ဟေဗြဲ ၁၁း၂၁)၊ တဖန် ယာကုပ်သည် မိမိသား ၁၂ ယောက်ကို မိမိအိပ်ရာအနီးသို့ လာစေ၍ ကောင်းကြီးအသီးသီး ပေးလေသည် – *နောင်ကာလအခါ သင်တို့ဖြစ်လတ္တံ့သော အမှုအရာများကို ငါဟောပြောမည် – (၄၉း၁)*
ထိုကဲ့သို့ အသီးသီးရရှိသော ကောင်းကြီးမင်္ဂလာများထဲမှ သားယုဒရရှိသော ပိုမိုဆန်းကြယ်သည့် ကောင်းကြီးမင်္ဂလာများကို အောက်ပါအတိုင်း မှတ်သားလေ့လာနိုင်သည်။

က– ညီအကိုအပေါင်းတို့သည် ယုဒကိုချီးမွမ်း၍ သူ့ရှေ့၌ ဦးညွှတ်ကြရမည်။(၄၉း၈)
(ယုဒအနွယ်မှ ခရစ်တော်ပေါ်ထွန်းခဲ့သည် – မ ၁း၃၊ လု ၃း၃၃)

ခ – ယုဒသည် ရန်သူများကို ချေမှုန်းအောင်မြင်နိုင်လိမ့်မည်။ ခြင်္သေ့ပျိုကဲ့သို့ မည်သူမျှမနိုင်သူ ဖြစ်ရမည်။(၄၉း၉) (ခရစ်တော်သည် စာတန်၏ရန်အားလုံးကို အောင်မြင်မည်ဖြစ်သည်)

ဂ– မင်းမျိုးမင်းနွယ် ရာဇလှံတံသည် ရှိလော (ခရစ်တော်) မပေါ်ထွန်းမခြင်း ယုဒအမျိုးအနွယ်၌သာ တည်နေရမည်။(၄၉း၁၀၊ တော၂၄း၁၇၊ ဗျာ ၅း၅)

၂. ယောသပ်သည် ဖခင်အလောင်းကိုယူဆောင်၍ ၌ါနေသို့ ခေတ္တပြန်ရောက်ခြင်း ( ၅၀ )

က– ယာကုပ်သည် အသက် ၁၄၇ နှစ်တွင် ကွယ်လွန်ခဲ့လေသည်။(၄၇း၂၈၊ ၄၉း၃၃)

ခ– အလောင်းကို ရက်လေးဆယ်ခန့် ပြင်ဆင်ထားရှိကြသည်။(၅၀း၂–၃)

ဂ– အီဂျစ်လူမျိုးများသည် ရက် ၇၀ ငိုကြွေးကြသည်။(၅၀း၃)

ဃ– ယာကုပ်အလောင်းကို သူ့သားများသယ်ဆောင်၍ ခါနန်ပြည်သို့သယ်ကာ အာဗြာဟံ၊ ဣဇာက်တို့ဂူရှိရာ မပွေလဒေသ၌ ဂူသွင်းသဂြိုဟ်ကြသည်။(၅၀း၁၃)

င– ယောသပ်သည် မိမိအကိုများအား အတိတ်အဖြစ်အတွက် မိမိလက်စားမချေကြောင်း၊ ထိုကိစ္စအတွက် ပူရန်မလိုကြောင်း နှစ်သိမ့်၏။(၅၀း၁၅–၂၁)

– *သင်တို့သည် ကျွန်ုပ်ကို ညှင်းဆဲမည် ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း လူများအသက် ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည် ကြံတော်မူ၏ – (၅၀း၂၀)*

စ– ယောသပ်သည် အသက် ၁၁၀ တွင် သေသည်။(၅၀း၂၆)

ဆ၊ ကယ်တင်ရှင်ခရစ်တော်နှင့် ပုံပမာဆင်တူမှု

သမ္မာကျမ်းစာ၌ ယောသပ်သည် ခရစ်တော်နှင့် ပုံပမာဆင်တူမှုများကို တွေ့နိုင်သည်။ ထိုကဲ့သို့ အံ့သြဘွယ် ဆင်တူမှုများကို အောက်ပါအတိုင်း မှတ်သားရပေမည်။

၁. နှစ်ဦးစလုံးသည် ဖခင်၏ အချစ်ဆုံးသားများ ဖြစ်သည်။(၃၇း၃၊ မ ၃း၁၇)

၂. နှစ်ဦးစလုံးသည် သိုးထိန်းများဖြစ်ကြသည်။(၃၇း၂၊ ယော ၁၀း၁၁–၁၄)

၃. နှစ်ဦးစလုံးသည် မိမိဖခင်၏ မှာကြားချက်အရ ညီအကိုများကို အကြည့်အရှုသွားရသူ ဖြစ်သည်။

(၃၇း၁၃–၁၄၊ လု ၂၀း၁၃၊ ယော ၃း၁၇၊ ဟေဗြဲ ၁၀း၇)
၄. နှစ်ဦးစလုံးသည် ညီအကိုများ၏ အကြောင်းမဲ့ မုန်းတီးခြင်းခံရသည်။(၃၇း၄–၅၊ ၈၊ ယော ၁း၁၁၊ ၇း၅၊ ၁၅း၂၅)
၅. နှစ်ဦးစလုံးသည် မိမိညီအကိုများ၏ မသမာကြံစည်မှုကို ခံကြရသည်။(၃၇း၂၀၊ ယော၁၁း၅၃)
၆. နှစ်ဦးစလုံးသည် ကြီးစွာ နှောက်ယှက်ဆင်းရဲ ရောက်ကြရသည်။(၃၉း၇၊ မ ၄း၁)
၇. နှစ်ဦးစလုံးသည် အီဂျစ်ပြည်သို့ သယ်ဆောင်ခံရသည်။(၃၇း၃၆၊ မ ၂း၁၄–၁၅)
၈. နှစ်ဦးစလုံးသည် မိမိအကျီများ အချွတ်ခံရကြသည်။(၃၇း၂၃၊ ယော ၁၉း၂၃–၂၄)
၉. နှစ်ဦးစလုံးသည် အရောင်းစားခံကြရသည်။(၃၇း၂၈၊ မ ၂၆ း၁၅)
၁၀. နှစ်ဦးစလုံး ကြိုးဖြင့် အချည်နှောင်ခံရသည်။(၃၉း၂၀၊ မ ၂၇း၂)
၁၁. နှစ်ဦးစလုံးသည် တိတ်ဆိတ်စွာနေ၍ တုံ့ပြန်ခြင်းမပြုကြ။(၃၉း၂၀၊ ဟေရှာ ၅၃း၇)
၁၂. နှစ်ဦးစလုံးသည် မတရားစွပ်စွဲခံကြရသည်။(၃၉း၁၆–၁၈၊ မ ၂၆း၅၉–၆၀)
၁၃. နှစ်ဦးစလုံးဘက်မှာ ဘုရားရှင်သည် အမြဲရှိနေခဲ့သည်။(၃၉း၂–၂၁၊ ၂၃၊ ယော ၁၆း၂၂)
၁၄. နှစ်ဦးစလုံးသည် ထောင်မှူးများ၏ လေးစားခြင်းခံရသည်။(၃၉း၂၁၊ လု ၂၃း၄၇)
၁၅. နှစ်ဦးစလုံးသည် အခြားတရားခံ ၂ ဦးနှင့်အတူ အပြစ်ဒဏ်ခံခဲ့ရစဉ်၊ ထိုအခြားသူ ၂ ဦးမှ တဦးကို လွတ်စေခဲ့သည်။(၄၀း၂၊ ၃၊၂၁၊ ၂၂၊ လု ၂၃း၃၂၊ ၃၉–၄၃)
၁၆. နှစ်ဦးစလုံးသည် အသက် ၃၀ အရွယ်တွင် မိမိတို့တာဝန်များကို စတင်ထမ်းဆောင်ရသည်။ (၄၁း၄၆၊ လု ၃း၂၃)
၁၇. နှစ်ဦးစလုံးသည် မိမိတို့ဒုက္ခများ အသီးသီးခံကြရပြီးနောက် အဆင့်မြင့်ရာထူးကို ရခဲ့ကြသည်။ (၄၁း၄၁၊ ဖိ ၂း၉–၁၁)
၁၈. နှစ်ဦးစလုံးသည် တပါးအမျိုးသမီးနှင့် လက်ထပ်ခဲ့သည်။(၄၁း၄၅၊ ဧ ၃း၁–၁၂)
၁၉. နှစ်ဦးစလုံးသည် မိမိအကိုများကို ခဏာတာ ဆုံးရှုံးခဲ့ရသည်။(၄၂း၇–၈၊ ရော ၁၀း၁–၃၊ ၁၁း၇–၈)
၂၀. နှစ်ဦးစလုံးသည် မိမိအကိုများ၏ နောင်တရခြင်းအပေါ် ခွင့်လွှတ်ခဲ့ကြသည်။(၄၅း၁–၅၊ မိက္ခာ ၇း ၁၈–၁၉၊ ဇာ ၁၂း၁၀–၁၂၊ ဗျာ ၁း၇)
၂၁. နှစ်ဦးစလုံးထံ အားလုံးသောလူမျိုးတို့သည် လာရောက်ကြရသည်။(၄၁း၅၇၊ ဟေရှာ ၂း၂–၃)

# ထွက်မြောက်၊ ဝတ်ပြု၊ တောလည်၊ တရားဟောရာကျမ်း

## ၁။ အစ္စရေးများ အီဂျစ်ပြည်တွင်ကျွန်ဖြစ်ရခြင်း ( ထွက် ၁း၁ – ၁၂း၃၆ )

က၊ ဘုရားရှင်၏သားသမီးများ။ ။ယောသပ်သေလွန်၍ ၇၅ နှစ်ခန့်အကြာတွင် အီဂျစ်ပြည်ရောက် ဣသရေလများသည် အီဂျစ်ဘုရင်ဖါရော၏ နိုပ်စက်ကလူပြုခြင်းကို စတင်ခံကြရသည်။(၁း၈–၁၄)

ခ၊ ဘုရားရှင်၏ကျေးဇူးတော်။ ။ဘုရားရှင်သည် ဣသရေလတို့၏ငိုကြွေးသံကို ကြားရသောအခါ သူတို့အား အန္တရာယ်များမှ လွတ်မြောက်စေရန် အစီအစဉ်ကို စတင်ခဲ့သည်။(၂း၂၃–၂၄)

ဂ၊ ဘုရားရှင်၏လူ

၁. အီဂျစ်ပြည်၏မင်းသား (၂း၁–၁၄) မောရှေကို မွေးဖွါးခဲ့သည်။(၁၅၂၅ ဘီစီ)

က– နိုင်းမြစ်မှကလေးသူငယ် (၂း၁–၉)

ခ– နန်းတွင်းရောက်သူငယ် (၂း၁၀)

ဂ– သဲထဲမှလူသေအလောင်း (၂း၁၁–၁၄)၊ မောရှေသည် အီဂျစ်ပြည်၌နေစဉ် အသက် ၄၀ ခန့်၌ အောက်ပါအချက်နှစ်ခုကြောင့် ဆိုင်းနိုင်းကျွန်းဆွယ်သို့ ထွက်ခွါခဲ့ရသည်။ ၎င်းအချက်များမှာ – (၁) လူတဦးကို သတ်ခဲ့မိသောကြောင့် ဖြစ်သည်။(၂း၁၁–၁၅)

(၂) ဘုရားရှင်ကို ယုံကြည်စိတ်ချသောကြောင့်ဖြစ်သည်။(ဟေဗြဲ ၁၁း၂၄–၂၆)

၂. မိဒျန်ပြည်မှသိုးထိန်း

က– မောရှေသည် ဝရမ်းပြေးဘဝဖြင့် မိဒျန်ပြည်၌ရှိစဉ် ယဇ်ပုရောဟိတ် ယေသရော၏သမီး ဇိပေါရနှင့်လက်ထပ်ခဲ့၍ ထိုပြည်၌ အနှစ်လေးဆယ်လုံးလုံး သိုးထိန်းဘဝဖြင့် နေထိုင်ခဲ့သည်။ (၂း၂၁)

ခ– မောရှေသည် မိမိအား ဣသရေလများလွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် မီးလောင်နေသောခြုံပင်မှ တာဝန်ပေးခြင်းကို ခံရသည်။(၃း၁–၁၀)

ဂ– မောရှေသည် မိမိအားပေးအပ်သော တာဝန်များအပေါ် အောက်ပါ၄ါးချက်ကိုအကြောင်းပြ၍

ငြင်းဆန်ခဲ့သေးသည်။
(၁) ကျနုပ်၌ အရည်အချင်း မရှိပါ။(၃း၁)
(၂) ကျနုပ်၌ အကြောင်းကြားမှာတမ်း မရှိပါ။(၃း၁၃)
(၃) ကျနုပ်၌ အာဏာတန်ခိုး မရှိပါ။(၄း၁)
(၄) ကျနုပ်၌ နှုတ်သွက်လက်မှု မရှိပါ။(၄း၁၀)
(၅) ကျနုပ်နှင့် သင့်တော်မှု မရှိပါ။(အီဂျစ်ပြည်သို့ ပြန်၍မရသောကြောင့်) (၄း၁၃)

ဃ၊ ဘုရားရှင်၏ရန်သူ ဖါရောဘုရင် (၅း၁၀)
ဖါရောဘုရင် "ဒုတိယမြောက် အေမင်ဟိုးတက်" သည် မောရှေ၏တောင်းဆိုချက်များကို ငြင်းဆို၍ ဣသရေလများကို ပိုမို၍ပင် ကြမ်းတမ်းစွာကျွန်ပြုသည်။(၅း၂၊ ၄–၉)

င၊ ဘုရားရှင်၏ဒါဏ်ခတ်မှု (၇ – ၁၀)
၁. ရေကိုအသွေးဖြစ်စေသည်။(၇း၂၀ )
၂. ဖါးများကို ပျံ့နှံ့များပြားစေသည်။(၈း၆)
၃. ခြင်ကောင်များကို ပွါးများနှံ့ပျံ့စေသည်။(၈း၁၇)
၄. ယင်ရဲများ ပွါးများဖြစ်ပေါ်စေသည်။(၈း၂၄)
၅. တိရိစ္ဆာန်များ အနာကျ သေဆုံးစေသည်။(၉း၆)
၆. အနာစိမ်းများပေါက်စေသည်။(၉း၁၀)
၇. မိုးနှင့်ရောသောမိုးသီးကြီးများ ကျရောက်စေသည်။(၉း၂၄)
၈. ကျိုင်းကောင်များ ကျရောက်စေသည်။(၁၀း၁၃)
၉. သုံးရက်ပတ်လုံး အမှောင်ထုကျရောက်စေသည်။(၁၀း၂၂)
ဤအချိန်၌ ဖါရောဘုရင်သည် မောရှေအား အောက်ပါအချက်လေးချက်ကို ခြွင်းချက်များဖြင့် ခွင့်ပြုခဲ့သည် – သို့သော် ထိုအချက်အားလုံးကို မောရှေပယ်ချခဲ့သည်။
က– ဣသရေလများထွက်ခွါမသွားရ၊ သို့သော် ထာဝရဘုရားအား ယဇ်ပူဇော်ခွင့်ကို အီဂျစ်နယ်မြေ၌ လုပ်ခွင့်ပြုမည်။(၈း၂၅)
ခ– သွားခွင့်ပေးမည် – သို့သော် ဝေးဝေးမသွားရ။(၈း၂၈)
ဂ– သွားခွင့်ပေးမည် – သို့သော် သားသမီးများကို ဤပြည်တွင် ချန်ထားခဲ့ရမည်။(၁၀း၁၀)
ဃ– သွားခွင့်ပေးမည် – သို့သော် သိုး၊ ဆိတ်၊ ကျွဲ၊ နွားများကို ထားရစ်ခဲ့ရမည်။(၁၀း၂၄)
၁၀. သားဦးများ သတ်ဖြတ်ခဲ့သည်။(၁၂း၂၉)

စ၊ ဘုရားရှင်၏ကယ်တင်ခြင်း (၁၁ – ၁၂)
ယခုပြုလုပ်မည့် ဘုရားရှင်၏ နောက်ဆုံးဒါဏ်ခတ်မှုမှာ ပြင်းထန်လွန်းသဖြင့် ဣသရေလများကိုယ်တိုင်ပင် ဒါဏ်မှကာကွယ်ရန် ပြုလုပ်ခဲ့ကြသည်။ ဣသရေလတို့သည် အသတ်ခံရသော သိုးသငယ်အသွေးကိုမိမိတို့အိမ်တံခါးတွင် သုတ်လိမ်းထားခဲ့ကြရသည်။ ထိုသို့ပြုမှသာလျှင် အန္တရာယ်မှလွတ်ကင်းကြရသည်။(၁၁း၄–၅၊ ၁၂း၁၂–၁၃၊ ၂၁–၂၃) ၁၄၄၅ ဘီစီ၊ ဧပြီလ ၁၅ရက်၊ ညသန်းခေါင်တွင် ထိုအဖြစ်အပျက် ဖြစ်ခဲ့သည်။ ဖါရောဘုရင်၏ သားဦးကိုယ်တိုင်ပင် သတ်ဖြတ်ခြင်းခံရသည့်အဆုံး ဖါရောဘုရင်သည် ဣသရေလတို့အား ထွက်ခွါခွင့်ပြုခဲ့သည်။(၁၂း၂၉–၃၆)

ဆ၊ ဘုရားရှင်၏ရွေးချယ်ခြင်း
၁. သားဦးများကို ရွေးချယ် သန့်ရှင်းစေသည်။(၁၃း၂၊ ၁၉၊ ၆၊ တော ၈း၁၆)
၂. အပြင်လမ်းခရီးအတွက် လမ်းကြောင်းသစ်ကို ရွေးချယ်ပေးသည်။(၁၃း၁၇)

## ၂။ အစ္စရေးများသည် သိနတောလမ်းဖြင့် ပြည်တော်ပြန်ခဲ့ခြင်း ( ထွက် ၁၂း၃၇–၁၈း၂၇ )

အီဂျစ်ပြည် ရာမသက်မြို့မှထွက်၍ ဆိုင်းနိုင်းသို့အသွား မိုင်ပေါင်း ၁၅၀ ရှည်လမ်းခရီး၌ အောက်ပါအရေးကြီးဖြစ်ရပ် ၁၀ ရပ်ဖြစ်ပွားခဲ့သည်။

က၊ နေ့အချိန်အတွက် မိုးတိမ်တိုက်၊ ညအချိန်အတွက် မိုးမီးတိုင် ဘုရားရှင်ထံမှ ရောက်ရှိလာခြင်း (၁၃း၂၁–၂၂)၊ ဤအဖြစ်ပျက်သည် ဘုရားရှင် ဆင်းသက်လာမှုကို မြင်တွေ့နိုင်သော ပထမဆုံး ပြသချက်ဖြစ်သည်(၁၃း၂၁–၂၂)။ အခြား ဤကဲ့သို့ ဆင်းသက်မှုများကိုလည်း ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းနှစ်စောင်လုံးတွင် အောက်ပါအတိုင်း တွေ့နိုင်ပေသည်။
၁. ပင်လယ်နီ၌ (၁၄း၁၉–၂၀)
၂. သန့်ရှင်းရာတဲတော်၌ (ဝတ် ၁၆း၂)
၃. သန့်ရှင်းရာဗိမာန်တော်၌ (၆ရာ ၅း၁၁–၁၃)

၄. ယေဇကျေလ၏ကာလ၌ (ယေဇ ၁၀)
ခ၊ ဖါရောဘုရင်မှ လိုက်လံဖမ်းဆီးခြင်း (၁၄း၅–၁၀)
ဖါရောဘုရင်သည် ဣသရေလများထွက်သွားခြင်းကို မကျေမချမ်းဖြစ်လျက် ရှိသည်။
ဂ၊ ပင်လယ်နီကို နှစ်ခြမ်းခွဲခြင်း (၁၄း၁၃–၃၁)
ဃ၊ အန္တရာယ်မှလွတ်မြောက်သဖြင့် ဣသရေလများ အောင်ပွဲခံကြခြင်း (၁၅း၁–၂၁)
င၊ မာရအရပ်တွင် ခါးနေသောရေကို သစ်ပင်အားဖြင့် ရေချိုဖြစ်စေခြင်း (၁၅း၂၂–၂၆)
ဤတကြိမ်၌ ဘုရားရှင်က သူတို့သည် ဘုရားကိုနားထောင်ပါက မည့်သည့်ရောဂါမျှ မကျရောက်နိုင်ကြောင်း ကတိပေးသည်။
စ၊ မန္နမုန့်ဖြင့်ကျွေးမွေးခြင်း (၁၆း၄၊ ၁၄၊ ၃၅)
ဤမုန့်သည် ကောင်းကင်မှကျသော စားစရာ အစာတမျိုး ဖြစ်သည်။ ဣသရေလတို့သည် ထိုအချိန်မှစ၍ အနှစ်လေးဆယ်လုံးလုံး ထိုမန္နမုန့်ကိုသာ အဓိကထား၍ စားသောက်ခဲ့ကြသည်။
ဆ၊ ဥပုသ်နေ့နှင့်ဥပဒေကို သတ်မှတ်ခြင်း (၁၆း၂၃၊ ၂၆–၃၀၊ ၃၁း၁၃)
ဇ၊ ရေဖိဒိမ်အရပ်၌ ကျောက်ကိုရိုက်ခြင်း (၁၇း၁–၇)
ထိုသို့ရိုက်ခြင်းကြောင့် အံ့သြဘွယ် ရေထွက်လာခဲ့သည်။ နောက်အနှစ်လေးဆယ်ခန့်အကြာတွင် မောရှေသည် အခြားကျောက်တခုကို ရိုက်ခဲ့သည်။ သို့သော် ထိုအချိန်၌ သူသည် ဘုရားရှင်၏အလိုတော်ကိုမလိုက်ခဲ့ဘဲ ကိုယ်အလိုဖြင့် ရိုက်ခဲ့သည်။(တော ၂၀း၇–၁၃)
ဈ၊ အာမလက်လူတို့အပေါ် ဣသရေလများအောင်နိုင်ခြင်း (၁၇း၈–၁၆)
ထိုအဖြစ်အပျက်၌ အောက်ပါ ပထမဆုံးအကြိမ် လုပ်ဆောင်မှုများကို လေးကြိမ်တွေ့နိုင်သည်။
၁. ယောရှုသို့ ပထမအကြိမ် တာဝန်ပေးခြင်း၊ ယောရှုသည် ရန်သူများကိုတိုက်ရန် မောရှေ၏ တာဝန်ပေးအပ်ခြင်းကို ခံခဲ့ရသည်။(၁၇း၉)
၂. ဣသရေလများစစ်နိုင်ရန်အတွက် ပထမဆုံးအကြိမ် မောရှေဆုတောင်းခဲ့သည်။(၁၇း၁၁–၁၂)
၃. ပထမဦးဆုံးအကြိမ်အဖြစ် ကျမ်းစာကို ရေးသားခဲ့သည်။(၁၇း၁၄)
၄. ဘုရားရှင်၏နာမတော်ကို ပထမဦးဆုံးအကြိမ် ကမ္ဗည်းတပ် သုံးစွဲခဲ့သည်။(၁၇း၁၅)
(ယေဟောဝါနိသိ – ငါ၏အောင်လံတံခွန် ဘုရားသခင်)
ည၊ မောရှေနှင့်သူ့မိသားစု တွေ့ဆုံခြင်း (၁၈း၅)

## ၃။ အစ္စရေးများ သိနကျွန်းဆွယ်၌ စခန်းချခြင်း ( ထွက် ၁၉း၁ – တော ၁၀း၁၀ )

၁၄၄၅ ဘီစီ၊ ဇွန်လ ၁၅ ရက်နေ့တွင် ဣသရေလတို့သည် သိနဒေသသို့ ရောက်ခဲ့ကြ၏။ ထိုဒေသ၌ ဣသရေလတို့သည် ၁၁ လနှင့် ၅ ရက်ကြာ နေထိုင်ခဲ့ကြသည်(တော ၁၀း၁၁)။ ထိုဒေသ၌ အရေးပါသော ကိစ္စ သုံးခု ဖြစ်ပေါ်ခဲ့၏။ ၎င်းတို့မှာ –
(က) ပညတ်တော် ၁၀ ပါးကို ပေးခဲ့သည် (ဘုရားရှင်နှင့်ဆက်ဆံခြင်းနှင့် လူအချင်းချင်းဆက်ဆံခြင်း၌ လိုအပ်သည့် စည်းစနစ်များ)
(ခ) ရွှေနွားရုပ်ဖြင့် ဖေါက်ပြန်မှု (မှန်ကန်သောကိုးကွယ်မှုကို ပျက်ပြားစေသည်)
(ဂ) တဲတော်ကို ဆောက်လုပ်ကြသည် (ကိုးကွယ်ဝတ်ပြုရာနေရာ ပြန်လည်ဖြစ်ပေါ်ခဲ့သည်)
ကျနုပ်တို့သည် အထက်ပါအဖြစ်အပျက် ၃ ခုကို အောက်ပါအတိုင်း အသေးစိတ် လေ့လာနိုင်သည်။
က၊ သိနတောင်ပေါ်၌ဖြစ်ပျက်မှု
၁. တတိယနေ့ရက်၌ မိုးချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ တံပိုးမှုတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ မီးခိုးများဖြင့် အုံ့ဆိုင်းခြင်းဖြင့် ဘုရားရှင်၏ဘုန်းတော်သည် ထိုတောင်ပေါ်၌ ထင်ရှားခဲ့သည်။(၁၉း၁၆–၁၈)
၂. မောရှေသည် ထိုတောင်ပေါ်သို့တက်၍ ဘုရားထံမှ ပညတ်တော် ၁၀ ပါးနှင့် နောင်အခါ ပဋိညာဉ်ဖြစ်လာမည့် ဥပဒေ ၇၀ ကို ဘုရားထံမှ ယူဆောင်လာခဲ့သည်။ မောရှေသည် တောင်ပေါ်မှဆင်းလာ၍ အထက်ပါပညတ်တော်များ ပဋိညာဉ် ဥပဒေများကို ဣသရေလတို့အား နှုတ်တိုက်ချပေးလေသည်။ (၁၉း၇)၊ (၁၉း၂၂–၂၃း၃၃)၊ ပြည်သူများကလည်း မောရှေအားဖြင့် ဘုရားရှင်ချပေးသော ပညတ်များကို လိုက်နာပါမည်ဟု ဝန်ခံကြသည်(၂၄း၃)။ မောရှေသည် ထိုပညတ်များ၊ ဥပဒေများကို ရေးချ၍ ယဇ်ပလ္လင်ကို၎င်း၊ ကျောက်တိုင် ၁၂ တိုင်ကို၎င်း တည်ဆောက်လေသည်။ ထိုပဋိညာဉ် သက်သေအဖြစ် နွားအသွေးများကို ဖြန်းလေသည်။(၂၄း၄–၈)
၃. မောရှေသည် တောင်ပေါ်သို့ ထပ်မံတက်ပြန်လေသည်။ ဤတကြိမ်၌ မောရှေသည် တောင်ပေါ်၌ရက် ၄၀ ကြာခဲ့သည်။ ထာဝရဘုရားသည် မောရှေအား တဲတော်တည်ဆောက်ရန်နှင့် ကျောက်စားပွဲနှစ်ခု တည်ဆောက်ရန်လည်း မှာကြားခဲ့သည်။(၂၄း၁၈၊ ၂၅–၃၁)

၄. ၎င်းနောက် ဘုရားရှင်သည် မောရှေအား တောင်ပေါ်မှပြန်ဆင်းစေ၍ မြေပြင်ရှိ နွားရုပ်ကိုးကွယ် ဖောက်ပြန်သူများအား အရေးယူဆောင်ရွက်စေသည်။(၃၂း၁–၁၀)

ခ၊ သိနတောင်ပေါ်မှရခဲ့သော ပညတ်တော်များကို အသေးစိတ်လေ့လာခြင်း –

ထိုဥပဒေများကို အခြေခံ ၃ ပိုင်းခွဲ၍ လေ့လာနိုင်သည်။

၁. ကိုယ်ကျင့်တရားနှင့်ဆိုင်သောပညတ်၊ ထိုအပိုင်းအတွက်မှာ ပညတ်တော် ၁၀ ပါးဖြစ်သည်။ (ထွက် ၂၀း၃–၂၇၊ တရား ၅း၇–၂၁)

က– ဘုရားမှတပါး အခြားသောဘုရားကို မကိုးကွယ်ရ။

ခ– မည်သည့် ရုပ်တုဆင်းတုမျှ ကိုးကွယ်ရန်အတွက် မလုပ်ရ။

ဂ– ဘုရားနာမကို အလွဲသုံးစားမပြုရ။

ဃ– ဥပုသ်နေ့ကို အလေးအမြတ်ပြုရမည်။

င– မိဘကို ရိုသေရမည်။

စ– လူမသတ်ရ။

ဆ– ကာမဂုဏ် မကျူးလွန်ရ။

ဇ– မခိုးရ။

ဈ– မမှန်သက်သေမခံရ။

ည– တပ်မက်လိုချင်စိတ် မရှိနှင့်။

၂. ဝိညဉ်ပိုင်းအတွက်ပညတ်၊ ဤအပိုင်းသည် ခရစ်တော်အားဖြင့် အရာရာတို့သည် ကယ်တင်ခြင်းသို့ ၎င်း၊ စုံလင်ခြင်းသို့၎င်း ရောက်စေနိုင်သော ဝိနည်း ပညတ်ဖြစ်သည် (ဟေဗြဲ ၁၁း၁)။ ဝတ်ပြုရာ ကျမ်း၌ပါသော ပူဇော်ခြင်းနည်းလမ်း ဥပဒေများ ဖြစ်သည် (ထွက် ၃၅–၄၀ မှ ဝတ် ထိ)။ ဤနေရာ ၌ ဘုရားရှင်သည် ဂတိနှစ်ခုကို ပေးတော်မူခဲ့သည်။ ၎င်းတို့မှာ –

က– ဘုရားသခင်သည် သူ၏ကောင်းကင်တမန် (မေရှိ) ကို စေလွှတ်ဦးဆောင်၍ ခါနန်ပြည်သို့ သွင်းပေးမည်။(၂၃း၂၀–၂၃)

ခ– ဘုရားရှင်သည် သူ၏ပျားတုပ်များဖြင့် တိုက်ခိုက်စေ၍ မယုံကြည်သူအမျိုးသားများကို ထိုခါ နန်ပြည်မှ နှင်ထုတ်မည်။(၂၃း၂၈)

၃. လူမှုရေးဥပဒေ၊ ဤအပိုင်း၌ ဣသရေလများအား လူမှုရေးဥပဒေအသစ်များ ပေး၍ ထိုဥပဒေများကို ဖောက်ဖျက်သူများအပေါ် အရေးယူမှုများ၊ အစားအသောက်၊ သန့်ရှင်းမှု၊ ကူးစက်ရောဂါတားဆီးမှု နယ်မြေထိန်းသိမ်းမှု၊ အခွန်တော်ရေးရာ၊ စစ်မက်ရေးရာ၊ ထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း စ သည့်ကိစ္စများအတွက် ဥပဒေများဖြစ်သည် (ထွက် ၂၁–၂၂)။ အတိုချုပ်ရှင်းရပါမူ ကိုယ်ကျင့်တရား ပညတ်မှာ လူများသိစေရန် ဘုရားရှင်၏ ဖွင့်လှစ်ပြချက် ဥပဒေဖြစ်ပြီး၊ လူမှုရေးပညတ်မှာ လူများ စည်းကမ်း နည်းလမ်းတကျဖြစ်အောင် စီမံသောဥပဒေ ဖြစ်သည်။ ဝိညာဉ်ပိုင်းအတွက် ပညတ်မှာမူ ကား ခရစ်တော်အားဖြင့် ပြီးမြောက်စုံလင်အောင် ပြုလုပ်ပေးခြင်းဥပဒေ ဖြစ်သည်။ (မ ၅း၁၇–၁၈၊ ရော ၁၀း၄)

ဂ၊ ရွှေနွားရုပ်ဖြင့် ဖေါက်ပြန်ကြခြင်း (ထွက် ၃၂)

၁. မောရှေသည် ရက်ပေါင်းများစွာ သိနတောင်ပေါ်၌ရှိနေစဉ် တောင်အောက်ရှိ ဣသရေလတို့သည် အာရုန်အား မိမိတို့အတွက် ဘုရားလုပ်ပေးရန် တောင်းဆိုကြသည်။ အာရုန်သည်လည်း သူတို့၏ ရွှေနားကပ်များဖြင့် ရွှေနွားရုပ်ကိုလုပ်ကာ ဝတ်ပြုကိုးကွယ်ကြ၏။ ထိုဝတ်ပြုကိုးကွယ်မှု၌ မတရား မေထုန်ကိုပါ ပြုကြသည်။

၂. ဘုရားရှင်ကလည်း မောရှေအား တောင်အောက်သို့ဆင်းကာ အခြေအနေကိုကိုင်တွယ်ရန် မှာကြား သဖြင့် မောရှေဆင်းလာရာ တောင်အောက်၌ လူများတို့ ဖေါက်ပြန်နေပုံကိုတွေ့၍ အမျက်ထွက် ကာ မိမိ၌ပါလာသော ပညတ်တော်စာပါ ကျောက်ပြားကို ပေါက်ခွဲ ဖျက်ဆီးပစ်ခဲ့သည် (၃၂း၁၉)။ မောရှေသည် အာရုန်အား ကြီးစွာအပြစ်တင်သည်။ ထိုဖေါက်ပြန်သူများကိုလည်း သတ်ရာ ထိုနေ့၌ လူ ၃၀၀၀ ခန့်သေကြ၏။(၃၂း၂၁–၂၉)

၃. မောရှေသည် တောင်ပေါ်၌ရှိစဉ် မိမိလူမျိုးများအပြစ်အတွက် ဘုရားရှင်ကို တောင်းပန်ခဲ့သည် (၃၂ း၁၁–၁၄)။ ယခုလည်း တောင်ပေါ်သို့ ထပ်မံတက်၍ ဣသရေလများအပြစ်အတွက် ထပ်မံတောင်း ပန်ရသည် (၃၂း၃၀–၃၅)။ မောရှေသည် ဘုရားရှင်၏တန်ခိုးတော်အား တွေ့လိုကြောင်း လျှောက်ရာ ဘုရားရှင်က – *ငါ၏ကောင်းမွန်ခြင်းရှိသမျှကို သင့်ရှေ့၌ ငါရှောက်သွားစေမည်။ ထာဝရဘုရား၏ နာမ တော်ကိုလည်း သင့်ရှေ့၌ ငါကြွေးကြော်မည်။ ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။ သနားလို သောသူကိုလည်း သနားမည်။ သို့ရာတွင် သင်သည် ငါ့မျက်နှာကိုမမြင်နိုင်ရာ။ ငါ့မျက်နှာကိုမြင်လျှင် အ သက်ရှင်ရသောလူ တစုံတယောက်မျှ မရှိဟူ၍၎င်း၊ ငါ့အနားမှာ နေရာတခုရှိ၏။ သင်သည် ကျောက်ပေါ်မှာ*

*ရပ်ရမည်။ ငှါဘုန်းရှောက်သွားသောအခါ သင့်ကို ကျောက်ကြား၌ ငါသွင်းထား၍ ငါကြွသွားသည်အခိုက် သင့်ကို ငါ့လက်နှင့် ဖုံးအုပ်မည်။ ငါ့လက်ကို သိမ်းရုပ်သောအခါ ငါ့ကျောကိုသာမြင်ရမည်၊ ငါ့မျက်နှာကို မမြင်ရ – (၃၃း၁၉–၂၃)*

၄. မောရှေသည် တောင်ပေါ်သို့ ထပ်မံတက်ရာ ဘုရားရှင်သည် ပညတ်တော် ၁၀ ပါးကို ထပ်မံ၍ ကျောက်ပြား ၂ ချပ်၌ ရေးပေးလိုက်ပြီး၊ ထိုကျောက်ပြားထည့်ရမည့် ပဋိညာဉ်သေတ္တာတော်ကိုလည်း လုပ်စေသည်။ (၃၄း၁–၄၊ တရား ၁၀း၁–၂)

၅. မောရှေသည် တောင်ပေါ်မှဆင်းခဲ့သည်။(၃၄း၂၉–၃၀၊ ၃၃–၃၅)

ဃ၊ တဲတော်ကိုဆောက်လုပ်ခြင်း (ထွက် ၂၅–၃၁၊ ၃၅–၄၁ ဝတ် ထိ)

၁. တဲတော်၏ပုံသဏ္ဌာန်နှင့် အကျယ်အဝန်း – တဲတော်သည် အပိုင်း ၃ ပိုင်းဖြင့် ကာရံလျက်ရှိသည်၊

က– အပြင်ပိုင်း /၁၅၀ ပေရှည်၍ ၇၅ ပေကျယ်ကာ ၇.၅ ပေမြင့်၍ ခြံစည်းရိုးကာရံထားသည်။

ခ– အတွင်းပိုင်း / အမိုးအကာတဲတော်ဖြစ်၍ ၄၅ ပေရှည်ကာ ၁၅ ပေကျယ်၍ ၁၅ အမြင့်ရှိပေသည်။ တဲတော်အတွင်း၌ အခန်းနှစ်ခုကို လိုက်ကာဖြင့် ပိုင်းခြားထား၍ အရှေ့ဘက်အခြမ်းကို အတွင်းပိုင်းဟုခေါ်သည်။

ဂ – အလွန့်အလွန်သန့်ရှင်းရာဌါန / တဲတော်၏ အနောက်ဘက်အခြမ်းကို ခေါ်သည်။

(တဲတော်)

(တဲတော်၏ သန့်ရှင်းရာဌာနနှင့် အတွင်းပိုင်း အလွန်သန့်ရှင်းရာဌာန)

၂. တဲတော်၏ပရိဘောဂများ – အခြေခံအားဖြင့် ၆ မျိုးရှိသည်။

က– ကြေးဝါယဇ်ပလ္လင် (ထွက် ၂၇း၁–၈၊ ၃၈း၁–၇)

ခ– ကြေးဝါလက်ဆေးအင်တုံ (၃၀း၁၈၊ ၃၈း၈)

ဂ– မုန့်တင်ရန်စားပွဲခုံ (၂၅း၂၃–၃၀၊ ၃၇း၁၀–၁၆)

ဃ– ရွှေမီးခုံ (၂၅း၃၁–၄၀၊ ၃၇း၁၇–၂၄)

င– နံ့သာပေါင်းမီးရှို့ရာ ယဇ်ပလ္လင် (၃၀း၁–၁၀၊ ၃၇း၂၅–၂၈)

စ– ပဋိညာဉ်သေတ္တာတော် (ထွက် ၂၅း၁၀–၂၂၊ ၃၇း၁–၉)

(ကြေးဝါယဇ်ပလင်)

(ကြေးဝါလက်ဆေးအင်တုံ)

(မုန့်တင်ရန်စားပွဲခုံ)

(ရွှေမီးခုံ)

(နံ့သာအပေါင်းမီးရှို့ရာ ယဇ်ပလ္လင်)

(ပဋိညာဉ်သေတ္တာတော်)

၃. တဲတော်၏ယဇ်ပုရောဟိတ် – အာရုန်သည် ဣသရေလတို့၏ ပထမဆုံးသောယဇ်ပုရောဟိတ် ဖြစ်သည် (၂၈း၁–၄)။ ယဇ်ပုရောဟိတ်အမျိုးမျိုးကိုလည်း အာရုန်သည် မိမိသားများမှဧင်း၊ လေဝိအနွယ်မှဧင်း မွေးရသည်။(တော ၈း၁၄–၁၉)

က– ယဇ်ပုရောဟိတ်များကို သိက္ခါပေးခြင်း

(၁) သူတို့ကို ရေဖြင့်ဆေးကြောရသည်။(၂၉း၄)

(၂) သူတို့ကို ထူးခြားသောဝတ်လုံ ဆင်မြန်းစေသည်။(၂၈း၃၉–၄၃၊ ၂၉း၅–၆)၊ (ယဇ်ပုရောဟိတ်မင်းကိုမူ အခြား ထူးခြားသောဝတ်စုံဖြင့် ဆင်မြန်းစေသည်။ ၂၈း၁–၃၈)

(၃) သူတို့ကို ဆီဖြင့်ဘိသိက်ပေးသည်။(၂၉း၇)

(၄) သူတို့ကို အသွေးဖြင့်ပက်ဖြန်းရသည်။(၂၉း၂၀)

ခ– ယဇ်ပုရောဟိတ်တို့၏တာဝန်များ

(၁) ဗိမ္မာန်တော်ဝတ်ပြုပွဲ၌ (တော ၃း၅–၉)

(၂) ပညတ်ဥပဒေနှင့် ပါတ်သက်မှု၌ တာဝန် (တရား ၁၇း၈–၉)

(၃) လူတဦးခြင်းနှင့်ပါတ်သက်သော တာဝန် (တော ၆း၂၃–၂၇)

(ဝတ်စုံပြည့်ဝတ်ဆင်ထားသော ယဇ်ပုရောဟိတ်ပုံ)

၄. တဲတော်၌ ပူဇော်ဆက်ကပ်မှုများ
က– မီးရှို့ရာပူဇော်သက္ကာ (ဝတ် ၁)
ခ– ကောက်ပဲသီးနှံ့ ဘောဇဉ်ပူဇော်သက္ကာ (ဝတ် ၂)
ဂ– မိဿဟာယယဇ် (ဝတ် ၃)
ဃ– အပြစ်ဖြေရာယဇ် (ဝတ် ၄)
င– အမှတ်တမဲ့ပြုမိသောအပြစ် (ဝတ် ၅)
အထက်ပါယဇ်များမှ ပထမ ၃ မျိုးသည် ဘုရားရှင်နှင့်မိဿဟာယပြုရာ ယဇ်များဖြစ်၍ ကျန် ၃ မျိုးမှာမူ မိဿဟာယပျက်ပြယ်မှုမှ ပုံမှန်သို့ပြန်ရောက်စေရာ ယဇ်များဖြစ်သည်။

၅. တဲတော်၏ပွဲနေ့များ။ ။ဣသရေလပြက္ခဒိန်၌ တဲတော်နှင့်ပါတ်သက်သောပွဲနေ့များ ၉ မျိုးရှိသည်။ ထိုပွဲနေ့များမှ ပထမ ၃ မျိုးသည် ဘုရားရှင်၏ဖန်ဆင်းမှုကို ယုံကြည်သူများမှ သတိရစေရန် ပွဲနေ့များဖြစ်၍ ကျန် ၆ မျိုးမှာ ဘုရားရှင်၏ ရွေးနှုတ်ကယ်တင်ခြင်းအမှုနှင့် ပါတ်သက်သော ပွဲနေ့များ ဖြစ်သည်။
က– ဘုရားရှင်၏ဖန်ဆင်းမှုကို သတိရသောပွဲနေ့
(၁) အပါတ်စဉ် ဥပုသ်နေ့ (ထွက် ၂၀း၈–၁၁၊ ဝတ် ၂၃း၁–၃)
(၂) ၇ နှစ်တကြိမ် ဥပုသ်ပွဲ (ထွက် ၂၃း၁၀–၁၁၊ ဝတ် ၂၅း၂–၇)
(၃) အနှစ် ၅၀ တကြိမ် ဥပုသ်ပွဲ (ဝတ် ၂၅း၈–၁၆)
အထက်ပါ ဖန်ဆင်းမှုသတိရ ပွဲနေ့ ၃ မျိုးသည် ခုနစ်ဂဏန်းဗဟိုဖြစ်သော ရက်/နှစ်များသာဖြစ်သည်။ ဘုရားရှင်သည် သတ္တမနေ့၌ နားခဲ့သည်ကို သတိပြုပါ။
ခ– ရွေးနှုတ်ကယ်တင်ခံရမှုကို သတိရသောပွဲနေ့
(၁) ပသခါပွဲနေ့ (ဝတ် ၂၃း၄–၈) – ကရာနီကိုရည်ညွှန်းသည်။(၁ကော ၅း၇)
(၂) အဦးဆုံးအသီးအနှံ ဆက်ကပ်ပွဲနေ့ (ဝတ် ၂၃း၉–၁၄) – ရှင်ပြန်ထမြောက်ခြင်းကို ရည်ညွှန်းသည်။(၁ကော ၁၅း၂၃)
(၃) ပင်တေကုတ္တေပွဲနေ့ (ဝတ် ၂၃း၁၅–၂၅) – သန့်ရှင်းသောဝိညာဉ်တော် ပြည့်ဝခြင်းကို ရည်ညွှန်းသည်။(တ ၂)
(၄) ယုဘိလ တံပိုးမှုတ်ပွဲနေ့ (ဝတ် ၂၃း၂၃–၂၅) – ချီဆောင်ခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းကို ရည်ညွှန်းသည်။(၁သက် ၄း၁၃–၁၈)
(၅) အပြစ်ဖြေရာပွဲနေ့ (ဝတ် ၂၃း၂၆–၃၂) – ဘေးဒဏ်ကြီးကာလကို ရည်ညွှန်းသည် (ဗျာ ၆ – ၁၉)။ ဣသရေလတို့က ထိုပွဲကို သူတို့ဘာသာစကားအားဖြင့် "ယွန်ကစ်ပူ" ပွဲဟု ခေါ်ကြ၍ နှစ်စဉ် အောက်တိုဘာ ၁၀ ရက်နေ့တွင် ကျင်းပကြသည်။ အထက်ပါ အပြစ်ဖြေရာပွဲတော် ကျင်းပရမည့် ပုံစံအသေးစိတ်ကို (ဝတ် ၁၆) တွင်တွေ့နိုင်သည်။
က၊ ယဇ်ပုရောဟိတ်မင်းသည် နွားထီးတကောင်ကို မိမိအတွက် အပြစ်ဖြေ ပူဇော်ရမည်။ ယဇ်ပုရောဟိတ်သည်လည်း အပြစ်ရှိသဖြင့် သန့်ရှင်းရန် ပြုရသည်။ (ဝတ်၁၆း၆)
ခ၊ ဆိတ်နှစ်ကောင်ကိုမဲဖေါက်၍ မဲပေါက်သောဆိတ်ကို ယဇ်ပူဇော်ကာ ကျန်ဆိတ်ကို လွှတ်ပစ်ရမည်။(ဝတ် ၁၆း၇)
ဂ၊ ယဇ်ပုရောဟိတ်မင်းသည် ပူဇော်ရာနွားထီးနှင့် ဆိတ်၏အသွေးကို(ပဋိညဉ်သေတ္တာ) သနားခြင်းဌါနသို့ ၇ ကြိမ်ဖြန်းရမည်။(ဝတ် ၁၆း၁၁–၁၉)
ဃ၊ ယဇ်ပုရောဟိတ်မင်းသည် နောက်ဆုံးအနေနှင့် လွှတ်ပစ်ခဲ့သောဆိတ်ကို ပြန်ယူဆောင်လာခဲ့၍ ထိုဆိတ်အပေါ်မှာ မိမိလက်ကိုတင်ခြင်းဖြင့် ဣသရေလတို့၏အပြစ်များကိုတင်၍ ထိုဆိတ်ကို တောသို့လွှတ်လိုက်ရမည်။(ဝတ် ၁၆း၂၀–၂၂)
(၆) တဲတော်ပွဲနေ့ (ဝတ် ၂၃း၃၃–၄၄) – မိလေနီလကာလကို ရည်ညွှန်းသည်။(ဗျာ ၂၀း၁–၆)

၆. တဲတော်ကိုဆောက်လုပ်ကြခြင်း (ထွက် ၃၀း၂၂–၃၃၊ ၄၀း၃၃–၃၅)
ဤဆောက်လုပ်မှုသည် မြေပြင်ပေါ်ရှိ ခေတ်အဆက်ဆက် ဆောက်လုပ်မှုများအနက် အရေးကြီးဆုံးသောဆောက်လုပ်မှုဖြစ်သည်။ ဆောက်လုပ်ရာကာလ ကြာရှည်မှုမှာ ၆ လခန့်ဖြစ်၍ ကုန်ကျမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းချီလေသည်။(ရွှေ ၃၁၀၀ ပေါင်နှင့် ငွေအလေးချိန် ၉၆၀၀ ပေါင်)

၁၄၄၄ ဘီစီ ဧပြီလ ၁ ရက်နေ့တွင် ဆောက်လုပ်မှုပြီးစီးလေသည်။ ဤတဲတော်ကို ဣသရေလတို့၏လှူဒါန်းပစ္စည်းများဖြင့် ဆောက်လုပ်သည် (ထွက် ၃၅း၅၊ ၂၁၊ ၂၂၊ ၂၉၊ တော ၇)။ ထိုကဲ့သို့ ဝမ်းမြောက်ဖွယ် တဲတော်ဆောက်လုပ်ပြီးစီးမှု အခမ်းအနားပွဲတွင် ဝမ်းနည်းဖွယ်ကောင်းသော အဖြစ်အပျက် ဖြစ်ပေါ်ခဲ့သည်။ အာရုန်၏သား လူဆိုးဖြစ်သော နာဒပ်နှင့်အဘိဟုတို့သည် မသန့်ရှင်းသောမီးကို ပူဇော်သဖြင့် ဘုရားရှင်ထံမှမီးကျ၍ လောင်မြိုက်သေဆုံးကြသည်။ သူတို့နှစ်ဦးသည် ထိုအချိန်၌ အရက်မူးနေကြသည်။(ဝတ် ၁၀)

၇. တဲတော်ဆောက်ရခြင်း၏ ရည်ရွယ်ချက်
  - က– ဣသရေလတို့အနေနှင့် ဘုရားရှင်ကို မြင်နိုင်သောအနေအထားဖြင့် ဝတ်ပြုနိုင်ရန်၊ လူသားသည် ဘုရားရှင်ကို အသွေးဖြန်းထားသော သနားခြင်းမိဿဟာယ သေတ္တာတော်မှ ဆက်သွယ်တွေ့ဆုံနိုင်ရန်
  - ခ– အနာဂါတ် ခရစ်တော်အခြေအနေကို ပုံရိပ်ဆောင်ရန်
  - ဂ– ကယ်တင်ခြင်းအကြောင်းအရာကို မျက်စိဖြင့်မြင်နိုင်ရန်

၈. တဲတော်မှ သန်းခေါင်စာရင်းကောက်ယူမှု (တော ၁း၁–၅၄)
အစ္စရေးတို့သည် အီဂျစ်ပြည်မှ ပါလက်စတိုင်းသို့အသွား လမ်းခရီး၌ နှစ်ကြိမ်တိုင် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။ ယခုအကြိမ်သည် ပထမကောက်ယူမှုဖြစ်၍ နောင် ၃၈ နှစ်အကြာတွင် ဒုတိယကောက်ယူမှုအဖြစ် မောဘလွင်ပြင်၌ ပြုလုပ်ခဲ့သည်။(တော ၂၆)

၉. တဲတော်ပတ်လည်ကို ဣသရေလ ၁၂ နွယ်မှ ဝိုင်းပတ်၍ နေရာချကြခြင်း (၂း၁–၃၄)
  - က– အရှေ့ဘက်နယ်မြေ ယုဒ (ခေါင်းဆောင်)၊ ဣသခါ၊ ဇာဗုလုန်၊
  - ခ– အနောက်ဖက်နယ်မြေ ဧဖရိမ် (ခေါင်းဆောင်)၊ ဗယာ်မိန်၊ မနာရှေ၊
  - ဂ– မြောက်ဖက်နယ်မြေ ဒန် (ခေါင်းဆောင်)၊ အာရှာ၊ နာဿလိ၊
  - ဃ– တောင်ဖက်နယ်မြေ ရုဗင် (ခေါင်းဆောင်)၊ ဂဒ်၊ ရှိမောင်၊

၁၀. တဲတော်မှ နာဇရိသစ္စာပြုသူ (၆း၂၁)၊ နာဇရိသစ္စာပြုခြင်း၌ ဥပဒေ ၃ ချက်ရှိသည်။
  - က– သူသည် မည်သည့် စပျစ်ရည်သော်ငင်း၊ အကိုင်း၊ အသီးသော်ငင်း မစားရ။
  - ခ– သူသည် ဆံပင်ကိုမဖြတ်ရ။
  - ဂ– သူသည် မည်သည့်အသေကောင်ကိုမှ မထိရ။

၁၁. တဲတော်မှ မဟာကောင်းကြီးပေးမှု (၆း၂၂–၂၇)

၁၂. တဲတော်သို့ ဣသရေလ ၁၂ နွယ်မှခေါင်းဆောင်များ လှူဒါန်းမှု (တော ၇)၊ ဘုရားရှင်သည် လူအသီးသီး၏စိတ်ထားကို ထိုလှူဒါန်းမှုဖြင့် လေ့လာခဲ့သည်။

၁၃. တဲတော်ဆီမှ ဘုန်းတော်တိမ်တိုက် (၉း၁၅–၂၃)

၁၄. တဲတော်၏ ငွေတံပိုး ၂ လုံး (၁၀း၁–၉) – ထိုတံပိုးမှုတ်သံဖြင့် အောက်ပါအချက် ၄ ချက်ကို နှိုးဆော်မှု ဖြစ်စေသည်။
  - က– ပြည်သူလူထု စုဝေးခြင်း (၁၀း၁–၄)
  - ခ– တိုက်ပွဲများအတွင်း အချက်ပေးခြင်း (၁၀း၅–၆)
  - ဂ– ဣသရေလလူထုကိုယ်တိုင် စစ်တိုက်ရန်အချက်ပေးခြင်း (၁၀း၉)
  - ဃ– ဣသရေလများ ပွဲတော်နေ့များပြုလုပ်ရန် အချက်ပေးခြင်း (၁၀း၁၀)

## ၄။ ဣသရေလများ သိနကျွန်းဆွယ်မှ ကာဒေရှဒေသသို့ထွက်ခြင်း ( တော ၁၀း၁၁ – ၁၂း၁၆ )

ထိုခရီးသည် ၁၅၀ မိုင် ရှည်လျား၏။

က၊ တပ်ဖွဲ့ အသွင်လက္ခဏာဖြင့် ချီတက်သွားကြ၏။(၁၀း၁၁–၂၈)

ခ၊ တဝမ်းကွဲညီအကို၏ ငြင်းပယ်မှု။ ။မောရှေသည် မိမိညီအကိုဝမ်းကွဲ ဟောဗဗ်အား မိမိတို့နှင့်အတူ လိုက်ပါဆောင်ရွက်ရန် ဖိတ်ခေါ်သော်လည်း ငြင်းပယ်ခြင်းခံခဲ့ရသည်။(၁၀း၂၉–၃၂)

ဂ၊ တိမ်တိုက် ဆက်လက်လိုက်ပါခြင်း

– *သူတို့သည် နေ့အချိန်၌ တပ်ချီ၍သွားသောအခါ ထာဝရဘုရား၏ မိုဃ်းတိမ်သည် သူတို့အပေါ်မှာရှိလေ၏။ သေတ္တာတော်သွားသောအခါ မောရှေက အိုထာဝရဘုရား ထတော်မူပါ၊ ကိုယ်တော်၏ရန်သူတို့သည် လွင့်ကြပါစေသော၊ ကိုယ်တော်ကိုမုန်းသောသူတို့သည် ရှေ့တော်မှ ပြေးကြပါစေသော ဟူ၍၄င်း၊ သေတ္တာတော်မသွားပဲ ရပ်နေသောအခါ အိုထာဝရဘုရား ဣသရေလအမျိုးသား အထောင်အသောင်းရှိရာသို့ ပြန်လာတော်မူပါ ဟူ၍၄င်း၊ လျှောက်ဆိုလေ့ရှိ၏ – (၁၀း၃၄–၃၆ )*

ဃ၊ မီးဖြင့်ဒါဏ်ခတ်ခြင်း (၁၁း၁–၃)၊ ဘုရားရှင်သည် ဣသရေလတို့၏ မြည်တမ်းငြီးငြူမှုအတွက် အမျက်ထွက်ခဲ့သည်။

င၊ မြည်တမ်းမှုအဖုံဖုံ (၁၁း၄–၉) – အီဂျစ်လိုလားသူ လူတစုသည် အစားအသောက်ကိစ္စအတွက် မကျေမနပ် မြည်တမ်းပြန်သည်။ – *အဲဂုတ္တုပြည်၌ အလိုအလျောက်စားရသော ငါးသား၊ သခွါးသီး၊ ဖရဲသီး၊ ကြက်သွန် အနီ၊ အဖြူ၊ အရိုင်းအမျိုးမျိုးတို့ကို အောက်မေ့၏။ ယခုမှာ ငါတို့အသက်သည် အားလျော့ပြီ။ ဤမန္နမှတပါး တစုံတခုကိုမျှ မမြင်ရဟု ဆိုကြ၏ – (၁၁း၅–၆)*

စ၊ စိတ်ပျက်နေသောပရောဖက် (၁၁း၁၀–၁၅)

၁. မောရှေက ဘုရားရှင် သူ့အားပေးအပ်ခဲ့သော ဣသရေလများကို ဦးဆောင်ရသည့်တာဝန်သည် အလွန်ကြီးမားလွန်းသဖြင့် မနိုင်တော့ကြောင်း အခြားသူများဖြင့် ကူညီပါရန် တောင်းခံခဲ့သည်။

၂. ဘုရားရှင်ကလည်း သဘောတူ၍ မောရှေအပေါ်၌ရှိသော သန့်ရှင်းသောဝိညဉ်တော်၏ တန်ခိုးအချို့ကိုယူ၍ ရွေးကောက်ထားသော ဣသရေလလူကြီး ၇၀ ဦးထံသို့ ပေးလေသည်။(၁၁း၂၅)

ဆ၊ သေမင်းတမန်အစာ (၁၁း၃၁–၃၄) – ဘုရားရှင်သည် အသားသာစားလို၍ မန္နမုန့် မစားလိုသောသူများကို ဒါဏ်ခတ်ခဲ့သည်။

ဇ၊ ဒုက္ခရောက်ရသောအမ (၁၂း၁–၁၅) – အာရုန်နှင့် မောရှေအမ မိရိအံသည် မောရှေယူသော မိန်းမကိစ္စကြောင့် မောရှေအားအပြစ်တင်၍ မိရိအံက ခေါင်းဆောင်လုပ်ရန် ကြံစည်သည်။ ဘုရားရှင်သည် မိရိအံကိုဆုံးမ၍ သူသည် နူနာစွဲသည်။ အာရုန်က မောရှေဆုတောင်းပေးရန် တောင်းခံသဖြင့် မောရှေဆုတောင်းပေးရာ မိရိအံ ပကတိပြန်ဖြစ်သည်။

## ၅။ ကာဒေရှဒေသရောက် ဣသရေလများ ( တော ၁၃ – ၁၄ )

က၊ ထိုးဖေါက်ဝင်ရောက်ခြင်း (၁၃း၁–၂၅)၊ မောရှေသည် ဣသရေလ တနွယ်လျှင်တယောက် လူစု၍ ကာနန်ပြည်တွင်းသို့ သူလျှိုအဖြစ် လျှို့ဝှက်ထိုးဖေါက် ဝင်ရောက်စေသည်။

ခ၊ ငြီးငြူစိတ်ပျက် မြည်တမ်းကြခြင်း (၁၃း၂၆ – ၁၄း၁၀)၊ ရက် ၄၀ လွန်၍ သူလျှိုများ ပြန်ရောက်လာကြသောအခါ ခရီးစဉ်ပါအတွေ့အကြုံကို အောက်ပါအတိုင်း အစီရင်ခံကြသည် ––

၁. အများစု၏အစီရင်ခံချက် – ဣသရေလ ၁၀ နွယ်၏ ကိုယ်စားလှယ်များက “ ငါတို့သည် နယ်မြေကို သိမ်းနိုင်မည်မဟုတ် ” (၁၃း၃၂–၃၃)

၂. အနည်းစု၏အစီရင်ခံချက် – ယောရှုနှင့် ကာလက်တို့နှစ်ဦးက “ ချက်ခြင်းချီသွား၍ ထိုပြည်ကို သိမ်းယူကြစို့ – ငါတို့အောင်နိုင်လိမ့်မည် ” (၁၃း၃၀)

၃. ပြည်သူများ၏ဆန္ဒ – “ ကျနုပ်တို့မသွားနိုင်ပါ ” (၁၄း၁–၃)

ဤသို့ ဆန့်ကျင်ငြင်းဆိုမှုသည် ဣသရေလတို့ ၁၀ ကြိမ်မြောက် ဘုရားရှင်ကို ငြင်းဆိုမှုဖြစ်သည်။ ထိုငြင်းဆန်မှု ၁၀ ကြိမ်မှာ –

က– ပင်လယ်နီ၌ (ထွက် ၁၄း၁၁–၁၂)
ခ– မာရအရပ်၌ (ထွက် ၁၅း၂၄)
ဂ– ကန္တာရ၌ပြုသော အပြစ် (ထွက် ၁၆း၂–၃)
ဃ– ရေဖိဒိမ်အရပ်၌ (ထွက် ၁၇း၁–၃)
င– သိန (ဆိုင်းနိုင်း) အရပ်၌ (ထွက် ၃၂း၁–၆)
စ– ကာဒေရှသို့သွား လမ်းတလျှောက်၌ သုံးကြိမ် (တော ၁၁း၁–၃၊ ၄–၉၊ ၃၁–၃၄)
ဆ– ကာဒေရှအရပ်၌ နှစ်ကြိမ် (တော ၁၄း၁–၄၊ ၁၄း၁၀)

ဂ၊ အပြစ်ဒါဏ်စီရင်ခြင်း – ယောရှုနှင့်ကာလက်တို့မှအပ မည်သည့် အသက် ၂၀ နှင့်အထက် ဣသရေလများကာနန်ပြည်သို့မဝင်ကြရ။ – *ထိုပြည်ကိုစူးစမ်းရာ နေ့ရက်ပေါင်း အရက်လေးဆယ်နှင့်အညီ တရက်ကို တနှစ်ထား၍ အနှစ်လေးဆယ်ပတ်လုံး ကိုယ်အပြစ်ကိုဆောင်လျက် ငါစွန့်ပစ်ခြင်းကို သိရကြလိမ့်မည် – (၁၄း၃၄)*

## ၆။ ဣသရေလများ ကာဒေရှဒေသမှ ယောဒန်မြစ်အရှေ့ဘက်ကမ်းသို့ ပြောင်းရွှေ့ကြခြင်း ( တော ၁၅ – ၃၆ )

ဤ ဦးတည်ရာမဲ့ သွားလာမှု၌ အောက်ပါအဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့သည်။

က၊ ဥပုသ်နေ့ဖျက်သူအား ခဲဖြင့် ပစ်သတ်ခဲ့သည်။(၁၅း၃၂–၃၆)

ခ၊ အပြစ်တင် ပြဿနာရှာသူ မြေမြိုခဲ့သည်။(၁၆း၁–၃၂)

၁. လေဝိအမျိုး ဩဇာရှိသူ ကောရသည် လူ ၂၅၀ ကိုအခြေခံဦးဆောင်၍ မောရှေ၏အုပ်ချုပ်မှုကို ဆန့်

ကျင်ခဲ့သည်။

၂. ဘုရားရှင်သည် ကောရအဖွဲ့အား မြေမြိုစေခြင်းဖြင့် ဒါဏ်ခတ်ပြခဲ့သည်။ ၎င်းပြင် ကျန်လူ ၁၄၇၀၀ ဦးတို့လည်း ဒါဏ်ခတ်ခံ သေပွဲဝင်ကြရသည်။

ဂ၊ အာရုန်၏လှံတံ အပွင့်ပွင့်ခဲ့သည်။(၁၇း၁-၁၃)

ဘုရားရှင်သည် ယဇ်ပုရောဟိတ်မင်း (ဗိမ္ဗာန်တော်၏အကြီးအကဲ) ရာထူးအတွက် ဣသရေလအမျိုး ၁၂ မျိုး၏ ကိုယ်စားလှယ်အမည်ပါ လှံတံ ၁၂ ချောင်းကို မဲဖေါက်စေရာ၊ နောက်တနေ့နံနက်တွင် လေဝိအမျိုး အာရုန်၏လှံတံ အပွင့်ထွက်နေသောကြောင့် အာရုန်၏ အမျိုးနွယ်ဆက်ကို ယဇ်ပုရောဟိတ်မင်းဆက်အဖြစ် ခန့်အပ်ခဲ့သည်။

ဃ၊ မောရှေ၏အမ မိရိအံသေခြင်း (၂၀း၁)

င၊ မောရှေ အပြစ်ပြုခြင်း (၂၀း၁-၁၃) - ဘုရားရှင်က ကျောက်ထဲမှသောက်ရေရရန် မောရှေအား တောင်ဝှေးဖြင့်ရိုက်စေခဲ့သည်။ မောရှေသည် ဤတကြိမ်၌ ဒေါသထွက်၍ ၂ ကြိမ်ရိုက်ခဲ့သည်။ ပြောဆိုသောစကားမှာလည်း ကြမ်းတမ်းလှသည်။ ဘုရားရှင်သည် မောရှေအား ဣသရေလများကို ကာနန်ပြည်အထိ ပို့ဆောင်ရမည့်သူအဖြစ်မှ ရုပ်သိမ်းခဲ့သည်။(၂၀း၁၂)

စ၊ ရိုးသားသော တောင်းဆိုမှု၏ရလဒ် (၂၀း၁၄-၂၂) - ဧသောအနွယ် ဧဒုံရှင်ဘုရင်သည် မိမိနိုင်ငံအတွင်းမှ ဣသရေလများ ဖြတ်သွားခွင့် တောင်းဆိုမှုကို ငြင်းပါယ်ခဲ့သည်။ ထို့ကြောင့် ဣသရေလများသည် မူလလမ်းကြောင်းထက် မိုင် ၁၈၀ ပို၍ ခရီးရှည်ခဲ့ရသည်။ ထိုလမ်းကား ကန္တာရလမ်းဖြစ်၍ လူဆိုးများပြားသောလမ်းဖြစ်သည်။

ဆ၊ ယဇ်ပုရောဟိတ်မင်း သေဆုံးခြင်း (၂၀း၂၃-၂၉)

၁. ဘုရားရှင် သည်မောရှေအား အာရုန်ကို ယဇ်ပုရောဟိတ်ရာထူးမှ ထုတ်ပယ်စေ၍ ထိုရာထူး၌ အာရုန်၏သား ဧလာဇာကို ခန့်အပ်စေခဲ့သည်။

၂. အာရုန်သည် အသက် ၁၂၃ နှစ်အရွယ်တွင် ကွယ်လွန်၍ သူ၏အလောင်းကို ဟောရတောင်ပေါ်၌ မြုပ်နှံခဲ့သည်။

ဇ၊ အဆိပ်မြွေပြဿနာ ရှင်းလင်းခဲ့ခြင်း (၂၁း၅-၉)

၁. ဘုရားရှင်သည် ဣသရေလများကို အဆိပ်မြွေများစေလွှတ်၍ ဒါဏ်ခတ်ခဲ့သည်။

၂. သူတို့နောင်တရသောအခါ အဆိပ်ပြေစေရန် နည်းလမ်းပေးခဲ့သည်။

၃. ကြေးဝါမြွေရုပ်ကို တောင်ဝှေးပေါ်တွင်လုပ်စေ၍ လူများမြင်နိုင်ရန် မြင့်သောနေရာ၌ စိုက်ထူခိုင်းခဲ့သည်။

၄. မြွေကိုက်ခံထိသူများ ထိုကြေးဝါမြွေရုပ်ကိုကြည့်ခြင်းဖြင့် အသက်ချမ်းသာရစေခဲ့သည်။

ဈ၊ လမ်းလွဲသောပရောဖက် (တော ၂၂ - ၂၄)

၁. ထိတ်လန့်ကြောက်ရွံနေသော မောဘဘုရင်ဗာလက်သည် မေသောပေါတာမိပြည်မှ လမ်းလွဲပရောဖက်ဗာလမ်ကို လက်ဆောင်ပဏ္ဏာများပေး၍ မိမိဆီသို့ ဦးတည်လာနေသော ဣသရေလများကို ကျိန်စာတိုက်ရန် ခေါ်ပင့်ခဲ့သည်။(၂၂း၁-၈)

၂. ဘုရားရှင်က ဗာလမ်အား ထိုအမှုကိုမပြုရန် တားခဲ့သည်။(၂၂း၉-၁၂)

၃. လက်ဆောင်ပဏ္ဏာများ ထပ်တိုးပေး၍ ခေါ်သောအခါ ဗာလမ်သည် သဘောတူ၍ ဗာလက်မင်း၏လူတို့နှင့်အတူ မောဘပြည်သို့ လိုက်ခဲ့သည်။

၄. မောဘပြည်သို့သွား လမ်းခရီး၌ မိမိစီးလာသောမြည်း၏ ဆန့်ကျင်မှုကိုခံရပြီး ထာဝရဘုရား၏သတ်ဖြတ်ခြင်းဘေးမှလည်း သီသီလေးလွတ်ခဲ့သည်။(တော ၂၂း၂၂-၃၅)

၅. ဗာလမ်သည် မောဘပြည်သို့ရောက်၍ တောင်ကုန်းတခုပေါ်မှနေ၍ ဣသရေလများကို ကျိန်ဆဲရန်နေရာယူခဲ့သည်။ သို့သော် သူ့နှုတ်ဖျားမှ ကျိန်ဆဲစကားထွက်မလာဘဲ ကောင်းကြီးစကားများသာ ထွက်ပေါ်လာခဲ့ရာ မောဘဘုရင် အမျက်ထွက်ခဲ့ရသည်။ သူပေးခဲ့သော ကောင်းကြီး ၄ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည် -

က- ပထမ ပရောဖက်ပြုချက် (၂၃း၁-၁၀)

(၁) ဣသရေလသည် သီးခြားလူမျိုးဖြစ်၍ မည်သည့်လူမျိုးနှင့်မျှ မရောနှောနိုင်။(၂၃း၉)

(၂) ဣသရေလမျိုးနွယ်သည် မြေမှုန့်ကဲ့သို့ များပြားမည်။(၂၃း၁၀)

ခ- ဒုတိယ ပရောဖက်ပြုချက် (၂၃း၁၁-၃၀)

ဣသရေလလူမျိုးအား ညှင်းဆဲနှောက်ယှက်မှုများကို ဘုရားရှင် ကြည့်ရှုနေတော်မမူ။(၂၃း၂၁)

ဂ- တတိယ ပရောဖက်ပြုချက် (၂၄း၁-၉)

(၁) ဣသရေလနိုင်ငံကို တည်ဆောက်ကြလိမ့်မည်။(၂၄း၅-၇)

(၂) ရန်သူတို့ကို ကိုက်ဝါး ချိုးဖဲ့နိုင်လိမ့်မည်။(၂၄း၈)

ဃ– စတုတ္ထ ပရောဖက်ပြုချက် (၂၄း၁၀–၂၅)

**မေရှိသို့ ပရောဖက်ပြုချက်** – *ထိုအရာကို ငါမြင်၏။ သို့သော်လည်း ယခုမဖြစ်ရသေး။ ထိုအရာကို ငါရှု၏။ သို့သော်လည်း ဖြစ်ရသောအချိန် မနီးသေး။ ကြယ်တလုံးသည် ယာကုပ်အမျိုး၌ ပေါ်ထွန်း၍ ရာဇလှံတံသည် ဣသရေလအမျိုး၌ ထင်ရှားလိမ့်မည်။ မောဘပြည်စွန်းတိုင်အောင် ထိခိုက်၍ မငြိမ်မဝပ် ရန်းရင်းခတ်ပြုတတ်သော သူအပေါင်းတို့ကို ဖျက်ဆီးလိမ့်မည် – (၂၄း၁၇)*

ည၊ မျိုးချစ်ပရောဖက် (တော ၂၅)

၁. ဗာလမ်သည် ကျိန်စာတိုက်နည်းဖြင့် ဣသရေလများကို ဖျက်ဆီးရန် မအောင်မြင်သော်လည်း နောက်တနည်းသုံး၍ ဣသရေလတို့ကိုဖျက်ဆီးရာ အောင်မြင်ခဲ့သည်။ ထိုနည်းမှာ မောဘအမျိုးသမီးများကို ဣသရေလအမျိုးသားများနှင့် မတရားမေထုန် ပြုစေခြင်းနည်းဖြစ်သည်။(၂၅း၁၊ ၃၁း၁၆)

၂. အာရုန်၏မြေးဟောင်းတဦးဖြစ်သူ ဖိနဟတ်သည် ဖြောင့်မတ်သူဖြစ်သဖြင့် ထိုမတရားမေထုန်ပြုသူများကိုသတ်ရာ ရှိမုန်အနွယ်အကြီးအကဲ ဇိမရိအပါအဝင် လူပေါင်း ၂၄၀၀၀ ခန့်သေကြသည်။ (၂၅း၇–၁၈)

ဋ၊ ဒုတိယအကြိမ် သန်းခေါင်စာရင်းကောက်ယူမှု (တော ၂၆)

၁. သန်းခေါင်စာရင်းကောက်ယူရာ၌ ဣသရေလ လူဦးရေပေါင်း ၆၀၁၇၅၀ ယောက်ရှိသည်။(ငယ် ၅၁) ဤသန်းခေါင်စာရင်း ကောက်ယူမှုသည် ပထမကောက်ယူမှုအပြီး အနှစ် ၃၀ အကြာတွင်ဖြစ်သည်။ ယှဉ်ကောက်ယူမှုစာရင်းထက် ၁၈၂၀ ဦး လျော့နည်းနေခဲ့သည်။

၂. ကာဒေရှဒေသ ပုန်ကန်မှုအတွင်း အသက် ၂၀ ကျော်လွန်နေသူများ ယခုအခါ တဦးမျှမကျန်၊ ကွယ်လွန်ကုန်ကြပြီဖြစ်သည်။ မောရှေ၊ ကာလက်၊ ယောရှု သုံးဦးသာ ကျန်တော့သည်။(၂၆း၆၄–၆၅)

၃. ထိုသန်းခေါင်စာရင်း ကောက်ယူမှုရလဒ်၌ ရှိမောင်အနွယ်ဝင်သည် ပထမ သန်းခေါင်စာရင်းကောက်ယူချိန်ကထက် ၃၇၁၀၀ ဦး လျော့နည်းခဲ့ပြီး မနာရှေအနွယ်ဝင်မှာမူ ၂၀၅၀၀ ဦးပိုခဲ့သည်။

ဌ၊ ခေါင်းဆောင်ပြောင်းလဲမှု (၂၇း၁၂–၂၃)

၁. ယဇ်ပရောဟိတ်မင်း ဧလောဇာနှင့် ပရိသတ်ရှေ့မှောက်၌ မောရှေသည် ယောရှုအားလက်တင်၍ မိမိ၏အခွင့်အာဏာနှင့် တာဝန်များကို ယောရှုအား အခမ်းအနားဖြင့် အပ်နှံခဲ့သည်။

၂. ယောရှုသည် ခေါင်းဆောင်အသစ်ဖြစ်ခဲ့သည်။ မောရှေကိုယ်တိုင် ဘိသိက်ပေးခဲ့ခြင်းဖြစ်သည်။

ဍ၊ မိဒျန်အမျိုးသားတို့ကို လက်စားချေခြင်း (၃၁)

၁. တိုက်ခိုက်ခြင်း (၃၁း၁–၆)

၂. တိုက်ပွဲ (၃၁း၇–၈)

၃. သန့်ရှင်းစင်ကြယ်ကြခြင်း (၃၁း၁၉–၂၄)

၄. သိမ်းပိုက်ရယူကြခြင်း (၃၁း၂၅–၅၄)

ဎ၊ လောကဆန်သော တိုက်ခိုက်ရေးသမားအချို့ (တော ၃၂)

၁. ရုဗင်အနွယ်၊ ဂဒ်အနွယ်တို့နှင့် မနာရှေအနွယ်ဝင် ထက်ဝက်တို့က ပါလက်စတိုင်းပြည် အရှေ့ပိုင်း ဂိလဒ်နယ်တဝိုက်ကို တိုက်ယူခွင့်ပေးရန် မောရှေထံမှ တောင်းဆိုကြသည်။

၂. မောရှေက သူတို့အား အခြားသောညီအကို အနွယ်များနှင့်အတူ ယော်ဒန်မြစ်ကိုကူး၍ ဂတိထားတော်မူသောပြည်ကို လက်တွဲတိုက်ခိုက် သိမ်းပိုက်ပြီးမှ အထက်ပါတောင်းဆိုချက်ကို လိုက်လျောမည်ဖြစ်ကြောင်း ပြောရာ သဘောတူညီကြသည်။

ဏ၊ ကယ်လွတ်ခွင့်ရသောမြို့ ၆ မြို့ (တော ၃၅)

၁. ထိုမြို့ ၆ မြို့မှာ ယောဒန်မြစ်အရှေ့ဘက်ကမ်းရှိ ဗေဇာ၊ ရာမုတ်၊ ဂေါလန်မြို့နှင့် အနောက်ဘက်ကမ်းရှိ ကာဒေရှ၊ ရှေခင်နှင့် ဟေဗြုန်မြို့တို့ဖြစ်သည်။(တော ၃၅း၁၀–၁၄၊ တရား ၄း၄၃၊ ယောရှု ၂၀း၇–၉)

၂. ထိုမြို့ ၆ မြို့မှာ အမွေခံနယ်မြေမရသော လေဝိအမျိုးသားပိုင် မြို့ ၄၈ မြို့၌ပါဝင်သော မြို့များဖြစ်သည်။

၃. ထိုမြို့ ၆ မြို့ကား စိတ်မပါဘဲ အမှတ်တမဲ့ လူသတ်မိသူများ လက်စားချေ သတ်ဖြတ်မခံရဘဲ ခိုလှုံနိုင်ခွင့်ရှိသော မြို့များဖြစ်သည်။

၄. ထိုမြို့၌ အမှတ်မထင်လူသတ်မှုဖြင့် ခိုလှုံနေသောသူသည် နိုင်ငံတော်ယဇ်ရောပဟိတ်မင်း သေသည့်အခါ အပြစ်လွတ်ခွင့်ရ၍ မိမိသွားလိုရာဒေသသို့ လွပ်လပ်စွာသွားနိုင်ခွင့် ရှိသည်။(၃၅း၂၅–၂၈)

# တရားဟောရာကျမ်း
## ( ယောဒန်မြစ်အရှေ့ဘက်ကမ်းရောက် ဣသရေလများ )

ယောဒန်မြစ်ကမ်းနားသို့ ရောက်သောအခါ မောရှေသည် ဣသရေလအမျိုးသားတို့အား သြဝါဒ ၃ ခုပေးခဲ့သည်။ ယောရှုသို့ အားပေးလှုံ့ဆော်ခဲ့သည်။ ဣသရေလ ၁၂ နွယ်ကို ကောင်းကြီးပေးခဲ့သည်။ ခမ္မတေး ရေးစပ်သီကုံး၍ ကွယ်လွန်ခဲ့သည်။

### ၁။ သူ၏သြဝါဒ ၃ ခု

က၊ ပထမသြဝါဒ (တရား ၁ – ၄)

၁. မောရှေက ဣသရေလတို့အား အတိတ်ကာလက သိနတောင်ပေါ်တွင်ပြခဲ့သော ဘုရားရှင်၏ အံ့ဘွယ် တန်ခိုးတော်အကြောင်းကို ပြောပြခဲ့သည်။(၄း၁၀–၁၉၊ ၃၂–၃၃)

၂. မောရှေက ဣသရေလတို့ ကာဒေရှဗာနာဒေသတွင် ပြုခဲ့သောအပြစ်အကြောင်းကို ပြန်လည်ဖော်ပြခဲ့သည် (၁း၂၇)။ ထိုအပြစ်ကြောင့် ၁၁ ရက်ကြာသွားရမည့် သိနမှ ခါနန်ပြည်ခရီးသည် ၃၈ နှစ်ကြာခဲ့ရသည်။(၁း၂)

၃. မောရှေက သူကျူးလွန်ခဲ့သော အပြစ်ကိုလည်းဖော်ပြ၍ ထိုအပြစ်ကြောင့် ခါနန်ပြည်သို့ သူမဝင်ခဲ့ရကြောင်းကို ဖော်ပြခဲ့သည်။(၃း၂၃–၂၇၊ ၄း၂၁–၂၂) (၃၁း၁)

၄. မောရှေက ဣသရေလတို့အား ခေါင်းဆောင်သစ်ယောရှုကို လေးစားနာခံကြရန် မှာကြားခဲ့သည်။ (၁း၃၈၊ ၃း၂၈) (၃၁း၇၊ ၈၊ ၂၃)

၅. အမှတ်တမဲ့ လူသတ်မိသူအတွက် မြို့ ၃ မြို့ကို ခွဲခြားသတ်မှတ်ပေးခဲ့သည်။(၄း၄၁–၄၃)

ခ၊ ဒုတိယသြဝါဒ (တရား၅–၂၆)

၁. ပညတ်တော် ၁၀ ပါးကို ပြန်လည်ဖတ်ကြားခဲ့သည်။(၅း၇–၂၁)

၂. မတရားမေထုန်ကိစ္စကို သတိပေးခဲ့သည် (၂၃း၁၇)။ မယုံကြည်သူများနှင့် မဆက်ဆံရေး (၇း၁–၅) နှင့် ကာလဗေဒင်ကိစ္စ မပြုကြရန်လည်း သတိပေးခဲ့သည်။(၁၈း၉–၁၄)

၃. မောရှေသည် ခါနန်ပြည်အကြောင်းကို ဖော်ပြခဲ့သည်။(၈း၇–၈)

၄. မောရှေက သိနတောင်ပေါ်တွင် သူနှင့်ဘုရားရှင် တွေ့ခဲ့ပုံ အတွေ့အကြုံကို ပြန်ပြောပြသည်။ (၉း၉–၂၁)

၅. မောရှေက ဣသရေလတို့အား ဘုရားရှင်ထံ ဆက်ကပ်ရမည့် အလှူကိစ္စကို စီရင်ပေးခဲ့သည်။(၂၆)

၆. ဝတ်စားဆင်ယင်မှုဥပဒေ (၂၂း၅)၊ အိမ်ထောင်ကွာရှင်းမှုဥပဒေ (၂၄း၁–၄)၊ အမျိုးသမီးအခွင့်အရေးဥပဒေ (၂၁း၁၀–၁၇၊ ၂၂း၁၃–၂၀) နှင့် စစ်တိုက်ခြင်းဥပဒေ (၂၀) တို့ကို မောရှေပြဋ္ဌာန်းခဲ့သည်။

၇. မောရှေသည် ဘုရားရှင်၏ ဣသရေလတို့အပေါ် ဦးတည်ချက်ရှိရှိဖြင့် ပြုလုပ်ခဲ့သော အစီအစဉ်ကို ဣသရေလမျိုးဆက်များအား ထာဝစဉ်စွဲမြဲ မှတ်သားထားစေခဲ့သည်။

*– ငါတို့ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့ သွင်း၍ နေရာချခြင်းအလို့ငှါ ထိုပြည်မှ နှုတ်ဆောင်တော်မူ၏ – (တရား ၆း၂၃)*

ဂ၊ တတိယသြဝါဒစာ (တရား ၂၇း၃၀)

၁. မောရှေသည် ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာနှင့် ကျိန်စာများကို ဂတိထားတော်မူရာ ပြည်သို့အဝင် တောင်ပေါ်မှ လေဝိအနွယ်တို့မှတဆင့် လူအများအား ဖတ်ကြားသိစေခဲ့သည်။ ကောင်းကြီးမင်္ဂလာများကို ဂေရဇိမ် တောင်ပေါ်မှ၄င်း၊ ကျိန်စာကို ဧဗလ တောင်ပေါ်မှ၄င်း ဖတ်ကြားစေခဲ့သည်။ (၁၁း၂၆–၂၉၊ ၂၇း၁–၁၄) ကောင်းကြီးမင်္ဂလာများကို (၂၈း၁–၁၄) ၌၄င်း၊ ကျိန်စာကို (၂၇း၁၅–၂၆၊ ၂၈း၁၅–၆၈) ၌၄င်း တွေ့နိုင်သည်။

၂. တရားဟောရာကျမ်း ၂၈ မှ ၃၀ ၌ ဣသရေလများ၏ အနာဂါတ်ကို ဖော်ပြခဲ့သည်။

က– ဣသရေလများ ယုံကြည်ခြင်းမရှိကြ၍ အရပ်အနှံ့အပြားသို့ ကွဲလွင့်ကြမည် (၂၈း၃၆၊ ၄၉–၅၃၊ ၆၃–၆၈၊ ၃၀း၁)။ ထိုအဖြစ်ပျက်မှ ဆီးရီးယား၊ ဗာဗုလုန်၊ ရောမနိုင်ငံများသို့ ဖမ်းသွား

ခံရမည့် ကိစ္စများနှင့် ယနေ့ ၂၀ ရာစုနှစ်များအတွင်း ခံစားရသော ဒုက္ခအထွေထွေများ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဟစ်တလာ၏ ရက်စက်ပုံများကိုပါ တွေ့နိုင်သည် (၂၈း၆၄–၆၇)။ အစ္စရေးတို့ ပျံ့လွင့်ခဲ့ရသည် (၂၈း၃၇)။ ခေါင်းဘ၀မှ အမြီးဘ၀သို့ လျှောကျခဲ့ရသည်။ (၂၈း၁၃၊ ၂၈း၄၄)

ခ– ထိုပျံ့လွင့်ချိန်၌ ဣသရေလများ နောင်တရကြမည်။(၃၀း၂)

ဂ– ခရစ်တော်ယေရှု တဖန်ပြန်ကြွလာ၍ သူတို့ကို သိမ်းဆည်းမည်။(၃၀း၃)

ဃ– ဣသရေလများ မိမိတိုင်းပြည်သို့ တဖန်ပြန်လည် ဝင်ရောက်ရကြမည်။(၃၀း၅)

င– ဣသရေလများ စိတ်နှလုံးအသစ်ဖြင့် ဘုရားကို လက်ခံကြမည်။(၃၀း၆)

စ– ဣသရေလများကို ညှဉ်းဆဲသူများ အပြစ်စီရင်ခံရမည်။(၃၀း၇)

ဆ– ဣသရေလနိုင်ငံတော် တဖန် စည်ပင်သာယာလာမည်။(၃၀း၉)

၃. မောရှေသည် မိမိလူမျိုးတို့အား ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာနှင့် ကျိန်စာလမ်း ၂ ခုကို ကြိုက်ရာရွေးရန် အပ်နှံ့သည် (၃၃၀း၁၁၅–၂၀)။ အထက်ပါသြဝါဒ ၃ ခု၌ မောရှေသည် ဘုရားရှင်နှင့် ပတ်သက်သော အရေးကြီးချက်များ ပါဝင်ခဲ့သည်။ ၄င်းတို့မှာ –

က– ဘုရားရှင်၏ သစ္စာရှိပုံ (၂း၇၊ ၄း၃၃–၃၈၊ ၇း၆–၈၊ ၈း၃–၄၊ ၉း၄–၆၊ ၂၉း၅–၆၊ ၃၂း၉–၁၄)

ခ– ဘုရားရှင်၏ နှုတ်ကပါတ်တော်အကြောင်း (၄း၁၊ ၂၊ ၇၊ ၉၊ ၁၁း၁၈–၂၁၊ ၃၀း၁၁–၁၄)

ဂ– ဘုရားရှင်၏ ပုဂ္ဂိုလ်အနေအထား (၆း၄–၅၊ ၇း၉၊ ၃၂း၃၉)

ဃ– ဘုရားရှင်၏ မေတ္တာတော် (၇း၁၃)

င– ဘုရားရှင်၏ ဘုန်းတော် (၄း၃၉၊ ၁၀း၁၇–၁၈)

စ– ဘုရားရှင်၏ ကျေးဇူးတော် (၇း၆–၉) (၉း၄–၆)

ဆ– ဘုရားရှင်၏ မဟာပရောဖက် (ယေရှု)

ဇ– ဘုရားရှင်၏ အလိုတော် (၁၀း၁၂–၁၆)

ဈ– ဘုရားရှင်၏ ရှင်ဘုရင် (၁၇း၁၄–၂၀)

ည– ဘုရားရှင်၏ ဣသရေလ (၄း၂၅–၃၁၊ ၁၁း၁၆–၁၇)

## ၂။ သူ၏ ယောရှုအပေါ်သို့ တိုက်တွန်းမှု ( တရား ၃၁ )

ထိုကျမ်းပိုဒ်များတွင် ကြည့်ပါ။(၃၁း၇၊ ၈၊ ၁၄၊ ၂၃)

## ၃။ သူ၏ သီချင်း

(၃၁း၁၉–၂၂၊ ၃၀၊ ၃၂း၁–၄၇) ဤအချိန်၌ မောရှေသည် သူ၏ ပင်တေတုစ်ခေါ် ကျမ်းပထမ ၅ ကျမ်းကို ရေးပြီးခဲ့သည်။(၃၁း၉၊ ၂၄)

## ၄။ သူ၏ ဣသရေလ ၁၂ နွယ်သို့ ကောင်းကြီးပေးမှု ( တရား ၃၃ )

## ၅။ သူကွယ်လွန်မှု ( ၃၁း၂၊ ၁၄–၁၈၊ ၃၂း၄၈–၅၂၊ ၃၄း၁–၁၂ )

# ယောရှုမှတ်စာ

ယောရှုမှတ်စာသည် နုန်၏သား ဣသရေလခေါင်းဆောင် ယောရှုအမည်ကိုခေါ်တွင်သော ကျမ်းစာဖြစ်သည်။ ယောရှုသည် မောရှေသေလွန်ပြီး နောက်ဆက်ခံသော ဣသရေလခေါင်းဆောင်ဖြစ်သည်။ ဤကျမ်းသည် ဣသရေ

လများက ဘုရားရှင်ပေးသော ဂတိထားတော်မူသောနယ်မြေကို အောင်မြင်စွာ ဝင်ရောက်သိမ်းပိုက်နိုင်ခြင်းကို ရေးသားသောကျမ်းဖြစ်သည်။

ဘုရားရှင်သည် ဣသရေလတို့အား ကူညီခဲ့ကြောင်း သူတို့ထံမှ ယုံကြည်ခြင်းနှင့် နားထောင်ခြင်း ၂ ခုကို သာလိုချင်ခဲ့ကြောင်း ထိုကျမ်း၌တွေ့နိုင်သည်။ ဘုရားရှင်သည် သူတို့နှင့်အတူ စစ်တိုက်တော်မူ၍ ဂတိထားတော်မူသောပြည်ကို သိမ်းပိုက်နိုင်ခဲ့ကြသည်။

သင်းအုပ်ဆရာ ဂျိမ်းဥရှာ၏မှတ်ချက်၌ ယောရှု ဣသရေလအမျိုးသားတို့အား ခေါင်းဆောင်ရသောကာလသည် ၂၆ နှစ်တာကြာခဲ့သည်။ ၁၄၅၁ ဘီစီတွင် စတင်ခေါင်းဆောင်ခဲ့သည်။ ထိုအချိန်၌ ယောရှုနှင့်ကာလက်သည် ဣသရေလလူမျိုးတို့တွင် အသက်အရှည်ဆုံးလူများ ဖြစ်ကြသည်။ အနှစ် ၈၀ ရှည်ကြသည်။

## ၁။ ဂတိထားတော်မူသောနိုင်ငံသို့ ဝင်ရောက်ကြခြင်း။ ဣသရေလတို့ သိမ်းပိုက်ရယူကြခြင်း ( ယောရှု ၁ – ၅ )

က၊ ကြိုတင်ပြင်ဆင်မှုများ (၁း၁–၉)

၁. ဘုရားရှင်၏ မိန့်မှာချက်များ

က– ယောရှုဦးဆောင်မှုဖြင့် ယော်ဒန်မြစ်ကိုဖြတ်ကူး၍ ပါလက်စတိုင်း (ခါနန်) ဒေသသို့ဝင်ရန် (၁း၁–၅)

ခ– ယောရှု သူအားယူ၍ မကြောက်မရွံ့ဘဲ ရဲရင့်ခြင်းရှိရန် (၁း၆)

ဂ– ယောရှုသည် ဘုရားရှင်ပညတ်တော်များကို ဦးထိပ်ပန်ဆင်ရွတ်ဆို၍ မတိမ်းမယိမ်း လိုက်နာရန် (၁း၇–၈)

ဃ– ဘုရားရှင်က ယောရှုအား စိတ်ချလက်ချရှိရန် " သွားလေရာရာ၌ သင်၏ဘုရားသခင် ထာဝရဘုရားရှိသည် " ဟု မိန့်တော်မူ၏။

၂. ယောရှုက ဣသရေလများသို့ ပြောဆိုချက်

*– သုံးရက်အတွင်းတွင် ဤယော်ဒန်မြစ်တဖက်သို့ ကူးရသောကြောင့် ရိက္ခာကို ပြင်ဆင်ရမည့်အကြောင်း လူများတို့အား ဆင့်ဆိုကြလော့ – (၁း၁၁၊ ၁း၁၆)*

ခ၊ လျှို့ဝှက်ဝင်ရောက် ထောက်လှမ်းခြင်း (၂း၁)

၁. ယောရှုသည် သူလျှို ၂ ယောက်ကို ထိုခါနန်ပြည် ယေရိခေါမြို့ရှိ ပြည့်တန်ဆာရာခပ်အိမ်သို့ စေလွှတ်၍ ထောက်လှမ်းစေခဲ့သည်။(၂း၁) (ပြည့်တန်ဆာနှင့်ပျော်ပါးရန်မဟုတ်၊ ပြည့်တန်ဆာ ကယ်တင်ခြင်းရရန်)

၂. ယေရိခေါဘုရင်သည် သူလျှိုဝင်ကြောင်းကို သိရှိသဖြင့် တပ်သားများကိုစေလွှတ်၍ ရှာဖွေစေသည်။ (၂း၂–၃)

၃. ရာခပ်သည်လည်း ခဏခြင်းတွင် ယုံကြည်သူဖြစ်လာ၍ သူလျှို ၂ ဦးအား ဝှက်ထားပေးခဲ့သည်။ သို့ဖြစ်၍ ယေရိခေါမြို့ ဖျက်ဆီးခံရသောအခါ သူမ လွတ်မြောက်ခဲ့ရသည်။(၂း၄–၆) (ရာခပ် မလိမ်ပေးလျှင်လည်း အခြားနည်းဖြင့် ဘုရားရှင် ကယ်တင်နိုင်သည်)

ဂ၊ ဖြတ်ကျော်ကြခြင်း (၃း၁၃)

၁. ယဇ်ပုရောဟိတ်များသည် ပဋိညာဉ်သေတ္တာတော်ကိုထမ်း၍ ရှေ့ဆုံးမှဦးဆောင်ကာ ယော်ဒန်မြစ်ကို ဖြတ်ကူးကြသည်။(၃း၆)

၂. ထိုသို့ ယဇ်ပုရောဟိတ်များ ယော်ဒန်မြစ်သို့ ဆင်းသောအခါ မြစ်ရေသည် စီးလာခြင်းရပ်၍ မြေပေါ်သဖြင့် ဣသရေလတို့သည် ရေမကူးရဘဲ ခြောက်သွေ့စွာ ရောက်သွားနိုင်ကြသည်။(၃း၁၃–၁၇)

ဃ၊ ကျောက်ခဲများ စုပုံကြခြင်း (၄း၁၊ ၈–၉၊ ၁၂)

၁. ထိုသို့ ယော်ဒန်မြစ်ကို ဖြတ်ကူးကြစဉ် ဣသရေလအမျိုးသား အုပ်စု ၁၂ စုမှ တစုလျှင် မြစ်ထဲမှ ကျောက်ခဲတတုံးစီ ပေါင်း ၁၂ တုံးကို မြစ်တဖက်ကမ်းသို့ တက်ရောက်ရာအရပ်တွင် အမှတ်တရ ပုံထားစေ၍ ယောရှုကိုယ်တိုင်ကမူ ယော်ဒန်မြစ်လယ်တည့်တည့် ယဇ်ပုရောဟိတ်များ နင်းခဲ့ရာမြေတွင် ကျောက် ၁၂ တုံး စုပုံထားခဲ့သည်။

၂. မြစ်တဖက်ကမ်းတွင် ပုံထားသောကျောက်ပုံမှာ ဣသရေလအမျိုး နောင်လာနောက်သားများ ဘုရားရှင်၏သစ္စာရှိပုံ၊ ရေကိုပြတ်စေခဲ့ပုံကို သိစေရန် သက်သေအဖြစ် ထားခဲ့ခြင်းဖြစ်သည်။ မြစ်အတွင်းတည်ခဲ့သောကျောက်ပုံမှာ ရှိနေသော်လည်း မြစ်ရေပြန်စီးသဖြင့် မတွေ့မြင်နိုင်ချေ။(၄း၄–၇) (သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံမှုကို ဆိုလိုသည်။ ယုံကြည်သူသည် မိမိယုံကြည်ကြောင်း နှုတ်မှ သက်သေခံသလို သန့်ရှင်းသောဝိညာဉ်တော်ကလည်း အတွင်းမှ သက်သေခံလျက် ရှိသည်။ ရော ၈း၁၆)

ဖြတ်ကျော်မှုများ ပြီးသောအခါ ယော်ဒန်မြစ်ရေသည် စီးမြဲအတိုင်း ပြန်စီးလေသည်။(၄း၁၈)

င၊ ဣသရေလလူမျိုးတို့ ဝိနည်းနှင့်ဆိုင်သော သန့်စင်မှုပြုခြင်း (၅း၂–၉)

ယော်ဒန်မြစ်တဖက်ကမ်းသို့ ရောက်ကြသောအခါ ဘုရားရှင်သည် ဣသရေလအမျိုး ယောကျ်ားတို့ကို

အရေဖျားလိုးမင်္ဂလာ ခံစေသည်။ ထိုဒေသကို ဂိလဂါလ ဟု ခေါ်တွင်သည်။ အဘယ်ကြောင့်ဆိုသော် ***"ကဲ့ရဲ့စရာအကြောင်းကို သင်တို့ထံမှ ငါပယ်ရှင်းပြီ "*** ဟု အဓိပ္ပါယ်ရသောကြောင့် ဖြစ်သည်။

စ၊ ပသခါပွဲ (၅း၁၀)

*– ဣသရေလအမျိုးသားတို့သည် ဂိလဂါလအရပ်တွင် တပ်ချ၍ ထိုလတဆယ့်လေးရက်နေ့ ညဦးယံ၌ ယေရိခေါလွင်ပြင်မှာ ပသခါပွဲကိုခံကြ၏ –*

ဆ၊ သဘောကျသော အစားအစာ (၅း၁၁–၁၂)

*– ပသခါပွဲကိုခံပြီးမှ နက်ဖြန်နေ့၌ ခါနာန်စပါးဖြင့်လုပ်သော တဆေးမဲ့မုန့်နှင့်ပေါက်ပေါက်ကို တနေ့ခြင်းတွင် စားရကြ၏။ ခါနာန်ပြည်စပါးကို စား၍ နက်ဖြန်နေ့၌ မန္နပြတ်လေ၏။ နောက်တဖန် ဣသရေလအမျိုးသားတို့သည် မန္နကိုမရကြ။ ထိုနှစ်တွင် ခါနာန်ပြည်၌ဖြစ်သော အသီးအနှံကို စားရကြ၏ –*

ဇ၊ ကောင်းကင်ဘုံမှလာသော မင်းသား (၅း၁၃–၁၅)

၁. ယေရိခေါမြို့ကို မဝင်တိုက်မီ ၁ ရက်အလိုတွင် ယောရှုသည် ကောင်းကင်ဘုံမှ ဧည့်သည်တဦးကို လက်ခံတွေ့ဆုံလေသည်။ ထိုသူမှာ ယေရှုကိုယ်တိုင်ပင် ဖြစ်သည်။

၂. ယောရှုသည် ထိုသူကို ပြပ်ဝပ်ကိုးကွယ်လေသည်။ ထိုသူက ယောရှုအား ဖိနပ်ကို ချွတ်စေခဲ့သည်။ (မာရှေအား ဖိနပ်ချွတ်စေခဲ့ခြင်းကို အမှတ်ရသင့်သည်။ ထွက် ၃း၅)

(မှတ်ချက်။ ။အကယ်၍ ကောင်းကင်တမန်ဖြစ်ပါက ယောရှု၏ပြပ်ဝပ်ခြင်းကို လက်ခံမည်မဟုတ်ပေ။ ဗျာ ၂၂း၈–၉)

## ၂။ ဣသရေလတို့ ထိုခါနာန်ပြည်သို့ ဝင်ရောက်သိမ်းပိုက်မှု ဖြစ်စဉ်များ ( ၆ – ၁၂ )

က၊ အလယ်ပိုင်းထိုးစစ် (ယောရှု ၆)

၁. ယေရိခေါမြို့။ ။မြို့ရိုးများ ပြိုလဲကုန်သည် (၆း၂၀)။ ဣသရေလများသည် မြို့ပတ်လည်ကို ပဋိညဉ်သေတ္တာတော်ကိုထမ်းလျှက် တနေ့လျှင်တကြိမ် ဝိုင်းပတ်လှည့်လည်ရာ ၆ ရက်ကြာမြင့်ခဲ့သည်။ ၇ ရက်မြောက်နေ့တွင် ၇ ကြိမ်တိုင်တိုင် မြို့ကိုလှည့်ပတ်၍ နောက်ဆုံးအပတ် လှည့်ရာတွင် တံပိုးကိုမှုတ်ခြင်းနှင့် ကြွေးကြော်ခြင်းကိုပြုလုပ်ရာ မြို့ရိုးများပြိုကျကုန်၏။ သို့ဖြစ်၍ မြို့ကို သိမ်းပိုက်နိုင်ကြ၏။ သူတို့သည် ထာဝရဘုရား စေခိုင်းချက်အတိုင်း တသွေမတိမ်း ပြုသောကြောင့် အောင်မြင်မှုရခြင်း ဖြစ်သည်။ ပြည့်တန်ဆာဖြစ်ခဲ့ဘူးသူ ရာခပ်နှင့်မိသားစုကိုမူ ချမ်းသာပေးခဲ့သည်။ ထိုမြို့ကို ပြန်လည်တည်ထောင်ခွင့် မရှိကြောင်း ယောရှုသည် ကျိန်ဆိုလေသည်။ နောင်အခါ ထိုမြို့ကိုပြန်တည်သူများ ကျိန်စာထိကြောင်းကို (၃ရာ ၁၆း၃၄) တွင် တွေ့နိုင်သည်။ အာဟပ်ဘုရင်၏ သားဦး အာခဇိနှင့် သားထွေး ယောရတို့ သေလေသည်။

၂. အာဣမြို့။ ။ဣသရေလတို့ မာနထောင်လွှားသောကြောင့် ရှုံးရ၏။(၇း၁–၁၃)
(မှတ်ချက်။ ။ဘုရားရှင်ကို မမေးမြန်းဘဲ လူတို့ကိုမေးခဲ့မှုကြောင့် ဖြစ်သည်။)

၃. အာခန်ဆိုသူ၏ မဖွယ်မရာလုပ်ရပ်ကြောင့် ရှုံးရခြင်းဖြစ်သည်။(၇း၁၀–၂၆)

က– ယောရှုသည် မိမိအဖွဲ့အတွင်း အပြစ်ရှိသူ ရှိကြောင်း ထာဝရဘုရားထံမှသိရ၍ စစ်ဆေးလေသည်။

ခ– ယုဒအနွယ် အာခန်ဆိုသူသည် ယေရိခေါမြို့ တိုက်ရာ၌ ရသောပစ္စည်းများကို ခိုးဝှက်ထားကြောင်း ဖော်ထုတ်သိရှိရသည်။

ဂ– အာခန်သည် ထိုအပြစ်ဒါဏ်ကြောင့် အာခေါ်ချိုင့်ဝှမ်းတွင် သေဒါဏ်ပေးခြင်းခံရသည်။ ထို့နောက် အာဣမြို့ကို တိုက်ခိုက်အောင်မြင်သည်။(၈း၁–၂၉)

၄. ဂေရဇိမ်နှင့်ဧဗလတောင်။ ။ပညတ်တော်များကို ရေးကူးခြင်း (၈း၃၀–၃၅)၊ ထိုတောင် ၂ လုံးပေါ်၌ ယောရှုသည် ဣသရေလအမျိုးသားတို့အား ထာဝရဘုရားထံမှ မောရှေထားခဲ့သော ကောင်းကြီးမင်္ဂလာစကားနှင့် ကျိန်သောစကားများကို ဖတ်ရွတ်လေသည်။

ခ၊ တောင်ပိုင်းထိုးစစ် (၉ – ၁၀)

၁. ဂိဗောင်မြို့။ ။ထိုမြို့သည် ပရိယာယ်ဖြင့် ယောရှုကိုလှည့်စားသဖြင့် ယောရှုသည် ထိုမြို့ကို မဖျက်ဆီးရန် ဂတိပြု၍ ငြိမ်းချမ်းရေးပေးခဲ့ရသည်။(၉း၃–၂၇)

၂. အာယလုန် ချိုင့်ဝှမ်း။ ။နေမင်းသည် ရပ်ဆိုင်းနေခဲ့သည်။(၁၀း၁–၁၄)
ယောရှုသည် ယေရုရှလင်မင်းကြီးနှင့် သူ၏ မဟာမိတ်တပ်ပေါင်းစုကို တိုက်ခိုက်ခဲ့သည်။ ဘုရားရှင်ကလည်း သူတို့ကို မိုးသီးများဖြင့် ဒါဏ်ခတ်ခဲ့သည်။ ထိုတိုက်ပွဲများအတွင်း ယောရှု၏တောင်းဆိုမှုကြောင့် ဘုရားရှင်သည် နေမင်းကို ရပ်တန့်စေခဲ့ခြင်းဖြင့် ဣသရေလတို့သည် ရန်သူများကို တကြိမ်တည်း အပြီးအပိုင် သုတ်သင်နိုင်ခဲ့သည်။

၃. မက္ကဒါ လှိုင်ခေါင်း။ ။ရန်သူဘုရင် ၅ ပါးတို့ ပုန်းအောင်းရာနေရာ (၁၀း၁၅–၄၃)၊ ရန်သူ ယေရုရှလင်ဘုရင်နှင့် အပေါင်းအပါဘုရင် ၄ ဦးတို့ကို မက္ကဒါလှိုင်ခေါင်း၌တွေ့ရှိ၍ ဖမ်းဆီးခဲ့ပြီး ဣသရေလစစ်သားများသည် ထိုဘုရင်များ၏လည်ဂုတ်ပေါ်တွင် ခြေထောက်ကိုတင်ကြ၏။ ၎င်းနောက် ထိုရန်သူဘုရင်များကို ကွပ်မျက်၍ သစ်ပင်၌ ဆွဲထားကြ၏။

ဂ၊ မြောက်ပိုင်းထိုးစစ် (၁၁ – ၁၂)

၁. မေရုံအိုင်ဒေသ။ ။ရန်သူမြင်းတပ် ပျက်ခြင်း (၁၁း၆–၉)၊ ယောရှုသည် ရန်သူမြင်းတို့၏ ခြေထောက်အကြောများကို ဖြတ်သဖြင့် ရန်သူမြင်းတပ်သည် တိုက်ပွဲမဝင်နိုင်တော့ချေ။ သို့သော် အခြားလယ်ယာလုပ်ငန်းများတွင်မူ သုံးနိုင်သည်။ ထိုဒေသ၌လည်း ယောရှုအောင်ပွဲခံလေသည်။

၂. ဟာဇော်မြို့။ ။မီးရှို့ဖျက်ဆီးခြင်း ခံရသည် (၁၀း၁၃)၊ ဟာဇော်ဘုရင် ယာဘိန်သည် သူ၏မဟာမိတ်များနှင့်အတူ ဣသရေလတို့ကိုတိုက်ရာ နောက်ဆုံး ဣသရေလတို့၏ ချေမှုန်း သုတ်သင်ခြင်းကိုခံရ၍ ဟာဇော်မြို့ပါ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည်။

## ၃။ နယ်မြေကိုခွဲဝေ၍ ဣသရေလလူမျိုးစုများ ပိုင်ဆိုင်ယူကြခြင်း ( ၁၃ – ၂၄ )

က၊ နယ်မြေကိုခွဲဝေခြင်း။ ။သိမ်းပိုက်မိသော ခါနန်ပြည်တခုလုံးကို ယဇ်ပုရောဟိတ် ဧလာဇာ၊ ယောရှုနှင့် ဣသရေလအနွယ်စုမှ ခေါင်းဆောင်များ အသီးသီး ခွဲဝေကြသည်။(၁၄း၁–၂၊ ၁၉း၅၁)

၁. ယော်ဒန်မြစ် အရှေ့ဘက်နယ်မြေ (တချိန်က သူတို့ ယောရှုထံတောင်းဆိုသော နယ်မြေ)၊ ရုဗင်နွယ်စု၊ ဂဒ်အနွယ်စုနှင့် မနာရှေအနွယ်စုမှ လူတဝက် ခွဲယူကြသည်။ (ယောသပ်အတွက် မနာရှေနှင့်ဧဖရိမ် ၂ နွယ်ရှိသည်ကို သတိပြုပါ)

၂. ယော်ဒန်မြစ် အနောက်ဖက်နယ်မြေ။ ။ယုဒအနွယ်စု၊ ဧဖရိမ်အနွယ်စုနှင့် မနာရှေအနွယ်စုမှ လူထက်ဝက်၊ ဗယ်္ဂမိန်အနွယ်စု၊ ရှိမောင်အနွယ်စု၊ ဇာဗုလုန်အနွယ်စု၊ ဣသခါအနွယ်စု၊ အာရှာအနွယ်စု၊ နဿလိအနွယ်စုနှင့် ဒန်အနွယ်စုတို့ ခွဲဝေယူကြသည်။

၃. လေဝိအတွက်နယ်မြေ။ ။လေဝိအနွယ်သည် နယ်မြေမရရှိပေ။ ဘုရားရှင်ကိုယ်တိုင် သူတို့ကို ထောက်ပံ့မည်ဖြစ်သည် (၁၃း၃၃)။ သို့သော် ဣသရေလအနွယ်စု ၁၁ စုတို့သည် မိမိတို့ပိုင်ဆိုင်ရာဒေသတွင် မြို့တော်ပေါင်း ၄၈ မြို့ကို လေဝိအမျိုးသားတို့အား ပေးကြသည်။(၂၁း၄၁)

ခ၊ ရဲရင့်သော စစ်သူကြီးတဦး။ ။ကာလက်အမည်ရှိသော ၈၅ နှစ်အရွယ် လူတဦးသည် ယောရှုထံသို့ ဝင်ရောက်တွေ့ဆုံ၍ သူသည်တချိန်က မောရှေမှ ဤဒေသသို့ စေလွှတ်ခဲ့သူဖြစ်ကြောင်း (ယုံကြည်ခြင်းအမြဲခိုင်နေသူ) ရှင်းပြ၍ ယောရှုထံမှ နယ်မြေနှင့် တောင်ပေါ်ဒေသတခုကို ပိုင်ဆိုင်ခွင့်ရရှိလေသည်။ (၁၄း၆–၁၄)

ဂ၊ ယဇ်ပလ္လင်ရှေ့ သြဝါဒပေးခြင်း (၂၂)

၁. နယ်မြေများကို ခွဲဝေပြီးနောက် ဣသရေလများသည် ရှိလောမြို့၌ ဘုရားရှင်၏သေတ္တာတော် ထားရန် တဲတော်ကို ဆောက်လုပ်ကြ၏။(၁၈း၁)

၂. ယောရှုသည် ဣသရေလအနွယ်စု ၂ စုခွဲကို ရှိလောမြို့သို့ခေါ်၍ စုဝေးစေပြီး ကောင်းကြီးပေး၍ သူတို့ရွေးချယ်ရာ ယော်ဒန်မြစ် အရှေ့ဘက်ကမ်းနယ်မြေသို့ ပြန်လွှတ်လိုက်လေသည်။(၂၂း၁–၉)

၃. အပြန်ခရီး ယော်ဒန်မြစ်သို့မကူးမီ ထိုအနွယ်စု ၂ စုခွဲသည် ထာဝရဘုရားအဘို့ ကြီးမားသောယဇ်ပလ္လင်ကြီးကို တည်ဆောက်ကြသည်။ အဓိပ္ပါယ်မှာ မိမိတို့အနွယ်စု ၂ စုခွဲနှင့် မိမိတို့သားမြေးများသည် ယော်ဒန်မြစ်အရှေ့ဘက်တွင် နေလင့်ကစား ယော်ဒန်မြစ်အနောက်ဘက်ကမ်းနေ အနွယ်စု ၉ စုခွဲနှင့် တလုံးတဝတည်းရှိကြောင်း သက်သေပြခြင်းဖြစ်သည်။

၄. ထိုကိစ္စအပေါ် အနောက်ဘက်ကမ်းနေ အနွယ်စု ၉ စုခွဲက နားလည်မှုလွဲမှားသဖြင့် ဆိုးဝါးသော ပြည်တွင်းစစ် ဖြစ်မည့်အခြေသို့ ရောက်ရှိခဲ့လေသည်။(၂၂း၁၂) (ရုပ်ထုဆင်းတု ကိုးကွယ်သည်ဟု ထင်မှတ်ခြင်း ဖြစ်သည်)

၅. သို့သော် အာရုန်၏မြေး ယဇ်ပရောဟိတ် ဧလာဇာ၏သား ဖိနဟတ်နှင့် အနွယ်စု ၁၀ စုမှ ခေါင်းဆောင် ၁၀ ဦး၊ ပေါင်း ၁၁ ဦးက ထိုဒေသသို့ သွားရောက်ဆွေးနွေးရာမှ အဖြစ်မှန်ကို သိရှိကြသဖြင့် ဝမ်းမြောက်စွာ ပြန်ကြလေသည်။(၂၂း၁၃–၃၄)

ဃ၊ နောက်ဆုံးသြဝါဒဖြင့် မိန့်မှာခြင်း (၂၃ – ၂၄)၊ ယောရှု၏ ဣသရေလများထံ နောက်ဆုံးမိန့်မှာချက် –

၁. သူသည် ဣသရေလတို့အား ဘုရားရှင်သည် ကောင်းမြတ်တော်မူကြောင်း သတိရစေသည်။(၂၃း၃)

၂. သူသည် ဣသရေလတို့အား ထာဝရဘုရားကို ငြင်းဆန်ခြင်းမပြုကြရန် သတိပေးနှိုးဆော်သည်။ (၂၃း၁၁–၁၃)

၃. သူသည် ဣသရေလများတို့အား အတိတ်ကာလမှ ယခုထိ ခံစားရသော ကောင်းကြီးမင်္ဂလာများကို

နောက်ကြောင်းပြန် ပြောပြသည်။(၂၄း၁–၁၃)

၄. သူသည် ဣသရေလတို့အား ထာဝရဘုရားကိုသာ ဝတ်ပြုကြရန် ဂတိပြု ဝန်ခံစေခဲ့သည်။ (၂၄း၁၄–၁၈)

၅. သူသည် ဣသရေလတို့၏ အထက်ပါဝန်ခံချက်ကို ကျမ်းစာ၌ မှတ်တမ်းတင်ထား၍ ယောရှုမှတ်စာ ဟု တွင်လေသည်။(၂၄း၂၆)

၆. ယောရှုသေလွန်၍ ကောင်းကင်ဘုံသို့ ရောက်လေသည်။(၂၄း၂၉)

# တရားသူကြီးမှတ်စာ

ယောရှုကွယ်လွန်ပြီးနောက် ဘုရားရှင်သည် ဣသရေလအနွယ်စု ၁၂ စုထဲမှ အမျိုးသား ၁၂ ယောက်နှင့်အမျိုးသမီး ၁ ဦးကို တရားသူကြီးများအဖြစ် ဣသရေလနိုင်ငံကို အုပ်ချုပ်ရန် ခန့်အပ်လေသည်။ ထို ၁၃ ဦးသည် ဘုရားရှင်အလိုတော်အတိုင်း အမှုဆောင်ကြသည်။ သူတို့သည် များသောအားဖြင့် ဣသရေလလူမျိုးများ ဒုက္ခနှင့်နှိပ်စက်ကလူပြု ခံရမှုများမှ လွတ်မြောက်အောင် လုပ်ဆောင်ခဲ့ကြသည်။ ထိုသူများအထဲမှ နောက်ဆုံးဖြစ်ခဲ့သော တရားသူကြီးမှာ ယဇ်ပုရောဟိတ် ရှမွေလဖြစ်သည်။ ဤကျမ်း၌ ဣသရေလများ ဘုရားရှင်ကို ၇ ကြိမ် စွန့်ပစ်ကြ ပုံ၊ အခြားနိုင်ငံ ၇ ခု၏လက်အောက်သို့ ၇ ကြိမ်ကျရောက်ခဲ့ပုံ၊ ဘုရားရှင်က ဣသရေလတို့ ပုံမှန်အခြေအနေ ပြန်ဖြစ်ရန် ၇ ကြိမ် ဆောင်ရွက်ခဲ့ပုံများကို တွေ့နိုင်သည်။ ထိုကျမ်းသည် ဣသရေလလူမျိုးတို့၏ အကြောင်းကို ပုံဖော်ပြသောကျမ်းဖြစ်သည်။ ထိုနေ့ရက်ကာလများတွင် ဣသရေလတို့သည် ရှင်ဘုရင်မရှိ၍ သူတို့သည် မိမိတို့ကြိုက်နှစ်သက်ရာလမ်းကို ကြိုက်သလို ရှောက်နေချိန်ဖြစ်သည် (၂၁း၂၅)။ ထိုအချိန်များသည်ကား ဖောက်ပြန်မှုလမ်းလွဲမှုများဖြစ်နေသော အချိန်များဖြစ်သည်။ ထိုကာလသည် ၃၀၅ နှစ်ကြာခဲ့သည်။

## ၁။ ဘုရားရှင်၏ကောင်းကင်တမန် ( ခရစ်တော်ကိုယ်တိုင် )

ကျ၊ သူ၏ ဣသရေလသို့ ပြောကြားချက် (၂း၁–၅)

ခ၊ သူ၏ ဂိဒေါင်သို့ ပြောကြားချက် (၆း၁၂၊ ၂၀–၂၂)

ဂ၊ သူ၏ ရှံဆုံမိဘများသို့ ပြောကြားချက် (၁၃း၃၊ ၆၊ ၉၊ ၁၃၊ ၁၅–၁၈၊ ၂၀–၂၁)

## ၂။ ဘုရားရှင်၏ဝိညာဉ်တော်

က၊ ဩသံယေလအပေါ်သို့ တည်ခြင်း (၃း၁၀)

ခ၊ ဂိဒေါင်အပေါ်သို့ တည်ခြင်း (၆း၃၄)

ဂ၊ ယေဖသအပေါ်သို့ တည်ခြင်း (၁၁း၂၉)

ဃ၊ ရှံဆုံအပေါ်သို့ တည်ခြင်း (၁၃း၂၅၊ ၁၄း၆၊ ၁၉၊ ၁၅း၁၄၊ ၁၉)

## ၃။ မကောင်းဆိုးဝါးဝိညာဉ် ( ၉း၃ )

## ၄။ စစ်တပ်ဖွဲ့များ ပြန်လည်တည်ဆောက်ခဲ့ကြသူ တရားသူကြီး ၁၂ ဦး

က၊ ပထမတရားသူကြီး – ဩသံယေလ (၁း၁၂–၁၃၊ ၃း၈–၁၁) (၎င်းသည် ကာလက်၏သားမက် ဖြစ်သည်)

၁. ဣသရေလကို ဖိနှိပ်ကျွန်ပြုသောနိုင်ငံ – မေသောပေါတာမိ

၂. ဖိနှိပ်ကျွန်ပြုသော ကာလ အကြာအရှည် – ၈ နှစ်

၃. ဧချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၄၀ နှစ်

၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ

က– သူသည် ခိုင်မာသောကာနန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

ခ– သူသည် မေသောပေါတာမိလူမျိုးတို့ကို နှင်ထုတ်နိုင်ခဲ့သည်။

ခ၊ ဒုတိယတရားသူကြီး – ဧဟုဒ (၃း၁၂–၃၀)

၁. ဣသရေလကို ဖိနှိပ်ကျွန်ပြုသောနိုင်ငံ – မောဘ
၂. ဖိနှိပ်ကျွန်ပြုသော ကာလ အကြာအရှည် – ၁၈ နှစ်
၃. ငြိမ်းချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၈၀ နှစ်
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ
ဘယ်သန် ဗယ်ာမိန်အမျိုးသား သူရဲကောင်းသည် ဣသရေလများက မောဘဘုရင် ဧဂလုံထံ သံ လျက်ဆောင်ပို့သောအချိန်၌ ယေရိခေါမြို့၌ မောဘဘုရင်ဧဂလုံကို လုပ်ကြံနိုင်ခဲ့သည်။ ထို့နောက် ဣသရေလများကိုစုစည်း၍ ရန်သူကိုတိုက်ရာ ရန်သူ ၁၀၀၀၀ ကို သတ်ဖြတ်နိုင်ခဲ့သည်။ သူသည် ဣသရေလနိုင်ငံကို နှစ်ပေါင်းအကြာဆုံး အန္တရာယ်ကင်းအောင် အုပ်ချုပ်နိုင်သူဖြစ်သည်။

ဂ၊ တတိယတရားသူကြီး – ရှံဂါ (၃း၃၁)
၁. ဣသရေလကို ဖိနှိပ်ကျွန်ပြုသောနိုင်ငံ – ဖိလိတ္တိ
၂. ဖိနှိပ်ကျွန်ပြုသော ကာလ အကြာအရှည် – မသိ
၃. ငြိမ်းချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – မသိ
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ
သူသည် နွားနှင်တံတုတ်ချွန်ဖြင့် ဖိလိတ္တိစစ်သား ၆၀၀ ကိုသတ်ဖြတ်နိုင်ခဲ့သည်။

ဃ၊ စတုတ္ထတရားသူကြီး – ဗာရက် (ဒေဗောရကူညီသည်) (၄–၅)
၁. ဣသရေလကို ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – မြောက်ပိုင်းကာနန်
၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ၂၀ နှစ်
၃. ငြိမ်းချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၄၀ နှစ်
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ
ဟာဇော်ဘုရင်သည် သံရထား ၉၀၀ ရှိသော လက်ရုံးတော်ဗိုလ်ချုပ် သိသရဖြင့် ဣသရေလတို့ကို ကျွန်ပြု အုပ်ချုပ်ခဲ့သည်။ ထိုအခါ ပရောဖက်မ ဒေဗောရ တိုက်ခိုက်ရေးမှူး ဗာရက် တို့သည် ဣသ ရေလ ၁၀၀၀၀ ကို တာဗောတောင်ပေါ်တွင် စုစည်း၍ ရန်သူကို တိုက်ခိုက်အောင်မြင်ခဲ့သည်။ နောက်ဆုံးတွင် ဗိုလ်ချုပ် သိသရ သည် စစ်ရှုံး၍ထွက်ပြေးရာမှ တဲတခုအတွင်း ယေလ အမည်ရှိ သော အမျိုးသမီး၏ သတ်ဖြတ်ခြင်းကို ခံရသည်။ ဒေဗောရ နှင့် ဗာရက် တို့သည် ထိုအောင်ပွဲ ကြောင့် ဘုရားရှင်၏ဂုဏ်တော်ကို ချီးမွမ်းကြသည် (၅)။ (ဗာရက် သည် ဒေဗောရ မပါဘဲ မလုပ်ရဲ သည့် ယုံကြည်မှု အားနည်းသည့်သဘော ရှိသည်။ ထို့ကြောင့် ရန်သူ သိသရ သေရာ၌ အမျိုးသမီး တဦးက လုပ်ဆောင်ပေးရသည်)

င၊ ပဉ္စမတရားသူကြီး – ဂိဒေါင် (၆–၈)
၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – မိဒျန်
၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ၇ နှစ်
၃. ငြိမ်းချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၄၀ နှစ်
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ
က– ဂိဒေါင်သည် စပျစ်သီးနယ်ရာ တန်ဆာနားမှာ ဂျုံစပါးကို ကြိတ်လျက်ရှိစဉ်၊ ဘုရားရှင်၏ ကောင်းကင်တမန်သည် ဂိဒေါင်အားထင်ရှားပြ၍ မိဒျန်လူမျိုးတို့အား တော်လှန်တိုက်ခိုက်ရန် စေခိုင်းလေသည်။ ဂိဒေါင်သည် ထိုအမိန့်ကိုနားထောင်၍ ထာဝရဘုရား၏ ကောင်းကင်တမန် ကိုဖူးတွေ့ရာအရပ်၌ ယဇ်ပလ္လင်လုပ်၍ " ယေဟောဝါရှာလုံ " ဘုရားရှင်၏ ငြိမ်သက်ခြင်းစေ လွှတ်ရာအရပ် ဟု ခေါ်တွင်လေသည်။ ဂိဒေါင်သည် မိမိအဘနှင့်မိသားစုများ လူအများကိုး ကွယ်နေသော ဗာလဘုရားရုပ်တုကို ဖြိုဖျက်၍ ထာဝရဘုရား၏ယဇ်ပလ္လင်၌ ယဇ်ပူဇော်ခြင်းပြု သည်။
ခ– ဂိဒေါင်သည် ဘုရားရှင်ထံမှ နိမိတ်လက္ခဏာ (၆း၃၆–၄၀) ကိုတောင်းခဲ့ပြီးမှ လူ ၃၂၀၀၀ ပါ သောတပ်ကြီးကို ဖွဲ့စည်းလေသည်။ ထာဝရဘုရားသည် ထိုလူအင်အားများမှုကို လျှော့ချရာ နောက်ဆုံး လူ ၃၀၀ သာ လက်ရွေးစဉ်ရွေး၍ ရန်သူအင်အား ၁၃၅၀၀၀ ကိုတိုက်ခိုက်စေသည်။ (၇း၁–၇၊ ၈း၁၀)
ဂ– တိုက်ပွဲမတိုင်မီတညတွင် ရန်သူတပ်သား ၂ ဦး၏ အိပ်မက် အမေးအဖြေအားဖြင့် မိမိတို့ အောင်ပွဲခံမည့်သတင်းကို ဂိဒေါင်သိရလေသည်။(၇း၉–၁၅)
ဃ– ဂိဒေါင်သည် ထိုညတွင် မိမိအင်အားကို ၃ စုခွဲ၍ မိမိအချက်ပြစ်သည်များက တံပိုးမှုတ်သော အခါ ရန်သူတပ်နားတွင်ရှိသော မိမိတပ်သားများက ကိုင်ထားသောမြေအိုးကိုခွဲ၍ မီးခွက်ကို ကိုင်လျက် တံပိုးမှုတ်ပြီး " ထာဝရဘုရားနှင့် ဂိဒေါင်၏ဓါး " (၇း၁၆–၂၂) ဟု ဟစ်အော်ကြ သည်။ ထိုအခါ မိဒျန်တပ်သားများသည် တယောက်ကိုတယောက် ထိုးခုတ်သဖြင့် တပ်ပျက်

လေသည်။(၇း၂၂)

င– အထက်ပါတိုက်ပွဲများကြောင့် ဂိဒေါင်နှင့်သူ့တပ်ဖွဲ့သည် ဣသရေလအမျိုး ဧဖရိမ်အနွယ်စု၏ မနာလိုခြင်း ခံခဲ့ရသည် (၈း၁–၃)။ သို့သော် ဂိဒေါင်ရှင်းပြ၍ စိတ်ပြေကြသည်။ ဂိဒေါင်သည် ယော်ဒန်မြစ်ကမ်းအနီး မြို့အချို့တို့အား မိမိတပ်သားများကို မကူညီခဲ့မှုအတွက် ဒါဏ်ခတ်ဆုံးမလေသည်။(၈း၄–၂၁)

စ– အောင်ပွဲခံပြီးနောက် ဂိဒေါင်သည် မိဒျန်လူတို့၏ ဘုရင်တင်မြှောက်မှုကို ငြင်းဆန်ခဲ့သည်။ သို့သော် ဂိဒေါင်သည် မိဒျန်လူများထံမှ ရွှေနားတောင်းများ တောင်းခဲ့၍ ယဇ်ပုရောဟိတ် ရွှေသင်တိုင်းအဝတ်လုပ်ပြီး ဩဖရမြို့မှာထားလေသည်။ ထိုအလုပ်သည် နောင်အခါ ဣသရေလလူမျိုးများ ထိုအဝတ်ကိုကိုးကွယ်ကြမည့် အမှားအယွင်း၏ အစ ဖြစ်စေခဲ့သည်။(၈း၂၂–၂၃)

စ၊ ဆဋ္ဌမတရားသူကြီး – တောလ (၁၀း၁)

၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – ဖော်ပြခြင်းမရှိ

၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ဖော်ပြခြင်းမရှိ

၃. ငြိမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၂၃ နှစ်

၄. လုပ်ကိုင်ဆောင်ရွက်ခဲ့ပုံများ – ဖော်ပြခြင်းမရှိ

ဆ၊ သတ္တမတရားသူကြီး – ယာဣရ

၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – ဖော်ပြခြင်းမရှိ

၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ဖော်ပြခြင်းမရှိ

၃. ငြိမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၂၂ နှစ်

၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံ

သူနှင့်သူ့သား ၃၀ တို့သည် ဖိနှိပ်ကျွန်ပြုခံခဲ့ရသော မိမိတို့မြို့ ၃၀ ကို ပြန်တည်ထောင်ကြသည်။ (လားစီးခြင်းသည် နိမ့်ချသောသဘောဖြစ်သည်)

ဇ၊ အဋ္ဌမတရားသူကြီး – ယေဖသ (၁၀း၆–၁၂၊ ၁၇)

၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – အမ္မုန်

၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ၁၈ နှစ်

၃. ငြိမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၆ နှစ်

၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ

က– ဤတကြိမ်တွင်လည်း ဘုရားရှင်သည် ဣသရေလတို့ အပြစ်များကို ကျူးလွန်ခြင်း၊ ရုပ်တုဆင်းတု ကိုးကွယ်ခြင်း၊ ဘုရားရှင်ကို စွန့်ပစ်ခြင်းတို့ကို ပြုလုပ်ကြသည့်အတွက် ရန်သူမှ ညှင်းဆဲမှုအခွင့်ကို ပေးတော်မူ၏ (၁၀း၁၀–၁၆)။ ဘုရားသခင်သည် ဣသရေလတို့၏ ထိုကဲ့သို့သောလုပ်ရပ်များကို ယခင်ကလည်း ထိုသို့ ပြုခဲ့ဘူးသည် (၂း၁–၅၊ ၁၁–၂၅၊ ၆း၈–၁၀)။ သို့သော် ဘုရားရှင်သည် သူတို့၏ တောင်းပန်သံကြောင့် သနားတော်မူ၏။

ခ– ဘုရားရှင်သည် ပြည့်တန်ဆာ၏သား ယေဖသကို နိုးထစေတော်မူ၍ ဣသရေလလူမျိုးတို့ကို အမ္မုန်လူမျိုးတို့၏ ကျွန်ပြုမှုမှ လွတ်မြောက်စေခဲ့သည်။

ဂ– တိုက်ပွဲမစမီ တရက်အလိုတွင် ယေဖသသည် မစဉ်းစားမဆင်ခြင်ဘဲ မှားယွင်းစွာ ဂတိပြုခဲ့သဖြင့် မကြာမီအချိန်အတွင်း ဝမ်းနည်းစရာအဖြစ်နှင့် ကြုံခဲ့ရသည်။(၁၁း၃၀–၃၁)

ဃ– နောက်တနေ့တွင် ယေဖသသည် ရန်သူများအပေါ် တိုက်ခိုက် အောင်ပွဲဆင်နိုင်ခဲ့သည်။ သို့သော် ထိုအောင်ပွဲအခမ်းအနားအပြီး မိဇပါမြို့ရှိ မိမိအိမ်သို့အပြန်တွင် မိမိ တဦးတည်းသော သမီး၏ ဆီးကြိုမှုကြောင့် ဝမ်းနည်းဖွယ် ဖြစ်ခဲ့ရသည်။(၁၂း၃၂–၃၈)

င– နောက်ရက် ၆၀ အကြာ နံနက်တွင် ယေဖသသည် ရင်ကွဲဖွယ်ရာအဖြစ်နှင့် ကြုံရ၏။ (၁၂း၃၉၊ ၄၀)

စ– ထိုကိစ္စများ ဖြစ်ပျက်ပြီးနောက်ပိုင်းတွင် ယေဖသသည် ပြဿနာအချို့ကို ရင်ဆိုင်ရပြန်သည်။ ဧဖရိမ်အနွယ်စုတို့သည် ယေဖသ၏လုပ်ကိုင်ပုံကို မကြိုက်သောကြောင့် နာမလိုပုန်ကန်ကြ၏။ ထိုပုန်ကန်မှုကို နှိမ်နင်းသဖြင့် ဧဖရိမ်အနွယ် ၄၂၀၀၀ သေရကြ၏။ အများစုမှာ "ရှိဗောလက်" ဟူသောစကားကို ပီအောင်မပြောနိုင်သောကြောင့် ဖြစ်သည်။

ဈ၊ နဝမတရားသူကြီး – ဣဗဇန် (၁၂း၈–၁၀)

၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – ဖော်ပြခြင်းမရှိ

၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ဖော်ပြခြင်းမရှိ

၃. ငြိမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၇ နှစ်

၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ – ဖော်ပြခြင်းမရှိ

ည၊ ဒသမတရားသူကြီး – ဧလုန် (၁၂း၁၁–၁၂)
၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – ဖော်ပြခြင်းမရှိ
၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ဖော်ပြခြင်းမရှိ
၃. ချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၁၀ နှစ်
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ – ဖော်ပြခြင်းမရှိ

ဋ၊ ဧကဒသမတရားသူကြီး – အာဗဒုန် (၁၂း၁၃–၁၅)
၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – ဖော်ပြခြင်းမရှိ
၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ဖော်ပြခြင်းမရှိ
၃. ချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၈ နှစ်
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ – ဖော်ပြခြင်းမရှိ

ဌ၊ ဒွါဒသမတရားသူကြီး – ရှံဆုံ (၁၃–၁၅)
၁. ဣသရေလအား ဖိနှိပ်ကျွန်ပြုသည့်နိုင်ငံ – ဖိလိတ္တိ
၂. ဖိနှိပ်ကျွန်ပြုသည့် ကာလ အကြာအရှည် – ၄၀နှစ်
၃. ချမ်းသာယာမှု ရရှိသည့်နှစ်ပေါင်း – ၂၀နှစ်
၄. လုပ်ကိုင်ဆောင်ရွက် အောင်မြင်ခဲ့ပုံများ

က– ရှံဆုံမမွေးမီ ၎င်း၏မိခင်ထံသို့ ကောင်းကင်တမန်တပါး လာ၍ မကြာမီတွင်မွေးဖွါးမည့် သားအကြောင်းကို ပြောပြသည်။(၁၃း၂–၃)

ခ– ယင်းကောင်းကင်တမန်က ထိုမွေးဖွါးမည့်သားသည် နာဇရိလူဖြစ်ကြောင်း ပြောပြသည်။(၁၃း၄–၅) (နာဇရိလူကို တောလည် ၆း၁–၆ ၌တွေ့နိုင်သည်) နာဇရိလူသည် အောက်ပါအချက် ၃ ချက်ကို လိုက်နာရမည် – စပျစ်ရည်၊ အရက် သောက်ခြင်းမပြုရ၊
– ဆံပင်ကို ရိတ်ဖြတ်ခြင်းမပြုရ၊
– အသေကောင်တို့ကို ထိခြင်း၊ ကိုင်ခြင်း မပြုရ၊

မှတ်ချက်။ ။သမ္မာကျမ်းစာ၌ တသက်လုံးနာဇရိဖြစ်သူ လူ ၃ ဦးကိုတွေ့နိုင်သည်။ ၎င်းတို့မှာ ရှံဆုံ၊ ရှမွေလ၊ ဗတ္တိဇံဆရာယောဟန် တို့ဖြစ်သည်။ ဗုဒ္ဓဘာသာ ဘုန်းကြီးဝတ်သကဲ့သို့ဖြစ်၏။ ၃လလည်းရ၏၊ တသက်လုံးလည်းရ၏၊ နာဇရိလူလည်းထိုကဲ့သို့ဖြစ်၏။

ဂ– ရှံဆုံ၏မိဘတို့သည် ရှံဆုံအား ကောင်းမွန်စွာ ထိန်းကျောင်းသွန်သင်နိုင်ရန် ဆုတောင်းကြသည်။ (ခရစ်ယာန်မိဘများ လုပ်သင့်သည့်အချက် ဖြစ်သည်)

ဃ– ရှံဆုံအားမွေးဖွါးသည်နှင့် သန့်ရှင်းသောဝိညာဉ်တော်သည် ရှံဆုံအား အရွယ်ရောက်သည်အထိ ထိန်းသိမ်း လမ်းညွှန်ခဲ့လေသည်။(၁၃း၂၄–၂၅)

င– ရှံဆုံသည် မယုံကြည်သူ ဖိလိတ္တိအမျိုးသမီးတဦးအား လက်ထပ်ယူလို၍ မိဘအား ပူဆာလေသည်။ မိဘတို့သည်လည်း တုန်လှုပ်ကြရ၏။ ရှံဆုံသည် အမျိုးသမီးကိစ္စနှင့်ပါတ်သက်၍ ကာယအလိုသို့ လိုက်တတ်၏။ ဝိညာဉ်အလိုသို့ မလိုက်တတ်ပေ။ သို့သော် သူ၏ဆုံးဖြတ်မှုအပေါ် ဘုရားရှင်သည် အသုံးချတော်မူ၏။ ဤဖိလိတ္တိမယားအားဖြင့် ဖိလိတ္တိလူတို့နှင့် ထိပ်တိုက်တိုးနိုင်မည် မဟုတ်ပါလား။(၁၄း၁–၄)

စ– ဖိလိတ္တိဒေသသို့သွားစဉ် ရှံဆုံသည် ခြင်္သေ့တကောင်ကို သတ်ဖြတ်ခဲ့၏။ တဖန် ရှံဆုံသည် သူ့လက်ထပ်ပွဲ၌ ဖိလိတ္တိအမျိုးသားတို့အား ပျားရည်နှင့်ခြင်္သေ့ စကားပုံကို စကားထာဖွဲ့ခဲ့၏။ (၁၄း၁၂–၁၄) ဖိလိတ္တိလူတို့သည် ရှံဆုံ၏စကားထာကို အဖြေမထုတ်နိုင်ကြသော်လည်း ရှံဆုံ၏မယားဖြစ်မည့် သတို့သမီးထံမှ ခြိမ်းခြောက်၍ အဖြေရရှိသွားကြသည်။ ရှံဆုံသည် စကားထာရှုံးသောကြောင့် ဝတ်စုံ ၃၀ ပေးရ၏။ ထိုဝတ်လုံကို ရှံဆုံသည် ဖိလိတ္တိလူ ၃၀ ကို သတ်ဖြတ်၍ ယူခဲ့ခြင်းဖြစ်သည် (၁၄း၁၅–၁၉)။ ၎င်းနောက် ရှံဆုံသည် အိမ်သို့ပြန်၍ မိဘတို့နှင့် အတူ နေထိုင်သည်။

ဆ– ရှံဆုံသည် မိမိဇနီးထံသို့ ပြန်သွားသော်လည်း ယောက္ခမက သူ၏ဇနီးအား အခြားသူနှင့် ပေးစားနှင့်ပြီးဖြစ်သည်။ ရှံဆုံသည် အမျက်ထွက်၍ – <u>*မြေခွေးသုံးရာတို့ကိုဘမ်းပြီးမှ မြေခွေးအမြီးတခုနှင့်တခုကိုပေါင်းလျက် အမြီးနှစ်ခုကြား၌ မီးရှူးကိုစည်း၍ မီးရှူးတို့ကိုမီးညှိသဖြင့် ဖိလိတ္တိလူတို့ စပါးလယ်ထဲသို့လွှတ်လိုက်၍ စပါးပင်ကိုင်း၊ ကောက်လှိုင်းကိုင်း၊ စပျစ်ဥယျာဉ်၊ သံလွင်ဥယျာဉ်တို့ကိုင်း မီးလောင်လေ၏ – (၁၅း၄–၅)*</u>

ဇ– ရှံဆုံသည် များစွာသော ဖိလိတ္တိလူတို့အား သတ်ဖြတ်ခဲ့သည် (၁၅း၈)။ ၎င်းနောက် ဖိလိတ္တိလူတို့သည် ယုဒအနွယ်တို့ကို ဖျက်ဆီးရန်လာသဖြင့် ရှံဆုံသည် မိမိလူမျိုး ယုဒနွယ်တို့အား မိမိ

ကို ဖိလိတ္တိလူတို့လက်ထဲအပ်ရန် အခွင့်ပေးသဖြင့် သူတို့သည် ရှံဆုံကို ကြိုးနှင့်တုပ်၍ ဖိလိတ္တိလူလက်သို့အပ်၏။ ဖိလိတ္တိလူလက်သို့ ရောက်သောအခါ ရှံဆုံသည် မိမိကိုချည်နှောင်ထားသည့် ကြိုးများကိုဖြတ်၍ မြည်းမေးရိုးဖြင့် ဖိလိတ္တိလူ ၁၀၀၀ ကို သတ်ဖြတ်နိုင်ခဲ့သည်။ (၁၅း၉–၁၇)

ဈ– ရှံဆုံသည် သူ၏ နစ်ကြိမ်သော ကာယအတွက်ဆုတောင်းမှုမှ ပထမအကြိမ်ဖြစ်သောဆုကို အထက်ပါတိုက်ပွဲအပြီး တောင်းခဲ့သည်။ (ရှံဆုံ၏ နစ်ကြိမ်သောဆုတောင်း – ၁၅း၁၈ နှင့် ၁၆း၂၈)

ည– ဖိလိတ္တိမြို့ဖြစ်သော ဂါဇာမြို့၌ ရှံဆုံသည် အဝိုင်းခံရပြန်သည်။ ဤတကြိမ်၌မူ ရှံဆုံသည် မိမိကိုပိတ်ထားသော သံတခါးကြီးကို ဖြုတ်ထမ်း၍ လွတ်မြောက်ခဲ့သည် (၁၆း၁–၃)။ ရှံဆုံသည် နောက်ဆုံး၌ ခွန်အား ကုန်ခမ်းခဲ့သည်။ ဖိလိတ္တိအမျိုးသမီး ဒေလိလ၏ ဖြားယောင်းမှုကြောင့် သူ၏ခွန်အား အဘယ်မှာရှိသည့်ကိစ္စ ပေါ်လွင်သွားခဲ့၍ ဖြစ်သည်။ (၁၆း၄–၂၀)

မှတ်ချက်။ ။ရှံဆုံသည် နာဇရိလူ လိုက်နာရမည့်အချက် ၃ ချက်စလုံးကို ဖေါက်ဖျက်မိ၏။ သူသည် ခြင်္သေ့အသေကိုထိမိပြီ (၁၄း၈–၉)၊ အရက်ကိုသောက်မိပြီ (၁၄း၁၀)၊ ဆံပင်ဖြတ်ခြင်းခံရပြီ (၁၆း၁၉)။

ဋ– ရှံဆုံသည် ကြိုးစားအားထုတ်သော်လည်း ထိုအချိန်၌ သူ၏ခွန်အားများ အနိမ့်ဆုံးအဆင့်တွင် ရောက်ရှိပြီကို သိရှိလေ၏။(၁၆း၂၀–၂၁)

*– ဖိလိတ္တိလူတို့သည် ဘမ်းဆီး၍ သူ့မျက်စိကိုဖောက်ပြီးမှ ဂါဇမြို့သို့ယူသွားပြီးလျှင် ကြေးဝါကြိုးနှင့် ချည်နှောင်၍ ထောင်အိမ်၌ ကြိတ်ဆုံနှင့်ကြိတ်စေကြ၏ – (၁၆း၂၁)*

ထိုသို့ အကျဉ်းကျနေစဉ်အတွင်း ရှံဆုံသည် ဆံပင်များရှည်လာပြီဖြစ်ရာ ဖိလိတ္တိလူတို့ သူတို့၏ ဒါဂုတ်ဘုရားကျောင်းအတွင်း ရှံဆုံကို ရှုံသွင်း၍ပြစဉ် ရှံဆုံသည် ဘုရားရှင်ထံဆုတောင်း၍ ထိုဒါဂုတ်ဗိမ္မာန်၏ တိုင်များကို တွန်း၍ဖြိုချရာ ရှံဆုံနှင့်အတူ ဖိလိတ္တိလူ ထောင်သောင်းပေါင်းများစွာတို့ သေကြေခဲ့လေသည်။(၁၆း၂၂–၃၁)

## ၅။ သွေးစွန်းသောလူသတ်သမား – အဘိမလက် ( ၉ )

က၊ အဘိမလက်သည် ဂိဒေါင်၏မယားငယ်မှ ရှေခင်မြို့တွင်မွေးသော သားဖြစ်သည် (၈း၃၁)။ သူသည် သူ၏ တဝမ်းကွဲညီအကို ၇၀ တွင် ၆၉ ယောက်ကိုသတ်၍ မိခင်၏မြို့ဖြစ်သော ရှေခင်မြို့တွင် မင်းပြုလေသည်။(၉း၁–၅)

ခ၊ အထက်ပါသတ်ဖြတ်မှု၌ ယောသံအမည်ရှိသော တဝမ်းကွဲညီသည် လွတ်မြောက်ခဲ့သည်။ ဤအဖြစ်အပျက်မျိုးသည် သမ္မာကျမ်းစာ၌ နစ်ကြိမ်ဖြစ်ခဲ့ဖူးသည်။ (တကြိမ်မှာ ၄ရာ ၁၄း၉ တွင်ဖြစ်သည်) ယောသံသည် အဘိမလက်ကိုရည်ညွှန်း၍ "ကောင်းသောအပင်က ရိုးရိုးအပင်ပေါ် ဘုရင်မလုပ်ပါ၊ ဆူးပင်မျိုးကသာ ဘုရင်ဝင်လုပ်ပါသည်" ဟု ဆိုလေသည်။(၉း၈–၁၄)

ဂ၊ ထိုသို့ဖြစ်ပြီး ၃ နှစ်အကြာတွင် ဘုရားရှင်သည် အဘိမလက်မင်းနှင့် ရှေခင်မြို့သားများအကြား ပဋိပက္ခဖြစ်စေရာ အဘိမလက်ဘုရင် အသတ်ခံရ၏။(၉း၂၂–၅၇)

## ၆။ ရုပ်တုဆင်းတုကိုးကွယ်သော သား – မိက္ခာ ( ၁၇ – ၁၈ )

မိက္ခာသည် သူခိုးဖြစ်၍ ရုပ်တုကို ကိုးကွယ်သောမိခင် (ဘုရားနာမကို အလွဲရွတ်သူ) ၏သားဖြစ်သည်။ မိခင်အလိုကျ ကိုယ်ပိုင်ဘာသာတခုကို တည်ထောင်သူဖြစ်သည်။ သူ၏ မကောင်းသော လုပ်ဆောင်ချက်များထဲတွင် တခုဖြစ်သော ငွေမက်သည့် လေဝိဘုန်းကြီး (တရားနှင့်မညီသူ) ကို ငွေပေးငှါးပြီး ကိုယ်ပိုင်ဘာသာတည်ထောင်ခဲ့သည် (၁၇း၁–၁၃)။ ထိုမှားယွင်းသော ယဇ်ပရောဟိတ် လေဝိအမျိုးသည် များမကြာမီ ဒန်အမျိုးအနွယ်တို့၏ ယဇ်ပရောဟိတ်ဖြစ်လာ၍ လမ်းမှားကိုပြသူ ဖြစ်လာသည်။(၁၈း၁–၃၁)

## ၇။ သူရဲဘောကြောင်သော လေဝိလူ ( ၁၉ – ၂၁ )

က၊ အထက်ပါ အခန်းကြီး ၃ ခန်းသည် သမ္မာကျမ်းစာပါ ဝမ်းနည်းဘွယ် အဖြစ်အပျက်များမှ တခု အပါအဝင်ဖြစ်သည်။ ဖြစ်ပျက်ပုံမှာ လေဝိလူတဦးသည် သူ၏ အသုံးမကျသော မယားငယ်နှင့်အတူ ဗိယ်ာမိန်အနွယ်အဝင်တို့၏ဒေသ ဂိဗာမြို့၌ တည တည်းခိုရာက စ၏။(၁၉း၁–၁၅)

ခ၊ လေဝိနှင့်မယားငယ်သည် ဂိဗာမြို့ လူအိုအိမ်၌ တည်းခိုစဉ် ညအချိန်၌ ထိုမြို့မှ တဏှာရူးများသည် ထိုလေဝိလူကို ဆက်ဆံလို၍ အိမ်မှထုတ်ပေးရန် လူအို၏အိမ်ကို အဓမ္မဝိုင်းဝန်းကြ၏။ သူရဲဘောကြောင်သောလေဝိလူသည် မိမိ၏မယားကို ထုတ်ပေးလိုက်သဖြင့် ထိုသူတို့သည် နံနက်တိုင်အောင် သေသည်

အထိ အစမ္မကျင့်ကြံကြ၏။(၁၉း၁၆–၂၇)

ဂ– ထိုလေဝိလူ (ဂရောင်ချောက်ခြားဖြစ်နေသူ) သည် မိမိမယား၏အလောင်းကို ၁၂ ပိုင်းပိုင်း၍ ဣသရေလအနွယ်တို့အား ပေးပို့လိုက်ပြီး မိမိတို့ အဘယ်သို့ဖြစ်ရသည်ကို တင်ပြ၏။(၁၉း၂၈–၂၉)

ဃ– ဣသရေလအနွယ်စုများသည် ဒေါသအမျက်ခြောင်းခြောင်းထွက်သဖြင့် ထိုဂိဗာမြို့ကို တိုက်ခိုက်ချေမှုန်းရန် လူ ၄၀၀,၀၀၀ ကို စုစည်းကြလေသည်။(၁၉း၃၀ – ၂၀း၁၁)

င– အစမ္မပြုသူများအား ထုတ်ပေးရန်တောင်းဆိုချက်ကို ဗိယ်ာမိန်အမျိုးသားများက ပယ်ချခဲ့သဖြင့် ပြည်တွင်းစစ် ဖြစ်ခဲ့ရသည်။ စစ်ပွဲ ၃ ကြိမ်ဆင်နွှဲအပြီးတွင် ဣသရေလဘက်မှ ၄၀၀၀၀ ကျဆုံးပြီး၊ ဗိယ်ာမိန်၏စစ်သား ၂၆၀၀၀ ထဲမှ ၆၀၀ သာကျန်တော့၏။ ဣသရေလတို့သည် ဗိယ်ာမိန်လူမျိုး အမျိုးပြုတ်မည်ကိုလည်း တဖက်မှစိုးရိမ်သဖြင့် ကျန်ရှိသော ဗိယ်ာမိန်လူမျိုး ၆၀၀ အတွက် မိမိတို့ဘက်မှ မိန်းမရှာ၍ ပေးစားကြသည်။ မည်သည့်အထိန်းအကွပ်မှ မရှိချိန်၌ ဣသရေလတို့သည် စိတ်ထင်သည့်အတိုင်း ပြုကြ၏။(၂၀း၁၂ – ၂၁း၂၅)

# ရုသဝတ္ထု

## ၁။ အခန်းကြီး ၁၊ ရုသ၏ငြင်းပယ်ခြင်း

က၊ တရားသူကြီးများ အုပ်ချုပ်စဉ်ကာလ ဣသရေလပြည့်တွင် အစာခေါင်းပါးခြင်းဖြစ်ရာ ဗက်လင်မြို့သား "ဧလိမလက် – ဘုရားရှင်သည် ဘုရင်ဖြစ်၏" သည် သူ၏ဇနီး "နောမိ – ချိုမြသောသူ"၊ သူ၏သားနှစ်ဦးဖြစ်သော "မဟာလုန် နှင့် ခိလျုန် – နာမကျန်းသူနှင့်ပူဆွေးသူ" တို့ကိုခေါ်ဆောင်၍ ဣသရေလပြည်မှထွက်ကာ မောဘပြည်သို့ ထွက်သွားလေသည်။(ရု ၁း၁–၂)

ခ၊ လက်ထပ်ပြီးသော သား ၂ ဦးတို့သည် ဖခင် ဧလိမလက် သေပြီးနောက် အသီးသီး သေဆုံးကြကုန်ရာ အိမ်၌ သနားစဖွယ် မုဆိုးမ ၃ ဦးသာ ကျန်ရစ်လေတော့သည်။(ရု ၁း၃–၅)

ဂ၊ နောမိသည် မိမိနေရင်း ဣသရေလသို့ပြန်ရန် ဆုံးဖြတ်ရာ ၎င်း၏ချွေးမအကြီး ရုသက လိုက်ပါခွင့်တောင်းလေသည်။ နောမိက ရုသအား မိမိနှင့်အတူမလိုက်ရန် ပြောဆိုသော်လည်း မရဘဲ ရုသသည် အလွန်လှပသောစကားလုံးများဖြင့် ခုခံပြောဆိုခဲ့သည်။(၁း၁၆–၁၇)

– *ရုသက ကျွန်မသည် ကိုယ်တော်ကို မစွန့်ပါရစေနှင့်။ နောက်တော်သို့မလိုက်ဘဲ ပြန်သွားစေခြင်းငှါ မပြောပါနှင့်။ ကိုယ်တော်သွားလေရာရာသို့ ကျွန်မလိုက်ပါမည်။ ကိုယ်တော်အိပ်လေရာရာ၌ ကျွန်မအိပ်ပါမည်။ ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရားဖြစ်ပါစေ။ ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍ သင်္ဂြိုဟ်ခံပါမည်။ သေခြင်းမှတပါး အခြားသောအမှုကြောင့် ကိုယ်တော်နှင့်ကျွန်မကွာလျှင် ထာဝရဘုရားသည် ကျွန်မ၌ ထိုမျှမက ပြုတော်မူပါစေသော ဟု ပြန်ဆို၏ – (၁း၁၆–၁၇)*

ဃ၊ ရုသနှင့်နောမိတို့သည် သူတို့၏ ခက်ခဲသော ပြည်တော်ပြန်လမ်းခရီးကို စတင်ခဲ့ကြသည်။ သူတို့သည် မိုင်တရာခန့်ကို ခြေကျင်လျှောက်ခဲ့ကြ၍ တမိုင်ခန့်အမြင့်ရှိသော တောင်များကိုလည်း ဖြတ်ကျော်ခဲ့ရသည်။ မိမိနေရင်းဒေသ ဣသရေလနိုင်ငံ ဗက်လင်မြို့သို့ပြန်ရောက်ရာ နောမိက မိမိမိတ်ဆွေဟောင်းများအား မိမိကို နောမိဟုမခေါ်ဘဲ "မာရ" ဟုသာခေါ်ကြရန် တောင်းဆိုခဲ့သည်။ "မာရ" ကား ခါးသီးခြင်း ဟု အဓိပ္ပါယ်ရ၏။(၁း၂၀–၂၂)

## ၂။ အခန်းကြီး ၂၊ ရုသ၏တောင်းဆိုခြင်း

က၊ ရုသသည် ဂျုံစပါးကွင်းသို့သွား၍ ကောက်သင်းကောက်ရာ ဘုရား၏အလိုတော်ကြောင့် ဧလိမလက်၏ဆွေမျိုးတော်သူ "ဗောဇ" ဆိုသူ သူဌေး၏လယ်ကွင်း၌ အမှတ်မထင် ကောက်မိသည်။(၂း၁–၃)
ဗောဇကား ပြည့်တန်ဆာဖြစ်ခဲ့ဘူးသူ ရာခပ်၏သားဖြစ်သည်။(မ ၁း၅)

ခ၊ ဗောဇသည် ရုသကိုချစ်ခင်၍ အကူအညီများပေးလေသည်။ ထို့ပြင် မိမိအလုပ်သမားများအားလည်း ရုသကို အကူအညီပေးကြရန် မှာကြားလေသည်။(၂း၁၅–၁၆)

ဂ၊ ရုသသည် ဂျုံစပါး ၁၃ ကီလိုခန့်ကိုရ၍ အိမ်ပြန်လေသည်။ အိမ်သို့ရောက်သောအခါ နောမိအား မိမိအပေါ် ဗောဇကူညီခဲ့ပုံများကို ပြောပြလေသည်။ နောမိသည်လည်း ရုသအား အိမ်ထောင်ချပေးရန် စတင်စီစဉ်တော့သည်။(၂း၁၉–၂၃)

## ၃။ အခန်းကြီး ၃၊ ရုသ၏ဘဝ ငြိမ်သက်ချမ်းသာ အဆင်ပြေခြင်း

 က၊ နောမိသည် ရုသအား ဗောဇ၏ခြေရင်း၌ ဟန်ဆောင်သဘောဖြင့် သွားရောက်အိပ်စက်ရန် သင်ကြားပေးသည်။ ထိုလုပ်ဆောင်ချက်မှာ ကာမဂုဏ်မှောက်မှားစေသည့် လုပ်ရပ်ဟု အပြစ်တင်စရာရှိသော်လည်း ဣသရေလဥပဒေနှင့် ရှေးဟောင်း အရှေ့တိုင်းစနစ်များအရမူ အပြစ်တင်စရာအကြောင်း တစက်မှမရှိပေ။ ဣသရေလဥပဒေအရ ရုသသည် မိမိနှင့်အနီးစပ်ဆုံး ဆွေမျိုးတော်သူ ဗောဇအား မိမိနှင့်စုံဖက်ရန် တောင်းဆိုပိုင်ခွင့်ရှိသည်။ ရုသသည် ထိုဥပဒေအတွင်းမှ လုပ်ဆောင်ခြင်းသာဖြစ်သည်။ ဗောဇသည်လည်း ကောင်းစွါသဘောပေါက်၍ ရုသ၏တောင်းဆိုချက်ကို လက်ခံခဲ့သည်။ တောင်းဆိုချက်ကား – *ကိုယ်တော်သည် ရွေးပိုင်သော အမျိုးသားခြင်းဖြစ်သောကြောင့် ကိုယ်တော်၏ကျွန်မကို အဝတ်တော်စွန်းနှင့်ဖုံးပါတော့ – (၃း၉)။*

ထိုနောက် ဗောဇသည် ရုသနှင့် လက်ထပ်ရေးကိစ္စကို စီစဉ်တော့သည်။

ခ၊ ဗောဇက ရုသအားရှင်းပြရာ၌ မိမိသည် ဤအချိန်ထိတိုင် ရုသအား လက်ထပ်ခွင့် မတောင်းသေးသည်မှာ – *ငါ့ထက်သာ၍ ရွေးပိုင်သော အမျိုးသားခြင်းတယောက် ရှိသေး၏ – (၃း၁၂)*

ဂ၊ ရုသသည် အိမ်သို့ပြန်၍ နောမိအား အဖြစ်အပျက်အလုံးစုံကို ပြောပြ၏။ နောမိကလည်း ဗောဇနှင့် ပါတ်သက်၍ စိတ်အေးရန် အားပေးသည်။(၃း၁၈)

## ၄။ အခန်းကြီး ၄၊ ရုသအား သိမ်းယူခြင်း

က၊ ဗောဇသည် စည်းဝေးပွဲတခုကိုခေါ်ယူ၍ ဧလိမလက်၏ အနီးစပ်ဆုံး ဆွေမျိုးများကို ခေါ်ယူစုဝေးစေပြီး ဂျုံမြေကွက်နှင့်ရုသကို တာဝန်ယူရေးကိစ္စအတွက် ဆုံးဖြတ်စေသည်။(၄း၁–၄)

မှတ်ချက်။ ။ဗောဇသည် လူတဦး၏ အောက်ပါပြောကြားချက်ကြောင့် ရင်ခုံမိခဲ့ရသည်။ ထိုသူက "ကျုနုပ်ရွေးမည်" (၄း၄)။ ဗောဇက ဆက်လက်ဆွေးနွေး၍ အောက်ပါစကားကို ပြောခဲ့သည်၊ – *ထိုလယ်ကွက်ကို နောမိလက်မှ ဝယ်သောနေ့ရက်တွင် သေသောသူ၏ အမွေဥစ္စာအားဖြင့် သူ၏နာမည်ကိုထောက်မခြင်းငှါ သူ၏မယား မောဘအမျိုးသမီး ရုသကိုလည်း ဝယ်ရသေးသည် – (၄း၅)။* ထိုနောက် ထိုလူထံမှဖြေသံကို ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေခဲ့ရာ ဝမ်းသာစရာအဖြေကို ရရှိခဲ့၏။ ထိုလူက – *ကျုနုပ်သည် ကိုယ်အဖို့မရွေးနိုင်ပါ။ ရွေးလျှင် ကိုယ်အမွေဥစ္စာကို ဖျက်မည် စိုးရိမ်စရာရှိ၏။ ကျုနုပ်မရွေးနိုင်သောကြောင့် ကျုနုပ်ရွေးပိုင်သောအရာကို ကိုယ်အဖို့ရွေးပါတော့ – (၄း၆)*

ခ၊ အချိန်ကြာရှည်စွာပင် မစောင့်ရတော့ပါ၊ ဗောဇသည် ရုသကို ချက်ခြင်းလက်ထပ်ယူလေတော့သည်။ စုဝေးသောဆွေမျိုးစုကို သက်သေထားကြသည်။ သက်သေအဖြစ် ဆွေမျိုးစုအတွင်း၌ တဖက်မှတဖက်သို့ ဖိနပ်လဲလှယ် သက်သေထားရသည်။ ဤသည်ကား ထိုအချိန်က ဣသရေလထုံးစံ ဖြစ်သည်။ သို့ဖြစ်၍ ဗောဇအား မိမိတို့ဖိနပ်များကိုပေး၍ ၎င်းနှင့် သက်သေပြုကြသည်။ ဗောဇသည် ဧလိမလက်၏ လယ်များကိုဝယ်၍ ရုသအား သိမ်းပိုက်လေသည်။(၄း၇–၁၀)

## ဓမ္မရာဇဝင်နှင့်ရာဇဝင်ချုပ်များ

## ၁။ သစ္စာအဓိဋ္ဌါန်ပြုသော မိခင်တဦး – ဟန္န ( ၁ရာ ၁း၁ – ၂း၁၁၊ ၁၈–၂၁ )

ကျ၊ တခါက အမြဲ့မတဦးသည် ရှိလောမြို့ရှိ ထာဝရဘုရား၏အိမ်တော်တွင် မတ်တတ်ရပ်၍ မျက်ရည်ကျလျက် ဆုတောင်းပဋ္ဌာနာပြုလျက်ရှိ၏။ သူမအမည်မှာ ဟန္နဖြစ်သည်။ သူမ၏ဆုတောင်းချက်ကို (၁ရာ ၁း၁၁) တွင်တွေ့နိုင်သည်။

သူမ၏ဆုတောင်းချက်ကို လေ့လာဆန်းစစ်ရာ၌ အောက်ပါအတိုင်းဖြစ်သည်။

၁. သူမခင်ပွန်း၏ အခြားဇနီးဖြစ်သူ ပေနိန္နအပေါ် စိတ်ကြီးဝင်သည့်ကိစ္စ။(၁း၆)

၂. ဟန္နက အကယ်၍ မိမိအား သားတဦးမွေးဖွားပေးပါက မိမိသည် ထိုသားအား နာဇရိလူဖြစ်စေမည်ဟု ထာဝရဘုရားအား သစ္စါပြုခဲ့သည်။ သူမ၏သား ရှမွေလသည် သမ္မာကျမ်းစာပါ နာဇရိလူသုံးဦးထံမှ နာဇရိလူတဦး ဖြစ်လာခဲ့သည်။ အခြားနှစ်ဦးမှာ ရှံဆုံ(သူကြီး ၁၃)နှင့် ဗတ္တိဇံဆရာယောဟန်တို့ဖြစ်သည်။(လု ၁)

၃. သူ့စိတ် အနှောက်အယှက်ဖြစ်မှု၊ ဟန္နသည် နှုတ်ဖြင့်ဆုတောင်းသော်လည်း အသံထွက်လာခြင်း မရှိပေ။ ဤသည်ကို တနေရာမှ ဂရုစိုက်ကြည့်နေသော ယဇ်ပရောဟိတ်ဧလိက ဟန္နအရက်မူးနေသည်ဟု ထင်မြင်ခဲ့သည်။(၁း၁၂–၁၃)

ခ၊ ဧလိက ဟန္နကို အရက်မူးနေသည်ဟု ထင်မြင်၍ ဆုံးမအပြစ်တင်ရာ ဟန္နကည်း မိမိ၏အဖြစ်ပျက်စုံကို ဧလိအား တင်ပြလေသည်။ ဧလိလည်း အကြောင်းစုံကိုသိရှိရ၍ သင့်ဆုတောင်းချက်ကို ဘုရားရှင် အဖြေပေးပါစေဟု ဆုတောင်းပေးခဲ့လေသည်။(၁း၁၄–၁၈)

ဂ၊ ထိုအဖြစ်ပျက်များ ဖြစ်ပျက်ပြီးနောက် ဘုရားရှင်သည် ဟန္နကို သတိရတော်မူသည်။ ဟန္နသည် သားယောကျ်ားကိုဖွားမြင်ရာ “ရှမွေလ” ဟု မှည့်ခေါ်လေသည်။ ရှမွေလ သုံးနှစ်ခန့်အရွယ်တွင် ဟန္နသည် သူ၏ဂတိအတိုင်း ရှမွေလကို ဧလိထံသို့ ပို့ဆောင်အပ်နှံလေသည်။(၁း၂၆–၂၈)

ဃ၊ ဟန္နသည် ထိုသို့ ဂတိတည်စွာ အပ်နှံပြီးနောက် ဝမ်းမြောက်ရွှင်လန်းစွာ ထာဝရဘုရားဂုဏ်တော်ကို သီချင်းဆိုချီးမွမ်းလေသည်။ ထိုသီချင်းသည် မယ်တော်မာရိ ချီးမွမ်းသောသီချင်းနှင့် အခြေခံသဘောခြင်းတူလေသည် (၂း၁–၁ / လု ၁း၄၆–၅၅)။ ဤကျေးဇူးတော် ချီးမွမ်းချက်များ၌ ဘုရားရှင်၏ဂုဏ်တော်များကို အောက်ပါအတိုင်း ခွဲခြားသိရှိနိုင်ပေသည်။

၁. ဘုရားရှင်၏ သန့်ရှင်းခြင်း (၂း၂)

၂. ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော် (၂း၃)

၃. ဘုရားရှင်၏ အနန္တတန်ခိုးတော် (၂း၇)

၄. ဘုရားရှင်၏ ဂရုဏာတော် (၂း၈)

၅. ဘုရားရှင်၏ သစ္စာတော် (၂း၉)

၆. ဘုရားရှင်၏ တရားမျှတမှု (၂း၁၀)

၇. ဘုရားရှင်၏ မေရှိယအရှင် (၂း၁၀)

## ၂။ စည်းကမ်းမရှိသော ယဇ်ပရောဟိတ် – ဧလိ ( ၁ရာ ၂း၁၂–၁၇၊ ၂၂–၃၆၊ ၄း၁–၂၂ )

ကျ၊ အောက်ပါတို့သည် ဧလိ၏သား ယဇ်ပရောဟိတ်များ ပြုလုပ်ကြသော ဝမ်းနည်းဖွယ်ရာ လုပ်ရပ်များဖြစ်သည်။ ကျမ်းစာက ၎င်းတို့သည် –

၁. ကယ်တင်ခြင်းကို လက်မခံကြသူများ ဖြစ်သည်။(၂း၁၂)

၂. ဗာလဘုရားကို ဘုရားအစစ်ဟု မှတ်ယူသူများ ဖြစ်သည်။(၂း၁၂)

၃. ဘုရားရှင်၏ ယဇ်ပူဇော်သကာများကို ခိုးယူသူများ ဖြစ်ကြသည်။(၂း၁၄)

၄. ဘုရားရှင်၏လူများကို နောက်ပြောင်သူများ ဖြစ်ကြသည်။(၂း၁၄)

၅. ဘုရားရှင်၏ တဲတော်ပရဝုဏ်၌ ကာမကျူးလွန်သူများ ဖြစ်ကြသည်။(၂း၂၂)

၆. ဘုရားရှင်၏လူများ ဘုရားရှင်ကို ရွံမုန်းအောင်လုပ်သူများ ဖြစ်ကြသည်။(၂း၁၇–၂၄)

ခ၊ ဧလိသည် ကြိုးစား၍ သူ၏သားများကို အနုနည်းဖြင့် ဖြောင်းဖြပြောဆိုသော်လည်း သူ၏သားဆိုးများသည် လုံးဝနားမထောင်ဘဲ နေကြသည်။(၂း၂၂–၂၅)

ဂ၊ ဘုရားရှင်၏ ပရောဖက်တဦးသည် ဧလိအား ဘုရားရှင်၏ ဆင့်ဆိုချက်များကို သိစေခဲ့သည်။ ၎င်းတို့မှာ – ၁. ဧလိ၏သားများသည် တနေ့ခြင်းတွင် တပြိုင်နက်သေကြမည်။(၂း၃၄)

၂. ဘုရားရှင်သည် သစ္စာရှိသော ယဇ်ပရောဟိတ်အသစ်ကို ခန့်ထားလိမ့်မည်။(၂း၃၅)

ဃ၊ တခုသောည ဗိမ္မာန်တော်ရှိ ကုတင်ထက်တွင်အိပ်နေသော သူငယ်ရှမွေလထံသို့ ဘုရားရှင်ကိုယ်တော်တိုင် ထင်ရှားပြ၍ အနာဂတ်၌ ဧလိ၏အိမ်သားတို့အပေါ် ဒါဏ်ခတ်မည့်အကြောင်းကို ဖော်ပြသိစေ

သည်။ နောက်တနေ့နံနက်တွင် ရှမွေလသည် ထိုအကြောင်းစုံကို ဧလိအား ပြောပြခဲ့သည်။(၃း၁–၁၈)

 င၊ ရှမွေလသည် ယခုအခါ ဘုရားရှင်၏ အရွေးခံပရောဖက် ဖြစ်လေပြီ။(၃း၁၉–၂၂)

စ၊ ထိုအကြောင်းရာများ ဖြစ်ပျက်ပြီးနောက် ဣသရေလတို့သည် ဖိလိတ္တိလူတို့နှင့် စစ်တိုက်ကြရာ စစ်ရှုံး၍ မိဿဟာယသေတ္တာသည် ရန်သူလက်သို့ပါသွားပြီး ဧလိ၏သားနှစ်ဦးဖြစ်သော ဟောဖနိနှင့်ဖိနဟတ်တို့သည်လည်း စစ်ပွဲ၌သေကြသည်။(၄း၁–၁၁)

ဆ၊ စစ်ရှုံးသတင်းကို ရှိလောမြို့တွင် ကြားရသောအခါ ဧလိသည် လဲကျသေဆုံးလေသည်။ ဧလိ၏ချွေးမသည်လည်း ချက်ချင်း သားမွေးဖွားရာ သားကို "ဣခဗုဒ်" အမည်ဖြင့်မှည့်လေသည်။ အဓိပ္ပါယ်ကား "ဣသရေလ ဘုန်းအသရေပျောက်ပြီ" ဟူ၍ ဖြစ်သည်။(၄း၁၄၊ ၁၈–၂၂)

## ၃။ ဖိလိတ္တိလူတို့၏ ပျက်စီးမှုအချို့ ( ၁ရာ ၅ – ၆ )

က၊ သိမ်းပိုက်ရမိသော မိဿဟာယသေတ္တာတော်ကို ထားရာအရပ်တိုင်း၌ ဖိလိတ္တိတို့သည် ပျက်စီးဒုက္ခဖြစ်ခဲ့ရသည်။

၁. အာဇုတ်မြို့၌ ၎င်းတို့၏ ဒါဂုန်ဘုရားရုပ်တု ပျက်စီးခဲ့ရပြီး ထိုမြို့သားများ ရောဂါအနာများ ဖြစ်ခဲ့ရသည်။(၅း၁–၇)

၂. ဂါသမြို့၌ မြို့သူမြို့သားများ ရောဂါအနာများ ဖြစ်ခဲ့ရသည်။(၅း၈–၉)

၃. ဧကြုန်မြို့၌ လူအများအပြား ရောဂါဘယဖြင့် သေကြေကြရသည်။(၅း၁၀)

ခ၊ ဖိလိတ္တိလူတို့သည် မိဿဟာယသေတ္တာတော်ကို နွားမနှစ်ကောင်ဆွဲသော သစ်သားလှည်းပေါ်သို့တင်၍ ထိုလှည်းပေါ်၌ ရွှေကြွက်ရုပ် ငါးခုကိုပါ ထည့်ပေးလိုက်သည်။(၆း၁–၁၁)

ဂ၊ သေတ္တာတော်သည် ဣသရေလတို့၏ ဗက်ရှေမက်မြို့သို့ ရောက်လာရာ လူအများ ပျော်ရွှင်ဝမ်းမြောက်သွားသည်။ သို့သော်လည်း မဟာဝမ်းနည်းခြင်းနှင့် ရင်ဆိုင်ရ၏။ အဘယ်ကြောင့်ဆိုသော် လူအချို့တို့သည် သေတ္တာတော်အထဲကို ကြည့်ရှုမိ၍ ဘုရားရှင် ဒါဏ်ခတ်သောကြောင့် ဖြစ်သည်။(၆း၁၂–၁၉)

ဃ၊ ထိုဗက်ရှေမက်မြို့မှ သေတ္တာတော်ကို အခြား ဣသရေလမြို့ဖြစ်သော ကိရယတ်ယာရိမ်မြို့သို့ ယူဆောင်သွားရာ သေတ္တာတော်သည် ထိုမြို့၌ အနှစ် ၂၀ ခန့် ရှိနေခဲ့သည်။(၇း၁–၂)

## ၄။ ခရီးလှည့်လည်နေသော ဓမ္မဆရာ – ရှမွေလ ( ၁ရာ ၇ )

– *ရှမွေလသည် အစဉ်တိုင်းကြီး၍ ထာဝရဘုရားသည် သူနှင့်အတူရှိတော်မူသဖြင့် သူ၏စကားတခွန်းမျှ ပျက်စေခြင်းငှါ အခွင့်ပေးတော်မမူ။ သူသည် ထာဝရဘုရား၏ ပရောဖက်စစ်ဖြစ်ကြောင်းကို ဣသရေလအမျိုးသား အပေါင်းတို့သည် ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင်သိကြ၏။ ထာဝရဘုရားသည် ရှိလောမြို့၌ အထပ်ထပ်ထင်ရှားတော်မူ၍ ထာဝရဘုရား၏ နှုတ်ကပါတ်တော်အားဖြင့် ရှမွေလအား ဗျာဒိတ်ပေးတော်မူ၏။ ရှမွေလစကားသည်လည်း ဣသရေလအမျိုးတရှောက်လုံးကို နှံ့ပြားလေ၏ – (၃း၁၉–၂၁)*

က၊ ထိုအချိန်၌ မဟာပရောဖက် ယဇ်ပရောဟိတ် ရှမွေလသည် ဣသရေလ အမျိုးသားအပေါင်းတို့ကို မိဇပါမြို့၌ ခေါ်ယူစုဝေးစေ၍ အထူး စိတ်အားတက်ကြွ နိုးကြားစေသည်။(၇း၃–၆)

ခ၊ ထိုသို့ ဣသရေလများ စုဝေးကြောင်းကို ဖိလိတ္တိလူတို့သည် ကြားလျှင် မိမိတို့စစ်တပ်များကို စုရုံး၍ ဣသရေလတို့ကိုတိုက်ရန် စစ်ပြင်လေသည်။ သို့သော် ရှမွေလသည် ငိုယိုဆုတောင်းခြင်းကြောင့် ဖိလိတ္တိများ ဖရိုဖရဲ အရေးနိမ့်ခဲ့ရသည်။(၇း၃–၁၄)

– *ထိုသို့ ဖိလိတ္တိလူတို့သည် ရှုံးသဖြင့် နောက်တဖန် ဣသရေလအမျိုးနေရာအရပ်သို့ မလာကြ။ ရှမွေလလက်ထက်ကာလပတ်လုံး ထာဝရဘုရား၏လက်တော်သည် ဖိလိတ္တိလူတို့ကို ဆီးတားတော်မူ၏ – (၇း၁၃)*

– *ရှမွေလသည် တသက်လုံး ဣသရေလအမျိုးကို အုပ်စိုးလေ၏။ ဗေသလမြို့၊ ဂိလဂါလမြို့၊ မိဇပါမြို့တို့ကို နှစ်တိုင်းလှည့်ပတ်၍ အရပ်ရပ်တွင် ဣသရေလအမျိုး၌ စီရင်ရန်အမှုတို့ကို စစ်ကြောစီရင်လေ့ရှိ၏။ ပြန်လာသောအခါ မိမိအိမ်ရှိသော ရာမမြို့သို့ပြန်လာ၍ ထိုမြို့မှာလည်း ဣသရေလအမျိုး၌ စီရင်ရန်အမှုတို့ကို စစ်ကြောစီရင်လျက်၊ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကိုတည်လျက် နေလေ၏ – (၇း၁၅–၁၇)*

# ဓမ္မရာဇဝင်ပထမစောင်မှ ရာဇဝင်ချုပ်ပထမစောင်ထိ

## ၁။ ဣသရေလတို့၏ ပထမဆုံးရှင်ဘုရင်

က၊ ရှောလုကိုရွေးချယ်ကြခြင်း (၁ရာ ၈ – ၁၂)

၁. သူ၏ရွေးချယ်ခံရမှု နိဒါန်း

က– အစ္စရေးလူမျိုး အကြီးအကဲတို့သည် ရာမမြို့၌စုဝေး၍ ရှမွေလကို သူတို့အား ရှင်ဘုရင်တပါး ပေးပါရန် တောင်းဆိုကြသည်။(၈း၃–၂၀)

ခ– ရှမွေလသည် စိတ်မသက်သာမှုနှင့်အတူ ရှင်ဘုရင်ရှိခြင်း၏ မကောင်းကျိုးများကို ရှင်းပြလေသည်။(၈း၁၁–၁၈)

ဂ– ဘုရားရှင်သည် ဣသရေလတို့အား ရှင်ဘုရင်ရှိခွင့်ပေးရန် သဘောတူ၍ ၂၄ နာရီအတွင်း ထိုရှင်ဘုရင်ဖြစ်မည့်သူ ရောက်လာမည်ဖြစ်ကြောင်း ရှမွေလအား အကြောင်းကြားလေသည်။ (၉း၁၆)

ဃ– နောက်တနေ့၌ ရှောလုဆိုသူသည် သူပျောက်သော မြည်းကိစ္စအတွက် ပရောဖက် (မြင်သောသူ) ကိုမေးမြန်းရန် ရှမွေလထံသို့ ရောက်လာလေသည်။(၉း၁၈–၂၀)

၂. သူရွေးချယ်ခံရမှု ဖြစ်စဉ်များ

က– သူ့အား ရာမမြို့တွင် ရှမွေလက နှစ်ကိုယ်ကြား လျှို့ဝှက်စွာ ဘိသိက်သွန်းလောင်းခြင်း။ (၁၀း၁)

ခ– ရှမွေလသည် မိဇပါမြို့တွင် လူပရိတ်သတ်များစွာရှေ့၌ ရှောလုအား ရှင်ဘုရင်အဖြစ် ခန့်အပ်ကြောင်း ကြေငြာခြင်း။(၁၀း၂၄)

မှတ်ချက်။ ။ထိုအချိန်က ရှောလုသည် နှိမ့်ချခြင်းရှိသော လူတဦးဖြစ်၍ သူသည် ရှင်ဘုရင်အဖြစ် မခံယူထိုက်သူဟုပင် မိမိကိုယ်ကို ထင်မှတ်ခြင်းရှိသူ ဖြစ်သည်။(၉း၂၁)

၃. ရွေးချယ်ခံရသူ၏ ခိုင်ခံ့ခြင်း

က– ရှောလုသည် ဘုရင်အဖြစ် ခန့်အပ်ခံရပြီးနောက် သူ့ဇာတိ ဂိဗာမြို့သို့ ပြန်သွားလေသည်။ (၁၀း၂၆)

ခ– ရှောလုသည် မကြာမီအချိန်အတွင်း တပ်သား ၃၃၀၀၀၀ ကိုစုစည်း၍ ဣသရေလမြို့များဖြစ်သော ဂိလဒ်–ယာဗက် မြို့အနီးတွင် တပ်ချထားသော ရန်သူများကို တိုက်ခိုက် အောင်မြင်ခြင်းဖြင့် နိုင်ငံကို ဦးဆောင်အုပ်ချုပ်နိုင်သူ ခေါင်းဆောင်ဖြစ်ကြောင်း အစွမ်းကို ပြသနိုင်လေသည်။(၁၁း၈–၁၅)

ဂ– ရှမွေလသည် ဂိလဂါလမြို့တွင် ဣသရေလလူအများကို စုဝေးစေ၍ သူ၏နောက်ဆုံးပိတ် ဩဝါဒစကားကို မိန့်ကြားခြင်း –

(၁) ရှမွေလသည် ရှင်ဘုရင်နှင့် ပြည်သူလူထုအား ဘုရားရှင်ကို နားထောင်ကြရန် သတိပေးသည်။(၁၂း၂၅)

(၂) ဘုရားရှင်သည် ထိုသတိပေးမှုမှာ အရေးကြီးကြောင်း ပြသည့်အနေဖြင့် မိုးချုန်းခြင်းနှင့် မိုးရွာခြင်းကို ပြလေသည်။(၁၂း၁၈)

ခ၊ ရှောလု ပယ်ရှားခံရခြင်း (၁ရာ ၁၃း၁ – ၁၅း၉)၊ အကြောင်းမှာ –

၁. ယဇ်ပရောဟိတ်ပူဇော်ရမည့် ပူဇော်သက္ကာကို ရှောလုပူဇော်သည်။(၁၃း၉)

၂. သူ၏သားကို ဘိသိက်မြှောက်ခဲ့သည်။(၁၃း၁၅ – ၁၄း၅၂)

က– ဣသရေလတို့သည် အကျပ်အတည်း အမျိုးမျိုးကြုံ၍ ဖိလိတ္တိတို့၏တိုက်ခိုက်ခြင်းကို အပြင်းအထန် ခံနေကြရသည်။(၁၃း၂၃)

ခ– ဣသရေလတို့သည် ဓါး၊ လှံ၊ လက်နက် စသည်တို့မရှိ။ ရန်သူတို့၌သာလျှင် ရှိကြ၏။ (၁၃း၁၉–၂၂)

ဂ– ဘုရားရှင်၏ဦးဆောင်မှုဖြင့် ယောနသန်နှင့် သူ့လူယုံသည် ဖိလိတ္တိတို့ကို တိုက်ခိုက်အောင်မြင်လေသည်။(၁၄း၄–၁၂)

ဃ– တိုက်ပွဲသည် အထူးအောင်မြင်သဖြင့် ဖိလိတ္တိလူတို့သည် ကစဥ့်ကလျား တပ်ပျက်ခဲ့ရသည်။ (၁၄း၁၃–၂၃)
င– ရှောလုသည် ရန်သူကို အပြီးအပိုင် မချေမှုန်းမီတိုင်အောင် မိမိလူများအား အစာမစားရဟု အဓိပ္ပါယ်မဲ့စွာ တားမြစ်လေသည်။(၁၄း၂၄–၂၆)
စ– ထိုအဓိပ္ပါယ်မဲ့ တားမြစ်ချက်ကြောင့် ဣသရေလတပ်သားများသည် ဣသရေလဥပဒေကို ဖောက်ဖျက်မိကြကုန်၏။(၁၄း၃၂)
ဆ– ယောနသန်သည် ဖခင်ရှောလု၏ တားမြစ်ချက်ကို မသိလိုက်၍ ပျားရည်ကိုစားမိသည်။ (၁၄း၂၇–၃၁)
ဇ– ထိုအဓိပ္ပါယ်မဲ့ တားမြစ်ချက်ကြောင့် ရှောလုက သားယောနသန်အား သေဒါဏ်စီရင်ခဲ့၏။ (၁၄း၄၃–၄၄)
ဈ– သို့သော် ယောနသန်သည် တပ်သားများကောင်းမှုကြောင့် သေဒါဏ်မှလွတ်ခဲ့သည်။(၁၄း၄၅)

၃. ရှောလုသည် ဘုရားရှင်၏ခိုင်းစေချက်ကို ဆန့်ကျင်၍ အာဂတ်ဘုရင်နှင့် သူ့မြို့တော်ကို မဖျက်ဆီးဘဲထားခဲ့သည် (၁၅း၉)။ ထိုလုပ်ရပ်များကြောင့် –
က– ရှောလုသည် ဘုရားရှင်၏ ပယ်ရှားခြင်းကိုခံရ၏။(၁၅း၁၁)
ခ– ထိုအဖြစ်အပျက်ကြောင့် သမ္မာကျမ်းစာ၏ တန်ဖိုးရှိသောဝေါဟာရ ပေါ်ထွက်ရ၏။ (၁၅း၂၂–၂၃)
ဂ– ထိုလုပ်ရပ်ကြောင့် ရှောလုသည် ရှမွေလကို နောက်ဆုံးအကြိမ်အဖြစ်သာ တွေ့ဆုံခွင့်ရပြီး ရှမွေလသေသည်အထိ ထပ်မံတွေ့ဆုံခွင့် မရတော့ချေ။(၁၅း၃၅)

## ၂။ အစ္စရေးတို့၏ ပြည့်ဝသောဘုရင် ဒါဝိဒ် ( ၁ရာ ၁၆ – ၂ရာ ၃၁၊ ၃ရာ ၁၁ – ၂၉ )

က၊ သိုးကျောင်းသားဒါဝိဒ် (၁၆း၁–၁၃)၊ သူသည် ရှမွေလ၏ ဘိသိက်ပေးခြင်းကို ခံရသည်။ (၇ နှစ်ကြာမှ ဘုရင်ဖြစ်ရသည်)

ခ၊ အဆိုကျော် ဒါဝိဒ် (၁၆း၁၄–၂၃)
၁. ရှောလုဘုရင်သည် နတ်ဆိုးနှောက်ယှက်မှုကြောင့် စိတ်အနှောက်အယှက် ဖြစ်ရသည်။ (မှတ်ချက်။ ။ဘုရားရှင်သည် တန်ခိုးရှင်ဖြစ်၍ စေလွှတ်လိုသောဝိညာဉ်ကို စေလွှတ်နိုင်သည်။ ရှောလုထံသို့ ဆိုးသောဝိညာဉ်ကို ဘုရားရှင်စေလွှတ်ခဲ့သည်မှာ အပြစ်ဖြစ်ရန်မဟုတ်ဘဲ စိတ်အနှောက်အယှက်ဖြစ်စေရန်သာ ဖြစ်သည်။ ၁၆း၁၄)
၂. ရှောလုသည် စိတ်ပြေရန် တူရိယာတီးမှုတ်ကောင်းသူ ဒါဝိဒ်ကို နန်းတော်တွင်းသို့ ခေါ်စေသည်။ (၁၆း၁၇–၁၈)
၃. ဒါဝိဒ်၏ သာယာသော တူရိယာသံသည် ရှောလု၏စိတ်ကို ပြေစေသည်။(၁၆း၂၃)

ဂ၊ စစ်သားဒါဝိဒ် (၁ရာ ၁၇)၊ ဒါဝိဒ်သည် ဘုရားရှင်စောင့်မမှုကြောင့် လောက်လွှဲဖြင့် ၁၀ ပေမြင့်သော ဖိလိတ္တိစစ်သား ဂေါလိယက်ကို တိုက်ခိုက်အောင်မြင်၍ ဣသရေလတို့အတွက် အောင်ပွဲဆင်နိုင်ခဲ့သည်။(၁၇း၄၀–၅၂)

ဃ၊ ကြိုးစားအားထုတ်သူ ဒါဝိဒ် (၁ရာ ၁၈ – ၃၁)
၁. ဒါဝိဒ်သည် သူ၏ အရင်းနှီးရဆုံး မိတ်ဆွေအဖြစ် ရှောလု၏သား ယောနသန်နှင့် မိတ်ဆွေဖြစ်ခဲ့သည်။(၁၈း၁–၄)
၂. ဒါဝိဒ်သည် ရှောလု၏ အမျက်ထွက်ခြင်းကို ခံရ၏။(၁ရာ ၁၈း၈)
ဒါဝိဒ်သည် ဂေါလျက်ကို အောင်မြင်ခဲ့သောကြောင့် ဣသရေလအမျိုးသမီးများ၏ ကောင်းကြီးသြဘာကိုခံရ၏ (၁၈း၆–၇)။ ထိုအမျိုးသမီးတို့က ရှောလုသည် ထောင်ချီ၍ဒင်း၊ ဒါဝိဒ်သည် သောင်းချီ၍ဒင်း ရန်သူအပေါ် အောင်နိုင်ခဲ့သည်ဟူ၍ သြဘာပေးကြသည်။(၁၈း၈)
၃. ထိုကောင်းကြီးသြဘာပေးမှုသည် ရှောလုကို စိတ်အနှောက်အယှက် မတည်ငြိမ်မှုနှင့် ဒေါသဖြစ်စေသည်။ ရှောလုသည် ဒါဝိဒ်ကို –
က– ရာထူးချခဲ့သည်။(၁၈း၅၊ ၁၈း၁၃)
ခ– ဘဝတွင် အဆိုးဝါးဆုံး အပြုအမူကို ပြုခဲ့သည်။(၁၈း၁၁၊ ၁၉း၁၀–၁၇)
ဂ– ကလိန်ကကျစ် ပြုခဲ့သည်။ ရှောလုက ဒါဝိဒ်အား ဖိလိတ္တိလူ ၁၀၀ ကိုအောင်မြင်လျင် သမီးငယ်မိခါလနှင့် ပေးစားမည်ဟုဆိုရာ ဒါဝိဒ်က ဖိလိတ္တိလူ ၂၀၀ ကိုအောင်မြင်ပြလေသည်။ (၁၈း၂၅–၂၇)
၄. ဒါဝိဒ်သည် မယားပေါင်းများစွာထဲမှ မိခါလသည် အဦးဆုံး ပထမဆုံး လက်ထပ်မယားဖြစ်ခဲ့သည်

(၁၈း၂၇–၂၈)။ မကြာမီတွင် မိခါလသည် ဒါဝိဒ်ကို ကယ်တင်ခဲ့ရလေသည်။(၁၉း၁၂)

၅. ယောနသန်သည် ဒါဝိဒ်အား ရှောလုသတ်မည်ဖြစ်ကြောင်း သတိပေးရလေသည်။ (၂၀း၁၈–၂၂၊ ၃၅–၄၂)

၆. ဒါဝိဒ်သည် ရာနောဗမြို့သို့ ထွက်ပြေးသည်။ (သူထွက်ပြေးလာမှုကို လိမ်လည်၍) ယဇ်ပုရောဟိတ် အဟိမလက်ထံမှ စားစရာကိုယူစား၍ ဒါးကိုလည်းယူခဲ့သည်။(၂၁း၁–၉)

၇. ဒါဝိဒ်သည် ဖိလိတ္တိမြို့ဖြစ်သော ဂါသမြို့သို့သွား၍ အာခိတ်ဘုရင်ရှေ့၌ စိတ်မနှံ့ဟန်ဆောင်ရသည် (၂၁း၁၀–၁၅)။ ဒါဝိဒ်သည် အဒုလံဥမင်ဂူကို ဌါနချုပ်ပြုလုပ်၍ လူ ၄၀၀ ခန့်ရှိသောတပ်ဖွဲ့ကို စတင်ဖွဲ့စည်းမိသည်။(၂၂း၁၊ ၂)

၈. ထိုအချိန်၌ ဒါဝိဒ်၏ သတ္တိခဲတပ်သား ၃ ဦးသည် ရန်သူတပ်ကိုဖောက်ထွင်း၍ ဗက်လင်မြို့မှရေကို ဒါဝိဒ်သောက်ရန် ယူလာခဲ့ပေးသည်။ ဒါဝိဒ်သည် ထိုသူတို့ကို ချီးကျူးပြီး ထိုရေကို မသောက်ဘဲ သွန်းလောင်း၍ ထာဝရဘုရားအားပူဇော်သည်။(၅ရာ ၁၁း၁၆–၁၉)

၉. ဒါဝိဒ်သည် မောဘပြည်သို့သွား၏။ သို့သော်လည်း ထာဝရဘုရား၏ပရောဖက် ဂဒ်၏ အမိန့်ကြောင့် ယုဒပြည်သို့ ပြန်ခဲ့ရသည် (၂၂း၃–၅)။ ဘုရားရှင်သည် ဒါဝိဒ်၏ ဘွားအေများကိုလည်း ထိုဒုက္ခဝေသော မောဘပြည်မှ ယုဒပြည်သို့ ကယ်ထုတ်ခဲ့ဘူးသည် (ရု )။ မောဘပြည်သည် ကျိန်စာပြည်ဖြစ်သည်။

၁၀. ဧဒုံအမျိုးသား ဒေါဂ၏ ချောစားမှုကြောင့် ရှောလုသည် အဟိမလက်အပါအဝင် ထာဝရဘုရား၏ ယဇ်ပရောဟိတ် ၈၅ ပါးကို ဒေါဂလက်ဖြင့် သတ်ဖြတ်၍ ယဇ်ပရောဟိတ်ပိုင်သော နောဗမြို့ကို ဖျက်ဆီးပစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ယဇ်ပရောဟိတ် အဟိမလက်သည် ဒါဝိဒ်အား မုန့်ကျွေး၍ ဒါးပေးခဲ့သောကြောင့် ဖြစ်သည်။(၂၂း၉–၁၉)

၁၁. ဒါဝိဒ်သည် ကိလမြို့ကို ဖိလိတ္တိလူတို့လက်မှ ကယ်တင်ခဲ့သည် (၂၃း၁–၆)။ သို့သော် ထိုမြို့သားတို့သည် ဒါဝိဒ်ကို ရှောလုလက်သို့အပ်မည်ဟု ထာဝရဘုရားက ကြိုတင်သတိပေးသောကြောင့် ထိုမြို့မှ ထွက်ပြေးခဲ့သည်။(၂၃း၁၀–၁၂)

၁၂. ဒါဝိဒ်သည် အင်္ဂေဒိတောအရပ်ရှိ ဥမင်ဂူတခုအတွင်း၌ ရှောလုကိုသတ်ဖြတ်ရန် အခွင့်ကောင်းရရှိသော်လည်း မသတ်ဘဲ ရှောလု၏ဝတ်လုံကိုသာ ဒါးဖြင့် ဖြတ်ယူခဲ့သည် (၂၅း၁–၁၅)။ ဒါဝိဒ်သည် ထိုအဖြစ်အတွက် ဝမ်းနည်းရသည်။(၂၄း၅)

၁၃. ရှောလုသည် သူ၏အမှားများကို သိရှိ၍ ထာဝရဘုရားသည် ဒါဝိဒ်အား ဣသရေလရှင်ဘုရင်အဖြစ် ရွေးချယ်ထားကြောင်းကိုလည်း သဘောပေါက်ဝန်ခံခဲ့သည်။(၂၄း၁၆–၂၂)

၁၄. ဒါဝိဒ်သည် ဒုတိယမယားကို ယူလေသည်။ မယားအမည်မှာ အဘိဂဲလဖြစ်၍ လွန်ခဲ့သော ၁၀ ရက်ခန့်က ကွယ်လွန်သွားပြီဖြစ်သော တခါက ဒါဝိဒ်အားအကူအညီပေးရန် ငြင်းဆိုခဲ့သည့် သိုးသူဌေးတဦး၏ မယားဖြစ်ခဲ့ဘူးသူ ဖြစ်သည် (၂၅း၁–၄၂)။ ထိုအချိန်ကား ရှမွေလသေလွန်၍ ရာမမြို့၌ သင်္ဂြိုလ်ပြီးချိန် ဖြစ်သည်။ ရှောလုသည်လည်း ဒါဝိဒ်၏ဇနီး မိမိ၏သမီး မိခါလကို အခြားသူတဦးနှင့် ပေးစားခဲ့ပြီးဖြစ်သည်။(၂၅း၄၄)

၁၅. ဒါဝိဒ်သည် ဇိဖတော၌ ရှောလု၏အသက်ကို သတ်နိုင်ခွင့် ဒုတိယအကြိမ် ရရှိသော်လည်း မသတ်ဘဲ သူ့လူယုံအား အိပ်ပျော်နေသော ရှောလု၏နံဘေးမှ ရှောလု၏ လှံတံတော်နှင့် ရေဘူးကိုသာယူရန် အခွင့်ပေးသည်။(၂၆း၁–၁၆)

၁၆. ရှောလုသည် မိမိ၏အမှားကို ဝန်ခံခဲ့ပြီး ဒါဝိဒ်အား နောက်တဖန် မညှင်းဆဲတော့ပါဟု ဂတိပေးခဲ့သည်။(၁ရာ ၂၆း၁၇–၂၄)

၁၇. ဒါဝိဒ်သည် ဖိလိတ္တိပြည် ဇိကလက်မြို့သို့ သွားရောက်နေထိုင်သည် (၂၇း၁)။ သူသည် သူ့တပ်သားများ၏ အရည်အချင်းကို ယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် သူ့တပ်သားများသည် –
က– အလွန်ရဲရင့် ခိုင်ခန့် ကျွမ်းကျင်ကြ၏။(၅ရာ ၁၂း၂–၈)
ခ– ဘုရားရှင်၏ဝိညာဉ်တော် သက်ရောက်လျက်ရှိ၏။(၅ရာ ၁၂း၂–၈)

၁၈. ထိုအချိန်များ၌ ဒါဝိဒ်သည် ဣသရေလမဟုတ်သူတို့၏ မြို့ရွာများကို တိုက်ခိုက်လေ့ရှိသည်။ သို့သော် ဖိလိတ္တိမင်း အာခိတ်ကိုမူ မိမိသည် ဣသရေလမြို့ရွာများကို တိုက်ပါသည်ဟု လိမ်လွှဲပြောဆိုလေသည်။(၂၇း၈–၁၂)

၁၉. ဖိလိတ္တိလူများ ဣသရေလနိုင်ငံကို အလုံးအရင်းဖြင့် စစ်ဆင်လာသဖြင့် ရှောလုသည် အဒေါ်ရမြို့ နတ်ဝင်သူမိန်းမကို စစ်ပွဲနိုင် မနိုင်မေးရာ သေလွန်ပြီးသူ ရှမွေလပေါ်လာ၍ ရှောလုအား နက်ဖြန်တွင် စစ်မြေပြင်၌ ကျဆုံးမည်ဖြစ်ကြောင်း မိန့်ကြားသွားခဲ့သည်။(၂၈း၁–၂၅)

၂၀. ရှောလုသည် ဖိလိတ္တိလူတို့နှင့် ဖြစ်သောစစ်ပွဲ၌ ဒါဏ်ရာအပြင်းအထန်ရရှိ၍ နောက်ဆုံး ရန်သူ့အသတ်ကို မခံလိုသဖြင့် မိမိဒါးဖြင့် မိမိကိုယ်ကို အဆုံးစီရင်လိုက်သည်။ ထိုတိုက်ပွဲ၌ ယောနသန်

အပါအဝင် ရှောလု၏သားများလည်း ကျဆုံးကုန်၏။(၃၁း၁–၇)

င၊ ဒါဝိဒ် အထွဋ်အထိပ်သို့ရောက်ခြင်း (၂ရာ ၁–၁၀၊ ၅ရာ ၁၁–၁၉)

၁. ဒါဝိဒ်သည် ဇိကလက်မြို့၌ရှိစဉ် ရှောလုနှင့်သားများ တိုက်ပွဲတွင်ကျဆုံးကြောင်း သတင်းရရှိသည် (၁း၁–၂၇)

၂. ထာဝရဘုရားသည် အမိန့်တော်ရှိ၍ ဒါဝိဒ်သည် ဖိလိတ္တိပြည်မှထွက်၍ ယုဒပြည် ဟေဗြုန်၌ ယုဒလူများ၏ ရှင်ဘုရင်အဖြစ် ဘိသိက်တင်မြှောက်ခြင်းကို ခံလေသည် (၂း၁–၄)။ (ဒုတိယအကြိမ်) ဒါဝိဒ်သည် ထိုအချိန်၌ အသက် ၃၀ ခန့်ရှိ၍ ယုဒပြည် ( ဣသရေလတောင်ပိုင်း ) ကို ၇ နှစ်ခွဲ မင်းပြုလေသည်။(၅း၅)

၃. ရှောလုလက်ထက်က ဗိုလ်ချုပ်မင်းဖြစ်ခဲ့သူ အာဗနာသည် ရှောလု၏သား ဣရှဗောရှက်ကို ဣသရေလ ၁၁ မျိုး (ယုဒမျိုးမပါ) ကို မင်းပြုအုပ်ချုပ်စေသည်။(၂း၈–၁၀)

၄. အာဗနာသည် မိမိကိုယ်ကိုကာကွယ်ရင်း ယွာဘ၏ညီ အာသဟေလကို သတ်မိသည်။(၂း၁၈–၂၃) ထိုအကြောင်းကိုသိရသော ယွာဘသည် အာဗနာကို သတ်ပြန်လေသည်။(၃း၃၀)

၅. ဒါဝိဒ်သည် မယား ၄ ဦးထပ်ယူပြီးနောက် သူ၏ ပထမဦးဆုံးမယားဖြစ်သူ မိခါလကို ပြန်ယူပြန်သည်။ သို့ဖြစ်၍ ဟေဗြုန်မြို့၌ရှိစဉ် ဒါဝိဒ်၌ စုစုပေါင်းမယား ၇ ဦး ရှိပြီဖြစ်သည် (၃း၂–၅၊ ၅ရာ ၃း၁–၄)။ ဟေဗြုန်မြို့၌ရသော သားသမီးများအနက် သမီး ၄ ဦးမှာ ဒါဝိဒ်ကို စိတ်မသာဖြစ်စေရ၏။ ၎င်းတို့မှာ –

က– အာမနုန် (တဝမ်းကွဲနှမကို ဗလက်ကာယပြုသူ) (၁၃း၁–၁၄)

ခ– တာမာ (၁၃း၁)

ဂ– အဗရှလုံ (အာမနုန်ကိုသတ်၍ ဖခင်အရိုက်အရာကို လုယူရန်ကြိုးစားသူ) (၁၃း၂၈၊ ၁၅း၁၃–၁၄)

ဃ– အဒေါနိယ (ဖခင်ဒါဝိဒ်၏ ရာဇပလ္လင်ကို လုယူရန်ကြိုးစားသူ) (၃ရာ ၁)

၆. ရှောလုအမျိုးနှင့် ဒါဝိဒ်အမျိုး ရှည်လျားစွာ စစ်ပြိုင်လာခဲ့ရာမှ တနေ့တွင် ရှောလုသား ဣရှဗောရှက်ကို သူ့သက်တော်စောင့် ၂ ဦးက သတ်ပစ်ခဲ့သည်။ ထိုအချိန်မှစ၍ ဒါဝိဒ်သည် ဣသရေလနိုင်ငံတခုလုံးကို အုပ်ချုပ်ရလေတော့သည်။(၄)

၇. ဒါဝိဒ်သည် ဣသရေလတနိုင်ငံလုံး၏ ဘုရင်အဖြစ် ဘိသိက်မြှောက်ခြင်းခံရသည်။ (တတိယအကြိမ်ဘိသိက်ဖြစ်သည်) ထိုဘိသိက်မြှောက်ပွဲမှာ ၃ ရက်ကြာသည်။ အလွန် ကြီးကျယ်ခမ်းနား၍ ဣသရေလ ၁၂ မျိုးစလုံးမှ စစ်သည်အင်အားပေါင်း ၄၀၀၀၀၀ ခန့် စစ်ရေးပြ တက်ရောက်ကြသည်။ (၅း၁–၅၊ ၅ရာ ၁၂း၂၃–၄၀)

၈. ဒါဝိဒ်သည် ယေရုရှလင်မြို့ကိုသိမ်းယူ၍ သူ၏ အမြဲတမ်းမြို့တော်အဖြစ် ထားရှိသည်။ ဘုရားရှင်သည် ထိုအချိန်မှစ၍ ယေရုရှလင်မြို့ကို ရွေးချယ်တော်မူသောမြို့အဖြစ် ကြေငြာ၍ စတင်သတ်မှတ်ခဲ့သည် (တရား ၁၂း၅–၆၊ ၁၁၊ ၂၆း၂၊ ယောရှု ၉း၂၇၊ ၁၀း၁၊ ၁ရာ ၈း၂၉၊ ၁၁း၃၆၊ ၁၅း၄၊ ၂ရာ ၂၁း၄၊ ၇၊ ၆ရာ ၇း၁၂၊ ဆာ ၇၈း၆၈)။ ဒါဝိဒ်သည် မြို့တော်ကိုခိုင်ခံ့အောင် စံနစ်တကျ ပြုပြင်၏။ တုရုမြို့ ဘုရင်ထံမှ လက်သမား၊ ပန်းရန်သမားများဖြင့် နန်းတော်ကို လှပစွာ တည်ဆောက်လေသည်။ များစွာသောမယားကိုလည်း ယူလေသည်။(၅း၆–၁၆)

၉. ဒါဝိဒ်သည် ဘုရားရှင်၏သေတ္တာတော်ကို ယူဆောင်လာခဲ့သည်။(၆း၁–၁၉၊ ၅ရာ ၁၃း၁–၁၄၊ ၁၅း၁–၁၆း ၄၃)

က– သူ၏ ထာဝရဘုရားသေတ္တာတော်ကို ယူဆောင်မှု၌ နည်းလမ်းမကျ (လေဝိမပါ) သဖြင့် နောက်ဆုံး သယ်ယူမှုကိုလည်း ၃ လ ရွှေ့ဆိုင်းခဲ့ရသည်။(၆း၃၊ ၇၊ ၁၁)

ခ– နောက်ဆုံးတွင် ကြွေးကြော်သံများ၊ သီဆိုမှုများ၊ တူရိယာတီးမှုတ်မှုများ ခြံရံလျက် သေတ္တာတော်ကို မြို့ထဲသို့သွင်းတော်မူ၏။

ဂ– ဒါဝိဒ်သည် နည်းလမ်းကျစွာဖြင့် လေဝိအမျိုးများကို ဦးစီးဦးဆောင်စေလျက် သေတ္တာတော်ကိုကြွချီစေသည်။ ဣသရေလတို့၏ ထာဝရဘုရားရှင် ဘုန်းကြီးတော်မူပါစေဟု ကြွေးကြော်ကြသည် (၅ရာ ၁၆း၄၊ ၂၅း၇)။ သီချင်းသည် ၂၈၈ ဦးသည် မည်သည့်အလုပ်ကိုမျှ မလုပ်ရဘဲ ဓမ္မတေးသီဆိုမှုကိုသာ ပြုရကြ၏။

ဃ– ဒါဝိဒ်သည် ပထမဆုံးသော သူ၏ပျော်ရွှင်မှု ဆာလံသီချင်းကို သီကျူးသည်။ (၅ရာ ၁၆း၇–၃၆)

၁၀. အိမ်အပြန်ခရီး၌ ၎င်း၏ဇနီး မိခါလက ထိုသေတ္တာတော် ကြွချီပွဲကိစ္စကြောင့် ဒါဝိဒ်အပြုအမူကို အပြစ်တင် ကဲ့ရဲ့လေသည်။(၆း၂၀–၂၃)

၁၁. ဒါဝိဒ်သည် ထာဝရဘုရားအတွက် ဗိမ္မာန်တော်တည်ဆောက်လိုသည်။ သို့သော် ထာဝရဘုရားက

ခွင့်မပြုခဲ့ချေ။(၇း၁၇၊ ၅ရာ ၁၇း၄)

၁၂. ဒါဝိဒ်သည် ဘုရားရှင်ထံမှ ဂတိနှင့်ယှဉ်သော အရေးကြီးသည့် ဗျာဒိတ်တော်ကိုရ၏။(၇း၈–၁၇)
ထိုအရေးကြီးသော ဗျာဒိတ်တော်မှာ –

က– ဒါဝိဒ်၌ သားတဦးဖွားမြင်လိမ့်မည်။ (ထိုအချိန်၌ မမွေးဖွားသေးချေ) ထိုသားသည် ဒါဝိဒ်၏ နိုင်ငံတော်ကို ဆက်လက်အုပ်ချုပ်လိမ့်မည်။(၇း၁၂)

ခ– ထိုသား (ရှောလမုန်) သည် ဒါဝိဒ်ဆောက်ခွင့်မရသောဗိမ္ဗာန်တော်ကို ဆောက်ခွင့်ရလိမ့်မည်။ (၇း၁၃)

ဂ– သူ၏နိုင်ငံတော်သည် ထာဝရတည်သွားရလိမ့်မည်။(၇း၁၃) (ရှောလမုန်သေခဲ့ပြီး ထာဝရ တည်မည်ဟုဆိုခြင်းမှာ ယေရှု ဒါဝိဒ်ရာဇပလ္လင်၌ ထိုင်အုပ်ချုပ်မည့်နှစ်ပေါင်း ၁၀၀၀ ကိုဆို လိုသည်)

ဃ– ရှောလမုန် အပြစ်ပြုခဲ့သည်ပင်လျှင် သူသည် ရာဇပလ္လင်မှ ဖယ်ရှားခံရမည်မဟုတ်။ (၇း၁၄–၁၅) (ဆာ ၈၉း၃၃–၃၇)

င– ဒါဝိဒ်၏အိမ်၊ ရာဇပလ္လင်နှင့်နိုင်ငံတော်သည် ထာဝရတည်သွားလိမ့်မည်။(၇း၁၆) (ယေရှု ဆက်အုပ်ချုပ်မည်) (လု ၁း၂၈–၃၃၊ ၆၈–၇၅၊ တမန် ၁၅း၁၃–၁၈) ဒါဝိဒ်သည် ထိုဗျာဒိတ် များအတွက် ဘုရားရှင်ကို ကျေးဇူးတော်ချီးမွမ်းခဲ့သည်။(၇း၁၈–၂၉)

၁၃. ဒါဝိဒ်သည် သူ၏နိုင်ငံတော်ကိုကျယ်ပြန့်အောင် ချဲ့ထွင်၍ ခိုင်ခန့်အောင်ပြုခဲ့၏။ ဖိလိတ္တိပြည်၊ မောဘပြည်၊ ဆီးရီးယားပြည်၊ ဧဒုံပြည်တို့ကို အောင်မြင်လေသည်။(၈း၁–၁၄)

၁၄. ဒါဝိဒ်သည် ကွယ်လွန်ခဲ့ပြီဖြစ်သော ချစ်သူငယ်ချင်းယောနသန် (ရှောလု၏သား) ကို ကျေးဇူးပြု သောအားဖြင့် ယောနသန်၏သား ခြေမသန်သူ မေဖိဗောရှက်အား ကျေးဇူးပြုခဲ့သည်။(၉း၁–၁၃)

၁၅. အမ္မုန်ရှင်ဘုရင်သည် ဒါဝိဒ်၏သံတမန်တို့ကို စော်ကားခဲ့သဖြင့် ဒါဝိဒ်သည် တိုက်ခိုက်ချေမှုန်း ခဲ့သည်။(၁၀း၁–၁၉)

စ၊ အပြစ်သားဒါဝိဒ် (၁၁)

၁. ဒါဝိဒ်သည် သူ၏စစ်သူကြီး ဥရိယ၏ဇနီး ဗာသရှေဘအား အဓမ္မကျင့်လေသည်။(၁၁း၁–၄)

၂. ဗာသရှေဘသည် မိမိကိုယ်ဝန်ရှိပြီဖြစ်၍ ဒါဝိဒ်အား အကြောင်းကြားလေသည်။(၁၁း၅)

၃. ဒါဝိဒ်သည် ဥရိယကို စစ်မြေပြင်မှပြန်ခေါ်၍ ၎င်း၏မယား ဗာသရှေဘနှင့် ပြန်အိပ်စေခြင်းအား ဖြင့် ကိုယ်ဝန်ရှိကလေးကို ဥရိယ၏ကလေးပြန်ဖြစ်စေရန် ကလိန်ဉာဏ်ဆင်ခဲ့သည်။(၁၁း၆–၈)

၄. ဥရိယသည် ပြန်ရောက်လာသော်လည်း မိမိတိုက်ပွဲဝင်ရဲဘော်များကို စာနာသောအားဖြင့် အိမ် ပြန်၍ မယားနှင့်ဆက်ဆံခြင်းကို ရှောင်ခဲ့သည်။(၁၁း၉–၁၃)

၅. ကြံရာမရအဆုံး ဒါဝိဒ်သည် ဥရိယကို စစ်မြေပြင်သို့စေလွှတ်၍ တိုက်ပွဲတွင်သေစေရန် ဗိုလ်ချုပ် ယွာဘက အမိန့်စာပို့ခဲ့သည်။(၁၁း၁၄–၂၅)

၆. ဥရိယသေသောအခါ ဒါဝိဒ်သည် ဗာသရှေဘကို လက်ထပ်ခဲ့သည်။(၁၁း၁၆–၂၇)

ဆ၊ ဝမ်းနည်းကြေကွဲရသော ဒါဝိဒ် (၁၂း၂၀၊ ၅ရာ၂၀–၂၁)

၁. ဗာသရှေဘ ကလေးမွေးဖွားပြီးနောက် ပရောဖက်နာသန်သည် ဒါဝိဒ်အား သိုးများစွာကြွယ်ဝသော သူဌေးတဦးက ဆင်းရဲသားတစ်ဦး၏ တကောင်တည်းသော သိုးလေးကို မတရားသိမ်းယူသော ဇာတ်လမ်းတခုကို ပြောပြ၏။(၁၂း၁–၄)

၂. ဒါဝိဒ်သည်အမျက်ထွက်၍ ထိုသူဌေးအား သေဒါဏ်ပေးသင့်၍ ဆင်းရဲသားကို နစ်နာကြေး ၄ ဆ ပြန်ပေးသင့်ကြောင်း ပြောဆို၏။(၁၂း၅–၆)

၃. ပရောဖက်နာသန်က ထိုမကောင်းသောသူဌေးသည် ဒါဝိဒ်ကိုယ်တိုင်ဖြစ်သည်ဟု ဖွင့်ပြောလေ သည်။(၁၂း၇)

၄. ဒါဝိဒ်သည် သူ့အပြစ်များကိုဝန်ခံ၍ နောင်တရခဲ့သည်။(၁၂း၁၃)

၅. ဘုရားရှင်သည် ဒါဝိဒ်ကိုခွင့်လွှတ်ခဲ့သည်။ ဇာတ်လမ်းပါသူဌေးကဲ့သို့ သေဒါဏ်အပေးမခံရသော် လည်း ၄ ဆ ပြန်လျော်ရလေသည်။

၆. ပထမအလျော်ကို ၇ ရက်အကြာတွင် သားငယ်သေဆုံးခြင်းဖြင့် ဒါဝိဒ်ပေးဆပ်ခဲ့ရသည်။(၁၂း၁၈) ဒါဝိဒ်သည် ယုံကြည်ခြင်းရှိသူ ဖြစ်သည်။ သူသည် ထိုသားနှင့် တနေ့ ပြန်တွေ့ရမည်ကို ယုံ လျက်ရှိသည်။(၁၂း၂၃) (ကလေးသေက ကောင်းကင်ဘုံသို့ရောက်သည်)

၇. ရှောလမုန်ကို မွေးဖွားခဲ့သည်။(၁၂း၂၄)

၈. ဒုတိယအလျော်ဖြင့် ဒါဝိဒ်၏သား အာမနုန်သည် တဝမ်းကွဲညီမ တာမာကို ဗလက်ကာယပြု၍ အဓမ္မကြံလေသည်။ ဒါဝိဒ်သည် အမျက်ထွက်၍ စိတ်နှလုံးကြေကွဲခဲ့ရသည်။(၁၃း၁–၂၀)

၉. တတိယအလျော်အဖြစ် ဒါဝိဒ်၏သား အဗရှလုံသည် နှမတာမာ ခံခဲ့ရသောဒုက္ခကို လက်စားချေ

သောအားဖြင့် ၂ နှစ်အကြာတွင် တဝမ်းကွဲအကိုအာမနုန်ကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ (၁၃း၂၀–၂၉)

၁၀. အဗရှလုံသည် အမေဘက်မှတော်စပ်သူ အဖိုးရှိရာ ဂေရှုရသို့ပြေး၍ ၃ နှစ်တိုင် ရှောင်ရှားနေခဲ့သည် (၁၃း၃၈)။ ဗိုလ်ချုပ်ယွာဘက အမျိုးသမီး ၂ ဦးကို ဇာတ်လမ်းဆင်၍ ဒါဝိဒ်သဘောပေါက်အောင်ပြုစေ၍ အဗရှလုံကို ယေရုရှလင်သို့ ပြန်လာစေခဲ့သည်။(၁၄း၁–၂၄)

၁၁. အဗရှလုံသည် ပြန်ရောက်လာသော်လည်း ၂ နှစ်တိုင်တိုင် ဖခင်ဒါဝိဒ်ကို မြင်ခွင့်မရချေ။ အဗရှလုံသည် လယ်ကွက်ရှိ စပါးတို့ကိုမီးရှို့ပြီးမှ ဒါဝိဒ်ကို မြင်တွေ့ခွင့်ရသည်။(၁၄း၂၈–၃၃)

၁၂. အဗရှလုံသည် ဖခင်ဒါဝိဒ်ကိုပုန်ကန်ရန် စတင်စီစဉ်လေသည်။ ၄ နှစ်အကြာ စီစဉ်အပြီးတွင် လူအလုံးအရင်းဖြင့် ပုန်ကန်လေတော့သည်။(၁၅း၁–၁၂)

၁၃. အဗရှလုံခေါင်းဆောင်သော ပုန်ကန်သူတို့ အားကြီးလာသောအခါ ဒါဝိဒ်သည် ယေရုရှလင်မှ ထွက်ပြေးခဲ့ရသည်။ ဤသည်မှာ စတုတ္ထအလျော်ဖြစ်သည်။(၁၅း၁၄–၁၆)

၁၄. ယဇ်ပရောဟိတ် အဗျာသာနှင့် ဇာဒုတ်တို့သည်လည်း ဒါဝိဒ်နှင့်အတူ လိုက်လာခဲ့ရာ ဒါဝိဒ်သည် ၄င်းတို့ ၂ ဦးကို မိဿဟာရသေတ္တာတော်နှင့်အတူ ယေရုရှလင်မြို့သို့ပြန်၍ အဗရှလုံအား ဖျောင်းဖျရန် အမိန့်ထုတ်ခဲ့သည်။(၁၅း၂၄–၂၉)

၁၅. ဒါဝိဒ်သည် ဝမ်းနည်းကြေကွဲစွာဖြင့် သံလွင်တောင်ပေါ်သို့ လမ်းလျှောက်တက်ခဲ့သည်။(၁၅း၃၀)

၁၆. ဒါဝိဒ်သည် သူ့အကြံပေးအရာရှိဖြစ်ခဲ့သူ အဟိသောဖေလသည် အဗရှလုံဘက်၌ပါသည်ကို သိ၍ သစ္စာရှိသူ အကြံပေးအရာရှိ ဟုရှဲကို အဗရှလုံထံသို့သွားအစေခံ၍ အဟိသောဖေလ၏ အကြံအအစည်တို့ကို ပယ်ဖျက်ရန် အမိန့်ပေးခဲ့သည် (၁၅း၃၁–၃၄)။ ထိုအစီအစဉ်သည် အလွန်ထိရောက်၍ နောက်ဆုံးတွင် အဟိသောဖေလသည် မိမိကိုယ်ကို အဆုံးစီရင်သည်အထိ ဖြစ်ခဲ့သည်။ (၁၄း၁–၂၃)

၁၇. ဒါဝိဒ်သည် ရှောလု၏ဆွေမျိုး ရှိမိ၏ ရှုံ့ချခြင်းနှင့် ဂဲနှင့်ပစ်ပေါက်ခြင်းကို ခံရသည်။(၁၆း၅–၈) ထိုကိစ္စကို ဒါဝိဒ်သည် ခွင့်လွှတ်ခဲ့၍ သူ့လူများအား ထိုသူကို လက်တုံ့မပြန်ရန် တားမြစ်ခဲ့သည်။ (၁၆း၁၀–၁၂)

၁၈. အဗရှလုံ၏စစ်သားများသည် ဒါဝိဒ်၏စစ်သားများကို စစ်ရှုံး၍ ထွက်ပြေးကြရသည်။ စုစုပေါင်း ၂ သောင်းကျော် ကျဆုံးခဲ့သည်။(၁၈း၇)

၁၉. အဗရှလုံသည် ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း သစ်ပင်ကြားတွင်ငြိနေသဖြင့် ဗိုလ်ချုပ်ယွာဘ၏သတ်ဖြတ်ခြင်းကို ခံရသည် (၁၈း၉–၁၄)။ ဒါဝိဒ်သည် သူ့သားအား ယွာဘလက်ဖြင့်သတ်သည်ဟု ပြောဆို၍ အထူးကြေကွဲ ဝမ်းနည်းရလေသည်။ ပြည်သူအပေါင်းတို့သည် ဝမ်းနည်းကြရသည်။ (၁၈း၃၃၊ ၁၉း၁–၄)

၂၀. ဒါဝိဒ်သည် ယေရုရှလင်မြို့ အပြန်ခရီးကို စတင်လေသည်။ ယုဒလူမျိုးစုခေါင်းဆောင် အာမသသည်လည်း ကြိုဆိုလေသည်။ ဒါဝိဒ်သည် အာမသကို ယွာဘနေရာကို အစားထိုး၍ ဗိုလ်ချုပ်ခန့်တော်မူ၏ (၁၉း၁၃–၁၄)။ မကြာမီတွင်ပင် ယွာဘသည် အာမသအား သတ်ပစ်လေသည်။ ယွာဘလည်း ဗိုလ်ချုပ်ဖြစ်လာပြန်သည်။(၂၀း၆–၂၂)

၂၁. တခါက ဒါဝိဒ်အား ဂဲနှင့်ပေါက်ခဲ့သော ရှိမိ၏တောင်းပန်ချက်ကို လက်ခံ၍ ဒါဝိဒ်သည် ရှိမိအား လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့သည်။(၁၉း၁၆–၂၃)

၂၂. ဒါဝိဒ်သည် မေဖိဗောရှက်အားတွေ့ဆုံရာ ၄င်းက သူဒါဝိဒ်နောက် အဘယ်ကြောင့် မလိုက်ခဲ့သည့်အကြောင်း အကျိုးအကြောင်းပြ၍ ရှင်းပြလေသည်။(၁၉း၂၄–၃၀)

၂၃. ဒါဝိဒ်သည် သူတိမ်းရှောင်နေချိန် အဆွေခင်ပွန်းဖြစ်ခဲ့သော ဟဗိလဲကို ယေရုရှလင်မြို့သို့လိုက်၍ မိမိနှင့်အတူ အောင်ပွဲနွဲရန် ဖိတ်ခေါ်သော်လည်း အသက်ကြီးရင့်ပြီ ဖြစ်သောကြောင့် မလိုက်နိုင်ကြောင်းငြင်း၍ မိမိလူယုံ ခိမဟံကို ထည့်ပေးလိုက်လေသည်။(၁၉း၃၁–၃၇)

၂၄. ဗယ်္ဘမိန်အမျိုးသား ရှေဘသည် ဣသရေလလူမျိုးစုများကို ဦးဆောင်၍ ဒါဝိဒ်ကိုပုန်ကန်ရာ ယွာဘက နှိမ်နင်း သတ်ဖြတ်နိုင်ခဲ့သည်။(၂၀း၁၃–၂၂)

၂၅. ဒါဝိဒ်သည် ယေရုရှလင်မြို့သို့ ဝမ်းနည်းကြေကွဲစွာဖြင့် ဆိုက်ရောက်ခဲ့သည်။ သို့သော် ပညာဉာဏ်သတိမူကား တိုးတက်ခဲ့ပေသည်။ ဒါဝိဒ်သည် များမကြာမီ၌ ပြဿနာများ ကြုံတွေ့ခဲ့ရသေးသည်။ သို့သော် ပုန်ကန်မှုများ၊ စစ်ပွဲများကားမဟုတ်ပေ။ ဤအချိန်မှစ၍ ဒါဝိဒ်သည် ဗာသရှေဘနှင့် မှားယွင်းခဲ့ရမှုအတွက် ခံရသောအပြစ်ဒါဏ်များ ပြီးဆုံးခဲ့သည်။

ဓ၊ အုပ်ချုပ်ရေးကျွမ်းကျင်သူ ဒါဝိဒ် (၂၁း၁–၁၄)

၁. အထက်ပါကိစ္စများအပြီး ဘုရားရှင်သည် ဣသရေလနိုင်ငံကို ၃ နှစ်ကြာ အစာခေါင်းပါးခြင်း ဖြစ်စေသည်။ ဒါဝိဒ်သည် ဘုရားရှင်အားမေးလျှောက်ရာ ဘုရားရှင်မှ တချိန်က ဂိဗောင်လူတို့ကို ရှော

လု သတ်ခဲ့သောကြောင့် ဟု ဖြေလေသည်။(၂၁း၁)

၂. ယောရှုမှတ်စာ ၉ ၌ ဣသရေလလူတို့သည် ဂိဗောင်အမျိုးသားတို့အား သတ်ဖြတ်ခြင်းမပြုရဟု ထာဝရဘုရား၌ သစ္စာပြုထားကြပြီး ဖြစ်သည်။ ထိုကြောင့် ရှောလုမှားခဲ့မှုကို ယခုခံရခြင်းဖြစ်သည်။(၂၁း၂)

၃. ဒါဝိဒ်သည် ဂိဗောင်လူ အကြီးအကဲတို့နှင့်ဆွေးနွေး၍ ထိုဂိဗောင်လူများကို သတ်မှု၌ပါဝင်ခဲ့သော ရှောလု၏သား ၇ ယောက်အား သေစားသေရန် ဂိဗောင်လူတို့အားအပ်ဖို့ သဘောတူခဲ့လေသည်။ သို့သော် မေဖိဗောရှက်ကိုမူ မအပ်ဘဲ ချမ်းသာစေခဲ့သည် (၂၁း၇)။ ထို့နောက် အစာခေါင်းပါးမှုလည်း ကွယ်ပျောက်လေသည်။

ဈ၊ လူဦးရေစာရင်းကောက်ခံသော ဒါဝိဒ် (၂၄)

၁. ဒါဝိဒ်သည် စာတန်၏ နှောက်ယှက်ခံရမှုဖြစ်၍ ဣသရေလနိုင်ငံ၌ လူဦးရေစာရင်းကို ကောက်ယူစေသည်။(၅ရာ ၂၁း၁–၆)

(မှတ်ချက်။ ။လူဦးရေစာရင်းကိုကောက်ယူရာ၌ အဓိကမှာ စစ်သားဦးရေကို သိလိုခြင်းဖြစ်သည် (၂၄း၉) စစ်မရှိသည့်အချိန်တွင် စစ်သားဦးရေကို ကောက်ယူခြင်းမှာ ဝါကြွားလိုခြင်းသာ ဖြစ်သည်)

၂. ဒါဝိဒ်သည် မိမိအမှားကို နောင်တရသဖြင့် ထာဝရဘုရားသည် အောက်ပါဒါဏ်ခတ်ခြင်း ၃ မျိုးမှ ဒါဏ်ခတ်ခြင်း ၁ မျိုးကို ရွေးယူရန် စေခိုင်းခဲ့သည်။(၂၄း ၁၀–၁၃) ၎င်းတို့မှာ –

က– ၇ နှစ် အစာအဟာရ ခေါင်းပါးခြင်း

ခ– ရန်သူလက်ချက်ဖြင့် ၃ လတိုင်တိုင် ထွက်ပြေးရခြင်း

ဂ– ကာလနာ ၃ ရက် ကျရောက်ခြင်း

၃. ဒါဝိဒ်သည် တတိယအမျိုးကို ရွေးယူလေသည်။(၂၄း ၁၄–၁၅)

၄. ကာလနာ ကျရောက်ခြင်းကြောင့်လူ ၇၀၀၀၀ သေ၏။ ဒါဝိဒ်သည် ထာဝရဘုရား၏ ကောင်းကင်တမန်ကို ကောက်နယ်တလင်းနားမှာ တွေ့ရှိ တောင်းပန်သဖြင့် ထိုကာလနာဘေး ကွယ်ပျောက်လေသည်။ ထိုကောက်နယ်တလင်းကို ဒါဝိဒ် ဝယ်ယူလိုက်သည်။(၂၄း၁၅–၂၅၊ ၅ရာ ၂၁း၁၈–၃၀)

(ဤနေရာ၌ ရှောလမုန်သည် ဗိမာန်တော်ဆောက်သည်ဟု မှတ်ယူရာ၏)

ည၊ အာမခံ တာဝန်ယူသူ ဒါဝိဒ် (၅ရာ ၂၂–၂၉)

၁. ဒါဝိဒ်သည် အသက် ၇၀ ခန့်ရှိပေပြီ။ သူ့အသက် ၃၇ နှစ်အရွယ်က သူသည် ဘုရားရှင်ဗိမာန်တော်ဆောက်ရန် အားထုတ်ခဲ့ဘူးသည်။ သို့သော် ထာဝရဘုရားသည် သူ့အား ခွင့်မပြုခဲ့ချေ။ (၅ရာ ၂၂း၇–၈)

၂. ဒါဝိဒ်သည် ထိုဗိမာန်တော် တည်ဆောက်ခြင်းအမှုကို စီစဉ်ပြင်ဆင်၍ သားတော်ရှောလမုန်အား လွှဲအပ်ခဲ့သည်။(၅ရာ ၂၂း၅–၁၀)

၃. ဒါဝိဒ်သည် ဗိမာန်တော်တည်ဆောက်မှုအတွက် အောက်ပါအတိုင်း ပြင်ဆင်ခဲ့သည်။

က– ဗိမာန်တော်ဆောက်ရခြင်း အကြောင်းအရင်း။ ။ဗိမာန်တော်သည် မိဿဟာယသေတ္တာတော်ထားရန်နေရာနှင့် (၅ရာ ၂၂း၁၉) လက်ရှိ ဂိဗောင်မြို့၌ရှိနေသော တဲတော်ကို ထားရန်နေရာဖြစ်သည် (၂၁း၂၉)။ လက်ရှိတဲတော်မှာ မောရှေဆောက်ခဲ့သော မူလတဲတော်မဟုတ်ပေ။ မောရှေဆောက်ခဲ့သော တဲတော်မှာ "ရှိလော" မြို့တွင် ရှိခဲ့ဘူးသည်။(ယောရှု ၁၈း၁၊ ၁၉း၅၁၊ သူကြီး ၁၈း၃၁၊ ၁ရာ ၁း၉၊ ၃း၃) ထိုတဲတော်မှာ ဖိလိတ္တိလူတို့လက်ချက်ဖြင့် ပျက်စီးပျောက်ကွယ်ခဲ့ပြီ။(ဆာ ၇၈း၆၀၊ ယေရမိ ၇း၁၂၊ ၁၄၊ ၂၆း၆)

ခ– ဗိမာန်တော်၏ တည်ဆောက်ခြင်း၌ ကုန်ကျမှုတန်ဘိုး

(၁) ရွှေအခွက် ၁၀၀၀ (သန်း ၁၂၀ အောင်စ) (၂၂း၁၄)

(၂) ငွေအခွက် ၁၀၀၀၀ (၁.၂ ဘီလီယံအောင်စ) (၂၂း၁၄)

လက်ရှိဈေးနှုန်းနှင့်တွက်ပါက ဒေါ်လာသန်းပေါင်း (၁၇၈၅၀၀၀) ခန့် ကုန်ကျမည်ဖြစ်သည်။ ဒါဝိဒ်ကိုယ်တိုင် အလှူထည့်ခဲ့သည် (၂၉း ၄–၅)။ သို့ဖြစ်၍ ဗိမာန်တော်မှာ အတိုင်းမသိ တန်ဘိုးများခဲ့သည်။

ဂ– ဗိမာန်တော်အတွက် စီမံခန့်ခွဲမှု။ ။ဒါဝိဒ်သည် ဗိမာန်တော်တည်ဆောက်မှုအတွက် အလုပ်သမားများကို တာဝန်ခွဲဝေပေးသည်။ လေဝိသား ၃၈၀၀၀ ကို ထိုဗိမာန်တော်အတွက် အသင့်ပြင်ဆင်စေသည်။(၂၃း၃)

(၁) ထိုအထဲမှ ၂၄၀၀၀ ကို ဆောက်လုပ်ရေးပိုင်း၌ ကြီးကြပ်စေသည်။(၂၃း၄)

(၂) ၆၀၀၀ ကို တရားသူကြီးများ၊ အရာရှိများအဖြစ် ခန့်အပ်သည်။(၂၃း၄)

(၃) ၄၀၀၀ ကို တံခါးမှူးများ ဖြစ်စေသည်။(၂၃း၅)

(၄) ၄၀၀၀ ကို သီချင်းသည်များ၊ တူရိယာတီးမှုတ်သူများ ဖြစ်စေသည်။(၂၃း၅)
ထို့ပြင် လေဝိသား ယဇ်ပုရောဟိတ်များကို ၂၄ စုစီ ခွဲခြားပေးခဲ့သည်။(၂၃း၆၊ ၂၄း၁–၃၊ ၂၄း၁၀ နှင့် လု ၁း၅)

ဃ– ဗိမာန်တော်ရှိ တီးမှုတ်သူများ။ ။ဒါဝိဒ်သည် ရှိပြီးသားတီးမှုတ်သူနှင့် သီဆိုသူ ၄၀၀၀ အပြင် တီးမှုတ်သူ ၂၈၈ ယောက်ကို ထပ်တိုးချဲ့၍ ခန့်ခဲ့သည်။(၂၅း၇–၈)

င– ဗိမာန်တော်ရှိလက်နက်ကိုင်တပ်ဖွဲ့။ ။ဒါဝိဒ်သည် မိမိ၌ရှိသော ၁၂ စုမှ စစ်သား ၂၈၈၀၀၀ ရှိသည်။ ထိုအထဲမှ ၂၄၀၀၀ ကို ဗိမာန်တော်စောင့်ရန် အလှည့်ကျရွေးခဲ့သည်။(၂၇း၁–၁၅)

စ– ဗိမာန်တော်ရှိ ခန်းမများတည်ဆောက်မှု။ ။ဒါဝိဒ်သည် ဘုရားရှင်ထံမှ မိမိရခဲ့သည့် ဉာဏ်ပညာဖြင့် ခန်းမများတည်ဆောက်ရန် ပုံစံများကို ရှောလမုန်အား ပေးခဲ့သည်။(၂၈း၁၁၊ ၁၉)

ဆ– ဗိမာန်တော် တည်ဆောက်မည့်သူတို့အား မေးမြန်းချက်။ ။ဣသရေလ ခေါင်းဆောင်များအားလုံးသို့ (၂၂း၁၇–၁၉၊ ၂၈း၁–၈၊ ၂၉း၁–၅)

ဇ– ဗိမာန်တော် တည်ဆောက်သူများထံမှ အဖြေတုံ့ပြန်မှု။ ။(၂၉း၆–၉၊ ၂၀၊ ၂၁)

ဈ– ဗိမာန်တော် တည်ဆောက်ရမည့်သူသို့ အကြံပေးချက်။ ။ရှောလမုန်သို့ (၂၂း၁၁–၁၃၊ ၂၈–၉၊ ၁၀၊ ၂၀၊ ၂၁)

ည– ဗိမာန်တော်၏အရှင် ဘုရားသခင်သို့ ဆုတောင်းချက်။ ။(၂၉း၁–၁၉)

၄– နှုတ်ကပတ်တော်ရေးသူ ဒါဝိဒ်
ဒါဝိဒ်သည် ဆာလံကျမ်း ၁၅၀ ထဲမှ ၇၇ စောင်ကို ရေးခဲ့သည်။

## ၃။ ဣသရေလတို့၏ ဒဏ္ဍာရီအလား အံ့သြဖွယ်၊ ထူးခြားသည့် ရှောလမုန်ဘုရင် ( ၃ရာ ၁ – ၁၁၊ ၅ရာ ၁ – ၉ )

က၊ သူ၏ ရန်သူများအပေါ် အောင်မြင်မှု (၃ရာ ၁း၁ – ၂း၄၆)

၁. အဒေါနိယကို အောင်မြင်မှု

က– ဒါဝိဒ်ဘုရင်သည် အရွယ်လွန်၍သေခါနီး အိပ်ရာပေါ်တွင်လဲနေစဉ် ၎င်း၏သားကြီး အဒေါနိယသည် ရှောလမုန်ဆက်ခံရမည့် ဒါဝိဒ်၏ ထီးနန်းအရိုက်အရာကို လုယူရန် ကြိုးစားလေသည်။(၃ရာ ၁း၅–၈)

ခ– ဗာသရှေဘသည် သူ၏ နာမကျန်းဖြစ်နေသူ ခင်ပွန်း ဒါဝိဒ်ဘုရင်ထံသို့ဝင်၏။ ရှင်ဘုရင်ခွင့်ပြုချက်ဖြင့် ယဇ်ပုရောဟိတ်ဇာဒုတ်သည် ရှောလမုန်ကို ဘိသိက်သွန်းလောင်းခဲ့သည်။ (၁း၁၅–၃၉)

ဂ– အဒေါနိယကိုလည်း ခွင့်လွှတ်၍ ဆက်အသက်ရှင်ခွင့် ပေးခဲ့သည် (၁း၅၃)။ သို့သော် အဒေါနိယသည် ပြဿနာထပ်ရှာ၍ အသတ်ခံရ၏။(၂း၁၃–၂၅)

မှတ်ချက်။ ။ရှုနင်မြို့သူ အဘိရှက်မှာ ဖခင်ဒါဝိဒ်၏ မဆက်ဆံရသောမယား ဖြစ်ခဲ့ဘူးသည်။(၁း၃–၄)

၂. အဗျာသာကို အောင်မြင်မှု (၂း၂၆–၂၇)၊ ဖခင်ဒါဝိဒ်၏ သစ္စာရှိသူ ဖြစ်ခဲ့ဘူးသောကြောင့် အသက်ချမ်းသာပေးခဲ့သည်။ သို့သော် ယဇ်ပုရောဟိတ်ရာထူးမှ ဖယ်ရှားခံရသည်။

၃. ယွာဘအပေါ် အောင်မြင်မှု (၂း၂၈–၃၄)၊ ထို ဗိုလ်ချုပ်ယွာဘမှာ နောက်ဆုံးအချိန်၌ အသတ်ခံရ၏။ သူသည် အဒေါနိယကို ကူညီခဲ့မှုတခုသာ မဟုတ်ဘဲ၊ အာဗနာနှင့်အာမသာ၊ အဗရှလုံကို သတ်ခဲ့မှုကြောင့်ဖြစ်သည်။

၄. ရှိမိကိုအောင်မြင်ခြင်း (၂း၃၆–၄၆)၊ အဒေါနိယကဲ့သို့ပင် အသက်ရှင်နေထိုင်ခွင့် ရသော်လည်း ဥပဒေဖောက်ဖျက်ခဲ့သဖြင့် အသတ်ခံရသည်။ ရှိမိသည် တခါက ဒါဝိဒ်ကို ခဲနှင့်ပစ်၍ ကျိန်ဆဲဘူးသူဖြစ်သည်။

ခ၊ သူ၏ ဘုရားရှင်ထံမှရသော ပညာဉာဏ်စွမ်းရည်များ (၃း၄–၂၈)

၁. ရှောလမုန်သည် ဂိဗောင်မြို့သို့သွား၍ ထာဝရဘုရားအား ယဇ်ပူဇော်သည်။ ညအချိန်၌ ထာဝရဘုရားသည် ရှောလမုန်အား အိပ်မက်အားဖြင့် ထင်ရှားလေသည်။ ဘုရားရှင်က သူ့အား တောင်းလိုသောဆုကို တောင်းနိုင်ခွင့်ပေးရာ ရှောလမုန်က ပညာဉာဏ်ဆုကို တောင်းလေသည်။(၃း၆–၉)

၂. ရှောလမုန်သည် ယေရုရှလင်မြို့သို့ ပြန်ရောက်သည်နှင့် ဘုရားရှင် သူ့အားပေးသော ဉာဏ်ပညာကို စမ်းသပ်ခွင့် ကြုံရလေသည်။ ကလေးတဦးကို ပိုင်ဆိုင်လိုမှုနှင့် မိခင် ၂ ဦး အငြင်းပွားကြရာ မည်သူက မိခင်အစစ်ဖြစ်ကြောင်းသိရန် ရှောလမုန်က ကလေးကို ၂ ပိုင်းဖြတ်၍ တယောက်တပိုင်းယူရန် ပရိယာယ်ဆင် အမိန့်ပေးလေသည်။ မိခင်အစစ်ဖြစ်သူမှာ မိမိကလေးကို မသေစေလို၍ ကလေး

တောင်းဆိုမှုကို အလျော့ပေးသော်လည်း မိခင်အတုမှာမူ ကလေးကို ၂ ပိုင်း ပိုင်းယူခွင့်ကို သဘောတူလေသည်။ သို့ဖြစ်၍ မည်သူသည် မိခင်အတု၊ အစစ် ဖြစ်သည်ကို ခွဲခြားနိုင်ခဲ့လေသည်။ (၃း၁၆–၂၈)

ဂ၊ သူ၏ နိုင်ငံကို စည်ပင်သာယာစွာ အုပ်ချုပ်မှုများ (၄း၁–၃၄)၊ ရှောလမုန်ခေတ်အုပ်ချုပ်ပုံသည် မိလေနီလနှစ် ၁၀၀၀ ခရစ်တော်အုပ်ချုပ်မှုအချိန်နှင့် နှိုင်းယှဉ်နိုင်ကြောင်း အောက်ပါအချက်များအားဖြင့် သိနိုင်ပေသည်။

၁. ရှောလမုန်သည် ကက်ဘိနက်ဝန်ကြီး ၁၂ ဦးထား အုပ်ချုပ်သည်။(၄း၇)
ယေရှုသည်လည်း တပည့်တော် ၁၂ ပါးဖြင့် အုပ်ချုပ်လိမ့်မည်။(မ ၁၉း၂၈)

၂. ရှောလမုန်သည် သန့်ရှင်းရာနယ်မြေများရှိ အားလုံးသောနိုင်ငံတို့ကို အုပ်ချုပ်သည်။(၄း၂၁) ခရစ်တော်သည်လည်း မိလေနီလနှစ် ၁၀၀၀ ၌ ဣသရေလနိုင်ငံအပြင် နိုင်ငံအားလုံးကို အုပ်ချုပ်လိမ့်မည်။(ဗျာ ၁၁း၁၅)

၃. ရှောလမုန်အား နိုင်ငံများစွာတို့ ပဏ္ဏာဆက်၍ အစေခံသကဲ့သို့ ကျနုပ်တို့သည်လည်း မိလေနီလနှစ် ၁၀၀၀ ၌ အစေခံကြရမည်။(၄း၂၁၊ ဗျာ ၂၂း၃)

၄. ရှောလမုန်သည် ဒေသအတွင်းငြိမ်းချမ်းရေးကို ဖြစ်စေခဲ့သည် (၄း၂၄)။ ခရစ်တော်သည် တကမ္ဘာလုံး ငြိမ်းချမ်းရေးဖြစ်စေမည်။(ဟေရှာ ၂း၂–၄)

၅. ယုဒနှင့် ဣသရေလတို့ကြား ပဋိပက္ခ အလျင်းမရှိ။ လူတိုင်း မိမိသဘော်သဖန်းပင်အောက်မှာ ငြိမ်ဝပ်စွာနေရကြသည် (၄း၂၅)။ ခရစ်တော်အုပ်ချုပ်ချိန်၌ ထိုကဲ့သို့ ဖြစ်လိမ့်မည်။(ယေရမိ ၂၃း၆၊ မိက္ခာ ၄း၄၊ ဇာ ၃း၁၀)

ဃ၊ သူ၏ ဝတ်ပြုကိုးကွယ်ရာ ဗိမာန် (၃ရာ ၅ – ၈၊ ၆ရာ ၂ – ၇)

၁. လုပ်ကိုင်ဆောင်ရွက်ခြင်း

က– ရှောလမုန်သည် ၎င်း၏နန်းသက် ၄ နှစ် မေလမှစ၍ ဗိမာန်တော်ကို တည်ဆောက်ရာ နန်းသက် ၁၁ နှစ်ကြာ နိဝင်ဘာလတွင် လုံးဝပြီးစီးခဲ့လေသည်။ သို့ဖြစ်၍ ဗိမာန်တော်တည်ဆောက်မှုမှာ ၇ နှစ်တင်းတင်း ကြာခဲ့လေသည်။(၆း၁၊ ၃၈)

ခ– ဗိမာန်တော်အကျယ်အဝန်းသည် မောရှေဆောက်ခဲ့ဘူးသောတဲတော်၏ ၂ ဆစာ ကျယ်ဝန်းသည်။ ပေ ၉၀ ရှည်၊ ပေ ၃၀ ကျယ်၍ ၄၅ ပေအမြင့် ရှိလေသည်။(ထွက် ၂၆း၁၆၊ ၁၈)

ဂ– ဗိမာန်တော်ကိုတည်ဆောက်ရာ၌ ကျွန်များ၊ အလုပ်သမားများအပါအဝင် ဣသရေလအမျိုးသား ၁၀၀၀၀၊ ကျောက်ဖြတ်သူ ၈၀၀၀၀ နှင့် ကြီးကြပ်သူ ၃၃၀၀ တို့ လုပ်ဆောင်ကြသည်။ (၅း၁၃–၁၆)

ဃ– ကြမ်းခင်းနှင့်နံရံကို အာရဇ်ထင်းရှူးပျဉ်ပြားနှင့် ထပ်ကာခင်း၍ ထိုအပေါ်မှာထပ်ဆင့်၍ ရွှေစင်ဖြင့် ကာခင်းလေသည်။(၆း၁၆၊ ၂၁၊ ၂၂)

င– ဗိမ္မာန်တော်တည်ဆောက်ရာ၌ သံ၊ တူ၊ ပုဆိန် ထုရိုက်သံ လုံးဝမပြည်ရပေ။(၆း၇)

စ– ရှေ့မျက်နှာစာတွင် တဖက်တချက်၌ ရွှေမီးခွက် ၅ ခုစီ၊ ပေါင်း ၁၀ ခုနှင့် ပူဇော်ရာမုန့်တင်သည့်စားပွဲ ၁၀လုံးရှိသည်။(၇း၄၉) – မောရှေ၏တဲတော်နှင့် ခြားနားမှု အနည်းငယ်ရှိသည်။

ဆ– ရှောလမုန်သည် တုရုဘုရင် ဟိရံထံမှ ဗိမ္မာန်တော်အတွက် လေဗနုန်တောင်ပေါ်မှ အာရဇ်သစ်သား၊ ထင်းရှူးသစ်သားများရရှိမှုကို အလဲအလှယ်အားဖြင့် ဟိရံဘုရင်ထံသို့ ဂျုံဆန် ကောရနှစ်သောင်း၊ သံလွင်ဆီ ကောရနှစ်ဆယ် (၈၄၀ ဂါလံ) ကို နှစ်စဉ်ပေးလေသည်။(၅း၈–၁၁)

ဇ– ဗိမ္မာန်တော်၌ ခေရုဗိမ်ရွှေရုပ် ၂ ခုကို မိဿဟာယ သေတ္တာပေါ်သို့ အတောင်ဖြန့် လွှမ်းမိုးစေသည်။(၈း၇) – အရုပ်သည် ကိုးကွယ်ရန်အရုပ် မဟုတ်သည်ကို သတိပြုပါ။

၂. ဖွင့်ပွဲကျင်းပခြင်း။ ။ရှောလမုန်မင်းသည် ထိုဗိမ္မာန်တော် ဆက်ကပ်အပ်နှံရာနေ့၌ ဝမ်းမြောက်စွာဖြင့် အိမ်တော် တည်ဆောက်ရခြင်းနှင့် ပါတ်သက်သော အကြောင်းအရာများကို ပြည်သူများသို့ ထုတ်ဖေါ် မြွက်ကြားခဲ့သည်။(၈း၂၂–၅၃၊ ၆ရာ ၆း၁–၁၁)

၃. ဆုတောင်းပဋ္ဌါနာပြု အသနားခံခြင်း။ ။ရှောလမုန်သည် ထိုလှပသောဗိမ္မာန်တော်မှ အောက်ပါ ၃ မျိုးတို့အပေါ် အကျိုးရှိစေရန် ဆုတောင်းခဲ့သည်။(၈း၂၂–၅၃၊ ၆ရာ ၆း၁၂–၄၂)

က– လူပုဂ္ဂိုလ်တဦးခြင်းအတွက် အကျိုးရှိစေရန် (၈း၃၁–၃၂)

ခ– နိုင်ငံတော်နှင့် အမျိုးသားတစုလုံးအတွက် အကျိုးစေရန် (၈း၃၃–၄၀)

ဂ– တပါးအမျိုးသားတို့အတွက် အကျိုးရှိစေရန် (၈း၄၁–၄၃)

၄. ကောင်းကြီးမင်္ဂလာပေးခြင်း (၈း၅၄–၆၁)

၅. ထင်ရှားပြသခြင်း (၆ရာ ၇း၁–၃)

– *ထိုသို့ ရှောလမုန်သည် ပဋ္ဌနာပြု၍ပြီးသောအခါ ကောင်းကင်ကမီးကျ၍ မီးရှို့ရာယဇ် အစရှိသော ယဇ်*

*မျိုးကိုလောင်သဖြင့် အိမ်တော်သည် ထာဝရဘုရား၏ဘုန်းတော်နှင့် ပြည့်၏။ ထာဝရဘုရား၏အိမ်တော်သည် ဘုန်းတော်နှင့်ပြည့်သောကြောင့် ယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရား၏ အိမ်တော်ထဲသို့ မဝင်နိုင်ကြ။ ထိုသို့ မီးကျ၍ ထာဝရဘုရား၏ဘုန်းတော်သည် အိမ်တော်ပေါ်မှာ သက်ရောက်သည်ကို ဣသရေလ အမျိုးသားအပေါင်းတို့သည် မြင်လျှင် ကျောက်ခင်းအရပ်၌ မြေပေါ်မှာ ဦးချပြပ်ဝပ်လျက် ကောင်းမြတ်တော်မူသည်၊ ကရုဏာတော် အစဉ်အမြဲတည်သည်ဟု ထာဝရဘုရားကို ကိုးကွယ်၍ ဂုဏ်တော်ကို ချီးမွမ်းကြ၏ –*

၆. ဆက်ကပ်ပူဇော်ခြင်း (၈း၆၂–၆၆၊ ၆ရာ ၇း၄–၁၀)။ ။ထိုဆက်ကပ်ပူဇော်ပွဲ၌ သိုးပေါင်း ၁၂၀၀၀၀ နှင့် နွားထီး ၂၂၀၀၀ တို့ကို ပူဇော်လေသည်။
(ဤပူဇော်ခြင်းမှာ သမ္မာကျမ်းစာ၌ ပါသမျှထဲတွင် အများဆုံးသော ပူဇော်ခြင်းဖြစ်သည်)

င၊ သူ၏ စည်းစိမ်ပိုင်ဆိုင်မှု

၁. ရှောလမုန်၌ မယား ၇၀၀ ရှိ၍ မောင်းမ ၃၀၀ ရှိသည်။(၁၁း၃)

၂. ရှောလမုန်၌ အတိုင်းမသိများပြားသော ရွှေများရှိသည်။ သူ၏ဘဏ္ဍာဝင်ငွေမှာ တနှစ်လျှင် အခွက် ၆၆၆ ခွက်ဖြစ်သည်။ (၇၉၉၀၀၀ အောင်စ) ၁၁ဘီလျံဒေါ်လာဖြစ်သည်။(၆ရာ ၉း၁၃)
– *ရှင်ဘုရင်သည် ယေရုရှလင်မြို့၌ ရွှေငွေကို ကျောက်ခဲကဲ့သို့၄င်း၊ အာရဇ်ပင်တို့ကို လွင်ပြင်၌ပေါက်သော သဖန်းပင်ကဲ့သို့၄င်း များပြားစေသည် – (၆ရာ ၁း၁၅)*
သူ၏ သောက်တော်ဖလားသည် ရွှေစင်ဖြစ်သည်။(၆ရာ ၉း၂၀)
– *ရှောလမုန်သည် မြေကြီးပေါ်မှာရှိသမျှသော ရှင်ဘုရင်တို့ထက် ပညာနှင့်စည်းစိမ်အားဖြင့် လွန်ကဲ၏ – (၆ရာ ၉း၂၂ )*

၃. သူ့၌ ကိုယ်ပိုင်မြင်း ၄၀၀၀၀ ရှိ၏။(၄း၂၆)

၄. စစ်မြင်းရထား ၁၄၀၀ (တစီးလျှင် ၄၀၀ ဒေါ်လာတန်၏) (၁၀း၂၆)

၅. မြင်းစီးတပ်သား ၁၂၀၀၀ ရှိ၏။(၁၀း၂၆)

၆. သူ့၌ ကိုယ်ပိုင်ရေတပ်နှင့် သင်္ဘောကျင်းရှိ၏။(၉း၂၆–၂၈၊ ၁၀း၂၂၊ ၆ရာ ၈း၁၇–၁၈)

၇. သူသည် ဆင်စွယ်နှင့် ရာဇပလ္လင်ကိုလုပ်စေ၍ ရွှေစင်ဖြင့်မွမ်းမံလေသည်။ ထိုပလ္လင်သည် လှေကား ၆ ထစ်ရှိ၍ လက်ရမ်း ၄ခုရှိသည်။ ခြင်္သေ့ ၁၂ကောင်ပုံထုလုပ်၍ ဝိုင်းရံထားသည်။ လက်ရမ်းတဖက်တချက်တွင် ထိုင်စရာတခုစီပါ၏။(၁၀း၁၈–၂၀)

စ၊ ရှောလမုန်၏ ကြွယ်ဝချမ်းသာမှု ဉာဏ်ပညာကြီးမှုသည် မြေတပြင်လုံး၌ ကျော်ကြားခဲ့သည်။ (၄း၂၉–၃၄၊ ၁၀း၁–၁၃)

၁. ရှေဘပြည် (အာရေဗျ) ကိုအုပ်စိုးသော ဘုရင်မသည် ရှောလမုန်၏ ဉာဏ်ပညာနှင့်စည်းစိမ်ကို စုံစမ်းလေ့လာရန် ယေရုရှလင်မြို့သို့ ရောက်လာပြီး အောက်ပါအတိုင်း မှတ်ချက်ချခဲ့သည်။
– *ကိုယ်တိုင်ရောက်၍မမြင်မှီ ထိုစကားကိုမယုံ။ ယခုမူကား ကိုယ်တော်ပညာကျယ်ခြင်းအရာမှာ အရင်ကြားရသောစကားသည် တဝက်ကိုမျှမမှီ၊ အကျွန်ုပ်ကြားရသောသိတင်းကို လွန်ကဲပါ၏ – (၉း၆)*

၂. ရှောလမုန်၏ ဉာဏ်ပညာသည် အောက်ပါအချက်တို့၌ အလွန်ကျော်ကြားလေသည်။
က– တရားစီရင်ရေး (၃း၂၈)
ခ– အုပ်ချုပ်ရေး (၅း၁၂)
ဂ– ဆုံးမနီတိစာ ရေးခြင်း (၄း၃၂)
ဃ– သဘာဝအလှ မွမ်းမံချယ်သမှု (၄း၃၃)
င– ဗိသုကာပညာနှင့် အင်ဂျင်နီယာပညာ (၅း၁–၇၊ ၉း၁၅–၂၂)
စ– ဒဿနိကဗေဒ (အတွေးအခေါ်) (ဒေသနာ ၂း၃)
ဆ– စိုက်ပျိုးရေးအတတ်ပညာ (ဒေသနာ ၂း၅)

ဆ၊ ရှောလမုန်၏ ဘုရားရှင်အပေါ် ပုန်ကန်ဖေါက်ပြန်ခြင်း

၁. ရှောလမုန်အား ဖေါက်ပြန်ခြင်းမဖြစ်ရန် သတိပေးဆုံးမခဲ့ဘူးသည်။
က– ဒါဝိဒ်၏ သတိပေးမှု
(၁) ပထမအကြိမ် (၅ရာ ၂၂း၁၃)
(၂) နောက်ဆုံးအကြိမ် (၂း၃)
ခ– ဘုရားရှင်၏သတိပေးမှု
(၁) ပထမကြိမ် (၃း၁၄)
(၂) ဒုတိယကြိမ် (၉း၆–၇)
(၃) နောက်ဆုံးကြိမ် (၁၁း၁၁)

၂. ရှောလမုန် ဖေါက်ပြန်ရခြင်း၏ အကြောင်းရင်း – ရှောလမုန်ဘုရင်မတိုင်မီ လွန်ခဲ့သောနှစ် ၅၀၀

ကျော်ခန့်က ဘုရားရှင်သည် ဣသရေလလူမျိုးတို့အား အနာဂါတ်၌ ဘုရင်စနစ်ဖြင့် အုပ်စိုးသည့်အခါ ဘုရင်သည် ဖေါက်ပြန်မှုမရှိရန် အောက်ပါစည်းကမ်းများကို ချပေးခဲ့သည်။

– *ထိုရှင်ဘုရင်သည် ကိုယ်အဘို့ များစွာသောမြင်းတို့ကို မမွေးရ။ မြင်းများပြားစေခြင်းငှါ အဲဂုတ္တုပြည်သို့ လူကို မပြန်စေရ။ အကြောင်းမူကား ထိုလမ်းသို့မပြန်သွားရဟု ထာဝရဘုရား အမိန့်တော်ရှိ၏။ သူ၏ စိတ်နှလုံးသည် ဖေါက်ပြန်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း များစွာသောမယားတို့ကို မယူရ။ ရွှေငွေ ကိုလည်း များစွာမဆည်းပူးရ – (တရား ၁၇း၁၆–၁၇)။*

သို့သော် ရှောလမုန်သည် ထိုအချက် ၃ ချက်စလုံးကို လျစ်လျူရှုခဲ့သည်။

က– သူသည် ရွှေ၊ ငွေ များစွာ ပိုင်ဆိုင်ခဲ့သည်။(၁၀း၁၄–၂၇)

ခ– သူသည် ထောင်ပေါင်းများစွာသော မြင်းတို့ကို ပိုင်ဆိုင်ခဲ့သည်။(၄း၂၆)

ဂ– သူသည် ရာပေါင်းများစွာသော မယားတို့ကို ယူခဲ့သည်။(၁၁း၃)

၃. ထိုဖေါက်ပြန်မှုကြောင့် ခံရသည့်အဖြစ်အပျက်များ

က– သူအုပ်ချုပ်ချိန်အတွင်း တိုင်းပြည်၌ ပထမဆုံးအကြိမ်အဖြစ် ပုန်ကန်မှု ပေါ်ပေါက်လာသည်။ နောက်ပိုင်း၌လည်း မကြာမကြာ မငြိမ်သက်မှုများ ဖြစ်ပေါ်ခဲ့သည် (၁၁း၁၄–၂၅)။ ထိုပုန်ကန်သူများမှာ ဧဒုံအမျိုးသား ဟာဒစ် (၁၁း၁၄–၂၂) နှင့် ရေဇုန် (၁၁း၂၃–၂၆)

ခ– ရှောလမုန်သေလွန်ချိန်၌လည်း ဘုရားရှင်သည် ရှောလမုန်၏နိုင်ငံတော်ကို ရှောလမုန်၏သားနှင့် အခြားသူကို ပေးဝေ ခွဲခြမ်းပစ်ခဲ့လေသည် (၁၁း၉–၁၃၊ ၂၆–၄၀)။ ထိုသူမှာ ဧဖရိမ်အမျိုးသား ယေရောဗောင်ဖြစ်သည် (၁၁း၂၇–၄၀)။ ၎င်းသည် ပရောဖက်အဟိယ၏ ခွင့်ပြုချက်ဖြင့် ရှောလမုန် နှစ် ၄၀ အုပ်စိုးပြီး သေလွန်ချိန်၌ ၁၂ စုသော ဣသရေလလူမျိုးစုမှ ၁၀ စုကို ခွဲထုတ်အုပ်ချုပ်လေသည် (၁၁း၂၀–၄၃)။ ကျန်သည့်အပိုင်းကို ရှောလမုန်သား ရောဗောင် အုပ်စိုးသည်။

# ဓမ္မရာဇဝင် + ချုပ်

## ၁။ ကွဲပြားသွားသောနိုင်ငံတော်နှင့် ပါတ်သက်သော ဖြစ်စဉ်များ

ရှောလမုန်ဘုရင် သေလွန်ပြီးနောက် ဣသရေလနိုင်ငံတော်သည် ပြည်တွင်းစစ်ဖြစ်ပွားကာ နောက်ဆုံး၌ တောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ နိုင်ငံနှစ်ခြမ်း ကွဲပြားသွားခဲ့လေသည်။

က၊ မြောက်ပိုင်းနိုင်ငံတော် (ဣသရေလပြည်)

၁. ၉၃၃ ဘီစီတွင် စတင်ခဲ့၍ နှစ်ပေါင်း ၂၁၀ ကြာရှည်ခဲ့သည်။

၂. ပထမဆုံး အုပ်ချုပ်စိုးစံသူမှာ ယေရောဗောင်ဘုရင် ဖြစ်သည်။

၃. နောက်ဆုံး အုပ်ချုပ်စိုးစံသူမှာ ဟောရှေဘုရင် ဖြစ်သည်။

၄. စုစုပေါင်း ဘုရင် ၁၉ ပါး အုပ်ချုပ်ခဲ့သည်။ တဦးမျှ မကောင်းကြချေ။

၅. ဣသရေလအနွယ်စု ၁၀ နွယ် ပါဝင်ကြသည်။

၆. မြို့တော်မှာ ရှမာရိမြို့ ဖြစ်သည်။

၇. ဘီစီ ၇၂၁ တွင် ရှုရိ (ဆီးရီးယား) ၏ တိုက်ခိုက်သိမ်းယူ ဖမ်းဆီးသွားခြင်းကို ခံခဲ့ရ၍ နိဂုံးချုပ်ခဲ့ရသည်။

၈. ထိုဖမ်းဆီးသွားခံရမှုမှ ပြည်တော်ပြန်ခွင့် မရတော့ချေ။

ခ၊ တောင်ပိုင်းနိုင်ငံတော် (ယုဒပြည်)

၁. ၉၃၁ ဘီစီတွင် စတင်ခဲ့၍ နှစ်ပေါင်း ၃၂၆ နှစ် ကြာရှည်ခဲ့သည်။

၂. ပထမဆုံး အုပ်ချုပ်စိုးစံသူမှာ ရောဗောင်ဘုရင် ဖြစ်သည်။

၃. နောက်ဆုံး အုပ်ချုပ်စိုးစံသူမှာ ဇေဒကိဘုရင် ဖြစ်သည်။

၄. စုစုပေါင်းဘုရင် ၁၉ ပါးနှင့် ဘုရင်မတပါး ပေါင်း ၂၀ ပါးအုပ်ချုပ်ခဲ့သည်။ ထို ၂၀ ပါးထဲမှ ၈ပါး သည် ကောင်းသောဘုရင်များ ဖြစ်ကြသည်။
၅. ဣသရေလနှစ်နွယ် (ယုဒနှင့်ဗင်္ယာမိန်) တို့ ပါဝင်ကြသည်။
၆. မြို့တော်မှာ ယေရုရှလင်ဖြစ်သည်။
၇. ဘီစီ ၆၀၆ တွင် ဗာဗုလုန်၏ တိုက်ခိုက်သိမ်းပိုက် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံကြရ၍ နိဂုံးချုပ် ခဲ့သည်။
၈. ထိုဖမ်းဆီးခေါ်ဆောင်သွားခြင်းမှ သုံးကြိမ်ခွဲ၍ ပြည်တော်ပြန်ခွင့် ရကြသည်။
မှတ်ချက်။ ။အထက်ပါ ကွဲပြားသွားသော နိုင်ငံတော်ကို အချိန်ကာလ နှစ်ပိုင်းခွဲ၍ လေ့လာနိုင် သည်။ ၄င်းတို့မှာ –
က– ကွဲပြားသွားသော နိုင်ငံနှစ်ခုကာလ (မြောက်ပိုင်း + တောင်ပိုင်း) (၉၃၁ – ၇၂၁ ဘီစီ)
ခ– နိုင်ငံတနိုင်ငံသာ ကျန်သည့်ကာလ (တောင်ပိုင်းနိုင်ငံ) (၇၂၁ – ၆၀၅ ဘီစီ)

## ၂။ ကွဲပြားသွားသောနိုင်ငံတော်မှ စိုးစံသူ ဘုရင်များ

*မြောက်ပိုင်း (ဣသရေလပြည်) မှ ဘုရင်များ*

က၊ ပထမမြောက် ယေရောဗောင် (၃ရာ ၁၁း၂၆ – ၁၄း၂၀၊ ၆ရာ ၉း၂၉ – ၁၃း၂၂)
၁. သူသည် ၂၂ နှစ် စိုးစံခဲ့သည်။(၁၄း၂၀)
၂. သူသည် ရှောလမုန်လက်ထက်က ဝန်ကြီးအဖြစ် အမှုထမ်းဘူးသူ ဖြစ်သည်။(၁၁း၂၈)
၃. သူသည် ပြည်သူလူထုများ ယေရုရှလင်မြို့သို့ပြန်၍ ဘုရားကို ဝတ်မပြုနိုင်အောင် မှားယွင်းသော ဘာသာရေးစနစ်တခုကို မိမိနိုင်ငံ၌ တည်ထောင်ခဲ့သည်။(၁၂း၂၈)
၄. သူသည် လူများရှိခိုးရန် ရွှေနွားရုပ်နှစ်ခုကိုလုပ်၍ ဒန်မြို့နှင့် ဗေသလမြို့တို့၌ ထားခဲ့သည်။ (၁၂း၂၉)
၅. သူသည် ထာဝရဘုရားအား ယဇ်ပူဇော်ရန် လေဝိအမျိုးမဟုတ်သောသူတို့ကို ယဇ်ပုရောဟိတ်ခန့်ခဲ့ သည်။(၁၂း၃၁)
၆. သူသည် လေဝိအမျိုးကို ယဇ်ပုရောဟိတ် မခန့်ခဲ့သာကြောင့် ဘုရားရှင်၏ ဒါဏ်ခပ်ခြင်း ခံခဲ့ရ သည်။(၁၂း၃၃၊ ၁၃း၄၊ ၁၄း၁၊ ၁၇)
က– သူ့လက်သည် သွေ့ခြောက်ခဲ့သည်။(၁၃း၄)
ခ– သူ့သား အဘိယ သေဆုံးခဲ့သည်။(၁၄း၁၊ ၁၇)
ဂ– သူ၏ အနာဂတ်အမျိုးအနွယ်တခုလုံး ဖျက်ဆီးခံခဲ့ရသည်။ ဣသရေလလူမျိုးတို့အား ဆက် လက်ဦးဆောင်ခွင့် မရ။(၁၄း၁၀၊ ၁၁၊ ၁၅း၂၉)
ဃ– ရှုရိ (ဆီးရီးယား) တို့၏ တိုက်ခိုက်ဖမ်းဆီးမှုကို ခံကြရသည်။(၁၄း၁၅)
၇. သူလုပ်ထားသော ယဇ်ပလ္လင်ပေါ်၌ သူ့ယဇ်ပုရောဟိတ်များ၏ အရိုးများကို အနာဂတ်ကာလ၌ ယော ရှိဘုရင်က ပူဇော်မီးရှို့လိမ့်မည်ဟု ပရောဖက်ပြုခံရသည်။(၁၃း၂၊ ၄ရာ ၂၃း၁၅၊ ၁၆)
၈. ယေရောဗောင်ဘုရင်သည် တောင်ပိုင်းဘုရင် ရောဗောင်နှင့် တချိန်လုံး ရန်ဘက်ပြု စစ်ခင်းခဲ့ရ သည်။(၁၄း၃၀)
၉. သူသည် ရောဗောင်ဘုရင်၏သား အဘိယ၏ တိုက်ခိုက်ချေမှုန်းခြင်းကို ခံရ၍ ထိုတိုက်ပွဲ၌ ၎င်း၏ တပ်သား ထက်ဝက်ဖြစ်သော ၅၀၀,၀၀၀တို့ သေကြေခဲ့ကြသည်။(၆ရာ ၁၃း၁–၃)
၁၀. သူသည် ဣသရေလများကို အပြစ်လမ်းသို့ ပို့သူအဖြစ် ကျမ်းစာ၌ (၂၁) ကြိမ် ဖေါ်ပြခံရသည်။ (၁၂း၃၀၊ ၁၄း၁၆၊ ၁၅း၃၀၊ အစရှိသည်)
၁၁. သူသည် ဘုရားရှင်ဒါဏ်ခတ်သောကြောင့် အသတ်ခံရလေသည်။(၆ရာ ၁၃း၂၀)

ခ၊ နာဒဒ် (၃ရာ ၁၅း၂၅–၂၈)
၁. သူသည် ၂ နှစ်သာ စိုးစံခဲ့ရသည်။(၉၁၀ ဘီစီ – ၉၀၈ ဘီစီ) (၃ရာ ၁၅း၁၅)
၂. သူသည် ယေရောဗောင်၏သား ဖြစ်သည်။
၃. သူသည် သူပုန် ဗာရှာ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။(၁၅း၂၈)

ဂ၊ ဗာရှာ (၃ရာ ၁၅း၂၇ – ၁၆း၇၊ ၆ရာ ၁၆း၁–၆)
၁. သူသည် ၂၄ နှစ် စိုးစံခဲ့သည်။(ဘီစီ ၉၀၉ – ၈၈၅ ဘီစီ) (၁၅း၃၃)
၂. သူ နာဒဒ်ကိုသတ်၍ မင်းဖြစ်လာရခြင်းသည် အဟိယအားဖြင့် ဘုရားရှင် ပရောဖက်ပြုခဲ့မှု ပြည့်စုံ ခြင်း ဖြစ်သည်။(၁၄း၁၄၊ ၁၅း၂၉)
၃. သူသည် အာသဘုရင် (တောင်ပိုင်းယုဒပြည်၏ တတိယမင်းဆက်) ကို စစ်တိုက်သည်။ ထို့ပြင်

တောင်ပိုင်းနိုင်ငံ ယုဒပြည် ယေရုရှလင်မြို့နှင့် အဆက်သွယ်မပြုရအောင် ရာမအမည်ရှိသော မြို့ကို တည်ထောင်လေသည်။(၆ရာ ၁၆း၁)

၄. ဘုရားရှင်သည် ယေဟုအားဖြင့် ဗာရှာ၏မျိုးရိုးသည် ယေရောဗောင်၏ မျိုးရိုးကဲ့သို့ပင် ဒါဏ်ခတ်ခြင်းခံရမည်ဟု ပရောဖက်ပြုခဲ့သည်။(၁၆း၁–၇)

ဃ၊ ဧလာ (၁၆း၆–၁၄)

၁. သူသည် ၂ နှစ်သာ စိုးစံခဲ့ရသည်။(ဘီစီ ၈၈၅ – ၈၈၃ ဘီစီ) (၁၆း၈)

၂. သူသည် ဗာရှာ၏သားဖြစ်သည်။

၃. သူသည် သူ၏စစ်ဗိုလ်ချုပ် ဇိမရိ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။(၁၆း၁၀)

င၊ ဇိမရိ (၁၆း၉–၂၀)

၁. သူသည် ၇ ရက်သာစိုးစံရသည်။

၂. သူ၏ မင်းဖြစ်လာရခြင်းသည် ယေဟုအားဖြင့် ဘုရားရှင်၏ ပရောဖက်ပြုချက် ပြည့်စုံခြင်းဖြစ်သည်။(၁၆း၇၊ ၁၂)

၃. သူသည် စစ်ဗိုလ်ချုပ်အသစ် ဩမရိ၏ တိုက်ခိုက်မှုကြောင့် နန်းတော်နှင့်မိမိကိုယ်ကို ကိုယ်တိုင်မီးရှို့၍ သေဆုံးခဲ့ရသည်။(၁၆း၁၈)

စ၊ ဩမရိ (၁၆း၁၅–၂၈)

၁. သူသည် ၁၂ နှစ်စိုးစံခဲ့သည်။(ဘီစီ ၈၈၅ – ၈၈၇ ဘီစီ) (၁၆း၂၃)

၂. သူသည် နိုင်ငံမြို့တော်ကို တိဇရမြို့မှ ရှမာရိမြို့သို့ ပြောင်းရွှေ့ခဲ့သည်။(၁၆း၂၄)

၃. သူသည် ယခင်ဘုရင်များထက် သာ၍ဆိုးညစ်သူ ဖြစ်သည်။(၁၆း၂၅–၂၈)

ဆ၊ အာဟာပ် (၁၆း၂၈ – ၂၂း၄၀၊ ၆ရာ ၁၈း၁–၃၄)

၁. သူသည် ၂၂ နှစ်စိုးစံခဲ့သည်။(ဘီစီ ၈၇၄ – ၈၅၂ ဘီစီ) (၁၆း၂၉)

၂. သူသည် ယေဇဗေလနှင့် ထိမ်းမြားခဲ့သည်။(၁၆း၃၁)

၃. သူသည် ရှုရိ (ဆီးရီးယား) တို့ကို နှစ်ကြိမ်တိုင် အောင်မြင်ခဲ့သည်။(၂၀)

၄. သူသည် သူ၏ဖခင် ဩမရိထက် သာ၍ဆိုးညစ်သူ ဖြစ်သည်။(၁၆း၃၃၊ ၂၁း၂၅)

၅. ပရောဖက်ဧလိယက သူ့အား အပြစ်များကိုနောင်တရရန် သတိပေးသည့်အနေဖြင့် ဘုရားရှင်သည် ဣသရေလပြည်အား သုံးနှစ်ခွဲ မိုးခေါင်စေမည်ဟု သတိပေးခဲ့သည်။(၁၇း၁)

၆. ဘုရားရှင်၏ပရောဖက် ဧလိယက ဗာလဘုရား၏ပရောဖက် ၄၅၀ နှင့် ယေဇဗေလဘုရား၏ ပရောဖက် ၄၀၀ ကို ကရမေလ (ကုလားအုတ်) တောင်ပေါ်၌ သတ်ဖြတ်ခဲ့သည်။(၁၈း၁၉–၄၀)

၇. သူ့သေခြင်းကို ပရောဖက်ဧလိယနှင့် ပရောဖက်မိက္ခာတို့ ပရောဖက်ပြုကြ၏။(၂၁း၁၉၊ ၂၂း၁၇)

၈. သူသည် ဆီးရီးယား (ရှုရိ) တို့နှင့်တိုက်သော တိုက်ပွဲ၌ ကျဆုံးခဲ့ရသည်။(၂၂း၃၅–၃၇)

ဇ၊ အာခဇိ (၂၂း၄၀ – ၄ရာ ၁း၁၈၊ ၆ရာ ၂၀း၃၅–၃၇)

၁. သူသည် ၂ နှစ်စိုးစံခဲ့သည်။(ဘီစီ ၈၅၃ – ၈၅၁ ဘီစီ) (၂၂း၅၁)

၂. သူသည် အာဟာတ်ဘုရင်နှင့် ယေဇဗေလတို့၏ သားကြီးဖြစ်သည်။

၃. သူသည် ယုဒပြည် (တောင်းပိုင်းနိုင်ငံ) ဘုရင်ယောရှဖတ်နှင့်ပေါင်း၍ ဇေယုန်ဂါဗာမြို့၌ သင်္ဘောကို တည်ဆောက်ကြသည်။(၆ရာ ၂၀း၃၅–၃၇)

၄. သူသည် နန်းတော်ပြူတွင်းပေါက်မှ ပြုတ်ကျသောဝေဒနာဖြင့် တဖြည်းဖြည်းခံစားရ၍ သေဆုံးခဲ့ရသည်။(၁း၂–၁၈)

၅. သူသည် ထိုဝေဒနာအတွက် ဗာလဇေဗုဒ်ဘုရားကို မေးမြန်းခဲ့ရာ ဧလိယက အပြစ်တင်ခဲ့သည်။ ဧလိယကိုစိတ်ဆိုး၍ နှစ်ကြိမ်စလုံး မအောင်မြင်ခဲ့ပေ။(၄ရာ ၁း၂–၁၈)

ဈ၊ ယောရံ (၄ရာ ၃း၁ – ၉း၂၅၊ ၆ရာ ၂၂း၅–၇)

၁. သူသည် ၁၂ နှစ် မင်းပြုခဲ့သည်။(ဘီစီ ၈၅၂ – ၈၄၀ ဘီစီ) (၃း၁–၃)

၂. သူသည် အာဟာတ်မင်း၏ သားငယ်ဖြစ်၍ အာခဇိမင်း၏ ညီဖြစ်သည်။

၃. သူသည် တောင်ပိုင်းဘုရင် ယောရှဖတ်နှင့်လက်တွဲ၍ ဆီးရီးယား (မောဘ) ကို တိုက်ခိုက်ခဲ့သည်။ (၃း၄–၇)

၄. ပရောဖက်ဧလိရှဲသည် တောင်ပိုင်းဘုရင် ယောရှဖတ်အတွက် စစ်မြေပြင်၌ အောင်ပွဲများစွာကို နိမိတ်လက္ခဏာတန်းခိုးဖြင့် အောင်မြင်စေခဲ့သည်။(၃း၁၄–၂၇)

၅. ပရောဖက်ဧလိရှဲသည် သူ့အား ဆီးရီးယား (ရှုရိ) တို့ လာတိုက်မည့်အကြောင်း သတိပေးခဲ့သည်။ ဧလိရှဲသည် ရှုရိစစ်သားတို့အား မျက်စိကွယ်စေခဲ့သည်။ သို့သော်လည်း သူတို့အားမသတ်ဘဲ ဌါနေပြန်စေခဲ့သည်။(၆း၈–၃၃)

၆. သူ၏လက်ထက်တွင် နူနာစွဲသူ ၄ ယောက်အားဖြင့် ဘုရားရှင်သည် အဝိုင်းခံရသော ရှမာရိမြို့ကို

ရန်သူ့ဘေးမှ ကယ်တင်ခဲ့သည်။(၇း၁–၁၀)

၇. သူ့လက်ထက်တွင် ရှုရိလူ နူနာစွဲနေသူ နေမန်အား တွေ့ဆုံခဲ့ဘူးသည်။(၅း၁–၁၄)

၈. သူသည် ယေဇရေလနယ်မြေ၌ ယေဟုဆိုသူ၏ သတ်ဖြတ်ခြင်းကို ခံရသည်။(၉း၁၄–၂၉)

ည၊ ယေဟု (၉း၁ – ၁၀း၃၆၊ ၆ရာ ၂၂း၇–၁၂)

၁. သူသည် ၂၈ နှစ်စိုးစံခဲ့သည်။(ဘီစီ ၈၄၁ – ၈၁၃ ဘီစီ) (၁၀း၃၆)

၂. သူသည် ဧလိရှဲ၏လူဖြင့် ဘိသိက်ပေးခံရသူ ဖြစ်သည်။(၉း၁–၆)

၃. သူသည် မြင်းရထားစီးကျွမ်းသူ ဖြစ်ပြီး (၉း၂၀)၊ လူအများကို သတ်ခဲ့သူဖြစ်သည်။

သူသတ်ခဲ့သူများမှာ –

က– ယုဒဘုရင် (တောင်းပိုင်းပြည်) အာခဇိ (ယောရှဖတ်၏မြေး)

ခ– ယောရံဘုရင် (မြောက်ပိုင်း ဣသရေလပြည်) (၉း၂၄)

ဂ– ယေဇဗေလ (၉း၃၀–၃၇)

ဃ– အာဟတ်ဘုရင်၏သား ၇၀ ဦး (၁၀း၁၊ ၁၁)

င– ယုဒပြည်၏မင်းသား ၄၂ ဦး (၁၀း၁၄)

စ– ဗာလဘုရားကို ဝတ်ပြုသူများ (၁၀း၂၅)

၄. သူသည် ဘုရားရှင်ကိုဝတ်မပြုဘဲ ယေရောဗောင်ဘုရင်လက်ထက်က တည်ခဲ့သောနွားရုပ်ကို ဆက်လက်ဝတ်ပြုလေသည်။(၁၀း၂၉–၃၁)

ဋ၊ ယောခတ် (၄ရာ ၁၃း၁–၉)

၁. သူသည် ၁၇ နှစ်စိုးစံခဲ့သည်။(ဘီစီ ၈၁၄ – ၇၉၇ ဘီစီ) (၁၃း၁)

၂. သူသည် ယေဟု၏သားဖြစ်သည်။(၁၃း၁)

၃. သူ၏စစ်သားအားလုံးကို ရှုရိ (ဆီးရီးယား) က တိုက်ခိုက်ဖျက်ဆီးခဲ့သည်။(၁၃း၇)

၄. သူသည် တခါက အာဟတ်ဘုရင်ကို ဘုရားရှင်ကူညီခဲ့ဘူးသလို (၃ရာ ၂၀း၂၇–၃၀) သူ့ကိုကူညီရန် တောင်းခံခဲ့သော်လည်း ဒုစရိုက်ကိုမစွန့်ပစ်ခဲ့ချေ။(၁၃း၄–၆)

ဌ၊ ယဟောရှ (၄ရာ ၁၃း၁၀ – ၁၄း၁၆၊ ၆ရာ ၂၅း၁၇–၂၄)

၁. သူသည် ၁၆ နှစ်စိုးစံခဲ့သည်။(ဘီစီ ၇၉၈ – ၇၈၂ ဘီစီ) (၁၃း၁၀)

၂. သူသည် ယောခတ်၏သားဖြစ်သည်။(၁၃း၁၀)

၃. သူသည် ပရောဖက်ဧလိရှဲ သေခါနီးအချိန်တွင် သွားရောက်တွေ့ဆုံခဲ့သူ ဖြစ်သည်။(၁၃း၁၄–၂၀)

၄. သူသည် ခြောက်ဆက်မြောက် တောင်ပိုင်း (ယုဒပြည်) ဘုရင်အာခဇိကို စစ်နိုင်လေသည်။ (၁၄း၈–၁၄)

၅. သူသည် တောင်ပိုင်း (ယုဒပြည်) ကို အောင်မြင်ပြီးနောက် ဗိမာန်တော်နှင့် အာမဇိဘုရင်၏ ရွှေငွေများအပြင် လူများစွာကိုပါ မိမိနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။(၁၄း၁၄)

ဍ၊ ဒုတိယမြောက် ယေရောဗောင် (၄ရာ ၁၄း၂၃–၂၉)

၁. သူသည် ၄၁ နှစ်စိုးစံခဲ့သည်။( ၇၉၃ – ၇၅၂ ဘီစီ) (၁၄း၂၃)

၂. သူသည် ယဟောရှဘုရင်၏သား ဖြစ်သည်။(၁၄း၂၃)

၃. သူသည် ဣသရေလပြည် (မြောက်ပိုင်းနိုင်ငံ) ၏ အင်အားကြီးဘုရင်တပါး ဖြစ်ခဲ့သည်။ သို့သော် ဒုစရိုက်ကိုမစွန့်။

၄. သူသည် နိုင်ငံတော်၏ ဆုံးရှုံးခံနယ်ပယ်များကို ရန်သူလက်မှ ပြန်လည်တိုက်ယူခဲ့သည်။(၁၄း၂၈)

၅. ပရောဖက်ယောနသည် သူ၏လက်ထက်တွင် ပေါ်ထွန်းခဲ့သူဖြစ်သည်။(၁၄း၂၅)

ဎ၊ ဇာခရိ (၄ရာ ၁၄း၁၉ – ၁၅း၁၂)

၁. သူသည် ၆ လသာ စိုးစံခဲ့သည်။(၇၅၃ ဘီစီ)

၂. သူသည် ယေရောဗောင်၏သား ယေဟု၏မြေးဖြစ်သည်။(၁၄း၂၉)

၃. သူသည် သူပုန် ရှလ္လုံ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။(၁၅း၁၀)

ထိုအခြင်းရာသည် ဘုရားရှင်မှ ယေဟုအပေါ် ပရောဖက်ပြုထားချက် ပြည့်စုံခြင်းဖြစ်သည်။ (၁၀း၃၀၊ ၁၄း၂၉၊ ၁၅း၈–၁၂)

ဏ၊ ရှလ္လုံ (၄ရာ ၁၅း၁၀–၁၅)

၁. သူသည် ၁ လသာ စိုးစံခဲ့ရသည်။(၁၅း၁၀–၁၅)

၂. သူသည် မေနဟင်၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။(၁၅း၁၄)

တ၊ မေနဟင် (၄ရာ ၁၅း၁၄–၂၂)

၁. သူသည် ၁၀ နှစ်စိုးစံခဲ့သည်။(၇၅၂ – ၇၄၂ ဘီစီ) (၁၅း၁၇)

၂. သူသည် ပြည်သူလူထုအပေါ် ညှင်းပန်းနှိပ်စက်သူဖြစ်သည်။(၁၅း၁၇)

၃. သူသည် ရှုရိဘုရင်ထံ သူ့အားလာမတိုက်ရန်အတွက် ငွေအခွက် ၁၀,၀၀၀ အခွန် ဆက်ခဲ့ရသည်။
ထ၊ ပေကဟိ (၄ရာ ၁၅း၂၂–၂၆)
၁. သူသည် ၂ နှစ်စိုးစံခဲ့ရသည်။(၇၄၂ – ၇၄၀ ဘီစီ) (၁၅း၂၃)
၂. သူသည် မေနဟင်၏သားဖြစ်သည်။(၁၅း၂၂)
၃. သူသည် သူ့စစ်ဗိုလ်ချုပ် ပေကာ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။(၁၅း၂၅)
ဒ၊ ပေကာ (၁၅း၂၇–၃၁၊ ၆ရာ ၂၈း၅–၈)
၁. သူသည် အနှစ် ၂၀ စိုးစံခဲ့သည်။(၇၄၀ – ၇၃၂ ဘီစီ) (၁၅း၂၇)
မှတ်ချက်။ ။အကယ်စင်စစ် သူတဦးတည်း စိုးစံရသည်မှာ ၈ နှစ်ခန့်သာဖြစ်သည်။
ပထမပိုင်း ၁၂ နှစ် (၇၅၂ – ၇၄၀) မှာ မေနဟင်၊ ပေကဟိတို့နှင့် တပြိုင်တည်းဖြစ်သည်။
(သူသည် အထက်ပါဘုရင်နှစ်ပါး လက်ထက်ကလည်း မကြာခဏ ယာယီအဖြစ် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ဘူးသည်)
၂. သူသည် ဟောရှေ၏လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။(၁၅း၃၀)
ဓ၊ ဟောရှေ (၁၅း၃၀ – ၁၇း၆)
၁. သူသည် ၉ နှစ်စိုးစံခဲ့ရသည်။(၇၃၂ – ၇၂၁) (၁၇း၆)
၂. သူသည် ဣသရေလနိုင်ငံတော် (မြောက်ပိုင်း) ၏ နောက်ဆုံးဘုရင်ဖြစ်သည်။
၃. သူနှင့် သူ့တိုင်းပြည်သည် ရှုရိ (ဆီးရီးယား) ၏ လက်အောက်ခံဖြစ်နေချိန်၌ သူသည် အီဂျစ်နှင့်ပူးပေါင်း၍ ဆီးရီးယားကိုပုန်ကန်ရန် ကြံစည်သည်။(၁၇း၄)
၄. ထိုကိစ္စကြောင့် သူသည် ဆီးရီးယား၏ ဖမ်းဆီးမှုကိုခံရ၍ သူ့နိုင်ငံသားများ အားလုံးသည်လည်း ဆီးရီးယားသို့ ဖမ်းသွားခြင်းခံကြရပြီး တိုင်းပြည်ပျက်ခဲ့ရသည်။(၁၇း၄–၆)

## *တောင်ပိုင်း (ယုဒပြည်) မှဘုရင်များ*

က၊ ရောဗောင် (၃ရာ ၁၁း၄၂–၁၄း၃၁၊ ၆ရာ ၉း၃၁–၁၂း၁၆)
၁. သူသည် ၁၇ နှစ် စိုးစံခဲ့သည်။(၉၃၁–၉၁၄ ဘီစီ)
၂. သူသည် ရှောလမုန်၏သားတော် ဖြစ်သည်။(၁၁း၄၃)
၃. သူ၏ ညံ့ဖြင်းမှုကြောင့် သူ့လက်ထက်၌ ပြည်တွင်းစစ်ဖြစ်ပြီး တောင်နှင့်မြောက်ဟူ၍ တိုင်းပြည်နှစ်ပိုင်း ကွဲခဲ့ရသည်။(၁၂း၁–၁၅)
၄. သူသည် ဆိုးညစ်သောဘုရင်ဖြစ်သည်။ သူ့၌ မယား ၁၈ ဦး၊ အဖော်မယား ၆၀ ရှိသည်။ သူ၏ အချစ်ဆုံးမယားမှာ အဗရှလုံ၏သမီး မကောင်းဆိုးဝါးမ မာခါဖြစ်သည်။(၆ရာ ၁၁း၂၁–၂၂)
၅. သူ့လက်ထက်၌ အီဂျစ်သည် ယေရုရှလင်မြို့ကို သိမ်းပိုက်ခဲ့ဘူးသည်။(၁၄း၂၅–၂၆)
ခ၊ အဘိယ (၃ရာ ၁၄း၃၁၊ ၁၅း၈၊ ၆ရာ ၁၃း၁–၂၂)
၁. သူသည် ၃ နှစ်သာ စိုးစံခဲ့ရသည်။(၉၁၄ – ၉၁၁ ဘီစီ) (၁၅း၁–၃)
၂. သူသည် မြောက်ပိုင်း (ဣသရေလ) ဘုရင်ယေရောဗောင်နှင့် စစ်မြေပြင်၌တိုက်ရာ အကြီးအကျယ်အောင်ပွဲရခဲ့ဘူးသည်။(၆ရာ ၁၃း၁–၂)
၃. သူ၏အောင်ပွဲမှာ မကောင်းဆိုးဝါးဘုရင် (မြောက်ပိုင်းနိုင်ငံမှ) ယေရောဗောင်ကို ဘုရားရှင်ဒါဏ်ခတ်လိုသောကြောင့် ဖြစ်သည်။(၆ရာ ၁၃း၁၅–၂၀)
ဂ၊ အာသ (၃ရာ ၁၅း၈–၁၄၊ ၆ရာ ၁၄း၁ – ၁၆း၁၄)
၁. သူသည် ၄၁ နှစ် စိုးစံခဲ့ရသည်။(၉၁၁ – ၈၇၀ ဘီစီ) (၁၅း၉)
၂. သူသည် ယုဒပြည် (တောင်ပိုင်းနိုင်ငံ) ၏ ပထမဆုံး ဖြောင့်မတ်သော ဘုရင်တပါးဖြစ်သည်။ (၁၅း၁၁–၁၅)
၃. သူသည် ယုဒပြည်ကို ပြန်လည်နိုးကြား ဖြောင့်မတ်အောင် လုပ်ဆောင်ခဲ့သူဖြစ်၍ (၁၅း၁၂–၁၅) မြို့များစွာလည်း တည်ဆောက်ခဲ့သည်။(၆ရာ ၁၄း၆–၈)
၄. ဘုရားရှင်သည် သူ့အား စောင့်ရှောက်ကွယ်ကာသည်ဖြစ်၍ သူသည် သူ့အားတိုက်လာသော ကုရှ (အီးသီးယိုးပီးယား) တပ်များကို အောင်ပွဲရလေသည်။(၆ရာ ၁၄း၉–၁၅)
၅. သူသည် သူ၏အဖွားတော်မာခါကို ရုပ်တုကိုးကွယ်မှုကြောင့် ရာထူးမှထုတ်ပစ်ခဲ့သည်။(၁၅း၁၃)
၆. သူ၏ တခါကအပြစ်ကို ဖော်ပြသော ပရောဖက်ဟာနန်ကို အကျဉ်းချခဲ့သည်။(၆ရာ ၁၆း၇–၁၀)
သူသည် ဘုရားရှင်၏လူ သတိပေးမှုကို ဆန့်ကျင်သောကြောင့် ခြေထောက်တွင် အနာပေါက်၍ သေဆုံးခဲ့ရသည်။(၆ရာ ၁၆း၁၂–၁၃)
ဃ၊ ယောရှဖတ် (၃ရာ ၂၂း၄၁–၅၀၊ ၆ရာ ၁၇း၁ – ၂၀း၃၇)
၁. သူသည် ၂၅ နှစ်စိုးစံခဲ့သည်။(၈၇၃ – ၈၄၈ ဘီစီ) (၂၂း၄၂)

၂. သူသည်လည်း ယုဒပြည်ကို လမ်းအမှန်ရောက်အောင်လုပ်ခဲ့သူ မင်းကောင်းတပါးဖြစ်သည်။ (၆ရာ ၁၇း၃–၆)
၃. သူသည် လေဝိသားများကို တနိုင်ငံလုံးသို့ဖြန့်လွှတ်၍ သမ္မာကျမ်းစာကို သွန်သင်စေသည်။ (၁၇း၉)
၄. သူသည် အောက်ပါ မြောက်ပိုင်းပြည် (ဣသရေလ) မှ အာဟပ်ဘုရင်နှင့် ပေါင်းဖော်ခြင်းဖြင့် မှားယွင်းမှုကို ပြုခဲ့သည်။
 က– ဆွေမျိုးစပ်ခဲ့သည်။(၆ရာ ၁၈း၁)
 ခ– စစ်မဟာမိတ် ဖွဲ့ခဲ့ကြသည်။(၃ရာ ၂၂း၂–၄)
 ဂ– ဆောက်လုပ်ရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ကြသည်။(၆ရာ ၂၀း၃၅–၃၇)
 ဃ– အာဟတ်၏သား ယောရံဘုရင်နှင့်လည်း မဟာမိတ်ပြုခဲ့သည်။(၄ရာ ၃း၆–၇)

င၊ ယဟောရံ (၄ရာ ၈း၁၆–၂၄၊ ၆ရာ ၂၁း၁–၂၀)
၁. သူသည် ၈ နှစ်စိုးစံခဲ့သည်။(၈၅၃ – ၈၄၅ ဘီစီ) (၆ရာ ၂၁း၅)
၂. သူသည် မြောက်ပိုင်း (ဣသရေလ) ဘုရင် အာဟတ်၏သမီး အာသလိနှင့် လက်ဆက်ခဲ့သည်။ (၆ရာ၂၁း၆)
၃. သူသည် သူ့ညီများကို သတ်ဖြတ်ခဲ့သူ ဖြစ်သည်။(၆ရာ ၂၁း၄)
၄. သူသည် သူ့အပြစ်များအတွက် ဒါဏ်ခတ်ခံရမည်ဖြစ်ကြောင်း ပရောဖက်ဧလိယထံမှ အပြစ်တင်ခြင်းကိုခံရသည်။(၆ရာ ၂၁း၁၂–၁၅)
၅. သူနှင့် သူ့တိုင်းပြည် ဖိလိတ္တိလူနှင့် အာရပ်တို့၏ တိုက်ခိုက်ဖျက်ဆီးခြင်းကို ခံရသည်။ (၆ရာ ၂၁း၁၆–၁၇)
၆. သူသည် ရောဂါဆိုးဖြင့်သေဆုံးခဲ့ရသည်။ သူ့အတွက် ပြည်သူပြည်သားများ ဝမ်းနည်းခြင်းမပြုကြ။ (၆ရာ ၂၁း၁၈–၂၀)

စ၊ အာခဇိ (၄ရာ ၈း၂၄ – ၉း၂၉၊ ၆ရာ ၂၂း၁–၉)
၁. သူသည် ၁ နှစ်သာ စိုးစံခဲ့သည်။(၈၄၁ ဘီစီ) (၈း၂၆)
၂. သူသည် ယဟောရံနှင့် အာသလိ၏သားဖြစ်သည်။(၈း၂၅)
၃. သူသည် မြောက်ပိုင်းဘုရင် (ဣသရေလ) ယေဟု၏ သတ်ဖြတ်ခြင်းကိုခံရသည်။(၉း၂၇)

ဆ၊ အာသလိ (၄ရာ ၁၁း၁–၂၀၊ ၆ရာ ၂၂း၁ – ၂၃း၂၁)
၁. သူမသည် ၆ နှစ်စိုးစံခဲ့သည်။(၈၄၁ – ၈၃၅ ဘီစီ) (၁၁း၃)
၂. သူမသည် အာခဇိဘုရင်၏ မယ်တော်ဖြစ်သည်။(၁၁း၁)
၃. သူမသည် အာဏာရရှိရေးအတွက် သူ၏မြေးတော်အပါဝင် အာခဇိဘုရင်၏ အဆက်အနွယ်များကို သုတ်သင်လေသည်။(၁၁း၁)
၄. သူမကိုယ်တိုင်လည်း မကြာမီ သုတ်သင်ခြင်းခံရသည်။(၁၁း၁၆)

ဇ၊ ယောရှ (၄ရာ ၁၁း၂ – ၁၂း၂၁၊ ၆ရာ ၂၂း၁၀ – ၂၄း၂၇)
၁. သူသည် ၄၀ နှစ်စိုးစံခဲ့သည်။(၈၃၅ – ၇၉၅ ဘီစီ) (၁၂း၁)
၂. သူသည် အာသလိ၏ သတ်ဖြတ်ခြင်းဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့သူဖြစ်သည်။(၁၂း၂)
၃. သူသည် ယဇ်ပရောဟိတ် ယောယဒအား ဗိမ္မာန်တော်ကိုပြုပြင်ရန် တာဝန်ပေးခဲ့သည်။(၁၂း၄–၁၆)
၄. သူသည် ယဇ်ပရောဟိတ် ယောယဒ အသက်ရှင်စဉ်ကာလပတ်လုံး ဘုရားရှင်အားဝတ်ပြုသော်လည်း ယောယဒသေပြီးနောက် ရုပ်တုဆင်းတုကို ပြန်ကိုးကွယ်သည်။(၆ရာ ၂၄း၁၅–၁၈)
၅. သူသည် သူနှင့်သူ့တိုင်းသူပြည်သားများအား နောင်တရရန် ပြစ်တင်ဆုံးမသော ပရောဖက်ဇာခရိကို ကျောက်ခဲဖြင့်ပစ်သတ်ခဲ့သည် (၆ရာ ၂၄ း၂၀–၂၂ )
၆. သူသည် သူ၏သက်တော်စောင့်များ၏ သတ်ဖြတ်ခြင်းကိုခံရသည် (၆ရာ ၂၃ – ၂၅ )

ဈ၊ အာမဇိ (၄ရာ ၁၄း၁–၂၀၊ ၆ရာ ၂၅း၁–၂၈)
၁. သူသည် ၂၉ နှစ်စိုးစံခဲ့သည်။(၇၉၆ – ၇၆၇ ဘီစီ) (၁၄း၂)
၂. သူသည်လည်း အစပထမပိုင်း၌ ကောင်းမွန်သူဖြစ်သည်။ သူ့ဖခင်ကို သတ်ခဲ့သူများအား ကွပ်မျက်ခဲ့သည်။(၁၄း၅–၆)
၃. သူသည် ဘုရားရှင်၏ပရောဖက် မိန့်မှာချက်ကြောင့် ဧဒုံပြည်ကိုတိုက်ရန် ငွေပေး၍ငှါးထားသော ဣသရေလ (မြောက်ပိုင်း) တပ်သားများကို မသုံးတော့ဘဲ ပြန်လွှတ်လိုက်သည်။(၆ရာ ၂၅း၅–၁၀)
၄. သူ၏ အထက်ပါအတိုင်း ဘုရားရှင်စကားကို နားထောင်သောကြောင့် တိုက်ပွဲတွင် ဧဒုံပြည်ကို အနိုင်ရသည်။(၆ရာ ၂၅း၁၁–၁၃)
၅. သူသည် ဧဒုံတိုက်ပွဲမှအပြန် ဧဒုံဘုရားရုပ်များကို ယူ၍ ကိုးကွယ်ခဲ့သည်။(၆ရာ ၂၅း၁၄)

၆. သူသည် ဣသရေလ (မြောက်ပိုင်းနိုင်ငံ) နှင့် စစ်တိုက်ရာ အရေးရှုံးနိမ့်ခဲ့သည်။(၆ရာ ၂၅း၁၇–၂၅)

ည၊ ဩဇိ (၄ရာ ၁၅း၁–၇၊ ၆ရာ ၂၆း၁–၂၃)

၁. သူသည် ၅၂ နှစ်စိုးစံခဲ့သည်။(၇၉၂ – ၇၄၀ ဘီစီ)

၂. သူ့လက်ထက်တွင် နိုင်ငံသည် ယွှင်ဘုရင်များထက် စစ်ရေး၊ စီးပွားရေးများတွင် အင်အားကောင်းခဲ့သည်။(၆ရာ ၂၆း၆–၁၅)

၃. သူသည် ယဇ်ပရောဟိတ်များသာ ပြုအပ်သောအမှုကို ပြုခဲ့ခြင်းဖြင့် မာနထောင်လွှားခဲ့သည်။ (၆ရာ ၂၆း၆–၁၅)

၄. သူသည် အထက်ပါအမှားကြောင့် နူနာစွဲခဲ့ရသည်။(၆ရာ ၂၆း၁၆–၂၁)

ဋ၊ ယောသံ (၄ရာ ၁၅း၃၂–၃၈၊ ၆ရာ ၂၇း၁–၉)

၁. သူသည် ၁၆ နှစ်စိုးစံခဲ့သည်။(၇၅၀ – ၇၃၆ ဘီစီ) (၆ရာ ၂၇း၁)

၂. သူသည် ကောင်းသောမင်းတပါးဖြစ်သည်။(၆ရာ ၂၇း၂)

၃. သူသည် ဗိမာန်တော်အထက်တံခါးနှင့် ရဲတိုက်များ ပြအိုးများကို ဆောက်လုပ်ခဲ့သည်။ (၆ရာ ၂၇း၃–၄)

၄. သူသည် အမ္မုန်အမျိုးသားများကို စစ်နိုင်ခဲ့၍ ငွေနှင့်ဂျုံများ ဗာလီဆန်များကို အခွန်အဖြစ် ရခဲ့သည်။(၆ရာ ၂၇း၅)

ဋ၊ အာခတ် (၄ရာ ၁၆း၁–၂၀၊ ၆ရာ ၂၈း၁–၂၇)

၁. သူသည် ၁၆ နှစ်စိုးစံခဲ့သည်။(၇၃၅ – ၇၁၉ ဘီစီ) (၁၆း၁–၂)

၂. သူသည် မကောင်းဆိုဝါးဘုရင် ဖြစ်သည်။(၆ရာ ၂၈း၁–၂)

၃. သူသည် မိမိသားများကိုပင် မီးရှို့၍ ဗာလဘုရားအား ပူဇော်သည်။(၆ရာ ၂၈း၃)

ဍ၊ ဟေဇကိ (၄ရာ၁၈း၁ – ၂၀း၂၁၊ ၆ရာ ၂၉း၁ – ၃၂း၃၃)

၁. သူသည် ၂၉ နှစ်စိုးစံခဲ့သည်။(၇၁၆ – ၆၈၇ ဘီစီ) (၁၈း၂)

၂. သူသည် ဒါဝိဒ်ကဲ့သို့သော မင်းကောင်းမင်းမြတ်ဖြစ်သည်။(၁၈း၃–၆)

၃. သူသည် ရှောလမုန်ကဲ့သို့ ကြွယ်ဝချမ်းသာသည်။(၆ရာ ၃၂း၂၇–၃၀)

၄. သူသည် ဗိမ္မာန်တော်ကို သန့်ရှင်းအောင်လုပ်ခဲ့၍ ရုပ်တုဆင်းတုများကို ဖျက်ဆီးခဲ့သည်။ (၆ရာ ၂၉း၁၆–၁၉) (၆ရာ ၃၁း၁)

၅. သူသည် ရှောလမုန်မင်းကြီးနောက်ပိုင်း အကြီးမားဆုံး ပသခါပွဲ ကျင်းပခဲ့သူဖြစ်သည်။(၆ရာ ၃၀)

၆. သူသည် ယေရုရှလင်မြို့အားဝိုင်းထားသော ရန်သူ ရှုရိ (ဆီးရီးယား) တပ်များအား သုတ်သင်ပယ်ရှင်းပေးသည့် ကောင်းကင်တမန်ကို မြင်ခဲ့ရသည်။(၆ရာ ၃၂း၂၁–၂၂)

၇. သူသည် ရောဂါဆိုးမှ အံ့ဘွယ် လွတ်မြောက်ခဲ့သည်။ သေချိန်စေ့သော် မသေဘဲ အသက် ၁၅ နှစ်ထပ်ရှည်ခွင့်ရသည်။(၂၀း၁–၁၉)

ဎ၊ မနာရှေ (၄ရာ၂၁း၁–၁၈၊ ၆ရာ ၃၃း၁–၂၀)

၁. သူသည် ၅၅ နှစ်စိုးစံခဲ့သည်။(၆၉၇ – ၆၄၂ ဘီစီ) (၂၁း၁)

၂. သူသည် ယုဒပြည်နှင့် ဣသရေလပြည်၏ သက်တမ်းအရှည်ဆုံးမင်း ဖြစ်သည်။

၃. သူသည် အားလုံးသောဘုရင်များထက် ဆိုးညစ်သောဘုရင် ဖြစ်သည်။(၆ရာ ၃၃း၂–၁၀)

၄. သူသည် ရန်သူ၏ ဖမ်းဆီးချုပ်နှောင်ခံရချိန်မှ နောင်တရခဲ့သည်။ ဘုရားရှင်သည် သူ့အား နိုင်ငံအုပ်ချုပ်ခွင့်ကို ပြန်ပေးခဲ့သည်။(၆ရာ ၃၃း၁၁–၁၃)

ဏ၊ အာမုန် (၄ရာ၂၁း၁၉–၂၆၊ ၆ရာ ၃၃း၂၁–၂၅)

၁. သူသည် ၂ နှစ်စိုးစံခဲ့သည်။(၆၄၃ – ၆၄၁ ဘီစီ) (၂၁း၁၉)

၂. သူသည် သူ့ဖခင် မနာရှေကဲ့သို့ပင် ဆိုးညစ်သောဘုရင်ဖြစ်သည်။ နောင်တလည်းပြန်မရချေ။ (၂၁း၂၀–၂၂)

၃. သူသည် သူကျွန်များ၏ သတ်ဖြတ်ခြင်းကိုခံရသည်။(၂၁း၂၃–၂၆)

တ၊ ယောရှိ (၄ရာ ၂၂း၁ – ၂၃း၃၀၊ ၆ရာ ၃၄း၁ – ၃၅း၂၇)

၁. သူသည် ၃၁ နှစ်စိုးစံခဲ့သည်။(၆၄၁ – ၆၁၀ ဘီစီ) (၂၂း၁)

၂. သူသည် ဒါဝိဒ်ကဲ့သို့ကောင်းမွန်သော ယုဒပြည် (တောင်ပိုင်းနိုင်ငံ) ၏ နောက်ဆုံးသောဘုရင်ဖြစ်သည်။(၆ရာ ၃၄း၂–၇)

၃. သူ့လက်ထက်၌ မောရှေရေးထားသောကျမ်းစာကို ဗိမာန်တော်ထဲက ပြန်လည်တွေ့ရှိရာမှစ၍ သူနှင့်တိုင်းသူပြည်သားများသည် ဝိညာဉ်ရေးရာများ၌ အထူးနိုးကြား တက်ကြွကြသည်။ (၆ရာ ၃၄း၁၄–၂၁)

၄. သူသည် သူ့အဖိုး ဟေဇကိဘုရင် လက်ထက်ကထက် ကြီးမားသောပသခါပွဲကို ကျင်းပခဲ့သည်။

(ဖရာ ၃၅း၁–၁၈)
၅. သူသည် မိမိမတိုက်သင့်သောစစ်ပွဲဖြစ်သည့် အီဂျစ်နှင့်တိုက်သောစစ်ပွဲတွင် ကျဆုံးခဲ့ရသည်။ (ဖရာ ၃၅း၂၀–၂၅)

ထ၊ ယောခတ် (၄ရာ ၂၃း၃၁–၃၃၊ ဖရာ ၃၆း၁–၄)
၁. သူသည် ၃ လသာ စိုးစံခဲ့ရသည်။(၆၀၉ ဘီစီ) (၂၃း၃၁)
၂. သူသည် ယောရှိဘုရင်၏ သားလတ်ဖြစ်သည်။
၃. သူသည် ရက် ၉၀ (၃လ) စိုးစံခဲ့ပြီးနောက် သူ့ဖခင်ကိုသတ်ခဲ့သော အီဂျစ်၏ နန်းချခြင်းကို ခံရသည်။(၂၃း၃၃–၃၄)
၄. သူသည် အီဂျစ်ပြည်သို့ ဖမ်းသွားခြင်းကိုခံရ၍ ထိုအရပ်၌ပင် သေသည်။(၂၃း၃၄)

ဒ၊ ယောယကိမ် (၄ရာ ၂၃း၃၄–၂၄း၅၊ ဖရာ ၃၆း၅–၇)
၁. သူသည် ၁၁ နှစ်စိုးစံခဲ့သည်။(၆၀၉ – ၅၉၈ ဘီစီ) (ဖရာ ၃၆း၅)
၂. သူသည် ယောခတ်၏အကို ဖြစ်သည်။(ဖရာ ၃၆း၂၊ ၅)
၃. သူသည် မနာရှေဘုရင်မှလွဲ၍ အဆိုးညစ်ဆုံးဘုရင် ဖြစ်သည်။(၂၃း၃၇၊ ၂၄း၄)
၄. သူသည် ဗါဗုလုန်ဘုရင် နေဗုခဒ်နေဇါ၏ လက်အောက်ခံနိုင်ငံအဖြစ် ရောက်ရှိခဲ့၍ ၃ နှစ်ကျွန်ခံရာမှ ပြန်လှန်ပုန်ကန်ရာ ဗါဗုလုန်၏ တိုက်ခိုက်ခြင်းခံရပြီး အဖမ်းခံခဲ့ရသည်။(၂၄း၁၊ ဖရာ ၃၆း၅–၆)
၅. သူသည် ပရောဖက်ယေရမိကို ညှင်းဆဲခဲ့သည်။(ယေ ၃၆း၉)
၆. သူ့လက်ထက်တွင် ဒံယေလနှင့်လူငယ်အချို့ ဗါဗုလုန်သို့ ခေါ်ဆောင်သွားခြင်းကို ခံရသည်။ (၃၁း၁–၇)
၇. သူသည် ယေရမိ ပရောဖက်ပြုခဲ့သည်အတိုင်း သေဆုံးခဲ့သည်။(ယေ ၂၂း၁၈–၁၉)

ဓ၊ ယေခေါနိ (၄ရာ ၂၄း၆–၁၆၊ ဖရာ ၃၆း၈–၁၀)
၁. သူသည် ၃ လသာ စိုးစံခဲ့ရသည်။(၅၉၈ ဘီစီ) (၂၄း၈)
၂. သူသည် ယောယကိမ်၏သားဖြစ်၍ ယောရှိ၏မြေး ဖြစ်သည်။(၂၄း၆)
၃. သူသည် ဘုရားသခင်၏ကျိန်စာကို ထိသူဖြစ်သည်။ ဘုရားရှင်က သူ့အား "သင်၏အမျိုးအနွယ်များ ဘုရင်မဖြစ်စေရ" ဟု ကျိန်ခဲ့သည်။(ယေ ၂၂း၂၄–၃၀)
၄. သူသည် ဗါဗုလုန်သို့ ဖမ်းဆီးသွားခြင်း ခံရမည်ဖြစ်ကြောင်း ပရောဖက်ယေဇကျေလနှင့် ပရောဖက်ယေရမိတို့က ပရောဖက်ပြုကြသည်။(ယေဇ ၁၉း၅–၉၊ ယေ ၂၂း၂၄–၂၅)
၅. သူ့လက်ထက်၌ ဗါဗုလုန်သည် နိုင်ငံကိုစစ်ချီ၍ ပိတ်ဆို့ခဲ့သည်။ ဗါဗုလုန်ဘုရင် နေဗုခဒ်နေဇါ ကိုယ်တိုင်ရောက်လာ၍ နောက်ဆုံး ယေခေါနိသည် အညံ့ခံခဲ့ရသည် (၅၉၇ ဘီစီ)။ သူသည် ဗါဗုလုန်သို့ ဖမ်းဆီးသွားခြင်းခံရသည် (၂၄း၁၀–၁၆)။ ယေဇကျေလကိုယ်တိုင်လည်း ဖမ်းဆီးသွားခြင်းခံရသည်။ ဗိမာန်တော်၏ အဖိုးတန်ပစ္စည်းများလည်း ယူဆောင်သွားခြင်းခံရသည်။
၆. သူသည် ဗါဗုလုန်၌ပင် သေဆုံးခဲ့သည်။(၂၅း၂၇–၃၀)

န၊ ဇေဒကိ ( ၄ရာ ၂၄း၁၇–၂၅း၃၀၊ ဖရာ ၃၆း၁၁–၂၁)
၁. သူသည် ၁၁ နှစ်စိုးစံခဲ့သည်။(၅၉၇ – ၅၈၆ ဘီစီ) (၂၄း၁၈)
၂. သူသည် ယောရှိဘုရင်၏ သားငယ်ဖြစ်ပြီး ယေခေါနိ၏ ဦးလေးတော်စပ်သည်။(၂၄း၁၇)
၃. သူသည် ပရောဖက်ယေရမိကို ညှင်းဆဲခဲ့သူဖြစ်သည်။(ယေ ၃၈း၁–၆)
၄. သူသည် ဗါဗုလုန်ကို ပုန်ကန်ခဲ့၍ မျက်စိအဖေါက်ခံရပြီး ဗါဗုလုန်သို့ ဖမ်းဆီးသွားခြင်းခံရသည်။ သားများလည်း အသတ်ခံရသည်။(၂၄း၂၀–၂၅း၁–၇)
၅. သူ့လက်ထက်၌ မြို့တော်ယေရုရှလင်နှင့် ဗိမာန်တော် မီးရှို့ဖျက်ဆီးခြင်းခံရပြီး လူအပေါင်းကို ကျွန်အဖြစ် ဗါဗုလုန်သို့ ဖမ်းဆီးသွားခြင်း ခံရသည်။(၂၅း၈–၂၁)

## ၃။ ပရောဖက်များ

က၊ ပရောဖက်ဆိုသည့်ဝေါဟာရကို ရှင်းလင်းခြင်း
၁. ဟေဗြဲ (ဣသရေလ) ဘာသာစကားအားဖြင့် ပရောဖက်ကို "နဗီ – **nabhi**" ဟု ခေါ်သည်။ အဓိပ္ပါယ်မှာ "ပူသူ – ပြုတ်သူ – ဆူပွက်နေသူ" ဖြစ်သည်။
၂. ဟေလသ (ဂရိ) ဘာသာအားဖြင့် "ဖီမီ – **phemi**"၊ အဓိပ္ပါယ်မှာ "ပြောသူ" ဟူ၍၎င်း၊ "ပရို – **pro**" အဓိပ္ပါယ်မှာ "ကိုယ်စားလှယ်" ဟူ၍၎င်း ဖြစ်သည်။ သို့ဖြစ်၍ ပရောဖက်ဟူသည့် ဝေါဟာရအဖြေထုတ်ပါက "ပူလောင်စွာဟောပြောနေသော ဘုရားရှင်၏ကိုယ်စားလှယ်" ဟူ၍ အဓိပ္ပါယ်ပေါ်ပေသည်။
၃. ပရောဖက်တို့သည် ယဇ်ပုရောဟိတ်နှင့် ခြားနားသည်။ ယဇ်ပုရောဟိတ်သည် "လူမှ ဘုရားရှင်ထံ

ဆက်သွယ်ပေးသူ ” ဖြစ်၍၊ ပရောဖက်တို့မှာမူ “ဘုရားရှင်ထံမှ လူသို့ ဆက်သွယ်ပေးသူ ” ဖြစ်သည်။ ပရောဖက်များသည် မိမိရာထူးကို ယဇ်ပုရောဟိတ်နှင့် ဘုရင်တို့ကဲ့သို့ ဖခင်မျိုးရိုးမှတဆင့် ရခဲ့သူများ မဟုတ်ကြပေ။

၄. ပရောဖက်တို့သည် ကြေညာခြင်းနှင့် ပရောဖက်ပြုခြင်းတို့ကို ပြုကြသည်။

၅. ရှမွေလသည် ပထမဦးဆုံး ပရောဖက်ရာထူးကို ရသူဖြစ်သည်။ သို့သော် သူမတိုင်မီ ဧနောက်၊ ယာကုပ်၊ မောရှေကဲ့သို့သောသူများ ပရောဖက်ပြုခဲ့မှုများ ရှိခဲ့ဘူးသည်ကိုလည်း နားလည်ထားရပေမည်။ ရှမွေလသည်ကား ပရောဖက်သင်တန်း တက္ကသိုလ်ကို တည်ထောင်ခဲ့သူဖြစ်သည်။ (၁ရာ ၁၉း၂၀၊ တ ၃း၂၄၊ ၁၃း၂၀၊ ဟေဗြဲ ၁၁း၃၂)

၆. အာဂဗုသည် သမ္မာကျမ်းစာ၌ နောက်ဆုံးဖေါ်ပြခဲ့သည့် ပရောဖက်ဖြစ်သည်။ (တ ၁၁း၂၇–၂၈၊ ၂၁း၁၀–၁၁)

၇. ပရောဖက်တို့သည် လမ်းမှန်ကို ပြတ်သားစွာ ညွှန်ပြတတ်သူများဖြစ်သလို၊ အမိနိုင်ငံ (ဣသရေလ) ကို ချစ်မြတ်နိုးသူများ ဖြစ်ကြသည်။ သူတို့ကို လူများစုက ကြိုက်နှစ်သက်ခြင်း မရှိကြချေ၊

၈. ပရောဖက်တို့၏ ပရောဖက်ပြုချက်များကို လေ့လာပါက (၆ မျိုး) တွေ့နိုင်သည်။ ၎င်းတို့မှာ –

က– ခရစ်တော် ပထမအကြိမ် ကြွလာမည့်အကြောင်း (ဟေရှာ ၇း၁၄၊ ၉း၆၊ ၅၃၊ မိက္ခာ၅း၂)

ခ– ခရစ်တော် ဒုတိယကြိမ် ကြွလာမည့်အကြောင်း (ဟေရှာ ၂း၄၊ ၆၆း၁၅၊ ၁၆၊ ဇာ ၁၃း၄–၉)

ဂ– ဣသရေလများ ကွဲလွင့်မည့်အကြောင်း (ယေရမိ ၂၅း၁၁၊ တရား ၂၈)

ဃ– ဣသရေလများ ပြန်လည်စုစည်းမည့်အကြောင်း (ဟေရှာ ၄၃း၅–၆၊ ယေရမိ ၂၄း၆၊ ယေဇ ၁၁း၂၇)

င– အနာဂတ် ဘေးဒါဏ်ကြီးကာလအကြောင်း (ဟေရှာ ၁၃း၆–၇၊ ၁၀၊ ၁၁၊ ၂၄း၁၊ ၁၉၊ ၂၀၊ ၃၄း၂–၄၊ ၆၃း၃–၄၊ ၆ ၊ ယောလ ၂း၁–၂)

စ– ငြိမ်းသော မိလေနိလ ကာလ (ဟေရှာ ၂း၁–၃၊ ၃၅၊ ၆၅း၁၈–၂၅)

ဆ– ဓမ္မဟောင်းကာလ ပရောဖက်တို့သည် အသင်းတော်နှင့်ပါတ်သက်၍ ပရောဖက်ပြုခဲ့ခြင်းမရှိချေ။ – *ထိုနက်နဲသောအရာကို သန့်ရှင်းသောတမန်တော်တို့နှင့် ပရောဖက်တို့အား ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ အခြားသောကာလတို့၌ လူမျိုးတို့အား ပြတော်မမူ။ ထိုနက်နဲသောအရာဟူမူကား တပါးအမျိုးသားတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးသားတို့နှင့်အတူ အမွေခံ၍ တလုံးတဝ တကိုယ်တည်းဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သော ဂတိတော်ကို ဆက်ဆံရကြသတည်း – (ဧ ၃း၅–၆)*

ဇ– အဘယ်ကြောင့်ဆိုသော် ထိုပရောဖက်တို့သည် သူတို့ဟောပြောချက်နှင့်ပတ်သက်၍ သူတို့ကိုယ်တိုင် လုံးစိပါတ်စိ မသိကြသောကြောင့် ဖြစ်သည်။

– *ထိုကယ်တင်ခြင်း အကြောင်းအရာကို ပရောဖက်တို့သည် စေ့စေ့ စစ်ကြောမေးမြန်းရှာဖွေ၍ သင်တို့ခံရသော ကျေးဇူးတော်အကြောင်းကို ဟောပြောကြပြီ။ ခရစ်တော် ခံတော်မူရသော ဆင်းရဲကို၎င်း၊ ဆင်းရဲခံပြီးမှ ဝင်စားတော်မူရသော ဘုန်းစည်းစိမ်ကို၎င်း၊ သူတို့အထဲ၌ရှိသော ခရစ်တော်၏ ဝိညာဉ်သည် သက်သေခံနှင့်သောအခါ အဘယ်မည်သောသူကို၎င်း၊ အဘယ်သို့သော အချိန်ကာလကို၎င်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏ – (၁ပေ ၁း၁၀–၁၁)*

– *ကိုယ်တော်ကလည်း ပရောဖက်ဟောပြောသော စကားများကို ယုံနိုင်အောင် ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူတို့၊ ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လောဟု မိန့်တော်မူ၏။ ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဘော်ပြတော်မူ၏ – (လု ၂၄း၂၅–၂၇)*

ဉ– ဓမ္မဟောင်းကာလ ပရောဖက်များ၏ အခြေအနေမှာ မျှော်စင်ပေါ်မှ ကင်းစောင့်မျှော်ကြည့်နေသူ ကဲ့သို့သာဖြစ်သည်။(ဟေရှာ ၂၁း၈၊ ၁၁၊ ယေရမိ ၆း၁၇၊ ၄၄း၄၊ ယေဇ ၃း၁၇၊ ၃၃း၂–၃၊ ဟေဗြဲ ၂း၁)

ဋ– ရှုရိ (ဆီးရီးယား) နှင့် ဗာဗုလုန်တို့သို့ ဖမ်းဆီးခေါ်ဆောင်ခံရမှုသည် တစိတ်တပိုင်းအားဖြင့် မှားယွင်းသောပရောဖက်တို့၏ မြှောက်ပင့်ပေးမှုနောက် လိုက်ခဲ့ကြခြင်းကြောင့် ဖြစ်သည်။ (ယေရမိ ၂၃း၁၃–၁၄၊ ၂၁၊ ၂၂)

ဌ– မှန်သောပရောဖက်၊ မှားသောပရောဖက်ကို ခွဲခြားသိနိုင်ရန်  အောက်ပါ သမ္မာကျမ်းစာနည်းလမ်းအရ စစ်ဆေးသိရှိနိုင်သည်။

၁. သူဟောပြောချက်အတိုင်း မဖြစ်လာပါက မှားယွင်းသောပရောဖက် ဖြစ်သည်။ (တရား ၁၈း၂၁–၂၂)

၂. သူက လူအများအရ ဘုရားသခင်ကိုကိုးကွယ်မှုမှ အခြားဘုရားကိုကိုးကွယ်ရန် ပြောင်းရွှေ့သွန်သင်ပါက မှားယွင်းသောပရောဖက်ဖြစ်သည်။(တရား ၁၃း၁–၃)

၃. ကိုယ့်ဥာဏ်ဖြင့်ဟောသူ၊ ကာလဗေဒင်၊ လက္ခဏာ ၊ ခါတ်ရိုက်၊ လက်ဖွဲ့၊ သေသူ၊ စသည့်အားကိုးဖြင့် ဟောပြောသူသည် မှားယွင်းသောပရောဖက် ဖြစ်သည်။(တရား ၁၈း၁၀–၁၁)

ခ၊ ပရောဖက် နာမည်စာရင်းများ

*မှန်သောပရောဖက်များ –*

၁. အာဗေလ (လု ၁၁း၄၉–၅၁)
၂. ဧနောက် (သူကြီး ၁၄)
၃. နောဧ (ကမ္ဘာ ၉း၂၄–၂၇)
၄. အာဗြဟံ (ကမ္ဘာ ၂၀း၇)
၅. ဣဇက် (ဆာ ၁၀၅း၈–၁၅၊ ကမ္ဘာ ၂၇း၂၇–၂၉)
၆. ယာကုပ် (ကမ္ဘာ ၄၈း၁–၂၇)
၇. ဒေဗောရ (အမျိုးသမီး)(သူကြီး ၄–၅)
၈. အမည်မသိ ပရောဖက် (သူကြီး ၆း၇–၁၀)
၉. ဧလိ၊ ကာလဘုရားရှင်၏လူ (၁ရာ ၂း၂၇–၃၆)
၁၀. ရှမွေလ (၁ရာ ၃း၂၀)
၁၁. ပရောဖက်များ (၁ရာ ၁၀း၅–၁၃၊ ၁၉း၂၀–၂၄)
၁၂. မောရှေ (တရား ၁၈း၁၅၊ ၃၄း၁၀–၁၂)
၁၃. မိရိအံ (အမျိုးသမီး) (ထွက် ၁၅း၂၀)
၁၄. အာရုန် (ထွက် ၇း၁)
၁၅. သက်ကြီးသူ (၇၀) ဦး (တော ၁၁း၂၄–၂၉)
၁၆. ဂဒ် (၁ရာ၂၂း၅၊ ၂ရာ ၂၄း၁၁–၁၉၊ ၅ရာ ၂၁း၉–၁၉၊ ၂၉း၂၉)
၁၇. နာသန် (၂ရာ ၇း၁–၁၇၊ ၁၂း၁–၂၅၊ ၃ရာ ၁း၅–၅၃၊ ၅ရာ ၁၇း၁–၁၅၊ ၂၉း၂၉)
၁၈. ဒါဝိဒ် (တ ၂း၃၀၊ မေရှိယသို့ဆာလံ)
၁၉. အဟိယ (၃ရာ ၁၁း၂၆–၄၉၊ ၁၂း၁၅၊ ၁၄း၁–၁၈)
၂၀. ရှေမာယ (၃ရာ ၁၂း၂၁–၂၄၊ ၅ရာ ၁၂း၁–၁၆)
၂၁. ယုဒပြည်မှလာသော ဘုရားရှင်၏လူ (၃ရာ ၁၃း၁–၃၄)
၂၂. ဣဒ္ဒေါ (၆ရာ ၉း၂၉၊ ၁၂း၁၅၊ ၁၃း၂၂)
၂၃. အာဇရိ (၆ရာ ၁၅း၁–၁၉)
၂၄. ဟာနန် (၆ရာ ၆း၇–၁၀)
၂၅. ယေဟု (ဟာနန်၏သား) (၃ရာ ၁၆း၁–၄၊ ၆ရာ ၁၉း၁–၃)
၂၆. ဧလိယ (၃ရာ ၁၇း၁၊ ၄ရာ ၂း၁၄)
၂၇. အမည်မသိပရောဖက် (၃ရာ ၂၀း၁၃–၁၅)
၂၈. ပရောဖက်များ၏သား (၃ရာ ၂၀း၃၅–၄၃)
၂၉. မိက္ခာ (၃ရာ ၂၂း၁–၄၀)
၃၀. ယဟာဇေလ (၆ရာ ၂၀း၁၄–၃၀)
၃၁. ဧလျေဇ (၆ရာ ၂၀း၃၇)
၃၂. ဧလိရှဲ (၃ရာ ၁၉း၁၆–၁၉၊ ၄ရာ ၂း၈၊ ၁၃း၁၄–၂၁)
၃၃. ပရောဖက်များ၏သား (၄ရာ ၂း၃–၁၅၊ ၄း၁၊ ၃၈၊ ၆း၁၊ ၉း၁)
၃၄. ဇာခရိ (၆ရာ၂၄း၂၀–၂၂)
၃၅. ဘုရားရှင်၏လူ (၆ရာ ၂၅း၅–၁၀)
၃၆. အမည်မသိ ပရောဖက် (၆ရာ ၂၅း၁၅)
၃၇. ဇာခရိ (၆ရာ ၂၆း၅)
၃၈. ဩဒက် (၆ရာ ၂၈း၈–၁၅)
၃၉. ဟောရှာယ၏ ဇနီး (ဟေရှာ ၈း၃)
၄၀. ဟုလဒ (အမျိုးသမီး) (၄ရာ ၂၂း၁၄–၂၀)

မှတ်ချက်။ ။အထက်ပါတို့သည် အနာဂတ္တိကျမ်းမရေးခဲ့သော ပရောဖက်များသာဖြစ်သည်။

၄၁. ဗတ္တိဇံဆရာယောဟန် (လု ၁း၇၆၊ ယော ၁း၂၃၊ မ ၁၁း၉၊ ၁၄း၅၊ ၂၁း၂၆)
၄၂. အန္န (အမျိုးသမီး) (လု ၂း၃၆)

၄၃. အာဂဗု (တ ၁၁း၂၇၊ ၂၈၊ ၂၁း၁၀–၁၁)
၄၄. ယုဒနှင့်သိလ (တ ၁၅း၃၂)
၄၅. ဖိလိပ္ပု၏ သမီး ၄ ဦး (တ ၂၁း၈–၉)
၄၆. ဘေးဒါဏ်ကြီးကာလ၌ ပေါ်ထွန်းမည့် ပရောဖက် ၂ ဦး (ဗျာ ၁၁း၃–၁၂)
မှတ်ချက်။ ။ခရစ်တော်သည် မြေပြင်ပေါ်၌ရှိခဲ့စဉ် ပရောဖက်ကဲ့သို့ များစွာ ပရောဖက်ပြုခဲ့သည်။ (မ ၂၁း၁၁၊ လု ၄း၂၄၊ ၇း၁၆၊ ၂၄း၁၉၊ ယော ၄း၁၉၊ ၆း၁၄၊ ၇း၄၀)

*မှားယွင်းသောပရောဖက်များ*

၁. ဗာလပရောဖက်များ
က– ဧလိယသည် သူတို့ကို သုတ်သင်ခဲ့ဘူးသည်။(၃ရာ ၁၈း၁၉၊ ၂၂၊ ၄၀)
ခ– ယေဟုသည် သူတို့ကို သုတ်သင်ခဲ့ဘူးသည်။(၄ရာ ၁၀း၁၈–၂၇)
၂. ဗာလမ်၏ ပရောဖက်များ (တောလည် ၂၂–၂၄)
၃. ရှောလုဘုရင် (၁ရာ ၁၀း၁–၁၃၊ ၁၉း၂၄)
၄. ဗေသလမြို့မှ အသက်ကြီးသူပရောဖက် (၃ရာ ၁၃း၁၁–၁၉)
၅. ဇေဒကိ (၃ရာ ၂၂း၅–၁၂)
၆. ဟာနနိ (ယေရမိ ၂၈း၁၁)
၇. နောဒိ (နေဟမိ ၆း၁၄)
၈. ဧလုမ (တ ၁၃း၈)
၉. ယေဖဗေလ (ဗျာ ၂း၂၀)
၁၀. ဘေးဒါဏ်ကြီးကာလ၌ အန္တိခရစ်ကိုကူညီမည့် မှားယွင်းသောပရောဖက် (ဗျာ ၁၆း၁၃၊ ၁၉း၂၀၊ ၂၀း၁၀)

*ကျမ်းမပြု နှုတ်ဖြင့်သာဟောသော အရေးကြီးသည့် ပရောဖက်များ –*

ဧလိယ

၁. ဧလိယနှင့် အာဟတ်ဘုရင်
က– သုံးနှစ်ခွဲ မိုးခေါင်မည့်အကြောင်း ပရောဖက်ပြုချက် (၃ရာ ၁၇း၁)
ခ– ကရမေလတောင်ပေါ် ပြိုင်ပွဲအတွက် ပရောဖက်ပြုချက် (၁၈း၁၇–၂၀)
ဂ– မိုးခေါင်မှုကို နိဂုံးချုပ်စေသည့် ပရောဖက်ပြုချက် (၁၈း၄၁–၄၆)
ဃ– အာဟတ်ဘုရင်နှင့်ဇနီး သေမည့်အကြောင်း ပရောဖက်ပြုချက် (၂၁း၁၇–၂၄)
၂. ဧလိယနှင့် ခေရိတ်ချောင်းအနီးမှ ကျီးအများ (၁၇း၂–၇)
၃. ဧလိယနှင့် ဇရတ္တမြို့မှ မုဆိုးမ (၁၇း၈–၁၅)
၄. ဧလိယနှင့် ဩဗဒိ (၁၈း၁–၁၆)
၅. ဧလိယနှင့် ဣသရေလပြည်သူများ (၁၈း၂၀–၂၄)
၆. ဧလိယနှင့် ဗာလ၏ပရောဖက်များ (၁၈း၂၅–၄၀)
၇. ဧလိယနှင့် ဘုရားသခင် (၁၉း၁–၁၈)
၈. ဧလိယနှင့်ဧလိရှဲ
က– အထူးအမှုဆောင်ရန် ခေါ်ခြင်း (၃ရာ ၁၉း၁၉–၂၁)
ခ– အထူးအမှုတော်အတွက် ပြင်ဆင်ခြင်း (၄ရာ ၂း၁–၁၀)
၉. ဧလိယနှင့် အာခဇိမင်း (၄ရာ ၁း၁–၁၇)
၁၀. ဧလိယနှင့် မီးလောင်နေသော ရထား (၄ရာ ၂း၁၁)

ဧလိရှဲ

၁. ယော်ဒန်မြစ်ရေကို ခွဲခြမ်းခြင်း (၄ရာ ၂း၁၄)
၂. ယေရိခေါမြို့မှရေကို သန့်စင်စေခြင်း (၂း၁၉–၂၂)
၃. ဗေသလမြို့မှ လူငယ်တို့ကို ကျိန်ဆိုခြင်း (၂း၂၃–၂၄)
၄. ဗလာချိုင့်ဝှမ်းကြီးကို ရေပြည့်စေခြင်း (၄ရာ ၃း၁၆–၂၇)
၅. ဗလာအိုးကြီးကို ဆီပြည့်စေခြင်း (၄း၁–၇)
၆. ရှုနင်မြို့မှ သေပြီးသူငယ်ကို ထမြောက်စေခြင်း (၄း၁၈း၂၁၊ ၃၂–၃၇)
၇. ဂိလဂါလမြို့၌ အဆိပ်ကိုငြိမ်းစေခြင်း (၄း၃၈–၄၁)

၈. လူ ၁၀၀ ကိုမှန့်အလုံး ၂၀၊ ဟင်းရွက်အနည်းငယ်ဖြင့် ဝအောင်ကျွေးမွေးခြင်း (၄း၄၂–၄၄)
၉. နေမန်၏ရောဂါကို ပျောက်ကင်းစေခြင်း (၅း၁–၁၉)
၁၀. ပျောက်ဆုံးသောပုဆိန်ကို ပြန်တွေ့စေခြင်း (၆း၁–၇)
၁၁. ရှုရိ (ဆီးရီးယား) ၏ စစ်ရေးလျှို့ဝှက်ချက် အစီအစဉ်ကို ကြိုတင်သိရှိခြင်း (၆း၈–၁၂)
၁၂. မိမိ၏ငယ်သားများ ကောင်းကင်စစ်သည်များကိုမြင်စေရန် ဆုတောင်းခြင်း (၆း၁၇)
၁၃. ရှုရိတပ်များကို မျက်စိကန်းစေခြင်း (၆း၁၈–၂၃)
၁၄. ဟောကိန်းထုတ်မှုများ
    က– ဂေဟာဇိ၏ အနူရောဂါ (၄ရာ ၅း၂၀–၂၇)
    ခ– ရှမာရိမြို့သားတို့ ဘေးလွတ်ခြင်း (၇း၁)
    ဂ– ဘုရင်၏လက်ထောက် သေခြင်း (၇း၂)
    ဃ– ၇ နှစ် အစာခေါင်းပါးခြင်း (၈း၁)
    င– ရှုရိဘုရင် ဗဟ်ာဒဒ်၏ သေခြင်း (၈း၇–၁၀)
    စ– ဟာဇေလ ရှုရိပြည်ကို အုပ်ချုပ်ရမည့်အကြောင်း (၈း၁၁–၁၅)
    ဆ– ဣသရေလတို့ ရှုရိကို သုံးကြိမ်အောင်မြင်ခြင်း (၁၃း၁၄–၁၉)
၁၅. ပရောဖက်ဧလိရှဲ အလောင်းတို့ထိသောလူသေ ပြန်ရှင်ခြင်း (၁၃း၂၀–၂၁)

## ၄။ ကွဲပြားသွားသော နိုင်ငံတော်ကာလ၌ ရေးသားခဲ့ကြသော ကျမ်းများ၏စာရင်း

| ရေးသူ | ဖြစ်ပျက်ကာလအကြာအရှည် | ရေးသည့်ခုနှစ် | ရည်ညွှန်းသောအရပ် |
|---|---|---|---|
| က၊ ဩဗဒိ | ၁၀ | ၈၅၀ – ၈၄၀ ဘီစီ | ဧဒုံပြည် |
| ခ၊ ယောန | ၃၆ | ၇၈၅ – ၇၅၀ ဘီစီ | နိနေဝေ |
| ဂ၊ နာဟုံ | ၃၀ | ၆၅၀ – ၆၂၀ ဘီစီ | နိနေဝေ |
| ဃ၊ အာမုတ် | ၇ | ၇၆၀ – ၇၅၃ ဘီစီ | ဣသရေလ (မြောက်ပိုင်း) |
| င၊ ဟောရှေ | ၆၀ | ၇၆၀ – ၇၀၀ ဘီစီ | ဣသရေလ (မြောက်ပိုင်း) |
| စ၊ ယောလ | ၇ | ၈၄၁ – ၈၃၄ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |
| ဆ၊ ဟေရှာယ | ၅၈ | ၇၃၉ – ၆၈၁ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |
| ဇ၊ မိက္ခာ | ၃၅ | ၇၃၅ – ၇၀၀ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |
| ဈ၊ ဇေဖနိ | ၂၀ | ၆၄၀ – ၆၂၀ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |
| ည၊ ဟဗက္ကုတ် | ၃ | ၆၀၉ – ၆၀၆ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |
| ဋ၊ ယေရမိ | ၃၂ | ၆၂၇ – ၅၇၅ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |
| ဌ၊ ယေရမိမြည်တမ်း | –– | – – ၅၈၆ ဘီစီ | ယုဒပြည် (တောင်ပိုင်း) |

# ဧဇရမှတ်စာ

ဓမ္မဟောင်းကျမ်း၌ ကျမ်းစာ ၆ စောင်သည် ယုဒ (ဣသရေလတောင်ပိုင်း) လူမျိုးများ ဗာဗုလုန်မှပြန်လွတ် လာကပြီးနောက်ပိုင်းတွင် ရေးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့မှာ – ဧဇရ၊ နေဟမိ၊ ဧသတာ၊ ဟဂ္ဂဲ၊ ဇာခရိ၊ မာလခိ စသည်တို့ဖြစ်သည်။ ခရစ်သက္ကရာဇ် ၅၃၆ ၌ ဗာဗုလုန်ရှိ မေဒိ–ပေရသိဘုရင် ကုရု (ဆိုင်းရပ်)သည် သူ့တိုင်းပြည် ၌ ကျွန်ဖြစ်နေရသော ဣသရေလလူမျိုးများတို့ကို တိုင်းပြည်ရင်းသို့ ပြန်လည်သွားရောက် တည်ထောင်နေထိုင်ခွင့်ကိုပေး၍ ဗိမာန်တော်ကိုလည်း ပြန်တည်ဆောက်ခွင့် ပေးလေသည်။ များစွာသော ဣသရေလများသည် တိုင်းပြည်ရင်းသို့ပြန်၍ ဗိမာန်တော်ကို တည်ဆောက်ကြသည်။ ထိုပြန်လာကြသူများ၏ ခေါင်းဆောင်မှာ ဇေရုဗဗေလ (ယဇ်ပုရောဟိတ်ကြီး)၊ ဧဇရ (ယဇ်ပုရောဟိတ်) တို့ဖြစ်သည်။ ဒုတိယအသုတ်ကိုမူ နေဟမိကခေါင်းဆောင်၍ ထွက်လာခဲ့သည်။ သူတို့သည် ယေရုရှလင်မြို့ရိုးကို တဖန်ပြန်တည်ဆောက်ကြ၍ ဣသရေလနိုင်ငံတော်ကို တည်ထောင်ကြသည်။

## ၁။ ဇေရုဗဗေလ၏ ဦးဆောင်မှုဖြင့် ယေရုရှလင်သို့ ပြန်လာကြခြင်း ( ၁ – ၆ )

က၊ ဘုရင့်ကြေငြာချက်

၁. အမိန့်စာထုတ်ခြင်း (၁း၁–၄)

ကုရုဘုရင်သည် (ခရစ်ယာန်ဖြစ်နိုင်သည်) ဘုရားရှင်၏နှိုးဆော်ချက်ကြောင့် ဣသရေလတို့အား မိခင်နိုင်ငံသို့ ပြန်ခွင့်ပြုကြောင်းနှင့် မပြန်လိုသောသူများကလည်း တိုင်းပြည် ပြန်တည်ထောင်မည့်သူများအား ထောက်မကူညီကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။

၂. အမိန့်ကို တုန့်ပြန်ကြခြင်း (၁း၅–၁၁)

ဘုရားရှင်သည် ဣသရေလတို့ကို နှိုးဆော်တော်မူသဖြင့် များစွာသော ဣသရေလ (၄၂,၀၀၀) တို့သည် မိမိတို့ပြည်ရင်းသို့ ပြန်ကြ၏။ နေဗုခဒ်နေဇာဘုရင် ဘုရားရှင်ဗိမာန်တော်မှ သိမ်းယူသွားခဲ့သော ရွှေ၊ ငွေ အမျိုးအစားပေါင်း (၅,၄၀၀) ကိုလည်း ပြန်လည်ယူဆောင်လာခဲ့ကြသည်။ ထို့ပြင်သူတို့သည် အောက်ပါပစ္စည်းများကိုလည်း တပါတည်း ယူဆောင်လာခဲ့ကြ၏။

က– ဥရိမ်နှင့်သုမိမ် (ယဇ်ပုရောဟိတ်၏ရင်ခွင်တွင် အိတ်ပြုလုပ်၍ ထည့်ထားရသော ကျောက်တုံးသေးကလေးဖြစ်သည်။ ဘုရားရှင်၏အလိုတော်ကို သိလိုသည့်အခါ ထိုကျောက်တုံးကလေးကို ထုတ်၍ အဓိဋ္ဌါန်ပြုသော ပစ္စည်းဖြစ်သည်။ ၂း၆၃)

ခ– အမျိုးသား၊ အမျိုးသမီး အစေခံ ၇,၃၃၇ ယောက် (၂း၆၅)

ဂ– ကျား–မ သီချင်းသည် ၂၀၀ ယောက် ( ၂း၆၅)

ဃ– မြင်း ၇၃၆ ကောင် (၂း၆၆)

င– လား ၂၄၅ ကောင် (၂း၆၆)

စ– ကုလားအုပ် ၄၃၅ ကောင် (၂း၆၇)

ဆ– မြည်း ၆,၇၂၀ ကောင် (၂း၆၇)

ဇ– ရွှေဒင်္ဂါး ၆,၁၀၀ ချပ် (၂း၆၉)

ဈ– ငွေ ၅၀,၀၀၀ ခွက် (၂း၆၉)

ည– ယဇ်ပုရောဟိတ်ဝတ်စုံ ၁၀၀ (၂း၆၉)

ခ၊ ပြန်သွားသော လူဦးရေစာရင်း (၂)

၁. (၂း၁–၅၇)သည် ပြန်လာကြသော ဣသရေလ လူမျိုးစုများစာရင်း ဖြစ်သည်။ သူတို့၏ခေါင်းဆောင်ကား ဇေရုဗဗေလဖြစ်၍၊ ၎င်းသည် ယေခေါနိဘုရင်၏ မြေးဖြစ်ပြီး နှိမ့်ချခြင်းစိတ်ရှိသူတဦး ဖြစ်သည်။

၂. သူတို့၏ ဘုရားရှင်အပေါ် ယုံကြည်ချက် (၃း၁–၁၃)

က– သူတို့သည် ယေရုရှလင်မြို့ရောက်သည်နှင့် မည်သည့်ကိစ္စမျှ မလုပ်ရသေးခင် ယဇ်ပလ္လင်ကို အလျင်အမြန်တည်၍ ပူဇော်သက္ကာများဖြင့် ထာဝရဘုရားထံ အဦးဆုံး ပူဇော်ကိုးကွယ်ကြ၏။ ထိုကိစ္စကိုခေါင်းဆောင်သူမှာ ဣသရေလတို့၏ ဗာဗုလုန်မှ တိုက်ခိုက်ခြင်းမခံရမီ နောက်ဆုံးယဇ်ပုရောဟိတ် ယောဇဒက်၏သား ယဇ်ပရောဟိတ် ယောရှုဖြစ်သည်။ နေ့ကား ဣသရေလ ပြက္ခဒိန် သတ္တမလ၏ ပထမနေ့ဖြစ်သည်။(၃း၁–၆)

ခ– ဆက်လက်၍ သကေနေပွဲကိုလည်း ခံကြ၏။(၃း၄)

ဂ– ဘီစီ ၅၃၅ ဇွန်လတွင် သူတို့သည် ဗိမာန်တော်ကို ရှေးဦးစွာ စတင်တည်ဆောက်ကြသည်။ သူတို့ အုတ်မြစ်ချသော အချိန်၌လည်း ပွဲတော်ကျင်းပကြ၏။(၃း၁၀–၁၃)

ဂ၊ ဗိမာန်တော် တည်ဆောက်နိုင်ခြင်းမရှိအောင် စာတန်၏ဟန့်တားမှု

၁. စာတန်၏ အနုနည်းဖြင့်လှည့်စားမှု (၄း၁–၃)၊ ဣသရေလ၏ရန်သူများက သူတို့လည်း ဗိမာန်တော်အစိတ်အပိုင်းတချို့ကို တည်ဆောက်ခွင့်တောင်းရာ ဇေရုဗဗေလနှင့်ယောရှုက ပယ်ချခဲ့သည်။ (အသင်းတော်သည် လာရောနှောမှုကို ပယ်ရမည်)

၂. စာတန်၏ အပြစ်ရှာစွပ်စွဲမှု (၄း၄–၅)၊ ဣသရေလ၏ရန်သူတို့က အုပ်ချုပ်သူ ပေရသိအရာရှိတို့ဆီသို့ မဟုတ်မမှန် စွပ်စွဲစာကို ပေးပို့ကြသည်။ ထိုစာကိုရသော အာတဇေရဇ် (မြင့်မြတ်သောအရှင်ဟု အဓိပ္ပါယ်ရသည် / ကမ်ဘစီ) ဘုရင်က ယေရုရှလင်၏ ပုန်ကန်တတ်သောသမိုင်းကို ပြန်သတိရ၍ စိတ်မချသဖြင့် ထိုဗိမာန်တော်တည်ဆောက်မှုကို ရပ်တန့်ရန် အမိန့်ထုတ်လေသည်။(၄း၁၈–၂၃)

ဃ၊ ဘုရားရှင်၏ ထောက်မကူညီမှု

၁. ပရောဖက်ဟဂ္ဂဲနှင့် ဇာခရိတို့သည် ထိုအချိန်၌ ဣသရေလတို့ကို စိတ်ဓာတ်မကျရန် ပရောဖက်ပြုဟောပြောကြ၏။ သို့ဖြစ်၍ ဣသရေလတို့ ဆက်တည်ကြသည်။(၅း၁–၂)

(အရပ်ဥပဒေက တား၊ ဘုရားဥပဒေအရ လုပ်ဆောင်)

၂. ဒေသခံမြို့ဝန်တို့သည် ဘုရင်ကို ထပ်မံတိုင်ကြား ကြပြန်သည်။(၅း၃–၁၇)

၃. ဒါရိဘုရင်သည် တည်ဆောက်ခွင့်ပေးသည်သာမက ဘဏ္ဍာတိုက်ထဲမှ ရွှေငွေမှအစ အထောက်အပံ့

အမျိုးမျိုးကိုပါ ပေးခဲ့လေသည်။(၆း၁–၁၂)

၄. ခရစ်တော်မတိုင်မီ ၅၁၆ ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် ဗိမာန်တော်တည်ဆောက်မှု အားလုံး ပြီးစီးခဲ့သည် (၆း၁၅)။ ဧပြီလတွင် ပသခါပွဲနေ့ခံ၍ ၆၀ နှစ်ကျော်လွန်ပြီး ပထမအကြိမ် ဖြစ်ခဲ့သည်။ (၆း၁၉)

## ၂။ ဧဇရဦးဆောင်မှုဖြင့် ယေရုရှလင်မြို့သို့ ပြန်လာကြခြင်း ( ၇ – ၁၀ )

အခန်းကြီး ၆ နှင့် အခန်းကြီး ၇ တို့ ကြားကာလသည် နှစ် ၆၀ ကြာခဲ့သည်။ ထိုအချိန်၌ ဧဇရကို ဗာဗုလုန်နိုင်ငံ၌ မွေးဖွားခဲ့သည်။ အခန်းကြီး ၁ မှ ၆ သည် ဧဇရမတိုင်မီ အခြေအနေဖြစ်၍ ၇ မှ ၁၀ သည် ဧဇရပါဝင်သောအချိန်ဖြစ်သည်။ ကြီး ၁ မှ ၆ သည် ကုရု (ဆိုင်းရပ်ဘုရင်မှ ဒါရိဘုရင်ထိ ကြာညောင်းခဲ့သည်။ ကြီး ၁ မှ ၆ အတွင်း ဗိမာန်တော် တည်ဆောက်ဖြစ်ကြသည်။ ကြီး ၇ မှ ၁၀ ကား ဧဇရကိုယ်တိုင် ယေရုရှလင်မြို့သို့ ပြန်သွားခြင်းမှ စတင်သည်။ သူ့လက်ထက် အာတဇေရဇ်မှာ ယခင်အာတဇေရဇ် မဟုတ်ပေ။

က၊ ဘုရင်သည် ဧဇရအား အကူအညီ အပြည့်အစုံပေး၍ ယေရုရှလင်မြို့သို့ သွားခွင့်ပြုခဲ့သည်။(၇း၆)
သူသည် ကောင်းသောသူ၊ ဘုရားကိုနားထောင်သောသူ၊ ဓမ္မပညာ ကျွမ်းကျင်သူဖြစ်၍ ဘုရားရှင်၏ ကောင်းကြီးပေးခံရသူ ဖြစ်သည် (၇း၁၀)။ ဘုရင်သည် လူစု ၃ စုအား အောက်ပါအမိန့်စာ ပို့ခဲ့သည်။

၁. ဗာဗုလုန်တွင်ရှိနေသေးသော ဣသရေလများ။ ။ဘုရင်က သူတို့အား ဧဇရနှင့်အတူ ယေရုရှလင်မြို့သို့ပြန်ရန် တိုက်တွန်း၏။(၇း၁၁–၂၀)

၂. ဥဖရတ်မြစ် အနောက်ဘက်၌နေသော ဘုရင့်အရာရှိများ။ ။

က– သူတို့သည် ဣသရေလတို့ ဗိမာန်တော်တည်ဆောက်မှုကို ငွေကြေးမှစ၍ ကူညီကြရမည်။ (၇း၂၁–၂၃)

ခ– သူတို့သည် ဗိမာန်တော်နှင့်ပတ်သက်သော သူများတို့ထဲမှ အခွန်ကောက်ခံခြင်း မပြုရ။ (၇း၂၄)

၃. ဧဇရကိုယ်တိုင်သို့။ ။သူသည် အရာရှိများကို ရွေးချယ်ခန့်ထား၍ ဥဖရတ်မြစ်အနောက်ဘက်ရှိ ဣသရေလတို့အား အုပ်ချုပ်စီရင်ရမည်။(၇း၂၅–၂၆)

ခ၊ ခရီးစဉ်အတွက် ပြင်ဆင်မှု (၈)

၁. ဧဇရနှင့် အမျိုးသား ၁၅၀၀ အပါအဝင်တို့သည် ဘီစီ ၄၅၅ မတ်လအလယ်ပိုင်းတွင် ဗာဗုလုန်မှ ထွက်ခွာခဲ့ကြသည်။(၈း၁)

၂. ခရီးထွက်ရာမှ အဟာဝမြစ်နားသို့ရောက်၍ ဧဇရက လူစစ်ရာတွင် လေဝိအမျိုး တဦးမျှမပါသဖြင့် အံ့သြသွားခဲ့ရသည်။(၈း၁၅)

၃. (လေဝိသည် ဓမ္မဆရာမျိုးရိုးဖြစ်သည်) သို့ဖြစ်၍ ဧဇရသည် ဗာဗုလုန်သို့လူလွှတ်၍ လေဝိလူမျိုးကို ရှာရပြန်သည်။ လေဝိလူမျိုးများ လိုက်လာကြသည်။(၈း၁၆–၂၀)

၄. ဧဇရသည် ဦးဆောင်၍ မိမိတို့လမ်းခရီး ချောမွေ့စေရန် အဟာဝမြစ်အနီးတွင် အစာရှောင်ဆုတောင်းခဲ့သည်။(၈း၂၂–၂၃)

၅. ဧဇရနှင့်အဖွဲ့သည် ယေရုရှလင်မြို့သို့ အန္တရာယ်ကင်းစွာဖြင့် ဆိုက်ရောက်ခဲ့သည်။(၈း၃၁–၃၂)

ဂ၊ ဧဇရ၏ စိတ်ပျက်ညိုးငယ်စွာဖြင့် ဆုတောင်းချက် (၉)

၁. ဧဇရသည် ယေရုရှလင်မြို့သို့ရောက်သောအခါ မိမိလူမျိုးတို့သည် တပါးအမျိုးသား ခလေ့များကို ယူ၍ တပါးအမျိုးသမီးနှင့် အိမ်ထောင်ဖက်ပြုကြသည်ကို တွေ့ရ၏။(၉း၁–၂)

၂. ထိုကိစ္စအတွက် ဧဇရသည် အထူးဆုတောင်းရလေသည်။(၉း၃–၁၅)

ဃ၊ ဣသရေလများ နောင်တရကြခြင်း (၁၀)

၁. မကြာမီတွင် အပြစ်ရှိသူများသည် နောင်တရ၍ မိမိတို့အမှားများကို ပြင်ကြသည်။(၁၀း၁–၄၄)

၂. (၁၀း၃၊ ၇၊ ၉)

# နေဟမိမှတ်စာ

## ၁။ ယေရုရှလင်မြို့ရိုးနှင့်ပတ်သက်သော သတင်းများ

က၊ ဘီစီ ၄၄၆ ဒီဇင်ဘာတွင် နေဟမိသည် ယေရုရှလင်မြို့မှပြန်လာသူ သူ၏ညီဟာနနိထံမှ တင်ပြချက်ကို လက်ခံ ကြားသိရလေသည် (၁း၂၊ ၇း၂)။ ကြားသိရချက်မှာ ယေရုရှလင်မြို့သို့ ပြန်သွားသောသူများ သည် ဒုက္ခနှင့် ရင်ဆိုင်နေရကြောင်း သူတို့မြို့ရိုးများ ပြိုပျက်နေ၍ ယနေ့ထိတိုင်အောင် ပြန်မတည် ဆောက်ရသေးကြောင်း မြို့ရိုးတံခါးမကြီးမှာလည်း မီးလောင်ထားကြောင်း တင်ပြလေသည်။(၁း၃)

ခ၊ ထိုသတင်းကိုကြားသည်နှင့် နေဟမိသည် ချက်ခြင်း ဘုရားရှင်ထံ မိမိနှင့်မိမိလူမျိုးအတွက် အပြစ်ဝန် ချ၍ ဆုတောင်းပဌနာပြုလေသည်။(၁း၄–၁၁)

## ၂။ မြို့ရိုးတည်ဆောက်ရန် တောင်းဆိုခြင်း ( ၂း၁–၈ )

က၊ နေဟမိသည် ၄ လတိုင်တိုင် ဆုတောင်းပြီး၍ ဘီစီ ၄၄၅ ဧပြီလတွင် နေဟမိသည် ရှင်ဘုရင်ထံသို့ဝင်၍ – *ကျနော့်ဘိုးဘေးသင်္ချိုင်းရှိရာမြို့ကို ကျနော်ပြုစုရမည်အကြောင်း ယုဒပြည်သို့ စေလွှတ်တော်မူပါ – (၂း၅)*

ခ၊ အာတဇေရဇ် (ကမ်ဘစီ) ဘုရင်သည်လည်း ခွင့်ပြုချက်စာကိုရေး၍ သွားခွင့်ပြုခဲ့သည်။(၂း၆–၈)

## ၃။ မြို့ရိုးတည်ဆောက်မှုအတွက် အရေးပေါ်လုပ်ဆောင်မှု ( ၂း၉–၂၀ )

နေဟမိသည် ယေရုရှလင်မြို့သို့ လှည့်ပတ်ကြည့်ရှုပြီး နောက်တနေ့တွင် ဣသရေလခေါင်းဆောင်များကို ခေါ်၍ စုဝေးပြီးလျှင် ယေရုရှလင်မြို့ရိုးကို တည်ဆောက်ရမည်ဖြစ်ကြောင်း တင်ပြပြောဆိုလေ၏။ (၂း၁၁–၁၈)

ထိုမြို့ရိုးကိုတည်ဆောက်မှု၌ လူ ၂ စုကို အောက်ပါအတိုင်း ခွဲလေသည်။

က၊ ပထမအစုမှာ မြို့ရိုးတည်ဆောက်ချိန်၌ ရန်သူများမလာနိုင်အောင် မြို့ကို ကာကွယ်စောင့်ရှောက်ရန်၊

ခ၊ ဒုတိယအစုမှာ ဣသရေလနှင့် ဣသရေလမဟုတ်သူ မယုံကြည်သူများကို ရွေးချယ်ခွဲခြားရန် တို့ဖြစ် သည်။

## ၄။ မြို့တံခါးများ ( ၃ )

က၊ သိုးတံခါး (၃း၁)၊ ကားတိုင်ကို ရည်ညွှန်းသည်။(ယော ၁၀း၁၁)

ခ၊ ငါးတံခါး (၃း၃)၊ သက်သေခံခြင်းကို ရည်ညွှန်းသည်။(မ ၄း၁၉)

ဂ၊ တံခါးဟောင်း (၃း၆)၊ မယုံကြည်သူဘဝက စိတ်ဓာတ်ကို ရည်ညွှန်းသည်။(ရော ၆း၁–၂၃)

ဃ၊ ချိုင့်တံခါး (၃း၁၃)၊ စုံစမ်းနှောက်ယှက်ခံရခြင်းကို ရည်ညွှန်းသည်။(၂ကော ၁း၃–၅)

င၊ နောက်ချေးတံခါး (၃း၁၄)၊ ကာယငရဲ ကြိုးစားမှုဖြင့် အလုပ်လုပ်ခြင်းကို ရည်ညွှန်းသည်။ (ဂလာ ၅း၁၆–၂၁)

စ၊ စမ်းရေတွင်းတံခါး (၃း၁၅၊) သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်းသည်။(ယော ၇း၃၇–၃၉)

ဆ၊ ရေတံခါး (၃း၂၆)၊ ဘုရားရှင်၏နှုတ်ကပတ်တော်ကို ရည်ညွှန်းသည်။(ယော ၄း၁၀–၁၄)

ဇ၊ မြင်းတံခါး (၃း၂၈)၊ ခရစ်ယာန်တို့၏ တိုက်ပွဲဝင်ခြင်းကို ရည်ညွှန်းသည်။(ဧ ၆း၁၀–၁၇)

ဈ၊ အရှေ့ဘက်တံခါး (၃း၂၉)၊ ခရစ်တော် ဒုတိယပြန်ကြွလာခြင်းကို ရည်ညွှန်းသည်။(ယေဇ ၄၃း၁–၂)

ည၊ မိဖကဒ်တံခါး (၃း၃၁)၊ ယုံကြည်သူများ၏ ခရစ်တော်ရှေ့ တရားစီရင်ပွဲကို ရည်ညွှန်းသည်။ (၁ကော ၃း၉–၁၅၊ ၂ကော ၅း၁၀)

ဋ၊ ဧဖရိမ်တံခါး (၈း၁၆)

ဌ၊ ထောင်တံခါး (၁၂း၃၉)

## ၅။ မြို့ရိုးတည်ဆောက်မှုကို အနှောက်အယှက်ပြုကြခြင်း

ဘုရားရှင်၏အလိုတော်ကို ဆောင်ရွက်ရာ၌ စာတန်မှစသော ဆန့်ကျင်ဘက်ပြုသူ အများအပြားနှင့် ကြုံ တွေ့ရ၏။ ၎င်းတို့သည် နည်းလမ်းပေါင်းစုံကိုအသုံးပြု၍ အောက်ပါအတိုင်း အနှောက်အယှက်ပေးကြ၏။

က၊ သရော်လှောင်ပြောင်မှု (၂း၁၉၊ ၄း၁–၃)

ခ၊ စိတ်ဓာတ်ကျမှု (၄း၁၀)

ဂ၊ ဖျက်ဆီးရန် မကောင်းကြံစည်ကြမှု (၄း၇၊ ၈၊ ၁၁)
ဃ၊ ပျင်းရိမှု (၄း၁၀)
င၊ အတွင်း၌ အချင်းချင်း မကျေမနပ်ဖြစ်ကြမှု (၅း၁–၅)
စ၊ မြူဆွယ်လှည့်ဖြားမှု (၆း၁–၄)
ဆ၊ မတရား လိမ်ညာပြောဆိုမှု (၆း၅–၉)
ဇ၊ သစ္စာဖောက်မှု (၆း၁၀–၁၄)
ဈ၊ ကြောက်ရွံ့ထိတ်လန့်မှု (၆း၉၊ ၁၄)

## ၆။ မြို့ရိုးတည်ဆောက်သူ ( နေဟမိ )

က၊ သူသည် ကောင်းသောနမူနာကို ပြည်သူတို့အရှေ့မှာပြခဲ့၏။(၅း၁၄–၁၈)
(သူသည် မြို့ဝန်ဖြစ်သော်လည်း ယခင်မြို့ဝန်များကဲ့သို့ ပြည်သူ့ရိက္ခာကိုမစားဘဲ သူ့ဘုရင် ထောက်ပံ့မှုတခုနှင့်သာ နေထိုင်ခဲ့၏)
ခ၊ သူသည် ဘုရားရှင်ကို အမြဲ စိတ်ချယုံကြည်လျက်ရှိသူ ဖြစ်၏။(၄း၁၄၊ ၈း၉၊ ၁၀)
ဂ၊ သူသည် မြူဆွယ် လှည့်ဖြားမှုအားလုံးကို ငြင်းပယ်ခဲ့သည်။(၂း၂၀)
ဃ၊ သူသည် ဆုတောင်းသူဖြစ်သည်။(၄း၄–၅၊ ၉၊ ၆း၉)
င၊ သူသည် ဘုရားရှင်ဘက်၌ သတ္တိရှိစွာ ရပ်တည်ရဲသူဖြစ်သည်။(၄း၁၆–၂၃)
စ၊ သူသည် မဆုတ်မနစ် ဇွဲကောင်းသူဖြစ်သည်။(၆း၃)

## ၇။ မြို့ရိုးတည်ဆောက်မှု ပြီးဆုံးသွား၍ ခံစားရသော ကောင်းကြီးမင်္ဂလာများ

နေဟမိတို့သည် အခက်အခဲ အမျိုးမျိုးကြားမှပင် ၅၂ ရက်အကြာ စက်တင်ဘာလ စောစောပိုင်းတွင် မြို့ရိုးကို တည်ဆောက်ပြီးစီးကြသည် (၆း၁၅)။ ထိုအစီအစဉ် ပြီးဆုံးမှုကြောင့် ဘုရားရှင်သည် သူတို့အား အောက်ပါအချက်များ အပါအဝင် များစွာသော ကောင်းကြီးမင်္ဂလာကို ပေးခဲ့လေသည်။
က၊ သူတို့သည် ဘုရားရှင်၏ ကျမ်းစာများကို နားထောင်ဖတ်ရွတ်ကြ၏။(၈း၁–၈၊ ၉း၃)
ခ၊ သူတို့သည် ဘုရားရှင်၏ ဓမ္မပွဲတော်များကို ကျင်းပကြ၏။(၈း၁၃–၁၈)
ဂ၊ သူတို့သည် ဝမ်းမြောက်စွာဖြင့် သူတို့ ဣသရေလလူမျိုး၏ ရာဇဝင်များကို ဖော်ပြ ဆုတောင်းကြသည်။(၉း၆–၃၈)
ဃ၊ သူတို့သည် ဘုရားရှင်ထံမှ ဂတိတော်များ ပဋိညဉ်များကို ရရှိကြ၏။
င၊ သူတို့၏ လူများစွာတို့သည် ယေရုရှလင်မြို့၌ ထပ်မံဝင်ရောက် နေထိုင်ကြ၏ (၁၁း၁–၂)။ ၁၀ ပုံ ၁ ပုံသည် မြို့တော်၌နေ၍ ၁၀ ပုံ ၉ ပုံသည် အခြားမြို့ရွာများ၌ ခွဲနေကြ၏။
စ၊ သူတို့သည် အောက်ပါကဲ့သို့ မိမိအပြစ်များကို ဖော်ထုတ်ဝန်ခံကြ၏။
၁. မယုံကြည်သူများနှင့် ရောနှောခြင်း (၉း၁–၂၊ ၁၀း၃၀၊ ၁၃း၄)
၂. ဆယ်ဘို့တဘို့မထည့်ခြင်း (၁၀း၃၂–၃၉၊ ၁၂း၄၄–၄၇၊ ၁၃း၁၀–၁၁)
၃. ဥပုသ်နေ့၌ အလုပ်လုပ်ကိုင်ခြင်း (၁၀း၃၁၊ ၁၃း၁၅–၂၂)
၄. တပါးအမျိုးသားများနှင့် ထိမ်းမြားခြင်း (၁၃း၂၃–၂၄)
၅. ဗိမာန်တော်၌ အမှားအယွင်း လုပ်ဆောင်မှုများ (၁၃း၁–၉)
နေဟမိသည် ဘုရားရှင်ဘက် စိတ်အားကြီးသူဖြစ်၍ အမှားအယွင်းရှိသမျှကို ထုတ်ဖော်ဆုံးမ၏။
ဆ၊ အားလုံး ငြိမ်သက်ပျော်ရွှင်မှု ရကြသည်။ ဘုရားရှင်၏အလုပ်ကို ဘုရားရှင်အလိုတော်နှင့်အညီ လုပ်ဆောင်ခြင်းသည် ကောင်းကြီးမင်္ဂလာကို ခံစားရ၍ ငြိမ်သက်ပျော်ရွှင်မှု ဖြစ်စေသည်။ သူတို့သည် အောက်ပါကဲ့သို့သော ကျေးဇူးတော်များကို ခံစားရသည်။
၁. လူအသီးသီးသည် အစားဝခြင်း၊ နေထိုင်မှု သာယာခြင်းများကို ခံစားကြရသည်။(၈း၁၂)
၂. လေဝိများသည်လည်း ပျော်ရွှင်စွာ ဓမ္မသီချင်းဆိုကြသည်။(၉း၄၊ ၁၂း၂၇–၂၈)
၃. နေဟမိသည် လူစု ၂ စုခွဲ၍ မြို့ရိုးတလျှောက် ဓမ္မသီချင်းဆိုစေသည်။(၁၂း၃၁–၃၄)
၄. ယဇ်ပုရောဟိတ်များသည်လည်း တံပိုးများကိုမှုတ်၍ ဘုရားဂုဏ်တော် ချီးမွမ်းကြ၏။(၁၂း၃၅–၃၇)
၅. သူတို့၏ပျော်ရွှင်မှုကို မြို့တော်မှ ဝေးသောနေရာမှ လူများလည်းကြားရ၍ ဝမ်းမြောက်ပျော်ရွှင်ကြ၏။(၁၂း၄၃)

# ဧသတာဝတ္ထု

(မေဒိ–ပေရသိ) ပါးရှားအင်ပါယာတွင် ဣသရေလအနိမ့်ခံလူမျိုးများ ဒုက္ခရောက်နေချိန်၌ ဘုရားရှင်သည် မည်သို့ ကူညီခဲ့သည်ကို လှပရှင်းလင်းစွာ တွေ့မြင်ခဲ့ရသော အဖြစ်အပျက်ဖြစ်သည်။ ထိုအဖြစ်အပျက်၏ အဓိက ဇာတ်ကောင်မှာ ဧသတာနှင့် မော်ဒကဲတို့ ဖြစ်ကြသည်။ ဤအဖြစ်အပျက်သည် ဧဇရနှင့် နေဟမိတို့ ပေရသိဘုရင်ကုရု ခွင့်ပြုချက်ကြောင့် ဇေရုဗဗေလဦးဆောင်၍ ဣသရေလလူမျိုးများ ယေရုရှလင်မြို့သို့ ပြန်လည်သွားရောက်ပြီး နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်၌ ပါရှားပြည်ကို အုပ်ချုပ်သူမှာ (ဆိုင်းရပ်) နောက်ဆက်ခံသော ပေရသိဘုရင်ကုရု ဒါရိမင်းသေလွန်၍ အာရွှေရုသားတော် (ဇာဇီ) ဘုရင်ဖြစ်သည်။ အာရွှေရု (ဇာဇီ) ဘုရင်သည် ကမ္ဘာသမိုင်း၌ ဥပဒေ ဓမ္မသတ်များကို များစွာ ရေးသားခဲ့သူအဖြစ် ထင်ရှားသူဖြစ်သည်။ သူ့၌ ကြီးမား၍ အင်အားတောင့်တင်းသော ရေတပ်ရှိခဲ့သည်။ သို့သော် (၄၈၀ ဘီစီ) ဂရိရေတပ်ကို အကြီးအကျယ်ရှုံးနိမ့်ခဲ့ဘူးသည်။ ထိုအာရွှေရှုဘုရင်အကြောင်းကို ဧဇရမှတ်စာ ၄း၆ နှင့် အခြားကျမ်းပိုဒ်များတွင် တွေ့နိုင်သကဲ့သို့ နေဟမိမှတ်စာတွင်လည်း တွေ့နိုင်ပေသည်။

## ၁။ ဧသတာ တိုးတက်ကြီးပွားခြင်း ( ၁ – ၂ )

### က၊ မိဖုရားဝါရှတိ၏ငြင်းဆိုမှု

၁. အန္ဒိယပြည်မှ ကုရု (အီသီယိုးပီးယား) ပြည်တိုင်အောင် တိုင်းပြည် ၁၂၇ ပြည်ကို အုပ်ချုပ်မင်းလုပ်သော အာရွှေရုဘုရင်သည် သူနန်းသက်သုံးနှစ်တွင် သူ့အင်ပါယာအတွင်းရှိ ထောင်နှင့်ချီသော အရာရှိများကို ဖိတ်ကြား၍ ရက်ပေါင်း ၁၈၀ တိုင်တိုင် စားသောက် ပျော်ပွဲရွှင်ပွဲကြီးကို ကျင်းပလေသည်။(၁း၁–၄)

၂. ထိုပွဲ၏ နောက်ဆုံး ရက်သတ္တပတ်တွင် ရှင်ဘုရင်သည် သူနှင့်သောက်ဖေါ်သောက်ဖက် ရင်းနှီးသောမိတ်ဆွေများကို သူ့မိဖုရား ဝါရှတိ၏ ချောသောအလှအပကို ကြွားဝါပြသလို၍ မိဖုရားဝါရှတိကို အစေခံလွှတ်၍ခေါ်စေရာ ဝါရှတိသည် ငြင်းဆန်၍ မလာရောက်သဖြင့် ရှင်ဘုရင်သည် အမျက်ထွက်လေသည်။(၁း၅–၁၂)

၃. ရှင်ဘုရင်သည် ဒေါသအမျက်ထွက်၍ သူ၏မှူးမတ်များနှင့်တိုင်ပင်ကာ မိဖုရားဝါရှတိကို နှင်ထုတ်၍ သူ့၏ တိုင်းပြည်အတွင်း၌လည်း မိန်းမများတို့သည် ထိုကဲ့သို့ပြုလုပ်ပါက အပြစ်ဒါဏ်ခံရမည်ဖြစ်ကြောင်း၊ ခင်ပွန်းသည်ကိုလည်း ရိုသေရမည်ဖြစ်ကြောင်း ဥပဒေအမိန့် ထုတ်ပြန်လေသည်။(၁း၁၃–၂၁)

### ခ၊ ဧသတာ ရွေးချယ်ခံရခြင်း (၂း၁–၂၀)

၁. ရှင်ဘုရင်သည် ဒေါသစိတ်ပြေပျောက်၍ သူထုတ်ခဲ့သောဥပဒေကို နောင်တရမိသော်လည်း (ပေရသိ) ပါရှားဥပဒေအရ ထုတ်ပြီးသားအမိန့်တော်ကို ပြင်ခွင့်မရှိသောကြောင့် အခက်တွေ့နေပေသည်။(၂း၁)

၂. သို့ဖြစ်၍ မိမိတိုင်းပြည်ရှိ အလှပဆုံး အမျိုးသမီးထဲမှ အကြိုက်ဆုံး အမျိုးသမီးတဦးကို မိဖုရားအဖြစ်ခန့်အပ်ရန် စီရင်လေတော့သည်။(၂း၃–၄)

၃. ထိုမိန်းမချောရွေးချယ်ပွဲသို့ "ဧသတာ" ဟုအမည်ရသော ဟဒဿ သည်လည်း တက်ရောက်လေသည်။ ဧသတာသည်ကား ဣသရေလလူမျိုး ဗယာ်မိန်အနွယ်ဝင်ဖြစ်၍ မော်ဒကဲဆိုသူ၏ မွေးစားသမီးဖြစ်သည်။(၂း၅–၈)

၄. ဧသတာသည် မော်ဒကဲ၏အကြံပေးချက်ဖြင့် အစီအစဉ်မှူးဖြစ်သော ဘုရင်၏ နန်းတော်မိန်းမစိုး အပျိုတော်အုပ်ဟေဂဲထံသို့ ပြိုင်ပွဲဝင်ရန်သွားလေသည်။ သို့သော်လည်း မော်ဒကဲမှာထားသည်အတိုင်း မိမိသည် ဣသရေလလူမျိုးဖြစ်ကြောင်းကို ထိုအချိန်၌ လုံးဝမပြောခဲ့ချေ။(၂း၉–၁၁)

၅. ရှင်ဘုရင်သည် ပြိုင်ပွဲဝင် အပျိုတော်အားလုံးကို ၄ နှစ်တာစမ်းသပ်ပြီးလျှင် ဧသတာအား မိမိ၏ မိဖုရား ဝါရှတိအရာ၌ ချီးမြှောက်ခဲ့လေသည်။(၂း၁၂–၁၇)
၆. ရှင်ဘုရင်သည် ဧသတာအတွက် ပျော်ပွဲရွှင်ပွဲကြီးကို ကျင်းပလေသည်။ ဧသတာသည် မိမိ၏ မွေးစားဖခင် မော်ဒကဲ၏စကားကိုလည်း နားထောင်လေသည်။(၂း၁၈–၂၀)

ဂ၊ မော်ဒကဲ၏ အခြေအနေ (၂း၁၉–၂၃)

၁. မော်ဒကဲသည် နန်းတော်စောင့် တံခါးမှူးရာထူးကိုရလေသည်။ ထိုအချိန်တွင် အခြားသောတံခါးစောင့် ၂ ဦးတို့သည် အာရွှေရုဘုရင်ကိုသတ်ရန် ကြံစည်ကြိုးစားကြသည်။(၂း၂၁)
၂. မော်ဒကဲသည်လည်း ဧသတာထံအကြောင်းကြားရာ ဧသတာက ဘုရင်ကိုသတင်းပို့သည်။ ဘုရင်ကလည်း ထိုတံခါးမှူး ၂ ဦးတို့ကိုစစ်ဆေး၍ ဟုတ်မှန်ကြောင်းကိုတွေ့ရှိသဖြင့် ကွပ်မျက်၍ ဘုရင့်နန်းတော်စာရင်းစာ၌ မှတ်သားထားလေသည်။(၂း၂၂–၂၃)

## ၂။ ဟာမန်၏ လိမ်ညာမှုအကြောင်း ( ၃ – ၅ )

က၊ ဆိုးဝါးသောအခြေအနေသို့ ကျရောက်ခြင်း

၁. ဧသတာ မိဖုရားဖြစ်ပြီး မကြာမီအချိန်တွင် အာရွှေရုဘုရင်သည် ဟာမန်ဆိုသူကို တိုင်းပြည်၏ကြီးသောရာထူးဖြစ်သည့် ဝန်ကြီးချုပ်ရာထူးကို ပေးလေသည်။(၃း၁)
၂. ဟာမန်သည် ဥပဒေအရ လူတိုင်း သူ့ကိုရှိခိုးကြသော်လည်း တံခါးမှူးမော်ဒကဲတယောက် သူ့ကို မရှိခိုး၊ ၎င်းသည် ဣသရေလတဦးဖြစ်သည်ကို တနေ့တွင် သိရှိသွားသည်။(၃း၂–၄)
၃. ဟာမန်သည် မော်ဒကဲကိုသာမက ပေရသိ (ပါးရှား) အင်ပါယာရှိ ဣသရေလများအားလုံးကို အငြိုးထား၍ ရှင်ဘုရင်အား အောက်ပါအတိုင်း ကုန်းချောလေတော့သည်။

က– *အခြားတပါးသော လူမျိုးအပေါင်းတို့နှင့် ကျင့်ရာထုံးတမ်းမတူ၊ အရှင်မင်းကြီး စီရင်တော်မူချက်တို့ကို နားမထောင်၊ နိုင်ငံတော်အတွင်း တိုင်းသူပြည်သား အမျိုးမျိုးတို့တွင် အရပ်ရပ်ကွဲပြားလျက်နေသော လူမျိုးတမျိုးရှိပါ၏။ ထိုအမျိုးကို အခွင့်ပေးတော်မူရာ၌ ကျေးဇူးတော်မရှိပါ – (၃း၈)*

ဤအချက်သည် တဖက်သတ် လိမ်လည်ပြောဆိုခြင်းဖြစ်သည်၊

ခ– ဟာမန်က ထိုလူမျိုးတို့ကို သတ်ဖြတ်မည့်သူများထံမှ ရမည့်ငွေ တသိန်းကို ဘုရင်ဘဏ္ဍာထဲသို့သွင်းပေးမည်ဟု အာမခံလေသည်။(၃း၉)
ဂ– ရှင်ဘုရင်ကလည်း ဟာမန်၏သဘောအတိုင်း ခွင့်ပြုမိန့် ထုတ်ပေးလေသည်။ ထိုလူမျိုးမှာ မည်သည့်လူမျိုးဖြစ်သည်၊ မည်သည့်အပြစ်ရှိသည်ကိုမူ သေချာစွာ လေ့လာစုံစမ်းခြင်း မပြုမိခဲ့ပေ။ ဟာမန်အားလည်း ထိုသတ်ဖြတ်မှုမှ ရမည့်ငွေ တသိန်းကို ပေးလေသည်။(၃း၁၀–၁၁)
ဃ– လက်အောက်အရာရှိများကိုလည်း အင်ပါယာအတွင်းရှိ အနယ်နယ် အရပ်ရပ်သို့ အာဒါအမည်ရှိ ဒွါဒသမလ ၁၃ ရက်နေ့ (၂၈ ဖေဖော်ဝါရီ ၄၇၃ ဘီစီ) တွင် ဣသရေလများကို တွေ့ရာသချိုင်းဒါးမဆိုင်း သုတ်သင်၍ ဥစ္စာပစ္စည်းများကိုသိမ်းယူရန် အမိန့်ထုတ်ပြန်လိုက်လေသည်။(၃း၁၂–၁၅)

ခ၊ သတ္တိခဲ အတွင်းလူ (၄ – ၅)

၁. မော်ဒကဲ၏အခြေအနေ (၄း၁–၁၄)

က– ထိုအမိန့်ကို မော်ဒကဲသည်ကြားလျှင် အဝတ်ကိုဆုတ်ခြင်း၊ ပြာကိုလူးခြင်း၊ အစာရှောင်ခြင်း၊ ကိုပြုလုပ်၍ အထူးဝမ်းနည်း ငိုကြွေးကြ၏။ ဣသရေလလူမျိုး အားလုံးသည်လည်း ထိုကဲ့သို့ပြုကြ၏။(၄း၁–၃)
ခ– ဧသတာသည် ထိုအမိန့်ကို မသိရှိသဖြင့် မော်ဒကဲ အဘယ်ကြောင့် ဝမ်းနည်းနေရသည်ကို သိလို၍ မိမိအစေခံအား မော်ဒကဲထံ စေလွှတ်လိုက်သည်။(၄း၄–၆)
ဂ– မော်ဒကဲသည်လည်း ဧသတာထံ အကျိုးအကြောင်းကိုပြန်ကြား၍ ထိုကဲ့သို့ မိမိတို့လူမျိုးများ သုတ်သင်ခံရမည့်ဘေးမှ လွတ်ကင်းရန် ဧသတာကိုယ်တိုင် ဘုရင်ထံဝင်၍ အကျိုးဆောင်ပေးရန် မှာကြားလိုက်သည်။(၄း၇–၉)
ဃ– ဧသတာကလည်း ရှင်ဘုရင်ထံ ယခုရက် သုံးဆယ်အတွင်း မည်သူမျှဝင်ခွင့်မရသော ဥပဒေရှိကြောင်း၊ အကယ်၍ဝင်မိပါက အသက်သေခံရမည်ဖြစ်၍ အခက်တွေ့နေကြောင်းကို မော်ဒကဲထံ အကြောင်းကြားလိုက်လေသည်။(၄း၁၀–၁၂)
င– ဤတွင် မော်ဒကဲ၏ အကြောင်းပြန်ကြားချက်မှာ ကောင်းမွန်၊ ရှင်းလင်း၊ ပြတ်သားလှပေသည်။ “သင်မကယ်ရင်လည်း ဘုရားရှင်ကယ်လိမ့်မည်” (၄း၁၃–၁၄)

၂. ဧသတာ၏လုပ်ဆောင်ချက် (၄း၁၅၊ ၅း၁၄)

က– ဧသတာသည် သူ၏ ဣသရေလလူမျိုးများအား ၃ ရက်တိတိ သူ့လုပ်ဆောင်မှု အောင်မြင်စေရန်အစာရှောင် ဆုတောင်းကြပါ၊ ကျမသည် သေသည်ဖြစ်စေ ရှင်သည်ဖြစ်စေ ရှင်ဘုရင်ထံဝင်တွေ့မည်ဟု မော်ဒကဲအား အကြောင်းပြန်လေ၏။(၄း၁၅–၁၇)

ခ– ၃ ရက်အကြာတွင် ဧသတာသည် ဘုရင်ရှိရာ အဆောင်အနီးသို့ ချဉ်းကပ်၍ တန်တိုင်းအနီး၌ ရပ်ရာ ဘုရင်သည် ဧသတာအား လှိုက်လှဲစွာကြိုဆိုလေသည်။(၅း၁–၃)

ဂ– ဧသတာသည် သူတောင်းလိုသောဆုကို ဘုရင်ထံ မတောင်းသေးဘဲ၊ မိမိတည်ခင်းမည့် စားသောက်ပွဲသို့ ဘုရင်နှင့်ဟာမန်တို့ တက်ရောက်ရန်ကိုသာ ဖိတ်ကြားခဲ့သည်။ ဘုရင်လည်း ထိုဖိတ်ကြားချက်ကို လက်ခံခဲ့သည်။(၅း၄)

ဃ– ဧသတာစီစဉ်သော စားသောက်ပွဲမှအပြန် ဟာမန်ကို တံခါးဝရှိမော်ဒကဲက ဦးညွှတ် အရိုအသေပေးမှု မရှိသဖြင့် ပိုမို၍ အငြိုးထားလေသည်။(၅း၅–၉)

င– ဟာမန်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မယားဇေရက် အခြားမိတ်ဆွေများနှင့် မိမိအိမ်၌ မော်ဒကဲအတွက် ဆွဲကြိုးချသတ်ရန် တိုင်ကိုထူကြသည်။(၅း၁၀–၁၄)

## ၃။ ယုံကြည်ခြင်းအတွက် ဆုလဒ် ( ၆ – ၁၀ )

က၊ ဟာမန် သေဒဏ်စီရင်ခံရခြင်း (၆ – ၈)

၁. ဘုရင့်အိပ်ခန်းမ မြင်ကွင်း (၆)

က– အာရွှေရုဘုရင်သည် ထိုနေ့ညဥ့်၌ အိပ်မပျော်သဖြင့် ဖြစ်ပြီးခဲ့သော နန်းတွင်းအရေး ကိစ္စများကို အစေခံများအားဖတ်ခိုင်း၍ နားဆင်သည်။ – ဘုရားရှင်စီစဉ်ခြင်း – (၆း၁)

ခ– စာဖတ်သူသည် ဖတ်သွားရာမှ တခါက ဘုရင့်အား လုပ်ကြံမည့်အရေးကို မော်ဒကဲက ဖော်ထုတ်တင်ပြသဖြင့် ဘုရင် အသက်ချမ်းသာရခဲ့ကြောင်းကို ဖတ်နေစဉ် ဘုရင်သည် စာဖတ်သူကို ရတ်တရက်ရပ်စေ၍ ထိုမော်ဒကဲကို ဆုပေးပြီးပြီလားဟု မေးမြန်းရာ ဘယ်ဆုမှ မပေးရသေးကြောင်း အစေခံက ပြန်ဖြေ၏။(၆း၂–၃)

ဂ– ထိုအချိန်၌ ဟာမန်သည် ဘုရင့်နန်းတော်တွင်းသို့ဝင်လာ၍ မော်ဒကဲအားသတ်ပစ်ရန် အကွက်ကောင်းချောင်းနေစဉ် ရှင်ဘုရင်က ဟာမန်အားခေါ်၍ (၆း၄–၅)၊ ရှင်ဘုရင် ချီးမြှင့်မြှောက်စားလိုသူ၌ အဘယ်သို့ပြုသင့်သနည်း (၆း၆) ဟု မေးတော်မူ၏။

ဃ– ထိုမေးခွန်းကို ဟာမန်သည် မိမိကို ဘုရင်ကချီးမြှောက်လို၍ မေးသည်ဟု ထင်မြင်ပြီး အောက်ပါအချက်များကို လျှောက်တင်လေသည်။

(၁) ထိုသူကို ရှင်ဘုရင်၏ မင်းမြှောက်တန်ဆာ ဝတ်ဆင်စေရမည်။(၆း၈)

(၂) ရှင်ဘုရင်စီးသောမြင်းကို စီးစေရမည်။(၆း၈)

(၃) ရှင်ဘုရင်၏ ရာဇသရဖူကို ဆောင်းစေရမည်။(၆း၉)

(၄) ဘုရင်ချီးမြှောက်သောသူသည် သူရဲကောင်းဖြစ်သည်ဟု မြင်းဝတ်တန်ဆာ ဝတ်ဆင်သော မြင်းကိုစီးစေ၍ မြို့ထဲသို့လှည့်လည်ပြီး လူအများ၏ ကောင်းကြီးမင်္ဂလာ သြဘာပေးမှုကို ခံယူစေရမည်ဟု လျှောက်ထားလေသည်။(၆း၇–၉)

င– ရှင်ဘုရင်သည် ချက်ခြင်း မော်ဒကဲအား ထိုသို့ချီးမြှောက်ရန် ဟာမန်အား အမိန့်ပေးသဖြင့် ဟာမန်သည် အံ့အားသင့်သွားသော်လည်း ဘုရင့်အမိန့်ကို မလွန်ဆန်ရဲသဖြင့် အမိန့်အတိုင်း ဆောင်ရွက်ရလေသည်။ မကျေမချမ်းဖြစ်နေသော ဟာမန်၏မယားနှင့် မိတ်ဆွေများက – *ကိုယ်တော်ရှုံးစရှိသော မော်ဒကဲသည် ယုဒမျိုးမှန်လျှင် ကိုယ်တော်သည် သူ့ကိုမနိုင်။ သူ့ရှေ့မှာ ဧကန်အမှန် ရှုံးရမည်ဟု ပြန်ပြောကြ၏ – (၆း၁၃)*

စ– ထိုသို့ ပြောနေဆဲမှာပင် ဟာမန်အား ဧသတာ၏ ညှော်ခံပွဲသို့တက်ရန် လာခေါ်သဖြင့် ထလိုက်သွားလေသည်။(၆း၁၄)

၂. ဘုရင့် စားပွဲခန်းမ မြင်ကွင်း (၇)

က– မတရားမှုကို ဖေါ်ထုတ်ခြင်း (၇း၁–၆)

(၁) ဧသတာသည် စားပွဲ စားသောက်နေကြစဉ် မိမိနှင့်မိမိလူမျိုးတို့ကို ဖျက်ဆီးပစ်မည့် ရန်သူတယောက်ရှိကြောင်း ဘုရင်ကိုတိုင်တန်းရာ ဘုရင်က – *အဘယ်သူနည်း၊ အဘယ်မှာရှိသနည်း – (၇း၅)* ဟု မေးတော်မူ၏။

(၂) ဧသတာက ဟာမန်နှင့် သူ့အကြံအစည်ကို ဖေါ်ထုတ်လေတော့သည်။
– *ရန်ဘက်ပြုသောသူသည် ဤဆိုးညစ်သော ဟာမန်ဖြစ်ပါ၏ – (၇း၆)* ဟုလျှောက်လေသည်။

ခ– အောင်ပွဲခံရခြင်း (၇း၇၊ ၈း၁၇)

(၁) အာရှေရှုဘုရင်သည် အလွန်အမျက်ထွက်၍ စကားကိုပင်ဆုံးအောင် နားမထောင်နိုင်တော့ပဲ စားပွဲခန်းမ အပြင်ဥယျာဉ်သို့ ခေတ္တထွက်လေသည်။(၇း၇)

(၂) ဟာမန်သည် ကြောက်ရွံ့တုန်လှုပ်၍ ဘုရင် အပြစ်ဒါဏ်ခတ်မည်ကို စိုးရိမ်သဖြင့် ဧသတာ ခြေရင်း၌ ပြပ်ဝပ်တောင်းပန်သည်။(၇း၇)

(၃) ဘုရင်သည် စားပွဲခန်းမဆောင်သို့ ပြန်ဝင်လာရာ ဧသတာအား ကပ်၍တောင်းပန်နေသော ဟာမန်ကိုမြင်ရာ မိမိမယားအား ဗလက္ကာယပြုသည်ဟု ထင်မှတ်လေတော့သည်။ ထိုစဉ် အခြားသူများက မော်ဒကဲအား ဆွဲကြိုးချရန် ဟာမန်လုပ်ထားသော ကြိုးကွင်းရှိပါသည်ဟု ဘုရင်အားလျှောက်သဖြင့် ဘုရင်သည် ဟာမန်အား ထိုကြိုးကွင်း၌ပင် ဆွဲကြိုးချသတ်ရန် အမိန့်ပေးလေသည်။(၇း၈–၁၀)

(၄) ထိုအဖြစ်အပျက်များပြီးနောက် အာရှေရှုဘုရင်သည် မိဖုရားဧသတာအား ဟာမန်၏အိမ်ကိုပေး၍ မောဒကဲအားလည်း ဟာမန်၏ရာထူးဖြစ်သော ဝန်ကြီးချုပ်ရားထူးကို ပေးလေသည်။(၈း၁–၂)

(၅) တချိန်တည်းမှာပင် ဘုရင်သည် သူခွင့်ပြုခဲ့သော ဟာမန်ထုတ်ပြန်သည့် ဣသရေလများအား သတ်ရန်အမိန့်ကို ပယ်ဖျက်ရန် ကြိုးစားသော်လည်း မေဒီ–ပေရသိ (ပါရှား) ဥပဒေအရ ထုတ်ပြီးအမိန့်ကို ပြန်ရုပ်သိမ်းခွင့် မရှိသဖြင့် အခက်တွေ့နေရသည်။ သို့ဖြစ်၍ ဘုရင်သည် ဣသရေလလူမျိုးများ မိမိကိုယ်ကို ပြန်ကာကွယ်ခွင့် ရှိသည်ဆိုသော အမိန့်ပြန်တမ်းကို ဝန်ကြီးချုပ်မော်ဒကဲမှတဆင့် အင်ပါယာတခုလုံးရှိ ၁၂၇ နယ်တွင်းသို့ ထုတ်ပြန်ခဲ့လေသည်။(၈း၃–၁၄)

ခ၊ ဝမ်းမြောက်ဖွယ် ဥပဒေ (၉ – ၁၀)

၁. ဣသရေလတို့သည် မိမိတို့အား တိုက်ခိုက်လာမည့်ရန်သူကို ကာကွယ်ရန်ပြင်ဆင်ကြသည်။ (၉း၁–၁၉)

၂. မော်ဒကဲနှင့်ဧသတာတို့သည် ဥပဒေထုတ်ပြန်သောနေ့ကို နှစ်စဉ် ဣသရေလအမျိုးသားတို့၏ ပွဲနေ့ (ဘုရားကျေးဇူးတော်ကြောင့် ရသည့်အောင်ပွဲ) ဖြစ်စေခဲ့သည်။

၃. မော်ဒကဲသည် အလွန်သြဇာရှိသော ရားထူးကိုရရှိ၍ မိမိလူမျိုးများသည်လည်း မျက်နှာရလေသည်။ (၁၀)

# <u>ယောဘဝတ္ထု</u>

ယောဘဝတ္ထုသည် အလွန်ရှေးကျသော ကျမ်းဖြစ်သည်ဟု နားလည်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ယောဘဝတ္ထု၌ ဣသရေလနိုင်ငံကိုသော်၎င်း၊ ခါနန်ပြည်ကိုသော်၎င်း၊ မောရှေ၏ ပညတ်တော်များကို၎င်း၊ ပရောဖက်များနှင့် ဘုရားရှင်၏ ဂတိတော်များကို၎င်း၊ ပသခါပွဲ၊ အရေဖျားလှီးခြင်းနှင့် အီဂျစ်ပြည်မှ ထွက်ခွါလာခြင်းကိစ္စများ စသည်တို့ကို ဖော်ပြခဲ့ခြင်းမရှိပေ။ ထိုကြောင့် ယောဘဝတ္ထုသည် အထက်ပါ အဖြစ်အပျက်များ မတိုင်မှီ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု နားလည်နိုင်ပေသည်။

ယောဘသည် ဘုရားရှင်၏အမြင်၌ လူသူတော်ကောင်းတဦး ဖြစ်သည်။ နောဧ၊ ဒံယေလတို့ကဲ့သို့ ဖြစ်၏။ (ယေဇ ၁၄း၁၄၊ ၂၀) ယောဘသည် ဥဇပြည်တွင်နေထိုင်၍ ချမ်းသာကြွယ်ဝပြီး ဖြောင့်မတ်သောသူဖြစ်သည်။

ယောဘဝတ္ထုသည် ဖြောင့်မတ်သောသူ ခံစားကြုံတွေ့ရသော ပြဿနာများကို ဖော်ပြသောကျမ်းဖြစ်သည်။ ဤကျမ်း၌ ယောဘ၏ ဘုရားရှင်ထံမေးခဲ့သော မေးခွန်းဖြစ်သည်။ "ဖြောင့်မတ်သောသူသည် အဘယ်ကြောင့် ပြဿနာ များရသနည်း" ဟု ဖော်ပြခဲ့သည်။ ထိုပြဿနာများမှာ လူသားတိုင်း ကြုံတွေ့ရသောပြဿနာများဖြစ်သည်။ (၁း၈) ယောဘဝတ္ထု အဖြစ်အပျက်ကာလသည် ၁ နှစ် ကြာမြင့်လေသည်။

## ၁။ ယောဘ၏ ဒုက္ခများ

က၊ ယောဘ၏ အတိဒုက္ခများ (၁ – ၂)

၁. အတိဒုက္ခရောက်ရပုံ

က– ပထမဒုက္ခ။ ။သူ၏နွားများ၊ မြည်းများကို ရှေဘလူမျိုးများ လာရောက်တိုက်ယူ၍ သူ့အစောင့်များကိုသတ်သွားကြသည်။(၁း၁၄–၁၅)

ခ– ဒုတိယဒုက္ခ။ ။သူ့သိုးများနှင့် လူစောင့်များတို့သည် ကောင်းကင်မှ မီးကျ၍ လောင်မြိုက်ကုန်သည်။(၁း၁၆) (ဘုရားရှင်ထံမှမဟုတ် စာတန်ထံမှ)

ဂ– တတိယဒုက္ခ။ ။ခါလဒဲလူတို့သည် သူ့ကုလားအုပ်များကို တိုက်ယူ၍ လူစောင့်တို့ကိုသတ်သွားခဲ့သည်။(၁း၁၇)

ဃ– စတုတ္ထဒုက္ခ။ ။လေပြင်းမုန်းတိုင်းတိုက်၍ အိမ်ပြိုသဖြင့် သူ၏သားသမီးများတို့ ပိသေကုန်ကြသည်။(၁း၁၈–၁၉)

င– ပဥ္စမဒုက္ခ။ ။ယောဘကိုယ်တိုင် အနာစိမ်းများပေါက်၍ အတိဒုက္ခရောက်ရသည်။(၂း၇)

၂. ဒုက္ခများဖြစ်ရသည့် အကြောင်းရင်း။ ။ဤ ယောဘဒုက္ခရောက်ရခြင်းမှာ ကောင်းကင်ဘုံ၌ ဘုရားရှင်နှင့်စာတန်တို့ ပြောဆိုကြမှုနှင့် သက်ဆိုင်ပေသည်။ စာတန်သည် မကောင်းသောစိတ်ဓါတ်ဖြင့် "ယောဘ ဘုရားရှင်ကို ကိုးကွယ်နေရခြင်းမှာ အောက်ပါ သူ့လက်ရှိဘဝ ချမ်းသာကြွယ်ဝသောကြောင့်ဖြစ်သည်" ဟု ဘုရားရှင်အားပြော၏။

က– ဘုရားရှင်သည် သူ့ကျွန်ယောဘကို ကြွယ်ဝချမ်းသာခွင့် ပေးသောကြောင့်ဖြစ်သည်။ (၁း၉–၁၁)

ခ– ဘုရားရှင်သည် သူ့ကျွန်ယောဘကို ကျန်းမာသန်စွမ်းခွင့် ပေးသောကြောင့်ဖြစ်သည်။ (၂း၄–၅)

စာတန်က ဘုရားရှင်သည် ထိုကျေးဇူး ၂ ခုကို ယောဘအားမပေးဘဲ ပြန်ရုပ်သိမ်းပါက ယောဘသည် ဘုရားရှင်ကို ကျိန်ဆဲလိမ့်မည်ဟု ဆို၏။ ဘုရားရှင်သည် စာတန်၏ပါးစပ်ကို ပိတ်ရရန် စာတန်အား ယောဘထံမှ ချမ်းသာကြွယ်ဝခြင်းနှင့် ကျန်းမာရေး ကောင်းမွန်နေခွင့်ကို ရုတ်သိမ်းခွင့်ပေးလေသည်။ အသက်ကိုမူ သတ်ပိုင်ခွင့်မရှိ။ ဤနေရာတွင် နားလည်ရမည်မှာ ယုံကြည်သူကို ဘုရားရှင်ထံမှ ခွင့်ပြုချက်မရဘဲ စာတန်နှောက်ယှက်နိုင်ခွင့် မရှိသည့်အချက်ဖြစ်သည်။(၂း၆)

၃. ဒုက္ခများကြားမှ ယုံကြည်မှု ခိုင်မြဲနေခြင်း

– *ထိုအခါ ယောဘသည် ထ၍ မိမိဝတ်လုံကို ဆုတ်လေ၏။ ဆံပင်ကိုလည်းရိတ်၍ မြေပေါ်မှာဝပ်လျက် ကိုးကွယ်ပြီးလျှင်၊ ငါသည် အဝတ်မပါဘဲ အမိဝမ်းထဲကထွက်လာ၏။ အဝတ်မပါဘဲ အမိဝမ်းထဲသို့ပြန်သွားတော့မည်။ ထာဝရဘုရား ပေးတော်မူ၏။ ထာဝရဘုရားလည်း ရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်းဟု ဆိုလေ၏။ ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း မမှားယွင်း။ ထာဝရဘုရားကိုလည်း အပြစ်မတင်ဘဲနေ၏ – (၁း၂၀–၂၂)*

ခ၊ သူ၏ ယူကြုံးမရဖြစ်နေသော မယား (၁၂း၉–၁၀)

– *ထိုအခါမယားက သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကိုစွန့်ပယ်၍ သေလော့ဟုဆို၏။ ယောဘကလည်း မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍ ဒုက္ခဆင်းရဲကို မခံမယူရာသလောဟု ဆို၏။ ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း နှုတ်ဖြင့်မျှမမှားယွင်း –*

ဂ၊ သူ၏ မတည်ငြိမ်သော မိတ်ဆွေများ (၄–၃၇)၊ ထိုအချိန်၌ ယောဘမိတ်ဆွေများသည် လာရောက်၍ ယောဘအတွက် ဂရုဏာသက်ကြ၏။ ယောဘကို အမျိုးမျိုး ပြောဆိုဆွေးနွေး ဆုံးမဝေဖန်ကြသည်။ ယောဘ၏မိတ်ဆွေ ၃ ဦးသည် ခြားနားသော အကြောင်းအရာ ၈ မျိုးဖြင့် ယောဘကိုပြောဆိုကြသည်။ ဧလိဖတ်မှ ၃ မျိုး၊ ဗိလဒဒ်မှ ၃ မျိုး၊ ဇောဖါမှ ၂ မျိုးဖြစ်ကြသည်။ ထိုရှည်လျားသော ပြောဆိုချက်များကို မိတ်ဆွေ ၃ ယောက်ကပြောကြားပြီး နောက်ဆုံးတွင် ငယ်ရွယ်သူ ဧလိဟုဆိုသူက ၆ ခန်းပြောဆိုခဲ့သည်။

၁. ဧလိဖတ်၏ပြောဆိုချက် (၄၊ ၅၊ ၁၅၊ ၂၂)

က– ဧလိဖတ်က ယောဘဒုက္ခရောက်ရခြင်းမှာ ယောဘ၏အပြစ်များကြောင့်ဟု ဆိုသည်။

– *အပြစ်နှင့်ကင်းလွတ်လျက်ပင် ပျက်စီးခြင်းသို့ အဘယ်သူရောက်သနည်း။ ဖြောင့်မတ်သောသူသည် အဘယ်အရပ်၌ ဆုံးသနည်းဟု ဆင်ခြင်ပါလော့။ ငါသိမြင်သည်အတိုင်း မတရားသောလယ်ထွန်ခြင်းကိုပြုသောသူနှင့် အဓမ္မမျိုးစေ့ကို ကြဲသောသူတို့သည် ထိုသို့နှင့်အညီ စပါးရိတ်တတ်ကြ၏ – (၄း၇–၈)*

– *ငါသည် သင့်ကိုအပြစ်မတင်၊ သင့်နှုတ်သည် သင့်ကို အပြစ်တင်၏။ သင့်နှုတ်ခမ်းတို့သည် သင့်တ*

*ဘက်၌ သက်သေခံ၏ – (၁၅း၆)*

ဧလိဖတ်က ယောဘအား အောက်ပါအချက်များကို ကျူးလွန်ခဲ့သည်ဟု ဆိုသည်။

၁. ဆင်းရဲသားတို့ကို အနိုင်ကျင့်သည်။(၂၂း၆)

၂. ဆာလောင်ငတ်မွတ်နေသူကို မုန့်မပေးဘဲ ချုပ်တည်းထားသည်။(၂၂း၇)

၃. မုဆိုးမနှင့် မိဘမဲ့တို့ကို မတရားစွာ ပြုမူခဲ့သည်။(၂၂း၉)

၄. ပညာရှိဟန်နှင့် အချည်းနှီးသောစကားကို ပြောခဲ့သည်။(၁၅း၂)

ခ– ဧလိဖတ် ယောဘကိုပြောဆိုမှုမှာ မိမိအတွေ့အကြုံပေါ်တွင် အခြေခံခြင်းသာဖြစ်သည်။ (၄း၈၊ ၁၂–၁၆၊ ၅း၃၊ ၂၇၊ ၁၅း၁၇)
(လုပ်သည့်အတိုင်းရမည်ဟု ပြောခြင်းမှာ မှားယွင်းပေသည်။ တဦးနှင့်တဦး ဘုရားရှင်ပေးထားသော ဘဝအခြေအနေမှာ မတူချေ)

ဂ– ဧလိဖတ်သည် တခါက မိမိမြင်ခဲ့ရသော ညဝိညာဉ် ရူပါရုံအကြောင်းကိုလည်း ပြောပြသည်။ (၄း၁၂–၁၇) (ဘုရားရှင်ထံမှလာခြင်းမဟုတ်)

ဃ– ဧလိဖတ်က နောက်ဆုံး ယောဘအား အပြစ်များကိုနောင်တရ၍ ဘုရားရှင်ထံ ပြန်ချဉ်းကပ်ရန်ပြောခဲ့သေးသည်။(၂၂း၂၁–၂၈)

*– အနန္တတန်ခိုးရှင်ထံတော်သို့ ပြန်လာလျှင် တည်ဆောက်ခြင်းရှိလိမ့်မည် – (၂၂း၂၃)*

၂. ဗိလဒဒ်၏ပြောဆိုချက် (၈၊ ၁၈၊ ၂၅)

က– ဗိလဒဒ်ကလည်း ယောဘသည် သူ့အပြစ်ကြောင့် သူဒုက္ခရောက်ရသည်ဟု ဆိုသည်။

*– စုံလင်သောသူကိုကား ဘုရားသခင် စွန့်ပစ်တော်မမူ။ မတရားသဖြင့်ပြုသော သူတို့ကိုကား မစတော်မမူ – (၈း၂၀)*

ခ– ဗိလဒဒ်က သူ၏ မိရိုးဖလာ ရှေးလူကြီးများ၏ သွန်သင်ချက် နည်းအစဉ်အလာများကို အခြေခံ၍ တင်ပြပြောဆိုသည်။

*– လွန်လေပြီးသောကာလကို စစ်၍ ရှေးဘိုးဘေးတို့ကို မေးမြန်းခြင်းငှါ အားထုတ်ပါတော့။ ငါတို့သည် မနေ့၏သားဖြစ်လျှင် အလျှင်းမသိရပါ။ မြေကြီးပေါ်မှာ ငါတို့နေရသော နေ့ရက်ကာလသည် အရိပ်သက်သက်ဖြစ်၏။ ထိုသူတို့မူကား သင့်ကို ဆုံးမသွန်သင်၍ မိမိတို့စိတ်နှလုံးထဲက မြွက်ဆိုကြလိမ့်မည် – (၈း၈–၁၀)*

ဂ– ဗိလဒဒ်သည် ယောဘ အပြစ်ကိုဝန်ချ၍ ဘုရားရှင်ထံပြန်ရန် ပြောခဲ့သည်။

*– သန့်ရှင်းဖြောင့်မတ်သော သဘောနှင့် ဘုရားသခင်ကိုရှာ၍ အနန္တတန်ခိုးရှင်အား တောင်းပန်လျှင် စင်စစ် သင့်အတွက် ကိုယ်တော်သည် ထပြီးလျှင် သင်၏ ဖြောင့်မတ်သောနေရာကို ကောင်းစားစေတော်မူသဖြင့် သင်သည် အစအဦး၌ ငယ်သော်လည်း နောက်ဆုံး၌ အလွန်ကြီးပွါးလိမ့်မည် – (၈း၅–၆)*

၃. ဇောဖါ၏ပြောဆိုချက် (၁၁း၄–၅)

က– ဇောဖါက ယောဘသည် သူ့အပြစ်ကြောင့် သူဒုက္ခရောက်ရသည်ဟု ဆိုသည်။

*– သင်က ငါ့စကားဖြောင့်၏။ ဘုရားသခင့်ရှေ့တော်၌ ငါသန့်ရှင်း၏ဟု ဆိုမိပြီ။ ဘုရားသခင် မိန့်တော်မူပါစေ။ သင့်တဘက်၌ နှုတ်တော်ကို ဖွင့်တော်မူပါစေ။ နက်နဲသောပညာ အရာတည်းဟူသော သင်နားလည်နိုင်သည်ထက် နှစ်ဆသာသောအရာတို့ကို သင့်အား ပြတော်မူပါစေ။ ထိုသို့ပြတော်မူလျှင် သင်သည် အပြစ်ခံထိုက်သည်အတိုင်း အပြစ်ပေးတော်မမူကြောင်းကို သိရလိမ့်မည် – ( ၁၁း၄–၆ )*

*– ရှေးဦးစွာသောကာလ လူကို မြေကြီးပေါ်မှာ နေရာချစ ကာလမှစ၍ ဆိုးသောသူသည် ကြာမြင့်စွာကာလ မဝါကြွားရကြောင်းကိုငှင်း၊ အဓမ္မလူသည် ခဏသာ ဝမ်းမြောက်ကြောင်းကိုငှင်း၊ မသိသလော – (၂၀း၄–၅)*

ခ– ဇောဖါ၏ပြောဆိုမှုမှာ မိမိ၏ဘာသာရေးယုံကြည်မှု သန့်ရှင်းရမည်ဆိုသော မူပေါ်တွင် အခြေခံ၍ ပြောဆိုခြင်း ဖြစ်သည်။(၁၁း၆၊ ၂၀း၄)

ဂ– သူကလည်း ယောဘအား အပြစ်ကိုဝန်ချပြီး ဘုရားရှင်ထံ ပြန်ချဉ်းကပ်ရန် ပြောခဲ့သည်။

*– သင်သည် စိတ်နှလုံးကိုပြင်ဆင်၍ လက်တို့ကို ဘုရားသခင်ထံတော်သို့ ဆန့်လျှင်ငှင်း၊ သင်ပြုသောဒုစရိုက်ကိုပယ်၍ သင့်အိမ်၌ ဆိုးညစ်သောအမှုကို လက်မခံလျှင်ငှင်း၊ အညစ်အကြေးနှင့် ကင်းလွတ်သောမျက်နှာကို ပြရလိမ့်မည်။ စိုးရိမ်စရာအကြောင်းမရှိ၊ တည်ကြည်လိမ့်မည် – (၁၁း၁၃–၁၅)*

၄. ဧလိဟု၏ပြောဆိုချက် (၃၂ – ၃၇)

က– ဧလိဟုသည် အသက်ငယ်ရွယ်သောကြောင့် ယောဘတို့ အချီအချပြောနေသော စကားများကို

ဝင်မစွက်ဘဲ အတန်ကြာစောင့်နေခဲ့သည်။(၃၂း၄–၇)

ခ– သို့သော် နောက်ဆုံးတွင် ဧလိဟုက မိမိသည် ယောဘကိုသတိပေးရန် လုံလောက်သောတင်ပြချက်ရှိပြီဟု ကိုယ့်ကိုကိုယ် ထင်မြင်သည့်အပြင် ယောဘရှာဖွေနေသူမှာ မိမိကိုယ်တိုင်ဖြစ်ကြောင်း စသည်ဖြင့် ယောဘအား ဝင်ရောက်ပြောဆိုလေသည်။

– *ဘုရားသခင်ရှေ့မှာ ငါသည် သင်နှင့်တူ၏။ ငါသည်လည်း မြေမှုန့်ဖြင့် ဖန်ဆင်းတော်မူရာဖြစ်၏ – (၃၃း၆)*

ဂ– ဧလိဟုသည် ယောဘနှင့်မိတ်ဆွေ ၃ ဦး၊ ပေါင်း ၄ ဦးစလုံးကို အမျက်ထွက်လေသည်။ ယောဘက မိမိသည် အပြစ်မရှိ၊ ဖြောင့်မတ်သူဟု ကိုယ့်ကိုကိုယ်ဆိုသောကြောင့်၎င်း၊ အခြား ၃ ဦးကိုလည်း အမျက်ထွက်လေသည်။ အဘယ်ကြောင့်ဆိုသော် ထို ၃ ဦးသည် ယောဘကို ဆုံးမကြသော်လည်း ယောဘကြုံတွေ့နေရသော ပြဿနာသည် အဘယ်ကြောင့်ဖြစ်သည်ကို မပြောနိုင်ကြ၊ ယောဘဒုက္ခကို အနိုင်မပြောနိုင်ကြ။(၃၃း၂–၃)

ဃ– ဧလိဟုက ယောဘပြောစကားများသည် အဓိပ္ပါယ်မသိ ညံ့ဖျင်း ပညာမဲ့သော စကားများသာဖြစ်သည်ဟုဆိုသည် (၃၄း၃၅–၃၇၊ ၃၆း၁၆)။ ယောဘ၏ တလွဲဖြောင့်မတ်မှုကိုလည်း အပြစ်တင်သေးသည်။

င– ဧလိဟုက ယောဘကို ဘုရားရှင်၏ဘုန်းတော်နှင့် အံ့ဖွယ်အမှုတို့ကို စဉ်းစားဆင်ခြင်ရန် တိုက်တွန်းခဲ့သည်။(၃၇း၁၄–၂၄)

ဃ၊ ယောဘ၏ ချေပထုချေ ပြောဆိုချက်နှင့် အခြားပြောဆိုချက်များ

ယောဘ၏ ပြောဆိုချက်များကို အပိုင်း ၉ ပိုင်းခွဲခြား၍ လေ့လာနိုင်သည်။ ပထမအခန်းကြီး (၃)၊ ဒုတိယ (၆–၇)၊ တတိယ (၉–၁၀)၊ စတုတ္ထ (၁၂၊ ၁၃၊ ၁၄)၊ ပဥ္စမ (၁၆–၁၇)၊ ဆဋ္ဌမ (၁၉)၊ သတ္တမ (၂၁) အဋ္ဌမ (၂၃–၂၄)၊ နဝမ (၂၆–၃၁) ထိုအပိုင်း ၉ ပိုင်း၌ ယောဘသည် အချက် ၁၄ ချက်ကို ဦးတည်ပြောပြောကြားခဲ့သည်။

၁. ငါသည် ဖြောင့်မတ်သောသူဖြစ်၏။ ထို့ကြောင့် ငါယခု ကြုံတွေ့နေရသော ဒုက္ခများသည် ငါ့အပြစ်ကြောင့် ဖြစ်ရသည်မဟုတ်။(၂၇း၆၊ ၃၁း၁–၃၀)

– *ငါသည် တရားသောအကျင့်ကို လက်မလွှတ်၊ စွဲကိုင်လျက်နေမည်။ အသက်ရှင်သမျှ ကာလပတ်လုံး ကိုယ်စိတ်နှလုံးသည် ကိုယ်ကို အပြစ်မတင်ရ – (၂၇း၆)*

၂. အတိတ်ကာလက ငါသည် ကောင်းမှုကုသိုလ် များစွာပြုခဲ့သည်။(၂၉း၁၂–၁၇၊ ၃၀း၂၅)

၃. ထိုအတိတ်ကာလက ငါသည် စိတ်နှလုံး ရွှင်လန်းဝမ်းမြောက်ခြင်း၊ ကောင်းစားချမ်းသာ ကြွယ်ဝခြင်း စသည်တို့ဖြင့် ပြည့်စုံခဲ့သည်။(၂၉း၁–၁၁၊ ၂၀–၂၅)

၄. သို့သော် ယခုအခါ ငါသည် အကြောင်းမဲ့ ဘုရားရှင်၏ ဒါဏ်ခတ်ခြင်းကို ခံရသည်။(၉း၁၆–၁၇၊ ၃၀–၃၃၊ ၁၃း၂၆–၂၇၊ ၁၀း၂၊ ၇–၈၊ ၁၉း၆–၁၁၊ ၃၀း၂၀–၂၁)

၅. အမည်ခံသူငယ်ချင်း ၃ ယောက်၏ လာရောက်ပြောဆိုမှုသည်လည်း အရာမထင်သည့်ပြင် စိတ်ဒုက္ခကို ပို၍ပင်ရောက်စေသည်။(၁၂း၂၊ ၁၃း၄၊ ၁၆း၂၊ ၁၉း၃)

၆. အကယ်၍ ထိုသူငယ်ချင်း ၃ ယောက်တို့သည် ငါကဲ့သို့ဖြစ်လျှင် ငါသည် သူတို့ကို အကူအညီကောင်းစွာပေးမည်။ စိတ်ညစ်စရာမပြော၊ နှစ်သိမ့်စရာကိုသာပြောမည်။(၁၆း၄–၅)

၇. ငါ၏မိတ်ဆွေများ၊ အိမ်နီးချင်းများ၊ ကျွန်များ၊ အသိအကျွမ်းများ စသည်တို့ပင်လျှင် ငါ့ကို မရှိမသေ ဆန့်ကျင်ဘက်ပြုကြသည်။(၁၉း၁၃–၂၂၊ ၃၀း၁၊ ၉–၁၀)

၈. ဖြစ်ပျက်သမျှ အရာအားလုံး၏ အဖြေကို ငါသိလိုလှသည်။(၂၈း၁၂–၂၈)

၉. ဘုရားရှင်ကို ငါတွေ့လိုလှသည်။(၂၃း၈–၉)

၁၀. ငါ့အသားသည် ပိုးကောင် လောက်ကောင်များဖြင့် ဖုံးလွှမ်းပြည့်လျက်ရှိသည်။(၇း၅၊ ၃၀း၁၇–၁၈၊ ၃၀)

၁၁. ငါသည် မွေးဖွား၍ လူဖြစ်လာသူ မဟုတ်ဟု ယူဆရမလို ဖြစ်သည်။(၃း၃–၁၁၊ ၁၆၊ ၁၀း၁၈)

၁၂. ငါသည် သေလိုလှ၏။(၆း၈၊ ၉၊ ၇း၁၅–၁၆)

၁၃. ငါ့၌ ဘာမျှော်လင့်စရာမှ မရှိတော့။(၁၀း၂၀–၂၂)

၁၄. ဤသို့ အတိဒုက္ခ ရောက်သော်ငြားလည်း ငါသည် ဘုရားရှင်ကို ဆက်အားကိုးမည်။(၁၃း၁၅၊ ၁၆း၁၉၊ ၂၃း၁၀)

င၊ ဘုရားရှင်ဘုန်းတော် ထင်ရှားပြခြင်း (၃၈ – ၄၁)၊ မကြာမီမှာပင် ဘုရားရှင်၏အသံတော်သည် မိုးသက်မုန်တိုင်းထဲက ထွက်ပေါ်လာ၍ ယောဘအား မေးခွန်း ၆၀ ကို မေးတော်မူသည်။

အောက်ပါအချက်များသည် ဘုရားရှင်က ယောဘအား မေးမြန်းခဲ့သည့် ပထမမေးခွန်းများ အတွဲမှ ဖော်ပြချက်များဖြစ်သည်။

၁. – *မြေကြီးအမြစ်ကို ငါတည်သောအခါ သင်သည် အဘယ်မှာရှိသနည်း။ နားလည်လျှင် ဖော်ပြလော့ – (၃၈း၄)*
၂. – *မြေကြီးမျက်နှာတပြင်လုံးကို ကြည့်ရှုဘူးသလော။ အလုံးစုံကို သိမြင်လျှင် ဘော်ပြလော့ – (၃၈း၁၈)*
၃. – *အလင်းနေရာသို့ အဘယ်မည်သောလမ်းဖြင့် ရောက်ရသနည်း။ မှောင်မိုက်နေရာလည်း အဘယ်မှာရှိသနည်း – (၃၈း၁၉)*
၄. – *အလင်းသည် အဘယ်သို့သောလမ်းဖြင့် နံ့ပြားသနည်း။ အရှေ့လေသည် မြေကြီးပေါ်မှာ အဘယ်ကြောင့် လွင့်သနည်း – (၃၈း၂၄)*
၅. – *မိုဃ်းရေ၏အဘကား အဘယ်သူနည်း။ နှင်းပေါက်တို့ကို အဘယ်သူ ဖြစ်ပွါးစေသနည်း – (၃၈း၂၈)*
၆. – *အနန္တတန်ခိုးရှင်ကို ဆုံးမသောသူသည် ဆန့်ကျင်ဘက် ပြုဦးမည်လော။ ဘုရားသခင်ကို အပြစ်တင်သောသူသည် ပြန်ပြောစေတော့ – (၄၀း၁–၂)*

**ယောဘပြန်ဖြေပုံ** – *ယောဘက အကျွန်ုပ်သည် ဆိုးယုတ်ပါ၏။ ကိုယ်တော်အား အဘယ်သို့ ပြန်လျှောက်ရပါမည်နည်း။ အကျွန်ုပ်သည် ကိုယ့်နှုတ်ကို ကိုယ့်လက်နှင့်ပိတ်ပါမည်။ တကြိမ်ပြောမိပါပြီ။ တဖန်မပြောဝံ့ပါ။ နှစ်ကြိမ်တိုင်အောင်ပြောမိပါပြီ။ သို့ရာတွင် ထပ်၍မပြောဝံ့ပါဟု ထာဝရဘုရားအား ပြန်၍လျှောက်လေ၏ – (၄၀း၃–၅)*

***ဘုရားရှင်၏ ဒုတိယမေးခွန်း အတွဲ (၄၀း၆–၈၊ ၄၁း၃၄)***

၇. – *သင်နှင့်အတူ ငါဖန်ဆင်းသော ဗေဟ မုတ်ခြင်းကို ကြည့်ရှုလော့။ နွားကဲ့သို့ မြက်ကိုစားတတ်၏ – (၄၀း၁၅)*
၈. – *လဝိသန်ကို ငါးများနှင့်ဆွဲယူ၍၊ သူ၏လျှာကို ကြိုးနှင့် နှိပ်နင်းမည်လော – (၄၁း၁)*

**(မှတ်ချက်။ ။ထိုသတ္တဝါ ၂ မျိုးမှာ ထိုခေတ်အခါကရှိခဲ့ဘူးသော ဒိုင်နိုဆောကဲ့သို့ သတ္တဝါများကို ဆိုလိုခြင်းဖြစ်သည်)**

**ယောဘ၏ပြန်ဖြေပုံ** – *ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူကြောင်းကိုင်း၊ အကြံအစည်တော်ကို အဘယ်သူမျှ မဆီးတားနိုင်ကြောင်းကိုင်း၊ အကျွန်ုပ်သိပါ၏။ ပညာမရှိဘဲ အကြံအစည်တော်ကို မိုက်စေသောသူကား အဘယ်သူနည်း။ သို့ရာတွင် အကျွန်ုပ်သည် နားမလည်သောအရာတို့ကိုင်း၊ ကိုယ်တိုင်မသိ၊ အံ့သြ၍မကုန်နိုင်သော အရာတို့ကိုင်း ပြောမိပါပြီ။ နားထောင်တော်မူပါ။ အကျွန်ုပ်လျှောက်ပါမည်။ အကျွန်ုပ်မေးလျှောက်သော အရာတို့ကို သွန်သင်တော်မူပါ။ သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့်ကြားဘူးပါပြီ။ ယခုမူကား ကိုယ်တော်ကို မျက်စိနှင့် မြင်ရပါ၏ – (၄၂း၂–၅)*

## ၂။ ယောဘ ကြွယ်ဝသောဆု ကောင်းကြီးမင်္ဂလာများ ခံစားရရှိခြင်း ( ၄၂း၇–၁၇ )

အထက်က ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း ယောဘသည် ဒုက္ခကြီး ၅ မျိုးကိုခံခဲ့ရသည်။ ထို့ပြင် ထိုကိစ္စနှင့်ပါတ်သက်၍ စကားအချီအချ ၅ ကြိမ် ငြင်းခုံခဲ့သည်။ သို့သော် ယခုအခါ သူသည် ဘုရားရှင်ထံမှ ကြွယ်ဝသော ကောင်းကြီးမင်္ဂလာ ၁၀ မျိုးကို ခံစားရရှိလေသည်။ ၄င်းတို့မှာ –

က၊ ယောဘသည် ဘုရားရှင်၏ဘုန်းတော်ကို ဖူးမြင်ခွင့်ရခဲ့သည်။(၄၂း၅)
ခ၊ ယောဘသည် ယခုအခါ မိမိကိုယ်ကို မိမိမြင်သည့်အမြင်မှ မကြည့်ဘဲ ဘုရားရှင်မြင်သည့် အမြင်ဘက်မှ ကြည့်မြင်တတ်ပြီ။(၄၂း၆)
ဂ၊ ဘုရားရှင်က ယောဘသည် ဖြောင့်မတ်သောသူဖြစ်ကြောင်း ယောဘအားအပြစ်တင်သူ သူငယ်ချင်း ၃ ဦးရှေ့၌ ဖြစ်စေသည်။(၄၂း၇)
ဃ၊ ယောဘသည် ရှင်လန်းဝမ်းမြောက်စွာဖြင့် ထိုမိတ်ဆွေ ၃ ဦးအတွက် ဆုတောင်းပေးရလေသည်။ (၄၂း၈)
င၊ ယောဘခံစားခဲ့ရသော ရောဂါဝေဒနာများလည်း ပျောက်ကင်းကုန်၍ သူသည် အထူးကျန်းမာသူ ဖြစ်လာခဲ့သည်။(၄၂း၉–၁၀)
စ၊ ယောဘသည် သူ၏ ညီအကိုမောင်နှမများ၊ မိတ်ဆွေများတို့၏ အရေးယူဆက်ဆံမှုကို ခံစားရရှိလေသည်။(၄၁း၁၁)
ဆ၊ ယောဘသည် ယခင်အခါ ချမ်းသာကြွယ်ဝမှုထက် ၂ ဆပို၍ ချမ်းသာကြွယ်ဝလေသည်။(၄၂း၁၀၊ ၄၂း၁၂–၁၅)
ဇ၊ ယောဘသည် သား ၇ ယောက်နှင့်သမီး ၃ ယောက်ကို ထပ်မံရရှိပြန်သည်။(၄၂း၃)
ဈ၊ ယောဘသည် သားသမီး မြေးမြစ်တို့နှင့်အတူ ရှင်လန်းစွာ အသက်ရှင်ခွင့်ရသည်။(၄၂း၁၆–၁၇)

ည၊ သူသည် အနှစ် ၁၄၀ ခန့် အသက်ရှည်ခွင့်ရသဖြင့် သာမန်လူတို့ထက် ၂ ဆ အသက်ရှည်သူ ဖြစ်လာရသည်။(၄၂း၁၆)

## ၃။ ယောဘဝတ္ထုမှ မှတ်သားဖွယ်စကားများ

က၊ – *ပညာရှိတို့ကို သူတို့၏ပရိယာယ်အားဖြင့် ဖမ်းဆီးတော်မူ၏။ လှည့်စားတတ်သူတို့၏ တိုင်ပင်ခြင်းကို အချည်းနှီး ဖြစ်စေတော်မူ၏ – (၅း၁၃)*၊ **(၁ကော ၃း၁၉) ၌ ရှင်ပေါလု ပြောခဲ့ဘူးသည်။**

ခ၊ – *အပြစ်နှင့်အလျောက် ဘုရားသခင် စစ်ဆေးတော်မူခြင်းကို ခံရသောသူသည် မင်္ဂလာရှိ၏။ ထို့ကြောင့် အနန္တတန်ခိုးရှင် ဆုံးမတော်မူခြင်းကို မထီမဲ့မြင် မပြုပါနှင့် – (၅း၁၇)* **(ဟေဗြဲ ၁၂း၅–၆)**

ဂ၊ – *ငါတို့နှစ်ဦးကို ဆီးတားပိုင်သော စပ်ကြားနေအမှုစောင့် မရှိ – (၉း၃၃)*၊ **ဤစကားသည် ကြားအာမခံလူကို ဆိုလိုသည်။ ဓမ္မသစ်ကာလရောက်သောအခါ ထိုစကားသည် ပြောင်းလဲခဲ့ပြီ။(၁တိ ၂း၅)**

ဃ၊ – *လူသည် မိန်းမဘွားသောသူဖြစ်သဖြင့် အသက်တို၍ ဒုက္ခနှင့်ပြည့်စုံပါ၏။ ပန်းပွင့်ကဲ့သို့ပွင့်၍ ရိတ်ဖြတ်ခြင်းကို ခံရပါ၏။ မတည်မရပ်ဘဲ အရိပ်ကဲ့သို့ ရွေ့သွားတတ်ပါ၏ – (၁၄း၁–၂)*

င၊ – *သူတပါးတို့သည် ငါ့ကို ပါးစပ်ဟကြ၏။ အရှက်ခွဲ၍ ပါးကိုပုတ်ကြ၏။ ငါ့တဘက်က တညီတညွတ်တည်း စုဝေးကြ၏။ ဘုရားသခင်သည် ငါ့ကို မတရားသောသူတို့တွင် ချုပ်ထားတော်မူပြီ။ လူဆိုးတို့၏လက်သို့ အပ်တော်မူပြီ – (၁၆း၁၀–၁၁)*၊ **ထိုစကားသည် (ဆာ ၂၂း၁၃၊ ၃၅း၂၁) ၌လည်း ပြန်ပါလာပြန်သည်။ (ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်)**

စ၊ – *ဤအမှု၌ ငါ့သက်သေသည် ကောင်းကင်ပေါ်မှာရှိ၏။ ငါ့သဘောကိုသိသောသူသည် မြင့်သောအရပ်၌ရှိ၏ – (၁၆း၁၉–၂၀ က)*

ဆ၊ – *သို့သော်လည်း ငါသွားသောလမ်းကို သိတော်မူ၏။ စစ်တော်မူခြင်းကိုခံပြီးမှ ရွှေကဲ့သို့ ငါပေါ်လိမ့်မည် – (၂၃း၁၀)*

ဇ၊ – *မိုးကောင်းကင်ကို လွတ်လပ်လဟာ၌ ကြက်တော်မူ၏။ မြေကြီးကို အခုအခံမရှိ ဆွဲထားတော်မူ၏ – (၂၆း၇)*

ဈ၊ – *ဘုရားသခင်ကို တွေ့နိုင်သောအရပ်ကို ငါသိပါစေသော။ ပလ္လင်တော်ရှေ့သို့ ရောက်ပါစေသော – (၂၃း၃)*၊ **ထိုပြဿနာကို အကောင်အထည်ဖော်ရန် ခက်ခဲသော်လည်း ခရစ်တော်က စွမ်းဆောင်ပေးခဲ့ပြီ။ (ယော ၁း၁၈၊ ၄၅)**

ည၊ – *လူသည် ဘုရားသခင့်ရှေ့တော်၌ ကုသိုလ်ကို အဘယ်သို့ရနိုင်သနည်း။ လူမိန်းမဘွားမြင်သောသူသည် အဘယ်သို့ သန့်ရှင်းနိုင်သနည်း – (၂၅း၄)*၊ **ထိုပြဿနာကို ခရစ်တော်၏ အသေခံခြင်းက ရှင်းပေးခဲ့ပြီ။ (ရော ၄း၂၄–၂၅၊ ၅း၁)**

ဋ၊ – *လူသည် သေလျှင် အသက်ရှင်ပြန်ပါလိမ့်မည်လော။ အကျွန်ုပ် ပြောင်းလဲချိန်မရောက်မီ ပင်ပန်းစွာ အမှုထမ်းရသော နေ့ရက်ကာလပတ်လုံး သည်းခံလျက်နေပါမည် – (၁၄း၁၄)*၊ **ထိုပြဿနာကို ခရစ်တော်၏ ရှင်ပြန်ခြင်းက ဖြေရှင်းပေးခဲ့ပြီ။**

ဌ၊ – *ငါ့ကိုရွေးနှုတ်သောသခင်သည် အသက်ရှင်၍ နောင်ကာလ၌ မြေမှုန့်အပေါ်မှာ ပေါ်လာတော်မူမည်ဟူ၍၄င်း၊ ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း ငါသည် ကိုယ်ခန္ဓာ၌ ဘုရားသခင်ကို မြင်မည်ဟူ၍၄င်း ငါသိ၏ – (၁၉း၂၅–၂၆)*

## ၄။ ယောဘ ဒုက္ခရောက်ရခြင်းအပေါ် သုံးသပ်ချက်အချို့ ( ယောဘ ၈း၂၈ )

**က၊ စာတန် တိတ်ဆိတ်သွားရခြင်း (၁း၉–၁၁၊ ၂း၄–၅)**

– *စာတန်ကလည်း ယောဘသည် အကျိုးမရဘဲ ဘုရားဝတ်ကိုပြုသလော။ ကိုယ်တော်သည် သူ့ကိုယ်မှစ၍ သူ့အိမ်နှင့် သူ့ဥစ္စာရှိသမျှပတ်လည်၌ စောင့်ရန်းကာတော်မူသည် မဟုတ်လော။ သူပြုလေသမျှတို့ကို ကောင်းကြီးပေးတော်မူပြီ။ သူ့သိုးနွား အစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာ အလွန်ပွါးများကြပြီ။ ယခုမူကား လက်တော်ကိုဆန့်၍ သူ၏ဥစ္စာရှိသမျှကို ထိခိုက်တော်မူလျှင် သူသည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏ – (၁း၉–၁၁)*

– *စာတန်ကလည်း အရေဘို့အရေဟု ဆိုသကဲ့သို့ လူသည် မိမိအသက်ဘို့ မိမိဥစ္စာရှိသမျှကို ပေးပါလိမ့်မည်။ ယခုတဖန် လက်တော်ကိုဆန့်၍ သူ့အရိုးနှင့်သူ့အသားကို ထိခိုက်တော်မူလျှင် သူသည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏ – (၂း၄–၅)*

**ခ၊ ယောဘသည် ဘုရားရှင်ကို (စကားတော်အားဖြင့်) မြင်ခဲ့ရသည်။(၄၂း၅)**

– *သိတင်းတော်ကို အကျွန်ုပ်သည် နားနှင့် ကြားဘူးပါပြီ။ ယခုမူကား ကိုယ်တော်ကို မျက်စိနှင့် မြင်ရပါ၏ – (၄၂း၅)*

**ဂ၊ ယောဘသည် ကိုယ့်ကိုယ်ကို ရှုမြင်တတ်ခဲ့သည်။(၄၀း၄၊ ၄၂း၆)**

– *ထို့ကြောင့် အကျွနုပ်သည် ကိုယ်ကို ရွံ့ရှာပါ၏။ မြေမှုန့်နှင့် မီးဖိုပြာ၌ထိုင်၍ နောင်တရပါ၏ဟု လျှောက်လေ၏ – (၄၂း၆)*

ဃ၊ ယောဘ၏ မိတ်ဆွေများသည်လည်း သူများကို မတရားမစီရင်ရန် သင်ခန်းစာရခဲ့သည်။(၄၂း၇)

– *ထိုသို့ ထာဝရဘုရားသည် ယောဘအား မိန့်တော်မူပြီးမှ တေမန်အမျိုးသား ဧလိဖတ်အားလည်း သင်နှင့်သင်၏အဆွေခင်ပွန်းနှစ်ယောက်ကို ငါအမျက်ထွက်၏။ အကြောင်းမူကား ငါ့ကျွန်ယောဘသည် ငါ့အကြောင်းအရာတို့ကို ဟုတ်မှန်စွာပြောသကဲ့သို့ သင်တို့သည်မပြော – (၄၂း၇)*

င၊ ယောဘသည်လည်း အချီအချငြင်းခုံသည့် အခြေအနေထက် ဆုတောင်းခြင်းကို ပိုမိုသဘောပေါက်လာခဲ့သည်။(၄၂း၁၀)

– *ယောဘသည် အဆွေခင်ပွန်းတို့အဘို့ ဆုတောင်းပြီးမှ သူခံရသော ဒုက္ခအကြောင်းကို ထာဝရဘုရားသည် ပယ်ရှင်း၍ အရင်ထက် နှစ်ဆသောဥစ္စာကို ပေးတော်မူ၏ – (၄၂း၁၀)*

စ၊ ဘုရားရှင်၏ အစီအစဉ်များသည် နောက်ဆုံး၌ ဝမ်းမြောက် ပျော်ရွှင်စရာများဖြင့် အဆုံးသတ်ပေးခဲ့သည်ကို သိရှိနိုင်သည်။(၄၂း၁၀)

# ဆာလံကျမ်း

ဆာလံကျမ်းသည် သီချင်း (သို့) ကဗျာပေါင်း ၁၅၀ ခန့်ကို စုပေါင်းထားသော ကျမ်းဖြစ်သည်။ မူလက သမ္မာကျမ်းစာသည် ဆက်တိုက်ရေးထားသော စာများဖြစ်ခဲ့သော်လည်း ကာလကြာလာသောအခါ လူအများဖတ်ရှုရလွယ်ကူရန် အခန်းကြီးများ၊ အခန်းငယ်များ စံနစ်တကျ ခွဲခြမ်းမှုကို လူသူတော်ကောင်းများက ပြုလုပ်ပေးခဲ့ကြသည်။

ပမာပြုရပါမူ "ဒါဝိဒ်၏ဆာလံကျမ်း" ဟု ကျွနုပ်တို့ ဆိုကြသော်လည်း အကယ်စင်စစ် အခန်းတိုင်းကို ဒါဝိဒ်တဦးတည်း ရေးခဲ့သည်မဟုတ်ပေ။ ရှင်အာသပ်က ၁၂ ခန်းရေးခဲ့သည် (၅ဝး၇၃–၈၃)။ ဧသန်က ၁ ခန်း (၈၉) မောရှေက ၁ ခန်း (၉ဝ) ရေးခဲ့သည်။ အချို့အခန်းများမှာ မည်သူရေးခဲ့ကြောင်း လက်မှတ်ထိုးခဲ့ခြင်း မရှိသော် လည်း များစွာသောအခန်းတို့ကိုမူ ဒါဝိဒ်ရေးခဲ့လေသည်။

ဟေဗြဲ (ဣသရေလ) တို့သည် သီချင်း၊ ကဗျာရေးဖွဲ့ရာ၌ တစုံတခုကို ခိုင်းနှိုင်းတင်စားခြင်း၊ အဖြစ်မှန် (သို့) အဖြစ်မှန်နှင့်ခြားနားသော အကြောင်းအရာများကို ဖေါ်ပြခြင်း စသဖြင့် ရေးဖွဲ့လေ့ရှိသည်။ ဆာလံကျမ်း သည် ဆုတောင်းချက်များ၊ ဘုရားဂုဏ်တော်ကို ချီးမွမ်းချက်များနှင့် အချို့အပိုဒ် ပရောဖက်ပြုချက်များ ပါဝင်ကြသည်။

ယေရှုခရစ်တော်ကို ပရောဖက်ပြုခဲ့ချက်များလည်း များစွာပါဝင်လေသည်။(ဆာ ၂း၂၂၊ ၆၉း၈–၉)

ဆာလံကျမ်းအပါအဝင် သမ္မာကျမ်းစာ အခန်းတိုင်းသည် ဘုရားရှင်ထံမှလာသော စကားတော်များဖြစ်၍ လူမှလာခြင်းမဟုတ်ပေ။ ဘုရားရှင်က ရေးသူစိတ်နှလုံးသို့ ထိတွေ့သမျှကို ရေးသူက လိုက်ရေးခြင်းသာဖြစ်သည်

ဆာလံကျမ်းသည် မိမိကိုယ်ကို ဘုရားရှင်ထံအပ်နှံမှု၌ စိတ်ချခြင်းကို ဖြစ်စေသည်။ ထို့ပြင် ဆာလံကျမ်း၌ ဆုတောင်းခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ဆက်သွယ်ခြင်းနှင့် အကူအညီတောင်းခံခြင်းများပါဝင်သည်။

ခရစ်ယာန်တို့သည် အချို့ဆာလံကျမ်းပိုဒ်များကို အလွတ်ရွတ်တတ်၍ များစွာသောဆာလံတို့ကိုလည်း ဖတ်ရှုလေ့လာကြသည်။

ဓမ္မဟောင်းကျမ်းမှ ကျမ်း ၄ စောင်၏ များစွာသော အခန်းများတို့သည် "ဣသရေလ ဘုရင့်နိုင်ငံတော် ခေတ်" ကရေးခဲ့ခြင်းဖြစ်သည်။ ၎င်း ၄ စောင်မှာ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ဒေသနာကျမ်းနှင့် ရှောလမုန်သီ ချင်းတို့ဖြစ်ကြသည်။ ဆာလံကျမ်းကိုလေ့လာရာ၌ အောက်ပါအချက်များကိုအခြေခံ၍ လေ့လာသင့်သည်။ ၎င်းတို့မှာ –

၁။ စာစောင်ကို ကဏ္ဍခွဲခြားလေ့လာခြင်း

၂။ ရေးသူကိုလေ့လာခြင်း
၃။ အကြောင်းအရာ အဖြစ်အပျက်များကို လေ့လာခြင်း စသည်တို့ဖြစ်သည်။

## ၁။ စာစောင်ကို ပိုင်းခြားလေ့လာခြင်း

**စာစောင်ကို အောက်ပါအတိုင်း ၅ ပိုင်း ပိုင်းခြားနိုင်သည်။ ၄င်းတို့မှာ–**

**၁၊ (၁ – ၄၁)**
**၂၊ (၄၂ – ၇၂)**
**၃၊ (၇၃ – ၈၉)**
**၄၊ (၉၀ – ၁၀၆)**
**၅၊ (၁၀၇ – ၁၅၀) တို့ဖြစ်ကြသည်။**

**အထက်ပါအပိုင်းတခုစီ၏ အဆုံး၌ ဂုဏ်တော်ချီးမွမ်း ထောပနာပြုခြင်းဖြင့် အဆုံးသတ်သည်ကို လည်း အောက်ပါအတိုင်း တွေ့နိုင်သည်။**

– *ဣသရေလအမျိုး၏ ဘုရားသခင်တည်းဟူသော ထာဝရဘုရားသည် ကမ္ဘာအဆက်ဆက် မင်္ဂလာရှိတော်မူစေသတည်း။ အာမင်နှင့်အာမင် – (၄၁း၁၃)*
– *အံ့ဘွယ်သောအမှုတို့ကို တပါးတည်းသာစီရင်တော်မူသော ထာဝရအရှင်ဘုရားသခင် ဣသရေလအမျိုး၏ ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ဘုန်းကြီးသောနာမတော်သည်လည်း အစဉ်အမြဲ မင်္ဂလာရှိတော်မူစေသတည်း။ မြေကြီးတပြင်လုံးသည် ဘုန်းတော်နှင့် ပြည့်ပါစေသတည်း။ အာမင်နှင့်အာမင် – (၇၂း၁၈–၁၉)*
– *ထာဝရဘုရားသည် ကမ္ဘာအဆက်ဆက် မင်္ဂလာရှိတော်မူစေသတည်း။ အာမင် – (၈၉း၅၂)*
– *ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရားသည် ကမ္ဘာအဆက်ဆက် မင်္ဂလာရှိတော်မူစေသတည်း။ လူခပ်သိမ်းတို့သည် အာမင်ဟု ဝန်ခံကြစေ။ ဟာလေလုယ – (၁၀၆း၄၈)*
– *အသက်ရှိသောသူအပေါင်းတို့သည် ထာဝရဘုရားကို ချီးမွမ်းကြစေ။ ဟာလေလုယ – (၁၅၀း၆)*

**အချို့လူများတို့က အထက်ဖော်ပြပါ ဆာလံကျမ်း၏ အပိုင်း ၅ ပိုင်းတို့သည် ဓမ္မဟောင်းကျမ်း၏ အဦးဆုံး ၅ ကျမ်းကို အထူးသဖြင့် ဖော်ထုတ် ရောင်ပြန်ဟပ်ခြင်းဖြစ်သည်ဟု နားလည်ကြပေသည်။ ထိုနားလည်မှုကို သက်သေပြရပါမူ –**

**က၊ (၁ – ၄၁ / ကမ္ဘာဦးကျမ်းကို ဖော်ပြဆိုလိုသည်) အဓိကကျမ်းချက်မှာ "လူ" ဖြစ်သည်။**

– *မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့မလိုက်၊ လူဆိုးတို့၏လမ်းတွင် မရပ်မနေ၊ မထီမဲ့မြင်ပြုသောသူတို့၏ အစည်းအဝေး၌မထိုင်၊ ထာဝရဘုရား၏တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏ – (၁း၁)*
– *လူသည် အဘယ်သို့သောသူဖြစ်၍ ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူသားသည် အဘယ်သို့သောသူဖြစ်၍ အကြည့်အရှု ကြွလာတော်မူရသနည်း။ သူ့ကို ကောင်းကင်တမန်တို့အောက်၌ အနည်းငယ် နှိမ့်တော်မူပြီ – (၈း၄)*
– *အကြင်သူသည် ထာဝရဘုရားကို ကြောက်ရွံ့တတ်၏၊ ထိုသူအား နှစ်သက်ဘွယ်သောလမ်းကို ပြသွန်တော်မူမည် – (၂၅း၁၂)*
– *ထာဝရဘုရား ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသောသူသည် မင်္ဂလာရှိ၏ – (၃၄း၈)*

**ခ၊ (၄၂ – ၇၂ / ထွက်မြောက်ရာကျမ်းကို ဖော်ပြဆိုလိုသည်) အဓိကကျမ်းချက်မှာ "ရွေးနှုတ်ကယ်တင်ခြင်း" ဖြစ်သည်။**

– *အမှုရောက်သည့်ကာလ၌ ငါ့ကို ပဋ္ဌနာပြုလော့။ ငါသည် ကယ်လွှတ်မည်။ သင်သည်လည်း ငါ့ကို ချီးမွမ်းလိမ့်မည်ဟု မိန့်တော်မူသည် – (၅၀း၁၅)*
– *အကျွန်ုပ်ကို ခပ်သိမ်းသောဒုက္ခထဲက ကယ်နှုတ်တော်မူသဖြင့် အကျွန်ုပ်သည် ရန်သူတို့ကို ကိုယ်မျက်စိနှင့်မြင်၍ အားရပါ၏ – (၅၄း၇)*
– *ကိုယ်တော်သည် အကျွန်ုပ်အသက်ကို သေခြင်းမှ ကယ်လွှတ်တော်မူပြီ။ အသက်ရှင်သောသူတို့၏ အလင်းထဲမှာ ဘုရားသခင့်ရှေ့တော်၌ အကျွန်ုပ် ကျင့်နေပါမည်အကြောင်း၊ အကျွန်ုပ်ခြေကိုလည်း ထိမိ၍ လဲခြင်းမှ ကယ်လွှတ်တော်မူမည် မဟုတ်လော – (၅၆း၁၃)*
– *အကြောင်းမူကား ငတ်မွတ်သောသူ အော်ဟစ်သောအခါ ထိုသူကို၄င်း၊ ကိုးကွယ်ရာမရှိ၍ ဆင်းရဲသောသူကို၄င်း ချမ်းသာပေးတော်မူလိမ့်မည် – (၇၂း၁၂)*

**ဂ၊ (၇၃ – ၈၉ / ဝတ်ပြုရာကျမ်းကို ဖော်ပြဆိုလိုသည်) အဓိကကျမ်းချက်မှာ "သန့်ရှင်းရာဌါန"**

ဖြစ်သည်။

– *နောက်မှ ဘုရားသခင်၏ သန့်ရှင်းရာဌာနထဲသို့ ဝင်၍ သူတို့၏အဆုံးကို နားလည်ရပါ၏ – (၇၃း၁၇)*

– *အိုဘုရားသခင် ကိုယ်တော်၏လမ်းသည် သန့်ရှင်းခြင်းနှင့်ယှဉ်ပါ၏။ ဘုရားသခင်ကဲ့သို့ အဘယ်မည်သော ဘုရားသည် ကြီးမြတ်သနည်း – (၇၇း၁၃)*

– *သန့်ရှင်းရာဌာနတော်ကို အထွဋ်ကဲ့သို့ တည်ဆောက်၍၊ မြေကြီးကဲ့သို့ အစဉ် မြဲစေတော်မူ၏ – (၇၈း၆၉)*

ဃ၊ (၉၀ – ၁၀၆ / တောလည်ရာကျမ်းကို ဖော်ပြဆိုလိုသည်) အဓိကကျမ်းချက်မှာ “ငြိမ်သက်အေးချမ်းမှုမရှိခြင်း၊ လှည့်လည်နေရခြင်း” ဖြစ်သည်။ (အခန်းကြီး ၉၀ နှင့် အခန်းကြီး ၁၀၆)

င၊ (၁၀၇ – ၁၅၀ / တရားဟောရာကျမ်းကို ဖော်ပြဆိုလိုသည်) အဓိကကျမ်းချက်မှာ “ဘုရားရှင်၏နှုတ်ကပတ်တော်” ဖြစ်သည်။ (အခန်းကြီး ၁၁၉ ကိုကြည့်ပါ)

## ၂။ စာစောင်ကိုရေးသူများ

က၊ ဒါဝိဒ်

၁. သိုးထိန်းဆာလံ ၈၊ ၁၉၊ ၂၃၊ ၂၉၊ ၁၄၄

၂. အပြစ်သားဆာလံ ၃၂၊ ၃၈၊ ၅၁

၃. ဒုက္ခဆင်းရဲဆာလံ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၁၊ ၃၄၊ ၃၅၊ ၃၉၊ ၄၀၊ ၄၁၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၉၊ ၇၀၊ ၈၆၊ ၁၀၉၊ ၁၄၀၊ ၁၄၁၊ ၁၄၂၊ ၁၄၃

၄. ဝမ်းမြောက်ခြင်းဆာလံ ၂၊ ၉၊ ၁၅၊ ၁၆၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၃၀၊ ၃၆၊ ၃၇၊ ၅၂၊ ၆၀၊ ၆၅၊ ၆၈၊ ၇၂၊ ၉၅ ၁၀၁၊ ၁၀၃၊ ၁၀၅၊ ၁၀၈၊ ၁၁၀၊ ၁၂၂၊ ၁၂၄၊ ၁၃၁၊ ၁၃၃၊ ၁၃၈၊ ၁၃၉၊ ၁၄၅

ခ၊ ကောရ ; ၄၂၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၈၄၊ ၈၅၊ ၈၇

ဂ၊ အာသပ် ; ၅၀၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃

ဃ၊ ဟေမန် ; ၈၈

င၊ ဧသန် ; ၈၉

စ၊ ရှောလမုန် ; ၁၂၇

ဆ၊ မောရှေ ; ၉၀

ဇ၊ ဟေဇကိ ; ၁၂၀၊ ၁၂၁၊ ၁၂၃၊ ၁၂၅၊ ၁၂၆၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၂၊ ၁၃၄

ဈ၊ အခြားအမည်မသိသူများ ; ၁၊ ၁၀၊ ၃၃၊ ၄၃၊ ၆၆၊ ၆၇၊ ၇၁၊ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ၁၀၀၊ ၁၀၂၊ ၁၀၄၊ ၁၀၆၊ ၁၀၇၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀

## ၃။ စာစောင်ပါ အကြောင်းအရာ အဖြစ်အပျက်များ

က၊ နောင်တရခြင်းအကြောင်းနှင့် ပါတ်သက်သော ဆာလံ (၆၊ ၃၂၊ ၃၈၊ ၅၁၊ ၁၀၂၊ ၁၃၀၊ ၁၄၃)
ဤဆာလံများကိုရေးသူသည် သူ့အပြစ်များကို ဘုရားရှင်ထံ ဝန်ချတောင်းပန်ချိန်၌ ရေးခဲ့ခြင်းဖြစ်သည်။

ခ၊ ကျိန်ဆဲခြင်းအကြောင်းနှင့် ပါတ်သက်သော ဆာလံ (၃၅၊ ၅၅၊ ၅၈၊ ၅၉၊ ၆၉၊ ၈၃၊ ၁၀၉၊ ၁၃၇၊ ၁၄၀)
ဘုရားရှင်၏ရန်သူများကို အပြစ်ဒါဏ် စီရင်ခံထိရန် ကျိန်ဆဲခြင်းဖြစ်သည်။

ဂ၊ ဗိမ္မာန်တော်ပေါ်တွင် အဆင့်မြင့်စွာဆိုသော ဆာလံ (၁၂၀ – ၁၃၄)
ထိုဆာလံများကို ဆိုခဲ့သူများ၏ နောက်ခံအကျဉ်း –

၁. ဟေဇကိဘုရင်သည် နာမကျန်းဖြစ်၍ သေလုဆဲဆဲမှ ဘုရားကျေးဇူးတော်ကြောင့် ပြန်လည်ကောင်းမွန်လာသောကြောင့် ဗိမ္မန်တော် (ဆာလံ ၁၀) ကိုစပ်ဆို၍ ဘုရားရှင်ကို ချီးမွန်းခဲ့သည်။ (၄ရာ ၂၀း၉–၁၁)

၂. ထိုကျေးဇူးတော်ချီးမွန်းသော ဆာလံကို လေဝိသီချင်းဆိုအဖွဲ့က ဗိမာန်တော်ရှိ လှေခါး ၁၅ ဆင့်ကိုတက်ရင်း သီဆိုကြသည်။

၃. ဂျူးလူမျိုးတို့သည် နှစ်စဉ် ဗိမာန်တော်တက်သောပွဲ၌လည်း ထိုဆာလံကို သီဆိုကြသည်။

ဃ၊ ဂုဏ်တော်ချီးမွမ်းခြင်း ဆာလံ (၁၁၃ – ၁၁၈)၊ ဤဆာလံကို ပသခါပွဲ ညအချိန်၌ သီဆိုကြသည်။
(ခရစ်တော်နှင့် တပည့်တော်တို့သည်လည်း နောက်ဆုံးညစာ ပသခါစားအပြီး ဤသီချင်းကို သီဆိုကြသည်ဟု မှတ်ယူနိုင်သည်)

၄၊ သမိုင်းအဖြစ်အပျက်များကို ဖေါ်ကျူးသော ဆာလံ (၇၈၊ ၁၀၅၊ ၁၀၆)၊ ထိုဆာလံ ၃ ပုဒ်သည် ဣသရေလတို့၏သမိုင်းကို ဖေါ်ကျူးသောဆာလံဖြစ်သည်။ ထိုဆာလံများ၌ ဣသရေလလူမျိုးတို့၏ ပြုလုပ်ခဲ့သောအပြစ်များအကြောင်း အပါအဝင်၊ ခံစားရသော ကျေးဇူးတော်များလည်း ပါဝင်သည်။

၁. ဣသရေလတို့၏အပြစ်များ

- က– ဘုရားရှင်၏ လမ်းတော်ပေါ်တွင်လျှောက်ရန် ငြင်းဆန်ကြသည်။(၇၈း၁၀)
- ခ– ဘုရားရှင်၏ကျေးဇူးများကို မေ့လျော့ကြသည်။(၇၈း၁၁)
- ဂ– ဘုရားရှင်ကို စကားဖြင့် ဆန့်ကျင်ကြသည်။(၇၈း၁၉)
- ဃ– ဘုရားရှင်၏ ကယ်တင်တော်မူခြင်းကို လက်ခံယုံကြည်ခြင်း မရှိကြ။(၇၈း၂၂)
- င– ဘုရားရှင်ကို လိမ်ညာလှည့်ဖြားကြသည်။(၇၈း၃၆)
- စ– ဘုရားရှင်ကို စိတ်နာအောင်လုပ်ခဲ့ကြသည်။(၇၈း၄၀)
- ဆ– ဘုရားရှင်ကို အဖန်ဖန် လွန်ကျူးကြသည်။(၇၈း၄၁)
- ဇ– ရုပ်တုဆင်းတုကိုလုပ်၍ ကိုးကွယ်ကြသည်။(၇၈း၅၈၊ ၁၀၆း၁၉)
- ဈ– သူတို့၏ခေါင်းဆောင် မောရှေကို ငြူစူကြသည်။(၁၀၆း၁၆)
- ည– ဘုရားရှင်ပေးသည့် သာယာသောပြည်ကို မထီမဲ့မြင်ပြုကြသည်။(၁၀၆း၂၄)
- ဋ– မိမိတို့တဲများအတွင်းမှ ဘုရားရှင်ကို တွတ်ထိုး ဆန့်ကျင်ကြသည်။(၁၀၆း၂၅)
- ဌ– လူသေရှေ့မှာပူဇော်သော ယဇ်ကောင်ကို စားခဲ့ကြသည်။(၁၀၆း၂၈)
- ဍ– တပါးသောဘာသာဝင်များနှင့် ရောနှောကြသည်။(၁၀၆း၃၅)
- ဎ– မိမိတို့သားသမီးများကို နတ်ဆိုးအား ပူဇော်ကြသည်။(၁၀၆း၃၇)
- ဏ– အပြစ်မဲ့သောသူတို့၏အသွေးကို သွန်းလောင်းကြသည်။(၁၀၆း၃၈)

၂. ဘုရားရှင်၏ကျေးဇူးတော်များ

- က– ဘုရားရှင်သည် သူ့ကိုငိုယိုတောင်းပန်သည့်အခါ သူ၏ ပဋိညာဉ်ပြုခဲ့မှုကို သတိရတော်မူသည်။(၁၀၅း၈–၁၁)
- ခ– ဘုရားရှင်သည် ပင်လယ်ရေကို ၂ ခြမ်းခွဲပေးခဲ့သည်။(၇၈း၁၃)
- ဂ– နေ့အချိန်၌ တိမ်တိုက်အားဖြင့် ဦးဆောင်ခဲ့သည်။(၇၈း၁၄)
- ဃ– ညအချိန်၌ မီးအလင်းအားဖြင့် ဦးဆောင်ပေးခဲ့သည်။(၇၈း၁၄)
- င– ကျောက်တို့ကိုဖောက်၍ သောက်သုံးရေ ထွက်စေခဲ့သည်။(၇၈း၁၅)
- စ– မန္နမုန့်ကိုကျစေ၍ ကျွေးမွေးခဲ့သည်။(၇၈း၂၄)
- ဆ– ဣသရေလတို့၏ များစွာသောဖောက်ပြန်မှုများကို စိတ်ရှည်သီးခံ ခွင့်လွှတ်ခဲ့သည်။(၇၈း၃၈)
- ဇ– အီဂျစ်တို့ကို ဒေါသအမျက်ဖြင့် ဒါဏ်ခတ်ပြခဲ့သည်။(၇၈း၄၃၊ ၁၀၅း၂၇–၃၆)
- ဈ– ဣသရေလတို့ကို ဂတိထားတော်မူသောပြည်သို့ ပို့ဆောင်ပေးခဲ့သည်။(၇၈း၅၄)
- ည– ဣသရေလတို့ထက် အရင်ရောက် နေထိုင်သူများကို နှင်ထုတ်ပေးခဲ့သည်။(၇၈း၅၅)
- ဋ– ဒါဝိဒ်ကိုရွေးချယ်၍ ဣသရေလတို့ကို ဦးဆောင်စေခဲ့သည်။(၇၈း၇၀–၇၁)
- ဌ– ဣသရေလတို့ကို ညှင်းဆဲနိုင်ခွင့်ကို မည်သူ့ကိုမျှ မပေးခဲ့။(၁၀၅း၁၄)
- ဍ– ကျွေးမွေးသုတ်သင်ခဲ့သည်။(၇၈း၇၂)
- ဎ– ဣသရေလတို့အား ရန်မပြုရန် အခြားဘုရင်တို့အား ဆုံးမခဲ့သည်။(၁၀၅း၁၄)
- ဏ– ယောသပ်အားဖြင့် ဣသရေလများကို ကျွေးမွေးခဲ့သည်။(၁၀၅း၁၇)
- တ– ဣသရေလများကို အီဂျစ်ပြည်၌ ခနစည်းစိမ်ချမ်းသာသူများ ဖြစ်စေခဲ့သည်။(၁၀၅း၃၇)
- ထ– ဣသရေလအားလုံးကို ခွန်အားကြီးသူများ ဖြစ်စေခဲ့သည်။(၁၀၅း၃၇)
- ဒ– ဣသရေလတို့ပုန်ကန်မှုကို အစဉ်အမြဲ ခွင့်လွှတ်ခဲ့သည်။(၁၀၆း၄၃)
- ဓ– ဣသရေလတို့၏ငိုကြွေးသံကို မပြတ်မလပ် နားထောင်တော်မူသည်။(၁၀၆း၄၄)

၅၊ အစ အက္ခရာစဉ်တိုင်း ပေါင်းဖတ်က စကားလုံးပေါ်လာသည့် ဆာလံ (၉၊ ၁၀၊ ၂၅၊ ၃၄၊ ၃၇၊ ၁၁၁၊ ၁၁၂၊ ၁၁၉၊ ၁၄၅)၊ ဤဆာလံ ၉ ခုကို "အက္ခရာစဉ်စာလုံး ဆာလံ" ဟုလည်း ခေါ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဆာလံစာကြောင်းများ၏ အစတခုခြင်းသည် ၂၂ လုံးပါ ဟေဗြဲ (ဣသရေလ) အက္ခရာများ အစဉ်အတိုင်း ဖြစ်ကြသောကြောင့် ဖြစ်သည်။

အထူးသဖြင့် ဆာလံ ၁၁၉ သည် အစအက္ခရာစဉ်အတိုင်း ပေါင်းဖတ်ပါက စကားလုံးပေါ်လာသည့် အထူးဆာလံ ဖြစ်သည်။ ထိုဆာလံ၌ ၂၂ ပိုဒ်ပါ၍ တပိုဒ်၌ စာကြောင်း ၈ ကြောင်းပါသောကြောင့် စုစုပေါင်း စာကြောင်း ၁၇၆ ကြောင်းပါရှိသည်။ ထိုဆာလံ၏ ၂၂ ပိုဒ် အစ စာလုံးများသည် ဣသရေလ အက္ခရာ ၂၂ လုံးဖြင့် စတင်ရေးသားထားသည်။ သို့သော် ထိုဆာလံအားလုံး အထက်ပါဆိုခဲ့သည့်အတိုင်း မရေးခဲ့ပါ။ အချို့ဆာလံ၌ တလုံး (သို့) များစွာ ပြတ်တောက်ဟာနေသည်ကို သိရပေမည်။

၄င်းတို့မှာ –

၁. ဆာလံ ၉၊ ၁၀ နှင့် ၂၅ ၌ များစွာဟာနေသည်။

၂. ဆာလံ ၃၄၊ ၄၅ ၌ တလုံးစီဟာနေသည်။

၃. ဆာလံ ၃၇၊ ၁၁၁၊ ၁၁၂၊ ၁၁၉ တွင်မူ အပြည့်အစုံပါဝင်သည်။

ထိုကဲ့သို့သောဆာလံမျိုးမှာ ဖတ်ရှုသူအတွက် မှတ်သားရလွယ်ကူသော အထောက်အကူမျိုးဖြစ်စေသည်။

ဆ၊ မေရှိယ (သခင်ယေရှု) ကိုစပ်ဆိုသော ဆာလံ

၁. သူ၏ နာခံခြင်း (၄၀း၆–၁၀)

– *ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူသောအခါ ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေးထားသည်နှင့်အညီ အကျွန်ုပ်သည် သွားပါမည်ဟု ဝန်ခံပါ၏။ အကျွန်ုပ်၏ဘုရားသခင် ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရ ဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏။ ဖြောင့်မတ်ခြင်းတရားကို ပရိသတ်ကြီးအလယ်မှာ အကျွန်ုပ်ဟောပါပြီ။ အို ထာဝရဘုရား အကျွန်ုပ်သည် ကိုယ်နှုတ်ကို ပိတ်၍မနေကြောင်းကို ကိုယ်တော်သိတော်မူ၏။ ဖြောင့်မတ်စွာ စီရင်ခြင်းတရားကို အကျွန်ုပ်သည် ကိုယ်နှလုံးထဲမှာ ဝှက်၍မထားပါ။ သစ္စာစောင့်တော်မူခြင်းတရားနှင့် ကယ်တင်တော်မူခြင်းတရားကို ဟောပြောပါပြီ။ ကရုဏာတော်နှင့် သစ္စာတော်ကို ပရိသတ်ကြီးအလယ်မှာ မထိမ်ဝှက်ပါ –* (ဟေဗြဲ ၁၀း၅–၇ တွင်ရှု)

၂. သူ၏ စိတ်ထက်သန်ခြင်း (၆၉း၉)

– *ကိုယ်တော်၏အိမ်တော်၌ စွဲလမ်းပူပန်ခြင်းစိတ်သည် အကျွန်ုပ်ကို စားပါ၏ –* (ယော ၂း၁၇ တွင်ရှု)

၃. သူ၏ ဖယ်ရှားခြင်း (၁၁၈း၂၂–၂၃)

– *တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသောကျောက်သည် နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်သည် –* (မ ၂၁း၄၂ တွင်ရှု)

၄. သူ၏ သစ္စာဖောက်ခံရခြင်း (၄၁း၉၊ ၅၅း၁၂–၁၄)

– *အကယ်စင်စစ် ငါယုံ၍ ငါ့မုန့်ကိုစားသော အဆွေခင်ပွန်းသည် ငါ့ကို ခြေနှင့်ကျောက်သတည်း – (၄၁း၉)*

– *ငါ့ကိုကဲ့ရဲ့သောသူသည် ငါ့ရန်သူမဟုတ်။ ဟုတ်လျှင် သည်းခံနိုင်၏။ ငါ့ကိုရန်ဘက်ပြုသောသူသည် ငါ့ကိုမုန်းသောသူမဟုတ်။ ဟုတ်လျှင် ထိုသူကို ငါရှောင်နိုင်၏။ ထိုသို့ပြုသောသူသည် သင်ဖြစ်၏။ ငါနှင့်ဘက်သောသူ၊ ငါ့မိတ်ဆွေ၊ ငါ့အသိအကျွမ်းဖြစ်၏။ အချင်းချင်း သာယာသော ဆွေးနွေးတိုင်ပင်ခြင်းကို ပြုကြပြီ။ ဘုရားသခင်၏အိမ်တော်သို့ လူအစုအဝေးနှင့် အတူသွားကြပြီ – (၅၅း၁၂–၁၄)*

(မ ၂၆း၁၄–၁၆၊ ၂၁–၂၅ တွင်ရှု)

၅. သူ၏ ဒုက္ခဝေဒနာခံရခြင်း (၂၂း၁၊ ၆–၈၊ ၁၆၊ ၁၈၊ ၃၁း၅၊ ၃၄း၂၀၊ ၆၉း၂၁၊ ၁၂၉း၃)

– *အကျွန်ုပ်စားစရာဘို့ ဆေးခါးကို ကျွေးကြပါ၏။ ရေငတ်သောအခါ ပုံးရည်ကိုတိုက်ကြပါ၏ – (၆၉း၂၁)*

(မ ၂၇း၃၄၊ ၄၈ တွင်ရှု)

– *အကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်လက်၌ အပ်ပါ၏ – (၃၁း၅)* (လု ၂၃း၄၆ တွင်ရှု)

– *သူ၏အရိုးရှိသမျှတို့ကို စောင့်ရှောက်တော်မူသည်ဖြစ်၍ တချောင်းမျှ မကျိုး မပဲ့ရ – (၃၄း၂၀၊ ၁၂၉း၃)*

(ယော ၁၉း၃၃–၃၆ တွင်ရှု)

၆. သူ့အပေါ် မတရားသက်သေ ထွက်ဆိုကြခြင်း (၁၀၉း၂–၃) (မ ၂၆း၅၉–၆၁၊ ၂၇း၃၉–၄၄ တွင်ရှု)

၇. သူ၏ ရန်သူများအပေါ် မေတ္တာပို့ခြင်း (၁၀၉း၄) (လု ၂၃း၃၄ တွင်ရှု)

၈. သူ၏ ရှင်ပြန်ထမြောက်ခြင်း (၁၆း၁၀)

– *အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကို မရဏာနိုင်ငံ၌ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော်မမူ –* (တမန် ၁၃း၃၅ တွင်ရှု)

၉. သူ၏ ကောင်းကင်ဘုံတက်ကြွခြင်း (၆၈း၁၈)

– *ကိုယ်တော်သည် မြင့်သောအရပ်သို့ တက်ကြွတော်မူသဖြင့် များစွာသောသူတို့ကို ဘမ်းသွားတော်မူ၍၊ ထာဝရအရှင် ဘုရားသခင်သည် လူတို့တွင် ကျိန်းဝပ်တော်မူမည်အကြောင်း၊ လူတို့အဘို့မက ပုန်ကန်သောလူတို့အဘို့ ဆုလပ်များကို ခံရတော်မူပြီ –* (ဧ ၄း၈ တွင်ရှု)

၁၀. သူ၏ အောင်ပွဲခံ ဝင်ရောက်ခြင်း

– *အချင်းတံခါးတို့ တံခါးမုတ်ကို ကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့ ကိုယ်ကို ကြွလိုက်ကြ။ ဘုန်းကြီးသောရှင်ဘုရင်ကား အဘယ်သူနည်း။ အစွမ်းတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရဘုရား၊ စစ်တိုက်ခြင်း၌ တန်ခိုးကြီးတော်မူသော ထာဝရဘုရားပေတည်း – (၂၄း၇–၈)* (တ ၁ တွင်ရှု)

၁၁. သူ၏ ကြီးမြင့်သော ယဇ်ပုရောဟိတ်အဖြစ် လုပ်ဆောင်မှု (၁၁၀း၄) (ဟေဗြဲ ၅း၇ တွင်ရှု)
၁၂. သူ၏ မင်္ဂလာဆောင်ပွဲ (၄၅း၂၊ ၆၊ ၈၊ ၁၃၊ ၁၅) (ဗျာ ၁၉ တွင်ရှု)
၁၃. သူ ဖျက်ဆီးမည့်အကြောင်း (၂း၁–၁၂၊ ၁၁၀း၁၊ ၆)

– *ထာဝရဘုရားက သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချထားမီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အား မိန့်တော်မူ၏ – (၁၁၀း၁) (ဆာလံ ၂)*

– *ငါ၏သခင်သည် တပါးအမျိုးသားတို့တွင် တရားစီရင်လျက် အသေကောင်တို့ကို အနှံ့အပြားဖြစ်စေ၍ ကျယ်သောမြေ၌ သူတို့ဦးခေါင်းကို နှိပ်စက်တော်မူမည် – (၁၁၀း၆)* (ဗျာ ၆း၁၉ တွင်ရှု)

၁၄. သူ မိလေနီလနှစ် ၁၀၀၀ တွင် အုပ်ချုပ်မည့်အကြောင်း (၈၉း၂၇၊ ၁၀၂း၁၆–၂၁၊ ၇၂း၁၇)

– *နာမတော်သည် အစဉ်အမြဲတည်လိမ့်မည်။ နေသည် တည်သမျှသော ကာလပတ်လုံး နာမတော်တိုးပွါးလိမ့်မည်။ ကျေးဇူးတော်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြ၍၊ မင်္ဂလာရှိတော်မူသည်ဟု ချီးမွမ်းကြလိမ့်မည် – (၇၂း၁၇)* (မ ၂၃း၃၉၊ ဗျာ ၁၁း၁၅ တွင်ရှု)

## ၄။ အမည်နာမ၌ အကြောင်းအရာများကို ပေါ်လွင် သဘောပေါက်စေသည့် အချို့သော ဆာလံများ –

က၊ ကောင်းသောလူဆာလံ (၁)
ခ၊ ဖန်ဆင်းခြင်းဆာလံ (၈၊ ၁၀၄)
ဂ၊ ကောင်းသောသိုးထိန်းဆာလံ (၂၂)
ဃ၊ မဟာသိုးထိန်းဆာလံ (၂၃)
င၊ သိုးထိန်းအကြီးအကဲဆာလံ (၂၄)
စ၊ စည်းလုံးညီညွတ်ခြင်းဆာလံ (၁၃၃)
ဆ၊ ယေရုရှလင်မြို့သို့ဆာလံ (၄၈၊ ၁၂၂၊ ၁၂၆၊ ၁၃၂၊ ၁၃၇)
ဇ၊ မိသားစုဆာလံ (၁၂၇၊ ၁၂၈)
ဈ၊ လုံခြုံရေးဆာလံ (၁၂၁)
ည၊ တဆူတည်းသော စစ်မှန်သော ဘုရားသို့ဆာလံ (၁၁၅)
ဋ၊ ထွက်မြောက်ရာကျမ်းဆာလံ (၁၁၄)
ဌ၊ ဒုက္ခခက်ခဲရာကာလ (ဘေးဒါဏ်ကြီးကာလ) ဆာလံ (၄၆)
ဍ၊ ခေါင်းဆောင်တို့၏ ယုံကြည်ချက်ဆာလံ (၃၇)
ဎ၊ အမြင့်ဆုံးသောဘုန်းတော်ကို ချီးမွမ်းခြင်းဆာလံ (၁၀၃၊ ၁၄၈၊ ၁၅၀)
ဏ၊ သက်တာဟောင်းသို့ဆာလံ (၇၁)
တ၊ ၁၀၀ အဟောင်းဆာလံ (၁၀၀)
ထ၊ သေခြင်းဆာလံ (၉၀)
ဒ၊ အသက်ဆာလံ (၉၁)
ဓ၊ လွတ်မြောက်ခြင်းဆာလံ (၃၁၊ ၁၁၆)
န၊ ဘုရားရှင်၏ အိမ်တော်ဆာလံ (၈၄)
ပ၊ ဘုရားရှင်၏ ကြွယ်ဝခြင်းဆာလံ (၅၀)
ဖ၊ ဘုရားရှင်၏ နှုတ်ကပါတ်တော်ဆာလံ (၁၉၊ ၁၁၉)
ဗ၊ ဘုရားရှင်၏ အသံတော်ဆာလံ (၂၉)
ဘ၊ ဘုရားရှင်၏ သနားခြင်းဆာလံ (၁၃၆)
မ၊ ဘုရားရှင်၏ ကောင်းမြတ်ခြင်းဆာလံ (၂၇၊ ၁၀၇)
ယ၊ ဘုရားရှင်၏ အရာရာကိုသိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ဆာလံ (၁၃၉)
ရ၊ ဘုရားရှင်၏ တန်ခိုးတော်အနန္တနှင့် ပြည့်စုံခြင်းဆာလံ (၁၄၇)
လ၊ ပဋိညဉ်နှင့်ဆိုင်သောဆာလံ (၈၉)
ဝ၊ ဣသရေလတို့၏ သမိုင်းဆာလံ (၇၈၊ ၁၀၅၊ ၁၀၆)
သ၊ "ဘာကြောင့်" ဆိုသော မေးခွန်းဆာလံ (၄၂၊ ၇၃)
ဟ၊ မျှော်လင့်ခြင်းကင်းမဲ့ချိန်ဆာလံ (၆၉၊ ၈၈)

## <u>သုတ္တံကျမ်း</u>

သုတ္တံကျမ်းသည် သမ္မာကျမ်းစာပါ အခြားသောကျမ်းများနည်းတူ ဘုရားရှင်ထံမှလာသော နှုတ်ကပတ်တော်ဖြစ်သည်။ ဤကျမ်းအစ၌ "ရှောလမုန်ဘုရင်၏ သုတ္တံကျမ်း" ဟုဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ ရှောလမုန်ဘုရင်သည် ထိုသုတ္တံကျမ်းပါ နည်းလမ်းများစွာကို ကိုယ်တိုင်ကျင့်သုံးခဲ့သည်ဟု နားလည်နိုင်ပေသည်။ သုတ္တံကျမ်း အစအဆုံးကို ရှောလမုန်တဦးတည်း ရေးခဲ့သည်မဟုတ်ပေ။ သို့သော် ထိုကျမ်း အခန်းအများဆုံးကိုမူ ရှောလမုန်ခဲ့သည်။ အောက်ပါအကိုးအကားအရ သိနိုင်သည်။ (သု ၁း၁၊ ၂၅း၁၊ ၃ရာ ၄း၂၉–၃၂)

သုတ္တံကျမ်း၏ နောက်ဆုံးသောအခန်းကြီး ၂ ခန်းကို အခြားသူများကရေးခဲ့သည်။ အခန်းကြီး ၂၅ မှ ၂၉ ထိကို ဟေဇကိလူတို့ ကူးယူခဲ့သည်ဟု ဖော်ပြထားသော်လည်း ရှောလမုန်၏သုတ္တံကျမ်းဟု ဆက်လက်ခေါ်ဆိုနိုင်သည်။ အခန်းကြီး ၃၀ ကို အာဂုရ ကရေးခဲ့၍ ၃၁ ကို လေမွေလမင်းကြီးက ရေးခဲ့သည်။ ထိုအခန်းကြီး ၃၁ ၏အခန်းငယ် ၁ မှ ၉ နှင့် အခန်းငယ် ၁၀ မှ ၃၁ သည် ဆိုလိုချက် တမျိုးစီဖြစ်နေ၍ ခွဲခြားနားလည်သင့်လှပေသည်။

သုတ္တံကျမ်းသည် ဉာဏ်ပညာရှိရန်အတွက် ရေးသားထားသော သွန်သင်ချက်များဖြစ်သည်။ သုတ္တံကျမ်းသည် တိုတိုနှင့် အဓိပ္ပါယ်ရှင်းလင်း၍ အလွန်အဖိုးတန် အသုံးဝင်သည်။ ဆုံးမစာများဖြစ်သဖြင့် လူတိုင်းအလွယ်တကူ အသုံးပြုနိုင်ပေသည်။ ထိုဆုံးမစာတို့သည် နေ့စဉ် အသက်ရှင်နေထိုင်သွားလာစဉ် ပြုကျင့်အပ်သော နီတိ၊ ကျင့် ဝတ်၊ ဝိနည်းများဖြစ်ကြပေသည်။

ဓမ္မဆရာ မာတင်လူသာက "*ကောင်းသောလုပ်ဆောင်မှုများလုပ်ရန် လမ်းညွှန်စာအုပ်*" ဟုရင်း၊

ဓမ္မဆရာ ကောရစ်ချ်က "*အကောင်းဆုံးထွက်ဆိုချက်များ၏ မာတိကာ*" ဟုရင်း၊

ဓမ္မဆရာ ဒန်စတန်လေက "*ဘဝအတွက် လက်တွေ့အသုံးချရန် အဆိုအမိန့်များ*" ဟုရင်း၊

ဓမ္မဆရာ အန်းဂါ့စ်က "-----------------------------

## ၁။ အရေးကြီးသောအချက်များ

### က၊ ကောင်းသောအမည်နာမ

၁. – *တရားသောသူကို အောက်မေ့သောအခါ ကောင်းကြီးပေးတတ်၏။ မတရားသောသူ၏နာမမူကား ပုပ်ပျက်တတ်၏ – (၁၀း၇)*

၂. – *ကောင်းသောအသရေ (အမည်နာမ) ကို များစွာသောဥစ္စာထက် သာ၍ ရွေးစရာကောင်း၏ – (၂၂း၁)*

### ခ၊ လူငယ်နှင့်စည်းကမ်း

၁. – *ပညာရှိသောသားသည် အဘ ဝမ်းမြောက်ခြင်းအကြောင်း၊ မိုက်သောသားမူကား အမိ ဝမ်းနည်းခြင်းအကြောင်းကို ဖြစ်စေတတ်သည် – (၁၀း၁) (၁၇း၂၁၊ ၂၅၊ ၁၉း၁၃)*

၂. – *ပညာရှိသောသားသည် အဘ၏သွန်သင်ခြင်းကို နားထောင်တတ်၏။ မထီမဲ့မြင်ပြုသောသားမူကား အပြစ်တင်ခြင်းကို နားမထောင်တတ် – (၁၃း၁)*

၃. – *ကြိမ်လုံးကို မသုံးသောသူသည် မိမိသားကို မုန်းရာသို့ရောက်၏။ သားကို ချစ်သောသူမူကား ငယ်သောအရွယ်မှစ၍ ဆုံးမတတ်၏ – (၁၃း၂၄)*

၄. – *မျှော်လင့်စရာရှိစဉ်အခါ ကိုယ့်သားကိုဆုံးမလော့။ သူ့ကို အကျိုးနည်းအောင် သနားသောစိတ် မရှိစေနှင့် – (၁၉း၁၈)*

၅. – *သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည် အိုသောအခါ ထိုလမ်းမှ မလွှဲ၊ လိုက်သွားလိမ့်မည် – (၂၂း၆)*

၆. – *မိုက်သောသဘောသည် သူငယ်၏ စိတ်နှလုံးထဲမှာ ထုပ်ထားလျက်ရှိ၏။ သို့သော်လည်း ဆုံးမသောကြိမ်လုံးသည် ထိုသဘောကို ဝေးစွာနှင်တတ်၏ – (၂၂း၁၅၊ ၂၉း၁၅၊ ၁၇)*

၇. – *သူငယ်ကို မဆုံးမဘဲမနေနှင့်။ ကြိမ်လုံးနှင့်ရိုက်သော်လည်း သူသည် မသေ။ ကြိမ်လုံးနှင့်ရိုက်၍ သူ၏အသက်ဝိညာဉ်ကို မရဏာနိုင်ငံမှ ကယ်နှုတ်ရမည် – (၂၃း၁၃–၁၄)*

၈. (၂၃း၁၅–၂၅)

၉. (၃၀း၁၁–၁၄)

### ဂ၊ စီးပွားရေးလုပ်ကိုင်မှု

၁. – *မမှန်သောချိန်ခွင်သည် ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူဖွယ်၊ မှန်သောအလေးမူကား နှစ်သက်တော်မူဖွယ်ဖြစ်၏ – (၁၁း၁) (၁၆း၁၁၊ ၂၀း၁၀–၂၃)*

၂. မိမိနှင့် အထူးရင်းနှီးမှု မရှိသေးသောသူဘက်က သက်သေခံပေးခြင်း၊ အာမခံခြင်းမျိုးမပြုပါနှင့်။ (၆း၁–၅၊ ၁၁း၁၅၊ ၁၇း၁၈)

၃. သင့်အပေါ်၌ ကျေးဇူးရှိသောသူတို့ကို အခွင့်သင့်လျှင် ကျေးဇူးမဆပ်ဘဲ မနေပါနှင့်။(၃း၂၇)

၄. ဘုရားရှင်သည် ဖြောင့်မတ်သောသူကို ငတ်သေအောင် ဘယ်တော့မှမပြု။(၁၀း၃)

၅. – *ပျင်းရိသောသူသည် ဆင်းရဲခြင်း၊ လုံ့လဝီရိယရှိသောသူသည် ကြွယ်ဝခြင်းသို့ ရောက်တတ်၏ – (၁၀း၄၊ ၂၂း၂၉)*

၆. ပျင်းရိသောသူသည် မိမိအလုပ်ရှင်ကို အနှောက်အယှက် ဖြစ်စေသည်။ အလုပ်ရှင်၏မျက်စိ၌ ဝင်သော မီးခိုးကဲ့သို့၎င်း၊ သွားထဲကပ်နေသော ပုန်းရည်ခါးကဲ့သို့၎င်း ဖြစ်၏။(၁၀း၂၆)

၇. – *မိမိစည်းစိမ်ကို ကိုးစားသောသူသည် ရှုံးလိမ့်မည် – (၁၁း၂၈)*

၈. သူတပါးထံမှ တံစိုးယူ၍ အမှန်တရားကို ဖျက်ဆီးသူသည် မှားယွင်းသူဖြစ်၏။(၁၇း၂၃)

၉. နေစရာအိမ်ကိုမဆောက်ခင် စီးပွားရေးကို အရင်စောက်ချလုပ်ပါ။(၂၄း၂၇)

၁၀. ချမ်းသာကြွယ်ဝခြင်းသည် ကွယ်ပျောက်တတ်၏။ ဘုရင်သရဖူသည် လဲ၍ မိမိ မိသားစုနှင့် ထာဝရ မတည်ရှိနိုင်။ မိမိစီးပွားရေးကိုသတိထားဆင်ခြင်ပါ။ မမြဲသော ကာယအသက်တာ တခုတည်းအဖို့ အာရုံစိုက်၍မရပါ။ စည်းစိမ်အားကိုး၍ အမြဲအဆင်ပြေမည်ဟု ထင်မှတ်၍မရပါ။ စည်းစိမ်ကွယ်ပျောက်သောအခါ ဒုက္ခရောက်လိမ့်မည်။ သို့ဖြစ်၍ မကွယ်မပျောက် ထာဝရတည်သော ဘုရားရှင်ကို အဓိကအားကိုးပါ။(၂၇း၂၃–၂၇)

ဃ၊ လက်ထပ်ထိမ်းမြားခြင်း

၁. ကိုယ်ဆိုင်သောရေအိုးကို သုံး၍၊ ကိုယ်ရေတွင်းထဲကထွက်သော စမ်းရေကို သောက်လော့။(၅း၁၅)

၂. အသက်အရွယ် ပျိုစဉ်ကာလ ပေါင်းဘော်သောမယားနှင့် အတူပျော်မွေ့လော့။(၅း၁၈)

၃. အဆင်းလှသော်လည်း သမ္မာသတိမရှိသောမိန်းမသည် ရွှေကို ဝက်နှာခေါင်း၌ ဆွဲပေးသကဲ့သို့ ဖြစ်လိမ့်မည်။(၁၁း၂၂)

၄. မိမိအိမ်ကို နှောင့်ယှက်သောသူသည် လေကို အမွေခံရလိမ့်မည်။(၁၁း၂၉)

၅. သီလရှိသောမိန်းမသည် မိမိလင်၌ ဦးရစ်သရဖူ ဖြစ်၏။ အရှက်ခွဲတတ်သော မိန်းမမူကား လင်၏ အရိုးတို့၌ ဆွေးမြေ့ခြင်းကဲ့သို့ ဖြစ်၏။(၁၂း၄)

၆. ပညာရှိသောမိန်းမသည် မိမိအိမ်ကို တည်ဆောက်တတ်၏။ မိုက်သောမိန်းမမူကား ကိုယ်လက်နှင့် ဖြိုဖျက်တတ်၏။(၁၄း၁၊ ၁၉း၁၃)

၇. မယားကိုရသောသောသူသည် ကောင်းသောအရာကိုရ၍၊ ထာဝရဘုရား၏ ကျေးဇူးတော်ကို ခံရ၏။ (၁၈း၂၂)

၈. ရန်တွေ့တတ်သော မိန်းမနှင့်အတူ လူများသောအိမ်၌ နေသည်ထက်၊ အိမ်မိုးပေါ် ထောင့်ထဲမှာနေသော် သာ၍ကောင်း၏။(၂၁း၉)

၉. စိတ်တို၍ ရန်တွေ့တတ်သောမိန်းမနှင့် နေသည်ထက်၊ တောလွင်ပြင်၌နေသော် သာ၍ကောင်း၏။ (၂၁း၁၉)

၁၀. သီလရှိသောမိန်းမကို မည်သို့တွေ့နိုင်မည်နည်း။
ထိုအတွက် အကောင်းဆုံးအဖြေကို အခန်းကြီး (၃၁) တခုလုံးကိုကြည့်ပါ။

င၊ ကာမဂုဏ်လွန်ကျူးခြင်း

၁. ဤအလုပ်သည် ဘုရားရှင်၏ဥပဒေကို သရော် စော်ကားခြင်းဖြစ်သည်။(၂း၁၇)

၂. ဤအလုပ်သည် သေခြင်းနှင့် ငရဲကျခြင်းကိုညွှန်ပြသော လမ်းဖြစ်သည်။(၂း၁၈၊ ၇း၂၇၊ ၉း၁၈)

၃. ဤအလုပ်သည် ချုပ်တည်းထိန်းသိမ်းနိုင်သည့် အင်အားများ ပျက်စီးကုန်ခြင်းဖြစ်သည်။(၅း၁၄)

၄. ဤအလုပ်သည် မိမိကိုယ်ခန္ဓာကို ပျက်စီးစေမည့်ရောဂါများ ရရှိစေသောအလုပ်ဖြစ်သည်။(၅း၁၁)

၅. ဤအလုပ်သည် ခါးသီးသော ဖြေ၍မပြေသည့် နောင်တရမှုကိုဖြစ်စေသည့် အလုပ်ဖြစ်သည်။ (၅း၁၂၊ ၁၃)

၆. ဤအလုပ်သည် ထာဝရဘုရား၏ တရားစီရင်ခြင်းကိုခံရမည့် အလုပ်ဖြစ်သည်။(၅း၂၁)

၇. ဤအလုပ်သည် ဆင်းရဲမွဲတေခြင်းကိုဖြစ်လာမည့် အလုပ်ဖြစ်သည်။(၆း၂၆)

၈. ဤအလုပ်သည် လူအသားကို မီးနှင့်ရှို့သကဲ့သို့ ဝိညဉ်ကိုပျက်စီးစေသည့် အလုပ်ဖြစ်သည်။ (၆း၂၇၊ ၃၂)

၉. ထိုအလုပ်သည် အောက်ပါအဖြစ်မျိုးနှင့် အလားသဏ္ဍာန်တူသည်။(၇း၂၂၊ ၂၃)
က– နွားသည် အသတ်ခံရာသို့ လိုက်သကဲ့သို့၎င်း
ခ– သမင်ဒရယ်သည် မိမိအသည်း၌ မြားမထိုးမီတိုင်အောင် ဘမ်းမိရာထဲသို့ ဝင်သကဲ့သို့၎င်း
ဂ– ငှက်သည် မိမိအသက် ဆုံးစေခြင်းငှါ ထောင်မှန်းကို မရိပ်မိဘဲ ကျော့ကွင်းထဲသို့ အလျင်အမြန်ဝင်သကဲ့သို့၎င်း တူ၏။

စ၊ မကောင်းသောအပေါင်းအဖော်

၁. သူတို့ကို လက်မခံဘဲ ငြင်းဆိုပါ။ သူတို့သည် တပါးသူကို မတရားထောင်ချောက် ဆင်ကြသော်လည်း သူတို့ကိုယ်တိုင် ထောင်ချောက်ပြန်ထိမည့်သူများ ဖြစ်သည်။(၁း၁၀–၁၉)

၂. သူတို့ကိုငြင်းပယ်ပါ။ သူတို့သည် ဒုစရိုက်မှရသော မုန့်နှင့်စပျစ်ရည်ကို စားသောက်သောသူများ ဖြစ်သည်။(၄း၁၇)
၃. သူတို့ကိုငြင်းပယ်ပါ။ သူတို့၏ သင့်ကို ဖိတ်ခေါ်ကျွေးမွေးခြင်းသည် သင့်ကို သူတို့မတရားမှု၌ အသုံးချလို၍ဖြစ်သည်။(၂၃း၆–၈)
၄. သူတို့ကိုငြင်းပယ်ပါ။ သူတို့၏အကျင့်စရိုက်အတိုင်း သူတို့နှင့်ပေါင်းသူလည်း ဖြစ်လာလိမ့်မည်။ (၂၇း၁၉)

ဆ၊ ဉာဏ်ပညာ

၁. ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသဘောသည် ဉာဏ်ပညာ၏ အချုပ်အချာဖြစ်သည်။(၁း၇၊ ၉း၁၀)
၂. ဉာဏ်ပညာသည် များစွာသော ဂုဏ်ကျက်သရေကို ဖြစ်စေသည်။(၁း၉)
၃. ဉာဏ်ပညာသည် ကာမကျူးလွန်မည့်ဘေးမှ ကာကွယ်ပေးနိုင်သည်။(၂း၁၆)
၄. ဉာဏ်ပညာသည် လမ်းအားလုံးကို ညွှန်ပြသိစေတတ်သည်။(၃း၆)
၅. ဉာဏ်ပညာသည် သစ်လွင်လန်းဆန်းစေသည်။ ကျန်းမာရေးကောင်းမွန်စေသည်။ ဖျတ်လတ်ထက်မြက်၍ ခွန်အားရှိစေသည်။(၃း၈)
၆. ဉာဏ်ပညာရှင်သည် ဆယ်ဘို့တဘို့ကိုလှူသဖြင့် စပါးကျီပြည့်ခြင်း၊ စပျစ်ရည်လျှံခြင်း စသည့် ကြွယ်ဝမှုများ ဖြစ်စေသည်။(၃း၉–၁၀)
၇. ဉာဏ်ပညာသည် ရွှေ၊ ငွေ၊ အဖိုးတန်ကျောက်မျက်များထက် ပိုမိုကောင်းမွန်သည်။ (၃း၁၄၊ ၈း၁၁၊ ၁၉)
၈. ဉာဏ်ပညာသည် အသက်ရှည်ခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ကျက်သရေရှိခြင်း၊ အလိုပြည့်စုံခြင်း၊ ငြိမ်သက်ခြင်းတို့ကို ဖြစ်စေသည်။(၃း၁၆၊ ၁၇၊ ၉း၁၁)
၉. ဉာဏ်ပညာသည် ဘုရားရှင် ကမ္ဘာမိုးမြေကို ဖန်ဆင်းခြင်းလက်ရာတော်၏ ပြယုဒ်ဖြစ်သည်။ (၃း၁၉–၂၀)
၁၀. ဉာဏ်ပညာသည် အရာအားလုံးတို့တွင် အဖိုးတန်ဆုံးဖြစ်သည်။(၄း၇)
၁၁. ဉာဏ်ပညာကို ကိုယ့်နှမ၊ ကိုယ့်ရည်းစားကဲ့သို့ ချစ်ရမည်။(၇း၄)

ဇ၊ ကိုယ့်ကိုယ်ကိုထိန်းသိမ်းခြင်း

၁. မိမိကိုယ်ကို ထိန်းသိမ်းနိုင်ခြင်းသည် မြို့ကိုတိုက်ယူနိုင်ခြင်းထက် သာ၍မြတ်၏။(၁၆း၃၂)
၂. မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိသူသည် အလုပ်တခုကို စတင်ရုံသာတတ်နိုင်ပြီး ပြီးဆုံးထိအောင် မလုပ်တတ်ချေ။(၂၅း၈)
၃. မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိသူသည် မြို့ရိုးပြိုပျက်၍ ဟင်းလင်းဖြစ်နေသော မြို့နှင့်တူသည်။(၂၅း၂၈)

ဈ၊ အသောက်လွန်ကျူးခြင်း (အရက်သမား)

၁. အသောက်ကျူးခြင်းသည် တလွဲတချော် ရဲရင့်တတ်၍ ရန်းရင်းဆန်ခတ်အမှုကို ဖြစ်စေတတ်သည်။ (၂၀း၁)
၂. အသောက်ကျူးခြင်းသည် ဝမ်းနည်းခြင်းနှင့် ပူဆွေးသောကရောက်ရခြင်းများ ဖြစ်စေသည်။ (၂၃း၂၉)
၃. အသောက်ကျူးခြင်းသည် မျက်စိနီခြင်းနှင့် အခြားများစွာသော အနာအဆာများဖြစ်စေသည်။ (၂၃း၂၉)
၄. အသောက်ကျူးခြင်းသည် မြွေဆိုးအကိုက်ခံရခြင်း၊ အတုပ်ခံရခြင်း ကဲ့သို့ ဖြစ်စေသည်။(၂၃း၃၂)
၅. အသောက်ကျူးခြင်းသည် သွေးလေချောက်ခြား၍ အလွန်ကြောက်ခြင်း၊ အလွန်ရဲရင့်ခြင်းတို့ကို တလွဲဖြစ်ပေါ်စေသည်။(၂၃း၃၃)
၆. အသောက်ကျူးခြင်းသည် ဆဲရေးသူ၊ ညစ်ညူးသောအရာကို စိတ်ဝင်စားသူဖြစ်စေသည်။(၂၃း၃၃)
၇. အသောက်ကျူးခြင်းဖြင့် ပင်လယ်အလယ် သင်္ဘောပေါ်တွင်အိပ်သော သူကဲ့သို့ ယိမ်းယိုင်လှုပ်ရှားဖြစ်နေလိမ့်မည်။(၂၃း၃၄)
၈. အသောက်ကျူးခြင်းဖြင့် အရိုက်ခံရသည့်တိုင် ဘာဖြစ်မှန်း မိမိကိုယ်ကိုမသိ ဖြစ်လိမ့်မည်။ (၂၃း၃၅)
၉. အသောက်လွန်ကျူးသော ခေါင်းဆောင်သည် မိမိဝတ္တရားများကို မကျေပြွန်တော့သည့်ပြင် တရားစီရင် ဆုံးဖြတ်ရာ၌လည်း တလွဲတချော် ဖြစ်တတ်သည်။(၃၁း၅)

ည၊ မိတ်ဆွေကောင်း

၁. မိတ်ဆွေကောင်းသည် အမြဲတမ်း ကျေးဇူးသစ္စာ စောင့်သိ၍ တဖက်လူ အလိုရှိသည့် အချိန်တွင်ကူညီရန် မွေးဖွားလာသူ ဖြစ်သည်။(၁၇း၁၇)

၂. မိတ်ဆွေကောင်းက သင့်ကို ဒါဏ်ပေးခြင်းသည် ရန်သူက သင့်ကို နမ်းခြင်းထက် သာ၍ကောင်း၏။(၂၇း၆)
၃. မိတ်ဆွေကောင်းနှင့် မိမိဖခင်၏ မိတ်ဆွေကောင်းတို့ကို ဘယ်တော့မှ မစွန့်ပစ်ပါနှင့်။(၂၇း၁၀)
၄. မိတ်ဆွေကောင်းက ပေးသောအကြံသည် နှစ်သက်ဖွယ်ကောင်း၍ အမွှေးနံ့သာကဲ့သို့ ဖြစ်သည်။ (၂၇း၉)
၅. မိတ်ဆွေကောင်းနှင့် ဆွေးနွေးတိုင်ပင်ရခြင်းသည် စိတ်အားတက်ဖွယ်ရာ သံကို သံနှင့်ထိ၍ မီးပွင့်သကဲ့သို့ ဖြစ်လိမ့်မည်။(၂၇း၁၇)
၆. မိတ်ဆွေကောင်း ရရှိလိုသောသူသည် မိမိကိုယ်တိုင် မိတ်ဆွေကောင်း အရင် ဖြစ်သင့်သည်။ (၁၈း၂၄)
၇. မိတ်ဆွေကောင်းသည် မိမိညီအကိုထက် မိမိကို ပိုမိုခင်တွယ်တတ်သည်။(၁၈း၂၄)

၌၊ စကားများနှင့်လျှာ

၁. ဖြောင့်မတ်သောသူ၏ လျှာသည် ကြေးချွတ်ပြီးသော ငွေစင်နှင့်တူသည်။(၁၀း၂၀)
၂. နှုတ်ဆိတ်သောသူသည် ပညာရှိဖြစ်သည်။(၁၀း၁၉၊ ၁၁း၁၂)
၃. ဖြောင့်မတ်သောသူ၏ လျှာသည် လူအများကို ဝပြောစေ၏။(၁၀း၂၁)
၄. အဓမ္မလူသည် မိမိနှုတ်ဖြင့် ပတ်ဝန်းကျင်ကို ဖျက်ဆီးတတ်သည်။(၁၁း၉)
၅. စကားလည်ပတ်၍ များစွာပြောသူသည် လျှို့ဝှက်ခြင်းဖြစ်သည်။ သစ္စာရှိသောသူသည် စကားနည်း၏။(၁၁း၁၃)
၆. အချို့သူတို့၏ စကားသည် သံလျက်နှင့်ထိုးသကဲ့သို့ ဖြစ်၏။ သို့သော် သူ့လျှာဖြင့်ပြောသော ပညာစကားသည် လူတို့၏ရောဂါကို ပျောက်စေသကဲ့သို့ ဖြစ်၏။(၁၂း၁၈)
၇. မိမိနှုတ်ကို စောင့်သူသည် မိမိအသက်ကို စောင့်ရာရောက်၏။ မိမိနှုတ်ကို မစောင့်သောသူသည် ပျက်စီးခြင်းသို့ ရောက်တတ်၏။(၁၃း၃)
၈. မှန်သော သက်သေထွက်ချက်သည် အသက်ကို ကယ်လွှတ်တတ်၏။(၁၄း၂၅)
၉. ဖြေးညှင်းသောစကားသည် ဒေါသကိုပြေစေသည်။ ကြမ်းတမ်းသောစကားသည်ကား ဒေါသကိုဖြစ်စေသည်။(၁၅း၁)
၁၀. ဖြေးညှင်းသောလျှာသည် အသက်သစ်ပင်ဖြစ်စေ၏။ မကောင်းသောလျှာသည် စိတ်နာစေခြင်း၊ ပဋိပက္ခဖြစ်စေခြင်းကို ဖြစ်စေသည်။(၁၅း၄)
၁၁. ကောင်းသောစကားသည် နားထောင်ချင်စဖွယ်ဖြစ်သည်။ အချိန်အခါနှင့် သင့်လျော်သောစကားသည် မင်္ဂလာရှိလှပေသည်။(၁၅း၂၃)
၁၂. ဖြောင့်မတ်သောသူသည် မိမိ ဘယ်ကဲ့သို့ အဖြေပေးရမည်ကို အရင်ပြင်ဆင်တတ်၏။(၁၅း၂၈)
၁၃. သာယာသောစကားသည် ပျားလဘို့ကဲ့သို့ စိတ်ဝိညဉ်ကို ချိုမြိန်စေလျက် ကိုယ့်အရိုးတို့ကို ကျန်းမာစေတတ်၏။(၁၆း၂၄)
၁၄. သဘောကောက်သောသူသည် ရန်မျိုးစေ့ကို ကြဲတတ်၏။ ကုန်းတိုက်သောသူသည်လည်း မိတ်ဆွေတို့ကို ကွဲပြားစေတတ်၏။(၁၆း၂၈၊ ၁၇း၉)
၁၅. ရန်တွေ့စအမှုသည် ရေကန်ဘောင် ပေါက်စကဲ့သို့ ဖြစ်သောကြောင့် ရန်မတွေ့မီ တွေ့စရာအကြောင်းကို ပယ်လော့။(၁၇း၁၄)
၁၆. ဉာဏ်အတတ်နှင့် ပြည့်စုံသောသူသည် စကားမများတတ်။(၁၇း၂၇)
၁၇. ကုန်းတိုက်သောသူ၏ စကားသည် ထိခိုက်နာကျင်မှု ဖြစ်စေသည်။(၁၈း၈)
၁၈. အကျိုးအကြောင်းကို အရင်မစစ်ဘဲ အမှုစီရင်သောသူသည် မိုက်မဲခြင်း၊ အရှက်ကွဲခြင်းကို ဖြစ်စေတတ်၏။(၁၈း၁၃)
၁၉. လျှာအားဖြင့် အသက်ရှင်ခြင်းနှင့် သေခြင်းကို ဖြစ်စေသည်။(၁၈း၂၁)
၂၀. မမှန်သောသက်သေ ထွက်ဆိုသူသည် အပြစ်ဒါဏ်နှင့်မလွတ်ရ။(၁၉း၅)
၂၁. လျောက်ပတ်သောစကားသည် ငွေအပြောက်မှာ စီချယ်သော ရွှေရောက်ချိုသီးနှင့် တူသည်။ (၂၅း၁၁)
၂၂. ကြာမြင့်စွာသည်းခံလျှင် မင်းကို ဖြောင်းဖြနိုင်သည်။ ချိုသောစကားသည်လည်း ချိုးရခက်သောအရိုးကို ကျိုးအောင် တတ်နိုင်သည်။(၂၅း၁၅)
၂၃. လမ်း၌လျှောက်သွား၍ မိမိမဆိုင်သောအမှုကို ရောနှောသောသူသည် ခွေးနားရွက်ကို ကိုင်ဆွဲသောသူနှင့်တူသည်။(၂၆း၁၇)
၂၄. ထင်းမရှိလျှင် မီးသေတတ်သကဲ့သို့ ကုန်းတိုက်သူမရှိလျှင် ရန်ငြိမ်းတတ်သည်။(၂၆း၂၀)
၂၅. ကိုယ့်ကိုယ်တိုင် ကိုယ်ကိုမချီးမွမ်းဘဲ သူတပါးချီးမွမ်း ပါလေစေ။(၂၇း၂)

## ၂။ ဂရုပြုမှတ်သားရမည့်အချက်များ

- က၊ ဉာဏ်ပညာ၏ သတိပေးချက်များ (၁း၂၀–၃၁)
- ခ၊ ဉာဏ်ပညာ၏ အကျိုးကျေးဇူးများ (၃း၅–၆)
- ဂ၊ ဉာဏ်ပညာ၏ စွမ်းအား (၆း၆–၁၁)
- ဃ၊ ဘုရားတရားမဲ့သော ပြည့်တန်ဆာမ (၇း၁–၂၇)
- င၊ တန်ခိုးအာဏာနှင့်ပြည့်စုံသော ကယ်တင်ရှင် (ယေရှုကိုဆိုလိုသည်) (၈း၂၂–၃၁)
- စ၊ ပေါက်လွတ်ပဲစား ကောက်ကျစ်သူ (၃၀း၁၁–၁၄)
- ဆ၊ အမှန်တကယ်ဖြစ်နေသော အဖြစ်အပျက် ၁၆ ခု (၃၀း၁၈–၃၁)
- ဇ၊ ဇနီးမယားကောင်း (၃၁း၁၀–၃၁)

## ၃။ ကွဲပြားခြားနားသောအချက်များကို ပိုင်းခြားလေ့လာခြင်း

- က၊ ဘုရားရှင်မုန်းသော အချက် ၇ ချက် (၆း၁၆–၁၉)
  - ၁. ထောင်လွှားသော မျက်နှာ
  - ၂. လိမ်ညာတတ်သော လျှာ
  - ၃. အပြစ်ကင်းသူကို သတ်သော လက်
  - ၄. မကောင်းမှုကို ကြံစည်နေတတ်သော စိတ်နှလုံး
  - ၅. အမှားလုပ်ရန် စိတ်ထက်သန် လျှင်မြန်သူ
  - ၆. မမှန်သောသက်သေ ခံသူ
  - ၇. အပေါင်းအဖော်အချင်းချင်း ရန်ပြုတတ်သူ
- ခ၊ ကျေနပ်ရောင့်ရဲခြင်း မရှိသော အရာ ၄ ပါး (၃၀း၁၅–၁၆)
  - ၁. သချိုင်း
  - ၂. အမြုံမ
  - ၃. ရေမရှိသောသဲကန္တာရမြေ
  - ၄. မီး
- ဂ၊ အံ့သြဖွယ် နားလည်ရခက်ခဲသော သိမ်မွေ့သည့် အရာ ၄ ပါး (၃၀း၁၃၊ ၁၉)
  - ၁. လေ၌ ရွှေလင်းတ ဘယ်လမ်းကြောင်းဖြင့် သွားသည်
  - ၂. ကျောက်ပေါ်မှာ မြွေဘယ်ကဲ့သို့ သွားသည်
  - ၃. ပင်လယ်၌ သင်္ဘော ဘယ်လမ်းကြောင်းဖြင့် သွားသည်
  - ၄. အမျိုးသားနှင့်အမျိုးသမီး ဘာကြောင့် ချစ်ကြိုက်ကြသည်
- ဃ၊ မြေကြီးမခံနိုင်သော အရာ ၄ ပါး (၃၀း၂၁–၂၃)
  - ၁. ကျွန်အဖြစ်မှ အရည်အချင်းမရှိဘဲ မင်းဖြစ်လာသူ
  - ၂. လတ်တလော မိမိစားဘို့ကိုသာ ဂရုပြုတတ်သော လူညံ့
  - ၃. လက်ထပ်ယူထားမိသော မယားဆိုး
  - ၄. မိမိအရှင်မ၏ခင်ပွန်းနှင့် လက်ထပ်သော မိန်းမ
- င၊ အကောင်သေးသော်လည်း ပညာဉာဏ်ထက်သည့် အရာ ၄ ပါး (၃၀း၂၄–၂၈)
  - ၁. ပုရွက်ဆိတ် (သေးငယ် အားမရှိသော်လည်း ဆောင်းဥတုအတွက် အစာသိမ်းတတ်သူ)
  - ၂. ရှာဖန်ယုန် (သို့) ခွေးတူဝက်တူ (သေးငယ်သော်လည်း စုရုံး၍ အန္တရာယ်ကို ကာကွယ်တတ်သည်)
  - ၃. ကျိုင်းကောင် (ခေါင်းဆောင်မရှိသော်လည်း အုပ်ဖွဲ့ သွားလာတတ်သည်)
  - ၄. ပင့်ကူ (ပင့်ကူကို အလွယ်တကူ ဖမ်းသတ်နိုင်သည်၊ သို့သော် ပင့်ကူဘုရင်ကိုမူ ရှာရန် ခက်သည်၊ သူ့ဘုရင်အိမ်ကိုသာ တွေ့နိုင်သည်)
- စ၊ ဘုရင့်ဂုဏ် အဆင့်အတန်း မှီသူ ၄ မျိုး (၃၀း၂၉–၃၁)
  - ၁. ခြင်္သေ့၊ တိရစ္ဆာန်တို့၏ဘုရင် (သူသည် မည်သည့်အကောင်ကိုမျှ ချမ်းသာမပေးတတ်)
  - ၂. စစ်မြင်း (ခွေးသမင်)
  - ၃. ဆိတ်ထီး
  - ၄. စွမ်းအားကြီး၍ မိမိစစ်သည်တို့ကို ဦးဆောင်သော ရှင်ဘုရင်
- ဆ၊ ဘုရားရှင်ထံမှ တောင်းဆိုသောဆု ၂ မျိုး (၃၀း၇–၉)
  - ၁. အနတ္တနှင့် မုသာကို ပယ်တော်မူပါ

၂. ဆင်းရဲခြင်းနှင့် ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်၊ အသက်မွေးလောက်သော အစာကိုသာ ပေးတော်မူပါ။

– *သို့မဟုတ် အကျွန်ုပ်သည် ကြွယ်ဝ၍ ထာဝရဘုရားကား အဘယ်သူနည်းဟု ဆိုလျက်၊ ကိုယ်တော်ကို ငြင်းပယ်မည်ဟု စိုးရိမ်စရာရှိပါ၏။ သို့မဟုတ် ဆင်းရဲ၍ သူ့ဥစ္စာကိုခိုးသဖြင့် အကျွန်ုပ်၏ဘုရားသခင် နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုမည်ဟု စိုးရိမ်စရာရှိပါ၏ – (၃၀း၉)*

# ဒေသနာကျမ်း

## ၁။ လူသားတို့၏ပြဿနာများကို စူးစမ်းရှာဖွေ ထွက်ဆိုချက် ( ဒေ ၁ –၂ )

ရှောလမုန်ဘုရင်သည် စတင်စူးစမ်းလေ့လာခြင်း မပြုမီပင် သံသယဖြစ်မှု၊ ဇဝေဇဝါဖြစ်မှု ရှိခဲ့သည်။ သူ့ထင်မြင်ချက်က –

- ခပ်သိမ်းသောအရာတို့သည် အဓိပ္ပါယ်မရှိ၊ အနတ္တသက်သက် ဖြစ်ကြ၏။(၁း၂)
- လူမျိုးဆက်သည်လည်း အသစ်ပေါ်လိုက် ပျောက်သွားလိုက်ဖြစ်၏၊ ဘာမျှထူးခြားမှု မရှိ။(၁း၄)
- ခေတ်အဆက်ဆက် လူ့ပြဿနာသည် မပြီးဆုံးတတ်၊ သတ်ကြဆဲ၊ ဆဲကြဆဲဖြစ်၏။ စက်မှုနည်းပညာများ တိုးတက်၍ လူ့ဘဝပိုကောင်းမည် ထင်ရသော်လည်း လူ့စိတ်မှာ ယခင်အတိုင်းသာရှိ၏ “အလိုအလိုးစုံ ပြည့်စုံသူ တယောက်မျှမရှိ၊ မြင်သမျှ ကြားသမျှ မပြီးပြည့်စုံနိုင် ” (၁း၈)
- ဘုရားရှင်မရှိသောသူသည် မြင်သမျှကြားသမျှ မပြီးနိုင်၊ မိမိအတွက် ထာဝရ အလိုပြည့်စုံခြင်း မရှိနိုင်၊ လူ့ဖြစ်စဉ်များသည် နေရောင်အောက်မှ အချိန်ကာလ အမျိုးမျိုးပြောင်းသော်လည်း ယ္ခုအတိုင်းပင် မပြောင်းလဲဘဲ ရှိနေ၏။(၁း၉၊ ၁၀)
- ပြီးခဲ့သည့်နှစ် ၁၀၀ ခန့်ကအချိန်ကို ယ္ခုအချိန်၌ ဖြစ်ပျက်နေသည့် အရာအားလုံးက မေ့ပစ်ပေလိမ့်မည်။ (၁း၁၁)
- ထိုကဲ့သို့သော ဘဝဖြစ်ပျက်မှု ပြဿနာများသည် နေရာတိုင်းတွင် ဖြစ်နေပါသလား၊ လူသားများရှိရာ မြေပြင်ပေါ်၌ စူးစမ်းလေ့လာပါက ငြိမ်သက်ခြင်းအစစ် အဖြေကို တွေ့နိုင်ပါမည်လား၊ ရှောလမုန်ဘုရင်သည် ကြိုးစားရှာဖွေခဲ့၏။

က၊ လူ့အသိဉာဏ်ပညာဖြင့် ရှာခဲ့၏။(၁း၁၆–၁၈)

– *ငါသည် ကိုယ်စိတ်နှလုံးထဲမှာ ပြောဆိုသည်ကား၊ ငါသည် ငါ့အရင် ယေရုရှလင်မြို့၌ဖြစ်ဘူးသော သူအပေါင်းတို့ထက် ကြီးမြင့်၍ ပညာရှိ၏။ အကယ်စင်စစ် ငါ့စိတ်နှလုံးသည် ပညာအတတ်များကို အထူးသဖြင့် လေ့ကျက်၏။ ပညာတရားကိုငှင်း၊ လျှပ်ပေါ်ခြင်းနှင့် မိုက်မဲခြင်းတို့ကိုငှင်း ပိုင်းခြား၍ သိအံ့သောငှါ ငါသည် နှလုံးထား၏။ ထိုအမှုသည်လည်း လေကိုကျက်စားသောအမှု ဖြစ်သည်ကို ရိပ်မိ၏ – (၁း၁၆–၁၇)*

ခ၊ ပျော်ရွှင်မှုဖြင့် ရှာခဲ့သည်။(၂း၁–၃)

– *ရယ်မောခြင်းကို သင်သည် အရူးဖြစ်၏ ဟူ၍ငှင်း၊ ရွှင်လန်းခြင်းကို အဘယ်ကြောင့် ဤသို့ပြုသနည်း ဟူ၍ငှင်း ငါဆိုရ၏ – (၂း၂) (၈း၁၅ ရှု)*

ဂ၊ သေရည်သေရက်ဖြင့် ရှာခဲ့၏။(၂း၃)

– *စပျစ်ရည်အလိုသို့လိုက်၍ မိုက်သောအကျင့်ဓလေ့၌ ကျင်လည်ခြင်းငှါ ငါကြံစည်၏ –*

ဃ၊ လုပသော အဆောက်အဦး တည်ဆောက်မှုဖြင့် ရှာခဲ့၏။(၂း၄)

– *ကြီးကျယ်သောအလုပ်ကို စီရင်၍ အိမ်တို့ကိုဆောက်၏ –*

င၊ လုပသော ပန်းဥယျာဉ်လုပ်၍ ရှာခဲ့၏။(၂း၄၊ ၆)

– *စပျစ်ယျာဉ်တို့ကိုလည်း စိုက်၏။ ဥယျာဉ်အမျိုးမျိုးကိုပြုစု၍ ခပ်သိမ်းသော အသီးမျိုးကိုသီးသော အပင်တို့ကိုလည်း စိုက်၏။ သစ်ပင်မျိုးနှင့်ပြည့်စုံသော တောကို ရေလောင်းစရာဘို့ ရေကန်တို့ကိုလည်း လုပ်၏* –

**စ၊ လူအစေခံ ပြည့်စုံစွာထား၍ ရှာခဲ့သည်။(၂း၇)**

– *ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို သိမ်းယူ၍ ကျွန်သားပေါက်များလည်း ရှိကြ၏* –

**ဆ၊ တဏှာရာဂဖြင့် ရှာခဲ့သည်။**

– *မင်းသမီးဖြစ်သော ခင်ပွန်း ခုနစ်ရာ၊ မောင်းမ မိသံ သုံးရာရှိ၍၊ သူတို့သည် စိတ်နှလုံးတော်ကို လွဲစေကြသည် – (၃ရာ ၁၁း၃)*

**ဇ၊ ဥစ္စာပစ္စည်း ကြွယ်ဝပြည့်စုံခြင်းဖြင့် ရှာခဲ့သည်။(၂း၇၊ ၈)**

– *ငါ့အရင် ယေရုရှလင်မြို့၌ ဖြစ်ဘူးသောသူ အပေါင်းတို့ထက် ငါသည် တိရစ္ဆာန် အကြီးအငယ်တို့နှင့် အလွန်ရတတ်၏။ ရွှေငွေကိုင်၄င်း၊ ရှင်ဘုရင်နှင့်ဆိုင်သော ဘဏ္ဍာ၊ ကျေးရွာတို့၌ခွဲသော အခွန်ကို၄င်း ငါဆည်းပူး၏။ အငြိမ့်သမား ယောကျ်ား မိန်းမတို့ကို၄င်း၊ လူသားတို့ပျော်မွေ့တတ်သော ကြင်လျှာ မိန်းမ မောင်းမ မိသံတို့ကို၄င်း ငါသိမ်းယူ၏* –

**ဈ၊ အပြည်ပြည်တို့တွင် ဂုဏ်သတင်းကြီးမားမှုဖြင့် ရှာခဲ့သည်**

– *ကိုယ်တော်၏ အခြင်းအရာနှင့် ကိုယ်တော်၏ ပညာကို အကျွန်ုပ်သည် ကိုယ်ပြည်၌ကြားရသော သိတင်းစကားမှန်ပါ၏။ သို့သော်လည်း ကိုယ်တိုင်ရောက်၍မမြင်မှီ ထိုစကားကိုမယုံ။ ယခုမူကား အရင်ကြားသောစကားသည် တဝက်ကိုမျှမမှီ။ ကိုယ်တော်၏ပညာနှင့် ကိုယ်တော်၏စည်းစိမ်သည် အကျွန်ုပ်ကြားရသော သိတင်းစကားကို လွန်ကဲပါ၏ – (၃ရာ ၁၀း၆–၇)*

**ည၊ ဂီတတေးသံဖြင့် ရှာခဲ့သည်။(၂း၈)**

– *အငြိမ့်သမား ယောကျ်ား မိန်းမတို့ကို၄င်း – – – – သိမ်းယူ၏* –

**ဋ ၊ စာပေကျမ်းဂန် လေ့လာခြင်းဖြင့် ရှာခဲ့သည်။**

– *စီရင်တော်မူသော သုတ္တံစကား သုံးထောင်နှင့် သီချင်း တထောင်ငါးခု ရှိ၏ – (၃ရာ ၄း၃၂)*

**ဌ၊ သဘာဝသစ်ပင် သတ္တဝါများကို လေ့လာခြင်းဖြင့် ရှာခဲ့သည်။**

– *လေဗနုန် အာရဇ်ပင်မှစ၍ အုတ်ရိုးနားမှာပေါက်တတ်သော ဟုဿုပ်ပင်တိုင်အောင် မြွက်ဆို၏။ သားမျိုး၊ ငှက်မျိုး၊ ပိုးကောင်မျိုး၊ ငါးမျိုးတို့၏ အကြောင်းကိုလည်း မြွက်ဆို၏ – (၃ရာ ၄း၃၃)*

**ဍ၊ ကြီးမားသော စစ်အင်အား တည်ဆောက်ခြင်းဖြင့် ရှာခဲ့သည်။**

– *ရှောလမုန်သည်လည်း ရထားတော်များနှင့်ဆိုင်သော မြင်းတင်းကုပ် လေးထောင်၊ မြင်းစီးသူရဲ နှစ်ထောင်ရှိ၏ – (၃ရာ ၄း၂၆)*

## ၂။ လူ့ပြဿနာများကို လေ့လာမှုအဆုံး၌ သဘောပေါက်နားလည်မှု ( ဒေ ၃း၁၀ )

ရှောလမုန်ဘုရင်သည် ခရီးလှည့်လည်၍ လူသားတို့၏ ပြဿနာများအပေါ် စူးစမ်းလေ့လာခဲ့ပြီး အိမ်သို့ပြန်ခဲ့သည် (၄း၁)။ သူသည် လေ့လာမှုကို သုံးသပ်ရာ၌ ဘုရားရှင်မရှိသောသူ၏ အသက်တာသည် –

က၊ (အနတ္တ) အချည်းနှီးသက်သက် ဖြစ်သည်။(၂း၁၁)

ခ၊ ဖြစ်ပျက်နေဘူးသော ဓမ္မတာအရာကို မွေးလိုက်၊ သေလိုက်၊ ငိုလိုက်၊ ရယ်လိုက် ထပ်လုပ်ခြင်းသာ ဖြစ်သည်။(၃း၁–၈)

ဂ၊ ဒုက္ခရောက်ချိန် အားပေးသူမရှိ၊ ဘုရားမရှိသောကြောင့် ဝမ်းနည်းခြင်းနှင့် ပြည့်နှက်နေခြင်းသာ ဖြစ်သည်။(၄း၁)

ဃ၊ ခက်ခဲပြီး အကျိုးမဲ့၊ ဘဝရုပ်ပိုင်း ကောင်းစားရန်ကြိုးစားရာ မအောင်မြင်၊ အောင်မြင်ပြန်လည်း မငြိမ်သက်ခြင်းသာ ဖြစ်၏။(၂း၁၇)

င၊ တော်လည်း ဆင်းရဲရ၊ လက်ရာကောင်းလည်း မထင်ပေါ်၊ တက္ကသိုလ်မှဆင်း၍ လှည်းမောင်းနေရ၊ မသေချာခြင်းသာ ဖြစ်၏။(၉း၁၁–၁၂)

စ၊ ဦးတည်ရာ မဲ့နေခြင်းသာ ဖြစ်၏။(၄း၂၊ ၃၊ ၈း၁၅)

ဆ၊ ဘုရားပျောက်နေ၍ ဘာလုပ်ရမှန်းမသိ၊ ကုသ၍မရခြင်းသာ ဖြစ်သည်။(၁း၁၅)

ဇ၊ ငယ်သူသေ၊ ကြီးသူဆက်ရှင်၊ ဆိုးသူကောင်းစား၊ ကောင်းသူအသက်တို၊ တိကျမှု မရှိခြင်းသာ ဖြစ်သည်။(၇း၁၅၊ ၈း၁၄၊ ၉း၁၁၊ ၁၀း၆၊ ၇)

ဈ၊ တိရစ္ဆာန်နှင့်မထူး ခြားနားခြင်းသာ ဖြစ်၏။(၃း၁၉)

## ၃။ လူ့ပြဿနာများ ဖြေရှင်းအောင်မြင်ရန် အကောင်းဆုံးနည်းလမ်း ( ဒေ ၁၁း၁၂ )

ရှောလမုန်သည် လူ့ပြဿနာ အဝဝကို လေ့လာပြီးနောက် လူ့ပြဿနာများမှာ ဘုရားမဲ့နေခြင်းကြောင့်ဖြစ်

သည်။ ထို့ကြောင့် လူ့ပြသနာများကိုရှင်းရန် နည်းလမ်းမှာ –
က၊ မိမိအသက်တာ၌ အမြန်ဆုံး အဦးဆုံး ဘုရားသခင်ကို ရှာဖွေပါ။(၁၁း၉၊ ၁၀၊ ၁၂း၁–၂)
ခ၊ ဘုရားရှင်ကို ကြောက်ရွံ့၍ အလိုတော်အတိုင်း အသက်ထက်ဆုံး အသက်တာကို လျှောက်ပါ။ (၁၂း၁၃–၁၄)

# ရှောလမုန်သီချင်း

## ၁။ ချစ်ခြင်းမေတ္တာနှင့် အပြစ်ကို ဖွင့်ဆိုခြင်း

က၊ အသင်းတော်က ခရစ်တော်၏မေတ္တာကို ချီးမွမ်းခြင်း (၁း၁–၄)
ဤကျမ်းပိုဒ်၌ သတို့သားက သတို့သမီးနှင့် ချစ်ခန်းဖွင့်ပုံနှင့် ခိုင်းနှိုင်းထားသည်ကို တွေ့နိုင်သည်။ (အသင်းတော်အား ခရစ်တော်ချစ်မြတ်နိုးပုံကို ဖွင့်ဆိုချက်ဖြစ်သည်)

ခ၊ အသင်းတော်က မိမိအပြစ်ကို ဝန်ချတောင်းပန်ခြင်း (၁း၅–၆)
(အမည်းရောင်သည် အပြစ်ကိုဆိုလိုသည်)

ဂ၊ အသင်းတော်က ခရစ်တော်ထံမှ ပြန်လည်၍ ချစ်ခြင်းမေတ္တာရှိရန် တောင်းခံချက် (၁း၇)

ဃ၊ ခရစ်တော်က အသင်းတော်အား မိမိထံပြန်လာရန် တောင်းပန်ခြင်း (၁း၈)

င၊ ခရစ်တော်က အသင်းတော်ကိုချစ်ကြောင်း ဖွင့်ဆိုချက် (၁း၉–၁၀)
(မှန်ကန်စွာလျှောက်သောအသင်းတော်သည် ခရစ်တော်၏ အလှဆုံးသတို့သမီးဖြစ်၏)

စ၊ ခရစ်တော်က အနာဂတ်၌ အသင်းတော်အပေါ် ဂတိပြုချက် (၁း၁၁)
(အသင်းတော်များ ခံစားရမည့်ဆုများ)

ဆ၊ အသင်းတော်နှင့်ခရစ်တော် အတူတွဲ၍ ပဏာရစွာ ရှိပုံ (၁း၁၂–၁၇)
(ဤကျမ်းပိုဒ်သည် လောကီသားများအမြင်နှင့်ဆိုလျှင် အဓိပ္ပါယ်ဆိုးထွက်မည် ဖြစ်သော်လည်း၊ စစ်မှန်သောအိမ်ထောင်ဖက် လင်မယားအဖို့မူ နှစ်လိုဖွယ်သော အဓိပ္ပါယ်သက်ရောက်ပေမည်။ အမှန်မှာ ခရစ်တော်နှင့်အသင်းတော်ကြား ချစ်ခြင်းမေတ္တာကို ဖွင့်ဆိုခြင်းဖြစ်သည်)

## ၂။ မျှော်လင့်ချက်နှင့်ယုံကြည်ချက်များ

အသင်းတော်နှင့်ခရစ်တော်သည် ချစ်ခြင်းမေတ္တာဖြင့် ရစ်ပတ်လျှက်ရှိ (၂း၁–၇)

က၊ အသင်းတော်အတွက် မျှော်လင့်ချက် (၂း၈)
(အသင်းတော်သည် ခရစ်တော်၏ခေါ်တော်မူသံ (ချီဆောင်ခံရချိန်) ကို မျှော်လင့်လျှက်ရှိပေသည်)

ခ၊ ခရစ်တော်၏ပြန်ကြွလာချက် (၂း၈–၉)

ဂ၊ ခရစ်တော်၏ခေါ်တော်မူချက် (၂း၁၀–၁၃)
(ခရစ်တော်သည် ပြန်ကြွလာသောအခါ အာကာသတွင်းမှ ကျနုပ်တို့ကိုဆီးကြို၍ သူနှင့်အတူ ထာဝရ ပျော်ရွှင်စေမည်)

ဃ၊ ခရစ်တော်သည် အသင်းတော်ကို ကွယ်ကာစောင့်မမည်။(၂း၁၄–၁၅)

င၊ အသင်းတော်၏ယုံကြည်ချက် (၂း၁၆–၁၇)

## ၃။ အသင်းတော်၏အခက်အခဲများနှင့် ဝမ်းသာပျော်ရွှင်ရမှုများ

က၊ အသင်းတော်သည် အခက်အခဲများ ကြုံတွေ့ရသည်။(၃း၁–၄)
(အသင်းတော်ဆုတောင်းသောအခါ ခရစ်တော်သည် မတုံ့ပြန်ဘဲ ကျနုပ်တို့၏ယုံကြည်ချက်ကို စမ်းသပ်ကောင်း စမ်းသပ်နိုင်သည်)

ခ၊ အသင်းတော်၏ ဒုက္ခခက်ခဲမှုများမှ အောင်မြင်ခြင်း (၃း၄–၅)
(အသင်းတော်သည် ဒုက္ခခက်ခဲများ ကြုံတွေ့ရသော်လည်း နောက်ဆုံးတွင် ခရစ်တော်ကိုဖူးမြင်ရပေမည်)

ဂ၊ အသင်းတော်သည် ခရစ်တော်ကြောင့် ပျော်ရွှင်ရမှု (၃း၆–၁၁)

## ၄။ လုပသန့်ရှင်းခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း

က၊ ခရစ်တော်သည် အသင်းတော်၏လုပခြင်းကို ထုတ်ဖော်ခြင်း (၄း၁–၇)
(အလှပဆုံးအသင်းတော်သည် ခရစ်တော်၏အလိုတော်နှင့် ညီရမည်)
ခ၊ ခရစ်တော်သည် သူ၏အသင်းတော်အပေါ် ချစ်ခြင်းကိုထုတ်ဖော်ခြင်း (၄း၈–၁၅)
ဂ၊ အသင်းတော်သည် ခရစ်တော်၏ပြန်ကြွလာခြင်းအပေါ် ပြင်ဆင်ထားခြင်း (၄း၁၆)
(အသင်းတော်သည် မိမိကိုယ်ကိုကြိုးစား၍ ပြင်ဆင်ထားသင့်သည်)

## ၅။ သတို့သား၏ နှိုးထစေခြင်း ( ၅ )

က၊ ခရစ်တော်သည် အသင်းတော်အား နှိုးထ၏၊ အသင်းတော်ကား အမှုဆောင်ရန် အသင့်မဖြစ်သေးချေ။ (၅း၁–၃)
ခ၊ အသင်းတော်နိုးထ၍ လိုက်ရှာသောအခါ ခရစ်တော်ကိုမတွေ့တော့ချေ။(၅း၄–၈)
(အသင်းတော်သည် အလုပ်ကို ကြိုးစား၍ရသော အချိန်ကောင်းကို မလွတ်တမ်းလုပ်ရမည်။ သို့မ ဟုတ်ပါက အချိန်ကောင်း အခွင့်ရေးကောင်းများ ပျောက်ဆုံးသွားတတ်၏)
ဂ၊ အသင်းတော်က ခရစ်တော်၏ ချောမောလှပုံကို ဖွင့်ဆိုချက် (၅း ၉–၁၆)

## ၆။ ယုံကြည်ခြင်းနှင့်ချစ်ခြင်း ( ၆ )

က၊ ခရစ်တော်သည် အသင်းတော်ကိုချစ်မည်။(၆း၁)
ခ၊ အသင်းတော်၏ယုံကြည်မှု (၆း၂–၃)
ဂ၊ အသင်းတော်၏ လုပသန့်ရှင်းမှု (၆း၄–၉) (ဝိညာဉ်စင်ကြယ်မှုကို ဆိုလိုသည်)
ဃ၊ ခရစ်တော်၏ အသင်းတော်အပေါ်ချစ်ခြင်း (၆း၁၀–၁၃)

## ၇။ အပြစ်အနာဆာကင်းခြင်းနှင့် စိတ်ချခြင်း

က၊ အသင်းတော်၏ အပြစ်အနာအဆာ ကင်းခြင်း (၇း၁–၉)
ခ၊ ခရစ်တော်၌ စိတ်ချယုံကြည်မှု (၇း၁၀–၁၃)

## ၈။ ချစ်ခြင်းမေတ္တာနှင့် ပြန်လည်ကြွလာမှု

က၊ အသင်းတော်၏ ခရစ်တော်ကိုချစ်ခြင်း (၈း၁–၅)
ခ၊ ခရစ်တော်ကို အလွန့်အကျွံ့ချစ်ခြင်း (၈း၆–၇)
ဂ၊ တပါးအမျိုးသားများကို ဖိတ်ခေါ်ခြင်း (၈း၈–၁၃) (ညီမ – တပါးအမျိုးသား)
ဃ၊ ခရစ်တော် အမြန်ကြွလာရန် ဖိတ်ခေါ်ခြင်း (၈း၁၄)

# ဟေရှာယ အနာဂတ္တိကျမ်း
# ( တောင်ပိုင်းနိုင်ငံသို့ရည်ညွှန်းသည် )

ဟေရှာယသည် အာမုတ်၏သား ဖြစ်သည် (၁း၁၊ ၂း၁၊ ၁၃း၁၊ ၂၀း၂၊ ၃၇း၂)။ ဘုရားရှင်သည် သူ့အား 'ချောမွတ်နေသောမြှားတံ' အဖြစ် အသုံးပြုရန် မွေးစအချိန်ကပင် ရွေးချယ်ထားခဲ့သည် (၄၉း၁–၂)။ သူသည် ယုဒပြည်ကိုအုပ်စိုးသော ဩဇိ၊ ယောသံ၊ အာဟတ်နှင့် ဟေဇကိ ဘုရင်တို့လက်ထက်က ပေါ်ထွန်းခဲ့သောသူ ဖြစ်သည်။(၁း၁)

ဟေရှာယသည် ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ဟောပြောခဲ့သည်။ ဣသရေလများအား လုပ်ခဲ့သောအပြစ်များအတွက် ဘုရားရှင်၏ဖျက်ဆီးခြင်း ခံရမည့်အကြောင်းကိုလည်း သတိပေးခဲ့သူဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ ဟေရှာယ၏အကြောင်းကို အကြိမ် ၂၀ ခန့် ဖော်ပြခဲ့သည်။ ဟေရှာယအနာဂတ္တိကျမ်းသည် အနာဂတ္တိကျမ်းစာအပေါင်းတို့တွင် အရှည်လျားဆုံးသော ကျမ်းဖြစ်ပြီး သခင်ယေရှု၏အကြောင်းကို အခြား အနာဂတ္တိကျမ်းများတို့ထက် ပိုမိုဖော်ပြခဲ့သည်။ ဟေရှာယသည် ခရစ်တော်၏ ဒုက္ခစရိယာများ အကြောင်းကိုလည်း ပရောဖက်ပြုခဲ့ယုံမက ဘုန်းတော်ဖြင့် ကြွလာမည့်အကြောင်းများကိုလည်း ပရောဖက်ပြုခဲ့၏။ အခြား ဓမ္မဟောင်းကျမ်းစာများထက် မေရှိယ (ခရစ်တော်) အကြောင်းကို ပိုမိုဖော်ပြခဲ့သည်။

## အခြေခံ အကြောင်းအရာအမျိုးမျိုး အကျဉ်းချုပ်

### ၁။ ဘုရားရှင်ကိုဖေါက်ပြန်သောလူ ဣသရေလများနှင့် ၎င်း၏ရန်သူများသို့ ( ဟေ ၁း၃၅ )

က၊ ဣသရေလ၏အပြစ်များသို့ (၁၊ ၃၊ ၅)
ခ၊ ဣသရေလတို့၏အနာဂတ်သို့ (၂၊ ၄၊ ၉၊ ၁၁ – ၁၂၊ ၂၅ – ၃၅)
ဂ၊ ဣသရေလနှင့်ပတ်သက်သော ရူပါရုံ (၆)
ဃ၊ ဣသရေလတို့၏ မယုံကြည်သူဘုရင်သို့ (၇)
င၊ ဣသရေလတို့၏ ရန်သူများအပေါ်တရားစီရင်မှု (၁၃ – ၃၅)
၁. ဗါဗုလုန် (၁၃း၁၄၊ ၂၁)
၂. အာရှုရိ (အဆီးရီးယား) (၁၄း၂၄–၂၇)
၃. ဖိလိတ္တိ (၁၄း၂၈–၃၂)
၄. မောဘ (၁၅း၁–၉)
၅. ဒမာသက် (ဒမားစကတ်) (၁၇)
၆. အဲသရောပိ (၁၈)
၇. အဲဂုတ္တု (အီဂျစ်) (၁၉ – ၂၀)
၈. ဧဒုံ (၂၁း၁၁၊ ၁၂)
၉. အာရပ် (၂၁း၁၃–၁၇)
၁၀. တုရု (၂၃)
၁၁. တကမ္ဘာလုံး (၂၄း၂၅)

### ၂။ ဘုရားရှင်ကို ထိတ်လန့်ကြောက်ရွံ့တတ်သူ ဟေဇကိ ( ၃၆ – ၃၉ )

က၊ ဟေဇကိနှင့် ရှုရိ (ဆီးရီးယား) ဘုရင် (၃၆ – ၃၇)
ခ၊ ဟေဇကိနှင့် ကောင်းကင်ဘုံရှင်ဘုရင် (၃၈)
ဂ၊ ဟေဇကိနှင့် ဗါဗုလုန်ရှင်ဘုရင် (၃၉)

### ၃။ ဘုရားရှင်၏သစ္စာရှိသူ ခရစ်တော် ( ၄၀ – ၆၆ )

က၊ ကယ်လွှတ်ခြင်း – – ဘုရားရှင်၏နှစ်သိမ့် (၄၀ – ၄၈)
၁. ဘုရားရှင်နှင့် ရုပ်တုဆင်းတု (၄၀ – ၄၆)
၂. ဘုရားရှင်နှင့် နိုင်ငံအမျိုးမျိုး (၄၇ – ၄၈)
ခ၊ ကယ်လွှတ်သူ – – ဘုရားရှင်၏ကယ်တင်ခြင်း ပေးသူ ယေရှု (၄၉ – ၅၇)
ဂ၊ ကယ်တင်ခံရသူ – – ဘုရားရှင်၏ဘုန်းတော်လူမျိုး ဣသရေလ (၅၈ – ၆၆)
(မှတ်ချက်။ ။အတိတ်က ဣသရေလတို့၏ကာယပိုင်းကို မစခဲ့သလို အနာဂါတ်၌ ဣသရေလတို့၏ ဝိညာဉ်ပိုင်းကို မစလိမ့်မည်)

## ဟေရှာယ၏ ပရောဖက်ပြုမှုကို အကျဉ်းချုပ်သုံးသပ်ခြင်း

## ၁။ သူအသက်ရှိစဉ်ကာလ၌ပင် ပြည့်စုံခဲ့သော သူ၏ ပရောဖက်ပြုချက်များ

က၊ ယုဒပြည်သည် ရှုရိပြည်နှင့် ဣသရေလပြည်၏အန္တရာယ်မှ လွတ်ကင်းလိမ့်မည်။(၇း၁–၁၆)
ခ၊ ဆီးရီးယားနှင့် ဣသရေလတို့သည် အဆီးရီးယား၏ ဖျက်ဆီးတိုက်ခိုက်ခြင်းကို မကြာမီခံကြရသည်။ (၈း၄၊ ၁၇း၁–၁၄၊ ၂၈း၁–၄)
ဂ၊ အဆီးရီးယားသည် ယုဒပြည်ကို ချဉ်းနင်းဝင်ရောက်လိမ့်မည်။(၈း၆–၈)
(ရှိလော = ဘုရားရှင် – ယေရှု) (ရေတက်ခြင်း = ရန်သူဝိုင်းခြင်း)
ဃ၊ ထိုအဖြစ်အပျက်များအကြားတွင် ယေရုရှလင်မြို့ ဘေးလွတ်လိမ့်မည်။(၃၇း၃၃–၃၅)
င၊ (၃)နှစ်အတွင်း၌ မောဘပြည်သည် အဆီးရီးယားကို ဒါဏ်ခတ်လိမ့်မည်။(၁၅ – ၁၆)
စ၊ အဲဂုတ္တု နှင့် အဲသရောပိပြည်သည် အဆီးရီးယန်း၏ တိုက်ခိုက်အောင်မြင်ခြင်းကိုခံရမည်။(၁၈ – ၂၀)
ဆ၊ အာရပ်ပြည်သည်လည်း အဖျက်ဆီးခံရမည်။(၂၁း၁၃–၁၇)
ဇ၊ တုရုမြို့သည်လည်း အဖျက်ဆီးခံရမည်။(၂၃း၁–၁၂)
ဈ၊ ဟေဇကိဘုရင်အသက်သည် ၁၅ နှစ် ပိုရှည်လိမ့်မည်။(၃၈း၅)
ည၊ အဆီးရီးယန်းသည် ဘုရားရှင်၏ဒါဏ်ခတ်ခြင်း ခံရမည်။(၁၀း၅–၃၄၊ ၁၄း၂၄–၂၇၊ ၃၀း၂၇–၃၃၊ ၃၇း၃၆)

## ၂။ သူမရှိတော့သည့်နောက်ပိုင်းမှ ပြည့်စုံခဲ့သော သူ၏ ပရောဖက်ပြုချက်များ

က၊ ဗါဗုလုန်၏ ဖမ်းဆီးခေါ်ဆောင်ခံရခြင်း (၃း၁–၈၊ ၅း၂၆–၃၀၊ ၂၂း၁–၁၄၊ ၃၉း၅–၇)
ခ၊ ဆိုင်းရပ် (ကုရု) ဘုရင်သည် ဗါဗုလုန်ကိုအောင်မြင်ခြင်း (၁၃း၁၇–၂၂၊ ၁၄း၁–၂၃၊ ၂၁း၂၊ ၄၆း၁၁၊ ၄၈း၁၄)
ဂ၊ ဗါဗုလုန်သည် ပျက်စီး၍ အမြဲတမ်း လူသူကင်းမဲ့ရာ နေရာဖြစ်မည်။(၁၃း၂၀–၂၂၊ ၄၇း၁–၁၅)
ဃ၊ ပေရသိ (ပါရှား)၊ ဆိုင်းရပ် (ကုရု) ဘုရင်၏ အောင်မြင်ခြင်းများ (၄၁း၂–၃၊ ၄၄း၂၈၊ ၄၅း၁–၄)
(အံ့သြဖွယ်ဖြစ်သည်၊ ဟေရှာယ ထိုသို့ ကုရုဘုရင်အကြောင်း ပရောဖက်ပြုချိန်၌ ကုရုဘုရင် မမွေးဖွါးသေးချေ)
င၊ ကုရုဘုရင်မှ ဣသရေလများကို နေရပ် ယေရုရှလင်သို့ ပြန်ခွင့်ပေးမှု (၄၄း၃၈၊ ၄၅း၁၃)
စ၊ ယေရုရှလင်မြို့ရောက် ပြည်တော်ပြန် ဣသရေလများ၏ ဝမ်းမြောက်မှု (၄၈း၂၀၊ ဆာ ၁၂၆)
ဆ၊ တုရုမြို့ကို ပြန်လည်တည်ဆောက်ခြင်း (၂၃း၁၃–၁၈)
ဇ၊ ဧဒုံပြည်သည် အမြဲတမ်း လူသူကင်းမဲ့ရာနေရာ ဖြစ်မည်။(၃၄း၅–၁၇)
ဈ၊ ခရစ်တော်၏ မွေးဖွါးခြင်း၊ လူ့ဘဝသက်တာ၊ ဝေဒနာခံခြင်း၊ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့တက်ကြွခြင်း၊ ချီးမြှောက်ခံရခြင်းများ (၇း၁၄၊ ၁၅၊ ၉း၁–၂၊ ၆၊ ၁၁း၁–၂၊ ၃၅း၅–၆၊ ၄၂း၁–၃၊ ၅၀း၄–၆၊ ၅၂း၁၃–၁၅၊ ၅၃း၂၊ ၁၀–၁၂၊ ၁၅၊ ၆၁း၁–၂)
ည၊ ဗတ္တိဇံဆရာယောဟန်၏ အမှုဆောင်မှု (၄၀း၃–၅)

## ၃။ မပြည့်စုံသေးသည့် သူ၏ ပရောဖက်ပြုထားမှု

က၊ ဘေးဒါဏ်ကြီးကာလ
ခ၊ အာမဂေဒုန်စစ်ပွဲ
ဂ၊ မိလေနိလ နှစ် ၁၀၀၀ ကာလ

# ဟေရှာယအနာဂတ္တိကျမ်းစာပါ တပါးအမျိုးသားနိုင်ငံများ

## ၁။ ဗါဗုလုန်ပြည်သို့ ( ၁၃ – ၁၄၊ ၂၁ )

က၊ ဗါဗုလုန်သည် မေဒိပြည်၏ဖျက်ဆီးမှုကို ခံရမည်။(၁၃း၁၇ –၂၂)
ခ၊ ဗါဗုလုန်၏ စစ်သားများသည် မိမိတို့နိုင်ငံကို စွန့်ခွာသွားကြမည်။ ၎င်းနောက် လူသူဆိတ်ငြိမ်၍ တောခွေးများ ကျက်စားရာလွင်ပြင် ဖြစ်လိမ့်မည်။(၁၃း၁၄)
ဂ၊ ဗာဗုလုန်၏စစ်သားများ ၎င်းတို့၏ကလေးများ အသတ်ခံရမည်။ ၎င်းတို့၏ဇနီးများ မုဒိန်းကျင့်ခံရမည်။(၁၃း၁၅–၁၆)
ဃ၊ အထက်ပါ ဗါဗုလုန်အတွက် အမင်္ဂလာများကြောင့် ဟေရှာယကိုယ်တိုင်ပင် ထိတ်လန့် မကျန်းမမာ

ဖြစ်ခဲ့ရသည်(၂၁း၃–၅)
င၊ ထိုမြို့သည် အဖျက်ဆီးခံရမည်။(၂၁း၆–၁၀၊ ယေ ၅၁း၃၁–၃၃)
စ၊ ဗါဗုလုန်သည် လူသူကင်းမဲ့ရာနေရာ ဖြစ်လိမ့်မည်။(၁၄း၂၃)
စာတန်၏ နေရာဖြစ်လိမ့်မည် (၁၃း၁၉–၂၁)
ဆ၊ ဗါဗုလုန်မြို့ကို မည်သည့်အခါမှ ပြန်တည်ဆောက်ခွင့် မရှိရ။

## ၂။ အဆီးရီးယားပြည်သို့ ( ၁၄း၂၄–၂၇ )

က၊ ဘုရားရှင်သည် ဗါဗုလုန်အားဖြင့် အဆီးရီးယန်းတပ်များကို ဣသရေလတို့၏တောင်ပေါ်၌ ချေမှုန်းပစ်မည်။(၁၄း၂၅)
ခ၊ အဆီးရီးယန်းတို့သည် ဣသရေလများကို ထပ်မံ ဒုက္ခပေးနိုင်ခွင့်မရှိ ဖြစ်မည်။ (ဗါဗုလုန်က အဆီးရီးယန်းကိုတိုက်သောကြောင့် ဖြစ်သည်)

## ၃။ ဖိလိတ္တိပြည်သို့ ( ၁၄း၂၈–၃၂ )

က၊ ဘုရားရှင်က ဖိလိတ္တိတို့အား မိမိတို့နှင့် စစ်ခင်းခဲ့ဘူးသူ ယုဒဘုရင် အာဟပ်သေသောကြောင့် ဝမ်းမမြောက်ကြရန် သတိပေးခဲ့သည်။(၁၄း၂၈–၂၉)
ခ၊ အာဟပ်၏သား ဟေဇကိမင်း နန်းတက်သောအခါ ဖိလိတ္တိကို ပိုမို၍အပြင်းအထန် တိုက်ခိုက်လိမ့်မည်။(၁၄း၂၉)
ဂ၊ နောက်ဆုံးတွင် အဆီးရီးယန်းဘုရင် "ဆာဂုတ်" က ဖိလိတ္တိတို့ကို ချေမှုန်းလိမ့်မည်။

## ၄။ မောဘပြည်သို့ ( ၁၅ – ၁၆ )

က၊ မောဘပြည်သည် ဘုရားရှင်၏ ဒါဏ်ခတ်ခြင်းခံရမည်။ ၎င်းပြည်၏ အရေးပါသော မြို့များအားလုံးကို တညခြင်းတွင် ဘုရားရှင်ဖျက်ဆီးလိမ့်မည်။(၁၅း၁)
(ရန်သူကြောင့်၎င်း၊ လျောင်ကြောင့်၎င်း ဖြစ်နိုင်သည်)
ခ၊ မောဘပြည်ရှိ ဒေသအားလုံးတို့၌ ငိုကြွေး မြည်တမ်းကြရမည်။(၁၅း၈)
ဂ၊ ကျန်လူများကို ခြင်္သေ့မှ ကိုက်စားလိမ့်မည်။(၁၅း၉)
ဃ၊ ကျန်ရှိသော မောဘလူများ ဘုရားရှင်ထံပြန်လာရန် ဘုရားရှင်ဖိတ်ခေါ်သည်။ သူတို့သည် ယခင်ကာလများကဲ့သို့ ဝမ်းမြောက်စွာဖြင့် ဣသရေလတို့အား အခွန်ပေးရန် (၁၆း၁၊ ၄ရာ ၃း၄–၉)
င၊ မောဘလူမျိုးတို့သည် အထက်ပါမှာကြားချက်ကို လက်မခံဘဲ မာနထောင်လွှားကြလိမ့်မည်။(၁၆း၆)
စ၊ ဟေရှာယသည် မောဘအပေါ် ဘုရားရှင်ဒါဏ်ခတ်မည့် ကိစ္စအတွက် ရတက်မအေး ဖြစ်ရသည်။(၆း၁၁)
ဆ၊ ၃ နှစ်ခန့်အကြာတွင် ဘုရားရှင်၏ ဒါဏ်ခတ်ခြင်းကို မောဘခံရသည်။ အဆီးရီးယန်းတို့သည် မောဘပြည်ကို ချဉ်းနင်းဝင်ရောက် တိုက်ခိုက်ကြသည်။(၁၆း၁၄)

## ၅။ ဒမာသက်မြို့ ( ၁၇ )

က၊ ဧဖရိမ် (မြောက်ပိုင်း ဣသရေလအနွယ်တစု) နှင့် ဒမာသက်တို့သည် ပူးပေါင်းမဟာမိတ်ဖွဲ့ပြီး ယုဒပြည်ကိုတိုက်ခိုက်ရန် ကြံစည်ကြသောကြောင့် ဘုရားရှင်၏ဒါဏ်ခတ်ခြင်းကို ခံရမည်။(၁၇း၃)
ခ၊ အထက်ပါ မဟာမိတ်နှစ်နိုင်ငံတို့သည် အဆီးရီးယန်းဘုရင် "တိဂလတ်ပိလေသာ" ၏ ချေမှုန်းဖျက်ဆီးခြင်းကိုခံကြရသည် (၄ရာ ၁၅း၂၉)။ နောက်ဆုံးတွင် အဆီးရီးယန်းဘုရင် "ရှာလမနေဇါ" သည် ဣသရေလနှင့် ဒမာသက်တို့ကို မိမိနိုင်ငံသို့ ကျွန်အဖြစ် ခေါ်ဆောင်ဖမ်းသွားခဲ့သည်။(၄ရာ ၁၇း၆)

## ၆။ အဲသယောပိပြည် ( ၁၈ )

က၊ ထိုနိုင်ငံသည် ဣသရေလကိုတိုက်ခိုက်ရန် ပြင်ဆင်ခဲ့သည်။ သို့သော် ဘုရားရှင်၏ ဒါဏ်ခတ်ခြင်းကိုခံရ၍ ၎င်းတို့စစ်သားများ၏ အလောင်းများကို ငှက်တို့ လာရောက်စားသောက်ကြမည်။(၁၈း၄–၆)
(ဤအဖြစ်အပျက်သည် "ဘေးဒဏ်ကြီးကာလ" ကို ရည်ရွယ်ဟန်ရှိသည်။ ထိုကာလ၌ ကမ္ဘာ့နိုင်ငံအများအပြား ဣသရေလကို တိုက်ခိုက်ကြလိမ့်မည်)
ခ၊ ထိုအဖြစ်များအပြီး၌ အဲသယောပိပြည်သည် ယေရုရှလင်မြို့ ထာဝရဘုရားထံသို့ လက်ဆောင်ပဏ္ဏာများဆောင်ယူလာ၍ ဆက်ကပ်လိမ့်မည် (မိလေနိယကာလ)။ (၁၈း၇)

၇။ အဲဂုတ္တုပြည် ( ၁၉ – ၂၀ )

ကျ။ အဲဂုတ္တုပြည်သည် ရုပ်တုဆင်းတု ကိုးကွယ်သောကြောင့် ဘုရားရှင်၏ဒါဏ်ခတ်ခြင်းကို ခံရမည်။

(၁၉း၁) အဲဂုတ္တုပြည်သည် အစဦးက အမည်မသိ ဘုရားတခုကို ကိုးကွယ်သည်။ ၎င်းနောက် နွား ဘုရား၊ ဖါးဘုရား၊ ငါးဘုရား၊ ငှက်ဘုရား စသည်တို့ကို ကိုးကွယ်ပြန်သည်။

၁. အဲဂုတ္တုပြည်သည် ကြမ်းကြုတ်သော ဘုရင်တပါး၏ အုပ်စိုးခြင်းခံရမည်။(၁၉း၄)

၂. အဲဂုတ္တုပြည်သားတို့သည် အချင်းချင်း တိုက်ခိုက်ကြမည်။(၁၉း၂)

၃. နိုင်းလ်မြစ်ရေသည် ခန်းခြောက်၍ ပုပ်စပ်ကုန်လိမ့်မည်။(၁၉း၅–၆)

၄. မြစ်တခုလုံး ခြောက်သွေ့လိမ့်မည်။(၁၉း၇)

၅. တံငါလုပ်ငန်း ပျက်စီးလိမ့်မည်။(၁၉း၈၊ ၁၀)

၆. မြစ်မှရသော ကျူပင်ဖြင့်ရက်သည့် အဝတ်ထည်လုပ်ငန်း ပျက်စီးလိမ့်မည်။(၁၉း၉)

၇. အဲဂုတ္တုပြည်သည် အရက်မူးသမားကဲ့သို့သော ကာလဖြစ်လိမ့်မည်။(၁၉း၁၄)

၈. ယုဒပြည်ကို ၎င်းတို့သည် ကြောက်ရွံ့ကြလိမ့်မည်။(၁၉း၁၇)

ခ။ သို့သော် တနေ့သောအခါ ထိုအဖြစ်အပျက်များ ပြောင်းပြန်ဖြစ်လိမ့်မည်။

၁. "မိလေနီလ" ကာလ၌ အဲဂုတ္တုသည် ထာဝရဘုရားအား ပြန်လည်ဝတ်ပြုကြမည်။(၁၉း၂၁–၂၂)

၂. အဲဂုတ္တုသည် အဆီးရီးယား (အီရတ်) နှင့် လမ်းဖေါက်ဆက်သွယ်၍ လူအမျိုးမျိုးတို့သည် ယေရု ရှလင်မြို့ ဘုရားရှင်အား ဝတ်ပြုကြစေလိမ့်မည်။

၈။ ဧဒုံပြည် ( ၂၁း၁၁–၁၂ ) ဤပရောဖက်ပြုချက်ကို တင်စားရာ၌ အမေးအဖြေဖြင့် တင်စားခဲ့သည်။

ကျ။ မေးခွန်း = "ကင်းစောင့်ညဆိုတာ ဘာလဲ"

ခ။ အဖြေ = "မနက်သည်လာသည်၊ ညလည်းလာသည်"

နံနက်သည် စစ်နိုင်သည့် မိဒျန်ပြည်သားတို့ သင်္ကေတဖြစ်ပြီး ညသည် စစ်ရှုံးသူ ဧဒုံ (ဒုမာ) ပြည်သား တို့သင်္ကေတ ဖြစ်သည်။

၉။ အာရပ် ( အာရေဗျ ) ပြည် ( ၂၁း၁၃–၁၇ )

ကျ။ အာရပ်ပြည်သည် ဣရှမေလအနွယ်တို့၏ ပြည်ဖြစ်သည်။ ထိုအနွယ်ဝင်တို့မှာ ယနေ့ အာရေဗျ ဒေသခံ များ ဖြစ်ကြသည်။

ခ။ သူတို့သည် ထာဝရဘုရား၏ ပြင်းထန်သော ဆုံးမခြင်းကိုခံရ၍ အနည်းငယ်သောလူသာ ကျန်ရစ်ကြ မည်။(၂၁း၁၆–၁၇)

၁၀။ တုရုပြည် ( ၂၃ )

ကျ။ တုရုပြည်သည် ဗါဗုလုန်၏ ဖျက်ဆီးခြင်းကိုခံရ၍ ကျွန်အဖြစ် အနှစ် ၇၀ တိုင် အဖမ်းခံကြရမည်။ (၂၃း၁၅)

ခ။ ထိုသို့ဖြစ်ရခြင်းမှာ တုရု၏ မာနနှင့် ငွေတပ်မက်မှုကြောင့် ဖြစ်သည်။(၂၃း၈)

ဂ။ အဆီးရီးယားတို့သည် ဗါဗုလုန် (ခါလဒဲ) မြို့ကို တည်ခဲ့သည်။ သို့သော် မကြာမီပင် ထိုခါလဒဲဘုရင် နေဗုဒ်ခတ်နေဇာသည် တုရုမြို့အပါအဝင် အဆီးရီးယားကို တိုက်ခိုက်အောင်မြင်လိမ့်မည်။(၂၃း၁၇)

ဃ။ အဲဂုတ္တုတို့သည် မိမိတို့နှင့် ကုန်သွယ်ဘက်ဖြစ်သော တုရုမြို့အတွက် ပူဆွေး ဝမ်းနည်းကြလိမ့်မည်။ ( ၂၃း၅–၇)

င။ ထိုဒုက္ခများကြုံပြီး အနှစ် ၇၀ အကြာတွင် တုရုမြို့သည် ပြန်လည်တည်ဆောက်ခွင့် ရရှိခဲ့သည်။ သို့သော် ၎င်းတို့သည် မတရားသောမေထုန်နှင့် အခြားဒုစရိုက်များကို ပြန်လည်ပြုကြမည်။(၂၃း၁၇)

စ။ မိလေနီလနှစ် ၁၀၀၀ တွင်မူ ဘုရားရှင်သည် ထိုမြို့ကို ပြန်လည်ထူထောင် ပေးလိမ့်မည်။(၂၃း၁၈)

<u>ဟေရှာယအနာဂတ္တိကျမ်းစာပါ ဣသရေလလူမျိုးများသို့</u>

၁။ သူတို့၏အပြစ်
  က၊ ဘုရားရှင်ကို မသိရှိလိုခြင်း (၁း၃၊ ၅း၁၃၊ ၂၈း၉–၁၃)
  ခ၊ ဟန်ပြ အရေခြုံ ပူဇော်ခြင်း (၁း၁၀–၁၅၊ ၂၉း၁–၂၄)
  ဂ၊ ခေါင်းဆောင်များ၏ မသမာကြခြင်း (၁း၂၁–၂၃၊ ၉း၁၆၊ ၁၀း၁–၂)
  ဃ၊ ရုပ်တုဆင်းတု ကိုးကွယ်ကြခြင်း (၂း၈၊ ၁၀း၁၁)
  င၊ ရုပ်ဝတ္ထုပစ္စည်း ရွှေငွေများကိုသာ အလေးထားကြခြင်း (၂း၇)
  စ၊ မကောင်းသော အမျိုးသမီးဆိုးများ (၃း၁၆–၂၆)
  ဆ၊ အသီးမဲ့သော အပင်ဖြစ်ခြင်း (၅း၁–၇)၊ ဘုရားရှင်သည် ဣသရေလလူမျိုးများကို ဥပမာ ၂ ခုဖြင့် တင်စားလေ့ရှိသည်။ ဥပမာတခုမှာ စပျစ်ပင်ဖြစ်၍ ကျန်တခုမှာ သဖန်းပင် ဖြစ်သည်။(မ ၂၁း၃၃–၄၆)
    ၁. စပျစ်ဥယျာဉ်ကို ဘုရားရှင်စိုက်ခဲ့ပုံ (၅း၁–၂)
      က– အကောင်းဆုံးမြေပေါ်မှာ စိုက်ခဲ့၏။
      ခ– မြေပေါ်ရှိ ကျောက်ခဲတို့ကို ရှင်းလင်းခဲ့သည်။
      င– အကောင်းဆုံး စပျစ်နွယ်မျိုးကို ယူ၍ စိုက်ခဲ့သည်။
      ဃ– လင့်စင်ကိုထူ၍ စောင့်ရှောက်ခဲ့သည်။
    ၂. စပျစ်ဥယျာဉ်မှ ဘုရားရှင်ရသော အကျိုးအမြတ် – ဘာမျှမရခဲ့ – စပျစ်သီးအချဉ်၊ အအများကို သာရခဲ့သည်။(၅း၂)
    ၃. စပျစ်ဥယျာဉ်ကို ဘုရားရှင် ဘာလုပ်လိမ့်မည်နည်း။(၅း၃–၇)
      က– ဘုရားရှင်သည် ဝမ်းနည်းစွာဖြင့် စပျစ်ပင်များကို တိရိစ္ဆာန်များအား ကိုက်ဖြတ်စားသောက်စေမည်။
      ခ– စပျစ်ဥယျာဉ် မြေကိုလည်း အပင်သစ်ဖြင့် အစားထိုးမည်၊ သူတပါး ကျော်နင်းရာနေရာ ဖြစ်စေမည်။
      ဂ– ထိုဒေသ၌လည်း မိုးမရွာ၊ နင်းမကျ၊ မိုးခေါင်စေမည်။
  ဇ၊ သေရည်သေရက်ကို သောက်စားမူးယစ်ကြသည်။(၅း၁၁၊ ၂၂၊ ၂၈း၃၊ ၇၊၈)
  ဈ၊ အကောင်းကိုမကောင်း မကောင်းကိုအကောင်း ပြုကြသည်။(၅း၂၀)
  ည၊ လူ့မာန ကြီးကြသည်။(၅း၂၁)
  ဋ၊ လောကသားများနှင့် မိတ်ဆွေဖွဲ့ခြင်း။(၂၈း၁၅၊ ၁၈၊ ၃၀း၁၊ ၂၊ ၃၁း၁)
  ဌ၊ ပုန်ကန်ကြသည်။(၃၀း၉–၁၁၊ ၆၅း၂–၃)
  ဍ၊ ကလေးသူငယ်များကို ယဇ်ပူဇော်ကြသည်။(၅၇း၅)
  ဎ၊ အလုံးစုံသောအပြစ်ကို ပြုကြသည်။(၁း၅၊ ၆၊ ၅၉း၁–၃၊ ၇၊ ၈–၁၃၊ ၆၄း၆၊ ၆၅း၂–၃)

၂။ ဘုရားရှင်၏ဒါဏ်ခတ်ခြင်း ( ၃း၁၊ ၈၊ ၁၀း၅၊ ၆၊ ၂၉း၄၊ ၁၀–၁၂၊ ၃၀း၁၂–၁၄၊ ၁၇၊ ၆၅း၁၁–၁၂ )

၃။ ဘုရားရှင်၏ ဂရုဏာသက်ခြင်း ( ၃၀း၂၂၊ ၃၁း၆–၇၊ ၄၀း၁–၂၊ ၅၉း၉–၁၅၊ ၆၄း၆၊ ၈–၉ ) ( ဗာဗုလုန်မှအပြန် တကြိမ်၊ အန္တိခရစ်လက်ထက်တွင် တကြိမ် )

၄။ ဘုရားရှင်မှ ဣသရေလအချို့တို့ကို ပြန်လည်မွေးဖွားစေခြင်း ( ၂၆း၁၉၊ ၆၆း၇–၉ )

၅။ ဣသရေလကို ကမ္ဘာအနှံ့မှ မိမိဒေသသို့ ပြန်နေခွင့်ရ၍ ခရစ်တော်၏နှစ် ၁၀၀၀ အုပ်စိုးမှုကို ခံစားကြခြင်း ( ၁၀း၂၀–၂၃၊ ၁၁း၁၁၊ ၂၇း၁၂၊ ၁၃၊ ၄၃း၅၊ ၆၊ ၅၆း၈ )

## ဟေရှာယအနာဂတ္တိကျမ်းစာပါ စာတန်၏ကျရှုံးခြင်း

– *အိုနံနက်သား မိုးသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သောသင်သည် မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။ သင်ကလည်း ကောင်းကင်ပေါ်သို့ ငါတက်*

*မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက် ဗျာဒိတ်တော် တောင်ပေါ်မှာ ငါထိုင်မည်။ မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ် အကြံရှိလေပြီ – (၁၄း၁၂–၁၄)*

ထိုကျမ်းပိုဒ်၌ ကျနုပ်တို့သည် “ငါ” ဟူသောစကားကို ၅ ကြိမ်တိုင် တွေ့ရပေသည်။

## ၁။ ကောင်းကင်ပေါ်သို့ “ငါ” တက်မည်။

စာတန်သည် ဘုရားရှင်ရှိရာ တတိယကောင်းကင်ဘုံသို့ တက်ရောက်၍ ဘုရားရှင်ကို အောင်နိုင်ရန် ကြိုး စားခဲ့သည်။(၂ကော ၁၂း၁–၄)

## ၂။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို “ငါ” ချီးမြှောက်မည်။

စာတန်က မိမိအား ကောင်းကင်တမန်များ ကိုးကွယ်ကြရန် အလိုရှိသည်။

## ၃။ မြောက်မျက်နှာဘက် ဗျာဒိတ်တောင်ပေါ်မှာ “ငါ” ထိုင်မည်။

စာတန်သည် ဘုရားရှင်၏ နေရာကိုယူ၍ အရာအားလုံးကို အုပ်ချုပ်မင်းမူရန် အလိုရှိသည်။

## ၄။ မိုးတိမ်ထိပ်ပေါ်သို့ “ငါ” တက်မည်။

မိုးတိမ်သည် ဘုရားရှင်၏ တန်ခိုးလက္ခဏာဖြစ်သည်။ စာတန်သည် ဘုရားရှင်၏ တန်ခိုး လက္ခဏာတော် ကို ပိုင်ဆိုင်လိုသည်။

## ၅။ အမြင့်ဆုံးသော ဘုရားကဲ့သို့ “ငါ” နေမည်။

အမြင့်ဆုံးသော အဓိပ္ပါယ်မှုရင်းမှာ (**EL - ELYON**) အခိုင်မာဆုံးဖြစ်သည်။ စာတန်သည် ဘုရားကဲ့သို့ အခိုင်မာဆုံး အအောင်မြင်ဆုံး ဖြစ်လိုသည်။

## <u>ဟေရှာယအနာဂတ္တိကျမ်းစာပါ ဘုရားရှင်၏ ကြီးမြတ်ခြင်းများ</u>

၁။ သူ၏ကယ်တင်ခြင်း ( ၁၂း၂–၅၊ ၂၅း၈၊ ၉၊ ၄၃း၁၁၊ ၅၅း၁–၂၊ ၅၉း၁၆–၂၁၊ ၆၁း၁၀ )

၂။ သူ၏ဖြောင့်မတ်ခြင်း ( ၅း၁၆၊ ၅၉း၁၇ )

၃။ သူ၏ကျေးဇူးတော် ( ၁း၁၈၊ ၃၀း၁၉ )

၄။ သူ၏ ဘုန်းတော် ( ၂း၂၁၊ ၄၂း၈၊ ၅၉း၁၉ )

၅။ သူ၏ သန့်ရှင်းခြင်း ( ၆း၁–၈၊ ၅၇း၁၅ )

၆။ သူ၏ သနားခြင်း ( ၁၄း၁၊ ၃၊ ၂၅း၄ )

၇။ သူ၏ ဂရုဏာ ( ၆၃း၇–၁၄ )

၈။ သူ၏ အမျက်တော် ( ၃၀း၂၇၊ ၂၈ )

၉။ သူ၏ ဉာဏ်တော် ( ၄၀း၁၃၊ ၁၄၊ ၄၁း၂၃–၂၉၊ ၄၂း၉ )

၁၀။ သူ၏တန်ခိုးတော် ( ၇း၁၀၊ ၁၁၊ ၄၀း၁၂၊ ၁၅–၁၇၊ ၂၁–၃၁၊ ၄၁း၁–၄၊ ၄၂း၅၊
၄၄း၂၄–၂၈၊ ၄၅း၆–၈၊ ၁၂၊ ၁၈၊ ၄၆း၉၊ ၁၀၊ ၄၈း၁၃၊ ၆၅း၁၇ )

၁၁။ သူ၏ အစအဆုံး မရှိခြင်း ( ၄၃း၁၀–၁၃၊ ၄၄း၆၊ ၇၊ ၄၈း၁၂၊ ၅၇း၁၅ )

၁၂။ သူ၏ သည်းခံခြင်း ( ၁း၁၆–၁၉၊ ၅း၂၅ )

၁၃။ သူ၏ သုံးပါးတဆူ ဖြစ်ခြင်း ( ၃၂း၁၅၊ ၄၄း၃၊ ၄၈း၁၆၊ ၅၉း၂၁၊ ၆၃း၁၀ )

၁၄။ သူ၏ အတုမရှိခြင်း ( ၄၅း၅–၇၊ ၄၆း၉–၁၀ )

၁၅။ သူ၏ သစ္စာရှိခြင်း ( ၂၅း၁၊ ၄ )

၁၆။ သူ၏ ချစ်ခြင်းမေတ္တာ
- က၊ ဣသရေလများအတွက် (၁၄း၁၊ ၃၊ ၃၀း၁၈–၂၁၊ ၄၁း၈–၂၀၊ ၄၃း၁–၄၊ ၂၅၊ ၄၄း၁–၅၊ ၂၁–၂၃၊ ၄၅း၁–၅၊ ၄၈း၁၀၊ ၄၉း၁၄–၂၆)
- ခ၊ ကမ္ဘာသူ ကမ္ဘာသားများ အတွက် (၄၅း၂၂–၂၅)

၁၇။ သူ၏ နှုတ်ကပါတ်တော် ( ၃၀း၂၁၊ ၄၀း၆–၈၊ ၄၅း၂၃၊ ၅၅း၁၀–၁၁ )

## ဟေရှာယ အနာဂတ္တိကျမ်းစာပါ ဘုရားရှင်၏ သားတော်

### ၁။ သူ၏ ဖွားတော်မူခြင်း

က၊ ဟေရှာယ (၇း၁၄၊ ၁၅)

– *ထိုကြောင့် ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့အား ပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွါးမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတ္တံ့။ ထိုသူသည် မကောင်းသောအရာကို ပယ်၍ ကောင်းသောအရာကို ရွေးယူတတ်သည်တိုင်အောင် နို့ဓမ်းနှင့်ပျားရည်ကို စားရလိမ့်မည်* –

ခ၊ ဟေရှာယ (၉း၆)

– *အကြောင်းမူကား ငါတို့အဘို့ သူငယ်ကိုဖွါးမြင်၏။ ငါတို့အား သားကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက် ရှိလိမ့်မည်။ နာမတော်မူကား အံ့သြဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်* –

### ၂။ သူ၏ နှိမ့်ချခြင်း

က၊ ဟေရှာယ (၁၁း၁–၂)

– *ယေရှဲအမျိုး အငုတ်၌ အတက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည် အသီး သီးလိမ့်မည်။ ထာဝရဘုရား၏ ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေးသော ဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သော သတ္တိကိုပေးသော ဝိညာဉ်၊ ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကိုပေးသော ဝိညာဉ်တော်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်* –

ခ၊ ဟေရှာယ (၅၃း၂)

- *ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၄င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သော အတက်ကဲ့သို့၄င်း၊ ရှေ့တော်၌ကြီးပွါး၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာ လက္ခဏာနှင့် မပြည့်စုံ* – **( ဆင်းရဲမိသားစုမှ မွေးဖွားခြင်း )**

**ဂ၊ ဟေရှာယ (၇း၁၅)**

- *ထိုသူသည် မကောင်းသောအရာကိုပယ်၍ ကောင်းသောအရာကို ရွေးယူတတ်သည်တိုင်အောင် နို့ဓမ်းနှင့် ပျားရည်ကို စားရလိမ့်မည်* –

## ၃။ သူ၏ အဖဘုရားရှင်နှင့် ဆက်ဆံပုံ

**က၊ သူသည် အဖဘုရား၏ ချစ်သားဖြစ်သည်။**

- *ငါထောက်မသော ငါ့ကျွန်ရှင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့။ ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည် – (၄၂း၁)*

**ဤကျမ်းပိုဒ်သည် (မ ၃း၁၇) ၌ ပြည့်စုံခဲ့သည်။**

**ခ၊ သူသည် အဖဘုရားရှင်ကို နာခံသောသူ ဖြစ်သည်။**

- *ငါသည် ပင်ပန်းသောသူအား မစခြင်းငှါ စကားပြောတတ်မည်အကြောင်း အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို ငါ့အား ပေးတော်မူပြီ။ နံနက်အစဉ်အတိုင်း ငါ့ကို နှိုးတော်မူ၏။ စာသင်သောသူကဲ့သို့ နားထောင်စေမည်အကြောင်း ငါ့နားကို နှိုးဆော်တော်မူ၏။ အရှင်ထာဝရဘုရားသည် ငါ့နားကို ဖွင့်တော်မူ၍ ငါလည်း မငြင်းမဆန်၊ နောက်သို့မဆုတ် – (၅၀း၄–၅)*

## ၄။ သူ၏ တပါးအမျိုးသားများအပေါ် ဆောင်ရွက်မှု

- *ယော်ဒန်မြစ်တဘက် တပါးအမျိုးသားနေရာ ဂါလိလဲပြည်ကို ဂုဏ်အရေနှင့် ပြည့်စုံစေတော်မူ၏။ မှောင်မိုက်ထဲမှာသွားလာသော လူများတို့သည် ကြီးစွာသောအလင်းကို မြင်ရ၍ သေမင်း၏နိုင်ငံအရိပ်တွင်ရှိနေသော သူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏ – (၉း၁–၂)*

## ၅။ သူ၏ လူအားလုံးတို့အပေါ် ဆောင်ရွက်မှု

- *အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍၊ လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှ မကြားစေရ။ နင်းနယ်လျက်ရှိသော ကျူပင်ကိုမချိုး၊ အတောက်သေးသော မီးဇာကိုမသတ်၊ တရားသည် မြဲမြံခြင်းသို့ရောက်မည်အကြောင်း စီရင်လိမ့်မည် – (၄၂း၂–၃)*

## ၆။ သူ၏တန်ခိုးပြမှု

- *ထိုအခါ မျက်စိကန်းသောသူတို့သည် မျက်စိ ပွင့်လင်းကြလိမ့်မည်။ နားပင်းသောသူတို့သည် နားပင်းခြင်းနှင့် လွတ်ကြလိမ့်မည်။ ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ ခုန်ကြလိမ့်မည်။ စကားအသောသူတို့သည် သီချင်းဆိုကြလိမ့်မည်။ အကြောင်းမူကား တော၌ စမ်းရေထွက်၍ လွင်ပြင်၌ မြစ်ရေစီးလိမ့်မည် – (၃၅း၅–၆)*

## ၇။ သူ၏ အကြောင်းကြားမှု

- *ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကို စည်းစေခြင်းငှါ၄င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြသစေခြင်းငှါ၄င်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်နှင့် ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှါ၄င်း၊ စိတ်မသာ ညည်းတွားသောသူတို့အား နှစ်သိမ့်စေခြင်းငှါ၄င်း – (၆၁း၁–၂)*

## ၈။ သူ၏ ဝေဒနာခံခြင်းနှင့် သေခြင်း

**ခရစ်တော်မပေါ်မီ နှစ် ၇၀၀ ခန့်က ပရောဖက်ဟေရှာယသည် ခရစ်တော်၏ ဝေဒနာခံခြင်းနှင့် အသေခံခြင်းအကြောင်းကို ကြိုတင်၍ ဟောခဲ့သည်။**

**က၊ ဟေရှာယ (၅၀း၆)**

- *ရိုက်သောသူတို့အား ငါ့ကျောကို၄င်း၊ နားပန်းဆံကို နှုတ်သောသူတို့အား ငါ့ပါးကို၄င်း၊ ငါအပ်၏။ အရှက်ခွဲခြင်းနှင့် တံတွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲ* –

**ခ၊ ဟေရှာယ (၅၂း၁၄)**

– *သူသည် လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းသရေပျက်ခြင်း ရှိသည်ကို အများသောသူတို့သည် အံ့သြ မိန်းမောကြသည်ဖြစ်၍* –

ဂ၊ ဟေရှာယ (၅၃း၁–၁၀ က)

၁. အခန်းငယ် (၁ – ၃) ထိနှင့် ပါတ်သက်မှု

က– အခန်းငယ် (၁) သည် ယုံကြည်သူ ဣသရေလများက မယုံကြည်သူ လူမျိုးများအပေါ် မိမိတို့ခံစားချက်ကို ငြီးငြူသံဖြစ်သည်။ "ငါတို့ဟောပြောသော စကားကို အဘယ်သူယုံသနည်း"

ခ– အခန်းငယ် (၂ – ၃) သည် ယေရှု၏ ဖွားတော်မူခြင်းမှ ကားတိုင်ပေါ် သေခြင်းထိ ဖြစ်သည်။

(၁) ငယ် (၂) ၌ ခရစ်တော်၏ ဆင်းရဲနုံချာသော လူ့ဘဝကို "သွေ့ခြောက်သောမြေ၌ ပေါက်သောအညွန့်" နှင့် နှိုင်းယှဉ်ပြခဲ့သည်။(၁ယော ၁း၄၆)

(၂) ငယ် (၃) ၌ ယေရှုကို လူအများ အထင်အမြင်သေးကြပုံကို ဖော်ပြခဲ့သည်။(လု ၄း၁၆–၃၀)

(၃) ငယ် (၃) ၌ ယေရှု၏ မြေပြင်ပေါ် သက်ရှင် အမှုဆောင်ခြင်း၏ဒုက္ခ ပင်ပန်း ခက်ခဲမှုများကိုတွေ့ရသည်။

၂. အခန်းငယ် (၄ – ၆) ထိနှင့် ပါတ်သက်မှု

က– အခန်းငယ် (၄) ၏ နောက်ဆုံးပိုဒ်၌ ဣသရေလလူမျိုးများက ဒါဏ်ခတ်ခံထိခြင်းဟု ယူဆထားသော ကားတိုင်ပေါ်၌ ဆုံးမခံသူကဲ့သို့ ယေရှုခံယူပုံကို ဖော်ပြခဲ့သည်။ ယေရှုကို ဖါရိရှဲများက ဘုရားကိုလွန်ကျူးသူဟု စွပ်စွဲပြီး သတ်ကြခြင်းဖြစ်သည်။(မ ၂၇း၃၈–၄၄)

ခ– အခန်းငယ် (၅) ၌ ကျနုပ်တို့အပြစ်များအတွက် ယေရှု၏ ဒါဏ်ရာများ၊ နာကျင်စွာထိုးဖောက်ခံရခြင်းများကို တွေ့နိုင်သည်။ ထိုပြင်းထန်သော ဒါဏ်ချက်များဖြင့် ယေရှုသေခဲ့ရသည်။

ဂ– အခန်းငယ် ၆ ၌ "ငါတို့" ဟူသောစကားကို ၂ ကြိမ်တွေ့နိုင်သည်။ "ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်" "ခပ်သိမ်းသော ငါတို့၏အပြစ်များ"

၃. အခန်းငယ် (၇ – ၉) ထိနှင့် ပါတ်သက်၍

က– အဘယ်ကြောင့် ဟေရှာယအနာဂတ္တိကျမ်း အခန်းကြီး ၅၃ သည် ခရစ်တော်ကို ပရောဖက်ပြုခဲ့သည်ဟု ယုံကြည်ရပါသနည်းဆိုသော် အောက်ပါ ဓမ္မသစ်ကျမ်းပါ သက်သေခံချက် ၂ ချက်ကြောင့်ဖြစ်သည်။

(၁) တမန်တော်ရှင်ယောဟန်၏ သက်သေခံချက် – ယော ၁၂း၃၇–၃၈ ဟေရှာယ ၅၃း၁) ကိုရည်ညွှန်းသည်။

(၂) ဖိလိပ္ပု၏ သက်သေခံချက် – တ ၈း၃၂–၃၃ (ဟေရှာ ၅၃း၇–၈) ကိုရည်ညွှန်းသည်။

ခ–

ဂ–

ဃ– အငယ် (၉) သည် ခရစ်တော် ဒါးပြနှစ်ဦးနှင့်အတူ သေရ၍ မြေမြှုပ်ခံရခြင်းနှင့် ခရစ်တော်သေပြီးမှ အရိမသဲမြို့သား သူဌေးယောသပ်၏ သင်္ချိုင်းဂူအတွင်း မြှုပ်နှံခံရပုံကို ဆိုလိုသည်။ (၂၇း၅၇)

၄. ငယ် (၁၀ – ၁၁) သည် လူ့အပြစ်များကိုကယ်ရန် ခရစ်တော် ဒါဏ်ရာရခဲ့ပုံနှင့် သေလွန်၍ ၃ ရက်တွင်ရှင်ပြန်ကာ ထာဝရ အသက်ရှင်နေပုံကို ရည်ညွှန်းသည်။

## ၉။ သူ၏ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်ဘုံသို့တက်ကြွခြင်းနှင့် ဘုန်းတော်ဝင်စားခြင်း၊

က၊ ဟေရှာယ (၅၂း၁၃)

– *ကြည့်ရှုလော့။ ငါ့ကျွန်သည် အမှုဆောင်၍ အောင်လိမ့်မည်။ ချီးမြှောက် ချီးမြှင့်ခြင်းသို့ရောက်၍ အထွဋ်အမြတ်ဖြစ်လိမ့်မည်* –

ခ၊ ဟေရှာယ (၅၃း၁၀ ခ–၁၂၊ ၅၂း၁၅)

– *သူသည် အပြစ်ဖြေသောယဇ်ကို ပူဇော်ပြီးမှ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ မိမိစိတ်ဝိညာဉ်ခံရသော ဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်။ ထိုဖြောင့်မတ်သော ငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့် သူသည် အများသောသူတို့ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင် ဆောင်ရွက်ရ၏။ ထိုသို့ မိမိအသက်ကို သေခြင်း၌သွန်း၍ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့် လူများတို့၏အပြစ်ကို ဆောင်ရွက်၍ မတရားသောသူတို့အဘို့ တောင်းပန်သောကြောင့် လူကြီးတို့ကို သူ၏အဘို့ ဖြစ်စေခြင်းငှါ ငါခွဲမည်၊ အစွမ်းသတ္တိရှိသောသူတို့ကို သူ၏လက်ရဉစ္စာကဲ့သို့ ကိုယ်*

*တိုင်ဝေဖန်ရသောအခွင့် ရှိလိမ့်မည် – (၅၃း၁၀ခ–၁၂)*
– *ထိုအတူ သူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိတို့နှုတ်ကိုပိတ်၍ နေရကြလိမ့်မည်။ သူတပါးမပြောဘူးသောအရာကို သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူးသောအရာကိုလည်း နားလည်ကြလိမ့်မည် – (၅၂း၁၅)*

## ၁၀။ သူ၏ အနာဂါတ် နှစ် ( ၁၀၀၀ ) အုပ်ချုပ်ခြင်း

က၊ ဟေရှာယ (၉း၇)
– *ဒါဝိဒ်မင်း၏ ရာဇပလ္လင်ပေါ်မှာထိုင်၍ နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ် တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲ ရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားသည် အလိုတော်အားကြီး၍ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်* –

ခ၊ ဟေရှာယ (၄၂း၄–၇)

ဂ၊ ဟေရှာယ (၅၉း၁၆–၂၁)
၁. ဤကျမ်းပိုဒ်သည် ((((((သငင်ုန်မနူ့ငြသကငူိုငြ
(ဗျာ ၅း၁–၁၄)
၂. ရှင်ပေါလုမှ(((((((ူူငြကူူလြကျို
(ဖေက် ၆း၁၃–၁၇)

ဃ၊ ဟေရှာယ (၁၁း၃–၅)

င၊ ဟေရှာယ (၄၉း၁–၁၂)

စ၊ ဟေရှာယ (၃၂း၁)

ဆ၊ ဟေရှာယ (၃၃း၂၂)

# ဟေရှာယအနာဂတ္တိကျမ်းပါ ဘေးဒါဏ်ကြီးကာလအကြောင်း

## ၁။ အရေးကြီးကျမ်းပိုဒ်

(၆၆း၁၅–၁၆၊ ၂း၁၀–၂၂၊ ၁၃း၆–၁၃၊ ၂၄း၁–၂၃၊ ၂၆း၂၀၊ ၂၁၊ ၃၄း၁–၁၀၊ ၄၂း၁၃၊ ၁၄း၅၁၊ ၆၊ ၆၃း၁–၆)

## ၂။ အရေးကြီးသောဖြစ်ပေါ်မှု

က၊ ကမ္ဘာမြေပြင်
၁. လျောင် လှုပ်ရှားလိမ့်မည်။(၂း၂၁)
၂. မြေပြင်၊ တောင်များ၊ ကျွန်းများ ရွှေ့လျားလိမ့်မည်။(၁၃း၁၃)
၃. မြေပြင်သည် အဆောင့်ခံရ၍ လူများ လွင့်ကြမည်။(၂၄း၁)
၄. မီးဖြင့် အရှို့ခံရမည်။(၂၄း၆)
၅. ကမ္ဘာကြီး ကွဲထွက်မည်။(၂၄း၁၉)
၆. ကမ္ဘာကြီးသည် အမူးသမားကဲ့သို့ ယိမ်းထိုးနေမည်။(၂၄း၂၀)
၇. လူသေများ သူတို့အပြစ်များကို ကွယ်ဝှက်ထားခွင့် မရချေ။(၂၆း၂၁)

ခ၊ ကောင်းကင်
၁. ကြယ်များ နေနှင့်လများ မှောင်မိုက်ကျလိမ့်မည်။(၁၃း၁၀)
၂. အာကာသသည် စာစောင်လိပ်ကဲ့သို့ လွင့်လိပ်သွားမည်။(၃၄း၄၊ ၅၁း၆)
၃. သဖန်းပင်ကိုလှုပ်၍ အသီးကြွေသကဲ့သို့ ကြယ်များကြွေလိမ့်မည်။(၃၄း၄)

ဂ၊ အပြစ်ပြည့်သောလူများ
၁. ဂူများ ချိုင့်များသို့ ပြေးလွှား ပုန်းရှောင်ကြမည်။(၂း၁၉)
၂. အလွန်အမင်း ကြောက်ရွံ့ တုန်လှုတ်ကြလိမ့်မည်။(၁၃း၇၊ ၂၄း၁၇)
၃. မိန်းမသည် ကလေးကိုမွေးသကဲ့သို့ ဝေဒနာခံကြရမည်။(၁၃း၈)
၄. ဝမ်းမြောက်ပျော်ရွှင်မှုများ လုံးဝ ဆိတ်သုဉ်းနေလိမ့်မည်။

၅. တောင်တို့သည် အသွေးများကြောင့် အရည်ဖြစ်၍ ချိုင့်ဝှမ်းများတွင်မူ အသေကောင်များဖြင့် ပြည့်နေကြလိမ့်မည်။
၆. ဘုရားရှင်၏ အမျက်တော်သည် သူတို့အပေါ် စပျစ်သီးများကိုညှစ်သကဲ့သို့ ဖြစ်လိမ့်မည်။ (၆၃း၃)

## ဟေရှာယအနာဂတ္တိကျမ်းပါ မိလေနိလကာလအကြောင်း

### ၁။ တပါးအမျိုးသားများအတွက် ကယ်တင်ခြင်း

ကၢ ဟေရှာယ (၂း၂–၄)
– *နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏အိမ်တော် တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်မှာ ချီးမြှောက်၍တည်လိမ့်မည်။ ခပ်သိမ်းသောလူမျိုးတို့သည် ထိုတောင်သို့ စည်းဝေးကြလိမ့်မည် – (၂း၂)*

ခ၊ (၁၀း၁၀)
– ထိုကာ လိမ့်မည် –

ဂ၊ (၁၉း၁၈–၂၅)
တခါက အီဂျစ်နှင့်အဆီးရီးယား (အီရတ်) တို့သည် ဣသရေလကို ညှင်းပန်းခဲ့ဘူးသော်လည်း မိလေနိလ ကာလတွင်မူ ၄င်းတို့သည် ဣသရေလကို ဖေါ်ရွေစွာ ဆက်ဆံကြမည်ဖြစ်သည်။
၁. အီဂျစ်သည် ဟီးဗရူး (ဣသရေလ) စကားပြောလိမ့်မည်။
၂. အီဂျစ်သည် ထာဝရဘုရား၏ ယဇ်ပလ္လင်နှင့် ကျောက်တိုင် စိုက်ထူလိမ့်မည်။
၃. ဘုရားရှင်သည် သူတို့၏ဆုတောင်းသံကို နားထောင်လိမ့်မည်။
၄. အီဂျစ်နှင့် အဆီရီးယား (အီရတ်) သည် လမ်းဖေါက်ဆက်သွယ်ကြမည်။
၅. သူတို့သည် ထာဝရဘုရားကိုကိုးကွယ်၍ ဘုရားရှင်ထံမှ ကောင်းကြီးခံစားရမည်။

ဃ၊ (၅၂း၁၀)
– *ထာဝရဘုရားသည် ခပ်သိမ်းသော လူအမျိုးမျိုးတို့ရှေ့မှာ သန့်ရှင်းသောလက်ရုံးတော်ကို ဖွင့်ပြတော်မူသဖြင့် မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတ္တံ့* –

င၊ (၅၆း၆–၈)

စ၊ (၆၆း၂၃)
– *လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာ ကိုးကွယ်ခြင်းငှါ လဆန်းနေ့နှင့် ဥပုသ်နေ့အစဉ်အတိုင်း လာကြလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏* –

### ၂။ ဣသရေလနှင့် ယေရုရှလင်တို့အတွက် ကယ်တင်ခြင်း

က၊ (၄း၂–၆)
၁. သူတို့၏ ယုံကြည်မှုမှန်ကန်စေရန် ဆေးကြောသုတ်သင်ပေးလိမ့်မည်။
၂. သူတို့သည် အတိတ်ကာလကကဲ့သို့ ဘုရားရှင်၏မီးတိုင်၊ တိမ်တိုင်ဖြင့် အကာကွယ်ခံကြရမည်။

ခ၊ (၁၁း၁၂)
– *တပါးအမျိုးသားတို့အဘို့ အလံကို ထူတော်မူသဖြင့် နှင်ထုတ်သော ဣသရေလအမျိုးသားနှင့် အရပ်ရပ်ကွဲပြားသော ယုဒအမျိုးသားတို့ကို မြေကြီးလေးမျက်နှာတို့မှ ခေါ်၍ စုဝေးစေတော်မူလိမ့်မည်* –

ဂ၊ (၁၄း၃)

ဃ၊ (၃၀း၁၉)
– *ယေရုရှလင်မြို့၌နေသော ဇိအုန်အမျိုး၊ သင်သည် အစဉ် ငိုကြွေးရမည်မဟုတ်။ သင်အော်ဟစ်သံကို နားထောင်၍ ကယ်မသနားတော်မူလိမ့်မည်။ ထိုအသံကို ကြားသောအခါ ထူးတော်မူလိမ့်မည်* –

င၊ (၃၂း၁၈)
– *ငါ၏လူတို့သည်လည်း ငြိမ်သက်သောနေရာ၊ လုံခြုံသောမြို့ရွာ၊ ဘေးလွတ်သော ချမ်းသာရာအရပ်တို့၌ နေရကြလိမ့်မည်* –

စ၊ (၄၄း၂၃)
ဆ၊ (၄၉း၁၀–၁၃)
ဇ၊ (၅၁း၃၊ ၁၁)

– *ထာဝရဘုရားသည် ဇိအုန်မြို့ကို ချမ်းသာပေးတော်မူမည်။ သူ၏ဆိတ်ညံရာအရပ် အလုံးစုံတို့ကို ချမ်းသာပေးမည်။ သူ၏တောကို ဧဒင်အရပ်ကဲ့သို့၄င်း၊ သူ၏လွင်ပြင်ကို ထာဝရဘုရား၏ ဥယျာဉ်ကဲ့သို့၄င်း ဖြစ်စေတော်မူသဖြင့် ဇိအုန်မြို့သည် ဝမ်းမြောက်ရွှင်လန်းခြင်း၊ ကျေးဇူးတော်ကို ချီးမွမ်းခြင်း၊ သီချင်းဆိုခြင်းနှင့် ပြည့်စုံလိမ့်မည် – (၅၁း၃)*

ဈ၊ (၅၂း၁၊ ၆–၉)

ည၊ (၅၉း၂၀–၂၁)

– *ထာဝရဘုရား မိန့်တော်မူသည်ကား ရွေးနုတ်သောသခင်သည် ဇိအုန်တောင်ပေါ်သို့ကြွ၍ မတရားသောအမှုမှ လွှဲသော ယာကုပ်အမျိုးသားတို့ရှိရာသို့ ရောက်လတ္တံ့။ သူတို့၌ ငါကိုယ်တိုင်ပေးသော ပဋိညာဉ်တရားဟူမူကား သင်၏အပေါ်မှာ ကျိန်းဝပ်သော ငါ၏ဝိညာဉ်နှင့် သင်၏နှုတ်၌ ငါထားသောစကားသည် ယခုမှစ၍ ကာလအစဉ်အဆက် သင်၏နှုတ်၊ သင့်အမျိုးအနွယ်၏နှုတ်နှင့်၊ သင့်အမျိုးအနွယ်၏ အမျိုးအနွယ်၏နှုတ် ထဲက မထွက်မပျောက်ရဟု ထာဝရဘုရားမိန့်တော်မူ၏ – (၅၉း၂၀–၂၁)*

ဋ၊ (၆၀း၁–၃၊ ၁၁၊ ၁၂၊ ၁၃၊ ၁၉–၂၂)

ဌ၊ (၆၂း၁–၄)

ဍ၊ (၆၅း၁၈–၂၄)

ဎ၊ (၆၆း၁၀၊ ၁၂)

– *ယေရုရှလင်မြို့ကို ချစ်သောသူအပေါင်းတို့ သူနှင့်အတူ ဝမ်းမြောက်ရွှင်လန်းကြလော့။ ယေရုရှလင်မြို့အတွက် စိတ်မသာ ညည်းတွားသောသူအပေါင်းတို့ သူနှင့်အတူ အလွန်ဝမ်းမြောက်ကြလော့ – ထာဝရဘုရား မိန့်တော်မူသည်ကား မြစ်ကဲ့သို့ ချမ်းသာကို၄င်း၊ စီးသောရေကဲ့သို့ တပါးအမျိုးသားတို့၏ စည်းစိမ်ကို၄င်း၊ ယေရုရှလင်မြို့သို့ ငါရောက်စေမည်။ သင်တို့သည် သားမြတ်ကိုစို့၍ ခါး၌ချီခြင်း၊ ဒူးပေါ်မှာ မြူခြင်းကို ခံစားရကြလိမ့်မည် –*

**အထက်ပါကျမ်းပိုဒ်ကို ရှင်ပေါလု၏ (ရော ၁၁း၁၊ ၂၆) ၌ တွေ့နိုင်သည်။**

## ၃။ ရောဂါသည်များအတွက် ကယ်တင်ခြင်း

က၊ (၂၉း၁၈)

– *ထိုကာလ၌ နားပင်းသောသူတို့သည် ကျမ်းစကားကို ကြားကြလိမ့်မည်။ မျက်စိကန်းသောသူတို့သည် မှေးယှက်ခြင်း၊ မှောင်မိုက်ခြင်းနှင့်ကင်းလွတ်၍ မြင်ကြလိမ့်မည် –*

ခ၊ (၃၅း၃–၆)

ဂ၊ (၄၂း၁၆)

– *မျက်စိကန်းသောသူတို့ကို မိမိတို့မသိသောလမ်းဖြင့် ငါဆောင်မည်။ မိမိတို့မကျွမ်းသောခရီး၌ သွားစေမည်။ သူတို့ရှေ့မှာ မှောင်မိုက်ကို လင်းစေမည်။ ကောက်သောလမ်းကိုလည်း ဖြောင့်စေမည်။ ထိုသို့သောကျေးဇူးကိုပြုမည်။ သူတို့ကို မစွန့်ပစ် –*

**ထိုကျမ်းပိုဒ်ကို ရှင်ယောဟန်၏ (ဗျာ ၂၂း၁–၅) ၌တွေ့နိုင်သည်။**

## ၄။ အရာအားလုံးအတွက် ကယ်တင်ခြင်း

က၊ (၁၁း၆–၉)

ခ၊ (၁၄း၇–၈)

– *မြေတပြင်လုံးသည် ငြိမ်ဝပ်ချမ်းသာခြင်းရှိ၏။ ရွှင်လန်းစွာ သီချင်းဆိုသံနှင့် ကြွေးကြော်ကြ၏။ ထင်းရှူးပင်နှင့် လေဗနုန် အာရဇ်ပင်တို့က သင်သည် လဲပြီးနောက် ငါတို့ကိုခုတ်လှဲသောသူသည် မတက်မလာရဟု သင့်ကိုရည်ဆောင်၍ ဝမ်းမြောက်ကြ၏ –*

ဂ၊ (၃၀း၂၃–၂၆)

ဃ၊ (၃၅း၁၊ ၂၊ ၇–၁၀)

– *တောနှင့်လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည်လည်း ရွှင်လန်း၍ နှင်းပွင့်ကဲ့သို့ အပွင့် ပွင့်လိမ့်မည် – (၃၅း၁)*

င၊ (၄၀း၄–၅)

စ၊ (၆၅း၂၅)

– *တောခွေးနှင့်သိုးသငယ်တို့သည် အတူကျက်စားကြလိမ့်မည်။ ခြင်္သေ့သည် နွားကဲ့သို့ မြက်ကိုစားလိမ့်မည်။ မြွေမူကား မြေမှုန့်ကိုသာ စားရလိမ့်မည်။ ငါ၏သန့်ရှင်းသော တောင်တပြင်လုံး၌ အချင်းချင်း ညှင်းဆဲခြင်း ဖျက်ဆီးခြင်းကို မပြုရကြဟုထာဝရဘုရား မိန့်တော်မူ၏ –*

# ယေရမိအနာဂတ္တိကျမ်း (ယုဒပြည်သို့ရည်ညွှန်းသည်)

ဤ ပရောဖက်ယေရမိသည် ပရောဖက်ဟေရှာယကာလ လွန်ပြီးနောက် နှစ် ၆၀ အကြာတွင် ပေါ်ထွန်းခဲ့သူ ဖြစ်သည်။ ယေရမိသည် အနှစ်လေးဆယ်လုံးလုံး ပရောဖက်ပြုခဲ့သူဖြစ်၍ ထိုကာလတွင် ယုဒပြည်၌ ယောရှိ၊ ယောခတ်၊ ယောယကိမ်၊ ယေခေါနိ၊ ဇေဒကိတို့အဆက်ဆက် မင်းလုပ်အုပ်ချုပ်ခဲ့သော အချိန်ဖြစ်သည်။ ယေရမိသည် နာဟုံ၊ ဟဗ္ဗကုတ်၊ ဇေဖနိ စသောပရောဖက်များတို့နှင့် တချိန်တည်း ပေါ်ထွန်းခဲ့သူလည်းဖြစ်သည်။

ယေရမိသည် ဒါဝိဒ်၏နန်းဆက် ရာဇပလ္လင် လျှောကျပျက်စီးမည့်ကိစ္စကို ကြိုတင်မြင်ခဲ့သူဖြစ်ပြီး ယေရုရှလင်မြို့နှင့် ဗိမာန်တော် ဖျက်ဆီးခံရမည့်အကြောင်းနှင့် ဗာဗုလုန်မြို့သို့ ဂျူးများ ဖမ်းဆီးသွားခြင်း ခံရမည့်အကြောင်းများကို ကြိုတင်မြင်ခဲ့သူဖြစ်သည်။ ယေရမိကာလများ၌ ဂျူးများသည် ဒုစရိုက်အမျိုးမျိုးကို တိုးတက်ကျူးလွန်နေချိန်နှင့် ဘုရားရှင်၏ ဆုံးမခြင်းကို အကြိမ်ကြိမ် ခံနေရချိန်ဖြစ်၍ တိုင်းပြည် ငြိမ်သက်မှုမရှိသော အချိန်ဖြစ်သည်။ ယေရမိသည် မိမိမြင်ရသော ဗျာဒိတ်များကြောင့် ဝမ်းနည်းပူဆွေးစွာ ငိုယို၍ ပရောဖက်ပြုခဲ့ရသည်။ ထို့ကြောင့် သူ့အား "ငိုကြွေးနေသည့်–ပရောဖက်" ဟု ကမ္ပည်းတပ်ခဲ့သည်။

ယေရမိအနာဂတ္တိကျမ်း၌ ဣသရေလများအား ဗာဗုလုန်သို့ ဖမ်းသွားခြင်းမခံရချိန်ထိ သူတို့အား နောင်တရ၍ ဘုရားရှင်ထံ ပြန်လာခဲ့ရန် သတိပေးမှုများ ပါဝင်သည်။

## ၁။ ယေရမိကာလများ၌ တိုင်းပြည်ကိုအုပ်ချုပ် မင်းလုပ်နေသူများ

- က၊ ယောရှိ။ ။ထိုဘုရင်သည် ဣသရေလတို့၏ နောက်ဆုံး မင်းကောင်းတပါးဖြစ်သည်ဟု ယေရမိအားဖြင့် ဘုရားရှင်ဖွင့်ပြခဲ့သည်။ ၃၁ နှစ်အုပ်ချုပ် မင်းလုပ်ခဲ့သူဖြစ်သည်။ သူ့လက်ထက်တွင် ယေရမိအား ဘုရားရှင် စတင်ခေါ်ယူ အသုံးပြုသည်။
- ခ၊ ယောယကိမ်။ ။မင်းဆိုးမင်းညစ်ဖြစ်သည်။ ယေရမိ၏စာစောင်များကို မီးရှို့ခဲ့သူဖြစ်သည်။ သူသည် ဆယ့်တစ်နှစ် အုပ်ချုပ်ခဲ့သည်။
- ဂ၊ ယေခေါနိ။ ။ပရောဖက်ယေရမိ၏ ကျိန်စာတိုက်ခံရသူ ဖြစ်သည်။ ယုဒဘုရင်တို့တွင် အဆိုးညစ်ဆုံး ဖြစ်သည်။
- ဃ၊ ဇေဒကိ။ ။သူ့လက်ထက်တွင် ပရောဖက်ယေရမိကို ညှဉ်းဆဲ၍ ပရောဖက် ဒုက္ခအကြီးအကျယ်ရောက်ရသည်။ သူသည် ယုဒပြည်၏ နောက်ဆုံးသောမင်း ဖြစ်သည်။
- င၊ နေဗုခဒ်နေဇာ။ ။တပါးအမျိုးသားဘုရင်ဖြစ်သော်လည်း ယေရမိကို ကိုးကွယ်ဆည်းကပ်သူဖြစ်သည်။
- စ၊ ဂေဒလိ။ ။သူသည် ပျက်စီးသွားသော ယေရုရှလင်မြို့ပျက်ကို အုပ်ချုပ်ရန် နေဗုခဒ်နေဇာ၏ ခန့်အပ်ခံရသူဖြစ်သည်။
- ဆ၊ ယောဟာနန်။ ။သူသည် ဂေဒလိ အသတ်ခံရပြီးနောက် မင်းဖြစ်လာသူ ဖြစ်သည်။ သူသည် ယေရမိကို အီဂျစ်ပြည်သို့ အတင်းအကြပ်ပို့ခဲ့သူ ဖြစ်သည်။

## ၂။ ယေရမိ၏ အမှုတော်ဆောင်ရွက်မှု သုံးမျိုး

- က၊ သူသည် ယုဒလူတို့အား အနာဂါတ်တွင် ဗာဗုလုန်သို့ ဖမ်းဆီးခြင်း ခံရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။(၂၅း၃၊ ၇၊ ၉၊ ၁၁)
- ခ၊ သူသည် ဗာဗုလုန်သို့ ဖမ်းသွားခြင်း ခံရသူတို့ဆီသို့လည်း နှစ်သိမ့်သြဝါဒစာများ ပို့ခဲ့သည်။(၂၉) ယေရမိမှာကြားခဲ့သော သြဝါဒများ၊ ပရောဖက်ပြုချက်များကို အောက်ပါအတိုင်း ပိုင်းခြားလေ့လာနိုင်သည်။(၂၉း၁–၃၂)
  - ၁. ဣသရေလတို့သည် ဗာဗုလုန်၌ အနှစ် ၇၀ နေကြရလိမ့်မည်။(၂၉း၅–၆)

    မှတ်ချက်။ ။အဖမ်းခံရသူတို့သည် စိတ်ဓါတ်ကျ၍ ဘယ်တော့မှ မိမိတို့ပြည်သို့ ပြန်ခွင့်မရတော့ဟု စိတ်ဓါတ်ကျတတ်သည်။ ထိုသို့မဖြစ်ကြရန်နှင့် ယေရုရှလင်မြို့သည် သင်တို့အဘို့ ဆက်လက်တည်ရှိနေကြောင်း သတိပေးခဲ့သည်။

၂. ယုဒလူတို့အား ဗာဗုလုန်နိုင်ငံ ငြိမ်သက်မှုရှိဖို့ ဆုတောင်းပေးကြရန် မှာကြားခဲ့သည်။(၂၉း၇)
၃. ဗာဗုလုန်၌ရှိစဉ် မှားယွင်းသော ပရောဖက်တို့နောက် မလိုက်မိစေရန်သာ သတိပေးခဲ့သည်။ (၂၉း၈–၉)
၄. ယေရမိက ဘုရားရှင်သည် မှားယွင်းသောပရောဖက်ဖြစ်သူ အာဟပ်နှင့်ဇေဒကိတို့ကို ဘုရားရှင် သေဒါဏ်စီရင်မည်ဟု ဟောပြောခဲ့သည်။(၂၉း၂၀–၂၃)
၅. ၄င်းပြင် ယေရမိက မိမိအားဆန့်ကျင်ရန် ဗာဗုလုန်မြို့မှ ယေရုရှလင်မြို့သို့ စာပေးလာသူ "ရှေမာ ယ" ကိုလည်း သတိပေးခဲ့သည်။(၂၉း၂၃–၃၂)
၆. ဘုရားရှင်သည် သူတို့ကို ဆက်လက်ချစ်လျက်ရှိကြောင်း၊ တနေ့တွင် သူတို့ ယေရုရှလင်မြို့သို့ ပြန်ခွင့်ရမည်ဖြစ်ကြောင်း ပြောခဲ့သည်။(၂၉း၁၄)

ဂ။ သူသည် ဘုရားရှင်၏ ဒါဏ်ခတ်ခြင်းခံရမည့် တပါးအမျိုးသား ကိုးမျိုးကို ကြေညာခဲ့သည်။(၄၆ – ၅၁)
၄င်းတို့မှာ – အဲဂုတ္တု (၄၆း၁–၂၇)
ဖိလိတ္တိ (၄၇း၁–၆)
မောဘ (၄၈း၁–၄၇)
အမ္မုန် (၄၉း၁–၆)
ဧဒုံ (၄၉း၇–၂၂)
ဒမာသက် (၄၉း၂၃–၂၇)
ကေဒါနှင့်ဟာဇော် (၄၉း၂၈–၃၃)
ဧလံ (၄၉း၃၄–၃၉)
ဗာဗုလုန် (၅၀–၅၁)

ထိုသို့ ကြေညာပြီး ယေရမိကွယ်လွန်ခဲ့ရာ အထက်ပါလူမျိုးတို့သည် ယေရမိ ပရောဖက်ပြုခဲ့သည့်အ တိုင်း အောက်ပါ ဒါဏ်ခတ်ခံခဲ့ရမှုများ ဖြစ်ခဲ့သည်။

၁. အဲဂုတ္တု (၄၆း၁–၂၇)
က– အဲဂုတ္တုသည် နေဗုခဒ်နေဇာမင်း၏ ချေမှုန်းခြင်းကို "ကာခေမိတ်" အရပ်၌ ခံကြရသည်။ (၄၆း၂)
ခ– ၎င်းတပ်သားများသည် ဥဖရတ်မြစ်နှင့် မြောက်ဘက်တဝိုက် ကစင့်ကလျား ထွက်ပြေးရကြ သည်။(၄၆း၅–၆)
ဂ– အဲဂုတ္တုသည် ထိုဘေးဒါဏ်မှ မလွတ်စေရ။(၄၆း၁၁)
ဃ– အဲဂုတ္တုဘုရင်ကား အသံသာရှိသော်လည်း အာဏာတစက်မျှမရှိ။(၄၆း၁၇)
င– အဲဂုတ္တုသည် နေဗုခဒ်နေဇာ၏ သိမ်းပိုက်ခြင်းကို ခံရသည်။(၄၆း၁၇)

၂. ဖိလိတ္တိ (၄၇း၁–၆)
က– ထိုပြည်သည် အဲဂုတ္တု၏တိုက်ခိုက်မှုကြောင့် ထွက်ပြေး ဆုံးရှုံးကြရသည်။ ထိုအချိန်ကား ၆၀၆ ဘီစီဖြစ်၍ ယုဒပြည်၌ ယောရှိဘုရင်ကွယ်လွန်ချိန် ဖြစ်သည်။(၄၇း၁–၂)
မှတ်ချက်။ ။ဗါဗုလုန်ကိုစစ်ရှုံးသော အီဂျစ်သည် ပြည်တော်ပြန်ပြေးရာလမ်းရှိ ဖိလိတ္တိတို့၏ ဂါဇမြို့ကိုသိမ်းပိုက်၍ ဗါဗုလုန်ကိုခုခံရန် ခံတပ်ပြုခဲ့သည်။
ခ– အဲဂုတ္တုရန်မှထွက်ပြေးရသော ဖိလိတ္တိလူတို့သည် မိမိတို့သားများကိုပင် ပြန်လှည့်မကြည့်နိုင် ကြတော့ချေ။(၄၇း၂–၃)
ဂ– အီဂျစ်သည် တုရုမြို့နှင့် ဇိဒုန်မြို့ကိုပါ ဖျက်ဆီးခဲ့သည်။(၄၇း၄)
ဃ– ဖိလိတ္တိတို့၏မြို့ကြီး ဂါဇနှင့်အာရှကေလုန်မြို့များသည်လည်း ဖျက်ဆီးခြင်းခံရသည်။ (၄၇း၅)

၃. မောဘပြည် (၄၈း၁–၄၇)
က– နေဗုခဒ်နေဇာသည် မောဘပြည်ကို တိုက်ခိုက်အောင်မြင်ခဲ့သည်။(၄၈း၁–၂)
ခ– ၄င်းတို့၏ "ခေမုရှ" ဘုရားနှင့် သူ့ယဇ်ပုရောဟိတ်များ မင်းများတို့သည်လည်း ဖမ်းဆီး သွားခြင်းခံရသည်။(၄၈း၇)
ဂ– ထိုအချိန်မတိုင်မီကာလများ၌ မောဘပြည်သည် မည်သည့်ပြည်ကိုမျှ စစ်မရှုံး၊ အောင်နိုင်ခဲ့ သည်ချည်းဖြစ်သည်။(၄၈း၁၁)
ဃ– တခါက "ဗေသလနွား" ဘုရားကြောင့် ယုဒလူများ ရှက်ခဲ့ကြရသလို ယခုလည်း "ခေမုရှ" ဘုရားကြောင့် ဖိလိတ္တိတို့ အရှက်ကွဲကြရသည်။(၄၈း၁၃)
င– မောဘလူမျိုးကား ဂူတခုအတွင်းမှ ပေါ်ထွန်းခဲ့ရသောသူဖြစ်သည်။(က ၁၉း၃၇)
ယခုအခါ ဂူအတွင်း၌ ပြန်နေကြရသည်။(၄၈း၂၈)

၄. အမ္မုန် (၄၉း၁–၆)

က– ထိုလူမျိုးသည် ယုဒလူများ ဗါဗုလုန်သို့ ဖမ်းသွားခံနေရချိန် ဣသရေလတို့၏ ဂဒ်ပြည်နယ်ကိုသိမ်းယူသောအမှု၊ မိလကုံဘုရားကို ကိုးကွယ်မှုတို့အတွက် ဒါဏ်ခတ်ခြင်းခံရသည်။ (၄၉း၁)

ခ– ၎င်းတို့၏ မိလကုံဘုရားနှင့် ၎င်းဘုရား၏ ယဇ်ပုရောဟိတ်များ၊ မင်းများတို့သည် ဖမ်းဆီးသွားခြင်းခံရသည်။(၄၉း၃)

ဂ– အမ္မုန်သည် ခရစ်တော်အုပ်ချုပ်မည့် မိလေနိလကာလ၌ ထိုနိုင်ငံကို ပြန်လည်တည်ထောင်ခွင့်ရမည်။(၄၉း၆)

၅. ဧဒုံ (၄၉း၇–၂၂)

က– ဧဒုံ၏မြို့များသည် သောဒုံနှင့်ဂေါမောရမြို့များကဲ့သို့ တိတ်ဆိတ် ခြောက်သွေ့ ဖျက်ဆီးခံရသည်။(၄၉း၁၈)

ခ– ၎င်းတို့၏ငိုကြွေးသံကို ဧဒုံပင်လယ် (ပင်လယ်နီ) တိုင်အောင် ကြားရသည်။(၄၈း၂၁)

ဂ– သို့သော် ၎င်းတို့၏ မိဘမဲ့ကလေးများနှင့် မုဆိုးမများကို ဘုရားရှင်စောင့်မတော်မူမည်။ (၄၉း၁၁)

၆. ဒမာသက် (၄၉း၂၃–၂၇)

က– ရန်သူများ၏တိုက်ခိုက်မှုကြောင့် ၎င်းတို့၏တပ်သားများသည် တနေ့တည်းတွင် အကြီးအကျယ် ဆုံးရှုံးရကြသည်။(၄၉း၂၆)

ခ– မီးသည် ဒမာသက်မြို့ရိုးမှစလောင်၍ ဗဟ်ဒက်၏နန်းတော်တိုင် လောင်ကျွမ်းခဲ့သည်။ (၄၉း၂၇)

၇. ကေဒါနှင့်ဟာဇော် (၄၉း၂၈–၃၄)

က– ကေဒါမှာ အာရပ်အနွယ်တခု၏ အမည်ဖြစ်၍ ဖိလိတ္တိဒေသ၏ အရှေ့ဘက် ကန္တာရတွင်နေသူများ ဖြစ်ကြသည်။ ၎င်းတို့သည် နေဗုခဒ်နေဇာ၏ တိုက်ခိုက်ဖျက်ဆီးခြင်း ခံကြရသည်။ (၄၉း၂၈)

ခ– ၎င်းတို့အားတိုက်ခိုက်ရန် ဘုရားရှင်ကိုယ်တိုင် စေခိုင်းခဲ့ခြင်းဖြစ်သည်။(၄၉း၃၁)

ဂ– အခြား အာရပ်အနွယ်ဝင်ဖြစ်သော ဟာဇော်ပြည်လည်း ဖျက်ဆီးခံရ၍၊ မည်သည့်အချိန်မှ ထိုပြည် ပြန်တည်ခွင့်မရ။(၄၉း၃၃)

၈. ဧလံပြည် (၄၉း၃၄–၃၉)

က– ဧလံပြည်သည် ဥဖရတ်မြစ်နှင့် တီးဂရစ်မြစ်များ၏အရှေ့ဘက်တွင် တည်ရှိသည်။ မြို့တော်မှာ "ရှုရှ" ဖြစ်သည်။ နေဗုခဒ်နေဇာသည် ထိုပြည်ကို တိုက်ခိုက်ဖျက်ဆီးခဲ့သည်။(၄၉း၃၄) ထိုကာလကား (၅၉၆) ဘီစီဖြစ်၍ ယုဒပြည်၌ ဇေဒကိအုပ်ချုပ်ချိန် ဖြစ်သည်။

ခ– ဧလံပြည်သည် ခရစ်တော်၏ မိလေနိလကာလ၌ ပြန်လည်တည်ထောင်ခွင့်ရမည်။(၄၉း၃၉)

၉. ဗါဗုလုန် (၅၀း၁–၅၁၊ ၆၄)

က– ဗါဗုလုန် ၂ မျိုးကို ရည်ညွှန်းသည်။ ပထမဗါဗုလုန်မှာ ပေရသိဘုရင် ဒါရိမင်း၏ တိုက်ခိုက်ဖျက်ဆီးခြင်းကို ၅၃၉ ဘီစီ အောက်တိုဘာ ၃၅ တွင်ခံရပြီး၊ ဒုတိယဗါဗုလုန်မှာ ဘုရားရှင်ကိုယ်တိုင် တိုက်ခိုက်ဖျက်ဆီးလိမ့်မည်။(ဗျာ ၁၈း၁၃)

မှတ်ချက်။ ။ဗါဗုလုန်ဆိုသည်မှာ ပထမဆုံး ဘုရားရှင်ကိုပုန်ကန်ခဲ့သော ရုပ်တုကိုးကွယ်သူ ဗါဗုလုန်မှလာခြင်းဖြစ်သည်။ အနာဂါတ်ဗါဗုလုန်မှာလည်း အန္တိခရစ်၏ ရုပ်တုဆင်းတုကို ကိုးကွယ်မှုနှင့်စပ်ဆိုင်သည်။

ခ– ထိုဗါဗုလုန် ၂ မျိုး ဖျက်ဆီးခံရတိုင်း ဣသရေလတို့သည် ဘုရားရှင်ထံ ပြန်လာကြသည်။ ပထမအကြိမ်၌ (ဧဇရ ၁) တွင်တွေ့ရ၍ ဒုတိယအကြိမ်အတွက်မူ (ဇာခရိ ၁၃း၉–၁၁) ၌ ဖော်ပြထားခဲ့သည်။

ဂ– ဗါဗုလုန် ၂ မြို့မှာ ဘယ်သောအခါမှ ပြန်တည်ဆောက်ခွင့် မရကြတော့ချေ။(၅၁း၂၆)

ဃ– ထိုဗါဗုလုန် ၂ မြို့အတွက် ဘုရားမဲ့သူများ ငိုကြွေးကြလိမ့်မည်။(ဗျာ ၁၈၊ ယေရမိ ၅၀း၄၆)

င– ဣသရေလများသည် ထိုဗါဗုလုန် ၂ မြို့မှ စွန့်ခွာ ထွက်သွားကြမည်။ (ဗျာ ၁၈း၄၊ ယေရမိ ၅၁း၆)

စ– ထိုဗါဗုလုန် ၂ မြို့သည် ရွှေဖလားနှင့် ဥပမာဆောင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုရွှေဖလားဖြင့် အပြည်ပြည်တို့ကို မူးယစ်စေသည်။(၅၁း၇)

ဆ– ကောင်းကင်ဘုံသည် ထိုဗါဗုလုန် ၂ မြို့ ပျက်စီးခြင်းအတွက် ဝမ်းမြောက်ကြလိမ့်မည်။ (ယေရမိ ၅၁း၉–၁၀၊ ၄၈၊ ဗျာ ၁၈း၂၀)

## ၃။ ယေရမိအတ္ထုပ္ပတ္တိ

က၊ သူသည် ယောရှိမင်းအုပ်ချုပ်သည့်ကာလ၌ ဘုရားရှင်သည် မိမိအမှုတော်ဆောင်အဖြစ် ခေါ်ယူခဲ့သည်။ (၁း၁–၁၀) ယေရမိ၌ အိမ်ထောင်မရှိချေ။(၁၆း၂)

၁. ယေရမိသည် ဟိလခိ၏သားဖြစ်၍ အာနသုတ်မြို့မှ ယဇ်ပုရောဟိတ်လည်းဖြစ်သည်။ အာနသုတ်မြို့ကား ယေရုရှလင်မြို့၏ အရှေ့မြောက်ဘက် ၃ မိုင်အကွာတွင်တည်ရှိသော ဗယ်ာမိန်ပြည်နယ် ဖြစ်သည်။(၁း၁)

၂. သူ့အား ဘုရားရှင်ခေါ်သည့်အချိန်မှာ မင်းကောင်းတပါးဖြစ်သော ယောရှိမင်း နန်းစံ ၁၃ နှစ်တွင် ဖြစ်သည်။(၁း၂)

၃. သူ၏ ကြောက်ရွံ့ဘွယ် ယုဒပြည်သို့ ဘေးဒါဏ်များကျမည့်အကြောင်း ဩဝါဒများကြောင့် သူ၏မိဘများ၊ သူ၏ အာနသုတ်မြို့သားများနှင့် သူ့နိုင်ငံသားများက သူ့ကို စွန့်ပစ် ဆန့်ကျင်ကြသည်။ (၁၂း၆၊ ၁၁း၂၁)

၄. သူစတင်အမှုတော်ဆောင်စဉ် ဘုရားရှင်က သူ့အား အောက်ပါအရေးကြီးသော အကြောင်းအရာ ၂ ခုကို ယေရမိအား ပြသခဲ့သည်။ ၄င်းတို့မှာ –

က– သူ့အား ဗာတံကိုင်းကို ပြခဲ့သည်။ ဗာတံပင်သည် အခြားသောအပင်များထက် အချိန်စောစွာအပွင့်ထွက်တတ်၏။ ဤနိမိတ်လက္ခဏာမှာ ဘုရားရှင်၏ဒါဏ်ခတ်မှုသည် ယုဒလူတို့အပေါ်သို့ အလျင်အမြန်ကျရောက်မည့် အဓိပ္ပါယ်ဖြစ်သည်။ ပရောဖက်ယေရမိသည် ယုဒလူများ ဗါဗုလုန်သို့ ဖမ်းဆီးခြင်းမခံရချိန်၏ နောက်ဆုံးသောပရောဖက်ဖြစ်သည်။(၁း၁၁–၁၂)

ခ– သူ့အား တောင်မှမြောက်သို့ မျက်နှာပြုနေသော ဆူပွက်နေသောအိုးကို ပြသခဲ့သည်။ ဤအဓိပ္ပါယ်မှာ ဗါဗုလုန်က ယုဒပြည်အား ချဉ်းနင်းဝင်ရောက်သိမ်းပိုက်မည့် အဓိပ္ပါယ်ဖြစ်သည်။(၁း၁၃–၁၆)

၅. ယေရမိသည် ယုဒပြည် ဒါဏ်ခတ်ခံထိမည့်အရေးအတွက် ပူဆွေး ငိုကြွေးခဲ့ရသည်။(၄း၁၉–၂၁) သူ့ခံစားရချက်များကို အောက်ပါကျမ်းပိုဒ်များ၌ တွေ့နိုင်သည်။(၈း၁၈၊ ၂၁၊ ၉း၁၊ ၂၊ ၁၀၊ ၁၃း၁၇၊ ၁၄း၁၇)

၆. ဘုရားရှင်သည် ယေရမိအား ယေရုရှလင်မြို့ ကျရောက်မည့်ဘေးမှ လွတ်ရန်အတွက် ထိုမြို့၌ ဖြောင့်မတ်သောသူတယောက် လိုက်ရှာစေသည်။ အတိတ်ကာလက ဘုရားရှင်သည် အာဗြဟံအား ထိုကဲ့သို့ ရှာဖွေခိုင်းခဲ့ဘူးသည်။(၅း၁၊ က ၁၈း၂၃–၃၃)

၇. ယေရမိသည် သူဆင်းရဲတို့ မဖြောင့်မတ်နိုင်သော်လည်း ပညာရှိ၊ သူကြွယ်တို့ ဖြောင့်မတ်နိုင်ကောင်းသည်ဟု ထင်လျက် ဖြောင့်မတ်သောသူကို ရှာပါသော်လည်း မတွေ့ရချေ။ သို့ဖြစ်၍ ဘုရားရှင်၏ဒါဏ်ခတ်ခြင်းသည် သူတို့အပေါ် ကျရောက်တော့သည်။(၅း၄–၅)

၈. မင်းကောင်းတပါးဖြစ်သော ယောရှိသည် နန်းသက် ၃၁ နှစ်တွင် သေဆုံးခဲ့၍ ယေရမိကိုယ်တိုင် မသာပို့သွားခဲ့သည် (၆ရာ ၃၅း၂၅)။ ထိုဘုရင်ကောင်း ကွယ်လွန်ပြီးနောက် ယုဒပြည်သည် ပိုမို၍ ဘုရားရှင်ထံမှ ဖယ်ခွါခဲ့ကြသည်။

ခ၊ သူသည် ယုဒလူမျိုးများအား ဘုရားရှင်ထံပြန်လာရန် ကြိုးစားခေါ်ယူခဲ့သည်။(၃း၁၂–၁၄၊ ၂၆း၁–၇)

၁. ဘုရားရှင်သည် ဣသရေလများ မိမိထံပြန်လာရန် ဖိတ်ခေါ်ခဲ့သည်။ သို့သော် သူတို့မပြန်လာကြ။ (၂း၉)

၂. ဘုရားရှင်သည် တပါးဘုရားများကို ကိုးကွယ်မိကြသူများကို ခွင့်လွှတ်ရန် မိမိထံလာဘို့ ဖိတ်ခေါ်ခဲ့သည်(၃း၁)။ ထိုအပြုမူမှာ မောရှေဥပဒေအားဖြင့် အပြစ်ကြီးသောအမှုဖြစ်သည်။(တရား ၂၄း၁–၄)

၃. ယေရမိက သူတို့စိတ်နှလုံးမြင့်၍ တလွဲမခိုင်မာကြရန် ဆုံးမခဲ့သည်။(၄း၃–၄)

၄. သူတို့သည် စိတ်ပြောင်းလဲခြင်း၊ စိတ်သန့်ရှင်းဖြူစင်အောင် ပြုခြင်းဖြင့် ကျရောက်လာမည့်ဘေးဒါဏ်မှ လွဲရှောင်နိုင်သည်။(၄း၁၄)

၅. သူတို့၏ အကျင့် ဓလေ့ဘာသာများကို ပြုပြင်၍ နောင်တရကြလျှင် ဘုရားရှင်သည် သူတို့ကို မိမိတို့တိုင်းပြည်၌ ဆက်လက်တည်ရှိစေမည်။(၇း၃)

၆. အမှောင်ဒုက္ခမကျရောက်မီ သူတို့အမှားကို ပြုပြင်စေလိုသည်။(၁၃း၁၆)

ဂ၊ ယေရမိက ဘုရားရှင်သည် ဗါဗုလုန်အားဖြင့် ယုဒလူတို့ကို ဒါဏ်ခတ်မည်။ ယုဒလူတို့အပြစ်များအတွက် အပြစ်ဒါဏ်စီရင်မည်။ သူတို့၏အပြစ်များမှာ –

၁. သူတို့သည် အသက်စမ်းရေကိုစွန့်ပစ်၍ ပျက်စီးပုပ်သိုးသောရေတွင်းကို တူးကြသည်။(၂း၁၃)

၂. အမျိုးစစ်မှ အမျိုးမစစ်ဘဝသို့ ကူးပြောင်းကြသည်။(၂း၂၁)

၃. သူတို့သည် ဆပ်ပြာနှင့်သန့်စင်အောင် ရေချိုးသော်လည်း မိမိတို့အပြစ်ကိုမူ မဆေးကြောကြ။ (၂း၂၂)
၄. တိုင်းပြည်ခေါင်းဆောင်တို့သည် ဆင်းရဲသားများအသွေးကို မတရားသဖြင့် သွန်းကြသည်။(၂း၃၄)
၅. ပြည့်တန်ဆာအလုပ်ကိုလည်း မရှက်မကြောက် ပြုကြသည်။(၃း၃)
၆. သူတို့သည် မြင့်သောတောင်ကုန်း၊ စိမ်းသောသစ်ပင်တိုင်းတို့၌ မိစ္ဆာဘုရားများကို ကိုးကွယ်ကြသည်။(၃း၆)
၇. သူတို့သည် ပရောဖက်များကို ခြင်္သေ့ သားကောင်ကိုက်သကဲ့သို့ သတ်ကြပြီ။(၂း၃၀)
၈. သူတို့စိတ်နှလုံးသည် ကြေးဝါနှင့်သံကဲ့သို့ မာကြောကြသည်။(၆း၂၈)
၉. သူတို့သည် "ကောင်းကင်မိဖုရား" ဟူသော ဘုရားပွဲအတွက် ဝတ်ပြုပွဲတော် ကျင်းပကြသည်။ (၇း၁၈၊ ၄၄း၁၇)
၁၀. သူတို့သည် မိစ္ဆာဘုရားများအတွက် မိမိတို့သားသမီးငယ်များကို ပူဇော်ကြသည်။(၇း၃၁၊ ၁၉း၅)

ဃ၊ သူက ယုဒလူတို့၏ နားမထောင်မှုအပြစ်ကြောင့် ကျရောက်မည့်ဘေးဒါဏ်များကို အောက်ပါအတိုင်း သတိပေး ပြောကြားခဲ့သည်။
၁. တပါးအမျိုးသားတပ်များသည် ယေရုရှလင်ကို လာရောက်တိုက်ခိုက်ကြမည်။(၄း၆)
၂. ထိုသို့ ဗါဗုလုန်တပ်များ ယုဒပြည်သို့တိုက်ခိုက်ခြင်းကို အီဂျစ်နှင့်အဆီးရီးယားတို့က ယုဒပြည်ကို မကူညီဘဲ လက်ပိုက်ကြည့်ကြလိမ့်မည်။(၂း၁၈၊ ၃၆)
၃. ပြည်သူများသည် ဆာလောင်နေသောခြင်္သေ့ရန်မှ ပြေးသကဲ့သို့ မိမိတို့မြို့မှ ပြေးကြရမည်။ (၄း၅–၇)
၄. ယေရုရှလင်မြို့သည် မုဆိုးက သားကောင်ကို ဝိုင်းထားသကဲ့သို့ ဝိုင်းဝန်းခြင်းခံရလိမ့်မည်။ (၄း၁၇၊ ၆း၃–၅)
၅. သူတို့သည် သားဖွားခါနီး မိန်းမငိုကြွေးသကဲ့သို့ ငိုကြွေးကြလိမ့်မည်။(၄း၃၁၊ ၆း၂၄၊ ၁၃း၂၁)
၆. ယေရုရှလင်၏သစ်ပင်တို့သည် ခုတ်လှဲခြင်းခံရ၍ ယေရုရှလင်မြို့ရိုးကို တိုက်ခိုက်ရာဖို့ လမ်းအဖြစ် လုပ်ကြလိမ့်မည်။(၆း၆)
၇. ဗိမာန်တော်သည် ဖျက်ဆီးခြင်းခံရမည်။(၇း၁၄)
၈. ရန်သူများသည် ပြည်သူများကို မြွေဆိုးကိုက်သကဲ့သို့ ညှင်းဆဲကြလိမ့်မည်။(၈း၁၇)
၉. ဒါးဘေးဖြင့် များစွာ သေကြလိမ့်မည် (၁၅း၃)။ ရောဂါဆိုးဖြင့် သေကြမည်။ အစာငတ်ဘေးဖြင့် သေကြလိမ့်မည်။(၁၆း၃–၄၊ ၂၁း၉)
၁၀. ယုဒလူများ လေတိုက်လွင့်သောဖွဲကဲ့သို့ တစစီ ပျံ့လွင့်ကြမည်။(၁၃း၂၄)
၁၁. ယုဒလူတို့၏ အသေကောင်များသည် ယေရုရှလင်မြို့ အပြင်ဘက်တွင် စုပုံနေရာ ငှက်နှင့်တောရဲတို့၏ စားစရာဖို့ ဖြစ်လိမ့်မည်။(၇း၃၂၊ ၃၃၊ ၉း၂၂၊ ၁၂း၈–၉)
၁၂. ရန်သူတို့သည် ယုဒဘုရင်၊ ယဇ်ပုရောဟိတ်၊ ပရောဖက်တို့၏အရိုးများကို တူးဖော်၍ မိမိတို့၏ နေဘုရား၊ လဘုရား၊ ကြယ်ဘုရားတို့၏ရှေ့၌ ချထားကြလိမ့်မည်။(၈း၁–၂)
၁၃. ထောင်နှင့်ချီသော ယုဒလူတို့ကို ဗာဗုလုန်မြို့သို့ဖမ်းသွား၍ အနှစ် ၇၀ လုံးလုံး ကျွန်အဖြစ် နေရကြလိမ့်မည်။(၇း၁၅၊ ၂၅း၁၁၊ ၂၉း၁၀)
၁၄. ယုဒလူမျိုးများကျရောက်သော ဒါဏ်ခတ်ခံရမှုကြီးကို တပါးအမျိုးသားတို့သည် အံ့သြကြလိမ့်မည်။ (၁၉း၈၊ ၂၂း၈၊ ၂၅း၁၁)

င၊ ယုဒလူများတို့သည် ယေရမိ၏စကားကို နားမထောင်ကြဘဲ ထောင်လွှားနေကြသောကြောင့် ယေရမိသည် သတိပေးသူပရောဖက် အဖြစ်မှ ငိုကြွေးသူပရောဖက် ဖြစ်ခဲ့ရသည်။(၄း၁၉၊ ၈း၂၁၊ ၉း၁၊ ၂၊ ၁၀၊ ၁၃း၁၇၊ ၁၄း၁၇)

စ၊ ယေရမိသည် သူ၏ပရောဖက်ပြု ဟောပြောချက်များကြောင့် ဒုက္ခများစွာ ခံခဲ့ရသည်။
၁. သူ့မိသားစု၏ ဆန့်ကျင်မှုကို ခံခဲ့ရသည်။(၁၂း၆)
၂. သူ့မြို့သားတို့က သူ့အားသတ်ရန် ကြိုးစားခဲ့ကြသည်။(၁၁း၂၁)
၃. ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များတို့သည် သူ့ကိုသတ်ရန် ကြိုးစားကြသည်။(၂၆း၈)
၄. သူ့အား ယောယကိမ်ဘုရင်သည် သတ်ပစ်ရန် အားထုတ်ခဲ့သည်။(၃၆း၂၆)
၅. သူသည် အဖမ်းဆီးခံရသည်။ အရိုက်ခံရသည်။ အစွပ်စွဲခံရသည်။ အချုပ်ကျခံရသည်။(၃၇း၁၄–၁၆)
၆. သူသည် ယောယကိမ်ဘုရင်က သူ၏ ပရောဖက်ပြုထားချက်စာများအား မီးရှို့ပစ်မှုကို ကိုယ်တိုင် မြင်ခဲ့ရသည် (၃၆း၂၁–၂၃)။ ဘုရားရှင်သည် ယေရမိအား ထပ်မံရေးခိုင်းပြန်ရာ ထိုရေးထားချက်၌ ယခင်ကထက် ဒါဏ်ခတ်ခံရမှုများ ပိုမိုများပြားခဲ့သည်။
၇. ဘုရားရှင်က ယေရမိအား ယုဒပြည်အတွက် ဆုမတောင်းရန် အမိန့်ပေးလိုက်သည်။(၇း၁၆၊ ၁၁း၁၄၊

၁၄း၁၁၊ ၁၆း၅)

၈. ယေရမိ စိတ်ဓါတ်ကျခဲ့ရသည်။(၂၀း၇–၉၊ ၁၄–၁၈)

၉. ယေရမိသည် ဗါဗုလုန်မြို့ရောက် ယုဒပြည်သားများသို့ အားပေးစာ ရေးခဲ့သည်။(၂၉)

၁၀. ဘုရားရှင်သည် အချုပ်ခံနေရသောယေရမိအား အာနသုတ်မြို့မှ ဟာနမေလ၏လယ်ကွက်ကို ဝယ်စေ၏။ အဓိပ္ပါယ်မှာ ယုဒလူမျိုးများသည် ဗာဗုလုန်၌ အထိန်းသိမ်းခံနေရသော်လည်း တနေ့တွင် မိမိပြည်ကိုပြန်ရ၍ အရောင်းအဝယ်ဖြင့် စည်ကားနေမည့်သင်္ကေတ ဖြစ်သည်။(၃၂း၆–၁၅)

၁၁. ဘုရားရှင်သည် ယေရမိအား ဗိမာန်တော်၌ သဖန်းသီးထည့်ထားသောတောင်း ၂ လုံးကို ပြ၏။ တလုံး၌ သဖန်းသီးကောင်းရှိ၍၊ တလုံး၌ သဖန်းသီးညံ့ရှိ၏။ အဓိပ္ပါယ်မှာ ဗါဗုလုန်ရောက် ဂျူးများထဲမှ သူတော်ကောင်းအချို့ (ဒံယေလ၊ ယေဇကျေလကဲ့သို့) ရှိ၍ ဇေဒကိဘုရင်နှင့် နောက်လိုက်များကဲ့သို့သော လူဆိုးများရှိလိမ့်မည့် သင်္ကေတ ဖြစ်သည်။(၂၄း၁–၈)

၁၂. ယေရမိသည် "ရေခပ်" အမျိုးသားတို့ထံ အလည်သွားသည်။ ရေခပ်အမျိုးသားတို့ကား ဣသရေလတို့ကို ကူညီဘူး၍ ဗာလဘုရားကို စွန့်ပစ်ကြသူများ ဖြစ်သည်။ ၎င်းနောက် ထိုလူမျိုးတို့သည် သိုးကျောင်းမှုဖြင့် အသက်မွေးကာ စပျစ်ရည်ကိုမသောက်သူများ ဖြစ်သည်။(၃၅း၁၂)

က– ယေရမိသည် ထိုလူမျိုးတို့ကို ဗိမာန်တော်သို့ခေါ်၍ စပျစ်ရည်တိုက်ရာ သူတို့သည် ငြင်းဆန်၍ မသောက်ကြ။

ခ– ယေရမိသည် ထိုနမူနာအားဖြင့် ရေခပ်အမျိုးသားတို့၏ နားထောင်ခြင်း၊ ယုဒအမျိုးသားတို့၏ ငြင်းဆန်ခြင်းကို သိမြင်ခဲ့ရသည်။(၃၅း၁၂–၁၉)

၁၃. သူသည် ဗိမာန်တော်ပျက်စီးမည့်အကြောင်းကို လူအများတို့အား ဗိမာန်တော်အဝ၌ ဟောပြောသောကြောင့် သူ့အားသတ်ပစ်ရန် ကြိုးစားကြမှုမှ လက်မတင် လွတ်ခဲ့သည်။(၂၆း၆–၉)

ဆ၊ နေဗုခဒ်နေဇာလက်အောက်ရောက်ခဲ့သော ယေရမိ

၁. ယုဒဘုရင်ဇေဒကိသည် ရန်သူဝိုင်းထားသော ယေရုရှလင်မြို့မှထွက်ပြေးရာ ယေရိခေါမြို့အနီး၌ အဖမ်းခံရပြီး ယေရုရှလင်မြို့သို့ ပြန်အပို့ခံရသည်။ သူ့မျက်မှောက်တွင် သူ့သားတို့အား ရန်သူကသတ်၍ သူ့မျက်စိအားလည်း ဖောက်ပစ်ခဲ့သည်။(၃၉း၄–၇၊ ၅၂း၆–၁၁)

၂. နေဗုခဒ်နေဇာဘုရင်၏ တပ်မှူး နေဗုဇာဒရန်သည် ယေရမိကို ကောင်းမွန်စွာစောင့်ရှောက်ရန် မှာကြားခဲ့သည်။(၃၁း၁၁၊ ၁၂)

၃. ယေရမိသည် အကျဉ်းထောင်မှလွတ်ခွင့်ရပြီး ရာမမြို့ရှိ နေဗုဇာဒရန်ထံသို့ အပို့ခံရသည်။ နေဗုဇာဒရန်က ယေရမိအား ဗါဗုလုန်သို့သွားချင်သလော၊ ယေရုရှလင်မြို့သို့ပြန်လိုသလောဟု ခွင့်ပေးရာ ယေရုရှလင်မြို့သို့သာ ပြန်ခဲ့သည်။ ယေရုရှလင်မြို့၌ကား ယုဒအမျိုးသား "ဂေဒလိ" ဘုရင်ခံအဖြစ် ရှိနေခဲ့ပြီ။(၄၀း၁–၆၊ ၃၉း၁၄)

ဇ၊ ဂေဒလိလက်အောက်ရောက်ခဲ့သော ယေရမိ

၁. ဂေဒလိကား ယုဒ–ဗါဗုလုန်စစ်ပွဲအပြီး စစ်ရှုံးသောယုဒပြည်နှင့် ယေရုရှလင်ကိုအုပ်ချုပ်ရသော အုပ်ချုပ်ရေးမှူးဖြစ်သည်။(၄၀း၇–၁၂)

၂. ထိုကာလ၌ ယုဒအမျိုးသားထဲမှ ဣရှမေလ အမည်ရှိသော ပုန်ကန်သူသည် ဂေဒလိကိုသတ်ဖြတ်ရန် ကြိုးစားနေကြောင်းကို ယောဟာနန် ဆိုသူက သတိပေးခဲ့သော်လည်း ဂေဒလိသည် မယုံကြည်ဘဲနေ၏။(၄၀း၁၃–၁၆)

၃. ဂေဒလိ၊ ယုဒအရာရှိများနှင့် ဗါဗုလုန်တပ်သားများအားလုံးတို့သည် ဣရှမေလလက်ချက်ဖြင့် သေဆုံးကြရသည်။(၄၁း၁–၃)

၄. ယောဟာနန်သည် ထိုပြဿနာများကြုံနေရသော ပြည်သူလူထုထံသို့ လာရောက်ကူညီရာ ဣရှမေလသည်လည်း ထွက်ပြေးရလေသည်။(၄၁း၁၁–၁၇)

ဈ၊ ယောဟာနန်လက်အောက်ရောက် ယေရမိ

၁. ယောဟာနန်သည် ယေရုရှလင်မြို့၌ရှိနေသေးသော ယုဒလူများအပေါ် ဘုရားရှင် အဘယ်ကဲ့သို့ အလိုတော်ရှိကြောင်း ယေရမိအား ဆုတောင်းခိုင်းခဲ့သည်။(၄၂း၁–၅)

၂. (၁၀) ရက်ခန့် ဆုတောင်းပြီးသောအခါ ယေရမိက ဘုရားရှင်သည် ယုဒလူတို့အား ယေရုရှလင်မြို့မှာသာနေကြ၍ အီဂျစ်ပြည်သို့မသွားကြရန် မိန့်မှာကြောင်း၊ ထိုသို့မပြုပါက ဘေးဒုက္ခနှင့်ကြုံရမည်ဖြစ်ကြောင်းကို ရှင်းပြခဲ့သည်။(၄၆း၆–၂၂)

၃. သို့သော် ထိုစကားကိုနားမထောင်ကြဘဲ ယောဟာနန်နှင့်ခေါင်းဆောင်တို့က ယေရမိကို လူလိမ်အဖြစ် စွပ်စွဲကြသည်။ သူတို့သည် လူအများနှင့် ယေရမိကိုပါယူ၍ အီဂျစ်ပြည်သို့ ထွက်သွားကြသည်။(၄၃း၁–၇)

၄. အီဂျစ်ပြည်သို့ရောက်သောအခါ ယုဒလူတို့သည် ရုပ်တုဆင်းတုကို ကိုးကွယ်ကြပြန်သည်။

(၄၄း၁၅–၁၉)

၅. ယေရမိက ထိုအမှုကိုပြုသော ယုဒလူတို့သည် ဘုရားရှင်၏ဒါဏ်ခတ်ခြင်းကိုခံရ၍ အချို့တို့သာ ယေရုရှလင်သို့ ပြန်ရောက်ကြမည်ဟု ဆိုသည်။(၄၄း၇–၁၄၊ ၂၈)

၆. ယေရမိသည် အီဂျစ်ပြည် တာပနက်သို့ရောက်လျှင် ကြီးသောကျောက်တုံးကြီးကို အီဂျစ်ဘုရင် ဖါရောအိမ်ရှေ့၊ ယုဒလူများရှေ့မှောက်တွင် မြုပ်ထားလေသည်။ အဓိပ္ပါယ်မှာ နေဗုခဒ်နေဇာဘုရင်ရင်သည် အီဂျစ်ပြည်ကိုသိမ်းပိုက်၍ ထိုကျောက်တုံးကြီးပေါ်၌ သူ့ရာဇပလ္လင်ကိုတည်မည့် အဓိပ္ပါယ်ဖြစ်သည်။(၄၃း၉–၁၃)

## ၄။ ယေရမိ၏ ပရောဖက်ပြုချက်များ

က၊ ယေရုရှလင်မြို့ ပျက်စီးမည့်အကြောင်း (၁း၁၄–၁၆၊ ၄း၅–၉၊ ၅း၁၅–၁၇၊ ၆း၁–၆၊ ၃၂း၂–၃၊ ၃၈း၁၇–၁၈)

ခ၊ ဗိမာန်တော် ပျက်စီးမည့်အကြောင်း (၇း၁၁–၁၅၊ ၂၆း၆–၉)

ဂ၊ ယုဒဘုရင်ဆိုး ယောခတ် (ရှလ္လုံ)၊ အဲဂုတ္တုပြည်၌ သေရမည့်အကြောင်း (၂၂း၁၀–၁၂)

ဃ၊ ယောယကိမ်ဘုရင်၏ သေခြင်း (၃၆း၂၇–၃၀)

င၊ ယေခေါနိ၏မျိုးဆက်များ ဆက်လက်၍ ဘုရင်လုပ်ပိုင်ခွင့်မှ ပယ်ဖျက်ခံရခြင်း (၂၂း၂၄–၃၀)

စ၊ မိစ္ဆာပရောဖက် ၂ ဦး (အာဟတ်နှင့်ဇေဒကိ) တို့၏ အသတ်ခံရခြင်းနှင့် "ရှေမာယ" ဒါဏ်အပေးခံရခြင်း။ ၄င်းတို့သည် ဗါဗုလုန်ရောက် ဣသရေလများကို မှားယွင်းသော ပရောဖက်ပြုခြင်းကြောင့် ဖြစ်သည်။(၂၉း၂၀–၃၂)

ဆ၊ ယေရုရှလင်မှ မိစ္ဆာပရောဖက် "ဟာနနိ" ၏သေခြင်း (၂၈း၁၃–၁၇)

ဇ၊ "စရာယ" ဗါဗုလုန်သို့ သိမ်းသွားခံရခြင်း (၅၁း၅၉–၆၄)

ဈ၊ ယုဒပြည်နှင့်အီဂျစ်ပြည် မဟာမိတ်ဖွဲ့၍ ဗါဗုလုန်ကိုတိုက်ကြသော်လည်း မအောင်မြင်ကြခြင်း (၃၇း၅–၁၀)

ည၊ ဗါဗုလုန်က အဲဂုတ္တုကို အောင်နိုင်မည့်အကြောင်း (၄၆း၁–၂၆)

ဋ၊ ဗါဗုလုန်က အီဂျစ်တွင် စခန်းချ တည်ဆောက်မည့်အကြောင်း (၄၃း၉–၁၃)

ဌ၊ ယုဒပြည်သားများ ဗါဗုလုန်၌ အနှစ် ၇၀ အဖမ်းခံကြမည့်အကြောင်း (၂၅း၁၁၊ ၂၉း၁၀)

ဍ၊ အနှစ် ၇၀ လွန်ပြီးနောက် ယေရုရှလင်မြို့သို့ ပြန်လာနေရမည့်အကြောင်း (၂၇း၁၉–၂၂၊ ၃၀း၃၊ ၁၀–၁၁၊ ၁၈–၂၁၊ ၃၁း၉၊ ၁၂၊ ၃၈၊ ၃၉၊ ၃၃း၃–၉)

၁. ကမ္ဘာအနှံ့မှ ဣသရေလများ ဣသရေလပြည်သို့ ပြန်စုရုံးရမည့်အကြောင်း (၃း၁၄၊ ၃၁း၁၀၊ ၃၂း၃၇–၄၃)

၂. ဘုရားရှင်သည် အလိုတော်သို့လိုက်တတ်သောသူကို သူတို့၏ခေါင်းဆောင်အဖြစ် ခန့်ထားမည်။ (၃း၁၅)

၃. ပါလတိနဒေသသည် ဘုရားရှင်၏ ဘုန်းတော်ထင်ရှားရာအရပ်နှင့် ဘုရားရှင်၏လူများ နေရာအရပ်တဖန်ပြန်ဖြစ်လာမည့်အကြောင်း (၃း၁၆–၁၈)

၄. ဖြောင့်မတ်ခြင်း၏အကိုင်း (ကယ်တင်ရှင်) သည် ဒါဝိဒ်၏ရာဇပလ္လင်ကို ပြန်ထိုင်မည့်အကြောင်း ဉာဏ်ပညာဖြင့်၄င်း၊ တရားသဖြင့်၄င်း အုပ်ချုပ်လိမ့်မည်။(၂၃း၅–၆၊ ၃၀း၂၁၊ ၃၃း၁၇)

၅. ယေရုရှလင်မြို့သည်လည်း ဝမ်းမြောက်စွာဖြင့် ပြန်လည်တည်ဆောက်ခံရ၍ ကျေးဇူးတော်ချီးမွမ်းသောမြို့ ဖြစ်လိမ့်မည်။(၃၈း၁၈–၂၀၊ ၃၁း၄၊ ၇–၉၊ ၁၂–၁၄၊ ၂၃–၂၅၊ ၃၃း၁၀–၁၂)

ဎ၊ ဣသရေလတို့အဖမ်းခံရပြီး နှစ် ၇၀ အလွန်တွင် ဗါဗုလုန် ဒါဏ်ခတ်ခံရမည့်အကြောင်း (၂၅း၁၂)

ဏ၊ ဇေဒကိမင်း အဖမ်းခံရမည့်အကြောင်း (၂၁း၃–၇၊ ၃၄း၁–၅၊ ၃၇း၁၇၊ ၃၉း၄–၇၊ ၅၂း၆–၁၁)

တ၊ ဗါဗုလုန်ရောက် ဣသရေလများကို စောင့်မကြည့်ရှုခြင်း (၂၄း၁–၇)

## ၅။ ယေရမိအနာဂတ္တိပါ ပဋိညာဉ်တရားသစ်

က၊ ပဋိညာဉ်တရားသစ်၏ သဘာဝ

၁. ပဋိညာဉ်တရားသစ်နှင့် ဣသရေလများ (၃၁း၃၃)

၂. ပဋိညာဉ်တရားသစ်သည် မောရှေ၏ ပဋိညာဉ်တရားဟောင်းနှင့် မတူချေ။(၃၁း၃၂)

၃. ဘုရားရှင်သည် သူတို့၏စိတ်နှလုံးပေါ်၌ အမှတ်အသားပြုထားမည်။(၃၁း၃၃)

၄. ထိုလူမျိုးတို့သည် နှလုံးသားအသစ်ကို ရရှိကြ၍ ဘုရားရှင်၏လူ တဖန်ပြန်ဖြစ်လာကြမည်။ ဘုရားရှင်သည်လည်း သူတို့၏ဘုရား ပြန်ဖြစ်လာလိမ့်မည်။(၃၁း၃၃–၃၄)

ခ၊ ပဋိညာဉ်တရားသစ် စတင် အတည်ဖြစ်လာလိမ့်မည်။ "ထိုနေ့ရက်" ကား ဘေးဒါဏ်ကြီးကာလ ၇ နှစ်ကာလ ဖြစ်သည်။ ထိုကာလ၌ ဣသရေလများ ဒုက္ခကြုံရမည်။ ယာကုပ်အမျိုး (ဣသရေလ) ဒုက္ခ ရောက်သောကာလ ဖြစ်သည် (၃၀း၇)။ ပဋိညာဉ်တရားသစ် ပြည့်စုံမည့်အချိန်ကား ထိုယာကုပ်အမျိုး ၏ ဒုက္ခကြီးအပြီး မိလေနီလနှစ် ၁၀၀၀ ကာလတွင် ဖြစ်သည်။(၃၃)

ဂ၊ ထိုပဋိညာဉ်တရားသစ်ကား "ပြောင်းလဲခြင်းမရှိ၊ အချိန်ကာလမရှိ၊ ထာဝရတည်၏"။ မောရှေ၏ ပဋိညာဉ်တရားဟောင်းနှင့် ဆန့်ကျင်ဘက်သဘောရှိ၏ (ထွက် ၁၉း၅–၈)။ ဆိုလိုသည်မှာ မောရှေ၏ ပဋိညာဉ်တရားဟောင်းသည် ခံယူသူ၏ လိုက်နာမှု၊ မလိုက်နာမှုအပေါ်တွင် မူတည်၏။ ပဋိညာဉ်တ ရားသစ်ကား ထိုကဲ့သို့မဟုတ်ပေ။

ဃ၊ ထိုပဋိညာဉ်တရားသစ်၏ အာမခံသူကား "ဒါဝိဒ်၏သားတော်" (ယေရှု) ဖြစ်သည်။ (၃၀း၉၊ ၃၃း၁၅–၁၈)

## ၆။ ယေရမိအနာဂတ္တိကျမ်းမှ အရေးပါကျမ်းပိုဒ်များ

က၊ – *ချမ်းသာမရှိသောအခါ ချမ်းသာ ချမ်းသာဟုပြောဆိုလျက်၊ ငါ၏လူမျိုး သတို့သမီးအနာကို ပေါ့လျော့စွာ ကုကြ၏ – (၆း၁၄)*

ခ၊ – *ငါ၏နာမဖြင့်သမုတ်သော ဤအိမ်တော်ကို သင်တို့သည် ထားပြတွင်းကဲ့သို့ ထင်ကြသလော။ ဤအမှုကို ငါ ကိုယ်တိုင်မြင်ပြီဟု ထာဝရဘုရား မိန့်တော်မူ၏ – (၇း၁၁)*

ဂ၊ – *အသီးအနှံ သိမ်းရာကာလ လွန်ပြီ။ နွေကာလကုန်ပြီ။ ငါတို့သည် ကယ်တင်ခြင်းသို့ မရောက်ကြ။ ငါ၏လူ မျိုးသတို့သမီးသည် နာသောကြောင့် ငါလည်းနာရ၏။ ကြမ်းတမ်းသောအဝတ်ကိုဝတ်လျက် မိန်းမောတွေ ဝေလျက်နေရ၏။ ဂိလဒ်ပြည်၌ ဗာလဖံပင်အစေး မရှိသလော။ ထိုပြည်၌ ဆေးသမားမရှိသလော။ ရှိလျက် ပင် ငါ၏လူမျိုး သတို့သမီးသည် အဘယ်ကြောင့် အနာမှ မထမြောက်သနည်း – (၈း၂၀–၂၂)*

ဃ၊ – *အို လူအမျိုးမျိုးတို့၏ဘုရင် ကိုယ်တော်ကို ကြောက်သင့်သည်ဖြစ်၍၊ အဘယ်သူသည် မကြောက်ဘဲ နေရပါ မည်နည်း။ အမျိုးမျိုးသော ပညာရှိအပေါင်းတို့၌၎င်း၊ ခပ်သိမ်းသော တိုင်းနိုင်ငံတို့၌၎င်း၊ ကိုယ်တော်နှင့်တူ သောသူ တစုံတယောက်မျှ မရှိပါ – ထာဝရဘုရားသည် တန်ခိုးတော်အားဖြင့် မြေကြီးကိုဖန်ဆင်းတော်မူပြီ။ ပညာတော်အားဖြင့် လောကဓါတ်ကို တည်တော်မူပြီ။ ဉာဏ်တော်အားဖြင့် မိုဃ်းကောင်းကင်ကို ကြက်တော် မူပြီ – (၁၀း၇၊ ၁၂)*

င၊ – *အသေသတ်ခြင်းငှါဆောင်သွားသော သိုးသငယ်ယဉ်ကဲ့သို့ ငါဖြစ်၏။ သူတို့က သူ၏နာမကို ရှင်းရှင်း ပျောက်စေခြင်းငှါ အသီးအကင်းနှင့်တကွ အပင်ကို ရှင်းရှင်းဖျက်၍ အသက်ရှင်သောသူတို့၏ နေရာမှ သူ့ ကို ပယ်ဖြတ်ကြကုန်အံ့ဟု ငါ့တဘက်၌ မကောင်းသောအကြံနှင့် ကြံစည်ကြောင်းကို ငါမသိ – (၁၁း၁၉)*

စ၊ – *အဲသရောပိလူသည် မိမိအရေ၏ အဆင်းကို၎င်း၊ ကျားသစ်သည် မိမိအကွက်အကျားတို့ကို၎င်း ပြောင်းလဲနိုင် သလော။ ပြောင်းလဲနိုင်လျှင် ဒုစရိုက်ကို ပြုလေ့ရှိသောသူတို့သည် သုစရိုက်ကိုပြုခြင်းငှါ တတ်နိုင်ကြလိမ့် မည် – (၁၃း၂၃)*

ဆ၊ – *တဖန် ထာဝရဘုရားသည် ငါ့အားမိန့်တော်မူသည်ကား မောရှေနှင့်ရှမွေလသည် ငါ့ရှေ့မှာ ဆုတောင်းသော် လည်း ဤလူမျိုးကို ငါမသနား။ ငါ့ထံမှ ထွက်သွားစေခြင်းငှါ နှင်ထုတ်လော့ – ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ်တော်စကားကို ခံယူပါပြီ။ နှုတ်ကပတ်တော် သည် အကျွန်ုပ် ဝမ်းမြောက်ရွှင်လန်းစရာအကြောင်း ဖြစ်ပါ၏။ နာမတော်ဖြင့် အကျွန်ုပ်ကို ခေါ်ဝေါ်ပါ၏ – (၁၅း၁၊ ၁၆)*

ဇ၊ – *သို့ဖြစ်၍ ထာဝရဘုရားမိန့်တော်မူသည်ကား ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်သော ထာဝရဘုရား အသက်ရှင်တော်မူသည်ဟူ၍ မကျိန်ဆိုဘဲ၊ ဣသရေလအမျိုးသားတို့ကို မြောက်ပြည်မှစ၍ နှင်ထုတ်ဘူးသော ပြည်ရှိသမျှတို့မှ နှုတ်ဆောင်သောထာဝရဘုရား အသက်ရှင်တော်မူသည်ဟူ၍ ကျိန်ဆိုရ သောကာလသည် နောက်တဖန် ရောက်လိမ့်မည်။ သူတို့ဘိုးဘေးတို့အား ငါပေးသောပြည်သို့ သူတို့ကို တ ဖန် ငါဆောင်ခဲ့ဦးမည် – (၁၆း၁၄–၁၅)*

ဈ၊ – *ထာဝရဘုရား မိန့်တော်မူသည်ကား လူကိုကိုးစား၍ လူသတ္တဝါကိုအမှီပြုသဖြင့် စိတ်နှလုံးထဲ၌ ထာဝရဘုရား ထံတော်မှ ထွက်သွားသောသူသည် ကျိန်အပ်သောသူဖြစ်၏။ ထိုသူသည် လွင်ပြင်၌ရှိသော သစ်ပင်ခြောက် ကဲ့သို့ဖြစ်၍ ကောင်းကျိုးရောက်ကြောင်းကို မသိရ။ အဘယ်သူမျှမနေသော ဆားမြေ၊ သွေ့ခြောက်သောလွင် ပြင်၌ နေရလိမ့်မည်။ ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရဘုရားကို မိမိကိုးစားရာအကြောင်း ဖြစ်စေ သောသူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား ရေရှိသောအရပ်၌စိုက်၍ မြစ် နားမှာ အမြစ်ဖြာသဖြင့် ပူသောအရှိန် ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုဃ်းခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ အစဉ်အမြဲ အသီးကိုသီးတတ်သော အပင်နှင့်တူ၏။ စိတ်နှလုံးသည် ခပ်သိမ်းသောအရာ*

ထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘော ရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။ ငါထာဝရဘုရားသည် လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်း မိမိတို့ခံထိုက်သော အကျိုးအပြစ်ကို ပေးခြင်းငှါ နှလုံးကျောက်ကပ်တို့ကို စေ့စေ့ စစ်ကြောတတ်၏ – (၁၇း၅–၁၀)

ည။ – ယေရမိသို့ရောက်လာသော ထာဝရဘုရား၏ နှုတ်ကပါတ်တော်ဟူမူကား၊ သင်သည် ထ၍ အိုးထိန်းသမား အိမ်သို့ သွားလော့။ ထိုအရပ်၌ ငါ့စကားကို ငါကြားစေမည်ဟု မိန့်တော်မူသည်အတိုင်း ငါသည်သွား၍ အိုးထိန်းစက်နှင့်လုပ်လျက်ရှိသော အိုးထိန်းသမားကို တွေ့၏။ အိုးမြေဖြင့်လုပ်သောအိုးသည် အိုးထိန်းသမား လက်၌ ပျက်စီးသောကြောင့် သူသည် အလိုအလျောက် အသစ်ပြုပြင်၍ အခြားသောအိုးကို လုပ်ပြန်လေ၏။ ထိုအခါ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ရောက်လာ၍ ထာဝရဘုရား မိန့်တော်မူသည်ကား အို ဣသရေလအမျိုး အိုးထိန်းသမားပြုသကဲ့သို့ သင်တို့ကို ငါမပြုနိုင်သလော။ အို ဣသရေလအမျိုး အိုးမြေသည် အိုးထိန်းသမားလက်၌ ရှိသကဲ့သို့ သင်တို့သည် ငါ့လက်၌ရှိကြ၏ – (၁၈း၁–၆)

ဋ။ – အိုထာဝရဘုရား ကိုယ်တော်သည် အကျွန်ုပ်ကို သွေးဆောင်တော်မူသည်အတိုင်း အကျွန်ုပ်လိုက်ပါပြီ။ ကိုယ်တော်သည် အကျွန်ုပ်ထက် အားကြီး၍ နိုင်တော်မူပြီ။ အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းကို နေ့တိုင်း ခံရပါ၏။ လူတိုင်း ပြက်ပြယ်ခြင်းကို ပြုတတ်ကြပါ၏။ အကျွန်ုပ်သည် ဟောပြောလေရာရာ၌ အနိုင်အထက်ပြုခြင်း ညှဉ်းဆဲခြင်းအမှုကြောင့် အော်ဟစ်၍ ကြွေးကြော်ရပါ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အကျွန်ုပ်၌ ကဲ့ရဲ့ခြင်း၊ အစဉ် ပြက်ပြယ်ခြင်းကို ခံစရာအကြောင်းဖြစ်ပါ၏။ ထို့ကြောင့် ငါသည် နှုတ်ကပတ်တော်ကို မကြားမပြော၊ နာမတော်ကိုအမှီပြု၍ မဟောဘဲနေမည်ဟု သဘောထားသော်လည်း ငါ့အရိုးတို့၌ ချုပ်ထား၍ လောင်သောမီးကဲ့သို့ နှုတ်ကပတ်တော်သည် ငါ့နှလုံး၌ဖြစ်သောကြောင့် အလွန်ငြီးငွေ့သဖြင့် အောင့်၍ မနေနိုင် – (၂၀း၇–၉)

ဌ။ – ထာဝရဘုရားအား သီချင်းဆိုကြလော့။ ထာဝရဘုရားကို ချီးမွမ်းကြလော့။ အကြောင်းမူကား မတရားသဖြင့် ပြုသောသူတို့လက်မှ ဆင်းရဲသောသူကို ကယ်နှုတ်တော်မူသတည်း။ ငါဘွားသောနေ့ရက်သည် အမင်္ဂလာရှိပါစေသော။ ငါ့ကို ငါ့အမိဘွားသောနေ့ရက်သည် ကောင်းကြီးမင်္ဂလာကို မခံပါစေနှင့်။ ငါ့အဘထံသို့သွား၍ ကိုယ်တော်သည် သားယောကျ်ားကို ရပါပြီဟု သိတင်းပြောလျက် ငါ့အဘကို အလွန်ဝမ်းမြောက်စေသောသူသည် အမင်္ဂလာရှိပါစေသော – (၂၀း၁၃–၁၅)

ဍ။ – ထာဝရဘုရားကလည်း သင်သည် ဤလူမျိုးတို့အား ဆင့်ဆိုရသော ထာဝရဘုရား၏ အမိန့်တော်ဟူမူကား အသက်ရှင်ရာလမ်း၊ သေရာလမ်းတို့ကို သင်တို့ရှေ့မှာ ငါဖွင့်ထား၏ – (၂၁း၈)

ဎ။ – ငါ၏နှုတ်ကပတ်တော်သည် မီးကဲ့သို့၄င်း၊ ကျောက်ကိုထုချေသော သံတူကဲ့သို့၄င်း ဖြစ်သည်မဟုတ်လောဟု ထာဝရဘုရား မေးတော်မူ၏ – (၂၃း၂၉)

ဏ။ – ငါသည် သင်တို့ကို အကျိုးနည်းစေခြင်းငှါ ကြံစည်သော အကြံမဟုတ်ဘဲ၊ သင်တို့သည် မျှော်လင့်သောအကျိုးကိုရမည်အကြောင်း ငြိမ်ဝပ်စေခြင်းငှါသာ သင်တို့အဘို့ ကြံစည်သောအကြံတို့ကို ငါသိ၏။ တဖန် မိန့်တော်မူသည်ကား သင်တို့သည် ငါ့ကိုခေါ်၍ သွားလာကြလိမ့်မည်။ ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။ ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။ ငါသည်လည်း သင်တို့အတွေ့ကို ခံမည်။ အထက်က ငါနှင်ထုတ်၍ သင်တို့ခံရသော သိမ်းသွားခြင်းအမှုကို ငါသည် ဖြေရှင်းခြင်းငှါ တိုင်းနိုင်ငံအရပ်ရပ်တို့မှ သင်တို့ကို ငါစုသိမ်းပြီးလျှင် အထက်က ငါနှင်ထုတ်၍ သင်တို့ရှိုးသောပြည်သို့ တဖန် ငါဆောင်ခဲ့ဦးမည်ဟု မိန့်တော်မူ၏ – (၂၉း၁၁–၁၄)

တ။ – အလိုလေး၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက်ဖြစ်၏။ ယာကုပ်အမျိုး၌ အမှုရောက်သောနေ့ရက်ဖြစ်၏။ သို့ရာတွင် သူတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည် – (၃၀း၇)

ထ။ – ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြု၏ – သူတို့ကို မြောက်ပြည်မှငါဆောင်ခဲ့၍ မြေကြီးစွန်းမှ စုသိမ်းမည်။ မျက်စိကန်းသောသူ၊ ခြေဆွံ့သောသူ၊ ကိုယ်ဝန်ဆောင်သောမိန်းမ၊ သားဘွားခြင်းဝေဒနာကိုခံရသော မိန်းမများလည်းပါလျက် ကြီးစွာသော အစည်းအဝေးတို့သည် ပြန်လာကြလိမ့်မည်။ ငိုကြွေးလျက် လာကြလိမ့်မည်။ ဆုတောင်းပဌနာပြုလျက်ရှိသော ထိုသူတို့ကို ငါပို့ဆောင်မည်။ မြစ်နားမှာရှောက်သောလမ်း ထိမိ၍ မလဲရသော လမ်းဖြောင့်တို့၌ ငါသွေးဆောင်မည်။ အကြောင်းမူကား ငါသည် ဣသရေလအမျိုး၏ အဘဖြစ်၏။ ဧဖရိမ်အမျိုးသည် ငါ၏သားဦးဖြစ်၏ – ထာဝရဘုရားမိန့်တော်မူသည်ကား ရာမအရပ်၌ သည်းစွာသော ညည်းတွား ငိုကြွေးခြင်းအသံကို ကြားရ၍ ရာခေလသည် မိမိသားတို့မရှိသောကြောင့် ငို၍ စိတ်မပြေနိုင် – အိုဖေါက်ပြန်သော သတို့သမီး သင်သည် အဘယ်မျှကာလပတ်လုံး လှည့်လည်၍ နေလိမ့်မည်နည်း။ ထာဝရဘုရားသည် မြေကြီးပေါ်မှာ ထူးဆန်းသောအမှုကို စီရင်တော်မူ၍ မိန်းမသည် ယောကျ်ားကို ပတ်ဝိုင်းလိမ့်မည် – (၃၁း၃၊ ၈၊ ၉၊ ၁၅၊ ၂၂)

ဒ။ – အိုအရှင်ထာဝရဘုရား ကိုယ်တော်သည် မဟာတန်ခိုးတော်နှင့် လက်ရုံးတော်ကိုဆန့်၍ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူပြီ။ ကိုယ်တော်မတတ်နိုင်သောအရာ တစုံတခုမျှ မရှိပါ – ငါထာဝရဘုရားသည် ခပ်

*သိမ်းသောသတ္တဝါတို့ကို အစိုးရသော ဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင်သောအရာ တစုံတခု ရှိလိမ့်မည်လော – (၃၂း၁၇၊ ၂၇)*

ဓ၊ – *ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ သင်မသိနိုင်အောင် နက်နဲသောအရာတို့ကို ငါပြမည် – မိုဃ်းကောင်းကင်တန်ဆာတို့ကို မရေတွက်နိုင်၊ သမုဒ္ဒရာ သဲလုံးတို့ကို တောင်းတင်းနှင့် မခြင်နိုင်အောင် များပြားသကဲ့သို့ ငါ့ကျွန်ဒါဝိဒ်၏အမျိုးကိုငှင်း ငါ၏အမှုထမ်း လေဝိသားတို့ကိုငှင်း ငါများပြားစေမည်ဟု မိန့်တော်မူ၏။ – (၃၃း၃၊ ၂၂)*

န၊ – *အို ငါ့ကျွန်ယာကုပ် မကြောက်နှင့်။ အိုဣသရေလအမျိုး စိတ်မပျက်နှင့်။ သင့်ကို ဝေးသောအရပ်မှငှင်း၊ သင်၏အမျိုးသားတို့ကို သိမ်းသွားရာပြည်မှငှင်း၊ ငါနုတ်ယူဆောင်ခဲ့သဖြင့် ယာကုပ်အမျိုးသည် ပြန်လာ၍ ချောက်လှန့်သောသူမရှိ၊ ငြိမ်ဝပ်ချမ်းသာစွာ နေရလိမ့်မည် – (၄၆း၂၇)*

ပ၊ – *အိုထာဝရဘုရား၏ထားတော် သင်သည် အဘယ်မျှကာလပတ်လုံး မငြိမ်ဘဲနေမည်နည်း။ ကိုယ်အိမ်၌ဝင်၍ နေလော့။ နေရာကျ၍ ငြိမ်ဝပ်စွာနေလော့ – (၄၇း၆)*

# ယေရမိမြည်တမ်းစကား
## (တောင်ပိုင်းနိုင်ငံ ယုဒပြည်ကို ရည်ညွှန်းသည်)

ဤအခန်း ၅ ခန်းပါ မြည်တမ်းစကားကို ပရောဖက်ယေရမိသည် ယုဒနှင့်ဣသရေလနိုင်ငံ ဖျက်ဆီး၊ ဖမ်းဆီးခံရပြီးနောက် ရေးသားခဲ့ခြင်း ဖြစ်သည်။ ယေရမိကိုယ်တိုင်လည်း မတရား အဖမ်းခံရသေးသည်။ ယေရမိ၏ ဝမ်းနည်းဖွယ်ရာ မြည်တမ်းစကားသည်ကား ဘုရားရှင်၏ မြည်တမ်းစကားပင် ဖြစ်သည်။ ယေရမိသည် အဖက သားကိုချစ်သကဲ့သို့ငှင်း၊ ဇနီးက ခင်ပွန်းကို ချစ်သကဲ့သို့ငှင်း၊ မိမိလူမျိုးတို့ကို ချစ်ခဲ့သည်။ ဤကျမ်း၌ ကျနုပ်တို့သည် ဘုရားရှင်၏ သနားခြင်းဂရုဏာတော်ကို တွေ့မြင်နိုင်သည်။

### ၁။ ဘုရားရှင်ကို ဆန့်ကျင် ပုန်ကန်ကြခြင်း ( မြည် ၁ )

ဘီစီ ၁၀၀၀ ကာလခန့်က ဒါဝိဒ်ဘုရင်သည် ယေရုရှလင်မြို့ကို ဣသရေလပြည်၏ မြို့တော်အဖြစ် သတ်မှတ်တည်ထောင်ခဲ့သည် (၂ရာ ၆)။ ဘုရားရှင်သည် ထိုမြို့တော်အား ကောင်းကြီးပေးခဲ့ရာ နှစ်ပေါင်း ၄၀၀ တိုင်အောင် တည်တံ့ခဲ့သည်။ ဘုရားရှင်သည် ဣသရေလမြောက်ပိုင်းကို ၇၂၁ ဘီစီ၌ ရန်သူ ဆီးရီးယားတို့၏ သိမ်းပိုက်ဖမ်းဆီးမှုကို ခွင့်ပေးခဲ့သော်လည်း ယေရုရှလင်မြို့ကိုမူ ဆက်လက်၍ ၁၁၅ နှစ်တိုင် တည်တံ့စေခဲ့သည်။ သို့သော် ဘုရားရှင်၏ သည်းခံမှုနှင့် မေတ္တာတော်သည်ကား အရာမရောက်ခဲ့ပေ။ ယုဒလူမျိုးတို့သည် အပြစ်ဒုစရိုက်ကို စွန့်လွှတ်ခြင်း မပြုခဲ့ကြပေ။ သို့ဖြစ်၍ ဘုရားရှင်သည် သူတို့အား အပြစ်ဒါဏ်ခတ်ခဲ့ရတော့သည်။(၁း၁၊ ၃၊ ၈၊ ၉၊ ၁၇)

### ၂။ ဘုရားရှင်၏ ဒါဏ်ခတ်ခံရခြင်း ( မြည် ၂ )

က၊ သူသည် ယုဒပြည်၏ နေထိုင်ရာရှိသမျှကို ဖျက်ဆီးတော်မူမည်။(၂း၂)
ခ၊ ယုဒပြည်၏ ခိုင်ခံ့သော တံတိုင်းများ၊ ရဲတိုက်များကို ဖြိုဖျက်တော်မူမည်။(၂း၂)
ဂ၊ သူသည် သူ၏ အမျက်တော် လေးမြှားကို ယုဒပြည်သို့ ပစ်လွှတ်တော်မူမည်။(၂း၄)
ဃ၊ သူသည် ဝင်းတော် (ဗိမာန်တော်) ကို ရန်သူတို့အား ဖျက်ဆီးခွင့်ပေး၍ ယုဒလူတို့၏ ဓမ္မစည်းဝေးပွဲများကို ဖျက်ဆီးတော်မူမည်။ အဆောက်အဦးမဲ့နေသော တောင်ယာခြံကို ချိုးဖဲ့သကဲ့သို့ ဖြစ်စေမည်။ (၂း၆)
င၊ ယုဒပြည်၏ ရန်သူများတို့သည် ပြောင်လှောင် သယော်ကြ၍ ယုဒပြည်သားများကို ရန်ပြုကြလိမ့်မည်။ (၂း၁၅–၁၆)
စ၊ ယုဒပြည်သား ကလေးလူကြီးတို့၏ အလောင်းများသည် ယေရုရှလင်မြို့၏ လမ်းမများပေါ်၌ တုံးလုံးလဲနေကြလိမ့်မည်။(၂း၂၁)

### ၃။ ဘုရားရှင်၏ ပရောဖက် ( မြည် ၃ )

ပရောဖက်ယေရမိသည် ယုဒလူမျိုးနှင့် ယေရုရှလင်မြို့ ပျက်စီးခြင်းအတွက် မျက်ရည်ဖြိုင်ဖြိုင်ကျ၍ ငိုကြွေးခဲ့ရသည်။

က၊ ပရောဖက်ယေရမိ၏ ဝမ်းနည်းကြေကွဲရမှု –

၁. မိမိကို မှောင်မိုက်ထဲ၌ ချထားခဲ့ရသည်။(၃း၂)

၂. မိမိဆုတောင်းသံကိုလည်း နားညောင်းတော်မမူ။ ယုဒပြည်အတွက် ယေရမိကို ဆုတောင်းခွင့် မပေးခဲ့ချေ။(၃း၈)

၃. ဣသရေလတို့ကို ဒါဏ်ပေးခဲ့သည် (၃း၁၆)။ ဘုရားရှင်သည် ဣသရေလ (ယုဒ)ကို မကြည့်ရှုတော့သောကြောင့် ယေရမိ၏မျှော်လင့်ချက်များ ပျက်စီးခဲ့ရသည်။(၃း၁၈)

ခ၊ ပရောဖက်ယေရမိ၏ စိတ်ချနေမှု – ယေရမိသည် ယုဒပြည်၏ ဒုက္ခအတွက် ဝမ်းနည်းခဲ့ရသော်လည်း အနာဂတ်ကာလ၌ ယုဒလူများ ပြန်လွတ်လပ်၍ နိုင်ငံတော် ပြန်တည်ကြမည့် အချက်အတွက် စိတ်ချလျက်ရှိသည်။(၃း၂၁–၂၇၊ ၃၁–၃၃)

ဂ၊ ပရောဖက်ယေရမိ၏ အကြံပေးမှု (၃း၄၀–၄၁)

## ၄။ ဘုရားရှင်လူများ၏ ဒုက္ခများ ( မြည် ၄ )

က၊ နို့စို့ကလေးသူငယ်များ နို့ငတ်၍ အာခေါင်ခြောက်နေရသည်။(၄း၄)

ခ၊ ရွှေကဲ့သို့ အဖိုးထိုက်သော လူငယ်များမှာလည်း မြေအိုးကဲ့သို့ တန်ဖိုးမဲ့၍ အစေခံဖြစ်နေသည်။(၄း၂၊ ၅း၁၃)

ဂ၊ သူဌေး သူကြွယ်များသည်လည်း လမ်းဘေးသူတောင်းစားကဲ့သို့ ဖြစ်ကြရသည်။(၄း၅)

ဃ၊ မင်းသားများ၊ မင်းမှုထမ်းများ၊ ဆွေတော်မျိုးတော် များတို့သည် အလုပ်ကြမ်းကြောင့် ပေရေ စုတ်ပြတ်၍ အသားအရေမှာလည်း ထင်းခြောက်ကဲ့သို့ ဖြစ်ကြရသည်။(၄း၇–၈၊ ၅း၁၂)

င၊ အမျိုးသမီး အိမ်ရှင်မများသည် မိမိတို့သားသမီးများကို ချက်ပြုတ် စားသောက်ကြရသည်။(၄း၁၀)

စ၊ ကျူးလွန်ခဲ့သော အပြစ်များကို ဒါဏ်မခတ်ပါဟု တလွဲသင်ခဲ့သော ယုဒ မိစ္ဆာပရောဖက်များသည် ယုဒလူမျိုးများကို ယွန်းကဲ့သို့ ဒုက္ခကျရောက်စေခြင်း ဖြစ်သည်။(၄း၁၃)

ဆ၊ ယုဒဘုရင် ဇေဒကိသည် မျက်လုံးအဖေါက်ခံရသည်။ အဖမ်းခံရသည်။ အဝေးသို့ ခေါ်ဆောင်သွားခြင်းခံရသည်။(၄း၂၀)

## ၅။ ဘုရားရှင်ထံသို့ ဆုတောင်းခြင်း ( မြည် ၅ )

က၊ **ဘုရားရှင်မှ သတိရတော်မူပါ။** – *အိုထာဝရဘုရား အကျွန်ုပ်တို့၌ ရောက်သောအမှုကို အောက်မေ့တော်မူပါ။ အကျွန်ုပ်တို့ခံရသော ကဲ့ရဲ့ခြင်းကို ကြည့်ရှု၍ ဆင်ခြင်တော်မူပါ – (၅း၁)*

ခ၊ **မိမိတို့ နောင်တရပါပြီ။** – *အကျွန်ုပ်တို့ဆောင်းသော သရဖူသည် ကျပါပြီ။ အကျွန်ုပ်တို့သည် ပြစ်မှားသောကြောင့် အမင်္ဂလာ ရှိကြပါ၏ – (၅း၁၆)*

ဂ၊ **ပြန်လည်အသိမှတ်ပြုပါသည်။** – *အိုထာဝရဘုရား ကိုယ်တော်သည် နိစ္စအမြဲ တည်တော်မူ၏။ ပလ္လင်တော်သည်လည်း ထာဝရပလ္လင် ဖြစ်ပါ၏ – (၅း၁၉)*

ဃ၊ **အသစ်ပြုပြင်တော်မူပါ။** – *အိုထာဝရဘုရား အကျွန်ုပ်တို့ကို အထံတော်သို့ လှည့်စေတော်မူပါ။ သို့ပြုလျှင် အကျွန်ုပ်တို့သည် ပြန်၍လာကြပါမည်။ ရှေးကာလကဲ့သို့ အကျွန်ုပ်တို့ကာလကို အသစ်ပြုပြင်တော်မူပါ –(၅း၂၁)*

# ယေဇကျေလအနာဂတ္တိကျမ်း

" ငါ့ဆီသို့ ငါမြင်ရ၏ " ဟူသော စကားနှစ်ရပ်အားဖြင့် ဤကျမ်းကို ယေဇကျေလကိုယ်တိုင် ရေးခဲ့သည်

ဟု ရှင်းလင်းစွာ သိနိုင်ပေသည်။ ယေဇကျေလကား ယဇ်ပုရောဟိတ်တဦး ဖြစ်သလို ပရောဖက်တဦးလည်း ဖြစ်ပေသည်။ ယေဇကျေလသည် ဗါဗုလုန်၏ ဖမ်းသွားခြင်းကိုခံရသော ဣသရေလလူစုထဲတွင်ပါဝင်၍ ဗါဗုလုန်ပြည် ခေဗာမြစ်အနီးရှိ အသိမ်းသွားခံများ ထားရာဒေသတွင် နေခဲ့ရသူဖြစ်သည်။ သူသည် အိမ်ထောင်ရှိသူတဦး ဖြစ်၍ ကိုယ်ပိုင်အိမ်ယာ ရှိသူတဦးလည်း ဖြစ်သည်။ ဒံယေလ ခံရသကဲ့သို့ပင် ယေဇကျေလသည် ယေခါနိဘုရင်နှင့်အတူ (ဘီစီ ၅၉၇) တွင် ဗါဗုလုန်သို့ သိမ်းသွားခြင်းခံခဲ့ရသည် (၄ရာ ၂၄း၁၁–၁၆၊ ယေဇ ၁း၂)။ ထို့ကြောင့် ဤ အနာဂတ္တိကျမ်းကို ဗါဗုလုန်မြို့၌ ရေးသားခဲ့ခြင်းဖြစ်သည်။ ယေဇကျေလသည် ဒံယေလ၊ ယေရမိတို့နှင့်တခေတ် တည်းပေါ်ထွန်းခဲ့သူ ဗါဗုလုန် ဘုရင့်အစိုးရ၏ ဝန်ထမ်းတဦးလည်း ဖြစ်ခဲ့သည်။ ယေဇကျေလသည် ခါနန်ပြည် နှင့် အီဂျစ်ပြည်တွင်နေလျက်ရှိသော ယေရမိထံမှ ဟောပြောချက်များစွာကို သင်ယူခဲ့သူ ဖြစ်သည်။ ယေဇကျေလကား ဣသရေလတောင်ပိုင်းရော မြောက်ပိုင်းအတွက်ပါ ပရောဖက်ပြုခဲ့သူ ဖြစ်သည်။ ဘုရားရှင်က သူ့အား "လူသား" ဟုခေါ်ဝေါ်ခဲ့သည်။ သူ၏ ပရောဖက်ပြုချက်များတွင် ဣသရေလများ မိမိတို့၏ ခါနန်ပြည်သို့ ပြန်ရမည့် အကြောင်း၊ ဘေးဒါဏ်ကြီးကာလ အကြောင်း၊ အာမေဂေဒ္ဒုန်စစ်ပွဲ အကြောင်း၊ ဣသရေလများ ခရစ်တော်ထံသို့ ပြောင်းလဲမည့် မိလေနီလနှစ် ၁၀၀၀ ကာလအကြောင်း စသည်တို့ ပါဝင်ပေသည်။

ယေဇကျေလ အနာဂတ္တိကျမ်း၏ အဓိကဆိုလိုချက်မှာ ဗါဗုလုန်သို့ သိမ်းသွားခြင်းခံရ၍ စိတ်မသက်မသာ ဖြစ်နေသူများအား တနေ့တွင် ခါနာန်ပြည်သို့ ပြန်လည်ဝင်မည်ဖြစ်ကြောင်း သိရှိ၊ စိတ်ချ၊ သက်သာ စေခြင်းဖြစ်သည်။ ယေဇကျေလသည် ၂၁ နှစ်တိုင်တိုင် ပရောဖက်ပြုခဲ့သည်။

## ၁။ ခေါ်တော်မူခြင်းခံရသော ဘုရားရှင်၏လူ – ယေဇကျေလ ( ယေဇ ၁ – ၃၊ ၃၃ )

က၊ ယေဇကျေလသည် အသက်ရှင်နေသော အံ့သြဘွယ်သတ္တဝါများကို မြင်ခဲ့ရသည် (၁း၁–၂၈)။ နောက်ပိုင်းတွင် ထိုသတ္တဝါများသည် ခေရုဗိမ်များဖြစ်ကြောင်း ယေဇကျေလ သိရှိခဲ့ရသည်။(၁၀း၂၀) ထိုသတ္တဝါများ၏ ပုံသဏ္ဍာန်မှာ –

၁. သတ္တဝါတိုင်း၏ ဦးခေါင်း၌ မျက်နှာလေးခုစီ ရှိ၏။(၁း၁၀)
- က– အရှေ့ဘက်မျက်နှာသည် လူမျက်နှာကဲ့သို့ ဖြစ်သည်။(ယေရှု၏ လူသားအသွင်အပြင်)
- ခ– လက်ျာဘက်မျက်နှာသည် ခြင်္သေ့မျက်နှာကဲ့သို့ ဖြစ်သည်။(ယေရှု ယုဒအနွယ်ဖြစ်ခြင်း)
- ဂ– လက်ဝဲဘက်မျက်နှာသည် နွားထီးမျက်နှာကဲ့သို့ ဖြစ်သည်။(ယေရှု၏ အစေခံခြင်း)
- ဃ– အနောက်ဖက်မျက်နှာသည် သိန်းငှက် (ရွှေလင်းတ) မျက်နှာကဲ့သို့ ဖြစ်သည်။(ယေရှု၏ ကောင်းကင်ဘုံဘုရင်)

၂. သတ္တဝါတိုင်း၌ အတောင်လေးခုစီ ရှိသည်။(၁း၆၊ ၁၁)
- က– အတောင်နှစ်ခုသည် ပျံသန်းနေသည်။
- ခ– ကျန်အတောင်နှစ်ခုမှာ ကိုယ်ကိုဖုံးထားသည်။

၃. သတ္တဝါတိုင်း၏ ဂေါင်း၊ အတောင်နှင့် ခြေထောက်တို့မှလွဲ၍ လူပုံသဏ္ဍာန်တူသည်။(၁း၅) ခြေထောက်တိုင်းသည် ကြေးဝါရောင်ထွက်နေသော နွားခြေထောက်ကဲ့သို့ ဖြစ်သည်။(၁း၇)

၄. သတ္တဝါတိုင်း၏ အတောင်တခုခြင်းအောက်၌ လူ၏လက် တခုစီ ရှိသည်။(၁း၇)

၅. သတ္တဝါတို့သည် သွားလျက် လာလျက်ရှိရာ လျှပ်စစ်လက်အရောင် တောက်သကဲ့သို့ လျှင်မြန်နေသည်။(၁း၁၄)

၆. သတ္တဝါတို့၏ အရှေ့ဖက်တိုင်းစီ၌ ကျောက်မျက်ရွဲ အဆင်းသဏ္ဍာန်ရှိ၍ လေးပိုင်းရှိသည်။ ထူးဆန်းသော မြင်းရထားဘီး တခုစီ ရှိသည်။

ခ၊ ယေဇကျေလသည် ဘုရားရှင်၏အသံတော်ကို ကြားရသည်။(၂၊ ၃၊ ၃၃)

၁. သူသည် ဘုရားရှင်အတွက် စောင့်ကြည့်သူ (ကင်းစောင့်) ဖြစ်လာသည်။(၂း၁–၃၊ ၃း၁၇–၂၁)

၂. သူသည် ဘုရားရှင်၏ဝိညာဉ်တော် ဘိသိက်ပေးပူးခြင်း ခံရသည်။(၃း၁၂–၁၄)

၃. သူသည် စာစောင်လိပ်တခုကို စားခဲ့သည်။(၃း၁–၃) (အမှုဆောင်သည် ကျမ်းစာကျေရမည်)

၄. သူသည် ဘုရားရှင်၏ဘုန်းတော်ကို မြင်ခဲ့သည်။(၃း၂၃)

၅. သူသည် အချိန်အနည်းငယ် ကြာသည်အထိ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို မပြောနိုင်အောင် စကားအခဲ့ရသည်။(၃း၂၆၊ ၂၄း၂၆–၂၇၊ ၃၃း၃၂) (ဆုံးမပြောဆိုသည်ကို စိတ်ဝင်စားကြသည်)

## ၂။ ဖျက်ဆီးခြင်းခံရသော ဘုရားရှင်၏မြို့တော် – ယေရုရှလင် ( ၄ – ၂၄ )

ဗါဗုလုန်သည် ယေရုရှလင်ကို တိုက်ခိုက်သိမ်းပိုက်မှု၌ အောက်ပါအတိုင်း ကဏ္ဍသုံးခု ခွဲခြား ဖြစ်ပေါ်ခဲ့သည်။

(ဘီစီ ၆၀၅) ပထမတိုက်ခိုက်မှုတွင် ဒံယေလအပါအဝင် အဆင့်မြင့်ပညာရှိများ သိမ်းသွားခြင်း ခံရ

မည်။(၃၁း၃၊ ၄၊ ဖြာ ၃၆း၆–၇)

(ဘီစီ ၅၉၇) ဒုတိယတိုက်ခိုက်မှုတွင် ယေဇကျေလနှင့်အတူ ယေခေါနိဘုရင် အပါအဝင် လူအများ သိမ်းသွားခြင်း ခံရမည်။(၄ရာ ၂၄း၁၀–၁၆)

(ဘီစီ ၅၈၆) နောက်ဆုံး တိုက်ခိုက်မှုတွင်ကား ယုဒနောက်ဆုံးဘုရင် ဇေဒကိကို ဖမ်းဆီးသွားခြင်းခံရ၍ ယေရုရှလင်မြို့ရိုးကိုလည်း ဖြိုဖျက်ကာ ဗိမာန်တော်နှင့် မြို့တော်တခုလုံး မီးရှို့ဖျက်ဆီးခြင်း ခံရမည်။(၄ရာ ၂၅း၁–၇)

ယေဇကျေလ အနာဂတ္တိကျမ်း ၄ မှ ၂၄ အတွင်း ဖော်ပြထားချက်မှာ ဗာဗုလုန်၏ ဒုတိယနှင့် တတိယ တိုက်ခိုက်မှုကို ဆိုလိုခြင်းဖြစ်သည်။ ယေရုရှလင်မြို့နှင့် ဗါဗုလုန်မြို့ရောက် မှားယွင်းပရောဖက်တို့က ဘုရားရှင်သည် ယေရုရှလင်မြို့ကို မဖျက်ဆီးဟု ပရောဖက်ပြုကြ၏။ အကယ်စင်စစ်၌လည်း ပထမနှင့်ဒုတိယ တိုက်ခိုက်မှုများတွင် ယေရုရှလင်မြို့ကို ဖျက်ဆီးခြင်း မပြုခဲ့ချေ။ သို့သော် ယေဇကျေလကမူ တတိယအကြိမ်၌ အဖျက်ဆီးခံရမည်ကို အောက်ပါအတိုင်း အမှတ်သား၊ ဥပမာ၊ ရူပါရုံ၊ ဗျာဒိတ်၊ လက္ခဏာများဖြင့် တိကျသေချာစွာ ရှင်းပြ ထုတ်ဖော်ခဲ့သည်။

က၊ ယေဇကျေလ၏ အမှတ်သားလက္ခဏာ ၁၃ မျိုးနှင့် အခြား

၁. ဘုရားရှင်က သူ့အား ယေရုရှလင်မြို့ မြေပုံကို အရုပ်ရေးဆွဲစေ၍ အုပ်ပြားများဖြင့်ပြုလုပ်ကာ မြို့ကို ဝိုင်းထားသောတပ်ပုံစံ တည်ခြင်း၊ မြေရိုးဖို့ခြင်းပုံစံ လုပ်စေသည့်အပြင် ဝက်ခွတိုင်ဆွဲထားခြင်း၊ သံပြားဖြင့် မြို့ရိုးငယ် အတုသဏ္ဍာန် ပြုလုပ်စေသည်။ သံနှင့်လည်း မြို့ရိုးကို ဝိုင်းထား၏။ ခိုင်ခံ့သော ဗါဗုလုန်တပ်၏ ဝိုင်းခြင်းကို ခံရမည့်လက္ခဏာ ဖြစ်သည်။(၄း၁–၃)

၂. ဘုရားရှင်က သူ့အား တနေ့လျှင် နာရီအနည်းငယ်ခန့် လက်ဝဲနံစောင်းဖြင့် ရက် ၃၉၀ လုံးလုံး အိပ်စေခဲ့သည်။ လက်ဝဲနံစောင်းမှာ မြောက်ဖက် ဣသရေလနိုင်ငံကို ဆိုလိုသည်။ ရက် ၃၉၀ မှာ နှစ်ပေါင်း ၃၉၀ ကို ဆိုလိုသည်။(၄း၄–၅)

၃. ဘုရားရှင်သည် သူ့အား ထပ်မံ၍ တနေ့လျှင် နာရီအနည်းငယ်ခန့် လက်ယာနံစောင်းဖြင့် ရက် ၄၀ လုံးလုံး အိပ်စေခဲ့သည်။ လက်ယာ တောင်ဖက် (ယုဒပြည်) ကိုဆိုသည်။ ရက် ၄၀ မှာ နှစ်ပေါင်း ၄၀ ကိုဆိုလိုသည်။

မှတ်ချက် – အထက်ပါ နံပါတ် ၂ နှင့် ၃ ပါ နှစ်ပေါင်း ၃၉၀ နှင့် နှစ်ပေါင်း ၄၀ ကို သုံးသပ်ပါက အောက်ပါအတိုင်း အဖြေ ၃ ခု ထွက်ပေါ်လာသည်။

ပထမအဖြေ။ ။မြောက်ပိုင်း (ဣသရေလ) နိုင်ငံ ဘုရင်ဆိုး ယေရောဗောင်ကာလမှ ယေဇကျေလကာလအထိ နှစ် ၃၂၀၊ ရောဗောင်၏ခမည်းတော် ရှောလမုန်၏ တပါးဘုရားနှင့် ဖေါက်ပြန်မှု နှစ် ၇၀ ပေါင်းပါက နှစ် ၃၉၀ ရရှိပေသည်။ ဤနှစ်များသည်ကား လက်ဝဲနံစောင်း မြောက်ပိုင်း (ဣသရေလ) ပြည်၏အပြစ်ကိုဆိုလိုသည်။ တဖန် တောင်ပိုင်း (ယုဒပြည်) နောက်ဆုံးဘုရင်ကောင်း ယောရှိကာလမှစ၍ ယေဇကျေလကာလအထိ နှစ် ၄၀ ကြာခဲ့ရာ ဤနှစ်များသည်ကား လက်ယာနံစောင်း တောင်ပိုင်း (ယုဒပြည်) ၏အပြစ်များကို ဆိုလိုသည်။

ဒုတိယအဖြေ။ ။၃၉၀ နှစ်နှင့် ၄၀ နှစ်ကိုပေါင်းပါက ၄၃၀ နှစ်ရပေသည်။ အတိတ်ကာလက ဣသရေလတို့သည် အဲဂုတ္တုပြည်၌ နှစ် ၄၃၀ ကျွန်ခံခဲ့ရသည်။ ဣသရေလတို့ အီဂျစ်ပြည်၌ နှစ် ၃၉၀ မျှော်လင့်ချက်ကင်းမဲ့စွာ နေခဲ့ရသည်။ တဖန် လမ်းခရီး၌ နှစ် ၄၀ မျှော်လင့်ချက်ရှိစွာဖြင့် နေခဲ့ရသည်။

တတိယအဖြေ။ ။၃၉၀ နှစ်သည် ကြာရှည်သောကာလဖြစ်၍ ၄၀ နှစ်သည် တိုတောင်းသောကာလဖြစ်သည်။ သို့ဖြစ်၍ မြောက်ပိုင်း (ဣသရေလ) ကို ဆီးရီးယားတို့ သိမ်းသွားခြင်းကာလသည် တိုလိမ့်မည်ကို ဆိုလိုသည်။

၄. ဘုရားရှင်က သူ့အား လက်ဝဲနံစောင်းဖြင့် အိပ်ရသောရက် ၃၉၀ ၌ နွားချေးနှင့်ဖုတ်သော မုန့်နှင့် ရေအနည်းငယ်ကိုသာ မလုံမလောက် စားသောက်စေသည်။ အဓိပ္ပါယ်မှာ ယေရုရှလင်မြို့ကို ရန်သူဝိုင်းသောအခါ မြို့တွင်း၌ အစာခေါင်းပါးမည်ကို ဆိုလိုသည်။(၄း၉–၁၇)

၅. ဘုရားရှင်က သူ့အား ဆံပင်မုတ်ဆိတ်များကို အကုန်စင်ရိတ်စေ၍ ၃ ပုံ ပုံထားစေသည်။(၅း၁–၄)

က– တပုံကို မီးရှို့စေသည်။

ခ– တပုံကို ဒါးနှင့် ခုတ်ဖြတ်စေသည်။

ဂ– တပုံကို လေထဲသို့ လွှင့်လိုက်စေသည်။

အဓိပ္ပါယ်မှာ ဣသရေလတစုတို့သည် မီးဖြင့်သေရ၍ တစုမှာ ဒါးဖြင့်သေရမည်၊ ကျန်တစုမှာ အရပ်ရပ်သို့ ပျံ့လွှင့်ရမည်ကို ဆိုလိုသည်။

၆. ဘုရားရှင်က သူ့အား လက်ခုပ်တီး၊ ခြေကိုဆောင့်စေ၍ နှုတ်မှလည်း ကျိန်ဆဲစေသည်။(၆း၁၁)
ဣသရေလများ သူ့စကားကို နားထောင်စေရန် လုပ်ပြခြင်း ဖြစ်သည်။
၇. ဘုရားရှင်က သူ့အား နေ့အချိန်တွင် မိမိပိုင်ပစ္စည်းများကို ထုတ်ပိုးစေ၍ ညအချိန်တွင် ထိုအထုတ်အပိုးများဖြင့် မြို့ရိုးကိုဖေါက်၊ မျက်နှာကိုမမြင်စေရန် အုပ်ကာ၍ အခြားအရပ်သို့ ထွက်သွားစေသည်။(၁၂း၁-၆)
အဓိပ္ပါယ်မှာ -
က- ဣသရေလများ မိမိတို့နေအိမ်များကို စွန့်ခွါကြရမည်။
ခ- အုတ်ရိုးများကို တူးဖေါက်၍ ညအချိန် ထွက်ပြေးကြရမည်။
ဂ- မျက်နှာကိုမမြင်အောင် ဖုံးအုပ်ခြင်း ဆိုသည်မှာ နေဗုခဒ်နေဇာ (ဗါဗုလုန်) ဘုရင်သည် ယုဒဘုရင် ဇေဒကိ၏ မျက်စိကိုဖေါက်၍ ဗာဗုလုန်သို့ ဖမ်းဆီးသွားခြင်းကို ဆိုလိုသည်။
(၄ရာ ၂၅း၁-၇)
၈. ဘုရားရှင်က သူ့အား တုန်လှုပ်ကြောက်ရွံ့စွာ အစာစားခြင်း၊ ရေသောက်ခြင်းများ ပြုလုပ်စေသည်။
အဓိပ္ပါယ်မှာ - ဣသရေလပြည်သားတို့သည် ကြောက်ရွံ့တုန်လှုပ်စွာ အစာကိုစား၊ ရေကိုသောက်ရကြမည်ကို ဆိုလိုသည်။(၁၂း၁၇-၂၀)
၉. ဘုရားရှင်က သူ့အား ညည်းတွားခြင်း၊ ခါးကျိုးခြင်း၊ စိတ်နှလုံးကြေကွဲခြင်း သဏ္ဌာန်များကို ပြုလုပ်စေသည်။ ရန်သူ့လက်ရောက်မည့် ဣသရေလများ၏ဒုက္ခကို ဆိုလိုသည်။(၂၁း၁-၇)
၁၀. ဘုရားရှင်က သူ့အား ဒါးကိုသွေးစေ၍ ငိုကြွေးစေသည်။ မိမိပေါင်ကို မိမိ ပြန်ရိုက်စေသည်။ ဗာဗုလုန်၏ တိုက်ခိုက်သတ်ဖြတ်မှု ခံရမည်ကို ဆိုလိုသည်။(၂၁း၉-၁၇)
၁၁. ဘုရားရှင်သည် သူ့အား အရှေ့အလယ်ပိုင်းဒေသ မြေပုံတခုကိုဆွဲ၍ ဗာဗုလုန်ဘုရင်၏ စစ်ချီရာလမ်းကြောင်း ၂ ကြောင်းကို ပုံဖေါ်စေသည်။ လမ်းကြောင်းတခုသည် ယေရုရှလင်မြို့သို့ ဦးတည့်စေ၍ ကျန် လမ်းကြောင်းတခုကိုမူ အမ္မုန်ပြည် ယာဗက်မြို့သို့ ဦးတည်စေသည်။ (ဘီစီ ၅၉၃) တွင် နေဗုခဒ်နေဇာဘုရင်သည် ယေရုရှလင်မြို့ကို တိုက်ခိုက်ရာ၌ အထက်ပါ ယေဇကျေလ ပရောဖက်ပြုသကဲ့သို့ပင် လမ်းနှစ်ခုခွဲ တိုက်ခဲ့သည်။(၂၁း၁၉-၂၄)
၁၂. ဘုရားရှင်သည် သူ့အား ရေပြည့်နေသော အိုးတလုံးကို မီးဖိုပေါ်မှာ ဆူပွက်နေစေ၍ အိုးတွင်းသို့ အကောင်းဆုံး အသားထစ်များကို ထည့်စေသည်။ အဓိပါယ်မှာ - ယေရုရှလင်မြို့မှ အကောင်းစားလူဂုဏ်တန်များသည်လည်း တရားစီရင်ခြင်းကိုခံရမည့် အဓိပ္ပါယ်ဖြစ်သည်။(၂၄း၁-၁၄)
၁၃. ဘုရားရှင်က သူ၏ဇနီးကိုသေစေသည်။ ထိုသေဆုံးမှုအတွက် ယေဇကျေလသည် ငိုးကြွေးခြင်း၊ ဝမ်းနည်းသောအမူအရာ ပြခြင်းများ မပြုလုပ်ရပေ။ အဓိပ္ပါယ်မှာ - ယေရုရှလင်မြို့ ခြေမှုန်းခံရသောအခါ ဘုရားရှင် ဝမ်းနည်းတော်မူလိမ့်မည် မဟုတ်ဟူ၍ ဖြစ်သည် (၂၄း၁၅-၁၈)။ သူ၏ဇနီး သေသောနေ့နှင့် တနေ့တည်းပင် နေဗုခဒ်နေဇာဘုရင်သည် ယေရုရှလင်မြို့ကို စတင်ဝိုင်းရံစပြုသည်။(၂၄း၂)

ခ၊ ဒါဏ်ခတ်ခံရမှုအပေါ် ယေဇကျေလ၏ သွန်သင်မှု ၁၂ ချက် (၆း၁-၁၄၊ ၇း၁-၂၇၊ ၁၃း၁-၂၃၊ ၁၄း၁-၁၂၊ ၁၄း၁၃-၂၃၊ ၁၈း၁-၃၂၊ ၂၀း၁-၄၄၊ ၂၀း၄၅-၄၉၊ ၂၁း၁-၇၊ ၂၂း၁-၁၆၊ ၂၂း၁၇-၂၂၊ ၂၂း၂၃-၃၁)
ယေဇကျေလ၏ သွန်သင်ချက်များကို အတိုချုပ်၍ အောက်ပါ၌ ဖေါ်ပြထားသည်။
၁. ဘုရားရှင်သည် ဣသရေလများ နားမထောင်သောအခါ ဒေါသထွက်၍ အပြစ်ပေးမည် ကြံသော်လည်း အပြစ်မပေးဘဲ ကြိမ်ဖန်များစွာ သည်းခံခဲ့သည်။(၂၀း၇-၁၀၊ ၁၄၊ ၂၁၊ ၂၂)
၂. ဘုရားရှင်သည် မိမိ၏ ဒါဏ်ခတ်မှုအပေါ် ပျော်ရွှင်မှု မရှိခဲ့ပါ။ ဒါဏ်ခတ်မခံရဘဲ သူတို့ နောင်တပြန်ရခြင်းကို ပိုအလိုရှိသည်။(၁၈း၃၁-၃၂)
၃. သို့သော် ဣသရေလများ နောင်တ မရကြသည့်အတွက် ဒါဏ်ခတ်ခြင်းကာလသည် ရောက်ခဲ့ရသည်။(၇း၁၆-၂၂)
၄. ယုဒပြည်သည် စီရင်ခြင်းခံရမည်။ သူတို့ဘိုးဘေးများ အပြစ်ကြောင့်မဟုတ်၊ သူတို့ကိုယ်တိုင် ကျူးလွန်သောအပြစ်များကြောင့် ဖြစ်သည်။(၁၈း၁-၄၊ ၂၀)
၅. နောဧ၊ ဒံယေလ၊ ယောဘ တို့သည်လည်း သူတို့အပြစ်ကို မကယ်နိုင်ကြ။(၁၄း၁၄၊ ၂၀)
၆. သူတို့၏တပ်သားများသည်လည်း သူတို့ကို ကာကွယ်မပေးနိုင်ကြ။(၇း၁၄)
(ဗါဗုလုန်ကို အခွန်မဆက်ကြ၊ ခုချိန်မှဆက်၍ မရကြ)
၇. သူတို့၏ စည်းစိမ်ဥစ္စာများလည်း သူတို့ကို မကယ်နိုင်ကြ။(၇း၁၉)
၈. ဘုရားရှင်၏ သန့်ရှင်းသောမြို့သည် စာတန်၏ ပြည့်တန်ဆာမြို့ကဲ့သို့ ဖြစ်ခဲ့သည်။(၁၆း၁၅)
၉. ဘုရားရှင်သည် အတိုင်းတိုင်း အပြည်ပြည်မှ လူဆိုးတို့ကို ခေါ်ခဲ့၍ ယေရုရှလင်မြို့ကို အပ်လိုက်တော်မူမည်။(၇း၂၄)
၁၀. ယုဒမြို့များသည် မီးရှို့ခံရ၍ သူတို့ရုပ်တုများလည်း ဖျက်ဆီးခံရမည်။(၆း၄၊ ၆)

၁၁. ဘေးဒါဏ် ၄ မျိုးဖြစ်သော စစ်ဘေး၊ အစာခေါင်းပါးခြင်းဘေး၊ သားရဲဘေး၊ ရောဂါဘယဘေးများ ကျရောက်ပျက်စီးမည်။(၁၄း၂၁)

၁၂. အချို့တို့သည် သေဘေးမှ လွတ်မြောက်ကြမည်။ ထိုသို့ ဖြစ်ခြင်းအားဖြင့် ဘုရားရှင်သည် သန့်ရှင်းကြောင်း ဣသရေလတို့၏ အပြစ်များအကြောင်းကို ကိုယ်တိုင်သိမြင်၍ ထိုအပြစ်များကြောင့် ဒါဏ်ခံရကြောင်း သိကြလိမ့်မည်။(၆း၈–၁၀၊ ၁၂း၁၆၊ ၁၄း၂၂–၂၃)

ဂ၊ ယေဇကျေလ၏ ဥပမာ ၆ မျိုး

၁. အသီးမဲ့သော စပျစ်ပင် (၁၅း၁–၈)

၂. ပြည့်တန်ဆာ ဣသရေလသည် (အာဗြဟံ၏ ရုပ်တုကိုးကွယ်သော မိစဉ်ဖဆက်) ဖြစ်သွားသော မွေးစားသမီး (၁၆း၁–၆၃)

၃. သိန်းငှက် (ရွှေလင်းတ) ၂ ကောင် (၁၇း၁–၂၁)

အမွေးထူ၍ အရောင်စုံသော ပထမသိန်းငှက်ကြီး=နေဗုခဒ်နေဇာဘုရင်၊ လေဗနန်=ဣသရေလ (၃)၊ အာရဇ်ပင် အညွန့်ကိုဆိတ်၍ ကုန်သည်မြို့သို့ပို့ခြင်း=ယေခေါနိဘုရင်ကို ဗါဗုလုန်သို့ပို့ခြင်း (၄)၊ မျိုးစေ့ကို ရေကောင်းသောလယ်၌ စိုက်ခြင်း=ဇေဒေကိဘုရင်ကို ဣသရေလပြည်၌ ထားခြင်း (၅)၊ အရပ်နိမ့် လက်နွယ်ပင်ကဲ့သို့ မသန်စွမ်းခြင်း=နေဗုခဒ်နေဇာသို့ အခွန်ဆက်ရသော လက်အောက်ခံနိုင်ငံဖြစ်ရခြင်း (၆)၊ အမွေးထူသော အခြားသိန်းငှက်=အီဂျစ်ဘုရင် (၇)၊ စပျစ်ပင်အမြစ်သည် ထိုသိန်းငှက်အားဖြင့် မြစ်ရေကိုယူခြင်း=ဣသရေလသည် အီဂျစ်ထံမှ ဗါဗုလုန်ကိုအာခံရန် အကူအညီတောင်းခြင်း (၇)၊ ကောင်းသောမြေ၌ စိုက်ထားရခြင်း အကြောင်းအရင်း=နေဗုခဒ်နေဇာက မိမိအား အခွန်ဆက်ရန် (၈)၊ အပင် အမြစ်နှုတ် ပယ်ရှားခံရခြင်း=နေဗုခဒ်နေဇာဘုရင်မှ တိုက်ခိုက်ဖျက်ဆီးခြင်း (၉–၁၀)၊ ဗါဗုလုန်ဘုရင်ကို ဣသရေလက ပုန်ကန်ခြင်း (၁၁–၂၁)

၄. ပြုစုခံရသော အကိုင်းအညွန့် (၁၇း၂၂–၂၄)

(မြင့်မြတ်သောတောင်ပေါ်၌ အညွန့်ကိုစိုက်၍ ကြီးပွါးခြင်း – ကရာနီတောင်ပေါ်၌ ခရစ်တော်သေခြင်း၊ ထိုမှ ရှင်ပြန်ခြင်းဖြင့် ကမ္ဘာ၏အရှင် ဖြစ်ရခြင်း၊ အနာဂါတ်၌လည်း သံလွင်တောင်ပေါ်မှ ခရစ်တော် အုပ်ချုပ်မည် ဖြစ်ခြင်း)

၅. ခြင်္သေ့မနှင့် သူ၏သားများ (၁၉း၁–၉)

ခြင်္သေ့မသည် ယုဒပြည်ဖြစ်သည်။ ပထမသားသည် ဘုရင်ဆိုး ယောခတ်ဘုရင် ဖြစ်သည်။ သူသည် အီဂျစ်သို့ ဖမ်းသွားခြင်းခံရ၍ ထိုအရပ်၌ပင် သေရ၏။ ဒုတိယသားသည် ယေခေါနိဘုရင် ဖြစ်သည်။ သူသည်လည်း ဗါဗုလုန်သို့ ဖမ်းဆီးသွားခြင်း ခံရသည်။

၆. ပြည့်တန်ဆာညီအစ်မ ၂ ဦး (၂၃း၁–၄၉)

အဟောလ – ရှမာရိ (မြောက်ပိုင်းမြို့တော်)၊ အဟောလိဗ – ယေရုရှလင် (တောင်ပိုင်းမြို့တော်)၊ အမသည် ရှိရိ (ဆီးရီးယား) နှင့်ရှုတ်သဖြင့် ဆီးရီးယားလက်သို့ အပ်ခံရမည်။ ညီမသည် ပို၍ လင်ရှုတ်သဖြင့်၊ ဗါဗုလုန်နှင့်ရှုတ်ရာ ဗါဗုလုန်၏ ဖမ်းဆီးခြင်းခံရသည်။

ဃ၊ ဗိမာန်တော်နှင့်ပတ်သတ်သော ယေဇကျေလမြင်ရသည့် ရူပါရုံ (၈း၁ – ၁၁း၂၅)

၁. ဣသရေလတို့သည် သန့်ရှင်းသောဘုရားကို စွန့်ပစ်ကြသည်။

က– ယေဇကျေလသည် ယေရုရှလင်မြို့နှင့် ပါတ်သက်သော ရူပါရုံကို မြင်ရသည်။(၈း၁–၆) (ရူပါရုံဆိုသည်မှာ အိပ်မက်ကဲ့သို့ဖြစ်သော်လည်း၊ အိပ်ပျော်ချိန်၌ဖြစ်သော အရာမဟုတ်ချေ)

ခ– သူသည် ရုပ်တုရှေ့မှာ ပူဇော်နေကြသော ဣသရေလလူကြီး ၇၀ ဦးကို ဗိမာန်တော်၌ မြင်ရသည်။(၈း၆–၁၂)

ဂ– သူသည် ဗါဗုလုန်နတ်ဘုရားအတွက် ငိုကြွေးနေသော ဣသရေလ အမျိုးသမီးများကို မြင်ရသည်။(၈း၁၃–၁၄)

ဃ– သူသည် ဗိမာန်တော်ကို ကျော်ခိုင်း၍ နေကို ကိုးကွယ်နေကြသော လူယောက်ျား ၂၅ ဦး ကို တွေ့ရသည်။(၈း၁၆)

စ– သူသည် ဒါးကိုင် ကောင်းကင်တမန် ၆ ဦးတို့ ဣသရေလကိုအရေးယူရန် ပြင်ဆင်နေကြပုံကို မြင် ရသည်။(၉း၁–၁၁)

၂. သန့်ရှင်းသောဘုရားသည် ဣသရေလတို့ကို စွန့်ပစ်ခဲ့သည်။

က– ယေဇကျေလသည် ဘုရားရှင်၏ဘုန်းတော်ကို သနားခြင်း (ခေရုဗိမ်) ၌ မြင်ရသည်။(၉း၃)

ခ– ဘုန်းတော်သည် ထိုမှတဆင့် ဗိမာန်တော်တံခါးဆီသို့ ပြောင်းသည်ကို တွေ့ရသည်။(၁၀း၄)

ဂ– ဘုန်းတော်သည် ထိုမှတဖန် အရှေ့တံခါးဆီသို့တက်သည်ကို မြင်ရသည်။(၁၀း၁၈–၁၉)

ဃ– နောက်ဆုံး၌ ဘုရားရှင်ဘုန်းတော်သည် အရှေ့အရပ်ရှိ သံလွင်တောင်ပေါ်ဆီသို့ ကြွသွားတော်

မှုသည်။(၁၁း၂၃)

## ၃။ ဘုရားရှင်၏ ရန်သူများအပေါ် ပြစ်တင်တော်မူခြင်း ( ၂၅း၁ – ၃၂း၃၂၊ ၃၅း၁–၅ )

က၊ အမ္မုန် (၂၅း၁–၇) – အမ္မုန်ပြည်သည် ယေရုရှလင်မြို့၊ ဗိမ္မာန်တော်နှင့် ယုဒလူများ ပျက်ဆီးခြင်းကို ဝမ်းမြောက်သောကြောင့် ဖျက်ဆီးခံရမည်။(မြည် ၂း၁၅)

ခ၊ မောဘ (၂၅း၈–၁၁) – မောဘပြည်သည် ထာဝရဘုရားကို အခြားဘုရားတို့နှင့် အဆင့်တူတူဘဲဟု ဆိုမိသောကြောင့် အပြစ်စီရင်ခြင်း ခံရမည်။

ဂ၊ ဧဒုံ (၂၅း၁၂–၁၄၊ ၃၅း၁–၁၅) – ဧဒုံပြည်သည် ယုဒပြည်ကို ဗါဗုလုန်က တိုက်ခိုက်ချိန်တွင် ဝမ်းမြောက်ခြင်းကြောင့် ဒါဏ်ခတ်ခံရမည် ဖြစ်သည်။(၃၅း၅)

ဃ၊ ဖိလိတ္တိ (၂၅း၁၅–၁၇)

င၊ တုရုမြို့ (၂၆း၁ – ၂၈း၁၉)

၁. တုရုပြည်ကို အုပ်ချုပ်သောဘုရင်က သူသည် ဘုရားဖြစ်သည်ဟု မိမိကိုယ်ကို ယူဆ၍၄င်း၊ နတ်ဆိုးဝင်ထား၍ ဒံယေလထက် ပညာရှိသည်ဟု ထင်သောကြောင့်၄င်း ဖြစ်သည်။

၂. တုရုမြို့၏အပြစ်

က– ဣသရေလတို့၏ ပျက်စီးခြင်းကို ဝမ်းမြောက်သောကြောင့် ဖြစ်သည်။(၂၆း၂)

ခ– ထိုပြည်သည် ရုပ်ဝတ္ထုလောက ပစ္စည်းများအပေါ်သာ အာရုံစိုက်သောကြောင့် ဖြစ်သည်။ (၂၇း၄–၂၅)

၃. တုရုမြို့ ဒါဏ်ခတ်ခံရခြင်း

တုရုမြို့သည် ၂ ခြမ်းဖြစ်လိမ့်မည်။ တမြို့သည် ယေရုရှလင်မြို့ အနောက်မြောက်ဖက် မိုင် ၆၀ အကွာ ပင်လယ်ကမ်းခြေတွင်ရှိ၍၊ တမြို့မှာ ထိုမြို့၏ မိုင်ဝက်အကွာ မြေထဲပင်လယ်ပြင်အတွင်းရှိ ကျွန်းအဖြစ် တည်ရှိခဲ့ရသည်။(၂၇း၄–၂၅)

ထိုသို့ ပရောဖက်ပြုနေချိန်၌ တုရုသည် ဗာဗုလုန်အား ပုန်ကန်စပြုနေပြီ ဖြစ်သည်။ မကြာမီ ဗာဗုလုန်သည် တုရုအား လာရောက်ဖျက်ဆီးခဲ့သည်။

က– တုရုမြို့ကို များစွာသောနိုင်ငံတို့က လာရောက်တိုက်ခိုက်ကြသည်။ ပင်လယ်လှိုင်းတက်ခြင်းနှင့် နှိုင်းယှဉ်ခဲ့သည်။(၂၆း၃)

ခ– ရန်သူတို့သည် တုရုမြို့၏ မြို့ရိုးများ၊ ပြအိုးများ၊ အဆောက်အုံများကို ဖြိုဖျက်ကြမည်။ ပင်လယ်တွင်းရှိ တုရုမြို့ကိုလည်း ဖျက်ဆီး၍ ထိုမြို့ကို ဟင်းလင်းပြင်ကဲ့သို့ ဖြစ်စေမည်။ (၂၆း၄–၅)

ဂ– ထိုမြို့သည် လူမနေသောမြို့ ဖြစ်ရလိမ့်မည်။(၂၆း၂၀–၂၁)

မှတ်ချက်။ ။ထိုကျွန်းမြို့ကို ဗာဗုလုန်ဘုရင်သည် တိုက်ခိုက်၍မနိုင်ရာ၊ ဂရိဘုရင် အလက်ဇန္ဒားလက်ထက်မှာ နိုင်ခဲ့သည်။ အလက်ဇန္ဒားကား ထိုမြို့သို့မြေဖို့၍ လမ်းဖေါက်ကာ တိုက်ခဲ့သည်။(၂၆း၁၂)

၄. တုရုမြို့၏ တန်ခိုးအာဏာ

က– တုရုမြို့၏ တန်ခိုးအာဏာသည် စာတန်ထံမှ လာခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကျမ်းပိုဒ်၌ အောက်ပါအတိုင်း ဖေါ်ပြခဲ့သည်။ သူသည် ဧဒင်ဥယျာဉ်၌ နေခဲ့ဘူးကြောင်း (အာဒံ၊ ဧဝ၊ စာတန်) အတိတ်က စာတန်၏ ကောင်းကင်သားအဖြစ် နေခဲ့ရမှုအကြောင်းများ ဖြစ်သည်။ ဤအဖြစ်ပျက်ကား စာတန်၏ အတ္ထုပ္ပတ္တိပင် ဖြစ်တော့သည်။ တုရုဘုရင်ကား စာတန်ဝင်စားသူ ဖြစ်သည်။

ခ– စာတန်၏ လက္ခဏာသွင်ပြင်များ

(၁) စာတန်သည် ဉာဏ်ပညာကြွယ်ဝသည်၊ လှပသူဖြစ်ခဲ့သည်။(၂၈း၁၂)

(၂) သူသည် ခေရုဗိမ်အဖြစ် ဘိသိက်တင်ခံခဲ့ရသူ ဖြစ်သည်။(၂၈း၁၄)

(၃) သူသည် ဧဒင်ဥယျာဉ်၌ နေခဲ့ဖူးသည်။(၂၈း၁၃)

(၄) သူသည် တောင်ပေါ် ကျောက်ပေါ်၌ တန်ခိုးတော်အရှိန်ဖြင့် နေနိုင်သည်။(၂၈း၁၄)

(၅) သူ၌ တူရိယာပစ္စည်း အမျိုးမျိုးရှိ၍ တီးမှုတ်ကျွမ်းကျင်သူ ဖြစ်သည်။(၂၈း၁၃)

(၆) သူသည် မာနကြောင့် ရာထူးပြုတ်ခဲ့ရသည်။(၂၈း၁၆–၁၉)

စ၊ ဇိဒုန် (၂၈း၂၀–၂၄)

၁. အဘယ်ကြောင့်ဆိုသော် ထိုမြို့သည် ဣသရေလကို မထီမဲ့မြင်ပြု၍ ဆူးပင်ကဲ့သို၄င်း၊ ညှောင့်ကဲ့သို့

၄င်း ဖြစ်ခြင်းကြောင့် ဖြစ်သည်။
၂. ဘုရားရှင်သည် ဗိဒုန်မြို့ကို ကာလနာဘေးဖြင့်၄င်း၊ ရန်သူတပ်များ ဖျက်ဆီးခြင်းဖြင့်၄င်း၊ ပျက်စီးစေမည်။(၂၈း၂၃) – ဘီစီ ၃၅၁ ၌ နေဗုခဒ်နေဇာ၏ ဖျက်ဆီးခြင်းကိုခံရသည်။

ဆ၊ အဲဂုတ္တု (၂၉း၁ – ၃၂း၃၂)
၁. သူသည် နေဗုခဒ်နေဇာ၏ အတိုက်ခံရခြင်းဖြင့် အပြစ်ဒါဏ်ခတ်ခံခဲ့ရသည်။
က– အဲဂုတ္တုသည်လည်း အခြားနိုင်ငံများကဲ့သို့ပင် မာနကြီးသောကြောင့် ဖျက်ဆီးခံခဲ့ရသည်။ အီဂျစ်ဘုရင်က သူသည် မိကျောင်းကြီးဖြစ်သည်ဟု ဝါကြွားတတ်၏ (၂၉း၃)။ အီဂျစ်တို့က မိမိတို့ဘုရင်ကို ဘုရားဟု မှတ်တတ်၏။
ခ– ယေဇကျေလက အီဂျစ်ဘုရင်၊ ပြည်သူများနှင့် တိရိစ္ဆာန်များ ဖျက်ဆီး ဒါဏ်ခတ်ခံရမည်ဟု ဟောခဲ့သည် (၂၉း၈–၁၂)။ – ထိုအတိုင်းဖြစ်ခဲ့ရာ အီဂျစ်ပြည်သည် အနှစ် ၄၀ လုံးလုံး လူသူကင်းမဲ့ရာနေရာ ဖြစ်ခဲ့သည်။
ဂ– အခန်းကြီး ၃၁ ၌ အီဂျစ်ကို မြင့်မားသော လက်ဗနွန်သစ်ပင်ဖြင့် နှိုင်းခဲ့သည်။ အကိုင်းအခက်များဖြာ၍ တောတိရိစ္ဆာန်အပေါင်း မှီခိုရာ ဖြစ်ခဲ့ရသည်။ သို့သော် ထိုအပင်၏မာနနှင့် ဖောက်ပြန်မှုကြောင့် ထိုအပင်ကို ဗါဗုလုန်ရှင်ဘုရင် နေဗုခဒ်နေဇာအားဖြင့် ဘုရားရှင်ဖျက်ဆီးခဲ့သည်။
ဃ– ယေဇကျေလက နေဗုခဒ်နေဇါဘုရင်သည် သူ့တပ်သားများကို အီဂျစ်၏ ကြွယ်ဝမှုများကို ဝေငှပေးလိမ့်မည်ဟု ဟောခဲ့သည်။(၂၉း၁၇–၂၁)
င– အီဂျစ်ပြည်သည် နှစ် ၄၀ လုံးလုံး ပျက်စီးဆိတ်ငြိမ်နေသော မြို့ပျက်အဖြစ် တည်ရှိခဲ့ရသည်။ (၂၉း၉၊ ၁၁)
စ– နှစ် ၄၀ ကျော်လွန်သောအခါ အီဂျစ်သည် တဖန် ပြန်စည်ပင်လာ၏။ သို့သော် နိုင်ငံငယ်လေးအဖြစ်သာ ရပ်တည်နိုင်တော့သည်။(၂၉း၁၃–၁၅)
ဆ– ဣသရေလတို့သည် အီဂျစ်ပြည်သို့ မည်သည့်အခါမျှ အားကိုးခိုလှုံရာနေရာ မဖြစ်စေရတော့။ (၂၉း၁၆)
၂. သူ၏ အနာဂါတ်၌ခံရမည့် အပြစ်ဒါဏ်
က– (၃၀း၁၀) ၌ နေဗုခဒ်နေဇာကို ဖေါ်ပြခဲ့သော်လည်း တခါက နိုင်ခဲ့ဘူးသူကို တင်စားခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ (၃၀း၂–၉) ကိုကြည့်ခြင်းဖြင့် ဘေးဒါဏ်ကြီးကာလကို ဆိုလိုကြောင်း သိနိုင်သည်။
ခ– ဒံယေလအနာဂတ္တိကျမ်း (၁၁း၄၀–၄၃) ၌လည်း ဘေးဒါဏ်ကာလ၌ အီဂျစ်ပြည်ခံရမည့် ဒုက္ခကို တွေ့နိုင်သည်။

## ၄။ ဘုရားရှင်၏ ကောင်းသောသိုးထိန်း – ယေရှု ( ၃၄ )

က၊ မကောင်းသော သိုးထိန်းများ
၁. သူတို့သည် သိုးများကိုမှီခို၍ မိမိကိုယ်ကျိုးကိုသာ ရှာကြသည်။(၃၄း၂–၃)
၂. သူတို့သည် အားနည်းသောသိုးတို့ကို မမစကြ။ နာသောသိုးကို မကြည့်ရှု။ အရိုးကျိုးသောသိုးတို့ကို အဝတ်နှင့်မစည်း။ ပျောက်သောသိုးကို မရှာကြ။(၃၄း၄)
၃. သိုးထိန်းဂရုမစိုက်သောကြောင့် သိုးများ တကွဲတပြား ပြန့်လွင့်ကြရသည်။(၃၄း၅)
၄. ထို ကွဲပြားပြန့်လွင့်သော သိုးတို့သည် တောသားရဲတို့ ကိုက်ဖြတ်စားသောက်ခြင်းကို ခံရသည်။ (၃၄း၅)
၅. ထို့ကြောင့် သိုးထိန်းတို့ကို ဘုရားရှင်ဒါဏ်ခတ်မည်။(၃၄း၉၊ ၁၀၊ ၁၆)

ခ၊ ကောင်းသော သိုးထိန်း (ဆာ ၂၃၊ ယော ၁၀း၁၁၊ ဟေဗြဲ ၁၃း၂၀၊ ၁ပေ ၅း၄) (မိလေနီလနှစ် ၁၀၀၀ အုပ်ချုပ်ချိန် ကာလ)
၁. သူသည် ပျောက်သောသိုးတို့ကို ရှာမည်။(၃၄း၁၁)
၂. သူသည် သိုးတို့ကို ရန်သူလက်မှ ကယ်နှုတ်မည်။(၃၄း၁၂)
၃. သူသည် သိုးတို့ကို အတိုင်းတိုင်းအပြည်ပြည်မှ ထုတ်ဆောင် စုဝေးတော်မူမည်။(၃၄း၁၄–၁၅)
၄. သူသည် သိုးတို့ကို ဣသရေလတောင်ပေါ်၌ အန္တရာယ်ကင်းသည့်နေရာ၌ ချပေးမည်။(၃၄း၁၄)
၅. သူသည် သိုးတို့ကို စိမ်းသောမြက်ခင်း၌ စားကျက်ချ အိပ်စေမည်။(၃၄း၁၄–၁၅)
၆. သူသည် အားနည်းသော၊ သူတပါးဂရုမစိုက်သော၊ အရေးမထားသောသိုးတို့ကို ရှာ၍ ပြုစုမည်။ (၃၄း၁၆)

၇. မမာသောသိုးတို့ကို ကြည့်ရှုမည်။(၃၄း၁၆)
၈. သူသည် (မိလေနိလကာလ၌) ဒါဝိဒ်ကို ဣသရေလနိုင်ငံဘုရင်အဖြစ် အုပ်ချုပ်စေ၍ မိမိကိုယ်တိုင် (ယေရှု) ကမူ ကမ္ဘာ၏ဘုရင်အဖြစ် အုပ်ချုပ်မည်။(၃၄း၂၃၊ ၃၇း၂၄၊ ယေ ၃၀း၉၊ ဟော ၃း၅)
၉. သူသည် ထာဝရ ပဋိညာဉ်တော်ကို ထိုသိုးတို့နှင့် ဖွဲ့ တော်မူမည်။(၃၄း၂၅)
၁၀. သူက ထိုကာလသည် ဘေးကင်းလုံခြုံ၍ ပရဒိသုဘုံကဲ့သို့ သာယာကြောင်း အာမခံခဲ့သည်။ (၃၄း၂၅–၂၈)

## ၅။ ဘုရားရှင်၏လူမျိုးတော် (ဣသရေလ) ပုံမှန်အခြေအနေသို့ ပြန်စုဝေးရောက်ရှိခြင်း ( ၃၆ – ၃၇ ) ( မိလေနိလ နှစ် ၁၀၀၀ ကိုဆိုလိုသည် )

က၊ ပုံမှန်အခြေအနေပြန်ရောက်ရန် လိုအပ်ရခြင်း အကြောင်းအရင်း။ ။ဣသရေလတို့သည် မိမိတို့အပြစ်များကြောင့် ကမ္ဘာအနှံ့အပြားသို့ အသီးသီး ကွဲလွင့်နေခဲ့ကြသောကြောင့် ဖြစ်သည်။(၃၆း၁၇–၁၉)

ခ၊ ပုံမှန်ပြန်ရောက်ရခြင်း၏ အကြောင်းအရင်း
၁. ဣသရေလတို့ဒုက္ခကို နောက်ပြောင်သူများ အရှက်ရကြစေရန် (၃၆း၁–၇)
၂. ဘုရားရှင်၏နာမတော်ကို ရှုတ်ချမှု မရှိစေရန် (၃၆း၂၀–၂၃၊ ၃၂)

ဂ၊ ထို ပုံမှန် ပြန်ရောက်ရခြင်းအပေါ် ရူပါရုံမြင်ရမှု (၃၇း၁–၁၄)
၁. ဘုရားရှင်သည် ယေဇကျေလအား လူသေအရိုးများတို့နှင့် ပြည့်သောချိုင့်၌ ထားလျက် ထိုလူသေအရိုးများတို့အား အသက်ပြန်ဝင်စေရန် ပရောဖက်ပြုစေသည်။(၃၇း၁–၆)
၂. ထိုသို့ပရောဖက်ပြုရာ အရိုးတို့သည် အသံမြည်လှုပ်ရှားကြ၍ တခုအနီးသို့ တခု ချဉ်းကပ်ကြသည်။ (၃၇း၇)
၃. ထိုသို့ဖြစ်ရာမှ တဖန် ထိုအရိုးများပေါ်၌ အသားများ၊ အကြောများ ကပ်လာကြသည်။(၃၇း၈)
၄. သို့သော် အသက်မရှုသေး၊ ယေဇကျေလသည် လေတို့အား ခိုင်းစေပြန်လျှင် လေသည် သူတို့ထဲဝင်သဖြင့် သူတို့သည် အသက်ရှင်သူများ ဖြစ်လာကြ၏။(၃၇း၉–၁၀) (ဣသရေလများ ပြန်လည်အသက်ဝင်လာမည့်အကြောင်း)

ဃ၊ ထို ပုံမှန် ပြန်ရောက်ရခြင်းအပေါ် အမှတ်လက္ခဏာများ (၃၇း၁၅–၂၂)
၁. ယေဇကျေလသည် သစ်သားတုတ်၂ ချောင်းကိုယူ၍ တချောင်းစီ၌ အောက်ပါအတိုင်းရေးသားခဲ့သည်။
က– ပထမတုတ်၌ "ယုဒအမျိုးနှင့် သူ၏အနွယ်ဝင် ဣသရေလအမျိုးသားများဖို့" ဟု ရေးသည်။
ခ– ဒုတိယတုတ်၌ "ယောသပ်အမျိုးနှင့် သူ၏အပေါင်းအဖော် ဣသရေလအမျိုးသားများဖို့ ဧဖရိမ်တုတ်" ဟု ရေးခဲ့သည်။
၂. ယေဇကျေလသည် ထိုသစ်သားတုတ်နှစ်ချောင်းကိုပူးကာ လက်ထဲ၌ကိုင်သည်။ အဓိပ္ပါယ်မှာ ဘုရားရှင်သည် ကွဲပြားသွားသော ဣသရေလနိုင်ငံကို တချိန်၌ ပြန်လည်၍ တစုတည်းဖြစ်စေမည်။ (၃၇း၁၇–၂၀)

င၊ ထို ပုံမှန် ပြန်ရောက်ရမှုမှ အကျိုးသက်ရောက်မှုများ
၁. ဘုရားရှင်၏လူများအဖြစ် တဖန် ပြန်ဖြစ်လာကြမည်။(၃၆း၂၈၊ ၃၇း၂၇)
၂. သန့်ရှင်းသောရေဖြင့် ဆေးကြောသန့်စင် အဖြန်းခံရမည် (၃၆း၂၅၊ ၂၉း၃၃)။ မောရှေ၏ ညစ်ညူးသူကို တဖန် ပြန်သန့်ရှင်းစေရသောတရားကို အမှတ်ရစေသည်။(တော ၁၉း၁၇–၁၉) (ကယ်တင်ခြင်းခံရမည်ကို ဆိုလိုခြင်းမဟုတ်)
၃. သန့်ရှင်းသောဝိညာဉ်တော်ကို ရင်တွင်း၌ ထာဝရ လက်ခံပိုင်ခွင့် ရကြမည်။(၃၆း၂၇၊ ၃၇း၁၇)
၄. စိတ်နှလုံးအသစ် ဝိညာဉ်အသစ် (ကယ်တင်ခြင်း) ကို ထည့်ပေးမည်။(၃၆း၂၆)
၅. ဗိမာန်တော်သည် သူတို့နှင့်အတူ ရှိမည်။ မိလေနိလကာလ၌ အသစ်ရှိမည့် ဗိမာန်တော်အသစ် (၃၇း၂၆–၂၈)
၆. ဒါဝိဒ်သည် သူတို့ကို အုပ်ချုပ်လိမ့်မည်။(၃၇း၂၄)
၇. တပါးအမျိုးသား၏ ကဲ့ရဲ့ခြင်းကို မခံကြရတော့။(၃၆း၃၀)
၈. ဆန်စပါး၊ အစားအသောက် ကြွယ်ဝလိမ့်မည်။(၃၆း၂၉၊ ၃၀၊ ၃၄၊ ၃၅) (ဟေရှာ ၃၅း၁–၂၊ ၅၅း ၁၃၊ ဇာ ၈း၁၂)
၉. ယေရှုရှလင်မြို့တော်၌ လူဦးရေ တိုးတက်ပွါးများလိမ့်မည်။(၃၆း၃၈)
၁၀. သန့်ရှင်းရာမြေ၌ ထာဝရဘုရား နေသွားရလိမ့်မည်။(၃၇း၂၅)

## ၆။ ဘုရားရှင်၏ ရုရှပြည်သို့ ဒေါသအမျက်တော် ( ၃၈ – ၃၉ )

ဤအခန်းကြီးနှစ်ခန်း၌ ယေဇကျေလသည် နောက်ဆုံးသော ကာလများတွင် ဣသရေလကိုတိုက်ခိုက်မည့် မြောက်ဖက်မှ ရန်သူနိုင်ငံကို ဖော်ပြခဲ့သည်။

က၊ တိုက်ခိုက်သူများ= ရုရှဖြစ်နိုင်သည်။ မေရှက်မှာ "မော်စကို"၊ တုဗလမှာ "တုဗိုလ်" (ရုရှအင်ပါယာ) ထိုဂေါဂမင်းသည် ဣသရေလအား တိုက်ခိုက်လိမ့်မည်။(၃ ၈း၂)

ခ၊ တိုက်ခိုက်သူ၏ မဟာမိတ်များ=ပေရသိ "ပါရှား–အီရန်"၊ ကုရှ "အီသီယိုပီယား"၊ ဖုတ "လစ်ဗျား"၊ ဂေါမာ "ဂျာမန်"၊ တာဂေါမာ "တူရကီ" တို့ဖြစ်သည်။(၃၈း၅–၆)

ဂ၊ တိုက်ခိုက်ရခြင်း၏ အကြောင်းအရင်း=ဣသရေလပြည်၏ ကြွယ်ဝမှုကို သိမ်းယူရန် (၃၈း၁၁–၁၂)

ဃ၊ တိုက်ခိုက်လာသူတို့ ကြုံရမည့် ဘေးဒါဏ်များ=ရန်သူတို့သည် ဣသရေလ၏ တောင်ကုန်းများဆီသို့ ရောက်ရှိလာသောအခါ ဘုရားရှင်သည် သူတို့ကို အောက်ပါအတိုင်း ဒါဏ်ခတ်မည်။

၁. ကြီးကျယ်သော ငလျင်လှုပ်စေမည်။(၃၈း၁၉–၂၀)

၂. တပ်ဖွဲ့များ အချင်းချင်း တိုက်ခိုက်ကြမည်။(၃၈း၂၁)

၃. ရောဂါဘေးအမျိုးမျိုး ကျရောက်စေမည်။(၃၈း၂၂)

၄. မိုးရေများ၊ မိုးသီးများ၊ မီးမိုးများ ရွာစေမည်။(၃၈း၂၂၊ ၃၉း၆)

င၊ တိုက်ခိုက်သူများ၏ ရလဒ် =

၁. သူတို့၏တပ်သား ရှစ်ဆယ့်သုံးရာခိုင်နှုံး (၅/၆) ဆုံးရှုံးလိမ့်မည်။(၃၉း၂) (အင်္ဂလိပ်ကျမ်းစာ)

၂. သူတို့အလောင်းကို တောသားရဲများ စားကြလိမ့်မည်။(၃၉း၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀)

၃. ၇ လကြာမှ သူတို့သည် အလောင်းကို လာရောက် မြုပ်နှံကြမည်။(၃၉း၁၁–၁၅)

၄. ၇ နှစ်လုံးလုံး ရန်သူ့လက်နက်များကို မီးရှို့ကြရမည်။(၃၉း၉–၁၀)

## ၇။ ဘုရားရှင်၏ဘုန်းတော် ဗိမာန်တော်၌ထင်ရှားခြင်း ( ၄၀ – ၄၈ )

က၊ ဗိမာန်တော်၏ အရွယ်အစား (၄၀း၁ – ၄၂း၂၀၊ ၄၆း၂၁–၂၄)

ခ၊ ဗိမာန်တော်၏ ရည်ရွယ်ချက်

၁. ဘုရားရှင်၏ တန်ခိုးတော်တိမ်တိုက် ကျိန်းဝပ်ရာနေရာဖြစ်ရန် (၄၃း၁–၁၇)

၂. ဘုရားရှင်၏ ကျိန်းဝပ်ရာနေရာတော်ဖြစ်ရန် (၄၃း၇) (အတိတ်ကာလက ဗိမာန်တော်သည် တန်ခိုးတော်ကိုသာ ဖူးမြင်နိုင်သည်။ ယခုဗိမာန်တော်၌မူကား ဘုရားရှင်ကိုယ်တော်တိုင်ကို ဖူးတွေ့နိုင်သည်)

ဂ၊ ဗိမာန်တော်၏ ယဇ်ပုရောဟိတ်များ (၄၄း၅–၃၁)၊ လေဝိအမျိုး ယဇ်ပုရောဟိတ်ဇာဒုတ်၏သား ယဇ်ပုရောဟိတ်များသာ ဗိမာန်တော်အကြီးအကဲများအဖြစ် တာဝန်ယူရမည်။(၄၀း၄၆၊ ၄၃း၁၉၊ ၄၄း၁၅၊ ၄၈း ၁၁) (ယခင်ဗိမာန်တော်၌ လေဝိအနွယ်အားလုံး တာဝန်ယူခွင့်ရှိသော်လည်း ယခုဗိမာန်တော်၌မူ ဇာဇာဒုတ်အနွယ်သာ တာဝန်ယူခွင့်ရရှိမည်)

ဃ၊ ထိုဒေသ အုပ်ချုပ်သူမင်းသား၊ (၄၄း၁–၂) ၌ အရှေ့မျက်နှာတံခါးကို ပိတ်ထားရမည်ဟု ဆိုရာ၌ ထိုတံခါးသည် ဘုရားရှင်ဘုန်းတော်ထွက်ရာလမ်း ဖြစ်သောကြောင့် ဖြစ်သည်။ (၄၅း၇၊ ၈၊ ၁၇၊ ၄၆း၁–၂၀) ၌ မင်းသားဟုဖော်ပြရာ၌ ထိုမင်းသားမှာ အပြစ်ဖြေပူဇော်ခြင်း ပြုရသည်။ သားမြေးတို့အား အမွေပေးသည်ဟုဆိုသောကြောင့် ယေရှုမဟုတ်ပေ။ ဒါဝိဒ်လည်း သားမြေးတို့ကို အမွေပေးပြီးဖြစ်သောကြောင့် ဒါဝိဒ်လည်းမဟုတ်ပေ။ မိလေနီလကာလ၏ ပုဂ္ဂိုလ်တဦးဦးသာ ဖြစ်သည်။

င၊ ဗိမာန်တော်ကို ပြင်ဆင်ထားမှု – ဤဗိမာန်တော်အတွင်း ပြင်ဆင်ထားပုံသည် မောရှေ၊ ရှောလမုန်နှင့် ဟေရုဒ် ကာလ ဗိမာန်တော်ပြင်ဆင်ထားပုံနှင့် မတူချေ။

၁. လိုက်ကာမရှိချေ။ (ခရစ်တော်အားဖြင့် အကာအရန်ကို ပယ်ရှားခဲ့ပြီ)

၂. မုန့်တင်ရန် စားပွဲမရှိချေ။ (ခရစ်တော် အသက်မုန့်ပေးခဲ့ပြီ)

၃. မီးထွန်းရန် မီးတိုင်များမရှိချေ။ (ခရစ်တော် အလင်းပေးခဲ့ပြီ)

၄. ပဋိညာဉ်သေတ္တာတော်မရှိ။ (သန့်ရှင်းသောဝိညာဉ်တော်ရှိခဲ့ပြီ)

၅. အရှေ့တံခါး ပိတ်လျက်ရှိသည်။ (မင်းသား ဝင်ထွက်ရန်)

စ၊ ဗိမာန်တော်အတွင်း ပူဇော်သက္ကာယ၊ (၄၆)၌ ပူဇော်ခြင်းကိုတွေ့ရ၏။ အကယ်စင်စစ် ခရစ်တော်၏ပူဇော်ခြင်းသည် ပြီးမြောက်ခဲ့ပြီဖြစ်သည်။ မိလေနီလကာလ (၄၆) ပါ ပူဇော်ခြင်းမှာ –

၁. အသစ်မွေးဖွါးခံရသည်ကို ပြန်လည်အမှတ်ရစေရန်

၂. ကယ်တင်ခြင်း၏ သရုပ်သဏ္ဍာန်ကို နားလည်နိုင်စေရန်

၃. အပြစ်တရား၏ ညစ်ညူးရမှုကို သဘောပေါက်စေရန်

၄. ဘုရားရှင်၏ သန့်ရှင်းခြင်းကို သိမြင်စေရန်

ဆ၊ ဗိမာန်တော်၏အမြစ် (၄၇း၁–၁၂)

၁. မြစ်ဖျားခံရာဒေသ=ယဇ်ပလ္လင်တော်အောက်မှ မြစ်ဖျားခံသည်။(၄၇း၁)

၂. မြစ်စီးဆင်းရာဒေသ=သဲကန္တာရ=ယေရုရှလင်မြို့တော်မှထွက်၍ ပင်လယ်သေတွင်းသို့ စီးဝင်သည်။ ထိုအခါ ပင်လယ်သေရေသည် ရေချိုဖြစ်လိမ့်မည်။ မြစ်ကမ်းတလျှောက် သစ်ပင်ကောင်းအမျိုးမျိုး ၁၂ ရာသီ သီးလိမ့်မည်။

၃. မြစ်၏တန်ခိုးစွမ်းအား=မြစ်တွင်းသို့ အတောင် ၁၀၀၀ ခန့်သွားလျှင် ရေသည် ခြေမျက်စိထိသာ နက်သည်။ ထိုမှအတောင် ၁၀၀၀ ထပ်သွားလျှင် ရေသည်ဒူးဆစ်ထိနက်သည်။ ထိုမှအတောင် ၁၀၀၀ ထပ်သွားလျှင် ရေသည် ခါးထိနက်သည်။ ထိုမှအတောင် ၁၀၀၀ ထပ်သွားပါက မကူးနိုင်အောင် နက်သည်။(၄၇း၃–၅)

ဇ၊ ဗိမာန်တော်၏ တန်ခိုးတော်တိမ်တိုက် (၄၃း၁–၅)

၁. ဗိမာန်တော်ရှိရာမြို့တော်

က– ယေရုရှလင်မြို့သည် ဘုရားရှင်ကိုဝတ်ပြုရာ ဗဟိုလ်ချက်ကျသောမြို့တော် ဖြစ်လိမ့်မည်။ (ဇာ ၁၄း၁၀) (ဟေရှာ ၂း၂–၃)

ခ– မြို့ပတ်လည်ကား ၆ မိုင်ကျယ်လိမ့်မည်။(၄၈း၃၅) – ခရစ်တော်ကာလက ထိုမြို့သည် ၄ မိုင်သာကျယ်ခဲ့သည်။

ဂ– မြို့တော်ကို "ယေဟောဝါရှမ္မ" အမည်မှည့်ရမည်။ အဓိပ္ပါယ်မှာ ဘုရားရှင်ရှိရာမြို့ ဖြစ်သည်။(၄၈း၃၅)

# ဒံယေလအနာဂတ္တိကျမ်း

## ၁။ အနာဂါတ်ဟောတတ်သူ၏အစားအစာ

က၊ ဒံယေလ၏ ခိုင်မာသော သံဓိဋ္ဌါန် (၁း၁–၈)

၁. နေဗုခဒ်နေဇာဘုရင်သည် ဗေလတရှာဇာအမည်ရသော ဒံယေလ၊ ရှာဒရက်အမည်ရသော ဟာနနိ၊ မေရှက်အမည်ရသော မိရှေလ၊ အဗေဒနေဂေါအမည်ရသော အာဇရိနှင့် အခြားသော ဣသရေလ အသိပညာရှင် အတတ်ပညာရှင် လူငယ်များကို မိမိနိုင်ငံအုပ်ချုပ်ရေးတွင် အသုံးပြုရန် ဣသရေလ နိုင်ငံမှ သိမ်းပိုက် ခေါ်ဆောင်လာခဲ့၍ ထိုလူငယ်များအား လိုအပ်သော အရည်အချင်းများ ပြည့်မှီစေရန် ပြုစုစောင့်ရှောက် ကျွေးမွေးထားခဲ့သည်။

၂. ဒံယေလသည် ဘုရင့်ပွဲတော်ကျဖြစ်သော အစာကောင်းသော်လည်း ရုပ်တုပူဇော်ထားသည့် အစာကို မစားသောက်ရန် သံဓိဋ္ဌါန် ချမှတ်ထားခဲ့လေသည်။

ခ၊ ဒံယေလ၏တင်ပြချက် (၁း၈–၁၄)၊ ဒံယေလက မိမိတို့ ၄ ဦးအား ၁၀ ရက်ပတ်လုံး ရေနှင့် ဟင်းသီးဟင်းရွက် အစားအစာကိုသာ ပေး၍ စမ်းသပ်ကြည့်ရန် မိန်းမအုပ်အား တင်ပြရာ ၁၀ ရက် ပြည့်လွန်သည့်အခါ ဒံယေလနှင့်မိတ်ဆွေများတို့သည် အခြားသော ဘုရင့်ပွဲတော်ကျ အစားကောင်းများ စားသူများထက် ပို၍ လှပချောမောနေလိမ့်မည်ဟု တင်ပြခဲ့သည် (၁း၁၁–၁၃)။ ထိုတင်ပြချက်ကို မိန်းမအုပ်သည် လက်ခံခဲ့ပေသည်။

ဂ၊ ဒံယေလရရှိသော အကျိုးဖြစ်ထွန်းမှု (၁း၁၅–၂၁)

၁. ဘုရားရှင်၏စောင်မခြင်း

က– အချိန်စေ့ ၁၀ ရက်ပြည့်သောအချိန်တွင် ဒံယေလနှင့် အဖော်တို့၏မျက်နှာသည် အခြားသော သူများတို့၏ မျက်နှာထက် အဆင်းလှ၍ ဖွံ့ဖြိုး အလှတိုးလျက်ရှိသည်။

ခ– ဒံယေလနှင့် သူ၏အဖော်တို့သည် ဗါဗုလုန်ခေတ်တိုင်အောင် ပညာရှိများအဖြစ် မြောက်စားခြင်းခံခဲ့ရသည်။

## ၂။ လူရုပ်တုနှင့် ကျောက်တုံး

က၊ ဗါဗုလုန်နိုင်ငံသားများ၏ အသုံးမကျမှု (၂း၁–၁၃)

၁. နေဗုခဒ်နေဇာဘုရင်သည် စက်တော်မခေါ်နိုင်လောက်အောင် ထိတ်လန့်၍ စိတ်လက် မအီမသာဖွယ်ကောင်းသောအိပ်မက်ကို မြင်မက်၏။ အနက်ကိုဖော်ပြရန် မိမိနန်းတွင်းရှိ ပညာရှင်အဖွဲ့ကို ဆင့်ခေါ်ယူခြင်း (၂း၁–၃)

၂. နန်းတွင်းပညာရှိများက ဘုရင့်အိပ်မက်ကိုလည်း မသိ၊ အနက်အဓိပ္ပါယ်ကိုလည်း မဖော်ပြနိုင်ကြသဖြင့် ထိုနန်းတွင်းပညာရှိများအား သတ်ပစ်ရန် ဘုရင်ထံမှ အမိန့်ထုတ်ပြန်ခြင်း (၂း၄–၁၃)

ခ၊ ဘုရားရှင်၏ ဗျာဒိတ်ပေးခြင်း (၂း၁၄–၃၆)၊ ဘုရားရှင်သည် နေဗုခဒ်နေဇာဘုရင်၏ အိပ်မက်အနက်ကို ဒံယေလအားဖြင့် ဖွင့်ပြခဲ့သည်။

ဂ၊ ဒံယေလ၏ဖော်ပြချက် အနက်အဓိပ္ပါယ် ဖွင့်ဆိုချက် (၂း၃၀–၄၅)

၁. အိပ်မက်ဖြစ်စဉ် (ဘုရင်အိပ်မက်၌ ဘာတွေ့ခဲ့သနည်း) (၂း၃၁–၃၅)

က– ဘုရင်သည် ကြီးမားကြောက်မတ်ဖွယ် လူရုပ်ကြီးတရုပ်ကို အိပ်မက်၌ တွေ့ခဲ့သည်။ ထိုလူရုပ်ကြီး၌ အောက်ပါ အသွင်အပြင်လက္ခဏာများ တွေ့ရ၏။

(၁) ရွှေဂေါင်း

(၂) ငွေရင်ဘတ်နှင့် လက်

(၃) ကြေးဝမ်းနှင့် ပေါင် ၂ ဖက်

(၄) သံခြေထောက် ၂ ဖက်နှင့် သံသရွတ်ရောထားသော ခြေချောင်းများ

ခ– ထိုရုပ်ထုကြီး၏ ခြေချောင်းများအား အခြားမှလာသော ကျောက်တုံးတတုံးက ထိခိုက်မိရာ ထိုရုပ်ထုကြီးသည် အမှုန့်ဖြစ်၍ ပျက်စီးသွားသည်။ ထိုထူးဆန်းသော ကျောက်တုံးမှုကား တောင်ကြီးတလုံးကဲ့သို့ ကြီးထွားသွား၍ ထိုရုပ်တုအမှုန့်များအပေါ် ဖုံးလွှမ်းသွားသည်။

ဂ– ထိုကျောက်တုံးသည် ကမ္ဘာမြေကြီးတခုလုံးကို ဖုံးလွှမ်းသည်အထိ ကြီးထွားသွားခဲ့လေသည်။ (၂း၃၆–၄၅)

၂. အိပ်မက်အဓိပ္ပါယ်ကို ရှင်းလင်းချက် (ထိုအကြောင်းရာများ၏ အနက်အဓိပ္ပါယ်ကား အဘယ်နည်း) (၂း၃၆–၄၅)

က– ထိုရုပ်တုသည် တပါးသောအမျိုးသားများ (ဂျူးမဟုတ်သူ) အုပ်စိုးမည့် ကမ္ဘာ့ မဟာအင်အားကြီး အင်ပါယာ ၄ ခေတ်ဖြစ်သည်။

(၁) ရွှေဂေါင်းသည် ဗါဗုလုန်အင်ပါယာဖြစ်သည်။

(၂) ငွေရင်ပတ်နှင့် လက် ၂ ဖက်သည် ပါရှန်းအင်ပါယာဖြစ်သည်။

(၃) ကြေးဝမ်းဗိုက်နှင့် ပေါင် ၂ ဖက်သည် ဂရိအင်ပါယာဖြစ်သည်။

(၄) သံခြေထောက်နှင့်သံသရွတ် ခြေချောင်းများသည် ရောမအင်ပါယာဖြစ်သည်။

ခ– အင်ပါယာ၏ နောက်ဆုံးနေ့များ၌ ကောင်းကင်ဘုံမှ ဘုရားရှင်သည် လောက လူ့အင်ပါယာများကို သူ၏ကျောက် (ယေရှုခရစ်တော်) ဖြင့်ဖြိုဖျက်၍ ထာဝရနိုင်ငံတခုကို တည်ထောင်လိမ့်မည်။(၂း၄၄၊ ၄၅)

ဂ– တပါးသောအမျိုးသားများ၏ နောက်ဆုံးအင်ပါယာ (ရောမ) သည် နောက်ဆုံးသော ခက်ခဲရာကာလ၌ ပြန်လည်ခေါင်းထောင်လာ၍ နိုင်ငံ ၁၀ နိုင်ငံသည်လည်း သူ့၌ အဖွဲ့ဝင်အဖြစ် ပူးပေါင်းလာကြမည်။ ပရောဖက်ပြု ညွှန်းဆို ဟောပြောခဲ့သော စတုတ္ထဖြစ်သော ရောမအင်ပါယာသည် ရှေးဟောင်း ရောမအင်ပါယာတွင် ပြီးပြည့်စုံပြီဟု ယူဆ၍မရပါ။ ရောမအင်ပါယာအဆက်သည် တခေတ် ထပ်ပေါ်ထွက်လာ ရပေအုံးမည်။

ဃ၊ နေဗုခဒ်နေဇာဘုရင်၏ ပျတ်ဝပ်ကိုးကွယ်ခြင်း (၂း၄၆–၄၉)

၁. ရှင်ဘုရင်သည် ဒံယေလကို ဦးချရှိခိုး၍ သူ့ငယ်သားများအား ပူဇော်သက္ကာများ၊ နံ့သာများကို ဒံယေလရှေ့တော်၌ မီးရှို့၍ ဆက်ကပ်ပူဇော်သည်။(၂း၄၆)

၂. ရှင်ဘုရင်က ဒံယေလ၏ဘုရားသခင်သည် ဘုရားတို့၏ဘုရားဖြစ်သည်ဟု အသိအမှတ်ပြု၍ ဝန်ခံခဲ့သည်။(၂း၄၇)

၃. ရှင်ဘုရင်သည် ဒံယေလကို ဆုလာဒ်များစွာ ပေးသနား၍ ဗါဗုလုန်နိုင်ငံ၏ ဝန်ကြီးရာထူးနှင့် နိုင်ငံ၏ ပညာရှိများကို အုပ်ချုပ်သောဝန်အရာ၌ ခန့်ထားသည်။(၂း၄၈)

## ၃။ မီးတောက်လောင်နေသော ထက်မြက်ပြင်းထန်သည့် မီးဖို

က၊ ရှင်ဘုရင်၏ အမိန့်ပြန်တမ်း (၃း၁–၇)

၁. နေဗုခဒ်နေဇာဘုရင်သည် အမြင့် ၉၀ ပေ၊ အနံ ၉ ပေရှိသော ရွှေရုပ်တုကို ဗါဗုလုန်ကျေးလက်အနီး ဒုရလွင်ပြင်၌ တည်ဆောက်ထားသည်။

၂. တနေ့တွင် လူအမျိုးမျိုး လူတန်းစားအသီးသီးတို့သည် တူရိယာတီးမှုတ် အချက်ပေးသံကြားတိုင်း ထိုရုပ်တုကို ပြတ်ဝပ်ကိုးကွယ် ရှိခိုးစေ၏။ တစုံတယောက်သောသူသည် ထိုရုပ်ထုကို မကိုးကွယ်လျှင် မီးဖိုထဲသို့ချ၍ သေဒါဏ်အပေးခံရမည်ဟု အမိန့်ထုတ်ပြန်လေသည်။

ခ၊ ဟေဗြဲ (ဒံယေလအဖွဲ့) တို့၏ ရပ်တည်ချက် (၃း၈–၂၃)

၁. ထိုဝတ်ပြုပွဲသို့ ဖိတ်ကြားခံရ၍ ဒံယေလနှင့်အဖော်တို့သည် သွားရသော်လည်း ထိုရုပ်ထုကို အများပြတ်ဝပ်ကိုးကွယ်သော်လည်း ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါတို့မူကား ပြတ်ဝပ်ကိုးကွယ်ခြင်းမပြုဘဲ မတ်တပ်ရပ်၍နေကြသဖြင့် ဗါဗုလုန်နိုင်ငံသားအချို့က မလိုသောစိတ်ဖြင့် ဘုရင်ထံ တိုင်ကြားကြလေသည်။(၃း၈–၁၂)

၂. နေဗုခဒ်နေဇာဘုရင်သည် အမျက်ထွက်၍ ထိုလူငယ် ၃ ဦးကို ရှေ့တော်သို့သွင်းစေ၍ ထိုရုပ်တုကို ကိုးကွယ်မည် မကိုးကွယ်မည်ကို နောက်ဆုံးမေးရာ လူငယ် ၃ ဦးက မကိုးကွယ်နိုင်ကြောင်း အပြတ်ပြောကြလေသည်။(၃း၁၃–၁၈)

၃. နေဗုခဒ်နေဇာဘုရင်သည် ပိုမိုအမျက်ထွက်ကာ ပူလောင်နေသောမီးဖိုကို ထပ်မံ ၇ ဆတိုး ပူစေလျက် ထိုဟေဗြဲလူငယ် ၃ ဦးကို ကြိုးနှင့်တုပ်၍ ထိုမီးဖိုထဲသို့ ပစ်ချလေသည်။(၃း၁၉–၂၃)

ဂ၊ ဘုရားရှင်ကိုယ်တိုင် လာရောက်ခြင်း (၃း၂၄–၃၀)

၁. ရှင်ဘုရင်သည် ထိုလူငယ် ၃ ဦးကိုပစ်ချသော မီးဖိုထဲသို့ကြည့်သောအခါ ၄ ဦးဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့မြင်ရ၍ အံ့သြလေသည်။

– *ရှင်ဘုရင်က လူ ၄ ယောက်တို့သည် မတုပ်မနှောင်ဘဲ မီးထဲ၌သွားလာရာ ဘေးဥပါဒ်နှင့်ကင်းလွတ်သည်ကိုငါမြင်၏။ စတုတ္ထသူသည် (သခင်ယေရှုခရစ်တော်) ဘုရားသား၏ အဆင်းသဏ္ဍာန် ရှိသည်ဟု မိန့်တော်မူ၍ – (၃း၂၅)*

၂. ရှင်ဘုရင်ပြန်ခေါ်၍ ထိုလူငယ် ၃ ဦးသည် မီးဖိုထဲမှ မီးလုံးဝလောင်ကျွမ်းခြင်းမရှိဘဲ ထွက်လာကြသည်။ မီးလောင်အနံ့ပင် မရချေ။(၃း၂၆–၂၇)

## ၄။ အိပ်မက်ထဲကသစ်ပင်

က၊ သစ်ပင် (နေဗုခဒ်နေဇာဘုရင်) ၏ ဆုတ်ယုတ် ဖောက်ပြန်ပျက်စီးခြင်း (၄း၁–၂၇)

၁. နေဗုခဒ်နေဇာဘုရင် သူ၏အိပ်မက်ကို ဒံယေလအား တင်ပြချက် (၄း၁–၁၈)

က– ဘုရင်သည် ကြီးမားလှပ၍ မိုးကောင်းကင်ထိအောင်မြင့်မားသော သစ်ပင်ကိုတွေ့ရသည်။ ထိုသစ်ပင်သည် အရွက်အကိုင်းအခက်လှပ၍ ကောင်းသောအသီးနှင့်ပြည့်စုံသောကြောင့် ငှက်များနှင့် မြေတိရစ္ဆာန်အပေါင်းတို့ပင် မှီခိုကြရ၏။(၄း၁၀–၁၂)

ခ– တဖန် ကောင်းကင်ဘုံမှ သန့်ရှင်းသူတဦးဆင်းလာ၍ ထိုသစ်ပင်နှင့်အခက်တို့ကို ခုတ်လှဲလော့၊ ထိုသစ်ပင်ကိုမှီခိုနေသော မြေတိရစ္ဆာန်နှင့် ငှက်များ ထွက်သွားလော့၊ ခုတ်ပစ်၍ အရင်း၌ကျန်သော သစ်ပင်ငုတ်နှင့်အမြစ်ကို ကြေးဝါသံကြိုးနှင့်ချည်နှောင်၍ ၇ နှစ်ပတ်လုံး မိုးရေထဲ၌ထား၍ တိရစ္ဆာန်ကဲ့သို့ မြက်ကိုစားစေလော့ဟု အမိန့်ပေးလေသည်။(၄း၁၃–၁၆)

ဂ– ထိုအဖြစ်အပျက်များသည် ဘုရားရှင်သည် မြင့်မြတ်တော်မူ၍ လောကီနိုင်ငံအုပ်ချုပ်ခွင့်ကို ပေးလိုသောသူအား ပေးနိုင်၍ နှုတ်ယူလိုသောသူထံမှလည်း နှုတ်ယူပိုင်ခွင့်ရှိသည်ကို လူအပေါင်းတို့နားလည်ရန် ဖွင့်ပြခြင်းဖြစ်သည်ဟု ကောင်းကင်မှလာသူက ဟစ်အော်ရှင်းပြသည်။(၄း၁၇)

၂. နေဗုခဒ်နေဇာဘုရင်၏ အိပ်မက်ကို ဒံယေလမှ အနက်အဓိပ္ပါယ် ရှင်းပြခဲ့သည်။(၄း၁၉–၂၇)

က– ထိုအိပ်မက်အနက်အဓိပ္ပါယ်သည် ထိတ်လန့်ကြောက်ရွံ့ဘွယ်ကောင်းသောကြောင့် ဒံယေလကိုယ်တိုင် တနာရီခန့် မိန်းမောတွေဝေ၍ တိတ်ဆိတ်စွာနေကာ စိတ်ပူပန်ခဲ့သည်။(၄း၁၉)

ခ– ဒံယေလ၏ရှင်းပြချက်

(၁) သစ်ပင်ကြီး၏အဓိပ္ပါယ်မှာ လူတယောက်ဖြစ်သည်။ ထိုလူတယောက်မှာ နေဗုခဒ်နေဇာဘုရင်ကိုယ်တိုင် ဖြစ်သည်။(၄း၂၀–၂၂)

(၂) ရှင်ဘုရင်သည် မိမိမာနကြောင့် ၇ နှစ်ပတ်လုံး ဒုက္ခခံစားရမည်။ ထိုဒုက္ခခံရချိန်၌

တိရစ္ဆာန်ကဲ့သို့ ဖြစ်လိမ့်မည်။(၄း၂၃–၂၆)

(၃) ထိုအဖြစ်အပျက်များ ၇ နှစ်ခံစားစေခြင်းက နေဗုခဒ်နေဇာဘုရင်အား ဘုရားရှင်သည် ရှင်ဘုရင်များကို တင်မြှောက်နိုင်၊ ဖြုတ်နိုင်သည်ကို သိစေခြင်းဖြစ်သည်။ (၄း၂၅၊ ရော ၁၃း၁)

ဂ– ဒံယေလက ရှင်ဘုရင်အား ထိုအဖြစ်ပျက်များ မခံစားရစေရန် အပြစ်များကို နောင်တရပါဟု တိုက်တွန်းခဲ့သည်။ သို့သော် ထိုအချက်ကို ဘုရင်လက်မခံခဲ့ပေ။(၄း၂၇)

ခ၊ ထိုသစ်ပင် (နေဗုခဒ်နေဇာ) ၏အဖြစ်သည် အမှန်ပင်ကျရောက်၍ သူ ရူးသွပ်ခဲ့သည်။(၄း၂၈–၃၇)

၁. နေဗုခဒ်နေဇာ၏မာန (၄း၂၈–၃၀)၊ ထိုအိပ်မက်မက်၍အပြီး ၁၂ လအလွန်၌ ရှင်ဘုရင်သည် နန်းတော်စင်္ကြန်ပေါ်၌ လမ်းလျှောက်နေလေသည်။ စင်္ကြန်လျှောက်လျက်နေစဉ် သူ၏မာနထောင်လွှားမှုကို အောက်ပါ၌ ကျနုပ်တို့ မှတ်သားနိုင်သည်။ – *ဒီမြို့ကား ငါ့နိုင်ငံတည်ရာ ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ဖို့ရာ ငါ့တန်ခိုးအာနုဘော်အားဖြင့် ငါတည်လုပ်ခဲ့သော ဗာဗုလုန်မြို့ကြီးမဟုတ်လော – (၄း၃၀)*

၂. နေဗုခဒ်နေဇာဘုရင် အပြစ်ဒါဏ်ခံရခြင်း (၄း၃၁–၃၃)

က– ရှင်ဘုရင်သည် မာနထောင်လွှားသောစကားကို ပြောသည့်အချိန်မှာပင် ဘုရားရှင်၏ တရားစီရင်ချက်အသံသည် ကောင်းကင်မှသက်ရောက်လာသည်။(၄း၃၁)

ခ– နေဗုခဒ်နေဇာခံရသော အပြစ်ဒါဏ်များမှာ

– *နေဗုခဒ်နေဇာသည် လူစုထဲမှ နှင်ထုတ်ခံရ၍ သူသည် နွားကဲ့သို့ မြက်ကိုစား၍ မိုးစွတ်ခြင်းကို ခံသဖြင့် ကိုယ်အမွေးသည် ရွှေလင်းတအတောင်ကဲ့သို့၄င်း၊ လက်သည်း ခြေသည်းသည် ငှက်ခြေသည်းကဲ့သို့၄င်း ဖြစ်၏ – (၄း၃၃)*

၃. နေဗုခဒ်နေဇာ၏ ဘုရားရှင်ကိုချီးမွမ်းခြင်း (၄း၃၄–၃၇)၊ ၇ နှစ်လွန်သောအခါ နေဗုခဒ်နေဇာဘုရင်သည် ကိုယ့်ကိုကိုယ် နှိမ့်ချစွာဖြင့် ဘုရားရှင်၏ဘုန်းတော်ကို ချီးမွမ်းလေသည်။

မှတ်ချက်။ ။ ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး ၁ မှ ၄ သည် နေဗုခဒ်နေဇာဘုရင်ကိုယ်တိုင် ဇရမစ်ဘာသာဖြင့် ရေးခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့သမိုင်းအဆိုအရ နေဗုခဒ်နေဇာဘုရင် မမာမကျန်းဖြစ်စဉ် (တိရစ္ဆာန်ဘဝ ၇ နှစ်ဝင်စားစဉ်) သား ဗေလရှာဇာက ထီးနန်းကို ခေတ္တအုပ်ချုပ်ခဲ့ရသည်။ ရှင်ဘုရင် ပြန်လည်ကျန်းမာ (နောင်တရပြီးနောက်) လာ၍ တနှစ်ခန့် တိုင်းပြည်ကို ပြန်လည်အုပ်ချုပ်ပြီးနောက် ကွယ်လွန်ခဲ့လေသည်။

## ၅။ ကောင်းကင်ဘုံမှလာသောလက်

က၊ ဗေလရှာဇာဘုရင်၏ညှော်ခံပွဲ – ဗေလရှာဇာဘုရင်သည် တိုင်းပြည်၏ အထူးအရာရှိ ၁၀၀၀ ကျော်ကို ခေါ်ဖိတ်၍ စားသောက်ပွဲကြီးကျင်းပသည်။(၅း၁)

ခ၊ စားသောက်ပွဲ၌ စပျစ်ရည်ယစ်မူးစဉ် ရှင်ဘုရင်သည် ယေရုရှလင်မြို့ရှိ ဘုရားရှင်၏ဗိမာန်တော်ကို တိုက်ခိုက်ဖြိုဖျက်ရာမှ သိမ်းလာခဲ့သော ဗိမာန်တော်သုံး ရွှေဖလား၊ ငွေဖလားတို့ကို သူ့စားသောက်ပွဲ၌သုံးစွဲစေ၍ ဗာဗုလုန်၏ ရွှေဘုရား၊ ငွေဘုရား၊ သံ၊ သစ်သားဘုရားတို့ကို ချီးမွမ်းလေ၏။(၅း၂–၄)

ဂ၊ ထိုအချိန်အတွင်း၌ လူမပါဘဲ လူလက်တခုပေါ်လာ၍ ထိုစားသောက်ပွဲခမ်းမ နံရံပေါ်၌ စာတခုကိုရေးခဲ့သည်ကို တွေ့မြင်ကြ၏။(၅း၇–၂၉)

ဃ၊ ထိုအဖြစ်အပျက်အပေါ် ဘုရင်၏လုပ်ဆောင်မှု

၁. ထိုစာရေးသည့်အဖြစ်အပျက်သည် မည်သည့်အဖြစ်အပျက်ဖြစ်သည်ကို ရှင်းပြရန် ဗာဗုလုန်နိုင်ငံသား ဗေဒင်တတ်သူ၊ ခါလဒဲဆရာ စသည်တို့ကိုခေါ်၍ အနက်အဓိပ္ပါယ်ကို ရှင်းခိုင်းသော်လည်း သူတို့ မရှင်းပြတတ်၍ ရှင်ဘုရင် စိတ်ပျက်ခဲ့ရသည်။(၅း၆–၉)

၂. နောက်ဆုံး မယ်တော်မိဖုရားက ဒံယေလကိုခေါ်ရန် တိုက်တွန်း၍ ရှင်ဘုရင်က ဒံယေလကို တတိယမင်းရာထူးပေးမည်ဟု ကတိပေး၍ ထိုစာ၏ အနက်အဓိပ္ပါယ်ကိုဖော်ပြရန် စေခိုင်းခဲ့သည်။ (၅း၁၆)

၃. ဒံယေလသည် ရာထူးဆုကို ငြင်းဆိုခဲ့သည်။ သို့သော် ထိုစာ၏အနက်ကိုမူ ရှင်းပြခဲ့သည်။(၅း၁၇)

က– မေနေ မေနေ = ဘုရားရှင်သည် သင်၏နိုင်ငံကို အဆုံးသတ်လိမ့်မည်။(၅း၂၆)

ခ– တေကလ = သင့်ကို ချိန်ခွင်နှင့်ချိန်ကြည့်ရာ လျော့နေသည်။(၅း၂၇)

ဂ– ဖေရက် = သင့်နိုင်ငံကို ခွဲဝေ၍ မေဒိလူ၊ ပေရသိလူတို့အား အပ်ပေးတော်မူမည်။(၅း၂၈)

င၊ ထိုညဉ့်ပင် ဗေလရှာဇာဘုရင် အသက်ဆုံး၍ ဒါရိမင်း (အသက် ၆၂ နှစ်) သည် နိုင်ငံကိုသိမ်းယူ၏။ (၅း၃၀–၃၁)

## ၆။ ခြင်္သေ့နှင့် ခြင်္သေ့တွင်းများ

က၊ မကောင်းဆိုးဝါးလူများ၏ အကြံအစည် (၆း၁–၉)

၁. မေဒိဘုရင် ဒါရိမင်းသည် တိုင်းပြည်ကို စံနစ်တကျအုပ်ချုပ်ရန် နယ် ၁၂၀ ခွဲ၍ ထိုနယ်တခုစီ၌ မြို့ဝန်တဦးစီကိုခန့်အပ်၍ ထိုမြို့ဝန်များကိုအုပ်ချုပ်ရန် ဝန်ကြီး ၃ ပါးကိုလည်း ခန့်အပ်ခဲ့သည်။ ထိုဝန်ကြီး ၃ ပါးထဲတွင် ဒံယေလသည်လည်း တဦးပါဝင်၏။(၆း၁–၂)

၂. ထိုအချိန်၌ ဒံယေလသည် အသက် ၈၀ ကျော်နေပေပြီ။ ဘုရားရှင်သည် သူ့အား ကောင်းကြီးများစွာပေးသဖြင့် သူသည် ထိုဝန်ကြီး ၃ ပါးထဲတွင် ဉာဏ်ပညာ အထက်မြက်ဆုံးဝန်ကြီးဖြစ်၍ နိုင်ငံတော်ကိုပင် သူ့အား အပ်နှင်းထားမည်ဟု ဘုရင် စိတ်ကူးထားခဲ့လေသည်။(၆း၃)

၃. ထို့ကြောင့် မြို့ဝန်များနှင့် ဝန်ကြီးများတို့သည် ဒံယေလအား မနာလိုသဖြင့် ဒံယေလ အပြစ်သင့်ရန် အခွင့်အခါကို ချောင်းမြောင်းနေကြသည်။(၆း၄)

၄. ဒံယေလသည် သစ္စာရှိသူ လူကောင်းဖြစ်သောကြောင့် သူ့၌ အပြစ်တင်စရာမတွေ့၍ ဒံယေလ၏ ဘာသာရေးယုံကြည်မှုကိုသာ ယိုးမယ်ဖွဲ့၍ အပြစ်ရှာရန် ကြံစည်ကြသည်။(၆း၅)

၅. ထိုလူအပေါင်းတို့ နိုင်ငံတော်၌ လူအပေါင်းတို့သည် ရက် ၃၀ အတွင်း ဘုရင်မှလွဲ၍ မည်သည့်အရာကိုမျှ ကိုးကွယ်ဆုတောင်းခြင်းမပြုရ၊ အကယ်၍ပြုပါက ထိုသူကို ခြင်္သေ့တွင်းထဲသို့ ချပစ်ရမည်ဟု ဒါရိဘုရင်အား အမိန့်ထုတ်ပြန်စေ၍ ဘုရင်လည်း ထိုအတိုင်းထုတ်ပြန်ခဲ့သည်။

ခ၊ ဘေးအန္တရာယ်ကျရောက်သူ (၆း၁၀–၂၀)

၁. ထိုအမိန့်ထုတ်ပြန်ချက်ကို ဒံယေလသည် ကြားသိ၏။ ထိုအမိန့်သည် မိမိကို လာရောက်ထိခိုက်နိုင်သည်ကိုလည်း သိသည်။ သို့သော် ဒံယေလသည် မည်သို့မျှစိုးရိမ်ခြင်းမရှိဘဲ ယခင်အခါများကဲ့သို့ပင် ဘုရားရှင်ကိုသာ ဆက်လက်ကိုးကွယ် ဆုတောင်းခြင်းပြုလေသည်။(၆း၁၀)

ဒံယေလ၏ ဘုရားဝတ်ပြုပုံ –

က– သူသည် ပြူတင်းပေါက်ကိုဖွင့်၏။

ခ– နံနက်၊ နေ့လည်၊ ညနေ သုံးကြိမ်ဆုတောင်း၏။

ဂ– ဒူးထောက်၏။

ဃ– ယေရုရှလင်မြို့သို့ မျက်နှာမူ၏။

၂. ကောက်ကျစ်စွာ အကွက်ဆင်ထားသူများသည် ဒါရိမင်း၏ အမိန့်ပြန်တမ်းကို ဒံယေလ မနာခံကြောင်း တိုင်တန်းလေသည်။ ဒါရိမင်းသည် မေဒိ၊ ပေရသိဘုရင်ဖြစ်၍ ထုတ်ပြီးအမိန့်ကို ပြန်ပြင်ခြင်းထုံးစံ မရှိခဲ့ပါ။ ဒါရိမင်းသည် ဒံယေလကို လွှတ်ပစ်ရန်ကြိုးစား၍ အခွင့်လမ်းရှာသော်လည်း မတွေ့နိုင်တော့ပေ။(၆း၁၁–၁၅)

၃. ဒံယေလကို ဥပဒေအရဖမ်းဆီး၍ ခြင်္သေ့လှောင်အိမ်တွင်းထဲသို့ ပစ်ချရလေသည်။(၆း၁၆)

၄. ဒံယေလကို ခြင်္သေ့တွင်းထဲသို့ချပြီး၍ ရှင်ဘုရင်သည် တွင်းကိုတံဆိပ်ခတ်နှိပ်၍ နန်းတော်တွင်းသို့ ပြန်လာခဲ့ရသော်လည်း စိတ်မကောင်းဖြစ်လွန်းသဖြင့် တညလုံး အိပ်မပျော်၊ အစာမစား၊ အငြိမ့်မကြည့်ဘဲ ဝမ်းနည်းနေခဲ့သည်။(၆း၁၇–၁၈)

၅. နောက်တနေ့ နံနက်စောစောတွင် ရှင်ဘုရင်သည် ခြင်္သေ့တွင်းဝဆီသို့သွား၍ တွင်းဝအဖုံးကိုဖွင့်ရန် အမိန့်ပေးပြီး ဒံယေလကို အောက်ပါအတိုင်း မြည်တမ်း၍ ငိုကြွေးတော်မူ၏။

– *အိုဒံယေလ သင်မပြတ်ကိုးကွယ်သော ဘုရားသခင်သည် သင့်ကို ခြင်္သေ့ဘေးမှ ကယ်လွှတ်နိုင်သလော – (၆း၂၀)*

ဂ၊ ဒံယေလ၏ ဘေးအန္တရာယ်မှ လွတ်ကင်းမှု (၆း၂၁–၂၈)

၁. မဲမှောင်နေသော ခြင်္သေ့တွင်းထဲမှ ဒံယေလသည် ဘေးဥပါဒ်တစုံတရာမရှိဘဲ ရှင်ဘုရင်ကို အောက်ပါကြည်လင်သောအသံဖြင့် ယခုကဲ့သို့ တုံ့ပြန် ပြန်ပြောသည်။

– *အရှင်မင်းကြီး အသက်တော်အစဉ်အမြဲရှင်ပါစေ။ အကျွန်ုပ်၏ဘုရားသခင်သည် ကောင်းကင် တမန်တို့ကိုစေလွှတ်၍ ခြင်္သေ့နှုတ်ကို ပိတ်ထားတော်မူသဖြင့် ကျွန်ုပ်သည် ခြင်္သေ့ဘေးနှင့်လွတ်ပါ၏။ အကြောင်းမူကား ဘုရားသခင်ရှေ့၌ ကျွန်ုပ် အပြစ်ကင်းပါ၏။ ကိုယ်တော်မြတ်ကိုလည်း အလျှင်း မပြစ်မှားပါ – (၆း၂၁၊ ၂၂)*

၂. ရှင်ဘုရင်သည် ခြင်္သေ့တွင်းထဲမှ ဘေးမသီရန်မခဘဲ ယခုကဲ့သို့ တုံ့ပြန်ပြောဆိုသံကို ကြားရသဖြင့် အံ့သြဝမ်းမြောက်ခဲ့လေသည်။

က– ရှင်ဘုရင်သည် ဝမ်းမြောက်သောစိတ်နှင့် ဒံယေလကို ခြင်္သေ့တွင်းထဲမှ ထုတ်ယူစေ၍ မိမိတိုင်းသူပြည်သားများကိုလည်း ဒံယေလ၏ဘုရားသခင်ကို ကြောက်ရွံ့ရိုသေရမည်ဟု အမိန့်တော်ထုတ်ပြန်လေသည်။(၆း၂၃၊ ၂၅–၂၇)

ခ– ရှင်ဘုရင်သည် အထက်က ဒံယေလကို အပြစ်တင် ကုန်းချောခဲ့သောသူတို့ကို သားမယားနှင့်တကွ ခြင်္သေ့လှောင်တွင်းထဲသို့ချပစ်ရန် အမိန့်ထုတ်ပြန်သဖြင့် ခြင်္သေ့တွင်းထဲသို့ ချပစ်ကြရာ ထိုသူတို့ မြေသို့မရောက်မီမှာပင် ခြင်္သေ့များ ကိုက်စားကြလေသည်။(၆း၂၄)

## ၇။ ဘုရားတရားမဲ့ နိုင်ငံများနှင့် ဘုရားရှင်၏နိုင်ငံတော်

က၊ ပထမသားရဲခြင်္သေ့သည် ဗါဗုလုန်နိုင်ငံမှ နေဗုခဒ်နေဇာဘုရင် ဖြစ်သည် (၇း၄)။ ရွှေဂေါင်း (၂း၃၂)။

၁. ဒံယေလသည် မိုးကောင်းကင်လေးမျက်နှာရှိ လေတို့သည် သမုဒ္ဒရာပေါ်မှာ အချင်းချင်းတိုက်ကြသည်ကို တွေ့ရသည်။(၇း၂)

၂. ပထမသားရဲသည် ဗါဗုလုန်နိုင်ငံနှင့် ဘုရင် နေဗုခဒ်နေဇာကို ဆိုလိုခြင်းဖြစ်သည်။

က– ခြင်္သေ့နှင့်တူသည်။

ခ– ရွှေလင်းတအတောင်ရှိသည်။

ဂ– သူ၏အတောင်များ ဆွဲနှုတ်ခံရသည်။ (ဒံ ၄း၃၃) ကိုကြည့်ပါ။ (နေဗုခဒ်နေဇာ၏ အတောင်များ)၊ (ဒံ ၅း၃၁) (ဗာဗုလုန်၏အတောင်များ)

ခ၊ ဒုတိယသားရဲဝက်ဝံသည် မေဒိ၊ ပေရသိ (ပါရှား) ဘုရင် ဒါရိ (ဆိုင်းရပ်) ဖြစ်သည်။(၇း၅)
ငွေရင်ဘတ်နှင့်လက်မောင်းများ (၂း၃၂)

၁. ဝက်ဝံသည် တဖက်စောင်း၍သာ ကိုယ်ကိုကြွသည်။ ဤအဓိပ္ပါယ်မှာ ဤမေဒိ၊ ပေရသိ နှစ်ခုပေါင်းနိုင်ငံ၌ ပေရသိနိုင်ငံသည် ပို၍ အင်အားကောင်းသည်ကို ဆိုသည်။

၂. ထိုဝက်ဝံပါးစပ်၌ နံရိုး ၃ ချောင်း ကိုက်ထားသည်။ ဤအဓိပ္ပါယ်မှာ မေဒိ၊ ပေရသိနိုင်ငံသည် ဗါဗုလုန်၊ အီဂျစ်၊ လေဒိယ စသော ၃ နိုင်ငံကို သိမ်းပိုက်ထားနိုင်ခြင်းကို ဆိုလိုသည်။

၃. ထိုဝက်ဝံအား ထလော့၊ အသားများကိုကိုက်စားလော့ဟု ပြော၏။ ထိုအဓိပ္ပါယ်မှာ မေဒိ၊ ပေရသိဘုရင် (ဇာဇီ) သည် ရှုရိနိုင်ငံတခုထဲသို့ တပ်သား တသန်းငါးသိန်း၊ စစ်သင်္ဘော ၃၀၀ ဖြင့် ဝင်ရောက်တိုက်ခိုက်သည်ကို ဆိုလိုသည်။

ဂ၊ တတိယသားရဲ (ကျားသစ်) သည် ဟေလသ (ရှုရိ) ရှင်ဘုရင် အလက်ဇန္ဒားဖြစ်သည်။(၇း၆)
ကြေးဝမ်းဗိုက်နှင့်ပေါင်နှစ်ဖက် (၂း၃၂)

၁. ထိုကျားသစ်နှင့်တူသည်။ ဤအဓိပ္ပါယ်မှာ အလက်ဇန္ဒားဘုရင်သည် ထိုခေတ်သမိုင်းတွင် ဘယ်ဘုရင်နှင့်မျှမတူအောင် အချိန်အနည်းငယ်အတွင်း နိုင်ငံအများအပြားကို လျှင်မြန်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်သူဖြစ်ခြင်းကို ဆိုလိုသည်။

၂. ဦးခေါင်း ၄ လုံးရှိသည်။ ဤအဓိပ္ပါယ်မှာ အလက်ဇန္ဒားဘုရင်သည် အောင်မြင်မှု အရှိန်ကောင်းတုံးအသက် ၃၂ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သဖြင့် သူ့အင်ပါယာကြီးကို သူ့စစ်ဗိုလ်ချုပ်များက ၄ ပိုင်းခွဲယူကြခြင်းကို ဆိုလိုသည်။

ဃ၊ စတုတ္ထသားရဲ (ကြောက်မက်ဖွယ်သားရဲ) သည် ရောမအင်ပါယာဖြစ်သည်။(၇း၇–၈)
သံခြေထောက်နှင့် သံသရွှံ့ရော ခြေချောင်းများ (၂း ၃၃)

၁. အေဒီ ၄၇၆ ခုနှစ်တွင် (ကြောက်မက်ဖွယ်သားရဲ) ရောမအင်ပါယာသည် ဆုတ်ယုတ်သွားခဲ့၏။ ဤသည်မှာ အပြီးတိုင်ပျောက်ကွယ်သွားခြင်းမဟုတ်ဘဲ ခေတ္တတိမ်မြုပ်နေခြင်းသာ ဖြစ်သည်။

၂. သို့သော် နောက်ဆုံး ဒုက္ခခက်ခဲရာကာလတွင် ထိုကြောက်မက်ဖွယ်သားရဲ (ရောမ) သည် ၁၀ နိုင်ငံ (ဂျို ၁၀ ချောင်း) အားဖြင့် ပြန်လည်ရှင်သန်လာမည်။ ထိုကာလကို ဂျို ၁၀ ချောင်း၌မပါဘဲ သီးသန့်ဂျိုငယ်တချောင်း (အန္တိခရစ်) က ဦးဆောင်လိမ့်မည်။

၃. အန္တိခရစ်သည် ထို ၁၀ နိုင်ငံ (ဂျို ၁၀ ချောင်း) ထဲမှ ၃ နိုင်ငံ (ဂျို ၃ ချောင်း) ကို အန္တိခရစ် (သီးသန့်ဂျိုငယ်) က အနိုင်ယူလိမ့်မည်။(၇း၈)

၄. အန္တိခရစ်သည် ဒုက္ခခက်ခဲရာကာလ၏ နောက်ဆုံး ၃ နှစ်ခွဲတွင် တလောကလုံးကို အုပ်ချုပ်မင်းမူနိုင်လိမ့်မည်။(၇း၂၅)

၅. သူသည် ရှေးကနှင့်မတူအောင် ကမ္ဘာပေါ်တွင် သွေးထွက်သံယိုမှုကို များပြားစေမည်။(၇း၇၊ ၁၉)

၆. သူသည် သန့်ရှင်းသူ (ဣသရေလ) တို့ကို ညှင်းဆဲလိမ့်မည်။(၇း၂၅)

၇. သူသည် ရာသီဥတုများ၊ ဥပဒေများကို ပြောင်းလဲပစ်မည်။(၇း၂၅)

၈. သူသည် ဘုရားရှင်ကို ရှုံ့ချမည်။(၇း၂၅)

၉. ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာသောအခါ သူ့ကို ချေမှုန်းဖျက်ဆီးခြင်းကိုခံရပြီး သူ့ခန္ဓာကိုယ်ကို မီးလောင်နေသော ငရဲတွင်းထဲသို့ ချပစ်သည်။(၇း၁၁)

င၊ ယေရှုခရစ်တော်သည် ဘုရင်တို့၏ဘုရင်ဖြစ်သည် (၇း၁၃–၁၄)။ ချိုးဖဲ့သောကျောက်တုံး (၂း ၃၄)။

၁. ယေရှုခရစ်တော်သည် မိုးတိမ်ကိုစီးလျက် သမ္မာတရားဖြင့် ဤကမ္ဘာမြေပြင်ကို ကြွလာမည်။ (၇း၁၃)
၂. ယေရှုခရစ်တော်အား သူ့အဖဘုရားသခင်က ဤကမ္ဘာမိုးမြေနှင့် ထာဝရပလ္လင်တော်ကို ထိုဘုရားသခင်၏နေ့ရက်၌ ပေးအပ်တော်မူလိမ့်မည်။(၇း၉၊ ၁၃၊ ၁၄)
၃. ဒံယေလသည် မီးရောင်ခြည်တော်များ၊ ပလ္လင်တော်မှ မီးစက်လှည်းဘီးများကို တွေ့မြင်ရသည်။ (၇း၁၀)
၄. သန်းပေါင်းများစွာသော ကောင်းကင်တမန်များ၊ အမှုတော်ဆောင်ရွက်သူများကို သခင်ဘုရား၏ နေ့၌ သားတော်ယေရှုနှင့်အတူ ရှိနေကြသည်။(၇း၁၀)
၅. လူသန်းပေါင်းများစွာတို့သည် တရားစီရင်ခြင်းခံကြရန် ဖွင့်ထားသော စာစောင်အသီးသီးရှေ့၌ ရပ်နေကြသည်။(၇း၁၀)

## ၈။ ထောင်လွှားသောဂျိုများ

က၊ ဂျို ၂ ချောင်းရှိသောသိုး (ပေရသိ–ဒါရိ(ပါရှား)မင်းအုပ်ချုပ်ချိန်) (၈း၁–၄)
၁. ဤရူပါရုံကို ဒံယေလသည် ဗါဗုလုန်မြို့မှ မိုင် ၂၃၀ အကွာ၊ ပါရှန်ပင်လယ်ကွေ့မှ မိုင် ၁၂၀ အကွာ ရှုရှန်မြို့၌ မြင်ခဲ့ခြင်းဖြစ်သည်။
၂. ဒံယေလသည် အောင်ပွဲခံဆိတ်ကို မြင်ရသည်။ ထိုဆိတ်သည် အရှေ့ဘက်မှလာ၍ အနောက်၊ တောင်၊ မြောက် စသည့် ၃ ဖက်သို့ ဝှေ့၍ အောင်နိုင်သည်။ (ပေရသိ(ပါရှား)အင်ပါယာတို့ အောင်ပွဲခံခြင်း)

ခ၊ ဂျိုတချောင်းတည်းသာရှိသောဆိတ် (ဟေလသ=ဂရိ) (၈း၅–၈၊ ၂၁)
၁. ဒံယေလ ဆက်ကြည့်ရှုနေစဉ် အနောက်မှလာသောဆိတ်တကောင်သည် ထိုသိုးကို ဂျိုတချောင်းထဲရှိသောဆိတ်က ဝှေ့၍ မြေသို့လှဲချ၏။
၂. ဒံယေလ ဆက်၍ကြည့်ရှုစဉ် ထိုခွန်အားကြီးသောဆိတ်၏ ဂျိုသည် ကျိုးပဲ့သွားသည်ကို မြင်လေသည်။ ဟေလသ (ဂရိ) ဘုရင်အလက်ဇန္ဒြားသည် ခွန်အားကြီး၍ အရွယ်ကောင်းချိန် အရက်အလွန်အကျွံသောက်သဖြင့် အသက် ၃၂ နှစ်အရွယ် (ဘီစီ ၃၂၃) ၌ ဗါဗုလုန်မြို့၌ ကွယ်လွန်လေသည်။ သူ၏အင်ပါယာကို သူ့စစ်ဗိုလ်ချုပ် ၄ ဦးက ခွဲဝေသိမ်းပိုက်လိုက်ကြသည်။

ဂ၊ မူလဂျိုငယ်ထဲက တချောင်းထွက်သောဂျိုငယ် (အန္တိယောကုဘုရင်၏ ဆီးရီးယားအင်ပါယာနှင့် ပြန်လည်ရှင်သန်လာမည့် ရောမမှ အန္တိခရစ်) ကိုဆိုလိုသည် (၈း၉–၂၇)။ ကောင်းကင်တမန်မင်း ဂါဗြေလ၏ ဒံယေလသို့ရှင်းပြချက်ကို လေ့လာကြပါစို့ –
၁. မူလဂျိုငယ် (အန္တိယောကုဘုရင်ကို ဆိုလိုသည်)
က– သူသည် ဆီးရီးယားမှဖြစ်သည်။
ခ– သူသည် ဘီစီ ၁၇၅ မှ ဘီစီ ၁၆၄ ထိ အုပ်ချုပ်ခဲ့သည်။
ဂ– သူသည် ဆီးမိုက်ဆန့်ကျင်ရေး (ဣသရေလဆန့်ကျင်သူ) သမားဖြစ်၍ ယေရှုရှလင်မြို့ကို တိုက်ခိုက်ပြီး လူ ၄၀,၀၀၀ ကို သုံးရက်အတွင်းတိုက်ခိုက်၊ ၄၀,၀၀၀ ကိုသတ်ဖြတ်ကာ ကျွန်အဖြစ် ရောင်းချခိုင်းစေရန် ဖမ်းဆီးသွားခဲ့သည်။ ဘီစီ ၁၇၁ စက်တင်ဘာလ ၆ ရက်နေ့တွင် စတင်တိုက်ခိုက်ခဲ့ပြီး ဘီစီ ၁၆၅ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် တိုက်ခိုက်မှု ပြီးဆုံးသွားခဲ့သည်။ ထို့ကြောင့် (၈း၁၄) က ရက် ၂,၃၀၀ ဟု တွက်ခဲ့ခြင်းဖြစ်သည်။ (ဝက်လွှတ်ခဲ့)
ဃ– ဒံယေလသည် မမာမကျန်းဖြစ်သည့်တိုင် သူမြင်ခဲ့ပြီးသောအရာများကို စိတ်မကောင်းစွာဖြင့် ပြန်လည်စဉ်းစား သုံးသပ်ခဲ့သည်။(၈း၂၇)
၂. တချောင်းထပ်ထွက်သောဂျိုငယ် (အန္တိခရစ်ကိုဆိုလိုသည်)။ အနာဂါတ် ဣသရေလတို့၏ရန်သူဖြစ်၍ ယခင်ယခင်ပုဂ္ဂိုလ်များထက် ပိုမို၍ ဆိုးဝါးသူဖြစ်လိမ့်မည်။ အထက်ပါ မူလဂျိုငယ်နှင့် ထိုဂျိုမှ ထပ်ထွက်သောဂျိုငယ်တို့၏ လှုပ်ရှားပုံဖြစ်စဉ် ၂ ခုကို အောက်ပါအတိုင်း တွေ့နိုင်သည်။
က– နှစ်ဦးစလုံးသည် စစ်အောင်နိုင်သူများဖြစ်သည်။(ဒံ ၈း၉၊ ဗျာ ၁၃း၄)
ခ– နှစ်ဦးစလုံးသည် မာနကြီး၍ ထောင်လွှားသူများဖြစ်သည်။(ဒံ ၈း၁၁၊ ဗျာ ၁၃း၁၅)
ဂ– နှစ်ဦးစလုံးသည် ပရိယာယ်ကြွယ်သူများဖြစ်သည်။(ဒံ ၇း၂၅၊ ၂သက် ၂း၁၀)
ဃ– နှစ်ဦးစလုံးသည် တလွဲတချော်သော ငြိမ်းချမ်းရေးအစီအစဉ်များကို လုပ်ဆောင်ကြသည်။ (ဒံ ၈း၂၅၊ ၁ သက် ၅း၂–၃)
င– နှစ်ဦးစလုံးသည် ဣသရေလများကိုမုန်းတီး၍ ညှင်းဆဲကြသည်။(ဒံ ၈း၂၅၊ ဗျာ ၁၂း၁၃)
စ– နှစ်ဦးစလုံးသည် ဗိမာန်တော်ကို မလေးမစား ရှုံ့ချကြသည်။(ဒံ ၈း၁၁၊ မ ၂၄း၁၅)

ဆ– နှစ်ဦးစလုံးသည် စာတန်ထံမှ စွမ်းအားများ ရရှိသည်။(ဒံ ၈း၂၄၊ ဗျာ ၁၃း၂)
ဇ– နှစ်ဦးစလုံးသည် ၇ နှစ်တိုင်တိုင် အရှေ့အလယ်ပိုင်း၌ လှုပ်ရှား အာဏာရှိကြသည်။ (ဒံ ၈း၁၄၊ ၉း၂၇)
ဈ– နှစ်ဦးစလုံးသည် ဘုရားရှင်ကို ဆန့်ကျင်သောစကား ပြောသည်။(ဒံ ၈း၂၅)
ည– နှစ်ဦးစလုံးကို ဘုရားရှင်သည် ဖျက်ဆီးပစ်မည်။(ဒံ ၈း၂၅၊ ဗျာ ၁၉း၁၉) (အမှုကုန်ရသောကာလနှင့်ဆိုင်သည်၊ ၈း၁၇)

## ၉။ ၇၀ နှစ်၏လျှို့ဝှက်ချက်

က၊ ဆုတောင်းပဌနာပြုသူ ပရောဖက်ဒံယေလ (၉း၁–၁၉)

၁. ဤအခန်းသည် သမ္မာကျမ်းစာ၏ အထူးအရေးကြီးသောအခန်း ဖြစ်သည်။ ဤအခန်း၌ ၂ မျိုးတွဲ၍ ဖွင့်ဆိုထားသည်။ ဆုတောင်းသူနှင့် ပရောဖက်အဖြစ် ထိုအချိန်၌ ဒံယေလမှာ အသက် ၈၅ နှစ်ရှိပေပြီ။

၂. ဒံယေလသည် ယေရမိအနာဂတ္တိကျမ်းပါ ယေရုရှလင်မြို့ပျက်စီးပြီး နှစ် ၇၀ ကြာအခြေအနေကို ဖတ်ရှု၍ စဉ်းစား ဆုတောင်းလျက်နေသည်။

၃. ဒံယေလသည် ဘုရားရှင်ထံ ရည်လျားစွာ ဆုတောင်းသည်။ မိမိအပြစ်၊ မိမိအမျိုးသား (ဣသရေလ) များ ကျူးလွန်မိခဲ့သောအပြစ်များကို ဝန်ချ၍ လျှော်တေအဝတ်ကိုဝတ်၊ ပြာနှင့်လူး၊ အစာကိုရှောင်လျက် ဆုတောင်းနေခဲ့သည်။(၉း၁–၃)

၄. သူသည် ဘုရားရှင်အား ပဋိညာဉ်ကတိတော်ထားခဲ့မှုကို ပြန်သတိရစေရန် ဆုတောင်းသည်။(၉း၄)

၅. သူသည် ဘုရားရှင်၏ကောင်းမြတ်မှုနှင့် ကျေးဇူးတော်များနှင့် မှားယွင်းဖေါက်ပြန်သော မိမိ ဣသရေလလူမျိုးတို့အပြစ်ကို ခွဲခြားသိမြင်၍ တောင်းပန်သည်။(၉း၅၊ ၇၊ ၈၊ ၉)

၆. သူသည် ဣသရေလဘုရင်များ၊ လူကြီးများနည်းတူ ဗါဗုလုန်သို့ ဖမ်းဆီးခေါ်ဆောင်ခံရခြင်းကို ဖေါ်ပြသည်။(၉း၈) (ဝတ် ၂၅း၁၊ မြေတနှစ်အလွတ်ထားနိုင် (၄၉၀ နှစ်မနားခဲ့) – ၆ရာ ၃၆း၂၁)

၇. သူသည် မိမိတို့ ဘုရားရှင်ကိုနားမထောင် လမ်းတော်မှလွဲခြင်းကြောင့် ဘုရားရှင် ဆုံးမအပြစ်ပေးသည်ကို သိမှတ်ဝန်ခံသည်။(၉း၁၂–၁၄)

၈. သူသည် နောက်ဆုံးအနေနှင့် သူနှင့်သူ့လူမျိုးများကို ပြန်လည်သတိရပါ၊ သနားပါဟု ဘုရားရှင်ကို တောင်းပန် မေတ္တာရပ်ခံ၍ သူ့ဆုတောင်းကို အဆုံးသတ်ခဲ့သည်။(၉း၁၈)

– *အကျွန်ုပ်တို့သည် ကိုယ်ကုသိုလ်ကို အမှီမပြု၊ မဟာကရုဏာတော်ကိုသာ အမှီပြု၍ ပဌနာစကားကို ရှေ့တော်၌ ဆက်ကပ်ပါ၏ –*

ခ၊ ပရောဖက်ပြုသူ ကောင်းကင်တမန် ဂါဗြေလ (၉း၂၀–၂၇)

ထိုသို့ ဒံယေလဆုတောင်း အဆုံးအချိန်တွင် ဘုရားရှင်သည် ကောင်းကင်တမန်ဂါဗြေလကို စေလွှတ်၍ အလွန်အရေးကြီးသော အံ့သြဖွယ်သော ဘုရားရှင်၏ဗျာဒိတ်တော် ရှင်းလင်းပြန်ကြားချက်ကို ဒံယေလအား ရှင်းပြစေခဲ့သည်။

၁. ဤပရောဖက်ပြုချက်သည် မည်သူ့ကိုရည်ညွှန်းသနည်း? (ဣသရေလများသို့ ရည်ညွှန်းသည်)

၂. သီတင်း ၇၀ ၏အဓိပ္ပါယ်ကား အဘယ်နည်း? (သီတင်း – ၇ပတ်၊ ၇ ရက်၊ ၇နှစ် စသည့်အဓိပ္ပါယ် သက်ရောက်သည်။ သို့ဖြစ်၍ သီတင်း ၇၀ မှာ နှစ် ၄၉၀ ဖြစ်သည်)

၃. ထိုသီတင်း ၇၀ ကို ဘယ်အချိန်က စတင်ခဲ့သနည်း ? ထိုသီတင်း ၇၀ ကို ယေရုရှလင်မြို့ရိုး ပြန်လည်တည်ဆောက်ချိန်မှစ၍ ရေတွက်သည်။(၉း၂၅) (နေရ ၁း၁–၅)

၄. ထိုသီတင်း ၇၀ ကို (၇+၆၂+၁ ) ဟု ၃ ပိုင်းခွဲထားသည်ကို တွေ့ရ၏။ ထို ၃ ပိုင်း၏တပိုင်းစီ၌ မည်သို့ဖြစ်ပျက်ခဲ့သနည်း။

က– ပထမပိုင်း ၇ သီတင်း (၄၉ နှစ်) – ၄၄၅ ဘီစီမှ ၃၉၆ ဘီစီထိ၊ ထိုကာလ၌ ဗါဗုလုန်မှပြန်လွတ်လာသောဣသရေလများ ယေရုရှလင်မြို့ကို ပြန်တည်ဆောက်ကြ၏။(၉း၂၅)

ခ– ဒုတိယပိုင်း ၆၂ သီတင်း (၄၃၄ နှစ်) – ဘီစီ ၃၉၆ မှ အေဒီ ၃၀ ထိ၊ ထိုကာလနောက်ဆုံးချိန်၌ ခရစ်တော် အသေသတ်ခြင်းခံရ၏။(၉း၂၆)

ဂ– တတိယပိုင်း ၁ သီတင်း (၇ နှစ်) – ချီဆောင်ခံရချိန်မှ မိလေနီလနှစ် ၁၀၀၀ အစချိန်ထိ၊ ထိုကာလအစတွင် အန္တိခရစ် အာဏာရရှိလာ၍ ဣသရေလနိုင်ငံနှင့် သဘောတူညီချက်များ ပြုလုပ်မည်။(ဗိမာန်ဆောက်မည်) အလယ်ပိုင်းတွင်မူကား ဣသရေလကို သွေးထွက်သံယိုဖြင့် နှိပ်ကွပ်လိမ့်မည်။ ထို ၁ သီတင်း (၇ နှစ်) ကုန်ချိန် သို့မဟုတ် ၇၀ သီတင်းကုန်ဆုံးချိန်၌ မေရှိယ ခရစ်တော်သည် ဤလောကသို့ကြွလာ၍ အန္တိခရစ်ကိုသတ်ဖြတ်ပြီး မိလေနီလနှစ်

၁၀၀၀ ကို အုပ်ချုပ်တော်မူလိမ့်မည်။(၉း၂၇)

၅. ထိုသီတင်း ၇၀ အတွင်း အဖြစ်အပျက်များတို့သည် တခုပြီးတခု ကြားကာလမရှိပဲ ဆက်တိုက်ဖြစ်ပေါ်လာမည်လော ?။ မဟုတ်ပါ၊ ကြားကာလရှိပါသည်။ သီတင်း ၇၀ (နှစ် ၄၉၀) ပါ ၇ သီတင်း (၄၉ နှစ်) နှင့် ၆၂ သီတင်း (၄၃၄ နှစ်) ပါအကြောင်းအရာများသည် ဆက်တိုက်ဖြစ်ပေါ်ခဲ့သော်လည်း ထိုစုစုပေါင်း ၆၉ သီတင်း (၄၈၃ နှစ်) နှင့် နောက်ဆုံး ၁ သီတင်း (၇ နှစ်) အကြားတွင်မူ ကား ခန့်မှန်းခြေ နှစ် ၂၀၀၀ ခန့် ကွာခြားလျက်ရှိပေသည်။(ပရောဖက်တို့သည် ဆက်တိုက် ဟောလေ့ရှိသည်ကို သတိမူပါ)

၆. သမ္မာကျမ်းစာ၌ ထိုကဲ့သို့ အချိန်ကွာခြားလျက်ရှိသည်ကို နမူနာပြနိုင်ပါသလား ?။ ဟုတ်ကဲ့ – ပြနိုင်ပါ၏။ သမ္မာကျမ်းစာ၌ အဖြစ်အပျက် တခုနှင့်တခုကို ဆက်ရေးထားသော်လည်း တခုနှင့်တခု ကြားတွင်မူ ရာစုနှင့်ချီ၍ ကွာခြားလျက်ရှိသည်ကို တွေ့နိုင်ပေသည်။ ဥပမာ ယေရှုမွေးဖွါးမည် – ဘုန်းတန်ခိုးနှင့် ပလ္လင်ပေါ်မှာထိုင်၍ အုပ်ချုပ်မည်ဟု ဆက်တိုက်ဖော်ပြထားသော်လည်း၊ ယေရှုမွေးဖွားး၍ အသေခံ၊ ရှင်ပြန်ပြီး – နောက်တနေ့ ဘုန်းနှင့် ပြန်မကြွလာခင်ကြား – ထိုယေရှု၏ကယ်တင်ခြင်းကို လူများလက်ခံခွင့်ရရန် ကြားကာလအဖြစ် အချိန်များစွာ ပေးထားခဲ့ပေသည်။ ကျနုပ်တို့က နှစ် ၂၀၀၀ ဟု နားလည်ထားပေသည်။(ဟေရှာ ၉း၆–၇၊ ဟေရှာ ၆၁း၁–၂၊ ဇာခရိ ၉း၉–၁၀)

၇. ထို ၇၀ သီတင်း (နှစ် ၄၉၀) ၌ အောက်ပါအချက် ၆ ချက်ကို ပြည့်စုံစေသည်။
- က– လူသားများ အပြစ်ပြုလုပ်ခြင်းကို အဆုံးသတ်စေ၏။ အထူးသဖြင့် ဣသရေလအမျိုးသားများဖြစ်သည်။ (ထို ၄၉၀ နှစ်ကျော်လွန်၍ မိလေနိယကာလ ဝင်စားကြသည့်အခါ ကျနုပ်တို့သည် အပြစ်ဒုစရိုက်များကို လုံးဝ မပြုလုပ်တတ်ကြတော့ပေ)
- ခ– ယုံကြည်သူများအပေါ် ဒုက္ခပေးခဲ့သူများကို ဘုရားရှင်ထံမှ လက်စားချေရန်ဖြစ်သည်။
- ဂ– ပရောဖက်များ ဟောကြားခဲ့ချက်သည် အမှန်တကယ်ပြည့်စုံကြောင်း သက်သေပြရန်၊
- ဃ– စာတန်မှ ဤကမ္ဘာကို လှည့်စား ဖြားယောင်းခွင့် မရှိတော့ရန်၊
- င– စာတန်နှင့်အန္တိခရစ်ကို ဖျက်ဆီးပစ်ရန်၊
- စ– ခရစ်တော်အုပ်ချုပ်မည့် မိလေနိယနှစ် ၁၀၀၀ ကာလကို စတင်ရန်၊

၈. ထို ၇၀ သီတင်း (နှစ် ၄၉၀) ၌ အောက်ပါအရေးကြီးသော အချိန်ကာလ ၃ ခု ဖြစ်ပေါ်ခဲ့သည်။
- က– ပထမကာလ (၇ သီတင်း – ၄၉ နှစ်) ၄၄၅ ဘီစီမှ ၃၉၆ ဘီစီထိ
- ခ– ဒုတိယကာလ (၆၂ သီတင်း – ၄၃၄ နှစ်) ၃၉၆ ဘီစီမှ ၃၂ အေဒီထိ
- ဂ– ကြားကာလ ကျေးဇူးတော်ကာလ (ယခု ၂၁ ရာစုရောက်ခဲ့ပြီ)
- ဃ– တတိယကာလ (၁ သီတင်း – ၇ နှစ်) ချီဆောင်ခံရချိန်မှ မိလေနိယအစထိ

၉. ထို (၇၀ သီတင်း – ၄၉၀နှစ်) ၌ အောက်ပါ အရေးကြီးပုဂ္ဂိုလ် ၂ ဦး ပေါ်ထွက်ခဲ့သည်။
- က– မေရှိယ = ခရစ်တော်ယေရှုဘုရား
- ခ– မကောင်းဆိုးဝါးဘုရင် = အန္တိခရစ်

## ၁၀။ ကောင်းကင်ဘုံကို အံ့တုယှဉ်ပြိုင်ခြင်း ( ဘီစီ ၅၃၄ )

က၊ ဒံယေလဆုတောင်းခြင်း

ဒံယေလသည် အရက် ၂၀ ပတ်လုံးလုံး မုန့်မစား၊ အမဲသားနှင့်စပျစ်ရည်ကိုမစား၊ ဆီလိမ်းခြင်းလည်းမပြုဘဲ ဝတ်ပြုလျက်နေသည်။(၁၀း၁–၄)

ခ၊ လာရောက်ခြင်း (၁၀း၅–၂၁)

၁. ရှင်းပြချက် (၁၀း၅–၉)
- က– ဒံယေလသည် ယေရှုခရစ်တော်ရူပါရုံကို မြင်သောအခါ (အသံကိုသာ ကြားနိုင်တော့သည်) အားကုန်၍ မိန်းမောတွေဝေ တုန်လှုပ်လျက် ရှိသည်။(၁၀း၈–၉)
- ခ– ဒံယေလနှင့် အတူရှိသောသူများသည် အားလုံးထွက်ပြေးကုန်၍ ထိုရူပါရုံ၏အသံကို ဒံယေလတဦးတည်းသာ ကြားရ၏။

၂. ကောင်းကင်တမန်၏ ထုတ်ဖော်ပြောပြချက် (၁၀း၁၀–၁၉)
- က– ကောင်းကင်တမန်သည် ပေရသိမင်း၏ တားဆီးခြင်းကို ခံခဲ့ရသည် (၁၀း၁၃)။ ထိုဘုရင်သည်မည်သူနည်း? အောက်ပါ၌လေ့လာပါ –
  - (၁) သူ့၌ တန်ခိုးအာဏာရှိသည် – – သူသည် ဘုရားရှင်၏ ကောင်းကင်တမန်ကိုပင် ဆီးတားနိုင်စွမ်းရှိသည်။

(၂) သူသည် ဖောက်ပြန်သူဖြစ်သည် – – သူသည် ဘုရားရှင်၏ အရေးပါသောအကြောင်းကြားချက်ကို တားဆီးခြင်းဖြင့် သူသည် စာတန်၏ ကိုယ်စားလှယ်၊ စာတန်၏ ရုပ်သေးဘုရင်ဖြစ်ကြောင်း သိနိုင်သည်။

ခ– ထိုကောင်းကင်တမန်သည် ကောင်းကင်တမန်မင်း မိခေလ ၏အကူအညီကို ယူခဲ့ရသည်။ ထိုကောင်းကင်တမန်သည် ဒံယေလကို အားပြည့်စေခြင်း၊ စိတ်နှလုံးသက်သာစေခြင်းများပြု၍ နောက်ဆုံးသောကာလအတွက် ဘုရားရှင်၏အသိပေးချက်များကို ဒံယေလအားရှင်းပြခဲ့သည်။

၃. ကောင်းကင်တမန်၏ ဆီးတားခံရမှု (၁၀း၂၀–၂၁)၊ ထိုကောင်းကင်တမန်သည် ဘုရားရှင်ထံပြန်သွား၍၊ စာတန်ရုပ်သေး ပေရသိဘုရင်ကို ပြန်စစ်တိုက်ပြီး၊ နောက်ဆက်တွဲ စာတန်ရုပ်သေး ဟေလသဘုရင်ကိုပါ စစ်တိုက်မည်။ မိခေလ ကူညီလိမ့်မည်။ စာတန်သည် ဤလောက၌ သူ့အလိုကျအစိုးရ၊ ဘုရင် စသည်တို့ကိုထူထောင်ပြီး ဘုရားရှင်အလိုကျမှုများကို ဖျက်ဆီးရန် အမြဲကြိုးစားလေ့ရှိသည်။

## ၁၁။ မင်းဆိုးမင်းညစ်များ၏ကာလများ

က၊ အလက်ဇန္ဒားဘုရင် (ဂရိအင်ပါယာ) (၁၁း၁–၂၀) (သူ့လက်ထက်မတိုင်မီနှင့်သူ့နောက်ဆက်ခံသူများကိုပါ ဖော်ပြထားသည်။)

၁. ဒံယေလ ယခုစာကိုရေးနေချိန် ဘုရင်ဖြစ်နေသော ပေရသိဘုရင် ဒါရိမင်း၏ နောက်ဆက်ခံမည့်ပေရသိဘုရင် ၄ ပါးနှင့် စတုတ္ထရှင်ဘုရင်၏ ကြွယ်ဝချမ်းသာမှု စသည်တို့ကြောင့် ဟေလသဘုရင် အလက်ဇန္ဒား တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။(၁၁း၂)

၂. တန်ခိုးကြီးသော ရှင်ဘုရင်တပါး ပေါ်လာမည်။(၁၁း၃) အလက်ဇန္ဒား (၃၃၆ – ၃၂၃ ဘီစီ)

၃. ထိုဘုရင် (အလက်ဇန္ဒား) သည် အသက်ငယ်ရွယ်စဉ် ကွယ်လွန်ခဲ့ရာ ထီးမွေနန်းမွေဆက်ခံမည့်သူမရှိသည့်အတွက် နိုင်ငံကို ၄ ပိုင်းခွဲကာ ဗိုလ်ချုပ် ၄ ဦးက ခွဲယူခဲ့ကြသည်။(၁၁း၄)

ကြားကာလ။ ။အလက်ဇန္ဒား၏ ၄ စိတ်ကွဲ အင်ပါယာဟောင်းထဲမှ ဆီးရီးယား (မြောက်ဘုရင်) နှင့် အီဂျစ် (တောင်ဘုရင်) တို့၏စစ်ပွဲများ (၁၁း၅–၂၀)

ခ၊ အန္တိယောကု(ဝါ)တတိယ ဧဖဖန်းနစ် (ဆီးရီးယား) (၁၁း၂၁–၃၅)

၁. သူသည် အန္တိယောကု တတိယဘုရင်၏ အငယ်ဆုံးသောသားတော်ဖြစ်သည်။ သူသည် မင်းစည်းစိမ်ကို ခံထိုက်သူမဟုတ်သော်လည်း သူ့အကိုများကိုကျော်၍ မတရားမင်းပြုခဲ့သည်။ သူသည် ဣသရေလနိုင်ငံကိုတိုက်ခိုက်၍ လူအများကိုသတ်ဖြတ်ကာ ထာဝရဘုရား၏ဗိမာန်တော်၌ ဝက်ကိုပူဇော်ခြင်းဖြင့် ရှုံ့ချ လှောင်ပြောင် သရော်ခဲ့သည်။(၁၁း၂၁)

၂. သူ့အမည်မှာ အန္တိယောကု (ဧဖဖန်းနစ်) ဟု အမည်ရသည်။ ဧဖဖန်းနစ်အဓိပ္ပါယ်မှာ အရူးဟုအဓိပ္ပါယ်ရသည်။ အမှန်စင်စစ် သူသည် စိတ်မနှံ့သူ သူယုတ်မာတဦးဖြစ်သည်။

၃. သူသည် အီဂျစ်နိုင်ငံကို အောင်နိုင်လိမ့်မည်ဟု အထင်ဖြင့် တိုက်ခိုက်သော်လည်း ရောမတို့၏အကူအညီဖြင့် အီဂျစ်ကခုခံခဲ့၍ နောက်ပြန်ဆုတ်ခဲ့ရသည်။(၁၁း၃၀)

(ခတ္တိမ်၏အဓိပ္ပါယ်မှာ မြေထဲပင်လယ်အတွင်းသွားလာကြသော ရေကြောင်းကျွမ်းကျင်သူ စစ်သားများဖြစ်သည်။ အများအားဖြင့် ရောမလူမျိုးများဖြစ်သည်။)

၄. သူ၏ အီဂျစ်နှင့်ရောမတို့အပေါ် စစ်ရှုံးခဲ့ရမှုကို မကြေချမ်းနိုင်သော အရူးဘုရင် အန္တိယောကု ဧဖဖန်းနစ်သည် မဆီမဆိုင် ဣသရေလနိုင်ငံကို သွားရောက်အနိုင်ကျင့် တိုက်ခိုက်ခဲ့သည်။ (၁၁း၂၈–၃၅)

ဣသရေလလူမျိုး ၄၀၀၀၀ ကို ၃ ရက်အတွင်းသတ်ပစ်၍ ကျန် ၄၀၀၀၀ ကို ကျွန်အဖြစ်ဖမ်းသွားခဲ့၍ ဘုရားရှင်၏ ဗိမာန်တော်၌ ဝက်ကိုပူဇော်ခြင်းဖြင့် လှောင်ပြောင်ခဲ့သည်။

ဂ၊ အန္တိခရစ် (၁၁း၃၆–၄၅)

၁. သူသည် ကိုယ့်ကိုယ်ကိုအလွန်ချီးမြှောက်၍ စာတန်အားကိုးဖြင့် အရာအားလုံးကို လုပ်ဆောင်နိုင်သောအစွမ်း ရှိလိမ့်မည်။(၁၁း၃၆)

၂. သူသည် သူသာကြီးမြင့်သောဘုရားဖြစ်ကြောင်း ပြော၍ ဘုရားရှင်၏နာမတော်ကို ရှုံ့ချလိမ့်မည်။ (၂သက် ၂း၃–၄)

၃. သူသည် ၇ နှစ်လုံးလုံး း(ဘုရားရှင်ဒဏ်မခတ်မီ) တိုးတက်ကြီးပွါးခွင့် ရရှိလိမ့်မည်။ လူများကိုသူ့ဘက်ပါအောင် လှဲည့်ဖျားနိုင်စွမ်းရှိမည်။(၁၁း၃၆)

၄. သူသည် သူ့ဘိုးဘေးများကိုးကွယ်သော ဘုရားအမျိုးမျိုး စသည်တို့ကိုလည်း မကိုးကွယ်၊ သူသာ

ဘုရားဖြစ်သည်ဟု ပြောလိမ့်မည်။(၁၁း၃၇)

၅. သူသည် ဇနီးမယားရှိမည်မဟုတ်။ (မိန်းမများအပေါ် သနားမှုမရှိသူ) (၁၁း၃၇)

၆. သူ၏ဘုရားမှုကား ခိုင်ခံ့သောခံတပ်များဖြစ်သည် (၁၁း၃၈–၃၉)။ အန္တိခရစ်သည် သူ၏ဥစ္စာပစ္စည်းများကို စစ်ရေးတွင် အသုံးပြုလိမ့်မည်။

၇. ဒုက္ခခက်ခဲရာကာလ၏ နောက်ဆုံးအချိန်များ၌ တောင်ရှင်ဘုရင် (အီဂျစ်) သည် သူ့ကိုတိုက်လိမ့်မည်။ မြောက်ရှင်ဘုရင် (ရုရှား) သည်လည်း သူ့ကိုဝိုင်းတိုက်လိမ့်မည်။(၁၁း၄၀) (ဇာခရိ ၁၂း၂–၄၊ ယေဇ ၃၉း၁–၅)

၈. သူသည် ရုရှားရန်ကို ချေမှုန်းပြီးသည့်နောက် ပါလက်စတိုင်းဒေသ (ဣသရေလနိုင်ငံ)ကို သိမ်းပိုက်လိမ့်မည် (၁၁း၄၁)။ သို့ရာတွင် ဧဒုံပြည်နှင့် မောဘပြည် (အမ္မုန်) ကိုမူ မသိမ်းပိုက်ဘဲထားမည်။

၉. ဣသရေလနိုင်ငံကို သိမ်းပိုက်ပြီးမှ သူသည် အီဂျစ်ပြည်ကို ချီတက်အောင်မြင်လိမ့်မည်။ (၁၁း၄၂–၄၃) ကုရှ (အီသီယိုးပီးယား)၊ လိဗု (လစ်ဗျား) ကိုအောင်လိမ့်မည်။

၁၀. သူသည် အီဂျစ်ပြည်၌ရှိနေစဉ် အရှေ့ဘက်နှင့်မြောက်ဖက်တို့မှ ကောလဟာလ မကောင်းသတင်းကြားရသဖြင့် စိတ်ပူပန်လိမ့်မည်။(၁၁း၄၄) (ဗျာ ၁၆း၁၂)

၁၁. သူသည် လွန်စွာအမျက်ထွက်၍ လူအများအပြား (အီဂျစ်၊ ဣသရေလ) တို့ကို သတ်ဖြတ်ပစ်ပြီး စစ်ချီရန် ထွက်သွားလိမ့်မည်။(၁၁း၄၄)

၁၂. သူသည် စစ်အောင်နိုင်၍ ပင်လယ်ကြား (ဂါလိလဲနှင့်မြေထဲပင်လယ်) မှာ ဌါနချုပ်ကိုဖွင့်လှစ်၍ ခက်ခဲရာကာလကုန်ဆုံးချိန် ဘုရင်တို့၏ဘုရင် ခရစ်တော် ပြန်ကြွလာချိန်ထိ ရှိနေလိမ့်မည်။ (၁၁း၄၅) (ဗျာ ၁၆း၁၄၊ ၁၇း၁၄)

ခရစ်တော်ကို အာမဂေဒုန်အရပ်၌ စစ်ချီတိုက်ခိုက်ပြီး ဆုံးရှုံးခြင်းသို့ရောက်လိမ့်မည်။ စာတန်၊ မိစ္ဆာပရောဖက်၊ အန္တိခရစ် ၃ ဦးတို့ ငရဲသို့ ချခံရမည်။(ဗျာ ၁၉း၁၉–၂၁)

## ၁၂။ နောက်ဆုံးပိတ် အခြေအနေမြင်ကွင်း

 က၊ မိခေလ၏ အလုပ်လုပ်ဆောင်မှု (၁၂း၁)

၁. မိခေလသည် ဣသရေလတို့၏ အစောင့်အရှောက် ကောင်းကင်တမန်ဖြစ်သည်။(၁၂း၁)

၂. မိခေလသည် လူ့သမိုင်းစတင်ချိန်မှစ၍ ဣသရေလအမျိုးသားတို့အား စောင့်ရှောက်ခဲ့သည်။

ခ၊ ဒုတိယအကြိမ် ရှင်ပြန်ထမြောက်ကြခြင်း (၁၂း၂–၃)

၁. လူအချို့တို့သည် ထာဝရအသက်ရှင်ခြင်းအတွက် နိုးထ ရှင်ပြန်ကြလိမ့်မည်။ ပထမအကြိမ် ရှင်ပြန်ထမြောက်ချိန် (ချီဆောင်ခြင်းခံရချိန်) ၌ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ခဲ့သူများသာ ဖြစ်ခဲ့သော်လည်း ယခုရှင်ပြန်ခြင်းမှာမူ ကမ္ဘာဦးမှစ၍ ဘုရားရှင်ကို ယုံကြည်ခဲ့သူများနှင့် ခက်ခဲရာကာလ ၇ နှစ်၌ ယုံကြည်သူများ ရှင်ပြန်ခြင်းဖြစ်သည်။(ဗျာ ၂၀း၄–၆၊ ယောဘ ၁၉း၂၅–၂၆၊ ဆာ ၄၉း၁၅၊ ဟေရှာ ၂၅း၈၊ ၂၆း၁၉၊ ဟောရှေ ၁၃း၁၄၊ ဟေဗြဲ ၁၁း၃၅)

၂. လူအချို့တို့သည် ရှက်ကြောက် ထာဝရ အသရေပျက်ခြင်းအတွက် နိုးထကြလိမ့်မည်။ ဖြို့သူများတို့သည် (ချီဆောင်ခြင်းခံရချိန်) ၌ ချီဆောင်မခံခဲ့ရသော မယုံကြည်သူများဖြစ်၍ မိလေနီလနှစ် ၁၀၀၀ ၌လည်း ခရစ်တော်နှင့်မစိုးစံရဘဲ မြေကြီးအိပ်ပျော်နေသူများနှင့် ကမ္ဘာစမှဆုံးထိ မယုံကြည် လက်မခံခဲ့ကြသူများ ဖြစ်သည် (ဗျာ ၂၀း၅၊ ဗျာ ၂၀း၁၁–၁၄)။ ပလ္လင်ဖြူရှေ့၌ တရားစီရင်ခံကြရမည်။ ငရဲသွားမည်လား၊ ကောင်းကင်သွားရမည်လား ဟူသည့် စီရင်ခြင်းမဟုတ်၊ ဒါဏ်မည်မျှပေးရမည်ကို စီရင်သော စီရင်ခြင်းဖြစ်သည်။(ယော ၅း၂၈–၂၉)

ဂ၊ ပရောဖက်ပြုချက် ၂ ရပ် (၁၂း၄) (အင်္ဂလိပ်ကျမ်းကြည့်ပါ)

၁. လူအသွားအလာ များပြားလိမ့်မည်။

၂. အတတ်ပညာဉာဏ် တိုးပွားလိမ့်မည်။

ဃ၊ အချိန်ကာလ ၃ ရပ် (၁၂း၅–၁၃)

၁. ၁၂၆၀ ရက် – တကာလ၊ နှစ်ကာလ၊ ကာလဝက်။

ဒံယေလသည် ကြည့်ရှုနေစဉ် ကောင်းကင်တမန် ၂ ပါးမှ တပါးက မြစ်ရေပေါ်မှာရှိသောလူ(ယေရှု)ကို နောက်ဆုံးသောအချိန်ကာလ အမှုကုန်ရမည့်ကာလသည် မည်မျှကြာမည်နည်းဟု မေးရာ (၁၂း၆) ထိုလူ (ယေရှု) က ၁ ကာလ၊ ၂ ကာလ၊ ကာလဝက် ကြာမည်ဟု ပြန်ဖြေ၏။

၃ နှစ်ခွဲ (၃၆၅ မဟုတ်၊ ၃၆၀ × ၃½ = ၁၂၆၀) (၇ နှစ်၏ ဒုတိယပိုင်း)

၂. ၁၂၉၀ ရက် (၁၂း၁၁) ဤကျမ်းချက်သည်လည်း အထက်ပါရှင်းလင်းချက်နှင့် အဓိပ္ပါယ် အတူတူ

ပင်ဖြစ်သည်။ သို့သော် ယခင်ထက် ၃၀ ရက်ပိုနေသည်ကို တွေ့ရပြန်သည်။ မည်သို့ကြောင့် ဖြစ်ရသည်ကို အသေအချာ မပြောနိုင်သော်လည်း (မ ၂၅း၃၁–၄၆) ၌ ခရစ်တော် လူရွေးနေသောကာလ၌ အချိန်ကြာကောင်း ကြာသွားနိုင်သည်။

၃. ၁၃၃၅ ရက် (၁၂း၁၂) ၄၅ ရက် ပိုနေသည်။ ဤကျမ်းချက်သည် အသေအချာ မပြောနိုင်သော်လည်း ဖြစ်နိုင်သည်မှာ မိလေနီယကာလကို အုပ်ချုပ်ရန် လူရွေးချယ် ပြင်ဆင်နေချိန် ဖြစ်နိုင်သည်။ ခရစ်တော်သည် ဘုန်းနှင့်ပြည့်စုံသော်လည်း လူသားကို စံနစ်နှင့် လုပ်ခိုင်းသည်။

ဃ၊ အမှုလက်စသတ်စေမည့် အချက် ၃ ချက်

၁. လူ (ယေရှု) သည် လက်ကို ကောင်းကင်သို့မြှောက်၍ အောက်ပါအချက်များသည် အမှုကို လက်စသတ်မည့်အချက်များ ဖြစ်သည်ဟု ပြောသည်။(၁၂း၇)

၂. များစွာသောသူတို့သည် ဒုက္ခခက်ခဲရာကာလ ၇ နှစ်၌ ခရစ်တော်ကို လက်ခံယုံကြည်ကြလိမ့်မည်။ (၁၂း၁) (ဂျူးနှင့် တပါးအမျိုးသားများဖြစ်သည်) (ဗျာ ၇း၁–၁၇)

၃. ထို ဒုက္ခခက်ခဲရာ ၇ နှစ်၌ များစွာသောသူတို့သည် ဆက်၍ ဆိုးမိုက်နေမည်။(၁၂း၁၀) (ဗျာ ၉း၂၀–၂၁၊ ၁၁း၉–၁၀)

၄. ဒံယေလသည် ဤစာစောင်တို့ကို ဂရုစိုက် တံဆိပ်ခတ်ထားခဲ့သည်။(၁၂း၄)
ဒံယေလအား အနားပေး၍ နောက်ဆုံးအချိန်၌ အသက်ရှင်ခြင်းနှင့် နိုးရကြလိမ့်မည်။(၁၂း၉၊ ၁၃)

# ဟောရှေအနာဂတ္တိကျမ်း
## (ဣသရေလနိုင်ငံမြောက်ပိုင်းသို့ ဦးတည်ရေးသားချက်)

ပရောဖက်ဟောရှေသည် ဣသရေလလူမျိုးများ ဗါဗုလုန်၏ ဖျက်ဆီး၊ ဖမ်းဆီးခြင်းမခံရမီအချိန်၌ ပေါ်ထွန်းခဲ့သူဖြစ်သည်။ ပရောဖက် အာမုတ်၊ ဟေရှာယ၊ မိက္ခာ (ယုဒပြည်)၊ ယေရမိ စသည်တို့သည် ယုဒပြည်အတွက် ဂိုဏ်ကြွေးခန်းကို ရေးသားပရောဖက်ပြုခဲ့၏။ ပရောဖက်ဟောရှေမှုကား ဣသရေလနိုင်ငံ တရားစီရင်ခြင်း ခံရမည့်အကြောင်းကို ရေးသားခဲ့လေသည်။ သူ၏ ပရောဖက်ပြုချက်များသည် ယေရမိ၊ ယေဇကျေလ၊ ဒံယေလတို့ ပရောဖက်ပြုချက်များ မတိုင်မီအချိန်က ဖြစ်သည်။ သို့ဖြစ်ပါသော်လည်း သမ္မာကျမ်းစာ၌ ဟောရှေအနာဂတ္တိကျမ်းကို အထက်ပါပရောဖက် ၃ ဦး၏ အနာဂတ္တိကျမ်းများနောက်မှ ထားရခြင်းမှာ အနာဂတ္တိကျမ်း ရှည်ရှည်ရေးသောပုဂ္ဂိုလ်များကို ပရောဖက်အကြီးစားများအဖြစ် သတ်မှတ်၍ အနာဂတ္တိကျမ်းတိုတိုရေးသောသူများကို ပရောဖက်အသေးစားများအဖြစ် သတ်မှတ်သော စံကြောင့် ဖြစ်ပေသည်။

သူ၏ ပရောဖက်ပြု ရေးသားသောကာလသည် ဓမ္မရာဇဝင် စတုတ္ထစာစောင်ပါကာလနှင့် ရာဇဝင်ချုပ် ဒုတိယစောင်ပါ ကာလအတွင်းက ဖြစ်သည်။ ဤကာလ၏ နောက်ဆုံးအချိန်များသည် ဣသရေလနိုင်ငံ ဗာဗုလုန်နိုင်ငံ၏ တိုက်ခိုက်ဖျက်ဆီး ကျွန်ပြုဖမ်းဆီးသွားခြင်း ခံရချိန်များ ဖြစ်သည်။

သူ၏ အနာဂတ္တိကျမ်းကို ကြည့်ပါက ဣသရေလအမျိုးသားတို့အား အပြစ်တင်ဆုံးမချက်များ၊ ပြန်လည်လမ်းမှန်ရောက်ကြရန် သတိပေးဦးဆောင်မှုများနှင့် အနာဂါတ်ကာလ၌ ဘုရားရှင်၏သားသမီးအုပ်စု၌ ပြန်လည်ပါဝင်ကြရန် ပရောဖက်ပြုချက်များ ပါဝင်ပေသည်။ အခြားအကြောင်းအရာများသည်ကား ထိုကာလ အနှစ် ၆၀ အတွင်း အသုံးပြုနိုင်သော အကြောင်းအရာများ ဖြစ်သည်။

## ၁။ ဝမ်းနည်းကြေကွဲနေသူခင်ပွန်းနှင့် ကြမ်းကြုတ်ဆိုးဝါးသောဇနီး (ဟောရှေနှင့်ဂေါမာ) (ဟောရှေ ၁ – ၃) (ဘုရားရှင်၏ရည်ညွှန်းချက်နှင့် ဣသရေလ)

က၊ ဟောရှေ၏ဇနီးဂေါမာသည် ဟောရှေနှင့်လက်မထပ်မီက ပြည့်တန်ဆာလုပ်စားသူတဦး ဖြစ်လေသည်။
ဂေါမာသည် ဟောရှေနှင့်လက်ထပ်ပြီးသည့်တိုင် ဖောက်လွှဲဖောက်ပြန်ပြုနေသူ ဖြစ်သည်။ ဟောရှေက

သူ့အား အနစ်နာခံကယ်တင်၍ လက်ထပ်ခဲ့သည်။ အောက်ပါအတိုင်း ကွယ်ကာစောင့်ရှောက်ခဲ့သည်။
၁. သူမကို လောကဈေးထဲမှ ဆွဲထုတ်ယူခဲ့သည်။

– *သို့ဖြစ်၍ သူ့ကို ဆူးစောင့်ရန်းနှင့် ကာထားမည်။ ထွက်စရာ မရှိစေခြင်းငှါ သူ့ပတ်လည်၌ ကျောက်ရိုး လည်းတည်မည် – (၂း၆)*

ဟောရှေသည် မိမိမယားဂေါမာအား အင်အားသုံးကြိုးစားသည် သာမက ဂေါမာ လမ်းမှန်ပြန် ရောက်ရန်ရည်ရွယ်ချက်ဖြင့် သူ၏သားကြီးဖြင့်၄င်း၊ ဂေါမာ၏အမေနှင့်၄င်း တိုင်ပင်၍ ဝိုင်းဝန်း ကူညီစေခဲ့သည်။

– *သင်တို့အမိနှင့် ဆွေးနွေးကြလော့။ သူသည် ငါ့မယားမဟုတ်၊ ငါသည်လည်း သူ့လင်မဟုတ်ကြောင်း ကို ဆွေးနွေးကြလော့။ ပြည့်တန်ဆာမျက်နှာကိုပယ်၍ မှားယွင်းခြင်းအမှုကို ရှောင်စေ – (၂း၂)*

သို့သော် ထိုကြိုးစားမှုများအားလုံးသည် အချည်းနှီးသာ ဖြစ်ခဲ့ရသည်။ ဂေါမာသည် အခွင့်အခါ ကောင်းရသည့်တကြိမ် အလစ်တွင် အိမ်မှထွက်ပြေးခဲ့၍ ပြည့်တန်ဆာအလုပ်ဟောင်းကို ပြန်လုပ် လေသည်။

၂. လောကဈေး၌ ကိုယ်အရောင်းအဝယ်ပြန်လုပ်နေသော ဂေါမာသည် များမကြာမီတွင်ပင် စုတ်ပြတ်၊ ပေရေ ညစ်ပတ်လာသောကြောင့် သူ၏ရည်းစား (ဖောက်သည်) များစွန့်ပစ်၍ နောက်ဆုံး အဖိုးမ တန်သူ ကျွန်အဖြစ်သို့ရောက်၍ ဈေးထဲ၌ ရောင်းချခံရသည့်ဘဝသို့ ဆိုက်ရောက်သွားရလေသည်။ ဘုရားရှင်သည် ဟောရှေအား မယားဆိုးဂေါမာကို ဈေးမှ သွားပြန်ဝယ်ခဲ့၍ ဇနီးအဖြစ် ပြန်လည် ချစ်ခင်ပေါင်းသင်းရန် ညွှန်ကြားသဖြင့် ဟောရှေလည်း မှာကြားသည့်အတိုင်း ပြုခဲ့လေသည်။

– *တဖန်ထာဝရဘုရားက ဣသရေလအမျိုးသားတို့သည် အခြားတပါးသောဘုရားတို့ကို ဖူးမြော်၍ စပျစ် ကိုအလိုရှိသော်လည်း ထာဝရဘုရား ချစ်တော်မူသည်နည်းတူ၊ မိမိခင်ပွန်း၏ ချစ်ခြင်းကိုခံလျက် မှောက်မထားသောမိန်းမကို သွား၍ချစ်ဦးလော့ဟု ငါ့အား မှာထားတော်မူသည်အတိုင်း ထိုမိန်းမကို ငွေတဆယ်ငါးကျပ်၊ မုယောဆန် တဟောမဲခွဲနှင့် ငါရွေးပြီးမှ – (ဟောရှေ ၃း၁–၂)*

မှတ်ချက်။ ။ဣသရေလသည် ဘုရားရှင်ကချစ်သော်လည်း ဘုရားရှင်ကိုစွန့်ပစ်၍ ရုပ်တုဆင်း တုကို ပြန်လည်ကိုးကွယ်၍ ဒုက္ခရောက်ရသည်။ သို့သော်လည်း ဘုရားရှင်သည် နောက်ဆုံး၌ ဣသရေလအား ပြန်လည်လက်ခံမည်ကို ဆိုလိုခြင်းဖြစ်သည်။

ခ၊ ဟောရှေသည် မယားဂေါမာနှင့်ရသော သားသမီးသုံးဦးကို ဘုရားရှင်မိန့်မှာချက်အရ ပထမသားဦးကို ယေဇရေလဟု မှည့်ခဲ့လေသည် (၁း၄)။ အဓိပ္ပါယ်မှာ “ကစင့်ကလျား ပြိုကွဲပျက်စီးစေပြီ” ဟု အဓိပ္ပါယ်ရ၏။ ဤအမည်သည် အနာဂါတ်၌ဖြစ်လာမည့် အဖြစ်အပျက်နစ်ခုကို ရည်ညွှန်းသည်။

၁. ဘုရားရှင်သည် မင်းဆိုးမင်းညစ် ယေဟုဘုရင်နှင့် (မြောက်ပိုင်းဣသရေလ) သူ့လုပ်ရပ်များကို ပယ်ချတော်မူမည်။ (ထိုဘုရင်သည် ဘုရားရှင်၏လူအများအပြားကို သတ်ခဲ့သူဖြစ်သည်)

၂. ဆီးရီးယားသည် ဣသရေလမြောက်ပိုင်းကို တိုက်ခိုက်ဖျက်ဆီး၍ ဣသရေလများကို ပြိုကွဲပြန့် လွင့်စေမည်။(၁း၅)

ဒုတိယရင်သွေးဖြစ်သော သမီးကို “လောရုဟာဇါ” ဟု အမည်မှည့်လေ၏။ အဓိပ္ပါယ်မှာ“သနားခြင်း ကရုဏာ မရှိတော့ပြီ” ဖြစ်သည်။ ဘုရားရှင်၏ အပြစ်ဒါဏ်ခတ်ခြင်းသည် မြောက်ပိုင်းဣသရေလကို ကျရောက်လိမ့်မည်။ သို့သော် တောင်ပိုင်းဣသရေလ (ယုဒပြည်) သည်ကား ထိုဆီးရီးယား၏ တိုက် ခိုက်မှုဘေးမှ လွတ်ကင်းလိမ့်မည်။(၁း၇) (ပိုမိုသိရှိလိုပါက – ၄ရာ ၁၉း၃၅ – ကိုကြည့်ပါ) တတိယရင်သွေး သားကိုမူ “လောအမ္မိ” အမည့်ဖြင့်မှည့်လေသည် (၁း၉)။ အဓိပ္ပါယ်မှာ “ငါ့လူမ ဟုတ်” ဟု အဓိပ္ပါယ်ရသည်။

## ၂။ ဝမ်းနည်းကြေကွဲနေသူခင်ပွန်းနှင့် ကြမ်းကြုတ်ဆိုးဝါးသောဇနီး (ဘုရားရှင်နှင့်ဇဖရိမ်) (၄း၁၄)။ (ဇဖရိမ်ကို မြောက်ပိုင်းရှိ ဣသရေလ ၁၀ စု ဟုမှတ်ယူသည်)

က၊ ဇဖရိမ်အမျိုးအပေါ် အပြစ်တင်ကြေငြာချက် –

၁. အသိပညာကင်းမဲ့မှု (၄း၆)

၂. ရုပ်တုဆင်းတု ကိုးကွယ်မှု (၄း၁၂–၁၃၊ ၁၇)

၃. ကာမဂုဏ်အမှု၌ ညစ်ညူးလွန်ကျူးမှု (၅း၃)

ခ၊ ဇဖရိမ်အမျိုးကို နစ်သိမ့်စေသည့်အချက် –

ဇဖရိမ်အမျိုးသည် မကောင်းမှုများကို ပြုလုပ်ခဲ့သော်လည်း ထာဝရဘုရားသည် ချစ်တော်မူလျက်ရှိ သေးသည်။

– *အိုဇဖရိမ် သင်၌ အဘယ်သို့ ငါပြုရမည်နည်း။ သင်တို့ကြည်ညိုသောစိတ်သည် နံနက် မိုဃ်းတိမ်ကဲ့သို့၄င်း၊*

ဂ၊ ဧဖရိမ်အမျိုး၏အပြစ်ကို ကွင်းကွင်းကွက်ကွက်မြင်ရန် ရှင်းပြခြင်း –

၁. နားမထောင် ကန့်လန့်လုပ်သဖြင့် နွားမပျိုကဲ့သို့တူ၏။(၄း၁၆)

၂. ကာမဂုဏ်မှု၌ လွန်ကျူးတတ်သဖြင့် မုန့်သည်၏မီးဖိုနှင့် အလားသဏ္ဍာန်တူ၏။(၇း၄)

၃. တပါးသောအမျိုးသားတို့နှင့်အကျိုးမဲ့ ရောနှောတတ်သဖြင့် တမျက်နှာသာဖုတ်၍ မလှန်သော မုန့်ပြားနှင့်တူ၏။(၇း၈) (တဖက်တူး၊ တဖက်လုံးဝမကျက်)

၄. အီဂျစ်ကိုအကူအညီတောင်းလိုက်၊ ဆီးရီးယားဘက်ဦးလှည့်လိုက်နှင့် ပညာမဲ့သောချိုးငှက်မိုက်နှင့်တူ၏။(၇း၁၁) (ဘုရားရှင်ကို အကူအညီမတောင်းတတ်)

၅. ဘုရားရှင်အလိုတော်နှင့် လွဲကြသောကြောင့် ပစ်မှတ်ကိုမမှန်သည့် လိမ်ညာတတ်သောလေးနှင့် တူ၏။(၇း၁၆) (နောင်တရသလိုလိုနှင့် မရသူ၊ အပြင်ကောင်းသလိုလိုနှင့် အတွင်းညံ့သူ)

၆. သုံးမရသောပစ္စည်းနှင့် တူ၏။(၈း၈)

၇. တကောင်တည်းနေရသော မြင်းရိုင်းနှင့်တူ၏။(၈း၉)

၈. အသီးမသီးနိုင်သောအပင်၏ အမြစ်ခြောက်နှင့် တူ၏။(၉း၁၆)
(အတုခိုးစရာမကောင်းသော တိုင်းပြည်၊ နမူနာယူစရာမကောင်းသော လူမျိုး ဖြစ်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်ကိုယုံကြည်တတ်သည့်အမြစ် သွေ့ခြောက်နေသောကြောင့် ဖြစ်သည်)

၉. တလွဲတချော် အများအတွက် အသီးသီးနေသော စပျစ်ပင်နှင့်တူ၏။(၁၀း၁) (ထွက်လာသမျှအသီးများကို ရုပ်တုဆင်းတုတို့အား သွားပူဇော်တတ်၏)

ဃ၊ ဧဖရိမ်အမျိုးအား ဘုရားရှင်ဆုံးမခြင်း

၁. ဘုရားရှင်သည် သူ၏ သနားခြင်းဂရုဏာကို ရုပ်သိမ်းတော်မူမည်။(၂း၄)

၂. ဣသရေလတို့သည် ဗလာသက်သက်နေ့ရက်များ ဖြစ်လာရလိမ့်မည်။(၃း၄)

က– ဘုရင်။ ။ ၇၂၁ ဘီစီတွင် ဣသရေလနိုင်ငံ (မြောက်ဘက်ခြမ်း) တို့၏ နောက်ဆုံးမင်းဆက် ဟောရှေသည် အာရှုရိ (ဆီးရီးယား) တို့၏ တိုက်ခိုက်ဖမ်းဆီးခြင်းကိုခံရ၍ ဣသရေလနိုင်ငံ (မြောက်ခြမ်း) မှလူအားလုံး အာရှုရိ (ဆီးရီးယား) သို့ ဖမ်းဆီးသိမ်းသွားခြင်း ခံရလေသည် (၄ရာ ၁၇း၁–၆)။ ဘီစီ ၅၈၇ တွင် ယုဒ (ဣသရေလတောင်ခြမ်း) ၏ နောက်ဆုံးဘုရင် ဇေဒကိနှင့် လူအများတို့သည် ဗါဗုလုန်၏ တိုက်ခိုက်ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရကြ၏။ ထိုအချိန်မှစ၍ ရှင်ဘုရင်မဲ့အခြေအနေသို့ ရောက်ရှိသွားခဲ့ရသည်။ ထို့နောက် နှစ် ၆၀၀ အကြာတွင် သူတို့၏ရှင်ဘုရင်အစစ်အမှန် ယေရှုကို သူတို့လက်မခံဘဲ ငြင်းပယ်ခဲ့ကြသည် (ယော ၁၉း၁၅)။ သို့ဖြစ်သောကြောင့် မင်းမဲ့ဘဝအခြေအနေမှာ ဘုရင်တို့၏ဘုရင် ယေရှုခရစ်တော် ဒုတိယအကြိမ် ကြွလာချိန်အထိ ကြာရှည်ရပေလိမ့်မည်။(ဗျာ ၁၉း၁၁–၁၆)

ခ– မင်းသား။ ။ဣသရေလတို့သည် မင်းသားမဲ့ဘဝဖြင့် ခရစ်တော်အုပ်ချုပ်မည့် နှစ် ၁၀၀၀ ထိ နေရကြမည်။(ယေဇ ၄၄း၁–၃)

ဂ– ပူဇော်သက္ကာများ။ ။ပူဇော်သက္ကာမဲ့ဘဝ နေကြရမည်။ ၇၀ အေဒီတွင် ရောမဘုရင် တိတုမှ လာရောက်တိုက်ခိုက် ဖျက်ဆီးသဖြင့် ဗိမာန်တော်မှစ၍ ပူဇော်သက္ကာပြုရာ၌ါနပစ္စည်း စသည်များ ပျက်စီး အစပျောက် ရပ်ဆိုင်းခဲ့ရသည်။ တဖန် ဒုက္ခခက်ခဲရာ ၇ နှစ်ကာလတွင် ထပ်မံတည်ဆောက်ကြမည် ဖြစ်သော်လည်း အန္တိခရစ်ထံမှ ပိတ်ပင်ခြင်းကို ခံရမည်။(ဒ၉း၂၇)

ဃ– ရုပ်ပွားဆင်းတု။ ။ဗိမာန်တော်ကိုဆိုလိုခြင်း ဖြစ်သည်။ ဗိမာန်တော်မဲ့ဘဝ နေရကြသည်။ ဗိမာန်တော်ကို ဒုက္ခခက်ခဲရာကာလ၌ ပြန်လည်တည်ဆောက်ကြမည် (ဗျာ ၁၃)။ သို့သော် ဖျက်ဆီးခံရမည် (၈ာ ၁၄း၂)။ သို့သော် ခရစ်တော်အုပ်ချုပ်မည့် နှစ် ၁၀၀၀ ၌ ပြန်လည်တည်ဆောက်ကြမည်။(ယေဇ ၄၀း၄၈)

င– ဧပို့ (အဝတ်အစား)။ ။ယဇ်ပုရောဟိတ်မဲ့ဘဝဖြင့် နေရကြမည်။ ၄င်းတို့၏ နောက်ဆုံးယဇ်ပုရောဟိတ်ကို ၄င်းတို့ကိုယ်တိုင် ပြန်သတ်မိကြသည်။(ယော ၁၁း၄၉–၅၁) (မ ၂၆း၅၇–၆၈)

စ– တေရရုပ်ထု။ ။တေရရုပ်ထုမဲ့ဘဝဖြင့်နေရကြမည်။ ကျွနုပ်တို့သည် တေရရုပ်ထုအကြောင်း ရှင်းလင်းစွာမသိနိုင်ပါ။(က ၃၁း၃၄) ကောင်းကင်ဘုံရောက်မှ အဖြေရမည်။

# ယောလအနာဂတ္တိကျမ်း
## ယုဒပြည် (တောင်ပိုင်း ဣသရေလ) သို့ ဦးတည်ရေးသားချက်

ယောလသည် ပေသွေလ၏သားဖြစ်၏။ ဤအနာဂတ္တိကျမ်းကို ဘီစီ ၈၀၀ ခန့်တွင်ရေးသားခဲ့၍ ပရောဖက် ဧလိရှဲ (၁ရာ ၄း၁) နှင့် တချိန်တည်းပေါ်ထွန်းခဲ့သူ ဖြစ်သည်။ ထိုကာလကား ဣသရေလလူမျိုးများ ဗာဗုလုန်သို့ သိမ်းသွားခြင်းမခံရမီ ဖြစ်သည်။ ထိုအချိန်တွင် ယုဒပြည်၌ ယောသပ်ဘုရင် အုပ်ချုပ်နေချိန် ဖြစ်သည်။

## ၁။ ဣသရေလနှင့်ဘုရားရှင်၏ အပြစ်ဒါဏ်စီရင်ချက်
## ယောလမတိုင်မီ အတိတ်ကာလမြင်ကွင်း ( ယော ၁း၁–၂၀ )

က၊ ကျိုင်းကောင်အန္တရာယ်ဘေးဖြင့် တရားစီရင်ချက် (၁း၁–၁၄)

အတိတ်ကာလက ဘုရားရှင်သည် ကျိုင်းကောင်များကိုစေလွှတ် ဖျက်ဆီးစေ၍ ဣသရေလနိုင်ငံကို ဆုံးမ အပြစ်ဒါဏ်ခတ်ခဲ့၏။ ဘုရားရှင်က ဤအဖြစ်အပျက်များအားဖြင့် ဘုရားရှင်သည် အပြစ်လုပ်သူများကို ဒါဏ်ခတ်ခဲ့ကြောင်း သိစေရန် မိမိ၏ သားမြေးအစဉ်အဆက်အား ပြောကြားရမည်ဟု မှာခဲ့သည်။(၁း၂–၃)

ကျိုင်းကောင်များမှာ ဂါဇံကျိုင်း၊ အရာဘကျိုင်း၊ ယာလက်ကျိုင်း၊ ခါသိလကျိုင်းဟူ၍ အမျိုးအစား ၄ မျိုးရှိသည်။

– *ဂါဇံကျိုင်း ခြွင်းထားသောအရာကို အရာဘကျိုင်းစား၏။ အရာဘကျိုင်း ခြွင်းထားသောအရာကို ယာလက်ကျိုင်းစား၏။ ယာလက်ကျိုင်း ခြွင်းထားသောအရာကို ခါသိလကျိုင်းစား၏ – (၁း၄)*

သို့ဖြစ်၍ မည်သည့်အရာမှမကျန် အကုန် ပျက်စီးရလေသည်။

ခ၊ ကျိုင်းကောင်တို့၏ အင်အားနှင့် စွမ်းပကား (၁း၆–၇၊ ၁၀၊ ၁၂)

ထိုကျိုင်းကောင်များ နောက်ယုက်ဖျက်ဆီးသောကြောင့် ဣသရေလပြည်သူများ စားစရာပင် မကျန်တော့သည့်အဖြစ်သို့ ရောက်ရ၏။ ဤသည်ကား ဘုရားရှင်၏ ဆုံးမဒါဏ်ခတ်ချက် ဖြစ်သည်။ ဤအဖြစ်အပျက်တို့သည် အတိတ်ကာလက ဖြစ်ပျက်ခဲ့ပြီးဖြစ်သည်။ ထိုနောက် ဘုရားရှင်သည် အနာဂါတ်ကာလ ဆုံးမဒါဏ်ခတ်မည့်အကြောင်းကိုလည်း အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

– *ထိုနေ့ရက်ကြောင့် အမင်္ဂလာရှိ၏။ ထာဝရဘုရား၏နေ့ရက် နီးပြီ။ အနန္တတန်ခိုးရှင် ဖျက်ဆီးခြင်းဘေးကဲ့သို့ ရောက်လာလိမ့်မည် – (၁း၁၅)*

(ထာဝရဘုရား၏နေ့ရက်ဟု ဆိုရာ၌ ထာဝရဘုရား၏ အပြစ်ဒါဏ်စီရင်သည့်နေ့ရက်ဟု မှတ်ယူရမည်) ဘုရားရှင်၏ အပြစ်ဒါဏ်စီရင်မည့်နေ့ရက်မှာ ဣသရေလလူမျိုးတို့အား ဗါဗုလုန်ဘုရင် နေဗုခဒ်နေဇာ၏ ဖျက်ဆီးခံရသည့်အချိန်မှစ၍ ဒုက္ခခက်ခဲရာ ၇ နှစ်အချိန်ထိ ဖြစ်လိမ့်မည်။ ဣသရေလတို့သည် ထိုအချိန်မှစ၍ ယခုအချိန်ထိ ဘုရားရှင်၏ဆုံးမမှု ခံနေရသည်ကို အထင်းသားမြင်နိုင်သည်။ အဆိုးဝါးဆုံးကား နောက်ဆုံး ၇ နှစ် ဖြစ်သည်။ ဣသရေလသည် ဘုရားရှင်၏နိုင်ငံဖြစ်သည်။ ဘုရားရှင်သည် ဒါဝိဒ်အား ဣသရေလဘုရင်အဖြစ် မြှောက်ခဲ့သည်။ ဗါဗုလုန်မှ လာရောက်ဖျက်ဆီးချိန်မှစ၍ ဘုရင်ပျောက်ခဲ့ရာ ယခုချိန်ထိပင် ဖြစ်သည်။ သို့သော် ယေရှုခရစ်တော် လာရောက်အုပ်ချုပ်မည့် နှစ် ၁၀၀၀ ကာလတွင် ၎င်းတို့သည် ဘုရင် (ခရစ်တော်) ရှိသည့်အဖြစ် ပြန်လည်ရောက်ရှိကြမည်။

## ၂။ ဣသရေလနှင့် ဘုရားရှင်၏ အပြစ်ဒါဏ်စီရင်ချက်
## အနာဂါတ်အချိန်အတွက် မြင်ရသည့်မြင်ကွင်း ( ၂း၁ – ၃း၂၁ )

က၊ အခန်းကြီး ၂ နှင့်အခန်းကြီး ၃ ၌ ဣသရေလကို ရန်ပြုဒုက္ခပေးမည့် ရန်သူများကို ရှင်းလင်းစွာဖော်ပြခဲ့လေသည်။ ထိုဣသရေလကို အထွေထွေဒုက္ခပေးမည့် သူများထဲမှ အောက်ပါ အထူးအရေးကြီးသည့် ရန်သူများကို ကျနုပ်တို့ တွေ့နိုင်သည်။

၁. ပထမဆုံးအကြိမ်အဖြစ် ဘီစီ ၅၈၆ ၌ ဗါဗုလုန်ဘုရင် နေဗုခဒ်နေဇာ၏ လာရောက်တိုက်ခိုက် ဖျက်ဆီးခြင်းခံရသည်။(၂ရာ ၂၄)

၂. ဘေးဒါဏ်ကြီးကာလအလယ်၌ မာဂေါဂ (ရုရှ)ဘုရင် ဂေါဂမင်း၏ လာရောက်တိုက်ခိုက် ဖျက်ဆီးခြင်းကို ခံရမည်။(ယေဇ ၃၈၊ ၃၉)
၃. နောက်ဆုံးအကြိမ်အဖြစ် ဒုက္ခခက်ခဲရာကာလ၏ နောက်ဆုံးနေ့များ၌ အန္တိခရစ် တပ်ဖွဲ့များ၏ ရန်ပြုတိုက်ခိုက်မည့် အာမဂေဒုန်စစ်ပွဲကို ကြုံတွေ့ခံစားရမည်။(၂း၂) (ဇာ ၁၆း၁၃–၁၆၊ ၁၉း၁၁–၂၁)

ခ၊ အတူစုဝေးရာဒေသကို မြင်ရသောမြင်ကွင်း (၃း၉–၁၆)
ဒုက္ခခက်ခဲရာ ၇ နှစ်၏ နောက်ဆုံးနေ့များ၌ တပါးအမျိုးသား အများအပြားတို့ တယောက်ကိုတယောက်နှိုးဆော်၍ ဣသရေလကိုစစ်တိုက်ရန် ပြင်ဆင်စုဝေးကြပုံကို မြင်ရခြင်း (၃း၉–၁၂)
ထာဝရဘုရားလက်ချက်ဖြင့်ဆုံးရှုံးကြပုံ (၃း၁၃)
ဘုရားရှင်၏ တရားစီရင်ခြင်း ခံကြရပုံ (၃း၁၄)
နေနှင့်ကြယ်တို့ တိုက်ခိုက်ကြခြင်း (၃း၁၅)
ဘုရားရှင် ယေရုရှလင်မြို့၌ လာရောက်ကျိန်းဝပ်မည်။(၃း၁၆–၁၇)

ဂ၊ ထိုအဖြစ်အပျက် ပြုလုပ်သူများ၏ ရည်ရွယ်ချက်ကို မြင်ရခြင်း –
၁. အန္တိခရစ်၏ရည်ရွယ်ချက် – ဣသရေလနှင့်ထာဝရဘုရားကို ဖျက်ဆီးရန် (ဆာ ၂)
၂. ဘုရားရှင်၏ရည်ရွယ်ချက် – အန္တိခရစ်နှင့် သူ၏လိမ်ညာမှုများကို ဖျက်ဆီးပစ်ရန်။

ဃ၊ ထိုအဖြစ်အပျက်များ၏ ရလာဒ် အကျိုးများကို မြင်ရခြင်း –
– *ထာဝရဘုရားသည်လည်း ဇိအုန်တောင်ပေါ်က ကြွေးကြော်၍ ယေရုရှလင်မြို့ထဲက အသံကို လွှင့်တော်မူသဖြင့် မိုဃ်းကောင်းကင်နှင့် မြေကြီးသည် တုန်လှုပ်လိမ့်မည်။ သို့ရာတွင် ထာဝရဘုရားသည် မိမိလူတို့၏ ခိုလှုံရာ၊ ဣသရေလအမျိုးသားတို့၏ အစွမ်းသတ္တိ ဖြစ်တော်မူလိမ့်မည် – (၃း၁၆)*

င၊ ထိုအဖြစ်အပျက်များ ဖြစ်ပေါ်ပြီးနောက် အေးဆေးပျော်ရွှင်သောအခြေအနေကို မြင်ရခြင်း –
၁. ဘုရားရှင်၏ဝိညာဉ်တော်သည် လူအများပေါ်၌ သွန်းလောင်းလိမ့်မည်။(၂း၂၈–၃၂) (ခရစ်တော်အုပ်ချုပ်သည့် သာယာသောနှစ် ၁၀၀၀ ၌ လူတိုင်း ခရစ်တော်အကြောင်း သက်သေခံအလုပ် လုပ်ကြမည်၊ ထိုအချိန်၌ ဘုရားရှင်ကိုဆုတောင်း၍ လက်ခံသူတိုင်း ယခုအချိန်ကဲ့သို့ ကယ်တင်ခြင်းရနိုင်သည်) မောရှေ တခါက ဆုတောင်းခဲ့ဘူးသော ဆုတောင်းပြည့်ခြင်း ဖြစ်သည်။(တော ၁၁း၂၉) ရှင်ပေတရုကလည်း ထို (ယောလ ၃း၁၆) ကို ပင်တေကုတ္တေပွဲနေ့တွင် အသုံးပြုခဲ့ဘူးလေသည် (တ ၂း၁၆–၂၁)။ ပေတရုက ထိုကဲ့သို့ပြောရခြင်းမှာ အနာဂါတ်၌ ဖြစ်လာမည့်အချက်ကို နမူနာထုတ်ပြခြင်းဖြစ်သည်။(ဤ ယောလ ၃း၁၆ သည် မပြည့်စုံသေးပါ) မိလေနီလနှစ် ၁၀၀၀ မှ ပြည့်စုံမည်။
၂. လူသားတို့လိုအပ်သမျှကို ဘုရားရှင်ပေးမည်။(၂း၂၁–၂၇)
၃. သဘာဝထွက်ကုန်ပစ္စည်းများ ပြောင်းလဲကုန်၍ ပြည့်ဝ စိုပြေမည်။(၃း၁၈)
၄. ခရစ်တော်ကိုယ်တိုင် ဇိအုန်တောင်ပေါ်မှ အုပ်ချုပ်လိမ့်မည်။(၃း၂၁)

# အာမုတ်အနာဂတ္တိကျမ်း
## (မြောက်ပိုင်းဣသရေလသို့ ဦးတည်ရေးသားချက်)

ပရောဖက်အာမုတ်သည် တေကောရွာသား သိုးထိန်းတဦးဖြစ်သည် (၁း၁)။ သူသည် ဤအနာဂတ္တိကျမ်းကို ဘီစီ ၇၇၆–၇၆၃ အတွင်း ပရောဖက်ယောလ မတိုင်မီ ပရောဖက်ပြုခဲ့ခြင်းဖြစ်သည်။ ထိုအချိန်၌ ဣသရေလပြည်မြောက်ပိုင်းကို ယေရောဗောင် (ဒုတိယ) မင်း အုပ်ချုပ်နေချိန်ဖြစ်သည်။ သူသည် ပရောဖက်ဟောရှေနှင့် တချိန်တည်းပေါ်ထွန်းခဲ့သူဖြစ်၍ ပရောဖက်ဟေရှာယနှင့်လည်း တချိန်တည်းပေါ်ထွန်းခဲ့သူဟု ယူဆနိုင်စရာရှိပေသည်။ သူက ဆီးရီးယား၊ တုရုမြို့၊ အမ္မုန်၊ မောဘနှင့် ဣသရေလနိုင်ငံတို့သည် အပြစ်ဒါဏ်ခတ်ခြင်း ခံရမည်ဟု ရေးခဲ့သည်။

ထိုအပြစ်ဒါဏ်ခတ်ခံရမှုသည် "ဘုရားရှင်၏နေ့ရက်ကြီး" ၌ ခံရမည်ဟု ဟောခဲ့သည်။ ထိုအချိန်လွန်သော

အခါ ခရစ်တော်အုပ်ချုပ်မည့် သာယာသောနှစ် ၁၀၀၀ ဖြစ်လိမ့်မည်ဟု ဟောလေသည်။

## ၁။ လူမျိုး ၈ မျိုးသို့ ဘုရားရှင်၏ အသိပေးကြေငြာချက် ( ၁ – ၆ )

က၊ ဆီးရီးယား (ရှုရိပြည်) မြို့တော် ဒမာသက် (၁း၃–၅)၊ သူတို့သည် မီးလောင်ဒါဏ်ခတ်ခြင်းကိုခံရမည်။ အဘယ်ကြောင့်ဆိုသော် ဂိလဒ်ပြည် (ဣသရေလနွယ်စု ၂ စုခွဲအုပ်စုနေရာဒေသ ယော်ဒန်မြစ်အရှေ့ဘက်ကမ်း) ကို ဖျက်ဆီးမှုကြောင့် ဖြစ်သည်။

မှတ်ချက်။ ။ဟာဇေလမင်းသည် ရှုရိပြည်၏ဘုရင် ဖြစ်သည်။ သူသည် ဗဟ်ာဒဒ်မင်းကိုလုပ်ကြံ၍ နန်းတက်လာသူဖြစ်သည်။(၃ရာ ၁၉း၁၅၊ ၂၀း၁)

ခ၊ ပါလက်စတိုင်း (ဖိလိတ္တိပြည်) မြို့တော် ဂါဇာ (၁း၆–၈)၊ သူတို့သည် မီးလောင်ဒါဏ်ခတ်ခြင်း ခံရမည်။ အဘယ်ကြောင့်ဆိုသော် သူတို့ ဖမ်းဆီးသိမ်းမိသော ဣသရေလလူတို့ကို ဧဒုံပြည်သို့ ကျွန်အဖြစ် ရောင်းချခဲ့မှုကြောင့် ဖြစ်သည်။

ဂ၊ ဖီနိရှန် – မြို့တော် တုရု (ဇိုင်ရာ) (၁း၉–၁၀)၊ သူတို့သည် မီးဖြင့်ဖျက်ဆီးခံရမည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဒါဝိဒ်မင်းလက်ထက် ဣသရေလတို့နှင့် မိဿဟာယပြုထားသောစာချုပ်ကို မစောင့်ဘဲ ဣသရေလအမျိုးကိုစစ်တိုက်၍ ဖမ်းမိ ဣသရေလတို့ကို ဧဒုံပြည်သို့ ကျွန်အဖြစ် ရောင်းခဲ့သောကြောင့် ဖြစ်သည်။

ဃ၊ ဧဒုံ– မြို့တော် တေမန်နှင့်ဗောဇရ (၁း၁၁–၁၂)၊ သူတို့သည် မီးဖြင့် ဖျက်ဆီးခြင်းခံရမည်။ (ဧဒုံအမျိုးသည် "ဧသော" ထံမှလာသောလူမျိုး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စင်စစ် ဧဒုံလူမျိုးတို့သည် ဣသရေလနှင့် ဖအေတူမအေကွဲ ညီအကိုများဖြစ်ကြသည်။ သို့ပါသော်လည်း မိမိညီအကို ဣသရေလကို သတ်ဖြတ်သောအပြစ်ကြောင့် ဖြစ်သည်။

င၊ အမ္မုန် – မြို့တော်မှာ ရဗ္ဗာ (၁း၁၃–၁၅) ဖြစ်သည်။ သူတို့သည် မီးဖြင့်ဖျက်ဆီးခြင်းခံရမည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဣသရေလနိုင်ငံ၏ ဂိလဒ်ပြည်နယ်ကို တိုက်ခိုက်ဖျက်ဆီး၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုပင် သတ်ဖြတ်သည့်အတွက် ဖြစ်သည်။

စ၊ မောဘ – မြို့တော်မှာ ကေရုတ် (၂း၁–၃)၊ ထိုပြည်သည် မီးဖြင့်၄င်း၊ ကျယ်လောင်သော တံပိုးမှုတ်သံဖြင့်၄င်း၊ အော်ဟစ်ခြင်းဖြင့်၄င်း၊ ဖျက်ဆီး၍ တရားသူကြီး မှူးမတ် စသည်တို့ကိုလည်း ကွပ်မျက်တော်မူမည်။ အဘယ်ကြောင့်ဆိုသော် ဧဒုံဘုရင်ကို သတ်ဖြတ်ခြင်းနှင့် အခြားများပြားစွာသော အပြစ်တို့ကြောင့် ဖြစ်သည်။

ဆ၊ ယုဒ (ဣသရေလတောင်ပိုင်း) – မြို့တော် ယေရုရှလင် (၂း၄–၅)၊ ထိုပြည်သည် မီးဖြင့်ဖျက်ဆီးခြင်းခံရမည်။ အဘယ်ကြောင့်ဆိုသော် ထိုလူမျိုးတို့သည် ဘုရားရှင်ကိုသိသောသူ၊ ဘုရားရှင်၏ပညတ်တော်များကို ရသောသူများ ဖြစ်ကြ၏။ သို့ပါသော်လည်း ထိုလူမျိုးတို့သည် ဘုရားရှင်ကိုပယ်၍ မိစ္ဆာအယူကို ယူကြသောကြောင့် ဖြစ်သည်။

ဇ၊ ဣသရေလ (ဣသရေလမြောက်ပိုင်း) – မြို့တော် ရှမာရိ (၂း၆–၁၆)
သူတို့သည် ကာမဂုဏ်လွန်ကျူးခြင်း၊ ကျေးဇူးတော်ကို မချီးမွမ်းခြင်းနှင့် အခြားများစွာသော အပြစ်များ ပြုလုပ်ကြသည်။ နာဇရိလူများကို အရက်တိုက်ကြသည်။ ဘုရားရှင်သည် သူတို့အား အမျိုးမျိုးကြည့်ရှုခဲ့သည်။ အာမောရိလူတို့ကို ဖယ်စေ၍ ဣသရေလတို့၏နိုင်ငံ ဖြစ်စေသည်။ အီဂျစ်လက်မှလည်း ကယ်နှုတ်ခဲ့သည်။ သို့သော်လည်း သူတို့သည် ဘုရားရှင်ကို ပုန်ကန်သောကြောင့် ဘုရားရှင်ဒဏ်ခတ်တော်မူမည်။ အပြေးကောင်းသူလည်း မပြေးနိုင်၊ လေးပစ်ဖြောင့်သူလည်း မဖြောင့်နိုင်အောင် ဘုရားရှင်ဒါဏ်ခတ်မည်။

ဈ၊ ယာကုပ်အမျိုး၏ အိမ်တခုလုံး (ဣသရေလနှင့်ယုဒပြည်) (၃း၁ – ၆း၁၄)

၁. ယာကုပ်အမျိုးခံရမည့် ဒါဏ်ခတ်ခံရခြင်းသည် ယခင်အခါက ကြုံခဲ့ဘူးသော ဒါဏ်ခတ်ခံရခြင်းကဲ့သို့ပင် အထူး ကြီးကျယ်ပေလိမ့်မည်။

– *အိုဣသရေလအမျိုးသားတို့ အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သော အမျိုးသားအပေါင်းတို့၊ သင်တို့ကိုရည်မှတ်၍ ငါထာဝရဘုရား မိန့်တော်မူသောစကားကို နားထောင်ကြလော့။ မြေကြီးပေါ်မှာနေသော အမျိုးသားအပေါင်းတို့တွင် သင်တို့တမျိုးတည်းကိုသာ ငါလက်ခံသောကြောင့် သင်တို့အပြစ် ရှိသမျှတို့ကို ငါစစ်ကြောမည်။ လူနှစ်ဦးသည် သဘောမတူလျှင် ပေါင်းဘော်၍ ခရီးသွားနိုင်သလော – (၃း၁–၃)*

၂. ဘုရားရှင်သည် ဒါဏ်မခတ်မီ နောက်ဆုံးအချိန်ထိ သူတို့အား ပရောဖက်များအားဖြင့် သတိပေးခဲ့သည်။(၃း၇)

၃. ယာကုပ်အမျိုး၏ ရန်သူများသည် ယာကုပ်အမျိုး၏ မကောင်းမှုဒုစရိုက်ကို တွေ့မြင် သက်သေခံကြ၏။(၃း၉)

က– ဆင်းရဲသောသူကို ညှင်းဆဲ၍ မကောင်းမှုပြုတတ်သော ဗာရှန်နွား (နွားမ – ဣသရေလအမျိုးသမီးကို ဆိုလိုသည်) ကို အပြစ်တင်သည်။(၄း၁–၃)
ခ– သူတို့သည် တဖက်က မကောင်းမှုကိုပြု၍ တဖက်က ဘုရားကို ရှိခိုးပူဇော်နေကြခြင်းဖြင့် ဘုရားရှင်၏ သန့်ရှင်းခြင်းဂုဏ်တော်ကို စော်ကားသလိုဖြစ်နေ၏။(၄း၄–၅၊ ၅း၂၁–၂၆)
ဂ– သူတို့သည် အကောင်းစား အစာများကိုစား၍ ဇိမ်ခံကုတင်ပေါ်မှာ အိပ်တတ်ကြသည်။(၆း၄)
ဃ– သူတို့သည် တူရိယာ သီချင်း စသည်တို့ကို မေရှိယသခင်ထက် ပိုစိတ်ဝင်စားကြသည်။(၆း၅)
င– သူတို့သည် အကောင်းစားအရက်ကိုသောက်၍ အမျိုးမျိုး မိမိကိုယ်ကို လှပအောင်လုပ်နေသော်လည်း မိမိလူမျိုး ဆင်းရဲသည်ကို မကြင်နာကြ။(၆း၆)

၄. ဘုရားရှင်သည် ကြိုးစား၍ ဣသရေလလူမျိုးတို့အား သတိပေးခဲ့သည်။ သို့သော် သူတို့ လက်မခံကြ။(၄း၆–၁၃)

၅. ဣသရေလတို့သည် ထိုသတိပေးချက်အမျိုးမျိုးကို လက်မခံသောကြောင့် ဘုရားရှင်သည် သူတို့အား ဒါဏ်ခတ်ခဲ့သည်။
က– ယာကုပ် (ဣသရေလ) တို့သည် ခြင်္သေ့ပါးစပ်ထဲသို့ ရောက်သကဲ့သို့ ဝါးမျို ပျက်စီးရလိမ့်မည်။ သို့သော် ခြေလက်အပိုင်းအစများ ကျန်နိုင်သေးသကဲ့သို့ အချို့ ကြွင်းကျန်လိမ့်မည်။ (၃း၁၂–၁၃)
ခ– သူတို့၏ အရပ်ရပ်တို့ရှိ လမ်းများတို့သည် ငိုကြွေးသံဖြင့် ဆူညံနေလိမ့်မည်။(၅း၁၆)
ဂ– ထိုဒါဏ်ခံရာနေ့ရက်၌ သူတို့သည် ခြင်္သေ့လိုက်၍ ထွက်ပြေးရာမှ ဝက်ဝံနှင့်တိုးသကဲ့သို့၄င်း၊ အိမ်၌ အေးဆေးလုံခြုံစွာနေပါမှ မြွေအကိုက်ခံရသကဲ့သို့၄င်း ဖြစ်လိမ့်မည်။(၅း၁၉)
ဃ– ကိုးဆယ်ရာခိုင်နှုန်းသော သူတို့၏စစ်သားများ စစ်ပွဲ၌ ဆုံးရှုံးကြရလိမ့်မည်။(၅း၃)

## ၂။ မြင်ရသောရူပါရုံ (၅) မျိုးကို အသိပေးကြေငြာချက် ( ၇ – ၉ )

က၊ ကျိုင်းကောင်ဖျက်ဆီးသော ကပ်ဘေးရူပါရုံ (၇း၁–၃)

၁. ဘုရားရှင်သည် အာမုတ်အား ဣသရေလလူမျိုးများသည် လယ်ယာကို ကျိုင်းကောင်စားပြီး အနည်းငယ်သာ ကျိုးတို့ကျဲတဲ ကြွင်းကျန်သကဲ့သို့ ဖြစ်လိမ့်မည်ဟု ရူပါရုံအားဖြင့် ပြသည်။

၂. အာမုတ်က အနူးအညွတ်တောင်းပန်သောကြောင့် ဘုရားရှင်သည် အထက်ပါဒါဏ်ခတ်ခြင်းကို မပြုခဲ့။

ခ၊ မီးလောင်ခြင်းရူပါရုံ (၇း၄–၆)

၁. အာမုတ်သည် ပင်လယ်နှင့်မြေကြီး မီးလောင်နေသည်ကို မြင်ရ၏။ ဣသရေလပြည်သူနှင့် နိုင်ငံတို့ကို အပြစ်ဒါဏ်ပေးပုံဖြစ်သည်။

၂. အာမုတ်က အနူးအညွတ်တောင်းပန်သောကြောင့် ဘုရားရှင်သည် အထက်ပါဒါဏ်ခတ်ခြင်းကို မပြုခဲ့။

ဂ၊ ချိန်သီးကြိုးရူပါရုံ (၇း၇–၁၆)

၁. အာမုတ်သည် မြို့ရိုးတည့်မတ်မှု ရှိမရှိ စစ်ဆေးရန် ချိန်သီးကြိုးကိုကိုင်၍ မြို့ရိုးပေါ်တွင်ရပ်နေသော ထာဝရဘုရားကို မြင်၏။

၂. ဘုရားရှင်က အာမုတ်ကိုအသိပေးခြင်း –
က– ဘုရားရှင်သည် ချိန်သီးဖြင့် ဣသရေလလူမျိုးတို့၏ ဖြောင့်မတ်မှုရှိမရှိကို တရားစီရင်မည်။
ခ– ထိုအပြစ်ဒါဏ်စီရင်မှုကို ဇကန်အမှန် စီရင်ကိုစီရင်မည်။

၃. အထက်ပါအချက်များ အားလုံးသည် ပရောဖက်အာမုတ်၏ မြင်ရသောရူပါရုံ (၅) မျိုးကို အသိပေးကြေငြာခြင်း ဖြစ်သည်။ ထိုဟောပြောချက်များကြောင့် အာမုတ်သည် မိစ္ဆာယဇ်ပုရောဟိတ် အာမဇိ၏ မကောင်းကြံခြင်း နှင်ထုတ်ခြင်းကို ခံရသည်။ အာမုတ်ကလည်း ထိုမိစ္ဆာယဇ်ပုရောဟိတ် အာမဇိနှင့် သူ့မိသားစုများကြုံရမည့် တရားစီရင်ခြင်းကို ထုတ်ဖော်ပြောဆိုသွားခဲ့သည်။(၇း၁၀–၁၇)

ဃ၊ နွေကာလ အသီးအနှံခြင်းတောင်း ရူပါရုံ (၈း၁–၁၄)

၁. ထိုရူပါရုံ၏အဓိပ္ပါယ် – ဘုရားရှင်သည် အာမုတ်အား ရင့်မှည့်နေသောအသီးများ ပြည့်နေသည့်ခြင်းတောင်းကို ပြ၏။ ဆိုလိုသည်မှာ ရင့်မှည့်နေသောအသီးကို ကြာရှည်ထားမရဘဲ အလျှင်အမြန်စားရသကဲ့သို့ အပြစ်များပြည့်နေသော ဣသရေလအမျိုးကိုလည်း အလျှင်အမြန် တရားစီရင်ရမည်ကို ဆိုလိုသည်။

၂. တရားစီရင်ချက်၏ အကျိုးသက်ရောက်မှုကို မြင်ရသည့်ရူပါရုံ –
က– သီချင်းဆိုသော ဗိမာန်သည်များ၏အသံကို ငိုသံများဖြစ်စေမည်။

ခ– များစွာသောသူတို့ သေကြ၏။ အသေကောင်အလောင်းများတို့သည် နေရာအနှံ့အပြား ပြန့်ကျဲနေလိမ့်မည်။
ဂ– ကြောက်စရာ ထူးဆန်းသောလက္ခဏာတို့သည် ကောင်းကင်၌ဖြစ်ကြလိမ့်မည်။(၈း၉) ထိုတရားစီရင်မှုသည် ဒုက္ခခက်ခဲရာ ၇ နှစ်ကာလ၌ဖြစ်မည့် အဖြစ်အပျက်ကို ဆိုလိုသည်။ (မ ၂၄း၂၂၊ ၂၉)
ဃ– ဘုရားရှင်၏စကားတော်များ ဆိတ်သုန်းနေချိန် ဖြစ်လိမ့်မည်။(၈း၁၁၊ ၁၂)
– *အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား မွတ်သိပ်ခြင်းဘေးကို တပြည်လုံး၌ ငါဖြစ်စေသောကာလရောက်လိမ့်မည်။ အစာခေါင်းပါး၍ မွတ်သိပ်ခြင်းဘေးမဟုတ်၊ ရေငတ်ခြင်းဘေးလည်းမဟုတ်၊ ထာဝရဘုရား၏ အမိန့်တော်ကိုမကြားရသော မွတ်သိပ်ခြင်းဘေးဖြစ်လိမ့်မည်။ လူတို့သည် ထာဝရဘုရား၏အမိန့်တော်ကို ရှာလျက် ပင်လယ်တပါးမှသည် ပင်လယ်တပါးတိုင်အောင် လှည့်လည်၍ တောင်မြောက်ပြေးသွားသော်လည်း မတွေ့ရကြ –*

ဌ၊ ဘုရားရှင်၏ပလ္လင်တော်မှ ရူပါရုံ (၉း၁–၁၅)
၁. ဣသရေလတို့၏ ဖောက်ပြန်မှုကို အပြစ်ဒါဏ်စီရင်ခြင်း (၉း၁–၁၀)
– *မရဏာနိုင်ငံတိုင်အောင် တွင်းတူးသော်လည်း ငါနှုတ်ယူမည်။ မိုဃ်းကောင်းကင်သို့ တက်သော်လည်း ငါချမည်။ ကရမေလတောင်ထိပ်၌ ပုန်းရှောင်သော်လည်း ငါရှာထုတ်မည်။ ငါနှင့် လွတ်အံ့သောငှါ သမုဒ္ဒရာအောက်၌ ပုန်းရှောင်သော်လည်း ငါသည် နဂါးကိုမှာလိုက်၍ ကိုက်စေမည် – (၉း၂–၃)*
၂. ဒါဝိဒ်၏တဲတော်ကို ပြန်တည်ဆောက်ခြင်း (၉း၁၁–၁၅)
က– ဒါဝိဒ်မျိုးဆက်၏ အုပ်ချုပ်မှုကို ဣသရေလအနွယ် ၁၀ စုတို့သည် လက်မခံဘဲ ခွဲထွက်ခဲ့ကြသည်။ သို့သော် နောက်မိလေနီလနှစ် ၁၀၀၀ ချိန်၌မူ ဒါဝိဒ်၏မျိုးဆက်ဖြစ်သော ယေရှု၏ အုပ်ချုပ်မှုအောက်၌ ပြန်ခိုဝင်လာကြမည်။
ခ– ထိုအုပ်ချုပ်မှုအချိန်၌ ကောင်းကြီးမင်္ဂလာများစွာ ခံစားရမည်။ (ခရစ်တော်အုပ်ချုပ်ချိန်)
(၁) လယ်လုပ်သောသူ၊ စပါးရိတ်သောသူတို့သည် ဝပြောကြမည်။(၉း၁၃)
(၂) စပျစ်ရည်များ ပေါကြွယ်ဝမည်။(၉း၁၃)
(၃) ဣသရေလအမျိုးသားတို့သည် မူရင်းအခြေအနေကောင်းသို့ ပြန်လည်ရောက်ကြလိမ့်မည်။ ထာဝရနေကြရမည်။ (မိလေနီလနှစ် ၁၀၀၀ ကိုဆိုလိုသည်)

# သြဗဒိအနာဂတ္တိကျမ်း
## (ဧဒုံပြည်သို့ရည်ညွှန်းသည်)

သြဗဒိသည် မည်သည့်ဒေသတွင် မွေးဖွားသူဖြစ်သည်၊ မည်သူ၏သားဖြစ်သည်၊ မည်သည့်ဒေသတွင် ပရောပြုသည်ကို ကျနုပ်တို့ သေချာစွာမသိရချေ။ သြဗဒိ၏ အနက်အဓိပ္ပါယ်မှာ "ဘုရားရှိခိုးသူ" ဟူ၍၄င်း၊ ဘုရားရှင်၏ အမှုဆောင်ဟူ၍၄င်း အဓိပ္ပါယ်ရသည်။ (၃ရာ ၁၈း၃၊ ၅ရာ ၉း၁၆၊ ၈း၃၈၊ ၂၇း၁၉) ပါ သြဗဒိသည် ထိုပရောဖက်သြဗဒိ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သြဗဒိသည် ယုဒပြည်သားဟုလည်း မှတ်ယူနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သြဗဒိ (၁း၁၁)၌ ယုဒအမျိုးသားများ သိမ်းသွားခြင်းခံရမှုကို ဖေါ်ပြရာ၌ မိမိကိုယ်၌ ပါဝင်သကဲ့သို့ ဖေါ်ပြထားသောကြောင့် ဖြစ်သည်။

ဤကျမ်းသည် ဧဒုံပြည်အား တရားစီရင် ဒါဏ်ခပ်မည့်အကြောင်း ပရောဖက်ပြုထားချက် ဖြစ်သည်။(၁း၆၊ ၈၊ ၁၉၊ ၂၁) – ဧဒုံပြည်သည် ယေရုရှလင်မြို့ကို အဓမ္မပြုကျင့်သောကြောင့် ဒါဏ်ခပ်ခံရမည်ကို ဦးတည်ရေးခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ်ပျက်များသည် (၄ရာ ၈၊ ၆ရာ ၂၁) ဘီစီ ၈၀၀ ကာလတွင် ဖြစ်ပျက်ခဲ့သည်။(ယေ ၄၉း၇–၂၂) ၌လည်း ဧဒုံပြည် ဖျက်ဆီးခံရမည့်အကြောင်း ပရောဖက်ပြုထားသည်ကို ကျနုပ်တို့ တွေ့နိုင်သည်။

၁။ ဧဒုံ၏အိမ် –

ဘုရားရှင်က ကျိန်ဆဲ အပြစ်တင်သည်။ ( ဩဗဒိ ၁း၁–၁၆ )

က၊ ၎င်းတို့၏ ကျေးဇူးမသိတတ်မှုများ (၁း၁–၉)

၁. သူတို့သည် မာနကြီး၏။ စိတ်နှိမ့်ချမှုမရှိဘဲ ထောင်လွှား၏။ အဘယ်ကြောင့်ဆိုသော် သူတို့ဒေသသည် တောင်ပေါ်ဒေသ အမြင့်တွင်ရှိသောကြောင့်၎င်း၊ သူတို့၏မြို့တော်သည် သဘာဝ ကျောက်တောင်များဖြင့် အကာအကွယ်ရနေသောကြောင့်၎င်း ဖြစ်သည်။(၁း၁–၄)

၂. ဘုရားရှင်က ပရောဖက်အားဖြင့် ကြေညာသည်မှာ ဧဒုံမြို့တော်၏ ရှိသမျှ ဥစ္စာပစ္စည်းတို့သည် လုယက်ခြင်း ခံရမည့်ပြင်၊ အရပ်ရပ်သို့ သယ်ယူသွားခြင်း ခံရမည်။(၁း၄–၆)

၃. ဧဒုံ၏မိတ်ဆွေတို့သည် ဧဒုံ၏ရန်သူများ ဖြစ်လာကြမည်။(၁း၇)

၄. ဧဒုံ၏ပညာရှိတို့သည် ဖျက်ဆီးခြင်းခံကြရမည်။(၁း၈)

၅. ဧဒုံ၏ ခွန်အားကြီးသော တပ်ဖွဲ့တို့သည် မြို့တော်ကို မကာကွယ်နိုင် ဖြစ်ကြလိမ့်မည်။(၁း၉)

ခ၊ ၎င်းတို့၏ဘုရားကို ဆန့်ကျင်မှုများ (၁း၁၀–၁၆)

၁. သူတို့သည် သူတို့၏သွေးသား ညီ (ယာကုပ်၊ ဣသရေလ) ဒုက္ခရောက်၍ အကူအညီတောင်းခံချိန်၌ အကူအညီမပေးခဲ့ကြ။(၁း၁၀–၁၁) – (ယေရုရှလင်ကို တိုက်ခိုက်သကဲ့သို့ ဖြစ်နေသည်)

၂. သူတို့သည် ဣသရေလတို့၏ဒုက္ခကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။(၁း၁၂)

၃. သူတို့သည် ရန်သူဖမ်းသွား၍ ဣသရေလပြည် လူသူမဲ့ချိန် ဣသရေလပြည်ကို ဝင်ရောက်သိမ်းပိုက် လုယူကြ၏။(၁း၁၃)

၄. သူတို့သည် ဘေးအန္တရာယ်မှ ကိုယ်လွတ်ပြေးလာသူများကို လမ်း၌ ပိတ်ဆို့တားဆီး၍ ကျွန်အဖြစ် ဖမ်းဆီးခဲ့ကြပြန်သည်။(၁း၁၄)

ဂ၊ သူတို့ကို ဘုရားရှင် ဒါဏ်ခတ်တော်မူမည်။(၁း၁၅)

၂။ ယာကုပ်၏အိမ် –

ဘုရားရှင်က ပြန်လည်တည်ဆောက်ပေးသည်။ ( ဩဗဒိ ၁း၁၇–၂၁ )

က၊ ယာကုပ်အမျိုးသည် ဘေးဒုက္ခဆိုးကို၎င်း၊ ဘုရားရှင်၏ သွန်သင်ဆုံးမခြင်း အချို့ကို၎င်း ခံရပြီးလျှင်၊ နောင်တနေ့တွင် မိမိနေရာအရပ်သို့ ပြန်ရောက်၍ ဘုရားရှင်၏ကောင်းကြီးကို ခံရမည်။(၁း၁၇)

ခ၊ နောင်ကာလတွင် ဣသရေလတို့သည် ယခင်အခါက ပိုင်ဆိုင်ခြင်းမရှိသော နယ်မြေများကိုပင် ပိုင်ဆိုင်အုပ်ချုပ်ခွင့် ရကြလိမ့်မည်။ ထိုအထဲတွင် ဧဒုံပြည်လည်း ပါဝင်လိမ့်မည်။(၁း၁၈–၂၀)

ဂ၊ ထိုအနာဂတ် မိလေနီလနှစ် ၁၀၀၀ ကာလ၌ ယေရုရှလင်မြို့သည် ဧဒုံပြည်နှင့် ပဲတရမြို့ကို အုပ်ချုပ်သွားလိမ့်မည်။(၁း၂၁)

## ယောနဝတ္ထု
## (နိနေဝေမြို့သို့ရည်ညွှန်းသည်)

ယောနဝတ္ထုအားဖြင့် ဘုရားရှင်၏ လူအမျိုးမျိုးတိုင်းတို့အပေါ် ထားသော ချစ်ခြင်းမေတ္တာကို တွေ့မြင်နိုင်သည်။ ယောနကို ဂါလိလဲနယ် – – – – မြို့တွင်မွေးဖွား၍ ဗါဗုလုန်အနွယ်ဝင် ဖြစ်သည်။ သူသည် ယေရောဗောင်(၂) ဘုရင်လက်ထက်တွင် ပေါ်ထွန်းခဲ့သော ပရောဖက်ဖြစ်သည်။ ဖခင်၏အမည်ကား အမိတ္တဲဖြစ်သည်။ ယောနဝတ္ထုသည် သမ္မာကျမ်းစာကို ဝေဖန်ကဲ့ရဲ့ကြသော မယုံကြည်သူများ၏ အဝေဖန်အခံရဆုံး ကျမ်းတစောင်ဖြစ်သည်။ သို့သော် ဤကျမ်းသည် အမှန်ကန်ဆုံး ကျမ်းတစောင်ဖြစ်ကြောင်း အကိုးအကားအပြနိုင်ဆုံး ကျမ်း

ဖြစ်သည်။ ခရစ်တော်ယေရှုက မိမိ၏အသေခံခြင်း၊ သင်္ဂြိုလ်ခံရခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဤကျမ်းဖြင့် ဥပမာ ညွှန်းဆို ပြသခဲ့လေသည်။(မ ၁၂း၃၉–၄၁)

ဤအချက်ကိုကြည့်ခြင်းဖြင့် ယောနဝတ္ထုပါ အဖြစ်ပျက်များသည် အမှန်အကန်ဖြစ်ကြောင်း ဆင်ခြင်နားလည်နိုင်ပေသည်။ ယောနဝတ္ထုကို မယုံကြည်ကြသူများကား တန်ဘိုးမဲ့သော လူဆိုးများသာ ဖြစ်တော့မည်။ အဘယ်ကြောင့်ဆိုသော် ကျနုပ်တို့ဘုရားရှင်သည် ယောနကို ငါးကြီးဝမ်းထဲမှ ၃ ရက်အကြာတွင် နှုတ်ယူကယ်တင်နိုင်သကဲ့သို့ – သခင်ယေရှုခရစ်တော်ကိုလည်း သင်္ချိုင်းမှ ၃ ရက်အကြာတွင် ရှင်ပြန်စေခဲ့သည်။

## ၁။ ယောန၏ငြင်းဆန်ခြင်း

### ဘုရားရှင်၏စေခိုင်းချက်ကို ယောနငြင်းဆန်ခဲ့သည်။ အခဏ်းကြီး ( ၁ )

က၊ ဘုရားရှင်သည် ယောနအား နိနေဝေမြို့သို့သွား၍ ထိုမြို့သားတို့၏ ဆိုးသွမ်းမှုကို ဖေါ်ထုတ်ရှုံ့ချ၍ ဆုံးမရန် စေခိုင်းခဲ့သည်။(၁း၁)

ခ၊ ယောနသည် ထိုစေခိုင်းချက်ကို ငြင်းပယ်၍ သင်္ဘောလက်မှတ်ကိုဝယ်ပြီး သင်္ဘောစီးကာ တာရှုမြို့သို့ (စပိန်သို့) ပင်လယ်ခရီးဖြင့် ထွက်ပြေးလေသည်။(၁း၃)

ဂ၊ ဘုရားရှင်သည် ပင်လယ်၌ လေမုန်တိုင်းကို တိုက်စေတော်မူသဖြင့် လှိုင်းတံပိုးထကြွကာ ယောနစီးသည့်သင်္ဘော ပျက်မည့်အခြေသို့ ရောက်လေသည်။(၁း၄)

ဃ၊ သင်္ဘောသားများလည်း ကြောက်ရွံ့သဖြင့် မိမိတို့ဘုရားများကို အသီးသီး အော်ဟစ်ဆုတောင်းကြသည်။ သင်္ဘောဝန်ပေါ့ရန် သင်္ဘောပါ ကုန်ပစ္စည်းများကိုလည်း ပင်လယ်တွင်းသို့ ပစ်ချကြ၏။(၁း၅)

င၊ ထိုသို့ဖြစ်ပျက်နေချိန်တွင် ယောနသည် သင်္ဘောဝမ်းထဲ၌ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည်။ သင်္ဘောကပ္ပတိန်သည် ယောနကိုနှိုး၍ ယောနအား ယောန၏ဘုရားကို ရှိခိုးစေ၍ အသက်ဘေးမှ လွတ်စေရန် ဆုတောင်းခိုင်းခဲ့သည်။(၁း၅–၆)

စ၊ သို့သော်လည်း လေမုန်တိုင်းမငြိမ်၍ မျှော်လင့်ချက် ကင်းမဲ့လာချိန်၌ မည်သူ့အပြစ်ကြောင့် ဤကဲ့သို့ ဘေးအန္တရာယ်ကျရကြောင်း သိရန် မဲဖေါက်ကြရာ ယောနမဲပေါက်လေသည်။(၁း၇)

ဆ၊ ယောနသည်လည်း မိမိအမျိုးအကြောင်းကို၎င်း၊ မိမိဘုရားရှင်ထံ ပြစ်မှားခဲ့မှုများကို၎င်း၊ လူအများအားဖေါ်ပြ၍ မိမိအား ပင်လယ်အတွင်းသို့ ပစ်ချပါရန် ပြောဆိုခဲ့သည်။(၁း၈–၁၀)

ဇ၊ သင်္ဘောကပ္ပတိန်သည် ယောနပြောစကားကို ဂရုမပြုဘဲ သင်္ဘောကို ကြိုးစားကမ်းကပ်သော်လည်း မအောင်မြင်သဖြင့် နောက်ဆုံး ဘုရားရှင်ကိုတောင်းပန်၍ ယောနစေခိုင်းချက်အတိုင်း ယောနကို ပင်လယ်အတွင်းသို့ ပစ်ချလေသည်။(၁း၁၁–၁၅)

ဈ၊ ထိုသို့ပြုရာ ခဏခြင်းတွင် မုန်တိုင်းလည်းငြိမ်းလေသည်။ သင်္ဘောပါ သူများလည်း အံ့ဩ၍ ထာဝရဘုရားကို ချီးမွမ်းလေသည်။(၁း၁၅–၁၆)

ည၊ ယောနကို ငါးကြီး (ဘုရားရှင်စေလွှတ်သော ထူးဆန်းသောငါး) က မြိုလေ၏။(၁း၁၇)

## ၂။ ယောန၏ ဆုတောင်းခြင်း

### ( ဘုရားရှင်၏ ခွင့်လွှတ်ခြင်း ) အခန်းငယ် ( ၂ )

က၊ ညွှတ်တွား အသနားခံခြင်း (၂း၁–၈)

၁. ငါးဝမ်းထဲ၌ရှိစဉ် ယောနသည် စိတ်ပါလက်ပါ ဆုတောင်းလေသည်။(၂း၁–၉)

၂. အချို့ယုံကြည်သူများက ယောန၏ဆုတောင်းချက်များကို ကြည့်ခြင်းအားဖြင့် ယောနသည် အမှန်တကယ်သေဆုံးခဲ့သည်။ ထိုမှတဆင့် ဘုရားရှင်က ရှင်ပြန်စေခဲ့သည်ဟု နားလည်ကြသည်။(၂း၂၊ ၆၊ ၇) ထိုသို့ယူဆပါက ကျနုပ်တို့အဖို့ ငြင်းဆိုရန် အကြောင်းမရှိပါ။

၃. ယောနသည် မိမိအပြစ်ကိုစွန့်ပစ်၍ ဘုရားရှင်အမှုတော်ဆောင်ရန် မိမိဘဝကို ဘုရားရှင်ထံ ထပ်မံအပ်နှံခဲ့ပြန်သည်။(၂း၈–၉)

ခ၊ ခွင့်လွှတ်ခြင်း (၂း၉–၁၀)

၁. ယောန၏ဆုတောင်းချက် အဆုံးသတ်ရာ၌ သမ္မာကျမ်းစာတအုပ်လုံး၌ပါဝင်သော အဓိကဖေါ်ပြချက်ဖြင့် အဆုံးသတ်ခဲ့၏။ ၎င်းတို့မှာ –

– *ထာဝရဘုရား၏ ကျေးဇူးတော်ကြောင့် ချမ်းသာရပါသည်* – ဟူ၍ ဖြစ်သည်။(၂း၉)

၂. ငါးကြီးသည် ယောနကို ကုန်းပေါ်သို့ အန်ချထားခဲ့သည်။(၂း၁၀)

## ၃။ ယောန၏တရားဟောခြင်း

### ( ဘုရားရှင်၏တန်ခိုးတော်အားဖြင့် ဖြစ်သည် ) အခန်းကြီး ( ၃ )

က၊ သတိပေးခြင်း (၃း၁–၄)

– *အရက်လေးဆယ်လွန်သော် နိနေဝေမြို့သည် ပျက်စီးခြင်းသို့ ရောက်လိမ့်မည် – (၃း၄)*

ခ၊ ပြောင်းလဲခြင်း (၃း၅–၉)

နိနေဝေမြို့သားတို့သည် ယောန၏သတိပေးချက်ကို နောင်တရ ပြောင်းလဲကြ၏။(၃း၅–၉)

၁. ဘုရားသခင်၏နောင်တ – ဘုရားရှင်၏ အလိုတော်ပြောင်းလဲမှုကို ဆိုလိုခြင်းဖြစ်သည်။ (ကမ္ဘာ ၆း၆၊ ထွက် ၃၂း၁၄၊ ၂ရာ ၂၄း၁၆)

## ၄။ ယောန၏ မျက်နှာထားသုန်မှုန်ခြင်း
## ( ဘုရားသခင်၏ သနားခြင်း ) အခန်းကြီး ( ၄ )

က၊ နိနေဝေမြို့ကို နာမလို၊ သဝန်တိုမှု (၄း၁–၅)

၁. အထက်ပါကျမ်းပိုဒ်အားဖြင့် (၂ရာ ၁၁၊ ၃ရာ ၁၉၊ က ၉၊ ၁၃) စသည်တို့ကို ကြည့်ခြင်းဖြင့် သမ္မာကျမ်းစာသည် လူရေးသောစာမဟုတ်၊ ဘုရားရှင်ရေးသောစာဖြစ်ကြောင်း သိနိုင်ပေသည်။ လူရေးသောစာဖြစ်ပါက ရေးသူများသည် မိမိတို့အပြစ်၊ အမှားအယွင်းများကို ဖေါ်ပြရေးသားမည် မဟုတ်ပေ။ သမ္မာကျမ်းစာ၌ ရေးသူ၏အမှားများကို ဖေါ်ပြထားခြင်းကို ကျနုပ်တို့တွေ့ရသောကြောင့် ဘုရားရှင်ရေးခဲ့သည်ကို ကျနုပ်တို့သိရှိနိုင်ပေသည်။ ယောနသည် ဣသရေလလူမျိုး ဖြစ်သဖြင့် တပါးအမျိုးသားတို့၏ နိနေဝေမြို့အား ဘုရားရှင်ဒါဏ်ခတ်သည်ကို တွေ့မြင်လိုသည်။ သို့သော် နိနေဝေမြို့သားတို့ ပြောင်းလဲခြင်းကြောင့် ဘုရားရှင်ဒါဏ်မခတ်ဘဲ အမျက်တော်ကို ရုပ်သိမ်းသဖြင့် ယောနသည် နိနေဝေမြို့အပေါ် နာမလို သဝန်တိုလျက်ရှိသည်။

၂. ယောနသည် ဘုရားရှင်၏ ကျေးဇူးတော်၊ သနားခြင်းနှင့် ကောင်းမြတ်ခြင်းများအပေါ် စိတ်မသက်မသာ ဖြစ်ရသည့်အဆုံး – အောက်ပါအတိုင်း ဘုရားထံ တလွဲဆုတောင်းခဲ့သည်။

– *အိုထာဝရဘုရား အကျွန်ုပ်အသက်ကို နှုတ်ယူတော်မူပါ။ အကျွန်ုပ်အသက်ရှင်ခြင်းထက် သေခြင်းသည် သာ၍ကောင်းပါသည်ဟု တောင်းလျှောက်လေ၏ – (၄း၃)*

ခ၊ ကြက်ဆူပင်အောက်မှ သင်ကြားနာယူရမှု (၄း၅–၁၁)

၁. ယောနသည် အမျက်ထွက်လျက် မြို့ပြင်၌ အမိုးတဲထိုး၍ ထိုအမိုးအောက်၌ ထိုင်နေသည်။(၄း၄–၅)

၂. ဘုရားရှင်သည် ကြက်ဆူပင်ကို သူ့အပေါ်၌ လွှမ်းမိုးရိပ်စေတော်မူသဖြင့် ယောန အပူဒါဏ်မှ သက်သာ ပျော်ရွှင်ရလေသည်။(၄း၆)

၃. သို့သော် ဘုရားရှင်သည် ထိုကြက်ဆူပင်ကို ပိုးကိုက်၍သေစေရာ ကြက်ဆူပင်သေလေသည်။(၄း၇)

၄. တဖန် ဘုရားရှင်သည် အလွန်ပူသော အရှေ့လေတိုက်စေရာ ကြက်ဆူပင်လည်း မရှိသည်ဖြစ်၍ ယောနသည် အလွန်ပူသောဝေဒနာကို ခံစားရလေသည်။(၄း၈)

၅. ယောနသည် ကြက်ဆူပင်ကို နမြောတမ်းတ၍ ထိုကြက်ဆူပင်ကိုသေစေသော ဘုရားရှင်ကို နားမလည်နိုင်အောင် ဖြစ်ရသည်။ ထိုအခါ ဘုရားရှင်က ယောနကို အောက်ပါအတိုင်း ဆုံးမသွန်သင်ခဲ့သည်။

– *ထာဝရဘုရားကလည်း သင်သည် ပင်ပန်းစွာမလုပ်၊ ကြီးပွါးစေခြင်းငှါ မပြုစု၊ တညဥ့်ခြင်းတွင်ပေါက်၍ တညဥ့်ခြင်းတွင်သေသော ကြည်ဆူပင်ကို နမြောသည်တကား။ ငါသည် များစွာသော တိရစ္ဆာန်တို့ကိုမဆို ကိုယ်လက်ျာလက်နှင့် လက်ဝဲလက်ကိုမျှ ပိုင်းခြား၍မသိသောသူ တသိန်းနှစ်သောင်းမက လူများသော နိနေဝေမြို့ကြီးကို ငါနမြောသင့်သည် မဟုတ်လောဟု မိန့်တော်မူသည် – (၄း၁၀–၁၁)*

## မိက္ခာအနာဂတ္တိကျမ်း
## တောင်ပိုင်းဣသရေလ (ယုဒ) သို့ရေးသားချက်

မိက္ခာသည် ယုဒပြည် မောရရှစ္စာသားဖြစ်သည် (၁း၁)။ သူ့မိသားစုနှင့် အတ္တုပတ္တိကို သေချာစွာမသိရသော်လည်း သူသည်မောရရှစ္စာသား ဖြစ်သည့်အချက်ကိုမူ သေချာစွာသိရ၏ (မိက္ခာ ၁း၁၊ ယေရမိ ၂၆း၁၈)။ သူသည် ဟေရှာယနှင့်တချိန်တည်း ပေါ်ထွန်းခဲ့သူဟု ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယုဒဘုရင် ယောသံ၊ အာခတ်၊ ဟေဇကိ တို့လက်ထက်ဟု ဖော်ပြထားသောကြောင့် ဖြစ်သည်။(ဟေရှာ ၁း၁၊ မိက္ခာ ၁း၁)
(၄း၁–၈) ၌ မိက္ခာက ပရောဖက်ပြုခဲ့သည်မှာ များစွာသောသူတို့သည် – – – – – – – – – – – –

## ၁။ အပြင်ဘက်သို့ရှုမြင်ခြင်း၊ မိက္ခာ၏ ပုဂ္ဂလိကဟောကြားချက် ( ၁ – ၆ )

က၊ ဣသရေလလူမျိုးအပေါ်သို့ ကျရောက်မည့် ဘုရားရှင်၏အမျက်တော်ကို ကြေငြာခြင်း (၁း၃)

၁. ပထမဟောပြောချက် (၁)

က– ဘုရားရှင်ကိုယ်တော်တိုင် မကြာမြင့်မီ ရှမာရိမြို့နှင့် ယေရုရှလင်မြို့တို့အပြစ်များကို တွေ့ရှိသောကြောင့် ဣသရေလလူမျိုးတို့ကို တရားစီရင်မည့်အကြောင်း ပြန်ကြားသည်။(၁း၁–၅)
(မြင့်မြေ – ဣသရေလ၊ နင်းခြင်း – ဒါဏ်ခတ်ခြင်း၊ ရှမာရိ – မြောက်ပိုင်းမြို့တော် ရုပ်ထုကိုးကွယ်၊ ယေရုရှလင် တောင်ဘက်မြို့တော်သည်လည်း ထိုနည်း၎င်း)

ခ– ရှမာရိမြို့သည် လုံး၀ အဖျက်ဆီးခံရမည်။(၁း၆)

ဂ– ရန်သူများတို့သည် ယေရုရှလင် မြို့တခါးသို့တိုင်အောင် ရောက်ရှိလာလိမ့်မည်။(၁း၉)
(နေဗုခဒ်နေဇာ ယေရုရှလင်အား ဖျက်ဆီးမည်ကို ရည်ညွှန်းသည်)

၂. ဒုတိယဟောပြောချက် (၂)

က– ဘုရားရှင်က ညအချိန်တွင် အစီအစဉ်ရေးဆွဲပြီး၊ နေ့ဘက်တွင် ထိုအစီအစဉ်အတိုင်း ဒုစရိုက်ပြုလုပ်သူတို့ကို အပြစ်တင်ခြင်း (၂း၁)

ခ– ဣသရေလတို့ခံရမည့် အပြစ်ဒါဏ်သည် ၎င်းတို့၏ဘုရင်အစစ် မေရှိယ(ခရစ်တော်) ဒုတိယအကြိမ်ကြွလာ (ခရစ်တော်အုပ်ချုပ်မည့်နှစ် ၁၀၀၀) ၌ ရန်သူတို့၏ တံခါး၀များမှ ကယ်ထုတ်ပြီး သူတို့၏တိုင်းပြည်သို့ ပြန်အပ်ချိန်မှ ပြီးဆုံးလိမ့်မည်။ (ဗာဗုလုန်၊ မီဒိုပါရှား၊ ဂရိ၊ ရောမလက်အောက်ကျခဲ့၍ ၁၉၄၈ ခု ဣသရေလနိုင်ငံ ရပြန်တော့လည်း ရန်သူပိုင်း၍ ဘုရင်မဲ့၊ ဗိမာန်တော်မဲ့ဘ၀ဖြင့် ဒါဏ်ခတ်ထားခဲ့၏) (ရုပ်ထုကိုးကွယ်ခဲ့သောကြောင့်) (၂း၁၃)

၃. တတိယဟောပြောချက်

က– ဣသရေလခေါင်းဆောင် (မင်းများ၊ မှားယွင်းသောပရောဖက်များ) တို့သည် ဘုရားရှင်၏ဒါဏ်ခတ်ခြင်းကို ခံရမည်။ သူတို့သည် အမှားအမှန်ကို တပါးသူထက် ပိုသိသောသူ ဖြစ်ကြသော်လည်း တပါးသူထက် ပို၍ အမှားကို ကျူးလွန်သောကြောင့် ဖြစ်သည်။(၃း၁–၇)

ခ– ထိုအချိန်တွင် တဦးတည်းသာရှိသော မည်သည့်ပရောဖက်နှင့်မျှမတူသော ပရောဖက်မိက္ခာသည် – *<u>ယာကုပ်အမျိုးလွန်ကျူးခြင်း၊ ဣသရေလအမျိုး ပြစ်မှားခြင်းကို သူတို့အား ဘော်ပြနိုင်မည်အကြောင်း ထာ၀ရဘုရား၏ ၀ိညာဉ်တော်အားဖြင့် အရှိန်တန်ခိုး၊ ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံ၏ – (၃း၈)</u>*

ဂ– ထိုမှားယွင်းသော ပရောဖက်များကြောင့် ယေရုရှလင်မြို့သည် နောင်အချိန်၌ မြေပုံအဖြစ်သို့ ရောက်ရလိမ့်မည်။ လယ်ကဲ့သို့ ထွန်ခြင်းခံရမည်။ ဗိမာန်တော်သည် တောတောင်ကဲ့သို့ ဖြစ်လိမ့်မည်။(၃း၁၂) (ဗါဗုလုန်တိုက်ခြင်းကို ရည်ညွှန်းသည်)

ခ၊ ဘုရားရှင်သည် ဣသရေလနိုင်ငံကို ဒါဏ်ခတ်ဆုံးမပြီးချိန် နောက်ဣသရေလနိုင်ငံကို တဖန် သာယာ၀ပြောစေမည်။(၄ – ၅)

၁. ထို အသစ်တဖန် သာယာ၀ပြောလာမည့် သက္ကရာဇ်အဆင့်ဆင့် –

က– ယုဒပြည်သည် အနှစ် ၇၀ ဗါဗုလုန်၏ ဖမ်းဆီးသွားမှုကို ပထမဆုံးခံရမည်။(၄း၁၀)
မှတ်ချက်။ ။အံ့သြဖွယ်ကောင်းသည်မှာ မိက္ခာပရောဖက်ပြုချိန်၌ ဗါဗုလုန်နိုင်ငံမှာ နိုင်ငံငယ်လေးအဆင့်တွင်သာ ရှိသည်။ ထိုအချိန်က အင်အားကြီးနိုင်ငံမှာ ဆီးရီးယားသာ ဖြစ်၏။

ခ– ယုဒဘုရင် မေရှိယ (ခရစ်တော်) သည် ဗက်လင်မြို့၌ ဖွားမြင်လိမ့်မည်။(၅း၂)

ဂ– ဘုရားရှင်က ဣသရေလတို့အား မျှော်လင့်ချက်ပေးထားသည်မှာ သူတို့သည် ခေတ္တသာ ပယ်ရှားခံရသော လူမျိုးဖြစ်၍ ဒုက္ခခက်ခဲရာ ၇ နှစ် ဘုရားရှင်၏ဝိညာဉ်တော် ပြန်လည်ကျိန်း၀ပ်ချိန်၌ ထိုဖယ်ရှားခံရမှု ပြီးဆုံးလိမ့်မည်။(၅း၃)
(ဒုက္ခခက်ခဲရာ ၇ နှစ်၌ ကမ္ဘာသားတို့သည် ဣသရေလကိုမုန်း၍ အများကို သတ်ကြမည်ဖြစ်သော်လည်း အချို့မှာ ထိုအန္တရာယ်မှ လွတ်ကြလိမ့်မည်)

ဃ– များစွာသောလူမျိုးတို့သည် စုပေါင်း၍ အာမဂေဒုန်အရပ်၌ ဣသရေလကို ဆန့်ကျင်ဘက် ပြုကြမည်။(၄း၁၁)

င– ထို ဣသရေလ ဆန့်ကျင်သူများတို့သည် ဖျက်ဆီးခြင်းခံရမည်။(၅း၁၅)

၂. နောက်ဆုံးတွင် ဣသရေလသည် ပြန်လည်စည်ပင် ဝပြောလာမည်။(၄း၁–၆) (သာယာသောနှစ် ၁၀၀၀)

ဂ၊ ဣသရေလတို့၏ နောင်တရ၍ တောင်းပန်ချက် (၆) (၆း၃–၈)

၁. ဘုရားရှင်၏ ဣသရေလအပေါ် အတိတ်ကချီးမြှောက်ခဲ့မှု (၆း၁–၅)

၂. ဣသရေလတို့၏ ဘုရားရှင်ကို ဆန့်ကျင်ခဲ့မှု (၆း၁၆)

၃. ဘုရားရှင်၏ ဣသရေလတို့အပေါ် ဒါဏ်ခတ်ခဲ့မှု (၆း၁၄–၁၅)

## ၂။ အတွင်းဘက်ကိုကြည့်မြင်ခြင်း၊ ပရောဖက်မိက္ခာ၏ ဆင်ခြင်သုံးသပ်ချက်

ထိုအချိန်၌ ဣသရေလပြည် ဗယုတ်သုက္ခဖြစ်လိမ့်မည်။(၇း၁–၆)

## ၃။ အပေါ်ဘက်သို့ရှုမြင်ခြင်း၊ ပရောဖက်မိက္ခာ၏ အသနားခံဆုတောင်းချက်( ၇း၇–၂၀ )

က၊ သူ၏ သံမိဋ္ဌါန်ဖြင့် ဘုရားကိုဆုတောင်းမှု –

၁. သူသည် အနာဂါတ်ကယ်တင်ခြင်းကို မျှော်လင့်နေသည်။(ယေရှု) (၇း၇၊ ၈၊ ၁၀–၁၇)

၂. သူသည် ဘုရားရှင်၏ ဆုံးမမှုကို ခံနိုင်ရည်အပြည့် ရှိခဲ့သည်။(၇း၉)

ခ၊ သူသည် ဘုရားရှင်ကို ရုပ်လုံးပေါ်အောင် ချီးမွန်းခဲ့သည်။(၇း၁၈–၂၀)

– *အပြစ်မှ လွှတ်တော်မူထသော ကျန်ကြွင်းသော အမွေတော်လူတို့၏ လွန်ကျူးခြင်းများကို သည်းခံတော်မူထသော၊ ကရုဏာ၌ မွေ့လျော်သောကြောင့် အစဉ် အမျက်ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရား ရှိပါသနည်း။ ကိုယ်တော်သည် အကျွန်ုပ်တို့ကို တဖန်သနား၍ အကျွန်ုပ်တို့၏ ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏ အပြစ်အလုံးစုံတို့ကို နက်နဲသော ပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်။ ရှေးကာလမှစ၍ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသည်အတိုင်း ယာကုပ်၌ သစ္စာစောင့်ခြင်း၊ အာဗြဟံအား ကရုဏာကျေးဇူး ပြုခြင်းကို စီရင်တော်မူလိမ့်မည်* –

# နာဟုံအနာဂတ္တိကျမ်း
## (နိနေဝေမြို့သို့ရည်ညွှန်းသည်)

နာဟုံသည် ဧလကောရှရွာသားဖြစ်သည် (၁း၁)။ ထိုရွာသည် ဣသရေလပြည် ဂါလိလဲနယ်မှ ဖြစ်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ဂါလိလဲပြည်နယ်ရှိ ကပေရနောင်မြို့၏ အဓိပ္ပါယ်မှာ "နာဟုံ၏ရွာ" ဟု အဓိပ္ပါယ်ရသောကြောင့်ဖြစ်၏။ (နာဟုံ၏အဓိပ္ပါယ်မှာ နှစ်သိမ့်ခြင်း)

ဤကျမ်းစာ၏ အဓိကအကြောင်းအရာမှာ နိနေဝေမြို့ ဖျက်ဆီးခံရမည့်အကြောင်း သတိပေးခြင်းဖြစ်သည်။ ဘီစီ ၇၃၁ က ရေးခဲ့ခြင်းဖြစ်သည်။ ပရောဖက်ယောန ပရောဖက်ပြုပြီး နှစ် ၇၀ အကြာတွင်ဖြစ်သည်။ ယောန ပရောဖက်ပြုချိန်၌ နိနေဝေမြို့သားတို့သည် နောင်တရ၍ အသစ်ပြုပြင် ပြောင်းလဲခဲ့ကြသော်လည်း နောက်ပိုင်း တွင် ပြန်လည်ဖေါက်ပြန် ပျက်စီးခဲ့ကြပြန်သည်။ သို့ဖြစ်၍ နာဟုံ ပရောဖက်ပြုခဲ့ပြီး အနှစ် ၁၀၀ အကြာတွင် နိ နေဝေမြို့ ဖျက်ဆီးခံခဲ့ရသည်။ ဘီစီ ၆၀၀ ခန့်တွင် ဘုရင်နှင့် ဆိုင်းရပ်ဘုရင်တို့က နိနေဝေမြို့ကို ဖျက် ဆီးပစ်ခြင်းဖြင့် နာဟုံ၏ပရောဖက်ပြုချက် ပြည့်စုံခဲ့ရသည်။ သူတို့၏ အဓိကအပြစ်မှာ ဣသရေလကို အဓမ္မ အနိုင်ကျင့်သောကြောင့်ဖြစ်သည်။

## ၁။ ဘုရားရှင်၏ အောင့်အီး သီးခံနေရမှု ( နာဟုံ ၁း၁–၈ )

– *ထာဝရဘုရားသည် သနားတတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော၊ စိတ်ရှည်၍ ကရုဏာကြွယ်ဝသော သဘော ရှိတော်မူ၏ – (ဆာ ၁၀၃း၈)*

နှစ်ပေါင်း ၅၀၀ ခန့်ကြာသည့်တိုင် နိနေဝေနှင့် အဆီးရီးယားသည် အနောက်အာရှတွင် ကြောက်မက်ဖွယ် အင်အားကြီး နိုင်ငံများအဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။ ဘုရားရှင်သည် ၎င်းတို့ပြုသော ဒုစရိုက်ကို နှစ်ပေါင်း ရာချီတိုင်အောင် အောင့်အီး သီးခံ စောင့်ကြည့်ခဲ့ပေသည်။ သို့သော် တနေ့တွင်ကား အပြစ်ဒါဏ်ခတ်ခြင်း မလွဲမသွေ ပြုခဲ့ရပေသည်။

## ၂။ သနာခရိပ်မင်း၏ မာနထောင်လွှားမှု ( ၄ရာ ၁၈း၁၃ ) ( နာဟုံ ၁း၉–၁၄ )

– *ထာဝရဘုရားတဘက်၌ မကောင်းသောအကြံကိုကြံစည်သော အဓမ္မ တိုင်ပင်အမတ်သည် သင့်အထဲက ပေါ်လာပြီ – (၁း၁၁)*

အဆီးရီးယားဘုရင် သနာခရိပ်မင်းသည်၊ ယုဒပြည်သို့တိုက်ခိုက်ရာ ဘီစီ ၇၀၁ တွင် မြို့တော် ယေရုရှလင်ကို ဝန်းရံမိသည်။ သို့သော် ယေရုရှလင်မြို့တံခါးအနီးတွင် ၎င်း၏တပ်များ ချေမှုန်းခံရပြီး ၎င်းကိုယ်တိုင်လည်း နောက်ပိုင်းတွင် အသတ်ခံခဲ့ရသည် (၄ရာ ၁၈း၁၃၊ ၁၉း၃၅–၃၇)။ သနာခရိပ်မင်းသည် ယေရုရှလင်တိုက်ပွဲမှအပြန် နိနေဝေမြို့ကို တည်ထောင်ခဲ့သည်။

ထိုမြို့ကို သနာခရိပ်မင်းသည် ခမ်းနားစွာ တည်ထောင်ခဲ့သည်။ အလျား ၆၀၀၊ အနံ ၆၃၀ ရှိသော နန်းတော်ကို လှပစွာ တည်ဆောက်ခဲ့သည်။ ထိုနန်းတော်၌ အခန်းပေါင်း ၈၀၀ ခန့်ပါရှိ၍ အနုစိတ်လက်ရာများဖြင့် မွမ်းမံထားခဲ့သည်။

## ၃။ ယုဒပြည်သို့ ဂတိပေးထားမှု ( နာဟုံ ၁း၁၅ )

– *ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သိတင်းစကားကို ကြားပြောသောသူ၏ ခြေတို့ကို တောင်ပေါ်မှာကြည့်ကြလော့။ အိုယုဒအမျိုး သင်၏ဓမ္မပွဲကို ခံလော့။ သစ္စာဂတိထားသည်အတိုင်း သစ္စာဝတ်ကို ဖြေလော့။ အဓမ္မလူသည် ရှင်းရှင်းပယ်ဖြတ်ခြင်းကို ခံရသောကြောင့် နောက်တဖန် သင့်ကို မကျော်မနင်းရ –*

ယုပြည်သည် ထိုသူအား နောက်တဖန် မကြောက်ရွံ့စေရ။

## ၄။ နိနေဝေမြို့သို့ ဒါဏ်ခတ်အပြစ်ပေးမှု ( နာဟုံ ၂ – ၃ )

ကၢ နောက်ပိုင်းတွင် ကြောက်မက်ဖွယ်ရာ ဘေးဒါဏ်သည် နိနေဝေမြို့ပေါ်သို့ ကျရောက်ခဲ့သည် (၃း၁၁–၁၉)။ နာဟုံက နိနေဝေအား နော်မုန် (ဇ သီးဗီး) မြို့နှင့် ပုံနှိုင်းခဲ့သည် (၃း၈)။ ထိုနောမုန်မြို့သည် မဟာအီဂျစ်ပြည်၏ အထက်ပိုင်းမြို့တော် ဖြစ်သည်။ မည်သူမျှ သူတို့ကို မအောင်နိုင်ကြ။ သို့သော်လည်း ယေရမိ၏ပရောဖက်ပြုချက် (၄၆း၂၅) နှင့် ယေဇကျေလ၏ပရောဖက်ပြုချက် (၃၀း၁၄–၁၆) အတိုင်း အဆီးရီးယားဘုရင် ဆာရုန်၏လက်ချက်ဖြင့် ပျက်စီးခဲ့ရသည်။ ယ္ခု နိနေဝေမြို့လည်း ထိုအတိုင်းဖြစ်လိမ့်မည်။

ခၢ ၎င်းတို့ ဒါဏ်ခပ်ခံခဲ့ရသော ၎င်းတို့၏အပြစ်များ –

၁. လူ့အသက်ကိုသတ်ခြင်း (၃း၁)
၂. လိမ်ညာလှည့်ဖြားခြင်း (၃း၁)
၃. မကောင်းဆိုးဝါးဖြင့် ပြုစားခြင်း၊ မတရားမေထုန် ပြုခြင်း (၃း၄)
၄. မာနကြီး၍ လောကကိုတပ်မက်ခြင်း (၃း၁၆)

ဂၢ ၎င်းတို့ခံကြရမည့် အပြစ်ဒါဏ်များ

၁. လုယက်ခြင်းအမျိုးမျိုး ခံရမည်။(၂း၉)
၂. မြင်းရထားများ မီးရှို့ခံရမည်။(၂း၁၃)
၃. ရန်သူ၏ လှောင်ပြောင်သရော်ခြင်း ခံရမည်။(၃း၆၊ ၇၊ ၁၉)
၄. စစ်သည်များ အသတ်ခံရမည်။(၂း၁၃)
၅. အလောင်းများ တောင်လိုပုံလိမ့်မည်။(၃း၃)
၆. ကမ္ဘာနှင့်ကမ္ဘာသားများက ထိုမြို့ကို မေ့ပျောက်သွားကြလိမ့်မည်။(၃း၁၇)

ဃၢ ၎င်းတို့ ဒါဏ်ခတ်ခံခဲ့ရသော အကြောင်းအရင်း –

– *ထာဝရဘုရားသည် ယုံလွယ်၍ ဒဏ်ပေးသောဘုရား ဖြစ်တော်မူ၏ – (၁း၂)*

ဘုရားရှင်သည် ထိုမြို့ကို အရာ ၂ မျိုးဖြင့် ဖျက်ဆီးခဲ့သည်။ ၄င်းတို့မှာ –
၁. တီးဂရစ်မြစ်ရေဖြင့် လွှမ်းမိုးစေသည်။(၁း၈၊ ၂း၆)
၂. မေဒီနှင့် ဗါဗုလုန် တပ်ပေါင်းစုလက်ချက်ဖြင့် ဖျက်ဆီးသည်။(၂း၁)

# ဟာဗက္ကုတ်အနာဂတ္တိကျမ်း
## (ယုဒ – တောင်ပိုင်းဣသရေလပြည်သို့ ဦးတည်ရေးသားချက်)

ပရောဖက်ဟာဗက္ကုတ်နှင့် ပါတ်သက်၍ သူသည် ဣသရေလအမျိုး မည်သည့်အုပ်စုမှ ဖြစ်သည်၊ သူ့ကို ဘယ်အရပ်မှာမွေးဖွားသည်၊ ဤကျမ်းစာကို မည်သည့်ခုနှစ်တွင် ပရောဖက်ပြုသည် စသည်တို့ကို ဂဃဏန သေချာစွာ မသိရချေ။ ဤအနာဂတ္တိကျမ်းစာ၌ သူ့အမည်ကို (၁း၁ နှင့် ၃း၁) တွင် ၂ နေရာသာ မြင်ရ၏။ သူ၏ပရောဖက်ပြုချက်သည် ယုဒပြည် (တောင်ပိုင်းဣသရေလ) နိုင်ငံကို ဗါဗုလုန်မှ လာရောက်တိုက်ခိုက် ဖျက်ဆီးသော ဘီစီ ၆၀၅ မတိုင်မီ ရေးခဲ့သည်ကိုသာ မှန်းဆ သိရှိနိုင်ပေသည်။ အနာဂတ္တိကျမ်း နောက်ဆုံးပိုဒ်များတွင် ဘုရားရှင်၏ ဂုဏ်တော်ကိုချီးမွမ်းသော သီချင်းများကို တွေ့ရသည်။(၁ – ၂)

### ၁။ သံသယများ

က၊ ဟာဗက္ကုတ်၏မေးခွန်း –

ကိုယ်တော်သည် ကျနုပ်၏နိုင်ငံနှင့် အမျိုးသားတို့ကို ဖျက်ဆီးမည်လော။ ပရောဖက်သည် သူ၏ ယုဒ (ဣသရေလတောင်ပိုင်းသား) လူမျိုးများ တလွဲလုပ်ရပ်အပေါ် ဝမ်းနည်းကြေကွဲနေရသည်။

– *တရားသဖြင့် စီရင်ဆုံးဖြတ်ခြင်း မရှိပါ။ မတရားသောသူတို့သည် ဖြောင့်မတ်သောသူတို့ကို ဝိုင်းသောကြောင့် မတရားသဖြင့် စီရင်ဆုံးဖြတ်ကြပါ၏ – (၁း၄)*

ခ၊ ဘုရားရှင်၏အဖြေ –

– *ငါသည် ယုဒလူမျိုးများကို ဖျက်ဆီးပစ်မည်* – ထိုဖျက်ဆီးမှုသည် သင်ဟာဗက္ကုတ် အသက်ရှင်စဉ်အချိန်တွင်း၌ပင် ဖြစ်လိမ့်မည် (၁း၅–၁၁)။ ငါသည် ခါလဒဲ (ဗါဗုလုန်) နိုင်ငံသစ်ကို တည်ထောင်နိုးဆော်မည်။ ထိုခါလဒဲစစ်သည်တို့၏ အရည်အချင်း –
၁. သူတို့မြင်းသည် ကျားသစ်ထက် လျှင်မြန်ကြ၏။(၁း၈)
၂. သူတို့သည် ညဥ့်လှည့်လည်သော တောခွေးထက် ကြမ်းတမ်းကြ၏။(၁း၈)

ဂ၊ ဟာဗက္ကုတ်၏မေးခွန်း –

ကိုယ်တော်သည် ခါလဒဲအမျိုးသားများကိုရော ဖျက်ဆီးမည်လော။ ဟာဗက္ကုတ်သည် ဘာသာအယူမတူသူ ခါလဒဲများက ဘုရားရှင်၏သားသမီး သူ့လူမျိုးများကို အဘယ်ကြောင့်ဖျက်ဆီးခွင့် ဘုရားရှင်ပေးခဲ့သည်ကို နားမလည်နိုင်ခဲ့ချေ။ ထိုခါလဒဲတို့သည် ဘုရားကိုမကိုးကွယ်သော အပြစ်ရှိ ဆိုးသွမ်းသူများ ဖြစ်ကြသည်။(၁း၁၂–၁၇)

– *ကိုယ်တော်သည် ဒုစရိုက်ကို ကြည့်ရှုတော်မမူ။ သန့်ရှင်းသောမျက်စိ ရှိတော်မူ၏။ အဓမ္မအမှုကိုကြည့်ရှု၍ နေတော်မမူတတ်ပါ။ သို့ဖြစ်၍ သစ္စာပျက်သောသူတို့ကို အဘယ်ကြောင့် ကြည့်ရှု၍ နေတော်မူသနည်း။ အဓမ္မလူသည် မိမိထက် ဖြောင့်မတ်သောသူကို ကိုက်စားသောအခါ အဘယ်ကြောင့် တိတ်ဆိတ်စွာ နေတော်မူသနည်း – (၁း၁၃)*

ဃ၊ ဘုရားရှင်၏အဖြေ –

– *ငါသည် သူတို့ကို ဘေးဒါဏ်ကျရောက်စေမည်* – ဟဗက္ကုတ်သည် ရဲတိုက်မျှော်စင်သို့တက်၍ ဘုရားရှင်ထံမှအဖြေကို စောင့်စားရာ မကြာမီ အဖြေရရှိလေသည် (၂း၁–၂)။

၁. ဘုရားရှင်သည် ခါလဒဲအမျိုးသားတို့ကို အမှန်တကယ် ပြန်လည်၍ ဆုံးမဒါဏ်ခတ်မည်။ သို့သော် ချိန်းချက်သောအချိန် ရောက်မှသာ ဖြစ်၏။(၂း၃)

၂. ဗါဗုလုန်သည် ၎င်းတို့၏အပြစ်များအတွက် တရားစီရင်ခြင်း ခံရမည်။(၂း၅၊ ၈၊ ၁၈–၂၀)

၃. ထိုအချက်များကို ဟဗက္ကုတ်သည် ယုံကြည်မှုအပြည့်ဖြင့် မျှော်လင့် စောင့်စားနေခဲ့သည်။(၂း၄)

## ၂။ ဟစ်အော်ကြွေးကြော်ခြင်း ( ၃ )

က၊ ပရောဖက်စိတ်နှလုံးမှ နိုးထမှု –

– *အိုထာဝရဘုရား အကျွန်ုပ်သည် ကိုယ်တော်၏ ဗျာဒိတ်တော်သံကိုကြား၍ ကြောက်ရွံ့ပါပြီ။ အိုထာဝရဘုရား ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင်တော်မူပါ။ ယခုနှစ်များအတွင်းတွင် ထင်ရှားစေတော်မူပါ အမျက်ထွက်တော်မူသော်လည်း ကရုဏာတရားကို အောက်မေ့တော်မူပါ – (၃း၂)*

(အထက်ပါအချက်သည် ဟဗက္ကုတ်၏ ဣသရေလနိုင်ငံ ပြန်လည်ကောင်းမွန် စည်ပင်လာရန် ဆုတောင်းသီချင်းဆိုခြင်း ဖြစ်သည်)

ခ၊ ဘုရားရှင်သည် ဟဗက္ကုတ်အား အားပေးရန် ဣသရေလနိုင်ငံ ပြန်လည်စည်ပင်လာမည့် အကြောင်းကို ဖွင့်ပြတော်မူ၏။ (အခန်းကြီး ၃ တခုလုံးသည် ခရစ်တော်အုပ်ချုပ်မည့် နှစ်ပေါင်း ၁၀၀၀ ကာလ၏ ရွှင်လန်းဝမ်းမြောက်ရာ အခြေအနေကို ဖော်ပြသည်) ဣသရေလတို့ ဗါဗုလုန်မှ ပြန်လာရစဉ်က ထိုပရောဖက်ပြုချက်အတိုင်း ရွှင်လန်းဝမ်းမြောက်ချိန် ဖြစ်ခဲ့ရသော်လည်း ကျမ်းစာပါအတိုင်း အပြည့်အစုံမဖြစ်ခဲ့။ အပြည့်အစုံ ဖြစ်ရမည့်အချိန်မှာ ခရစ်တော်အုပ်ချုပ်သည့် နှစ် ၁၀၀၀ မှသာ ဖြစ်လိမ့်မည်။

၁. ဘုရားရှင်သည် တေမန်မြို့မှ၎င်း၊ ပါရန်တောင်မှ၎င်း ကြွလာတော်မူမည်။ ဤအချက်ကိုကျွန်ုပ်တို့ သေချာစွာ နားမလည်နိုင်သော်လည်း အဖြစ်နိုင်ဆုံးမှာ ဒုက္ခခက်ခဲရာ ၇ နှစ်အချိန်တွင် ခရစ်တော်က ဣသရေလအမျိုးသားတို့အား လာရောက်ကူညီမည့်ကိစ္စ ဖြစ်နိုင်သည်။ (ဟေရှာ ၆၃း၁၊ ဗျာ ၁၂း၁၃–၁၇)

၂. ဘုရား၏ဘုန်းတော်သည် မိုးကောင်းကင်နှင့်မြေကြီးကို ဖုန်းအုပ်လျက်ရှိသည်။(၃း၃) (နှစ် ၁၀၀၀ ကာလ၌ဖြစ်သည်)

၃. ဘုရားရှင်၏လက်တော်မှ ရောင်ခြည်ထွက်လျက်ရှိသည်။(၃း၄) (နှစ် ၁၀၀၀ ကာလ)

၄. ဘုရားရှင်သည် ခေတ္တရပ်၍ မြေကြီးကိုစစ်ဆေးသည်။ လူအမျိုးမျိုးတို့အား ကိုင်လှုပ်သည်။ အမြဲရှိသောတောင်တို့ကို ချိုးဖဲ့၏။(၃း၆) (ဒုက္ခခက်ခဲရာကာလ၏ နောက်ဆုံးအချိန်များ)

၅. ဘုရားရှင်သည် မိမိလူမျိုးတို့ကို ကယ်တင်တော်မူ၏။(၃း၁၃) (ကယ်တင်၏ဟုဆိုရာ၌ ကာယအမြင်ဖြင့် ဣသရေလများ ဗါဗုလုန်မှ ပြန်ရောက်ချိန်ဟု ပြောနိုင်သော်လည်း ဝိညာဉ်အားဖြင့်မူ ခရစ်တော်အုပ်ချုပ်မည့် နှစ် ၁၀၀၀ ကို ဆိုလိုခြင်းဖြစ်သည်)

ဂ၊ ပရောဖက်ဟဗက္ကုတ်၏ ဝမ်းသာရွှင်လန်းမှု –

– *သို့သော်လည်း ထာဝရဘုရား၌ ငါဝမ်းမြောက်၍ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြုလျက် ရွှင်လန်းမည် – (၃း၁၈)*

ဃ၊ ပရောဖက်၏ခြေထောက်သည်လည်း အသစ်ပြုပြင်စီရင်ခြင်းခံရမည်။

– *အရှင်ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိ ဖြစ်တော်မူ၏။ ငါ့ခြေကို သမင်ခြေကဲ့သို့ဖြစ်စေ၍ ငါ၏မြင့်ရာ အရပ်ပေါ်မှာ ငါ့ကို နေရာချတော်မူမည် – (၃း၁၉)*

(အမှန်ဆုံးနေရာ၊ အမြင့်ဆုံးနေရာ၌ နေရမည်ကို ဆိုလိုသည်)

# ဇေဖနိအနာဂတ္တိကျမ်း
## (ယုဒပြည် – ဣသရေလပြည်တောင်ပိုင်းကို ရည်ညွှန်းသည်)

ဤသြဝါဒစာကို ဇေဖနိက ဘီစီ ၆၂၅ ၌ ရေးသားခဲ့သည်။ ထိုကာလသည် ယုဒပြည်၌ ယောရှိ မင်းပြုသောအချိန် (ဇေဖ ၁း၁) ဖြစ်သဖြင့် ဇေဖနိသည် ပရောဖက်ယေရမိနှင့် တပြိုင်တည်းပေါ်ထွန်း၍ တခေတ်ထဲတွင် အမှုတော်ဆောင်ကြသည်ဟု နားလည်နိုင်ပေသည် (ယေ ၁း၂)။ ဇေဖနိသည် အနာဂတ် မိမိအမျိုးနွယ်စာရင်းကိုပါ ဖော်ပြခဲ့ရာ ၎င်းသည် ဟိဇကိ၊ အာမရိ၊ ဂေဒလိ တို့မှဆင်းသက်သော ကုရှိ၏သား ဖြစ်ကြောင်းကို၎င်း၊ မိမိခေတ်

အခါတွင် အာမုန်၏သား ယောရှိ မင်းပြုအုပ်ချုပ်ကြောင်းကိုပါ တဆက်တည်း ဖော်ပြခဲ့သည်ကို တွေ့ရသည်။ သူ့ပရောဖက်ပြုချက်များ၌ ယေရုရှလင်မြို့သည် ဗါဗုလုန်လက်ချက်ဖြင့် ပျက်စီးရမည်။ ၎င်းနောက် အနာဂတ္တိ၌ ဘုရားရှင်၏နေ့ရက် ပေါ်ထွန်းလိမ့်မည်။ (ယေရှုခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာမည်ကို ဆိုလိုသည်) အာမဂေဒုန်စစ်ပွဲ ဖြစ်လိမ့်မည် စသည့်အကြောင်းအရာအများ ပါဝင်သည်။

## ၁။ ဆိုးဝါးသောနေ့

ပရောဖက်ဇေဖနိကြေညာသော တရားစီရင်ခြင်း (ဇေ ၁း၁ -- ၃း၈)

<u>က</u>၊ ဘုရားရှင်၏နယ်မြေသို့ ကျရောက်မှု -

၁. ထိုတရားစီရင်မှု၏ အသွင်အပြင် လက္ခဏာ

ဘုရားရှင်သည် ထိုနယ်မြေ၏ ရှိသမျှကို ဖျက်ဆီးတော်မူမည်။ လူ၊ ငှက်၊ ငါး မကျန် အကုန်ဖျက်ဆီးမည်။(၁း၂-၄)

၂. တရားစီရင်ရခြင်း၏ အကြောင်းအရာ

ယုဒပြည်သည် ဗာလဘုရားနှင့် မိလကုန်ဘုရားများကို ကိုးကွယ်၍ ထာဝရဘုရားကို စွန့်ပစ်သောကြောင့် ဖြစ်သည်။(၁း၅-၆)

၃. တရားစီရင်ခြင်း၏ အမည်နာမည်

ပရောဖက်က ထိုနေ့ကို "ဘုရားရှင်၏နေ့ရက်" ဟု ၇ ကြိမ်တိုင်တိုင် ဖော်ပြခဲ့သည်။ (၁း၇၊ ၈၊ ၁၄၊ ၁၈၊ ၂း၂၊ ၃)

၄. ထိုတရားစီရင်မှု၏ အာနိသင် (၁း၁၄-၁၈)

<u>ခ</u>၊ ဘုရားရှင်၏ရန်သူအပေါ်သို့ ကျရောက်မှု -

၁. ဖိလိတ္တိမြို့များ (၂း၄-၆) - ဣသရေလတို့၏ အနောက်ဖက်ရန်သူများ၊

၂. မောဘနှင့်အာမုန်ဒေသ (၂း၈-၁၁) - ဣသရေလတို့၏ အရှေ့ဘက်ရန်သူများ၊

၃. ကုရှ (အီသီယိုးပီးယား) (၂း၁၂) - ဣသရေလတို့၏ တောင်ပိုင်းရန်သူများ၊

၄. အဆီးရီးယားနှင့် မြို့တော် နိနေဝေ (၂း၁၃-၁၅) - ဣသရေလတို့၏ မြောက်ပိုင်းရန်သူများ၊

<u>ဂ</u>၊ ဘုရားရှင်၏မြို့တော်ပေါ်သို့ ကျရောက်မှု -

၁. လူတို့၏ ကြောက်ရွံ့အော်ဟစ်သံသည် ယေရုရှလင်မြို့တော် ငါးတံခါးမှစတင်၍ တံခါးတခုဆီမှ တခု ဆက်ကြားရကာ နောက်ဆုံး တမြို့လုံး ကြားရကြလိမ့်မည်။

၂. ဘုရားရှင်သည် မြို့၏ ချောင်ကြိုချောင်ကြားမကျန် မီးခွက်ဖြင့်ရှာဖွေ၍ အပြစ်ပြုသူအားလုံးကို ဖျက်ဆီးမည်။ (၁း၁၂-၁၃)

၃. ယေရုရှလင်မြို့၏ အပြစ်များ (၃း၁-၇)

## ၂။ ဝမ်းမြောက်ဖွယ်နေ့

ပရောဖက်ဇေဖနိကြေညာသော ဖြောင့်မတ်ခြင်း

<u>က</u>၊ ဘုရားရှင်၏ ရန်သူဖြစ်ခဲ့သူများအပေါ် ကျရောက်မှု (၃း၉-၁၀)

- <u>*အကယ်စင်စစ် လူမျိုးအပေါင်းတို့သည် ထာဝရဘုရား၏ အမှုတော်ကို တညီတညွတ်တည်း ဆောင်ရွက်မည်အကြောင်း၊ နာမတော်ကို ပဌနာပြုစေခြင်းငှါ သန့်ရှင်းသောဘာသာစကားကို သူတို့အား ငါပြန်ပေးမည်။ ကုရှပြည်၏ မြစ်တို့တဘက် အရပ်ရပ်၌ ကွဲပြားလျက်နေသော ငါ၏လူမျိုး သတို့သမီး၊ ငါ့ကို တောင်းပန်သောသူတို့သည် ငါ့အဘို့ ပူဇော်သက္ကာကို ဆောင်ခဲ့ကြလိမ့်မည်* -</u>

<u>ခ</u>၊ ဘုရားရှင်၏နယ်မြေအပေါ် ကျရောက်မှု (၃း၁၃)

- <u>*ကျန်ကြွင်းသော ဣသရေလအမျိုးသားတို့သည် မတရားသောအမှုကို မပြုရကြ။ မုသာမပြောရကြ။ သူတို့နှုတ်၌ လှည့်စားတတ်သောလျှာ မရှိရ။ အဘယ်သူမျှ မကြောက်စေဘဲ စားသောက်လျက် အိပ်လျက် နေရကြလိမ့်မည်* -</u>

<u>ဂ</u>၊ ဘုရားရှင်၏မြို့တော်ပေါ်သို့ ကျရောက်မှု (၃း၁၄-၂၀)

၁. ယေရုရှလင်မြို့သည် တဖန် ပြန်လည်ရွှင်မြူးခြင်းဖြင့် သီချင်းဆိုလိမ့်မည်။ မိမိတို့ဘုရင်အတွက် သီချင်း သီဆိုကြလိမ့်မည်။(၃း၁၄-၁၅)

၂. ဘုရားရှင်ကိုယ်တိုင် ထိုဝမ်းမြောက်ပွဲသီချင်းကို ဦးဆောင်ပေးလိမ့်မည်။(၃း၁၇)

# ဟဂ္ဂဲအနာဂတ္တိကျမ်း

ပရောဖက်ဟဂ္ဂဲသည် ဣသရေလလူမျိုးများ ဗါဗုလုန်နိုင်ငံမှ မိမိတို့နေရင်းဒေသသို့ ပြန်လည်ထွက်ခွါခွင့်ရ၍ ထွက်ခွါလာခဲ့ကြသောလူစု၌ မြို့ဝန် ဇေရုဗဗေလ၊ ယဇ်ပုရောဟိတ် ယောရှု တို့နှင့် အတူပါဝင်သည့် လူတဦးဖြစ်သည်။ ပရောဖက်ဟဂ္ဂဲ၏ အကြောင်းကို ဇေရမှတ်စာ (၅း၁၊ ၆း၁၄) ၌ တွေ့ရပေသည်။ သူ၏ ပရောဖက်ပြုချက်များမှာ – ဣသရေလလူမျိုးများအား ဘုရားရှင်၏ဗိမာန်တော်ကို တည်ဆောက်စေခြင်းကိစ္စ၊ အလှူဒါနပြုရခြင်းကိစ္စများ အဓိကအားဖြင့် ပါဝင်သည်။ ပရောဖက်ဟဂ္ဂဲသည် ပရာဖက်ဇာခရိ၊ မာလခိ စသည်တို့နှင့် တခေတ်တည်း ပေါ်ထွန်းခဲ့သူဖြစ်သည်။ ဘုရားရှင်သည် ပရောဖက်ဇာခရိကို ၅ ကြိမ် မှာကြားဆင့်ဆိုခဲ့သည်။ ထိုဆင့်ဆိုချက်များကို (၁း၁၊ ၁း၃၊ ၂း၁၊ ၂း၁၀၊ ၂း၂၀) ၌ တွေ့နိုင်ပေသည်။

## ၁။ ပြည်သူလူထု၏လက်သို့ ဗိမာန်တော်တည်ဆောက်ကြရန် ထာဝရဘုရား၏ အထူးဆင့်ဆိုချက် ( ဟဂ္ဂဲ ၁း၁–၁၅ )

ကၢ ပြည်သူလူထုသည် ဘုရားရှင်၏ဗိမာန်တော်ကို တည်ဆောက်ကြရန် ဘုရားရှင်ကနှိုးဆော်ခဲ့သည်။ ၁၅ နှစ်လုံးလုံး သူတို့သည် အကြောင်းအမျိုးမျိုးပြ၍ ဗိမာန်တော်ကို ပြီးစီးအောင် မတည်ဆောက်ခဲ့ကြပေ။ ၎င်းတို့၏ အကြောင်းပြချက်မှာ –

– *အချိန်မရောက်သေး၊ ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်ရသောအချိန် မရောက်သေး – (၁း၂)*

၎င်းတို့သည် မိမိတို့ဝိညာဉ်ရေးကို ထိုကဲ့သို့ ဦးစားမပေး၊ ဂရုမစိုက်ကြသောကြောင့် ဘုရားရှင်သည် သူတို့အား ကောင်းကြီးမင်္ဂလာ မပေးခဲ့ချေ။

ခ၊ ဘုရားရှင်က သူတို့အား အောက်ပါအတိုင်း အကြံပေးခဲ့၏။

– *တောင်ပေါ်သို့တက်သွား၍ သစ်သားကို ဆောင်ခဲ့ပြီးလျှင် အိမ်တော်ကို ဆောက်ကြလော့။ ငါသည်လည်း အားရ၍ ငါ၏ဘုန်းသည် ထင်ရှားလိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏ – (၁း၈)*

ဂ၊ မြို့ဝန် ဇေရုဗဗေလနှင့် ယဇ်ပုရောဟိတ် ယောရှုတို့သည် ဘုရားရှင်၏နှိုးဆော်ချက်ကို နားထောင်၍ ပြည်သူလူထုအား ဦးဆောင်ကာ ဗိမာန်တော်ကို တည်ဆောက်ကြသည်။(၁း၁၂–၁၅)

## ၂။ ပြည်သူလူထု၏စိတ်ထဲသို့ သီးခံစိတ်ရှည်ကြရန် ထာဝရဘုရား၏ ဆင့်ဆိုချက် ( ဟဂ္ဂဲ ၂း၁–၉ )

ကၢ ဣသရေလပြည်သူလူထုသည် ဗိမာန်တော်သစ်ကို တဖန်ပြန်လည်တည်ဆောက်ရန် အုတ်မြစ်ချကြသည်ကို ကျနုပ်တို့သိရပြီး ဖြစ်သည် (ဧဇရ ၃း၈–၁၃)။ ထိုသို့ အုတ်မြစ်ချ ပြန်လည်တည်ဆောက်ကြချိန်၌ အရင်ဗိမာန်တော်ဟောင်းကို မြင်ဘူးခဲ့သော အသက်ကြီးသူများသည် ဗိမာန်တော်ဟောင်းကို သတိရ၍ အောက်မေ့ငိုကြွေးကြသလို တဖက်မှလည်း ပြန်လည်တည်ဆောက်ခွင့် ရပြန်သောကြောင့် ဝမ်းသာပျော်မြူးကြသည်။ ထပ်မံတည်ဆောက်ကြသော ဗိမာန်တော်သည် ယခင် ရှောလမုန်ဘုရင်တည်ခဲ့သော ဗိမာန်တော်လောက် မလှပချေ (ဟဂ္ဂဲ ၂း၁–၄)။ အသစ်တည်ဆောက်သော ဗိမာန်တော်သည် ကြိုးစား၍ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားသော်လည်း ယခင် ရှောလမုန်ဘုရင်လက်ထက် ဗိမာန်တော်လောက် မလှပသဖြင့် ဝမ်းနည်းနေသူများကို ဝမ်းမနည်းဘို့ အားယူဘို့ဆင့်ဆိုရင်း နောင် အနာဂါတ် (မိလေနီလနှစ် ၁၀၀၀) ၌ အလွန့်အလွန်လှပသောဗိမာန်တော်ကို ဘုရားရှင် တည်ဆောက်ပေးမည်ဟု ဂတိပေးခဲ့သည်။(၂း၅–၉)

ခ၊ (၂း၆–၇) မှာ ဒုက္ခခက်ခဲရာကာလ ၇ နှစ်ကို ဆိုလိုခြင်းဖြစ်ပြီး (၂း၉) ၌ အလွန်လှပသောဗိမာန်တော်ကို မိလေနီလနှစ် ၁၀၀၀ ကာလတွင် ဘုရားရှင်တည်ဆောက်မည်ဖြစ်ရာ ထိုဗိမာန်သည် ယခင့် ယခင် ရှောလမုန်ဘုရင်လက်ထက် ဗိမာန်တော်ထက်ပင် သာလွန်လှပမည်ဖြစ်သဖြင့် သီးခံစောင့်စားကြရန် ပရောဖက်ဟဂ္ဂဲအားဖြင့် ဆင့်ဆိုခဲ့သည်။

### ၃။ ပြည်သူလူထု၏ခေါင်းထဲသို့ စဉ်းစားဆင်ခြင်ရန် ထာဝရဘုရား၏ဆင့်ဆိုချက် ( ဟဂ္ဂဲ ၂း၁၀–၂၃ )

က၊ ပြည်သူတို့၏ ညစ်ညူးသောလုပ်ရပ် (၂း၁၀–၁၇)။ ဘုရားရှင်သည် ဣသရေလပြည်သူလူထုသို့ အောက်ပါမေးခွန်း ၂ ရပ်ကို မေးတော်မူ၏။

၁. – *လူသည် သန့်ရှင်းသောအမဲသားကို မိမိအဝတ်နှင့်ထုပ်၍ ဆောင်ခဲ့လျှက် မုန့်၊ ဟင်း၊ စပျစ်ရည်၊ ဆီ အစရှိသော စားစရာတစုံတခုကို ထိုအဝတ်နှင့်ထိလျှင်၊ ထိုစားစရာသည်သန့်ရှင်းလိမ့်မည်လော – (၂း၁၂)*

(ဥပမာ – အဖေ အမေ ခရစ်ယာန်ဖြစ်၍ သားသမီးက အလိုအလျောက် ခရစ်ယာန် ဖြစ်လာနိုင်သလော၊ ခရစ်တော်တည်းဟူသော အပြစ်ခွင့်လွှတ်ရှင်ကို လက်မခံဘဲ ကောင်းမှုလုပ်ခြင်းဖြင့် ထာဝရအသက် ဝင်နိုင်သလော၊ ကယ်တင်ခြင်းကို ကိုယ်တိုင် လက်ခံခြင်းမရှိဘဲ တစုံတယောက်က လွှဲပေးခြင်းဖြင့် ရနိုင်သလော?)

အဖြေက – *မသန့်ရှင်းနိုင်* – ဟူ၍ ဖြစ်သည်။

၂. – *အသေကောင်အားဖြင့် မစင်ကြယ်သောသူသည် ထိုအရာတစုံတခုကို ထိလျှင် ညစ်ညူးခြင်း ရှိလိမ့်မည်လော – (၂း၁၃)*

အဖြေက – *ညစ်ညူးခြင်း ရှိလိမ့်မည်* – ဟူ၍ ဖြစ်သည်။

ဘုရားရှင်ဆိုလိုသည်မှာ အတိတ်ကာလက ဣသရေလ အမျိုးသားတို့၏ ဘုရားရှင်ကိုချစ်ခြင်း စသည့် ဖြောင့်မတ်မှုသည် ယခု ဘုရားရှင်ကိုစချစ်သော ဣသရေလ အမျိုးသားတို့အပေါ်သို့ အလိုအလျောက် အော်တိုမစ်တစ် အကျိုးသက်ရောက်မှုမရှိပါ။ မိမိကိုယ်တိုင် ဖြောင့်မတ်ခြင်းအမှုကို လုပ်ရမည်ဖြစ်သည်။ သို့သော် လက်ရှိ ပရောဖက်ဟဂ္ဂဲအချိန် ဣသရေလလူမျိုးများ လုပ်ဆောင်မည့် ဖြောင့်မတ်ခြင်းမှုကား ၎င်းတို့၏သားမြေးများကို နမူနာကောင်းအဖြစ် အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်သည်။ (အရက်သမားသား အရက်သမား ဖြစ်လွယ်သကဲ့သို့ ဖြစ်သည်)

ခ၊ ဘုရားရှင်၏ သတ်မှတ်ပြဋ္ဌာန်းချက် (၂း၁၇–၁၉)

ဘုရားရှင်က သင်တို့သည် ဗိမာန်တော်ကို ယခင်အချိန်ကတည်းက ဆောက်ကြလျှင် ငါသည် သင်တို့ကို ယခင်ချိန်ကတည်းက ဒါဏ်မခတ်ဘဲ ကောင်းကြီးပေးမည်ဖြစ်သည်။ သို့သော် ယခုချိန်မှ သင်တို့ဆောက်သောကြောင့် ယခုချိန်မှ ကောင်းကြီးမင်္ဂလာရကြသည်ဟု မိန့်တော်မူ၏။

ဂ၊ အနာဂတ်၌ (ဒုက္ခခက်ခဲရာကာလ ၇ နှစ်) ၌ ဣသရေလနိုင်ငံကို ဖျက်ဆီးမည့်သူများကို ဘုရားရှင် ဒါဏ်ခတ်တော်မူမည်။ (၂း၂၀–၂၂)

– *ငါသည် ကောင်းကင်နှင့်မြေကြီးကို လှုပ်မည်။ တိုင်းနိုင်ငံတို့၏ ရာဇပလင်များကို မှောက်လှန်၍ အမျိုးမျိုးသောတိုင်းနိုင်ငံတန်ခိုးကို ဖျက်ဆီးမည်။ ရထားနှင့် ရထားစီးသူရဲတို့ကိုလည်း မှောက်လှန်မည်။ မြင်းနှင့် မြင်းစီးသူရဲတို့သည် တယောက်ကိုတယောက် ခုတ်၍ လဲကြလိမ့်မည် – (၂း၂၁–၂၂)*

(ဟေဗြဲ ၁၂း၂၆၊ ဗျာ ၁၆း၁၈–၂၀ ရှု)

ဃ၊ ဇေရုဗဗေလသို့ ကတိပေးခြင်း (၂း၂၃)

– *အို ရှာလသေလသား ငါ့ကျွန်ဇေရုဗဗေလ ထိုအခါ သင့်ကိုငါယူ၍ တံဆိပ်လက်စွပ်ကဲ့သို့ ခန့်ထားမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ သင့်ကို ငါရွေးချယ်ပြီ –*

(ဇေရုဗဗေလသည် အနာဂါတ် ခရစ်တော်အုပ်ချုပ်မည့် နှစ် ၁၀၀၀ ၌ မြို့ဝန် သို့မဟုတ် ဝန်ကြီးချုပ်ကဲ့သို့သောသူ ဖြစ်လာလိမ့်မည်)

## ဇာခရိအနာဂတ္တိကျမ်း

ဤကျမ်းကိုရေးသူ ပရောဖက်ဇာခရိသည် ဗာရခိ၏သားဖြစ်၍ ပရောဖက် ဟဂ္ဂဲနှင့် တချိန်တည်းပေါ်ထွန်းခဲ့သူဖြစ်သည် (ဧဇရ ၅း၁/၆း၁၄)။ ထိုအချိန်ကာလသည်ကား ဣသရေလလူမျိုးများ ဗါဗုလုန်လက်အောက်မှ လွတ်မြောက်လာ၍ ယေရုရှလင်မြို့နှင့် ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ချိန် ဖြစ်ပေသည်။ (ဘီစီ ၅၂၀ – ၅၁၈) ၌ ဤပရောဖက်ပြုချက်ကို ရေးခဲ့ခြင်းဖြစ်သည်။ (ဇာ ၁း၁) ၌ ဒါရိမင်းနန်းသက် ၂ နှစ်အချိန်ဟု ဖော်ပြထားရာ ထိုသက္ကရာဇ်မှာ ဘီစီ ၅၂၀ ဖြစ်သည်။ တဖန် (ဇာ ၇း၁) ၌ ဒါရိမင်း နန်းသက် ၄ နှစ်ဟု ဖော်ပြပြန်ရာ ထိုသက္ကရာဇ်မှာ ဘီစီ ၅၁၈ ဖြစ်သည်။ ပရောဖက်ဇာခရိသည် ပရောဖက်ဟဂ္ဂဲကဲ့သို့ပင် ဣသရေလလူမျိုးများအား ထာဝရဘုရားသို့ အပြစ်များကိုစွန့်ပစ်၍ ဝတ်ပြုရေးကိစ္စကို သတိပေးနှိုးဆော်ခဲ့သူ ဖြစ်သည်။

သူသည် သခင်ယေရှုခရစ်တော်သည် မြည်းကလေးကိုစီး၍ ဒါဝိဒ်၏ဘုရင်အဖြစ် ယေရုရှလင်မြို့တွင်းသို့ ဝင်မည့်အကြောင်း၊ ဣသရေလလူမျိုးများ ခရစ်တော်ကို ပြန်လည် လက်ခံလာမည့်အကြောင်း၊ ခရစ်တော် သံမှို နှင့် အရိုက်ခံရမည့်အကြောင်း၊ ဣသရေလလူမျိုးများ၏ ဒုက္ခအထွေထွေအကြောင်း၊ အန္တိခရစ် ပေါ်ထွန်းမည့်အကြောင်း၊ ယေရုရှလင်မြို့ကို ဘုရားရှင် ကာကွယ်မည့်အကြောင်း၊ ခရစ်တော်အုပ်ချုပ်မည့် မိလေနိလနှစ် ၁၀၀၀ ကာလအကြောင်း စသည်တို့ကို ပရောဖက်ပြု ဟောကြားခဲ့ပေသည်။ ဇာခရိပေါ်ထွန်းချိန်သည် ဣသရေလလူမျိုး များ ဗါဗုလုန်လက်အောက်မှ နှစ် ၇၀ ကျွန်ဖြစ်၍ လွတ်မြောက်လာပြီးစ ပျက်စီးနေသော မိမိတို့ယေရုရှလင်မြို့ တော်ဟောင်းကိုကြည့်ပြီး စိတ်ပျက်ဝမ်းနည်း၍ အနာဂါတ်၌ မည်သို့ ဆက်စခန်းသွားရမည်ကို စိတ်မချရဲသေး သည့်အချိန်ဖြစ်ရာ ပရောဖက်ဇာခရိ၏ အနာဂတ္တိကျမ်းအားဖြင့် ဣသရေလလူမျိုးများသည် မိမိတို့အနာဂါတ် ကံ ကြမ္မာကို ကြိုတင် သိရှိခဲ့ကြပေသည်။

## ၁။ ပရောဖက်ဇာခရိမြင်ရသော ရူပါရုံ ( ဇ ၁ – ၆ )

*ညတညတည်းတွင် ဇာခရိမြင်ရသော ရူပါရုံ ၁၀ ခု –*

ကျ မြင်းနီစီးသောလူတယောက် (၁း၇–၁၇)

၁. ဇာခရိသည် မြင်းနီစီးထားသော ကောင်းကင်သားတဦးကို မြင်ရ၏။ နံဘေး၌လည်း အခြား မြင်းရောင်စုံစီးသူများ ခြံရံလျက်ရှိသည်။

၂. ထိုမြင်းနီစီးသော ကောင်းကင်သားမှာ ယေရှုခရစ်တော်ကိုဆိုလိုသည်။

၃. အခြားမြင်းစီးသူများမှာ ကမ္ဘာမြေပေါ်သို့ သွားရောက် လှည့်လည်စစ်ဆေးရသည့် ကောင်းကင်တမန်များဖြစ်သည်။(၁း၁၀)

၄. ထာဝရဘုရား၏တမန် (ယေရှု) က ဒုက္ခဝေခဲ့သော ယေရုရှလင်မြို့ကို ထာဝရဘုရား၏ အမိန့်တော်အားဖြင့် ပြန်လည်စည်ပင်လာမည့်အကြောင်းကို (ဇ ၁း၁၇) ၌ ဖော်ပြ၏။

– *ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆို၍ ကြွေးကြော်ရမည်မှာ၊ ငါ၏မြို့ရွာတို့သည် အရပ်ရပ်၌ နှံ့ပြား၍ စည်ပင်ကြလိမ့်မည်။ ထာဝရဘုရားသည် ဇိအုန်တောင်သားတို့ကို နှစ်သိမ့်စေဦးမည်။ ယေရုရှလင်မြို့ သားတို့ကို ရွေးကောက် ပြုစုဦးမည်ဟု မိန့်တော်မူ၏ –*

ခ၊ ဦးချိုလေးချောင်း (၁း၁၈၊ ၁၉) ဇာခရိမြင်ခဲ့သော တိရိစ္ဆာန်ဦးချိုလေးချောင်းသည် ယုဒပြည်၊ ဣသရေ လပြည်၊ ယေရုရှလင်မြို့တို့ကို ကွဲပျက်သွားစေအောင်ပြုလုပ်မည့် ကမ္ဘာ့အင်အားကြီး အင်ပါယာ ၄ ခု ဖြစ်သော – ဂရိ၊ ရောမ၊ ဗါဗုလုန်နှင့် မီဒို–ပါရှား အင်ပါယာ ၄ ခုကို ဆိုလိုသည်။

ဂ၊ လက်သမားလေးဦး (၁း၂၀–၂၁) တို့မှာ အထက်ဖေါ်ပြပါ အင်ပါယာ ၄ ခုက ဣသရေလနိုင်ငံတော်ကို အသီးသီး ဖျက်ဆီးပစ်မည့်အကြောင်းကို ဆိုလိုသည်။

ဃ၊ တိုင်းစရာကြိုး ကိုင်ထားသောလူ (၂း၁–၁၃)

၁. ဇာခရိသည် ယေရုရှလင်မြို့ကိုတိုင်းရန် ကြိုးကိုကိုင်၍ သွားနေသောလူကို မြင်ရ၏

၂. ထိုယေရုရှလင်မြို့ကား လက်ရှိ ယေရုရှလင်မြို့ မဟုတ်ပဲ အနာဂါတ်ကာလရှိ ခရစ်တော်အုပ်ချုပ်မည့် မိလေနိလကာလ နှစ် ၁၀၀၀ ရှိ ယေရုရှလင်မြို့ကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် –

က– ထိုယေရုရှလင်မြို့သည် လူအလွန်များသောကြောင့် မြို့ရိုးနံရံ တံတိုင်းအပြင်ဘက်တွင်ပင် နေထိုင်ရလိမ့်မည်။ (သို့သော် အန္တရာယ်များမှ လွတ်ကင်းနေမည်) (၂း၄)

ခ– ဘုရားရှင်သည် ထိုမြို့ကို မီးမြို့ရိုးဖြင့် ကာကွယ်ထားမည်။(၂း၅)

ဂ– ဘုရားရှင်သည် မြို့ကို သူ၏ဘုန်း ဂုဏ်တော် ဖြစ်စေသည်။(၂း၅)

ဃ– ထိုမြို့ကို အန္တရာယ်ပြုမည့်သူများသည် ဘုရားရှင်၏အမျက်တော်ဖြင့် ဒါဏ်ခတ်ခြင်းခံရမည်။(၂း၈)

၃. ငယ် (၈၊ ၉) သည် ပုဂ္ဂိုလ် ၃ မျိုး ဘုရားတဆူကို ပေါ်လွင်စေသည့် ဓမ္မဟောင်းကျမ်းမှ အချက်တချက်ဖြစ်သည်။ ထာဝရဘုရားသည် သူ့ (ယေရှု) ကို စေလွှတ်တော်မူ၏ဟု ဖော်ပြခဲ့သည်။

၄. ယုဒပြည်ကို သန့်ရှင်းသောပြည်ဟု ဖော်ပြထားခြင်းမှာ သမ္မာကျမ်းစာ၌ ဤတချက်တည်းသာ ရှိသည်။(၂း၁၂)

င၊ ယဇ်ပုရောဟိတ်မင်း ယောရှု (၃း၁–၁၀)

ဇာခရိသည် ရူပါရုံ၌ ညစ်ပေသောအဝတ်ကိုဝတ်လျက် ရပ်နေသော ယဇ်ပုရောဟိတ်မင်းယောရှုကို စာတန်က အပြစ်တင်ရှုံ့ချနေသည်ကို တွေ့ရ၏။ ကောင်းကင်တမန် (ယေရှု) က ယောရှုအား အဝတ်သစ်ကိုဝတ်စေသည်။ ဤအချက်မှာ ယေရှုခရစ်က အပြစ်ရှိသူ၏ အညစ်အကြေးကို သူ့အဝတ်သစ်အားဖြင့် ဆေးကြောသန့်စင်စေသော ကယ်တင်ခြင်းကို ဆိုလိုသည်။ (ဤယောရှုမှာ ယောရှုမှတ်စာမှ ယောရှုမဟုတ်ဘဲ ဇာခရိခေတ်ကပေါ်ထွန်းခဲ့သော ယဇ်ပုရောဟိတ်ယောရှုကို ဆိုလိုခြင်းဖြစ်သည်)

၁. ကယ်တင်ခြင်း၏ရန်သူ (စာတန်)
၂. ကယ်တင်ခြင်းပေးသူ (ကယ်တင်ရှင်ယေရှု)
က– အမည်တင်စားခေါ်ဝေါ်ချက်
(၁) အညွန့် (၃း၈)
(၂) ကျောက်တုံး (၃း၉)
ခ– သူ၏လုပ်ဆောင်မှု
(၁) သူသည် ယုံကြည်သူအားလုံးတို့အား ဖြောင့်မတ်ခြင်းအဝတ်ကို ဝတ်ပေးခဲ့သည်။ (ယောရှု၏နမူနာ – ၃း၄)
(၂) သူသည် ကျွန်တို့အား လိမ်ညာလှည့်စားသော စာတန်ကို ကြိမ်ဆဲ အပြစ်တင်ခဲ့သည်။ (၃း၂)
(၃) သူသည် ဤကမ္ဘာမြေပြင်အား အနာဂါတ်၌ နှစ် ၁၀၀၀ အုပ်ချုပ်လိမ့်မည်။(၃း၇)
၃. ကယ်တင်ခြင်းကိစ္စ အမှုတော်ဆောင်မည့်သူအပေါ် ရည်ရွယ်ထားချက် (၃း၇)
– *<u>သင်သည် ငါ့လမ်းသို့လိုက်၍ ငါ့ပညတ်တရားကိုစောင့်ရှောက်လျှင် ငါ့အိမ်ကို စီရင်ရသောအခွင့်၊ ငါ့တန်တိုင်းကို စောင့်ရသောအခွင့် ရှိလိမ့်မည်။ ရှေ့တော်၌ရပ်နေသော သူအချို့တို့ကို သင့်အား လမ်းပြရသောသူ ဖြစ်မည်အကြောင်း ငါခန့်ထားမည်</u>* –
(ဤဘဝ၌ အမှုဆောင်ခဲ့သူကို နောင်ကာလ၌ ချီးမြှောက်မည်) (ဆာ ၁၀၃း၂၀၊ ၂၁၊ ဧ ၂း၄–၁၀)
စ၊ ရွှေချထားသောဆီမီးခုံနှင့် သံလွင်ပင်နှစ်ပင် (၄း၁–၁၄)
ပရောဖက်ဇာခရိသည် မီးခွက်ငယ် ၇ လုံးကို သံလွင်ဆီဖြင့် ဆက်သွယ်အလင်းပေးသော ရွှေဆီမီးခုံကို မြင်ရ၍ ထိုဆီမီးခုံ၏ ဘေးတဖက်တချက်၌ သံလွင်ပင်နှစ်ပင် ရှိနေသည်ကိုလည်း မြင်ရပြန်သည်။
၁. ထိုမီးတိုင်ကား ကမ္ဘာကိုအလင်းပေး သက်သေခံသူ ခရစ်ယာန်များကို ဆိုလိုသည်။
၂. သံလွင်ဆီကား သန့်ရှင်းသော ဝိညာဉ်တော်ကို ဆိုလိုသည်။(လု ၄း၁၈၊ တ ၁၀း၃၈၊ ဟေဗြဲ ၁း၉၊ ၁ ယော ၂း၂၀) အခြေခံကျမ်းပိုဒ်ကား (ဇာ ၄း၆) ဖြစ်သည်။
– *<u>ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်</u>* –
(ကျုနုပ်တို့၏ အင်အား၊ အသိဉာဏ်၊ ပညာဖြင့်မဟုတ်၊ ဝိညာဉ်တော်အားဖြင့်သာ ဖြစ်သည်)
၃. မီးခုံတဖက်တချက်၌ရှိသော သံလွင်ပင်မှာ လူအတွဲ ၂ တွဲကို ဆိုလိုသည်။ ထိုအတွဲ ၂ တွဲမှာ –
က– ပထမအတွဲသည် (အတိတ်ကာလကဖြစ်၍) ဇေရုဗဗေလနှင့် ယဇ်ပရောဟိတ်ယောရှုအတွဲ ဖြစ်သည်။(ဟဂ္ဂဲ ၁း ၁၊ ၁၂၊ ၁၄)
ခ– ဒုတိယအတွဲသည် အနာဂါတ်ကာလ၌ဖြစ်မည် ဖြစ်ပြီး ဧလိယနှင့်ဧနောက် မောရှေတို့အတွဲ ဖြစ်လိမ့်မည်။(ဗျာ ၁၁)
ဆ၊ ပျံသန်းနေသောစာစောင် (၅း၁–၄)၊ ဇာခရိသည် အလျားအတောင် ၂၀၊ အနံအတောင် ၂၀ ရှိသော စာစောင်ကြီး ကောင်းကင်၌ပျံဝဲနေသည်ကို မြင်ရ၏။ ထိုစာစောင်၏ အနက်အဓိပ္ပါယ်မှာ ဣသရေလနိုင်ငံပေါ်သို့ ကျရောက်မည့် ကျိန်ခြင်းဘေးကို ဆိုလိုသည်။
၁. တရားစီရင်ရခြင်း အကြောင်းအရင်း။ ။ပညတ်တော် ၁၀ ပါးပါ တတိယပညတ်ဖြစ်သော မမှန်သောကျိန်ဆိုခြင်းနှင့် အဋ္ဌမပညတ်ပါ ခိုးဝှက်ခြင်းအမှုကြောင့် ဖြစ်သည်။(ထွက် ၂၀)
၂. တရားစီရင်ခြင်း ခံရမည့်သူများ။ ။မယုံကြည်သူ ဣသရေလ လူမျိုးအားလုံး (ရော ၉း၆၊ မ ၂၃၊ ၁ သက် ၂း၁၅၊ ၁၆၊ ယေဇ ၁၁း၂၁၊ ၂၀း၃၈)
ဇ၊ ဧဖါထဲမှ အမျိုးသမီး (၅း၅–၁၁)၊ ဇာခရိသည် ခဲအခွက် ၁၀ နှင့် အမျိုးသမီးတဦးထိုင်နေသော ခြင်းတောင်းကြီး (ဧဖာ) ပျံဝဲနေသည်ကို မြင်တွေ့ရသည်။
၁. အတွင်း၌ထိုင်နေသော အမျိုးသမီးမှာ ဒုစရိုက်အပြစ်ကို ဆိုလိုခြင်းဖြစ်သည်။ သမ္မာကျမ်းစာ အခန်းတိုင်းလိုလိုတွင် အမျိုးသမီးကို ဒုစရိုက်အပြစ်၏ အမှတ်အသားအဖြစ် ဖော်ပြလေ့ရှိသည်။ ဤကျမ်းချက်၌ပါသော အမျိုးသမီးများမှာ အနာဂါတ်ကာလရှိ ဘာသာရေးဂိုဏ်းတခု၏ ညစ်ညမ်းမှုကို ဆိုလိုသည်။(ဗျာ ၁၇း၁–၇)
၂. ခဲ (ခဲပြား) မှာ ဘုရားရှင်၏တန်ခိုးတော်ဖြစ်၍ ထိုညစ်ညမ်းမှုကို မပျံ့နှံ့စေရန် ပိတ်ဆို့ခြင်းကို ဆိုလိုသည်။(၅း၈)
၃. ထိုဧဖာကို ရှိနာပြည်သို့ ချီယူသွားကြသည်။ ရှိနာပြည်မှာ ကမ္ဘာဦးကျမ်း (၁၁) ၌ ဖော်ပြခဲ့သော ပထမဆုံး ရုပ်တုဆင်းတုကိုးကွယ်ရာ (ဒုစရိုက်မြို့) ဖြစ်သော ဗါဗုလုန်မြို့ကို ခေါ်ဝေါ်သည်။ ဗါဗုလုန်မြို့ကို တချိန်က ရှိနာအရပ်ဟု ခေါ်ဝေါ်ကြသည်။ ကမ္ဘာဦးကျမ်းကာလက ထိုဗါဗုလုန် (ရှိနာ) မှ မကောင်းမှုစခဲ့သလို အနာဂါတ်ကာလ၌လည်း ထိုအမျိုးသမီး (ဒုစရိုက်ဘာသာ) သည် ဗါဗုလုန်ကိုဗဟိုပြု၍ စတင်ပေလိမ့်မည်။

ဈ၊ ရထား ၄ စီး (၆း၁–၈)၊ ဇာခရိသည် ကောင်းကင်သား ဝိညာဉ် ၄ ပါးမောင်းနှင်သော ကြေးဝါတောင် ၂ လုံးကြားမှထွက်လာသည့် ရထား ၄ စီးကို တွေ့မြင်ရ၏။ ရထားတစီးစီ၌ အရောင်မတူသော မြင်းနီ၊ မြင်းနက်၊ မြင်းဖြူ၊ မြင်းကျား စသည်တို့ ဆွဲကြသည်ကို တွေ့ရ၏။

၁. ကြေးဝါတောင် ၂ လုံးအဓိပ္ပါယ်သည် ဘုရားရှင်၏တရားစီရင်ချက် ဖြစ်သည်။ (ဗိမာန်တော်၏ ကြေးဝါ၊ မိဿဟာယသေတ္တာတော်ကြေးဝါ စသည်တို့ကို သတိပြုပါ) (၆း၁)

၂. မိုးကောင်းကင်လေ ၄ ပါးသည်ကား ဘုရားရှင်၏တမန်များဖြစ်၍ အရပ်ရပ်သို့လှည့်၍ တပါးအမျိုးသားတို့ကို တရားစီရင်ခြင်း ဖြစ်သည်။(၆း၂–၈)

ည၊ ယောရှု၏ သရဖူဆောင်းခံရခြင်း (၆း၉–၁၅)

၁. ဇာခရိသည် မကြာခင်ကမှ ဗါဗုလုန်မြို့မှ ပြန်ရောက်လာသော ဣသရေလလူမျိုး ၃ စုထံမှ ရွှေနှင့်ငွေများကိုယူ၍ သရဖူလုပ်ပြီး ပရောဖက်ယောရှုနား ဆောင်စေပြီး သူ့အား ထာဝရဘုရား၏အညွန့်ဟုခေါ်ဝေါ်စေ၍ ဘုရင်အဖြစ် လုပ်စေခဲ့သည်။ ဤအချက်မှာ အနာဂါတ်၌ ယေရှုခရစ်တော် သရဖူဆောင်း၍ ကြွလာမည့်အကြောင်းကို အတိတ်နိမိတ်ပြဆိုမှု ဖြစ်သည်။(၆း၉–၁၂)

၂. အနာဂါတ်၌ မေရှိယအရှင်သည် ယဇ်ပုရောဟိတ်အဖြစ်၊ ရှင်ဘုရင်အဖြစ်ကြွလာ၍ သူသည် ထာဝရဘုရား၏ဗိမာန်တော်ကို တည်ဆောက်လိမ့်မည်။(၆း၁၃)
(ယဇ်ပုရောဟိတ်သည် ဘုရင်ဖြစ်မရသလို ဘုရင်သည်လည်း ယဇ်ပုရောဟိတ်ဖြစ်ခွင့် မရှိချေ။ ဤအချက်ကြောင့် ဤကိစ္စသည် ယေရှုသာဖြစ်သည်ဟု ထင်ရှားသည်)

၃. ဣသရေလလူမျိုးမှ အနွယ် ၃ နွယ်တို့သည် ဝေးသောဒေသမှ ပြန်လာကြ၍ ဗိမာန်တော်ကို တည်ဆောက်ကြလိမ့်မည်။ ဤအချက်သည် အနာဂါတ် ခရစ်တော်အုပ်ချုပ်ချိန် နှစ် ၁၀၀၀ ၌ ဖြစ်မည့်အဖြစ်အပျက်ကို တင်ပြခြင်းဖြစ်သည်။

အထက်ပါအကြောင်းအရာတို့သည် ညတညတည်း၌ ပရောဖက်ဇာခရိ မြင်ခဲ့ရသော ရူပါရုံ ၁၀ ခု ဖြစ်သည်။

## ၂။ လူတို့၏ အနှစ်သာရကင်းမဲ့သော လုပ်ဆောင်မှုများ ( ဇာ ၇ – ၈ )

က၊ ဣသရေလလူမျိုး အဖွဲ့တဖွဲ့သည် ယေရုရှလင်မြို့သို့တက်၍ မိမိတို့သည် ယခင်ကကဲ့သို့ အယူဝါဒအရ နဝမလ (**augest**) တွင် ငိုကြွေးအစာရှောင် ခြိုးခြံဝိနည်းကို ဆက်ပြုရပါမည်လားဟု မေးလျှောက်ကြ၏။(၇း၁–၃)

ခ၊ ဘုရားရှင်က ယဇ်ပုရောဟိတ်အားဖြင့် တဖန် ပြန်ကြားသည်မှာ – သင်တို့လုပ်သော ခြိုးခြံခြင်း၊ အစာရှောင်ခြင်း လုပ်ကြခြင်းသည် စိတ်ပါလက်ပါမဟုတ်ဘဲ ဝိနည်းသဘောအဖြစ်သာ လုပ်ကြခြင်းဖြစ်၍ အကျိုးမရှိ။ ထိုကဲ့သို့လုပ်ခြင်းမျိုးကို အလိုမရှိတော့ပေ။ ဘုရားရှင်အလိုရှိသည့် အတွင်းသဘော လုပ်ဆောင်မှုဖြစ်သည့် တယောက်ကိုတယောက်ကျေးဇူးပြုခြင်း၊ နှိမ့်ချခြင်း၊ မုဆိုးမ၊ တကျွန်းသားကို သနားခြင်း၊ မကောင်းသောအကြံကို မကြံခြင်း စသည်တို့ကိုသာ လုပ်ဆောင်ကြရန် မှာကြားခဲ့သည်။ (၇း၄–၁၄)

ဂ၊ ဘုရားရှင်က ကတိပြုခဲ့သည်မှာ အနာဂါတ်ကာလ၌ (ခရစ်တော်အုပ်ချုပ်သည့်ကာလ ၁၀၀၀ နှစ်) ၌ အစာရှောင်၊ ခြိုးခြံနေ့ကို ပျော်စရာပွဲတော်နေ့နှင့်၎င်း၊ ငိုကြွေးမြည်တမ်းရာနေ့ကို ဝမ်းမြောက်ဖွယ် သီချင်းဆိုသံနေ့နှင့်၎င်း အစားထိုးမည်။(၈း၃–၅၊ ၈၊ ၂၂၊ ၂၃)

## ၃။ အစ္စရေး(ဣသရေလ)နှင့် ဂရိ(ဟေလသ) လူမျိုးတို့၏ အောင်ပွဲ

က၊ အလက်ဇန္ဒားဘုရင် ဂရိ (တုရု)မြို့ကို အောင်မြင်ခြင်း (၉း၁–၈)

ခ၊ ဣသရေလတို့ ဆီးရီးယားကို အောင်မြင်ခြင်း (၉း၁၃–၁၇)

## ၄။ အရှင်ဘုရင် (ယေရှု) ကြွရောက်လာခြင်း ( ၉ – ၁၄ )

က၊ ဘုရင် (ယေရှု) ၏ ပထမကြွလာခြင်း

၁. သူကြွလာခြင်းသည် ဘုရားရှင်၏သိုး (ခရစ်ယာန်) များကို ထိန်းကျောင်းလမ်းညွှန်မည့် သိုးထိန်းအဖြစ် ဘုရားရှင်က စေလွှတ်ခဲ့သည်။(၁၁း၇)

၂. မှားယွင်းသော ဣသရေလတို့၏ သိုးထိန်း (ဖာရိရှဲ) များက သူ့(ယေရှု)ကို ပယ်ချခဲ့သည်။(၁၁း၈)

၃. တောင်ဝှေးကိုချိုးသည်မှာ ဣသရေလလူမျိုးများနှင့်ထားခဲ့သော ပဋိညာဉ်ကို ပယ်ဖျက်ခဲ့သည်ကို (၎င်းတို့လက်မခံသောကြောင့်) ဆိုလိုသည်။(၁၁း၁၀)

၄. ယေရှုသည် သူ့အမှုတော် ပြီးဆုံးခါနီး ယေရုရှလင်မြို့တော်သို့ မြည်းကလေးကိုစီး၍ ဝင်ရောက်ခဲ့သည်။

– *အို ဇိအုန်သတို့သမီး အလွန်ဝမ်းမြောက်လော့။ အို ယေရုရှလင်မြို့ သတို့သမီး ကြွေးကြော်လော့။ တရားသဖြင့်စီရင်၍ ကယ်တင်ခြင်းသို့ရောက်သောသခင် သင်၏အရှင်မင်းကြီးသည် မြည်းမနှင့် မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့ – (၉း၉)*

၅. ယေရှုသည် ငွေအသပြာ ၃၀ ဖြင့် အရောင်းစားခံခဲ့ရသည်။(၁၁း၁၂)

ငွေအသပြာ ၃၀ ၏တန်ဖိုးသည် ထိုခေတ်က နွားထီးတကောင်ကို သတ်ရသောအခ တန်ဘိုးနှင့် ညီမျှသည်။

၆. ယေရှုကိုရောင်းသူသည် ထိုငွေကိုပစ်ချ၍ အိုးထိန်းသမားမြေကွက်ကို ဝယ်သည့်အဖြစ်သို့ ရောက်ခဲ့သည်။(၁၁း၁၃)

၇. ယေရှုဘုရားသည် ဒုတိယတောင်ဝှေးကို ချိုးတော်မူ၏ (၁၁း၁၄)။ အမှတ်အသားအားဖြင့် အေဒီ ၇၀ တွင် ရောမဘုရင် တိတုက လာရောက်တိုက်ခိုက်ဖျက်ဆီးသဖြင့် ဣသရေလလူမျိုးများ တခြားသို့ ပျံ့လွင့်ခဲ့ရသည်။

၈. သူသည် နောက်ဆုံးတွင် ကားတိုင်၌ အသေခံရမည်။(၁၂း၁၀)

ခ၊ ဘုရင်ယေရှု၏ ဒုတိယကြွလာခြင်း

၁. သွေးထွက်သံယိုမှုဖြင့် အုပ်ချုပ်တတ်သော မိစ္ဆာသိုးထိန်း (အန္တိခရစ်)

က– ဣသရေလတို့သည် သူတို့၏ ကောင်းသောသိုးထိန်း ပထမအကြိမ်ကြွလာခြင်းကို ငြင်းပယ်ခဲ့ကြသဖြင့် မိစ္ဆာသိုးထိန်း (အန္တိခရစ်)၏ ကြမ်းတမ်းသော ထိန်းချုပ်မှုအောက်၌ ကောင်းသောသိုးထိန်း ဒုတိယအကြိမ် ပြန်မကြွလာမီတိုင်အောင် ဒုက္ခခံကြရလိမ့်မည်။(၁၁း၁၅–၁၇)

ခ– ဣသရေလလူမျိုး ၃ စု ၂ စုတို့သည် ဒုက္ခခက်ခဲရာကာလ ၇ နှစ်၌ သေကြလိမ့်မည်။(၁၃း၈)

ဂ– သို့သော် ဣသရေလလူမျိုး ၃ စုတွင် တစုသည် ကယ်တင်ခြင်း ခံကြရလိမ့်မည်။(၁၃း၈–၉)

၂. ဣသရေလလူမျိုးများ၏ ဝမ်းနည်းငိုကြွေး ယူကြုံးမရ ဖြစ်ရမှု (၁၂း၁၀–၁၄)

ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာသောအခါ ဣသရေလလူမျိုးများသည် သူတို့တချိန်က သတ်ပစ်ခဲ့သော ခရစ်တော်ယေရှုကို ကိုးကွယ်၍ ဘုရင်မြှောက်ကြခြင်း၊ သူတို့မှားခဲ့မှုများအတွက် ယူကြုံးမရ ငိုကြွေးခြင်းများ ဖြစ်ကြလိမ့်မည်။

– *သူတို့သည် မိမိတို့ထိုးဖောက်သော ငါ့ကို ရှုမြင်ရကြလိမ့်မည်။ တယောက်တည်းသောသားအတွက် အာသည် ငိုကြွေးမြည်တမ်းသကဲ့သို့ ထိုသူအတွက် ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ သားဦးအတွက် အာသည် နာကြည်းသကဲ့သို့ နာကြည်းရကြလိမ့်မည် – (၁၂း၁၀)*

၃. အာမဂေဒုန်စစ်ပွဲ (၁၂း၁–၉၊ ၁၄း၁–၃၊ ၁၂–၁၅)

၄. ဘုရားရှင်၏အောင်ပွဲ (၁၀း၄)နှင့် မိစ္ဆာသိုးထိန်း အန္တိခရစ်၏နိဂုံး (၁၃း၇)

၅. ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာများ (၁၀း၆၊ ၈၊ ၁၂း၈၊ ၁၃း၁၊ ၁၄း၈–၉၊ ၁၆၊ ၂၀၊ ၂၁)

# မာလခိအနာဂတ္တိကျမ်း

ပရောဖက်မာလခိသည် သမ္မာကျမ်းစာ ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးသောပရောဖက်ဖြစ်၏။ မာလခိဟူသောအမည်မှာ “ကျနုပ်တို့အတွက် သတင်းပေးသူ” ဟု အဓိပ္ပါယ်ရ၏။ မာလခိ ဤကျမ်းကို ရေးသားသောအချိန်သည် နေဟမိ၊ ဧဇရတို့ ပေါ်ထွန်းချိန်၌ တခေတ်တည်း ရေးသားသူဖြစ်သည်။

ပရောဖက်မာလခိသည် ဟဂ္ဂဲအနာဂတ္တိကျမ်း၊ ဇာခရိအနာဂတ္တိကျမ်းတို့ကဲ့သို့ပင် ဣသရေလလူမျိုးများ ဗါဗုလုန်နိုင်ငံမှ ပြန်ရောက်ချိန်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။ မာလခိအနာဂတ္တိကျမ်း ရေးပြီးသည့် နောက်နှစ်ပေါင်း ၄၀၀ (သခင်ယေရှုခရစ်တော် ပေါ်ထွန်းချိန်)ထိ ဘုရားရှင်၏ မည်သည့်ကျမ်း တခုတလေမျှ ဣသရေလအမျိုးသားတို့အတွက် ရေးသားခဲ့ခြင်း မရှိတော့ပေ။

မာလခိသည် အဓိကအားဖြင့် ပူဇော်သက္ကာပြုခြင်းနှင့် ပတ်သက်သောအပြစ်၊ မိသားစုအတွင်း ပြုလုပ်သောအပြစ်၊ ဘုရားရှင်၏ဥစ္စာကို တပတ်လှည့် ခိုးယူသောအပြစ် (၁၀ ပုံ ၁ ပုံ) စသည်တို့အတွက် ဣသရေလလူမျိုးများကို ထာဝရဘုရား၏ အသိပေး ဆုံးမချက်များကို ဆင့်ဆိုသူ ဖြစ်သည်။ ထို့ပြင် မာလခိသည် သခင်ယေရှုခ

ရစ်တော် ဤလောကသို့ ဒုတိယအကြိမ် ကြွလာမည့်အကြောင်းကိုလည်း ရေးသားခဲ့လေသည်။

## ၁။ ဘုရားရှင်ကြေငြာသောသူ၏ ချစ်ခြင်းမေတ္တာ ( ၁း၁–၅ )

က၊ မာလခိအနာဂတ္တိကျမ်း (၁း၂) ၌ ဣသရေလလူမျိုးများက (ဗါဗုလုန်မှာ ကျွန်ဖြစ်ခဲ့ရသည်ကို) စိတ်နာသည့်သဘောဖြင့် ထာဝရဘုရားအား မေးခွန်းထုတ်ခဲ့လေသည်။ ထာဝရဘုရားကလည်း မေးခွန်းတခုစီတိုင်းကို ရှင်းလင်းသောအဖြေ ပေးခဲ့လေသည်။ ၎င်းတို့မှာ –

၁. ကျွနုပ်တို့ကို အဘယ်ကဲ့သို့ ချစ်တော်မူသနည်း? (၁း၂)
အဖြေ။ ။ငါသည် ယာကုပ် (ဣသရေလလူမျိုးတို့၏ဖခင်) ကို ရွေးချယ်ခဲ့၍ မည်သို့ အခြေအနေနှင့် ထားပေးခဲ့ပုံ၊ ဧသောကို မည်သို့အခြေအနေ ဖြစ်စေခဲ့ပုံကို ပြသပြီးဖြစ်သည်။(၁း၂–၅)
(ဧသောကို ထာဝရဘုရား၏ဆက်ဆံပုံမှာ ကယ်တင်ခြင်းနှင့် မသက်ဆိုင်ပါ။ ဧသောသည် အိမ်ထောင်ဦးစီး သားဦးအရာကို တန်ဘိုးမထားဘဲ ယာကုပ်ထံသို့ အလွယ်တကူ ရောင်းချပစ်ခဲ့ခြင်းကြောင့် ယာကုပ်သည် အိမ်ထောင်ဦးစီး သားဦးအရာကို ရခဲ့သည်။ ဣသရေလ (ယာကုပ်) သည် ဦးစီးခေါင်းဆောင်၊ ဧသော (တပါးအမျိုးသားများ) သည် နောက်လိုက်အဖြစ် ဖြစ်ခဲ့ရသည်)

၂. ကျွနုပ်တို့သည် အဘယ်ကဲ့သို့ နာမတော်ကို မထီမဲ့မြင် ပြုခဲ့ပါသနည်း? (၁း၆)
အဖြေ။ ။သင်တို့သည် ကျွန်ကသခင်ကို မရိုသေသကဲ့သို့၎င်း၊ သားကအဘကို မရိုသေသကဲ့သို့၎င်း ငါ့အားပြုကြ၏။(၁း၆)

၃. ကျွနုပ်တို့သည် ကိုယ်တော်ကို အဘယ်သို့ ရှုံ့ချကြပါသနည်း? (၁း၇)
အဖြေ။ ။သင်တို့သည် ညစ်ညူးသောအစားအစာနှင့် မသန့်ရှင်းသော သတ္တဝါများကို ငါ့အား ပူဇော်ခဲ့ကြသည်။(၁း၇–၈)

၄. ကျွနုပ်တို့သည် အဘယ်ကဲ့သို့ ကိုယ်တော်ကို စိတ်မသက်မသာ ငြီးငွေ့အောင် ပြုခဲ့ပါသနည်း? (၂း၁၇)
အဖြေ။ ။သင်တို့က ဒုစရိုက်ပြုသောသူသည် ထာဝရဘုရားရှေ့တော်၌ ကောင်း၏။ ထိုသူကို ထာဝရဘုရား နှစ်သက်တော်မူ၏။ တရားစီရင်သော ဘုရားရှင်သည် ဘယ်မှာရှိသနည်းဟု ပြောဆိုသွန်သင်ကြ၏။(၂း၁၇)

၅. ကျွနုပ်တို့သည် အဘယ်ကဲ့သို့ ဘုရားသခင်ဥစ္စာပစ္စည်းကို လုယူကြပါသနည်း? (၃း၈)
အဖြေ။ ။သင်တို့သည် ၁၀ ပုံ ၁ ပုံ အလှူမထည့်ခြင်းဖြင့် လုယူကြသည်။(၃း၈–၁၀)

၆. ကျွနုပ်တို့သည် ဘုရားရှင်ကို အဘယ်ဆန့်ကျင်သောစကားကို ပြောမိကြပါသနည်း?
အဖြေ။ ။သင်တို့က မာနထောင်လွှားသောသူကို မင်္ဂလာရှိသောသူဟု၎င်း၊ ထာဝရဘုရားကို ပြသနာရှာသောသူအား ချမ်းသာရတတ်သူဟု၎င်း ပြောကြသည်။(၃း၁၄–၁၅)

## ၂။ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာတော် မထီလေးစားပြုခံရခြင်း

က၊ ယဇ်ပုရောဟိတ်များမှ ပြုလုပ်မှု –

၁. ယဇ်ပုရောဟိတ်တို့သည် လိမ်ညာလှည့်ဖြား၍ မသန့်ရှင်းသောအရာများဖြင့် ဘုရားရှင်ကို ပူဇော်ခဲ့ကြသည်။(၁း၆–၂၉)

က– သူတို့သည် မျက်စိကန်းသောသိုး၊ နာ၍ ပိန်လှီနေသောသိုးများကို ထာဝရဘုရားအား ယဇ်ပူဇော်ခဲ့ကြခြင်းအားဖြင့် မထီလေးစားပြုခဲ့ကြသည်။

– *မြို့ဝန်မင်းအား ဆက်ပါလော့။ မင်း၏စိတ်နှင့်တွေ့လိမ့်မည်လော။ သင့်မျက်နှာကို ထောက်လိမ့်မည်လော – (၁း၈)*

ခ– ထို့ပြင် ယဇ်ပုရောဟိတ်များသည် သူတို့ကိုယ်တိုင်လည်း ထာဝရဘုရားအား မည်သည့်ပူဇော်မှုကိုမျှ မပူဇော်ခဲ့ကြ။ ထိုသို့ပြုလုပ်ခြင်းသည် –

(၁) သားက အဖေကို မပေးခြင်း ဖြစ်သည်။(၁း၆)

(၂) ကျွန်က သခင်ကို မရိုသေခြင်း ဖြစ်သည်။(၁း၆)

(၃) ပြည်သူပြည်သားက ရှင်ဘုရင်ကို အခွန်မဆက်ခြင်း ဖြစ်သည်။(၁း၁၄)
ယဇ်ပုရောဟိတ်များသည် နမူနာကောင်းများ မပြသခဲ့ကြ။(၂း၇–၉) (မသဲ ၁၅း၂–၅၊ လု ၁း၄၅–၄၈ ရှု)

ခ၊ ပြည်သူလူထုများမှပြုလုပ်မှု

၁. ဘုရားရှင်ကို သစ္စာဖျက်ခဲ့ကြသည်။(၂း၁၀)

၂. မှားယွင်းသောလက်ထပ်မှုကို ပြုခဲ့ကြသည်။(၂း၁၁)

၃. မတရားသောမေထုန်ကို ပြုခဲ့ကြသည်။(၂း၁၄)
၄. ဘုရားရှင်ကို အမှန်ကိုအမှား ထင်ခဲ့ကြသည်။(၂း၁၇)
၅. ဘုရားရှင်ထံ ဝတ္တုရားအတိုင်း မပေးဘဲ အကြွေးတင်ခဲ့ကြသည်။(၃း၈–၁၀)
၆. ထာဝရဘုရား ဒါဏ်ခတ်ရလောက်အောင် ပြောင်လှောင် ပြောဆိုခဲ့ကြသည်။(၃း၁၃–၁၅)

## ၃။ ဘုရားရှင် ချစ်ခြင်းမေတ္တာကို ပြသခြင်း

က၊ ဘုရားရှင်သည် သူ၏သန့်ရှင်းသူများ (ဘုရားရှင်ကိုချစ်သူများ)ကို သတိရတော်မူသည်။(၃း၁၆–၁၇)

ခ၊ ဘုရားရှင်သည် သူ့သားတော်ကို စေလွှတ်တော်မူခဲ့သည်။

၁. သားတော်၏ ပထမကြွလာတော်မမူမှီ ဗတ္တိဇံဆရာယောဟန်က ကြိုတင်လုပ်ဆောင် လမ်းခင်းပေးလိမ့်မည်။(၃း၁)

၂. သားတော်၏ ဒုတိယကြွလာခြင်းကို ပရောဖက်ဧလိယက ကြိုတင်ပြင်ဆင် လမ်းခင်းပေးလိမ့်မည်။(၄း၅–၆) (ဗျာ ၁၁း၃–၁၄)
ဧလိယသည် ခရစ်တော် ဒုတိယအကြိမ် ပြန်ကြွလာမည့်ကိစ္စကို ကြိုတင် ပြင်ဆင်ပေးလိမ့်မည်။
ခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်အဖြစ် ဘုန်းတန်ခိုးနှင့် ကြွလာပေလိမ့်မည်။
က– ခရစ်တော်သည် မယုံကြည်သူလူဆိုးများကို ဒါဏ်ခတ်ပေလိမ့်မည်။(၄း၁–၃)
ခ– ခရစ်တော်သည် ဣသရေလနိုင်ငံတော်ကို သန့်ရှင်းစင်ကြယ်စေမည်။(၃း၂–၄)
ဂ– ခရစ်တော်သည် နာမတော်ကို ဘုန်းကြီးသောအဖြစ်သို့ ရောက်စေမည်။(၁း၁၁)